ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်းမှ
အပတ်စဉ်ထုတ်ဝေသောဆက်သွယ်ရေးဆိုင်ရာ
သတင်းများ စာစောင်တွင်ပါဝင်သည့်

# ဆက်သွယ်ရေးဆိုင်ရာ
# ဝေါဟာရများ

## ( Glossary )

## A to Z

ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်းမှပြုစုသည်။

## အမှာစာ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းမှ ဆက်သွယ်ရေးဆိုင်ရာသတင်းများ စာစောင် ကို ( ၁၂–၉–၂၀၀၁ ) အတွဲ–၁ ၊ အမှတ်– ၁ မှ စတင်၍ အပတ်စဉ် ထုတ်ဝေ ခဲ့ ပါသည်။ ယခု အခါ သတင်းစာစောင်မှာ အတွဲ–၁၃ ၊ အမှတ်– ၁၀ အထိ ခရီးပေါက်ရောက် ခဲ့ပြီ ဖြစ်ပါသည်။ ( ၉–၇–၂၀၀၈ ) နေ့ထုတ် အတွဲ–၈ ၊ အမှတ်–၂၆ စာစောင်မှ စတင်၍ ဆက်သွယ်ရေး ဆိုင်ရာ ဝေါဟာရ များကို ဘာသာပြန် ရေးသား ထည့်သွင်း ဖော်ပြ ခဲ့ကြပါသည်။

ဆက်သွယ်ရေးဆိုင်ရာသတင်းများ စာစောင်ကို ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်း ကျောင်း မှ အရာထမ်းများက အလှည့်ကျ တာဝန်ယူ၍ နိုင်ငံတကာ မှ ဆက်သွယ်ရေးဆိုင်ရာ သတင်း များ၊ နည်းပညာဆောင်းပါးများကို ဘာသာပြန် ရေးသားခဲ့ကြပါသည်။ ဘာသာပြန်သူ အရာထမ်းများ အနေဖြင့် ဘာသာပြန်မှုအတတ်ပညာကိုကျွမ်းကျင်ပိုင်နိုင်တတ်မြောက်သူများမဟုတ်ကြ သော်လည်း အတတ်နိုင်ဆုံး နည်းပညာအရ အဓိပ္ပါယ် ပေါ်လွင်အောင် ကြိုးစားအားထုတ် ပြုစု ခဲ့ကြ ပါသည်။

ဆက်သွယ်ရေးဆိုင်ရာဝေါဟာရများကို ( ၉–၇–၂၀၀၈ ) မှ ( ၂၆–၁၂–၂၀၁၂ ) အထိ လေးနှစ်ခွဲခန့် ကာလအတွင်း ရေးသားခဲ့သည်များကို စာအုပ်အဖြစ် စုစည်းထားခြင်း ဖြစ်ပါသည်။ ဤ ဆက်သွယ်ရေးဆိုင်ရာဝေါဟာရများစာအုပ်သည် ဆက်သွယ်ရေးဆိုင်ရာနည်းပညာရပ်နှင့် စပ်လျဉ်း၍ လက်တွေ့ဆောင်ရွက်နေကြသောသူများ ၊ ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို စိတ်ပါဝင်စားသူ များ ၊ လေ့လာသင်ယူနေကြသော သင်တန်းသား/သင်တန်းသူများ ၊ ကျောင်းသူ ကျောင်းသားများ အတွက် တစ်ဒေါင့်တစ်နေရာမှ နေ၍ အကျိုးကျေးဇူး ဖြစ်နိုင်လိမ့်မည်ဟု မျှော်လင့် ပါသည်။

ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း
၉–၄–၂၀၁၃

# မာတိကာ


| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | Glossary A | 4 - 16 |
| ၂။ | Glossary B | 16 - 28 |
| ၃။ | Glossary C | 28 - 50 |
| ၄။ | Glossary D | 50 - 64 |
| ၅။ | Glossary E | 64 - 73 |
| ၆။ | Glossary F | 73 - 82 |
| ၇။ | Glossary G | 82 - 87 |
| ၈။ | Glossary H | 87 - 91 |
| ၉။ | Glossary I | 91 - 105 |
| ၁၀။ | Glossary J | 105 - 107 |
| ၁၁။ | Glossary K | 107 - 108 |
| ၁၂။ | Glossary L | 108- 113 |
| ၁၃။ | Glossary M | 113 - 123 |
| ၁၄။ | Glossary N | 123 - 127 |
| ၁၅။ | Glossary O | 127 - 131 |
| ၁၆။ | Glossary P | 132 - 139 |
| ၁၇။ | Glossary Q | 140 - 140 |
| ၁၈။ | Glossary R | 141 – 143 |
| ၁၉။ | Glossary S | 143 - 159 |
| ၂၀။ | Glossary T | 159 - 164 |
| ၂၁။ | Glossary U | 164 - 167 |
| ၂၂။ | Glossary V | 167 - 172 |
| ၂၃။ | Glossary W | 172 - 176 |
| ၂၄။ | Glossary X | 176 - 176 |
| ၂၅။ | Glossary Y | 176 - 176 |
| ၂၆။ | Glossary Z | 176 - 178 |

**Glossary A**

1 **A Link ( Access Link )**

A Link သည် Signalling Link တစ်ခုဖြစ်ပြီး Signalling end Point တစ်ခု နှင့် တစ်ခု ချိတ်ဆက်ပေးရပါသည်။ Signalling end Point မှ စတင်လာသော Message (သို့မဟုတ်) Signalling end Point သို့ ဦးတည်သွားမည့် Message များကို ပေးပို့ရာတွင် A Link ပေါ်မှ ဆောင်ရွက်ကြရ သည်။

2 **A/B Switching**

ဆဲလ်လူလာဖုန်း အများစုသည် Frequency Band (A) မှ Frequency Band (B) သို့ ကူးပြောင်းနိုင်စွမ်း ရှိကြသည်။ ဤအင်္ဂါရပ်သည် မူလဆက်သွယ်မှု ရရှိရာနေရာမှ အခြား တစ်နေရာသို့ ယူဆောင်ချိန်တွင် အသုံးဝင်ပါသည်။

3 **A/D Conversion (Analog to Digital ) Conversion**

Analog Signal မှ သက်ဆိုင်သည့် ဒစ်ဂျစ်တယ်ပုံစံသို့ ပြောင်းလဲပေးခြင်းကို Analog to Digital (A/D) Conversion ဟု ခေါ်ပါသည်။ A/D Converter တစ်ခုသည် ဝင်လာသည့် ဗို့အား ( Input Voltage) ကို တိုင်းတာခြင်း ( Measures ) သို့မဟုတ် ပုံစံပြုလုပ်ပေးခြင်း (Samples) တို့ ပြုလုပ်ပေးပြီး သက်ဆိုင်သည့် အထွက် ဗို့အား ( Output Voltage ) ကို ဒစ်ဂျစ်တယ်နည်းအားဖြင့် Encoded Number ပြုလုပ်ပေးပါသည်။

4 **A2DP ( Advanced Audio Distribution Profile )**

ကြိုးမဲ့နည်းစနစ်ဖြင့် စတူဒီယို တေးဂီတများကို Head Phone (သို့မဟုတ်) စပီကာသို့ Bluetooth မှ တစ်ဆင့် A2DP အသုံးပြု၍ပေးပို့ရပါသည်။ A2DP သည် အခြားသော Blue tooth များနှင့် တူညီခြင်းမရှိဘဲ ၊ တစ်လမ်းသွားစီးကြောင်းတစ်ခုအဖြစ် စတူဒီယို အသံလှိုင်း များအား နားကြား ကရိယာသို့ ပို့ဆောင်ပေးပါသည်။

5 **A5/1 ( Encryption Algorithm A5/1 )**

ဂျီအက်စ်အမ် မိုဘိုင်းစတေရှင် (Mobile Station) နှင့် GSM ကွန်ရက်တို့ အကြား သင်္ကေတဝှက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် A5/1 ကို သုံးရပါသည်။

6 **A5/2 ( Encryption Algorithm A5/2 )**

A5/2 ဆိုသည်မှာ Algorithm တစ်ခုဖြစ်ပြီး မိုဘိုင်းစတေရှင်နှင့် GSM ကွန်ရက် တို့ အကြား သင်္ကေတဝှက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အသုံးပြုပါသည်။ A5/1 ထက် ပိုမို ရှင်းလင်းမှုရှိပြီး (ETSI European Telecommunications Standard Institute ) မှ အရှေ့ ဥရောပပြည်နယ်များတွင် အသုံးပြုရန် တီထွင် ပေးထားခြင်း ဖြစ်ရာ အချို့သော အနောက်ပိုင်းနည်းပညာများ၌ အသုံးမပြုနိုင်သည့် ကန့်သတ်ချက်များ ရှိနေပါသည်။

7 **AAA ( Authentication Authorization Accounting )**

AAA ဆိုသည်မှာ သုံးစွဲသူအား ကွန်ရက်ရင်းမြစ် သုံးစွဲခွင့် ထိန်းချုပ်ရန်နှင့် သုံးစွဲသူနှင့်

ဆိုင် သော လုပ်ဆောင်ချက်ကို ကွန်ရက်ပေါ်တွင် ထိန်းသိမ်းနိုင်ရန် IP အခြေပြု ကွန်ရက်လုပ်ငန်းများတွင် သုံးထားသော စနစ်တစ်ခုဖြစ်ပါသည်။ Authentication ဆိုသည်မှာ သုံးစွဲသူ တစ်ဦးချင်းစီ၏ Username နှင့် Password ကို အခြေခံပြီး ဆောင်ရွက်ပေးသော လုပ်ငန်းစဉ်ဖြစ်ပါသည်။ Authorization သည် ကွန်ရက်ရင်းမြစ်များ သုံးစွဲခွင့်ကို အာမခံပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းများအား Username နှင့် Password ကို စစ်ပေးပြီးလျှင် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါသည်။ Accounting သည် ကွန်ရက်အရင်းအမြစ်များကို သုံးနေစဉ် သုံးစွဲသူနှင့်ဆိုင်သည့် ကွန်ရက်သုံးထားသောအချိန်နှင့် Session တစ်ခု အတွင်း အချက်အလက် လွှဲပြောင်းပေးသည့် ပမာဏကို ထိန်းပေးသော လုပ်ငန်းဖြစ်ပါသည်။

**8 AAA Server**

AAA Server ဆိုသည်မှာ Server ပရိုဂရမ်တစ်ခု ဖြစ်ပြီး သုံးစွဲသူ တောင်းဆိုသည့် ကွန်ရက်ရင်းမြစ် သုံးစွဲခွင့်များကို ကိုင်တွယ် ထိန်းချုပ်ပေးသည်။ အင်တာပရိုက်များ ( Enter Prise) အတွက် Authentication၊ Authorization နှင့် Accounting ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည်။ယေဘုယျအားဖြင့် AAA Server သည် Network Access ၊ Gateway Server များနှင့် Database များနှင့် တွဲဖက်လုပ်ဆောင်ပြီး AAA Server က Directry တွင် သုံးစွဲသူနှင့် ဆိုင်သည့် သတင်းအချက်အလက်များ ပါရှိပါသည်။ CDMA Wireless Data ကွန်ရက် များတွင် AAA Server သုံးထားသည်။ CDMA Wireless Data ကွန်ရက်မှ AAA Server သည် CDMA Voice ကွန်ရက် မှ HLR နှင့် ဆင်တူသည်။ လက်ရှိစံနှုန်းအရ AAA Server နှင့် တွဲသုံးသည့် Application မှာ Remote Authentication Dial – In User Service ( RADIUS) တို့ ဖြစ်ကြပါသည်။

**9 AAC ( Advanced Audio Coding )**

AAC ဆိုသည်မှာ ဒစ်ဂျစ်တယ် အသံပိုင်း ( Digital Audio ) ကို သိမ်းဆည်းပေး နိုင်သောဖိုင်ပုံစံတစ်ခုဖြစ်သည်။ ၄င်းကို အင်တာနက်ပေါ် သိမ်းဆည်းခြင်း၊ ကွန်ပျူတာများနှင့် အလွယ်တကူ သယ်ဆောင် နိုင်သော သီချင်းဖွင့်စက်များ ( Portable Music Player ) နှင့် ဖုန်းများတွင် တေးဂီတ ကို သိမ်းဆည်းရန်အတွက်အသုံးပြုလေ့ရှိပါသည်။ MP3နှင့် ဆင်တူသော်လည်း ၄င်းကို အရည်အသွေး ပိုမိုကောင်းမွန်အောင်နှင့် ဖိုင်အရွယ်အစား ပိုသေးအောင် ဒီဇိုင်းပြုလုပ်ပေးထားပါသည်။ AAC+နှင့် AAC++ တို့သည် AAC ဗားရှင်းအသစ်များ ဖြစ်ကြပါသည်။

**10 AAL ( ATM Adaption Layer )**

ATM နှင့် IP ကဲ့သို့သော အဆင့်မြင့် Protocol များအကြား ဒေတာအား ပြောင်းလဲပေးသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ ATM Connection စတင်သည့် ဘက်၌ AAL သည် ထုပ်ပိုးထားသည့် ဒေတာများကို 53 Byte ရှိ ATM Cell များအဖြစ် ပိုင်းဖြတ်ပေးသည်။ Connection အဆုံးဘက်၌မှ ATM သည် အဆိုပါ Cell များအား ဒေတာ အထုပ်အပိုး များ အဖြစ် ပြန်လည် ဖွဲ့စည်းပေးသည်။ ဒေတာ Traffice အပေါ် မူတည်၍ AAL အား အမျိုးအစား ခွဲခြားထားပါ သည်။

**11 AB ( Audio Bridge )**

Audio Bridge သည် တိုက်ရိုက်ပြောဆိုမှုအသံ (တယ်လီဖုန်း) ဖြင့် ပြုလုပ်သည့် အစည်းအဝေး (Teleconference) အတွက် အဝေးစခန်းများရှိ တယ်လီဖုန်းများအား ဆက်သွယ်ပေးခြင်း ၊ အသံပျက်ယွင်းမှု နှင့် နောက်ခံအသံတို့ကို ချိန်ညှိပေးခြင်းများ ပြုလုပ်ပေးပါသည်။

**12 Abrasive**

ဆီလီကွန်ကာဘိုက် ၊ အလူမီနီယမ်အောက်ဆိုဒ် ၊ ဆီလီကာ ၊ စီရီယမ်အောက်ဆိုဒ် စသည့် ပစ္စည်းများဖြင့် ဖန်မျှင်နှင့် ဆက်နွယ်သည့် အစိတ်အပိုင်းများ ထုတ်လုပ်ရာတွင် ပစ္စည်းများ၏ မျက်နှာပြင် ချောမွေ့ခြင်းမရှိဘဲ ကြမ်းရှရှ ဖြစ်နေခြင်းကို ဆိုလိုသည်။

**13 Absorption**

အလင်းစုပ်ယူခံရ၍ စွမ်းအင် ဆုံးရှုံးရခြင်း ဖြစ်သည်။ ဖန်မျှင်ကြိုးတွင် ရေပူပေါင်းများ ပါဝင်ပြီး၊ ဖန်သားအရည်အသွေး ညံ့ဖျင်းမှုရှိသော အခါတွင် ထိုဆုံးရှုံးမှုမျိုး ဖြစ်ပေါ်နိုင်သည်။ အလင်းစွမ်းအင်မှ အပူစွမ်းအင်သို့ အသွင်ပြောင်းကာ ဆုံးရှုံးမှု ဖြစ်ပေါ်သည်။

**14 AC ( Armored Cable )**

ကေဘယ်လ် အမျိုးအစားမှာ Coaxial Cable ဖြစ်ပြီး ပိုက်လိုင်း ( Conduit ) ကာကွယ်ထားခြင်းမရှိပဲ တိုက်ရိုက် မြှုပ်နှံထားနိုင်သည့် ကေဘယ်လ် ဖြစ်ပါသည်။ ရေအောက်အသုံးပြုမှု များတွင် Armored Cable များကို အသုံးပြုပါသည်။

**15 ACLR ( Adjacent Channel Leakage Ratio )**

ACLR ( Adjacent Channel Leakage Ratio ) သည် WCDMA အတွက် ထရန်စမစ်တာ (Transmitter) စွမ်းဆောင်မှုကို တိုင်းတာရသည့် ယူနစ်တစ်ခု ဖြစ်သည်။ ၎င်းသည် ကပ်လျက်ရှိသော ရေဒီယို Frequency ချန်နယ်တွင် ထုတ်လွှတ်လိုက်သည့် ပါဝါ (Transmitted Power ) နှင့် Recevier မှ ထွက်လာသည့် ပါဝါနှစ်ခု၏ တိုင်းတာရရှိမှု၏ အချိုးဖြစ်ပါသည်။ အစောပိုင်းကာလတွင် Adjacent Channel Power Ratio ဟု ခေါ်ဆိုကြပါသည်။ 3G PP (3$^{rd}$ Generation Partnership Project) W-CDMA အဆင့်အတန်းကို ACLR ( Adjacent Channel Leakage Ratio )ဖြင့် သတ်မှတ်ကြရပါသည်။

**16 ACR ( Attenuation Crosstalk Ratio )**

အသံရောခြင်း ( Crosstalk ) နှင့် စွမ်းအင်ပါဝါ ဆုံးရှုံးမှု (Attenuation) တို့၏ ခြားနားချက် အချိုး တန်ဘိုး ဖြစ်သည်။ ပမာဏကို dB ဖြင့် ဖော်ပြသည်။ ကေဘယ်လ်၏ အရည်အသွေးဖော်ပြချက်ဖြစ်ပြီး ၊ twisted pair ကေဘယ်တစ်လျှောက် အချက်ပြလိုင်း ပို့ဆောင်မှုအား မည်မျှ ကောင်းခြင်းနှင့် အခြားနီးစပ်ရာ ကေဘယ်လ်မှ အသံရောမှု မည်မျှ ရှိသည်တို့ကို ဖော်ပြသည့် ကိန်းဖြစ်သည်။

**17 ADPCM ( Adaptive Differential Pulse Code Modulation )**

အင်နာ့လော့ဂ် Voice ၏ နာမူနာပုံစံများကို အရည်အသွေးမြှင့်ထားသော ဒစ်ဂျစ်တယ် Signal များ ပြောင်းလဲပေးသော ဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။

**18 AdSense**

AdSense သည် ကြော်ငြာ အစီအစဉ် တစ်ခုဖြစ်ပြီး Google ဖြင့် အသုံးပြုနိုင်ပါသည်။ ဝက်ဘ်ဆိုက် ပိုင်ရှင်များသည် သူတို့ site များကို ပုံရိပ်နှင့်စာသား ကြော်ငြာများ အသုံးပြုနိုင်ရန် ပရိုဂရမ်ရေးသွင်းထားနိုင်သည်။ ဤကြော်ငြာများကို Google မှ စီမံခန့်ခွဲမှု ပြုပြီး ကလစ် တစ်ချက်နှိပ်ခြင်းဖြင့် အမြတ်ငွေရရှိအောင် စီစဉ်ဆောင်ရွက်သည်။ Google အား ကြော်ငြာများကို ကြေညာရန်အတွက် ရှာဖွေခြင်း နည်းပညာ (Search Technology) ကို အသုံးပြုပြီး ဝက်ဘ်ဆိုဒ်မာတိကာ၊ အသုံးပြုသူများ၏ ပထဝီအနေအထားနှင့် သက်ဆိုင် သော နေရာနှင့် အခြားအချက်အလက်များပေါ်တွင် အခြေခံပြီး ဆောင်ရွက်သွားပါသည်။ တစ်ချို့က Google ၏ ဦးတည်ချက် ထားသည့် ကြော်ငြာပုံစနစ်ကို ကြေညာသည့်အခါ AdWords ကို ဖြတ်ကျော်လျက် အသုံးပြုနိုင်ရန်ကို မျှော်လင့်လျက် ရှိနေကြပါသည်။

## 19 ADSL ( Asymmetric Digital Subscriber Line )

ADSL သည် ရှိနှင့်ပြီးသား ကြေးနီတယ်လီဖုန်းလိုင်းပေါ်မှ နေ၍ အချက်အလက်များ ပိုမို ပို့ဆောင်ပေးနိုင်သော နည်းသစ်တစ်ခု ဖြစ်ပါသည်။ ၎င်း၏ သတင်းအချက်အလက်များကို လက်ခံမှုနှုန်းမှာ 1.5Mbps မှ 9Mbps နှင့် ပေးပို့နိုင်မှု နှုန်းမှာ 16Kbps မှ 640Kbps ထိ ရှိပါသည်။

## 20 Adware

Adware သည် ကြော်ငြာများကို ထောက်ပံ့သည့် လွတ်လပ်သော ဆော့ဖ်ဝဲ ( Sotfware ) ဖြစ်သည်။ သာမန် Adware အစီအစဉ်များသည် သင်၏ Desktop ပေါ်တွင် Web Browser နှင့်အတူ ဆက်စပ်ပြီး အလုပ်လုပ်ရသည့် Toolbars များ ဖြစ်သည်။ Web (သို့မဟုတ်) သင်၏ Hard Drive Bookmark များနှင့် Short cut များ၏ ပိုမိုကောင်းမွန်သော အဖွဲ့အစည်း၏ အဆင့်မြင့်ရှာဖွေခြင်း (Advanced Searching ) ကဲ့သို့သော ထူးခြားသော အသွင်အပြင်များ ပါဝင်သည်။ Adware သည် ပိုမို အဆင့်မြင့်သော ပရိုဂရမ်များကို လုပ်ဆောင်နိုင်သည်။ ဥပမာ – ဂိမ်းများနှင့် ကွန်ပျူတာစနစ် စီမံကွပ်ကဲမှုနှင့် ဆိုင်သော ကိစ္စများ ဖြေရှင်းသည့် Utilities တို့ ဖြစ်ကြသည်။ သူတို့ကို လွတ်လပ်စွာ အသုံးပြုနိုင်သော်လည်း အစီအစဉ်များကို ဖွင့်သလောက် စောင့်ကြည့်နေရန် လိုအပ်သည်။ ကြော်ငြာများကို တစ်ခါတစ်ရံ ဝက်ဘ်ဆိုဒ် တစ်ခုသို့ သွားရန် ခွင့်ပြုသည့်တိုင် Adware အနေဖြင့် အင်တာနက် ဆက်သွယ်မှုကို မပြတ်ရရှိရန် လိုအပ်သည်။

## 21 AdWords

AdWords က Google ၏ အကြီးမားဆုံး ကြော်ငြာပုံစံ တစ်ခုဖြစ်ပြီး အဓိကဝင်ငွေ အရဆုံးဖြစ်ပါသည်။ AdWords သည် Google ၏ P4P ( Pay for Performance ) ဝန်ဆောင် မှု၏ အမှတ်တံဆိပ် ဖြစ်ပါသည်။ AdWords သည် Google Site နှင့် အပြင်ဖက် site များ တွင် HTML Document များကို ဖန်တီးရန် အသုံးပြုထားသော အချက်အလက်များ ထည့်သွင်းရန် ပြင်ဆင်ထားသည့် သင်္ကေတများဖြစ်သည့် IFRAME tag တွင် စီစဉ် ထားသည်။ AdBlock ကဲ့သို့ ကြော်ငြာများ ပိတ်ပင်တားဆီးထားသည် တို့ကို လွယ်ကူစွာ ရှောင်နိုင်စေရန် ပြုလုပ်ထားသည်။ ကုမ္ပဏီများ၏ ထုတ်ကုန်များကို Google

(သို့မဟုတ်) Google ကြော်ငြာပုံစံ၏ အခြားတစ်ဖက်တွင် ရှိသည့် AdSense သုံး ဝက်ဘ်ဆိုက်များတွင် သူတို့၏ ပရိုဂရမ်များ၌ ထပ်လောင်းပေးနိုင်ရန် သူတို့၏ ထုတ်ကုန်များကို မြှင့်တင်ပေးနိုင်ဖို့ တောင်းတလျက် ရှိနေ ကြပါသည်။

22 **AF ( Audio Frequency)**

သာမန်လူသား၏ နားနှင့် တုန့်ပြန်နိုင်သည့် ကြိမ်နှုန်း ဖြစ်သည်။ လူ၏နားမှ ကြားနိုင်သော အသံကြိမ် နှုန်းသည် 20 Hz မှ 20,000Hz အတွင်း ရှိပါသည်။

23 **AF ( Access Fee )**

ကြိုးမဲ့ကွန်ရက်ကို ဆက်သွယ်နိုင်ရန် လစဉ်ပေးဆောင်ရသော လစဉ်ကြေး ဖြစ်ပါသည်။ ဤလစဉ်ကြေးသည် ဖုန်းသုံးသည်ဖြစ်စေ ၊ မသုံးသည် ဖြစ်စေ လစဉ်ပုံမှန် ပေးဆောင်ရမည်။

24 **AFC ( Automatic Frequency Control )**

တိကျသော သတ်မှတ်ချက်အတွင်း ပြန်လှန် လျှပ်စစ်ဗို့အား၏ ကြိမ်နှုန်းကို အလိုအလျောက် ထိန်းချုပ်ပေးသော ကိရိယာ ဖြစ်ပါသည်။

25 **AFRS ( Armed Forces Radio Service )**

စစ်တပ်စခန်းများသို့ ရေဒီယို ထုတ်လွှင့်သည့် လုပ်ငန်းဖြစ်သည်။ ထုတ်လွှင့်လိုက်သည့် ရေဒီယိုလှိုင်းသည် သက်ဆိုင်သည့် စစ်မြေပြင် တပ်စခန်းများကသာ ဖမ်းယူနိုင်သည်။ အထူးသဖြင့် မိမိနိုင်ငံ နယ်နိမိတ် ပြင်ပတွင် ထားရှိသည့် စစ်စခန်းများတွင် တာဝန်ထမ်းဆောင်နေသူများအတွက် ရည်ရွယ် ထုတ်လွှင့်သည့် ဝန်ဆောင်မှုဖြစ်သည်။

26 **AGC (Automatic Gain Control ) or ( Automatic Volume Control )**

ရေဒီယို (သို့မဟုတ်) ကက်ဆက် အသံသွင်းစက်၏ အသံ အနိမ့်အမြင့်သည် အဝင် ဆစ်ဂနယ် (Signal) များ ပြောင်းလဲမှု ရှိသော်ငြားလည်း အထွက်တွင် ပြောင်းလဲမှု မရှိအောင် ထိန်းချုပ် ထားပေးသော ကိရိယာ ဖြစ်ပါသည်။

27 **AGP ( Accelerated Graphics Port )**

ကွန်ပျူတာတွင် Graphics Display Adapter (သို့မဟုတ်) Video Card များ အသုံးပြုနိုင်ရန် အတွက် Hight-speed Expansion Card အမျိုးအစားဖြစ်ပါသည်။ Resolution မြင့်သောဓါတ်ပုံများ၊ ဗီဒီယိုဖိုင်များနှင့် လှုပ်ရှားသက်ဝင်သော ရုပ်ပုံများကို ကြည့်ရှုရာတွင် အဆင် ပြေ ကောင်းမွန်စေရန် အတွက် "ဗွီ" ကို အခြေခံသည့် Video Card များ အသုံးပြု ကြပါ သည်။

28 **AIN ( Advanced Intelligent Network )**

AIN ဆိုသည်မှာ Switching ပြုလုပ်ပေးသော ကိရိယာ ( Switching Equipment ) များမှ ဝန်ဆောင်မှုအပိုင်းကို အသွင်သဏ္ဍာန်အားဖြင့် သီးခြားခွဲထုတ်ခြင်းကို ဆောင်ရွက်ပေးသည့် တယ်လီဖုန်း ကွန်ရက်တည်ဆောက်ပုံ တစ်မျိုးဖြစ်ပါသည်။ ထို့သို့ ခွဲထုတ်ခြင်းဖြင့် Value added Service ကဲ့သို့သော အပိုဆောင်း ဝန်ဆောင်မှုအသစ် များအတွက် Switching Equipment များကို ဒီဇိုင်းအသစ်ပြန်လုပ်ရန် မလိုဘဲ ဝန်ဆောင်မှု ပေးနိုင်ပါ

သည်။ ထို့ကြောင့် ဝန်ဆောင်မှုပေးသူ ( Serice Provider ) များ အချင်းချင်း ပြိုင်ဆိုင် မှုကို တိုးတက်စေပြီး သုံးစွဲသူများ အနေ ဖြင့် ရွေးချယ်မှု အခွင့်အလမ်း ပိုမို ရရှိနိုင်ပါသည်။

**29 AIS ( Automated Information System )**

ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ၊ ဆော့ဖ်ဝဲများကို အပြည့်အစုံတပ်ဆင်ထားကာ သတင်းအချက်အလက်များ သိုလှောင်သိမ်းဆည်းခြင်း ၊ သတင်းအချက်အလက်များ ဆက်သွယ်ဖလှယ်ခြင်း၊ စာရင်းဇယားထားသည့် စနစ်ဖြစ်သည်။ ကွန်ပျူတာစက် အစိတ်အပိုင်းများ အနေ ဖြင့် ကွန်ပျူတာ ကွန်ရက်နှင့် အခြား ဆက်စပ်ပစ္စည်းများ ပါဝင်သည်။

**30 ALG ( Application Layer Gateway )**

ALG ဆိုသည်မှာ ကွန်ရက်တစ်ခုပေါ်ရှိ Application Server များ ကိုယ်စား လုပ်ငန်းဆောင်ရွက်ပေးသော လုံခြုံမှုကိရိယာ (Security Device) တစ်ခု ဖြစ်ပါသည်။ ALG အသုံးပြုခြင်းဖြင့် အနှောင့်အယှက်ဖြစ်နိုင်သည်ဟု ယူဆရသော Traffic (Malicious Traffic) များမှ Server များကို မတွေ့နိုင်ရန် ဖုံးကွယ်ထားနိုင်ပါသည်။

**31 ALI ( Automatic Location Identifier )**

ALI သည် E911 စနစ်၏ သွင်ပြင်လက္ခဏာတစ်ခုဖြစ်ပြီး E911 Call ဖြေဆိုလက်ခံသူများကို Call နှင့် ပတ်သက်သည့် အမည်၊ ဖုန်းနံပါတ် ၊ လိပ်စာ ၊ အနီးဆုံးလမ်းစသည့် သတင်းအချက်အလက်များကို ပေးပို့နိုင်ပါသည်။

**32 Amplifier**

Video (အရုပ်) နှင့် Audio (အသံ)တို့၏ Electronic Signal အား များကို တိုးမြှင့်ပေးသော ကိရိယာ (device) ကို Amplifier ဟု ခေါ်ပါသည်။

**33 AMR ( Adaptive Multi Rate )**

AMR သည် Speech Coding အတွက် အသုံးပြုသော Audio Data Compression လုပ်နည်း တစ်ခု ဖြစ်ပါသည်။ AMR Speech Codec သည် Multi-rate Narrowband Speech Codec ကို အသုံးပြုထားပါ သည်။ အဆိုပါ Codec နည်းပညာတွင် Encode လုပ်ရန် 200Hz မှ 3400Hz ရှိသော Signal များကို အသုံးပြု ထားပြီး Speech Quality ကို 4.75 Kbps မှ 12.2Kbps အထိ ရရှိနိုင်အောင် စီစဉ်ထားပါသည်။ AMR ကို ၁၉၉၉ ခုနှစ် အောက်တိုဘာလတွင် 3GPP က စံသတ်မှတ်ထားသော Speech Codec နည်းပညာဖြစ်ပြီး ယခုအခါ GSM နှင့် UMTS များတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိပါသည်။

**34 AN AAA ( Access Network AAA )**

AN-AAA သည် AAA Server အမျိုးအစားထဲက တစ်ခုဖြစ်သည်။ AN-AAA သည် Access Network တွင် ရှိသော RNC ( Radio Network Controller ) နှင့် ဆက်သွယ်ပြီး Authentication နှင့် Authorization လုပ်ငန်းများကို ဆောင်ရွက်ပေးရ သည်။ AN နှင့် AN-AAA ကြား ချိတ်ဆက်မှုကို A12 Interface ဟု ခေါ်ပါသည်။

**35 Animation**

ဗီဒီယို ၊ ရုပ်ရှင်နှင့် ကွန်ပျူတာ ထုတ်လုပ်မှု နည်းပညာများတွင် ကာတွန်းရုပ်ပုံ ပုံစံများ ဖန်တီး၍ လှုပ်ရှားမှု ဖြစ်ပေါ်စေခြင်းကို Animation ဟု ခေါ်ပါသည်။

**36 AP ( Access Protocol )**

ကွန်ပျူတာကွန်ရက်များတွင် မျှဝေသုံးစွဲထားသော Network Media ပေါ်မှ သတင်းအချက်အလက် များကို ပေးပို့ရာတွင် ဒေတာများ အချင်းချင်းတိုက်မိခြင်းမှ ရှောင်ရှားနိုင်ရန် Workstation ကွန်ပျူတာများ အတွက် သတ်မှတ်ထားသော စည်းမျဉ်းဥပဒေသများ ဖြစ်သည်။ Media Access Control Protocol ဟုလည်း ခေါ်သည်။

**37 AP ( Antenna Power )**

တိုင်းတာရရှိသော ထုတ်လွှင့်မှု အင်တင်နာလျှပ်စီးကြောင်း (Current) ၏ နှစ်ထပ်ကိန်းနှင့် အင်တင်နာခုခံမှု ( Resistance ) တို့၏ မြှောက်လဒ်ကို Antenna Power ဟု ခေါ်ပါသည်။

**38 Apache**

Apache ကို ယေဘုယျအားဖြင့် အင်တာနက်မှ Web Server (သို့မဟုတ်) HTTP Server ဆော့ဖ်ဝဲတွင် အများဆုံး အသုံးပြုပါသည်။ Apache သည် Web Sever အဖြစ် National Cent ၌ အလွန် ကြီးမားသော ကွန်ပျူတာများတွင် အသုံးပြုရန် အပိုင်းလိုက် ပြောင်းလဲမှုဖြင့် ဖန်တီးရေးသားထားပြီး စိတ်ပါဝင်စား အသုံးပြုသူများ၊ တီထွင်မှု ပြုလုပ်သူများ နှင့် အခမဲ့ရယူ အသုံးပြုသူများ အတွက် အခမဲ့ရယူ အသုံးပြုနိုင်သော ဆော့ဖ်ဝဲများပင် ဖြစ်ပါသည်။

Apache သည် Module များ အတွဲလိုက် ဒီဇိုင်းပြုလုပ်ထားပြီး Administrator များ အတွက် သူတို့လိုအပ်နေသည့် အချက်အလက်များကို အသုံးပြုနိုင်ရန်နှင့် ကိုင်တွယ် နေရသော ပရိုတိုကောများအပြင် ဝက်ဘ်၏ စံထားသည့် HTTP များ အပါအဝင် တိကျသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ၌ လွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ရန် အထောက်အကူ ပြုပါသည်။

**39 APC ( Automatic Power Control )**

APC ဆိုသည်မှာ Transmitter ၏ ပါဝါကို ချိတ်ဆက်မှုများအတွက် သင့်တော်သော Level တစ်ခု ရောက်ရှိအောင် ချိန်ညှိပေးခြင်းနှင့် ရေဒီယို ချန်နယ်တစ်ခု၏ စွမ်းဆောင်မှုကို တိုင်းတာပေးသည့် နည်းလမ်းတစ်မျိုး ဖြစ်သည်။

**40 APC (Angled Physical Contact )**

ဖန်မျှင် ကေဘယ်လ်တစ်ခုနှင့် တစ်ခု ဆက်သွယ်ရာတွင် အသုံးပြုသည့် ဖန်မျှင်ဆက်ခေါင်း ဖြစ်ပါသည်။ ဆက်ခေါင်း၏ ထိပ်ပိုင်းကို အလင်းလှိုင်း၏ စွမ်းအင် ဆုံးရှုံးမှု နည်းနိုင်သမျှ နည်း စေရန် မျက်နှာပြင် ကို ၅˚ မှ ၁၅˚ စောင်းထားသည်။

**41 APD ( Avalanche Photodiode )**

အလင်းပြင်းအား အတိမ်အနက်ပေါ်လိုက်၍ လျှပ်စီးကြောင်းပမာဏ ပြောင်းလဲသော တစ်ပိုင်းလျှပ်ကူးချို့ပစ္စည်းဖြစ်သည့် ဒိုင်အုတ် (diode) အမျိုးအစား တစ်မျိုး ဖြစ်ပါသည်။

ယင်း ဒိုင်အုတ်အမျိုးအစားကို ဖန်မျှင် ဆက်သွယ်ရေးစနစ်တွင် အသုံးပြုသည်။

**42 API ( Application Programming Interface )**

API ဆိုသည်မှာ မတူညီသော ကွန်ပျူတာပရိုဂရမ်များ အချင်းချင်း ချိတ်ဆက်လုပ်ဆောင်နိုင်ရန် ပံ့ပိုးပေးသော ဆက်သွယ်မှု ပရိုတိုကော (Communication Protocol) တစ်ခုဖြစ်သည်။ API ကောင်းတစ်ခုသည် ပရိုဂရမ်ရေးဆွဲသူ လိုအပ်သော ဖွဲ့စည်းမှု အစိတ်အပိုင်းများကို ထောက်ပံ့ပေးခြင်း အားဖြင့် ပရိုဂရမ်တစ်ခုကို လွယ်ကူစွာဖြစ်ပေါ်စေပါသည်။API များကို အစီအစဉ်ရေးသားသူ (Programmer) များအတွက် ရည်ရွယ်ပြီး ထုတ်လုပ် ထားသော်လည်း ထိုပရိုဂရမ်ကို သုံးစွဲသူများ အတွက်ပါ သင့်လျော်ပေသည်။ အကြောင်းမှာ တူညီသော API တစ်ခု ကို သုံးသည့် ပရိုဂရမ်များ အားလုံးသည် ချိတ်ဆက်မှု ပြုလုပ်ရာတွင် တူညီသည်ဟူသော အာမခံ ချက် ပေးထား သောကြောင့် ဖြစ်ပါသည်။

**43 APN ( Access Point Name )**

APN ဆိုသည်မှာ GPRS ( General Packet Radio Service ) / EDGE (Enhanced Data Rates for GSM Evolution ) / UMTS (Universal Mobile Telecommunication System ) တို့၏ ဒေတာ ဆက်သွယ်မှုများအတွက် Access Point တစ်ခု၏ နာမည် ( Web Address ) ဖြစ်ပါသည်။ ကြိုးမဲ့ကယ်ရီယာများမှ ဝန်ဆောင်မှု ပေးထားသော သုံးစွဲသူများ အတွက် APN (Access Point Name) ကို အမြဲ စီစဉ် ပေးကြရပါသည်။ သုံးစွဲသူ၏ SIM ကဒ်နှင့် ဝန်ဆောင်မှုပေးသူ၏ APN ကိုတွဲဖက်သုံးနိုင်အောင် စီစဉ်ထားရသည်။ ဆဲလ်လူလာ ကွန်ရက် အများစုတွင် အသုံးပြုသည့် APN နှစ်မျိုး ရှိပါ သည်။ ၄င်းတို့မှာ ကြိုးမဲ့ (သို့မဟုတ်) WAP APN နှင့် အင်တာနက် (သို့မဟုတ်) WEB APN တို့ဖြစ်ကြပါသည်။

**44 Apps**

Apps ဆိုသည်မှာ Application ကို ရည်ညွှန်းသည့် အတိုကောက် အသုံးအနှုန်း ဖြစ်ပါသည်။ App တစ်ခုသည် ဆော့ဖ်ဝဲ တစ်ခုဖြစ်ပြီး App ကို ကွန်ပျူတာ ၊ မိုဘိုင်းဖုန်း ၊ iPad နှင့် အခြားသော အီလက်ထရောနစ် ပစ္စည်းကိရိယာများတွင် ထည့်သွင်းအသုံးပြု (Run) ရပါသည်။ Apps များသည် သုံးစွဲထားသည့် OS ပေါ်မူတည်ပြီး ရရှိနိုင်သော မူရင်းဇစ်မြစ်မှာလည်း ကွဲပြားသည်။ OS တစ်ခုတွင်သုံးစွဲနိုင်သည် App ကို မတူညီသော OS တွင် မသုံးစွဲနိုင် ပေ။ ဥပမာအားဖြင့် iPhone တွင် အသုံးပြုနိုင်သည့် Appများကို Apple App Store မှ Download ပြုလုပ်နိုင်ပြီး Android OS သုံး Phone များတွင် Android Market မှ Download ရယူ နိုင်ပါသည်။

**45 APSD ( Automatic Power Save Delivery )**

Automatic Power Save Delivery ဆိုသည်မှာ IEEE 802.11e စံနှုန်း သတ်မှတ်ချက် များတွင်စတင် မိတ်ဆက်ပေးခဲ့သော ပါဝါချွေတာရေးနည်းကို ဖော်ပြပေးသည့် Wi-Fi (Wireless- Fidelity) တွင် အသုံးပြုသည့် ဝေါဟာရဖြစ်ပါသည်။ APSD အမျိုးအစား (၂)မျိုး ရှိပြီး ၄င်းတို့မှာ–U-APSD (Unscheduled Automatic Power Save Delivery)

နှင့် S-APSD (Scheduled Automatic Power Save Delivery ) တို့ဖြစ်ကြသည်။

**46 APT ( Anti -Protection Trojans )**

Anti-Protection Trojans သည် ထုံးစံအားဖြင့် ဆော့ဖ်ဝဲများကို လုံခြုံမှု မပေးနိုင်အောင် လုပ်ဆောင်သူများကို ရည်ညွှန်းခြင်းဖြစ်သည်။ ယင်း Trojans သည် Firewall များ၊ Antivirus ဆော့ဖ်ဝဲနှင့် Filter များ လုပ်ကိုင်နိုင်ခြင်းမရှိအောင် ဒီဇိုင်းများ ပြုလုပ်ထား ကြခြင်းဖြစ်သည်။ ဤပရိုဂရမ်များသည် စက်တစ်ခုတွင် တစ်ကြိမ်တစ်ခါ Install လုပ်ခြင်းခံရပြီး ဖြစ်ပါက တိုက်ခိုက်သူ (Hacker) တစ်ဦးမှ Host ကွန်ပျူတာကို ပိုမိုလွယ်ကူစွာ တိုက်ခိုက် နိုင်လိမ့်မည် ဖြစ်သည်။

**47 AR ( Adaptive Routing )**

ကွန်ရက်အတွင်းရှိ ကွန်ရက်အစိတ်အပိုင်းတစ်ခု ချို့ယွင်းခဲ့ပါက အသင့်လျော်ဆုံးသော လမ်းကြောင်းကို ရွေးချယ်အသုံးပြုပြီး မက်ဆေ့များကို အခြားလမ်းကြောင်းပေါ်မှ အလျင်အမြန် ပေးပို့ပေးနိုင်သော စက်အမျိုးအစား ဖြစ်ပါသည်။

**48 AR ( Aspect Ratio )**

ရုပ်မြင်သံကြား ရုပ်ပုံ (TV Picture) ၏ အကျယ် (Width) နှင့် အမြင့် (Height) တို့၏ အချိုး (Ratio) ကို Aspect Ratio ဟု ခေါ်ပါသည်။ ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံ အပါအဝင် နိုင်ငံအများအပြား တွင် အသုံးပြုနေကြသည့် TV Picture ၏ Aspect Ratio သည် ၄း၃ ရှိပါသည်။

**49 Archie**

အမည်မသိသည့် FTP (File Transfer Protocol) ရှိသည့် ဘက်တွင် သိမ်းဆည်းထားသည့် ဖိုင်များကို ရှာဖွေသည့် ဆော့ဖ်ဝဲတစ်ခု ဖြစ်ပါသည်။ ဖိုင်အမည် (သို့မဟုတ်) လမ်းကြောင်း တစ်ခုခုကို သိရန် လိုအပ်ပါ သည်။ ၁၉၉၉ ခုနှစ်မှ စပြီး Archie သည် ဝက်ဘ်ကို အခြေခံပြီး ရှာဖွေခြင်းများ ပြုလုပ်သည့် အင်ဂျင်များကို အစားထိုး ဆောင်ရွက် ပေးလျက် ရှိပါသည်။

**50 ARCnet ( Attached Resource Computer )**

2.5 Mbps သာ ရှိသည့် မြန်နှုန်းနှေး LAN (Local Area Network) ဒေတာလင့် နည်းပညာရပ်ဖြစ်ပြီး Data Point က တီထွင်ဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ စနစ်တစ်ခုလုံးကို Coaxial ကေဘယ်လ်ပေါ်မှ အသုံးပြုပါသည်။ ARCnet သည် token-bus ပုံစံဖြင့် အလယ် အလတ်ထိန်းချုပ်မှုဖြင့်( Medium access control ) ဖြင့် token-bus အတွင်း ထုတ်လွှင့်မှု စနစ် ဖြစ်သည်။

**51 ARDIS ( Advanced Radio Data Information System )**

မော်တာရိုလာ (Motorola) နှင့် IBM တို့မှ မိုဘိုင်းဒေတာ ဝန်ဆောင်မှုများ ပေးရန် ဆောင်ရွက်ထားသော ရေဒီယိုစနစ်တစ်ခုဖြစ်ပါသည်။ မော်တာရိုလာ(Motorola) မှ လက်ရှိ ဆောင်ရွက်နေသော စနစ် ဖြစ်ပါသည်။

**52 ARFCN ( Absolute Radio Frequency Channel Number )**

GSM ရေဒီယိုစနစ်တွင် ရေဒီယိုလှိုင်းနှုန်းများ သီးခြားစီ သတ်မှတ်နိုင်ရန်အတွက် အသုံး

ပြုသည့် ချန်နယ် Numbering Scheme နံပါတ်ပေးစနစ် နည်းလမ်း ဖြစ်သည်။

**53 ARIB ( Association of Radio Industries Business ) Japan**

ထုတ်လွှင့်မှုနှင့်ရေဒီယို ဆက်သွယ်မှုကဏ္ဍများတွင် အကျိုးရှိရှိ အသုံးချမှုများ ဆောင်ရွက်ကြရန် ဂျပန်အစိုးရမှ သတ်မှတ်ပေးထားသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ စံနှုန်းသတ်မှတ်မှုများနှင့် စပ်လျဉ်း၍ ARIB သည် ( Next Generation Mobile Communication ) မျိုးဆက်သစ် မိုဘိုင်းဆက်သွယ်ရေးစနစ် ( IMT 2000 ) နှင့် ဒစ်ဂျစ်တယ်တီဗီထုတ်လွှင့်ခြင်း တို့၏ စံနှုန်း သတ်မှတ်ခြင်းများကို ဆောင်ရွက် နေပါသည်။

**54 ARP ( Address Resolution Protocol )**

IP Address နှင့် စက်၏ Physical Address တို့ကို ဆက်စပ်ပေးသော Protocol ဖြစ်ပါသည်။ Physical Address ကို MAC Address( Media Access Control ) ဟုလည်း ခေါ်ပါသည်။ MAC Address များနှင့် ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသည့် IP Address များကို ထိန်းသိမ်းထားရန် ARP Cache (သို့မဟုတ်) ARP Table များကို အသုံးပြုကြသည်။

**55 ARQ ( Automatic Repeat ReQuest )**

လွှင့်စက်မှ ထုတ်လွှင့်လိုက်သော အချက်အလက် အမှားများကို ဖမ်းစက်က စစ်ဆေးကာ လွှင့်စက်သို့ အလိုအလျောက် သတင်းပို့ အချက်ပေးခြင်းကို အချက်အလက် အမှန် ထုတ်လွှင့်သည် အထိ ထပ်တလဲလဲ လုပ်ဆောင်ချက် ဖြစ်သည်။

**56 ARQ ( Admission ReQuest )**

H.323 Network အဝင် စစ်ဆေးရေးဂိတ်သို့ ဝင်ခွင့် တောင်းခံသည့်အခါ မှတ်ပုံတင်ခြင်း ၊ စီမံရေးရာ နှင့် လုပ်ငန်းရေးရာဆိုင်ရာ သတင်းပေးပို့ချက် ဖြစ်သည်။

**57 ARR ( Automatic-repeat-request )**

ARR နည်းလမ်းတွင် သတင်းအချက်အလက်များကို Packet ပုံစံသို့ အသွင်ပြောင်းလိုက်ပါသည်။ Packet တစ်ခုစီတွင် အမှားစစ်သော Key တစ်ခု ပါဝင်ပါသည်။ ဤ Key သည် CRC (Cyclic Redundancy Check) အမျိုးအစားဖြစ်ပါသည်။ Packet တစ်ခုတွင် အမှား (Error Code) ပါခဲ့လျှင် လက်ခံမည့်သူက ပေးပို့သူအား အဆိုပါ Packet ပြန်လည်ပေးပို့ရန် တောင်းဆိုပါသည်။ ARR သည် ပြန်လည်ပေးပို့မှု အကြိမ်များစွာလိုအပ်ခြင်းနှင့် အစပထမ Packet တွင် Noise ပါဝင်မှု အဆင့်သည် ဆက်တိုက်လာမည့် Packets များတွင် မှားယွင်းမှုများ ဖြစ်စေသောကြောင့် Noise များသော လိုင်း (Channel) တွင် အသုံးပြုရန်မှာ မသင့်တော်ပေ။ ARR သည် Noise မရှိသော လိုင်းများအတွက် ပို၍ သင့်တော်ပါသည်။

**58 Artifact**

Artifact သည် ဖိုင် (သို့မဟုတ်) Script တစ်ခုဖြစ်ပြီး ၎င်းတွင် System နှင့် Network ကို နှောင့်ယှက် ဖျက်ဆီးမည့် တိုက်ခိုက်မှုများ ပါဝင်သည်။ Intruder Attack များနှင့် နှောင့်ယှက် ဖျက်ဆီး မည့် လုပ်ငန်းစဉ်များတွင် အသုံးပြုလေ့ ရှိသော Artifact မိတ္တူများနှင့် သတင်း အချက်အလက်များ ရရှိပါက အဆိုပါ Artifact များ၏ အသုံးပြုထားသော Version

နှင့် သဘာဝတို့ကို လေ့လာ ဆန်းစစ်မှုများ ပြုလုပ်ပြီးနောက် ၎င်းတို့ကို ဖယ်ရှားကာကွယ် စစ်ဆေးရန် နည်းလမ်းများ ချမှတ် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**59 ARU ( Alarm Relay Unit )**

တယ်လီဖုန်းကုမ္ပဏီအများစု အသုံးပြုလေ့ရှိသည့် အချက်ပေးသည့် အသံမြည်ကိရိယာ တစ်မျိုး ဖြစ်သည်။

**60 AS ( Autonomous System )**

စီမံခန့်ခွဲမှု တစ်ခုတည်းအောက်တွင်ရှိသော ကွန်ရက်ဆက်ကြောင်းများ ဘုံလမ်းကြောင်း ပေါ် သို့ အလိုအလျောက်စနစ်ဖြင့် ရွေးချယ်မှုဝေ လုပ်ဆောင်သည့် နည်းလမ်းဖြစ်သည်။

**61 ASAM ( ATM Subscriber Access Multiplexer )**

တယ်လီဖုန်းရှိ အင်တာနက်စက်နှင့်ကွန်ရက်ကိုချိတ်ဆက်ပေးသည့် ကြားခံစက်ကိရိယာ ဖြစ်သည်။ သုံးစွဲသူတို့၏ ဒေတာများကို ပို့ /ယူလုပ်ရာတွင် လက်ရှိ ကြေးနီကြိုး တယ်လီဖုန်း လိုင်း ကိုပင် အသုံးပြုသည်။ သို့သော် အင်တာနက်မြန်နှုန်းမြင့်ကို ရရှိသည်။

**62 ASCII**

American Standard Code for Information Interchange ၏ အတိုကောက်ဝေါဟာရ ဖြစ်သည်။ အက္ခရာများကို ဂဏန်းများဖြင့် သတ်မှတ် ဖော်ပြခြင်း ဖြစ်သည်။ ဥပမာအားဖြင့် a ၏ ASCII တန်ဖိုးမှာ “ 97 ” ဖြစ်သည်။ အများစုက နားလည်နိုင်စွမ်းရှိသည်။

**63 ASE ( Amplified Spontaneous Emission)**

ဖန်မျှင်ဆက်ကြောင်းတွင် အသုံးပြုသည့် ချဲ့စက်တစ်မျိုးဖြစ်သည့် Erbium-doped Fiber Amplifiers (EDFAs) ချဲ့စက်များတွင် ဖြစ်ပေါ်တတ်သည့် ဆူညံသံဖြစ်ပြီးယင်းသည် ချဲ့စက်၏အရည်အသွေးစံဖြစ်သည့် Signal-to-noise Radio( SNR)ကို လျော့စေပါသည်။

**64 ASN.1 ( Abstract Syntax Notation One )**

အချက်အလက်များကို ပို့/ယူ လုပ်ရာတွင် အဆင်ပြေမှုရှိစေရန် အတွက် လွှင့် /ဖမ်းစက် က နားလည်နိုင်မည့် သင်္ကေတသို့ ပြောင်းသည့် နည်းစနစ် ဖြစ်သည်။ စက်က နားလည်နိုင်စွမ်း သည့် သင်္ကေတဆိုင်ရာဥပဒေသ ၊ စည်းမျဉ်းနည်းပညာဖြစ်သည်။ တစ်နည်းအားဖြင့် အင်တာ နက် ဆက်သွယ်ရေးစနစ်တွင် အသုံးပြုလျက်ရှိသော Transmission Control Protocol / Internet Protocol ( TCP /IP ) ကဲ့သို့သော ဘာသာစကားတစ်မျိုး ဖြစ်သည်။

**65 ASP (Active Server Page)**

လက်ရှိဖော်ပြနေသော Web page ကို ခေါ်ဆိုသည်။ အင်တာနက် Browser တစ်ခုမှ Server ဆီသို့ Page တစ်ခုအား တောင်းခံလိုက်သောအခါ ၎င်း Server သည် HTML code ဖြင့် ရေးသားထားသော Web page ကို Browser သို့ ပေးပို့သည်။

**66 ASP (Application Service Provider)**

ASP ဆိုသည်မှာ သုံးစွဲသူများထံသို့ application များ အပါအဝင် ၎င်း application များနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည့် ကုမ္ပဏီဖြစ်သည်။ ASP

များသည် သက်ဆိုင်ရာ ဆော့ဖ်ဝဲများကို ကွန်ရက်မှ တစ်ဆင့် သုံးစွဲသူများထံသို့ ပို့ဆောင်ပေးသည်။ ASP များသည် Application များကို ၄င်းတို့၏ သုံးစွဲသူများ၏ ကွန်ပျူတာနှင့် အခြားကိရိယာများ သိမ်းဆည်း ထားနိုင်သော်လည်း အများအားဖြင့်မူ ၄င်းတို့ ကိုယ်ပိုင်ဖြစ်သော Data Center များတွင် သိမ်းဆည်းလေ့ ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ဆောင်ရွက်ခြင်းဖြင့် Application များ အပြင် သက်ဆိုင်ရာ Software များ၊ Hardware များ ကိုပါ ထိန်းသိမ်း ကြီးကြပ်နိုင်သောကြောင့် ဖြစ်သည်။

## 67 AT ( Apple Talk )

1. Apple Talk ဆိုသည်မှာ Apple ကွန်ပျူတာများ (Mac ကွန်ပျူတာ) အတွက် သုံးသော Local Area Network Communication ပရိုတိုကောလ်ကို ခေါ်ပါသည်။
2. ကွန်ရက်တစ်ခုပေါ်တွင် တစ်နေရာမှ တစ်နေရာသို့ ဒေတာအထုပ်ကလေးများကို ယူရာ တွင် သက်ဆိုင်ရာ Protocol များ အသုံးပြုလေ့ရှိခြင်း ဖြစ်ပါသည်။

## 68 AT ( Audio Teleconferencing )

ပထဝီအနေအထားအရ မတူညီသောနေရာများရှိ အုပ်စုတစ်စုချင်း (သို့မဟုတ်) နှစ်စု၊ သုံးခုထက်ပိုသော အုပ်စုများ အချင်းချင်းဆက်သွယ်ပေးသည့် နှစ်လမ်းသွား အီလက်ထရွန်းနစ် အသံဆက်သွယ်ရေး ဖြစ်ပါ သည်။

## 69 ATE ( Automatic Test Equipment)

အလိုအလျောက် စမ်းသပ်ကိရိယာဖြစ်ပါသည်။ စမ်းသပ်စစ်ဆေးမှု အဆင့်ဆင့်ကို ကွန်ပျူတာ ပရိုဂရမ်ဖြင့် ရေးသားထားပြီး စမ်းသပ်မှု အမျိုးမျိုးအတွက် စက်ကိရိယာကို မကြာခဏညှိရန် မလိုပါ။ အထူးသဖြင့် လျှပ်စစ်ပတ်လမ်း ဆားကစ်ဘုတ်များရှိ အစိတ်အပိုင်းများ စမ်းသပ်စစ်ဆေး သည့် အခါများတွင် အလွန် အသုံးဝင်ပါသည်။

## 70 ATM ( Asynchronous Transfer Mode )

ATM သည် တယ်လီဖုန်းဆက်သွယ်မှု ကွန်ရက်များအတွက် Switching နည်းပညာတစ်ခု ဖြစ်ပါသည်။Asynchronous Time-Division Multiplexing ကိုအသုံးပြုထားပြီး သတင်း အချက်အလက်များကို သေးငယ်၍ အရွယ်အစား တိတိကျကျ သတ်မှတ်ထားသော ဆဲလ်များ အဖြစ် ပုံစံပြောင်းပေးသည်။ ဤနည်းပညာသည် အရွယ်အစား အမျိုးမျိုးရှိသော Frame များ အသုံးပြုသည့် အင်တာနက် (သို့မဟုတ်) Ethernet LAN များနှင့် ကွဲပြားသည်။ ATM သည် OSI Layer ၏နံပါတ်တစ်ဖြစ်သော Physical Links အပေါ်တွင် ရှိသည့် Data Link Layer တွင် ဝန်ဆောင်မှု ပေးနိုင် ပါသည်။ ATM တွင် Circuit Switched Networking နှင့် Small Packet Switched Networking နှစ်ခုစလုံး၏ ဝန်ဆောင်မှုများ ရှိသည်။ ဤအချက် သည် Real-time ၊ Low Latency Content များဖြစ်သည့်အသံနှင့်အရုပ်၊ အသုံးပြုနေကျ ဖြစ်သောမြန်နှုန်းမြင့် သတင်း အချက်အလက် ရရှိနိုင်မှု နှစ်ခုစလုံးကို ထိန်းချုပ်နိုင်သော ကွန်ရက်တစ်ခုအတွက် ကောင်းမွန်သော ရွေးချယ်မှုတစ်ခု ဖြစ်ပါသည်။ ATM သည် အမှန်တကယ် ဒေတာလွှဲပြောင်းမှု မစတင်မီ နေရာ နှစ်ခုကြားချိတ်ဆက်မှု အတု (Virtual Circuit) တစ်ခု ပြုလုပ်နိုင်သော Connection- Oriented

ပုံစံကို အသုံးပြုထားပါသည်။ ATM သည် ISDN (Integrated Service Digital Network) ၏ SONET / SDH ကျောရိုးပေါ်တွင် အသုံးပြု ထားသော Protocol တစ်ခု ဖြစ်ပါသည်။

**71 ATM ( Asynchronous Transmission Mode )**

WANs နှင့် LAN များအကြား ထုတ်လွှင့်မှုပုံစံဖြစ်သည်။ မြန်နှုန်းမြင့် Connection-oriented ဖြစ်သည်။ Cells ပမာဏမှာ 53 byte ရှိပြီး ခေါင်းစီး ( Header ) အတွက် 5 byte နှင့် ဒေတာ (Payload) အတွက် 48 byte အသီးသီး ဖြစ်သည်။ 1 byte = 8 bits

**72 ATSC ( Advanced Television Systems Committee )**

Digital High Definition Television (HDTV) ခေတ်မီအဆင့်မြင့် ရုပ်မြင်သံကြား စက်များ၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေး အတွက် ဖွဲ့စည်းထားသည့် ကော်မတီ ဖြစ်ပါသည်။

**73 Attenuator**

Signal တစ်ခု၏ ထိပ်အမြင့် (Amplitute) ကို လျော့ချပေးသော Device ကို Attenuator ဟု ခေါ်ပါသည်။

**74 AUC ( Authentication Centre )**

AUC(Authentication Centre ) ဆိုသည်မှာ GSM စနစ်၏ HLR (Home Location Register ) ထဲတွင် အမြဲရှိနေသည့် ကိရိယာကို ခေါ်သည်။ ၎င်းမှ မိုဘိုင်းသုံးစွဲသူ တစ်ဦးစီနှင့် သက်ဆိုင်သော အချက်အလက်များအား စစ်ဆေးပြီး မှန်ကန်မှု ရှိ/မရှိ သက်သေပြရပါသည်။ မိုဘိုင်းကွန်ရက်ကို သုံးစွဲခွင့်ရှိသူသာ သုံးစွဲနိုင်အောင် AUC က ဆောင်ရွက် ပေးရပါသည်။

**75 AUP ( Acceptable Use Policy )**

ဤပေါ်လစီသည် လုပ်ထုံးလုပ်နည်းအရ ကွန်ရက်သို့ (သို့မဟုတ်) အင်တာနက် သုံးစွဲခွင့် ရရန် စီစဉ် ဆောင်ရွက်ထားသည်တို့ကို သုံးစွဲသူမှ သဘောတူ လိုက်နာကြရမည့် ပေါ်လစီ ဖြစ်ပါသည်။

**76 Authentification**

Authentification ဆိုသည်မှာ အင်တာနက်တစ်ခုအတွင်း (သို့မဟုတ်) အွန်လိုင်း ဘဏ် ဝက်ဘ်ဆိုက် (Online Banking Website) တစ်ခုအတွင်း ခွင့်ပြုထားသော သုံးစွဲသူ (Authorized User) သာ ဝင်ရောက် ကြည့်ရှုခွင့် ပြုထားပြီး သုံးစွဲခွင့် ရှိသူ ဟုတ်၊ မဟုတ်ကို Password တို့ဖြင့် စစ်ဆေးလေ့ ရှိပါသည်။

**77 AV ( Antivirus Software )**

ဗိုင်းရပ်စ်ဝင်ရောက် တိုက်ခိုက်ခံရခြင်း ရှိ /မရှိ ကွန်ပျူတာကို စစ်ဆေးနိုင်ခြင်း၊ ဗိုင်းရပ်စ် ပါရှိသည့် ဖိုင်များကို သီးခြားနေရာ ကန့်သတ် ခွဲထားပေးခြင်းနှင့် ကွန်ပျူတာ၏ လုပ်ဆောင် မှုများကို မျက်ခြေမပြတ် စောင့်ကြည့်ပေးသည့် ဗိုင်းရပ်စ်ဝင်ရောက်ခြင်းမှ ကာကွယ်ပေး သော Antivirus Software ဖြစ်ပါသည်။

**78 AVL ( Automatic Vehicle Location )**

တည်နေရာ အနံ့ခံပေးကိရိယာ ၊ တည်နေရာ ဖော်ပြသော ကိရိယာကို ဝိုင်ယာလက်

ဆက်သွယ်ရေးစနစ်နှင့် တွဲဖက်ကာ ရွေ့လျားသွားလာလျက်ရှိသော မော်တော်ယာဉ်များ ကိုသာ ထောက်လှမ်းသည့် နည်းစနစ် ဖြစ်သည်။

**79 AVRCP ( Audio/Video Remote Control Profile )**

AVRC သည် Bluetooth Profile တစ်ခုဖြစ်ပြီး Remote Control အနေဖြင့် အခြားသောကိရိယာများကို Media Playback အဖြစ်လုပ်ဆောင်ပေးနိုင်သည်။ AVRCP က ပံ့ပိုး ပေးနိုင်သော လုပ်ငန်းများမှာ Play၊ Pause၊ Stop၊ Next နှင့် Previous တို့ ဖြစ်ကြသည်။ AVRC ကို A2DP နှင့် အမြဲတွဲသုံးလေ့ ရှိပါသည်။ ဥပမာအားဖြင့် ကြိုးမဲ့ Headphone များတွင် တေးဂီတ စီးကြောင်းအတွက် A2DP သုံးပြီး Playback ကို ထိန်းချုပ်ရန် AVRC သုံးရပါသည်။

**80 AWG ( Arrayed Waveguide Grating )**

ခေတ်မီ အဆင့်မြင့် ဖန်မျှင်နည်းစနစ် တစ်ခု ဖြစ်သည့် Dense Wavelength-Division Multiplexing (DWDM) System တွင် အလင်းလှိုင်းအလျားအမျိုးမျိုးကို တစ်ခုတည်းဖြစ်အောင် စုစည်းခြင်းနှင့်တစ်ခုချင်း ပြန်လည်ခွဲထုတ်ခြင်းများကို လုပ်ဆောင်နိုင်သည့် ကိရိယာ ဖြစ်ပါ သည်။

**81 Azimuth**

ကမ္ဘာလည်ပတ်နှုန်းနှင့် တစ်ထပ်တည်းတူညီနေသော ပတ်လမ်း ( Geosynchronous Orbit ) တွင် ရှိသည့် ဂြိုဟ်တုသို့ မြေပြင်ရှိ အင်တာနာမှ ချိန်ရွယ်ရာတွင် မြေပြင်မျဉ်းအလျားအလိုက် (Horizontal) ရွေ့၍ ချိန်ရွယ်ရသည့် ထောင့်ချိုးကိုခေါ်ပါသည်။ Azimuth သည် မြေပြင်အင်တာနာတည်ရှိရာ လတ္တီကျုဒ်နှင့် လောင်ဂျီတွဒ် ဒီဂရီများ အပေါ် မူတည်ပါသည်။ ထိုသို့ ချိန်ယူရာ၌ Azimuth ထောင့်ကို ဖော်ပြရာတွင် လွယ်ကူစေရန် မြောက်အရပ်ကို စံပြု အခြေခံ ထားသည်။

## Glossary B

**82 .biz**

.biz သည် အင်တာနက် Domain Name System အမျိုးအစားအားလုံးနှင့် ပတ်သက်သည့် ထိပ်တန်းအဆင့် gTLD ( generic Top-Level Domain ) တစ်ခု ဖြစ်သည်။ ၎င်းသည် စီးပွားရေး လုပ်ငန်းအတွက် ဒိုမိန်း (Domain) များကို သတ်မှတ်ထားရှိရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်သည်။ ၎င်းသည် business ၏ စာလုံးပေါင်း အသံထွက်မှ ရှေ့ဆုံးအသံကို ယူထားခြင်း ဖြစ်သည်။ biz TLD သည် ထိပ်တန်းအဆင့် ဒိုမိန်း com ဒိုမိန်းအမည်များ၏ တောင်းဆိုချက် အချို့ကို အစားထိုးနိုင်ရန် တီထွင်ထားခြင်းဖြစ်သည်။

**83 B -Channel ( Bearer - Channel )**

Bearer - Channel ၏ အတိုကောက်ဝေါဟာရဖြစ်သည်။ ISDN ဆက်သွယ်မှုတွင် အဓိကကျသော Data Channel ဖြစ်သည်။ ISDN Service ၏ BasicRate တွင် 64 Kbps ထုတ်လွှင့်နိုင်သော B-Channel (၂) ခုနှင့် D-Channel (၁) ခု ပါရှိသည်။ အမေရိကန်ရှိ ကနဦး ISDN Service တွင် B-Channels (၂၃) ခုနှင့် ဥရောပတွင် B-Channels (၃၀) ခု

အထိ ပါရှိသည်။

## 84 BA (Biometric Authentication )

Biometric Authentication ဆိုသည်မှာ လုပ်ပိုင်ခွင့် Authentication များကို ပေးရာတွင် ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းကို အခြေခံပြီး စစ်ဆေးပေးသည့် စနစ်ပုံစံတစ်မျိုး ဖြစ်သည်။ ဥပမာ– လက်ဗွေအားဖြင့် စစ်ဆေးခြင်း၊ မျက်ကြည်လွှာဖတ်၍ စစ်ဆေးခြင်း၊ လက်၏ သွေးကြောအားဖြင့် စစ်ဆေးခြင်းတို့ဖြစ်သည် Biometric Authentication သည် လူပုဂ္ဂိုလ်ကို စစ်ဆေးခြင်း ဖြစ်သောကြောင့် စကားဝှက်ဖြင့်စစ်ဆေးခြင်းစသည့် လုံခြုံမှု စနစ်များထက် အဆင့်မြင့်သော လုံခြုံမှုကို ရရှိစေနိုင်သည်။

## 85 Backbone

Backbone ဆိုသည်မှာ ထုထည်ကြီးသော ဆက်သွယ်ရေးဆိုင်ရာ လမ်းကြောင်း (Traffic) ကို ထိန်းနိုင်အောင် ဆက်သွယ်ရေး ကွန်ရက်အား ဒီဇိုင်းပြုလုပ်ထားသော အပိုင်းဖြစ်ပါသည်။ Backbone များသည် ဝိုင်ယာလိုင်းများ ၊ ရေဒီယို Link (သို့မဟုတ်) Fibre Optic ကေဘယ်လ်များပါရှိပြီး ၄င်းကို ကွန်ရက်တစ်ခုမှ နောက်ထပ်ကွန်ရက်တစ်ခုသို့ ဆက်သွယ်ပေးသည်။ Backbone ကွန်ရက်များတွင် မြန်နှုန်းမြင့်ရန် ဆက်သွယ်မှု လမ်းကြောင်းများအတွက် Bandwidth ကြီးမားရန် မဖြစ်မနေ လိုအပ်ပြီး ဆက်သွယ်ရေးဆိုင်ရာ လမ်းကြောင်း ကို ထိန်းနိုင်အောင် ဒီဇိုင်းလုပ်ထားကြ ပါသည်။ ကွန်ရက်များအတွင်းရှိ ဆက်သွယ်ပေးနိုင် သော နေရာများကို Node ဟု ခေါ်ပါသည်။ သုံးစွဲသူများက Backbone နှင့် တိုက်ရိုက် ဆက်သွယ်ခွင့်မရှိပါ။ Backbone နှင့် ဆက်သွယ်မှုကို တယ်လီဖုန်း (သို့မဟုတ်) အင်တာနက် ဝန်ဆောင်မှု ပေးသူက ထိန်းချုပ်ထားပါသည်။

## 86 Backdoor

Coding ၏ အပိုင်းတစ်ပိုင်းတစ်နေရာကို တစ်စုံတစ်ယောက်အား ဒေတာများကို ထိန်းချုပ်ခြင်း၊ လက်ခံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုခြင်း ဖြစ်ပါသည်။ Backdoor များသည် အသုံးပြုနေသောပရိုဂရမ်များအတွင်းနေရာဝင်ယူခြင်းဖြင့် ပရိုဂရမ်များကိုဖယ်ရှားပါသည်။

## 87 BAIC ( Barring of All Incoming Calls )

BAIC သည် ဖုန်းသုံးစွဲသူထံ အဝင်ခေါ်ဆိုမှုများ မရအောင် ကွန်ရက်၏ Database တွင် လုပ်ဆောင် ပေးထားသော ဆဲလ်လူလာ၏ ထပ်ဆောင်းဝန်ဆောင်မှုတစ်ခု ဖြစ်သည်။

## 88 Band

Band ကို Frequnency Band ဟုခေါ်သည်။ Band ဆိုသည်မှာတယ်လီဖုန်းဆက်သွယ်မှုများတွင် သုံးသော အသုံးအနှုန်း ဖြစ်ပြီး သတ်မှတ်ထားသည့် ကိစ္စများ အတွက်သာ သုံးခွင့်ရှိသော လှိုင်းနှုန်းအတိုင်းအတာကို ရည်ညွှန်းပါသည်။ Band တစ်ခုစီတွင် ကန့်သတ်မှုများ ပါဝင်သော ရောင်စဉ်ဖြာ လှိုင်းနှုန်းများ ရှိနေပါသည်။ အဆိုပါ Band များကို သုံးရာတွင် အချင်းချင်း အနှောင့်အယှက် မဖြစ်စေရန် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမဂ္ဂ (အိုင်တီယူ) က သတ် မှတ် ပေးထားပါသည်။

**89 Bandwidth**

Bandwidth ဆိုသည်မှာ ကြားခံပစ္စည်း ( ကြိုး၊ ရေဒီယိုလှိုင်း ) တို့၏ ဒေတာ ပို့လွှတ်နိုင်သော ပမာဏကို တိုင်းတာခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုသော် ကြားခံပစ္စည်း များ၏ သယ်ဆောင်နိုင်သော Frequency အတိုင်းအတာကို ဆိုလိုခြင်း ဖြစ်ပါသည်။

**90 BAOC ( Barring of All Outgoing Calls )**

BAOC ဖုန်းသုံးစွဲသူမှ အခြားသူထံ ဖုန်းခေါ်ဆိုမရအောင် (အထွက်ခေါ်ဆိုမှု မရအောင်) ကွန်ရက်၏ Database ၌လုပ်ဆောင်ပေးထားသောထပ်ဆောင်းဝန်ဆောင်မှုတစ်ခုဖြစ်သည်။

**91 BASIC ( Begineer's All-purpose Symbolic Instruction Code )**

High-level Proramming Lunguage တစ်ခုဖြစ်ပြီး အစောဆုံးသော Language တစ်ခုဖြစ်သည်။ Operating System (OS) အများစုသည် BASIC Programming Language ၏ Version တစ်မျိုးကို အခြေခံကာ ရေးဆွဲထားခြင်း ဖြစ်သည်။

**92 BB ( Broad Beam )**

ဆက်သွယ်ရေးဂြိုဟ်တုပေါ်မှ ထုတ်လွှင့်သော Signal များသည် ကမ္ဘာမြေပြင်ပေါ်ရှိ အတော်အတန်ကျယ်ပြန့်သော ဒေသများအတွက် အသုံးပြုရန် ထုတ်လွှင့်ပေးသည်။ Broad Beam တစ်ခု၏ လွှမ်းခြုံနိုင်မှု အကျယ်အဝန်းသည် အမေရိကန်ပြည်ထောင်စုတစ်ခုလုံး ပါဝင်သည်။ Broad Beam ကို တစ်ခါတစ်ရံ Wide Beam ဟု ခေါ်ဆိုပြီး Spot Beam နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

**93 BBS ( Bulletin Board System )**

BBS ဆိုသည်မှာ ကြော်ငြာသင်ပုန်းနှင့်တူသော အီလက်ထရွန်နစ် စနစ်တစ်ခု ဖြစ်ပါသည်။ BBS စနစ်ကို သုံး၍ ဗဟိုကွန်ပျူတာထဲတွင် ဆော့ဖ်ဝဲ ထည့်ထားပြီး User များကို ဗဟိုကွန်ပျူတာထဲမှနေ၍ထိန်းချုပ်ထားနိုင်ခြင်း၊ User အချင်းချင်း သတင်းအချက်အလက်များကို ကွန်ရက်မှ တစ်ဆင့် အီးမေးလ် (သို့မဟုတ်) World Wide Web တို့ကို သုံး၍ ဖလှယ်ခြင်းများ ပြုလုပ်နိုင်သည်။ ထို့အပြင် User များမှ ပေးပို့သောသတင်းအချက်အလက်များကို သိမ်းဆည်းထားခြင်း၊ ပြန်လည် ရှင်းလင်းပြသခြင်းနှင့် တစ်ခါတစ်ရံတွင် ဆော့ဖ်ဝဲကို Download ပြုလုပ် နိုင်သည်။

**94 BC ( Binary Code )**

၎င်းသည် စာသားများ (သို့မဟုတ်) ကွန်ပျူတာတွက်ချက်မှုစနစ်၏ ညွှန်ကြားချက်များတွင် ဒွိကိန်း စုံတွဲ " 0 " နှင့် " 1 " ဖြင့် ကိုယ်စားပြု သုံးစွဲနိုင်သော စနစ် ဖြစ်ပါသည်။

သင်္ကေတနှင့် ညွှန်ကြားချက်တို့ကို ဂဏန်းများဖြင့် သတ်မှတ်ပေးထားပြီး အလုပ်များကို လုပ်ဆောင် နိုင်ခြင်း ဖြစ်သည်။ binary string တစ်ခုတွင် 8 bit ပါဝင်ပါက ၎င်းတွင် (၂၅၆) မျိုးသော မတူညီသည့် သင်္ကေတအမျိုးမျိုး ၊ စာလုံးများနှင့် ညွှန်ကြားချက် အမျိုးမျိုး ကို သတ်မှတ်ပြီး ချိတ်ဆက် အသုံးပြုနိုင်သည်။ ဥပမာအားဖြင့် 8 bit ASCII code တွင် " a " သည် bit string အနေဖြင့် 01100001 ဟု သတ်မှတ် ထားသည်။ bit string တစ်ခုသည် binary နံပါတ်တစ်ခု ဖြစ်ပြီး ဆယ်စုကိန်းတစ်ခုကို သတ်မှတ် အသုံးပြု နိုင်သည်။ " a "

၏ bit string 01100001 ကို ဆယ်စုကိန်းအဖြစ် ပြောင်းပါက (97) ဖြစ်ပေမည်။

ကွန်ပျူတာနှင့် ဆက်သွယ်ရေးကိစ္စရပ်များတွင် အချက်အလက်များကို ကိုယ်စားပြုရန် binary code များကို နည်းအမျိုးမျိုးဖြင့် အသုံးပြုကြသည်။ ပုံသေ binary code တွင် စာလုံး၊ ဂဏန်း(သို့မဟုတ်) အခြားအက္ခရာ character တစ်ခုစီ၏ bit string အရေအတွက် တူညီကြသည်။ binary number များကို code table များတွင် octal ၊ decimal (သို့မဟုတ်) hexadecimal သင်္ကေတများဖြင့် ပြောင်းလဲပြီးအသုံးပြုနိုင်ပါသည်။ အက္ခရာများကို binary number စနစ်ဖြင့်ကိုယ်စားပြုရန် သတ်မှတ်ထားသော ASCII ကဲ့သို့ စံညွှန်းများကို အသုံးပြုသည်။

**95 BCCH ( Broadcast Control Channel )**

BCCH သည် GSM ၏ (Base Transceiver Station) MS ( Mobile Station, Cell Phone) သို့ ချိတ်ဆက်ပေးသော Link (Downlink) ဖြစ်သည်။ MS မှ Network တစ်ခုအား သတ်မှတ် ရရှိရန် လိုအပ်သော Signalling အချက်အလက်ကို BCCH အဖြစ် BTS မှ ထုတ်လွှတ် ပေးသည်။ BCCH တွင် နေရာ သတ်မှတ်ပေးသော Code ၊ LAC ( Location Area Code ) လည်း ပါဝင်ပါသည်။

**96 BCD ( Binary Coded Decimal )**

BCD ကို NBCD ( natural binary - coded decimal ) ဟုလည်း ခေါ်ကြသည်။ ကွန်ပျူတာစနစ်နှင့် အီလက်ထရောနစ်စနစ်များတွင် အများဆုံး အသုံးပြုနေသည့် packed decimal သည် ဂဏန်းတစ်ခုစီကို ယင်းတို့၏ ကိုယ်ပိုင် binary sequence များဖြင့် ကိုယ်စားပြု ဖော်ပြခြင်း ဖြစ်ပါသည်။

BCD ၏ အဓိက အားသာချက်မှာ ပုံနှိပ်ခြင်း(သို့မဟုတ်) ဖန်သားပြင်များတွင် ဆယ်လီစိတ်ဂဏန်းများ ပြောင်းလဲရန်လွယ်ကူစေပြီး၊ ဂဏန်းအတွက်အချက်များကိုလည်း လျင်မြန်စေပါ သည်။

BCD သည် four bits ပါဝင်သည့် digit တစ်ခု ဖြစ်သည်။ decimal digit များ ဖြစ်သည့် 0 မှ 9 အထိကို 4 bits ဖြင့် အစားထိုး အသုံးပြုသည်။ တစ်ခါတစ်ရံ error (သို့မဟုတ်) overflow တို့ကို ဖော်ပြရန် အခြား Bit အတွဲများကို အသုံးပြုသည်။

**97 BCF-G ( Bearer Control Gateway Function )**

BCF-G သည် Bearer Switching လုပ်ငန်း၏ ထိန်းချုပ်မှုအပိုင်းကို ဆောင်ရွက်ပြီး ၎င်းနှင့်တွဲဆက်ပါဝင်သည့် CSF(Converged Service framework ) နှင့် နောက်ခံကွန်ရက် များ၏ Signaling စွမ်းရည် ထိန်းချုပ်မှု တို့ကို ဆောင်ရွက်ပေးပါသည်။

**98 BCF-J ( Bearer Control Joint Function )**

BCF-J သည် Bearer Switching လုပ်ငန်း၏ ထိန်းချုပ်မှုအပိုင်းကို ဆောင်ရွက်ပြီး တွဲဆက် ပါဝင်သည့် ဖုန်းခေါ်ဆိုမှုနှင့် ပတ်သက်သော CSF (၂)ခု၏ ဆက်သွယ်မှု စွမ်းရည်နှင့် နောက်ခံကွန်ရက်တွင် ဖုန်းခေါ်ဆိုမှု အောင်မြင်ရန်နှင့် ဖုန်းပြောပြီးပါက အသုံးပြုထားသော ကွန်ရက် အရင်းအမြစ်များကို စွန့်လွှတ်၍ ထပ်မံ ခေါ်ဆိုမှုများ အတွက် အဆင်သင့်

အနေအထားရောက်ရှိရန် လိုအပ်သော Signal စွမ်းရည် တို့ကိုလည်း ဆောင်ရွက်ပေးပါသည်။

**99 BCF-N ( Bearer Control Nodal Function )**

BCF-N သည် Bearer Switching လုပ်ငန်း၏ ထိန်းချုပ်မှုအပိုင်းကို ဆောင်ရွက်ပြီး နောက်ခံ ကွန်ရက်နှင့် အဆိုပါ ကွန်ရက်ကို ချိတ်ဆက်သုံးစွဲသူများ ဖုန်းခေါ်ဆိုမှု အောင်မြင်စေရန် Signaling စွမ်းရည် တို့ကိုလည်း ဆောင်ရွက်ပေးပါသည်။

**100 BCF-R ( Bearer Control Relay Function )**

BCF-R သည် Bearer Switching ဝန်ဆောင်မှုကို ထိန်းချုပ်ပေးနိုင်ပြီး အခြား BCF သို့ Information သယ်ရန်လမ်းကြောင်းချိတ်ဆက်မှု တောင်းဆိုချက်များလည်း ပေးပို့နိုင်ပါသည်။ အဆိုပါ BCF Request သည် နောက်ခံကွန်ရက် (edge to edge) ချိတ်ဆက်မှုကို ပြီးမြောက် စေပါသည်။

**101 BCF-T ( Bearer Control Transit Function )**

BCF-T Bearer Switching ဝန်ဆောင်မှုကို ထိန်းချုပ်ပေးနိုင်ပြီး ကြားခံ CSF-T ၏ Function ကို လည်း လုပ်ကိုင်နိုင်ပါသည်။ ၎င်းအပြင် Signaling စွမ်းဆောင်ရည်များ လည်း ပေးစွမ်းနိုင်ပါသည်။

**102 BCH ( Broadcast Channel )**

Broadcast Channel ဆိုသည်မှာ မိုဘိုင်းအခြေစိုက်စခန်း ( BTS ) မှ မိုဘိုင်းဖုန်းဆီသို့ ပေးပို့ သော သတင်းအချက်အလက်များကိုသာ သယ်ယူပေးသည့် ချယ်နယ်ဖြစ်ပါသည်။ BCH သည် Synchronization နှင့် ရေဒီယို လှိုင်းနှုန်း ပြင်ဆင်ခြင်းတို့ အတွက် အဓိက ဆောင်ရွက်ပေးပါသည်။

**103 BD ( Blu-ray Disc )**

BD ဆိုသည်မှာ Blu-ray (သို့မဟုတ်) Blu-ray Disc ကို ဆိုလိုခြင်း ဖြစ်ပါသည်။ ၎င်းသည် မျိုးဆက်သစ် Optical Disc ပုံစံ ဖြစ်ပါသည်။ BD သည် အသံသွင်းနိုင်ခြင်း ၊ အချက်အလက်များ ပြန်လည် ရေးသားနိုင်ခြင်းနှင့် အရည်အသွေးမြင့် ရုပ်/သံများကို ပြန်ဖွင့်ကြည့် နိုင်ခြင်းတို့ အပြင် အချက်အလက်ပေါင်း မြောက်များစွာ သိမ်းဆည်းထား နိုင်ပါသည်။ သာမန် DVD များ သိမ်းဆည်းနိုင်မှု စွမ်းရည်ထက် (၅) ဆ မြင့်မားပြီး အလွှာတစ်ခုပါသည့် အချပ်တွင် 25GB နှင့် နှစ်လွှာပါ အချပ်များတွင် 50GB ထိ အချက်အလက်များ သိမ်းဆည်းပေးနိုင်ပါသည်။

**104 Beacon**

ဂြိုဟ်တုမြေပြင်စခန်းတွင်ရှိသော အင်ဂျင်နီယာများမှ ဂြိုဟ်တုအား ထိန်းကျောင်း နိုင်ရန် အတွက် ဂြိုဟ်တုမှနေ၍ ပါဝါ အနည်းငယ်ဖြင့် ထုတ်လွှင့်ပေးနေသော Carrier တစ်ခု ဖြစ်သည်။ ဂြိုဟ်တုစခန်း၏ အပူချိန်၊ ဖိအား ၊ အဏုမြူရောင်ခြည် ပျံ့နှံ့မှု စသည်တို့ကို အကူ ကိရိယာတို့ဖြင့် တိုင်းတာ၍ ၊ ယင်းတိုင်းတာ ချက်များကို စောင့်ကြည့်ခြင်း ၊ ဂြိုဟ်တုကို ထိန်းကြောင်းပေးခြင်း (သို့မဟုတ်) ဂြိုဟ်တုသို့ Signal ထုတ်လွှင့် စမ်းသပ်ခြင်းများကို စောင့်ကြည့်ခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။ ယင်းထိန်းကြောင်းပေးသော Beccon Signal

ကို Horm Antenna ( သို့မဟုတ်) Omni Antenna တို့ကို အသုံးပြု၍ ထုတ်လွှင့်ပေးသည်။

**105 Benchmark**

ကွန်ပျူတာ မျက်နှာပြင်၌ ရုပ်ပုံများ ရေးဆွဲရာတွင် မည်မျှ လျင်မြန်စွာ ရေးဆွဲနိုင်သည် (သို့မဟုတ်)တွက်ချက်မှုများတွင် မည်မျှတွက်ချက်နိုင်သည်ကို တိုင်းတာခြင်းဖြင့် ကွန်ပျူတာ (သို့မဟုတ်) ဆက်စပ်ပစ္စည်းများ၏ စွမ်းဆောင်ရည်ကို စမ်းသပ်၍ စံသတ်မှတ်ခြင်း ကို ခေါ်ပါသည်။

**106 BETRS ( Basic Exchange Telecommunications Radio Service )**

ကျေးလက်ဒေသ တယ်လီဖုန်း ဆက်သွယ်ရေး စီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်။ အစိုးရပိုင် မဟုတ်သည့် ပုဂ္ဂလိက ရေဒီယိုထုတ်လွှင့်ရေး ဝန်ဆောင်မှု အဖွဲ့များ ဖြစ်သည့် အပြင် ယူအိတ်ချ်အက်ဖ် (Ultra High Frequency) နှင့် ဗွီအိတ်ချ်အက်ဖ် (Very High Frequency) တို့ကို အခြေခံကာ မျှဝေ အသုံးပြုကြသည်။

**107 BF ( Brute Force )**

ကွန်ပျူတာတစ်လုံး၏ Password ကို အဖြစ်နိုင်ဆုံး ခန့်မှန်း၍ တိုက်ခိုက်ခြင်း ဖြစ်သည်။ တိုက်ခိုက်သူသည် Password တွင် ပါရှိသော အက္ခရာစာလုံး ( Character ) များကို တစ်ကြိမ်လျှင် အက္ခရာတစ်ခုကိုသာ စနစ်တကျ ပြောင်းလဲ၍ ဖြစ်နိုင်သည့် Password များ ဖွဲ့ကာ တိုက်ခိုက်ရန် ကြိုးပမ်းခြင်း ဖြစ်သည်။

**108 BGAN ( Broadband Global Area Network )**

BGAN သည် Broadband Global Area Network ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ အင်တာနက် ဂြိုဟ်တု ကွန်ရက်များမှ တစ်ဆင့် တယ်လီဖုန်းများကို မည်သည့် နေရာမဆို ပြောဆိုဆက်သွယ်နိုင်အောင် ဆောင်ရွက်ထားသည်။ ဝေးလံသော ဒေသများတွင် Laptop ကွန်ပျူတာကို အသုံးပြု၍ Broadband Internet ဆက်သွယ်မှု ပြုလုပ်နိုင်သည်။ ထို့ပြင် ဂြိုဟ်တု၏ တည်နေရာကို တိုက်ရိုက်မြင်တွေ့နိုင်သော ကမ္ဘာပေါ်ရှိ မည်သည့်နေရာ ကို မဆို ဆက်သွယ်နိုင်သည်။ BGAN ၏ Terminal သည် Laptop ကွန်ပျူတာ အရွယ် အစားသာ ရှိပြီး အလွယ်တကူ သယ်ဆောင်သွားနိုင်သည်။ တစ်ကမ္ဘာလုံး အသုံးပြုနိုင်ရန် အတွက် ကမ္ဘာပတ်လမ်းကြောင်းပေါ်မှ Inmarsat ဂြိုဟ်တု (၃) လုံးကို ကွန်ရက်သဖွယ် အသုံးပြုထားသည်။

**109 BGCF ( Breakout Gateway Control Function )**

BGCF သည် SIP Proxy တစ်ခုဖြစ်ပြီး DNS ( Domain Name System) အသုံးပြုလျက် လမ်းကြောင်းရွေးချယ်ပြီး (Route) လုပ်၍ရ ၊ မရကို S-CSCF ( Serving-Call Session Control Function ) မှ ဆုံးဖြတ်ပြီးသောအခါ S-CSCF တစ်ခုမှ Routing အတွက် တောင်းဆိုမှုများကို ဆောင်ရွက်နိုင်သည်။ ၄င်းတွင် တယ်လီဖုန်းနံပါတ်များကို အခြေခံသော Routing လုပ်ဆောင်မှုများ ပါဝင်ပါသည်။

**110 BH ( Busy Hour )**

Busy Hour ဆိုသည်မှာ (၆၀) မိနစ် အတွင်း ဆက်သွယ်ရေး Traffic ၏ ပျမ်းမျှတိုင်းတာ မှု ပမာဏ အမြင့်ဆုံး ဖြစ်နေသော အချိန်ကို ခေါ်ပါသည်။

**111 BHCA ( Busy Hour Call Attempts )**

Busy Hour Call Attempts က တယ်လီဖုန်းဆွီချင်စက်ပစ္စည်း၏ စွမ်းဆောင်ရည်ကို တိုင်းတာ ပေးပါသည်။ BHCA သည် တယ်လီဖုန်းခေါ်ဆိုမှု အများဆုံး အချိန် (၁) နာရီ အတွင်း ခေါ်ဆိုရန် (Call ) ကြိုးပမ်းမှု အရေအတွက်ကို ဆိုလိုပါသည်။

**112 BHCC ( Busy Hour Call Completion )**

Busy Hour Call Completion ဆိုသည်မှာ တယ်လီဖုန်းခေါ်ဆိုမှု အများဆုံးအချိန်၌ (၁)နာရီ အတွင်း ပြီးမြောက်သော ခေါ်ဆိုမှု ( Call ) အရေအတွက်နှင့် တူညီသည်။ ပုံမှန် အားဖြင့် တပြိုင်တည်း ဖုန်းခေါ်ဆိုမှုများအတွက် Connection မချိတ်ဆက်မှုများအား ထိန်းသိမ်း ပေးထားနိုင်သည့် စွမ်းရည်ကို တိုင်းတာပေးသည်။

**113 BI ( Bus Interface )**

CPU (Central Processing Unit) နှင့် Input/Output Devices အကြားရှိ အီလက်ထရွန်နစ်လမ်းကြောင်း ( Electronic Pathway ) ကို Bus Interface ဟု ခေါ်ပါသည်။ CD-Rom Drive တစ်ခု အတွက် Bus Interface တွင် Controller card နှင့် Cable တို့ပါဝင်ပါသည်။

**114 BICC ( Bearer Independent Call Control )**

BICC သည် Application Layer Control Protocol တစ်ခုဖြစ်ပြီး ဖုန်းခေါ်ဆိုမှု အောင်မြင် အောင် ဆောင်ရွက်ရာတွင် အသုံးပြုပါသည်။ ထို့အပြင် အဆိုပါ Protocol သည် မိုဘိုင်းကွန်ရက်နှင့် ကြိုးဖုန်း( Fixed Phone ) ကွန်ရက်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ပါသည်။ BICC သည် ISUP ( ISDN User Part )Protocol မှ ဆင့်ကဲဖွံ့ဖြိုး ဖြစ်ပေါ်လာခဲ့ပါသည်။ BICC ကို Call Control Level နှင့် Bearer Control Level ဟူ၍ ခွဲခြားထားသောကြောင့် ဖုန်းဝန်ဆောင်မှုသည် သတင်းအချက်အလက် သယ်ဆောင်ရန် လမ်းကြောင်းများ ချိတ်ဆက် ပေးရသော Bearer Control Function အပေါ် မှီခိုမှု မရှိတော့ပေ။

**115 BiDT ( Bi-directional Text )**

စာသားများ ပါဝင်သည့် စာပိုဒ်များဖြစ်ပြီး စာသားများ၏ ဦးတည်လမ်းညွှန်သည့် လားရာများ အတိုင်း ထိန်းချုပ် ထားပါသည်။ ညာဖက်မှ ဘယ်ဖက်သို့ (RTL) နှင့် ဘယ်ဖက်မှ ညာဖက်သို့ (LTR) ၂ခုစလုံးကို ထိန်းချုပ်ထားပါသည်။ ယေဘူယျအားဖြင့် ပါဝင်သော စာများသည် မတူညီသော အက္ခရာမျိုးစုံ ပါဝင်သော်လည်း စာသားများ၏ လားရာသည် Row တစ်ခုစီတွင် ပြောင်းလဲဖြစ်ပေါ်လျက် ရှိပါသည်။

**116 BiNAC ( Binary Automatic Computer )**

BINAC ၏ အရှည်မှာ Binary Automatic Computer ဖြစ်ပါသည်။ Bit Serial Binary Computer ဖြစ်ပြီး သီးခြား CPU ( Central Processing Unit ) (၂)

ခု ပါဝင်ပါသည်။ တစ်ခုစီတွင် သီးသန့် Word (၅၁၂) ခု ပါဝင်သည့် သိကြားမှုနှင့် ဆိုင်သော Mercury Delay Line Memory ပါ အသုံးပြုထားပါသည်။ CPU များသည် ဟာ့ဒ်ဝဲ ပျက်သွားသည့်အခါများတွင် ထွက်လာသော ရလဒ်များကို ဆက်တိုက်နှိုင်းယှဉ်ကာ ဖြစ်ပေါ် လာသည့် အမှားများကို စစ်ဆေးခြင်း ပြုလုပ်ပါသည်။ ထို CPU များသည် Vacuum Tube များ (၇၀၀) နီးပါးကို အသုံးပြုပါသည်။ Mercury Delay Line Memory များကို 16 Channels ခွဲပြီး တစ်ခုစီသည် 31 bits တွင် 32 Word ကိုင်ဆောင် ထားပါသည်။ ဆွိချင်၌ Circuit De lay အတွက် ခွင့်ပြုနိုင်ရန် Word များကြားတွင် 11 bit ထည့်ပေါင်းထားပါ သည်။ Clock Rate သည် 4.25 MHz ဖြစ်ပြီး Word တစ်ခု၏ ကြာချိန်သည် 10 Microseconds ခန့်ရှိပါ သည်။ ထပ်ဆောင်းပေးရသည့်အချိန်မှာ 800 Microseconds ဖြစ်ပြီး တိုးလာမည့် အချိန်မှာ 1200 Microseconds ဖြစ်ပါသည်။ Program အသစ် (သို့မဟုတ်) ဒေတာသည် Key (၈) ခု ပါဝင်သော Keypad ဖြင့် Octal ကို အသုံးပြုထားပါ သည်။ BINAC သည် Characters (သို့မဟုတ်) ဆယ်စုကိန်း Digits များကို သိမ်းဆည်းမှု မရှိသည့် Binary နံပါတ်များကို မြန်နှုန်းမြင့်သော သင်္ချာတွက်နိုင်ရန် ဖြစ်ပြီး လွန်စွာ အရေး ပါသည်။

**117 Binary**

Binary ဆိုသည်မှာ ဖြစ်နိုင်သည့် အခြေအနေနှစ်ခုသာ ရှိသည့် နံပါတ်စနစ် (Numbering System) ဖြစ်ပါသည်။ OFF ကို 0 နှင့် ON ကို 1 ဖြင့် သတ်မှတ်ပေးပါသည်။

**118 B-ISDN ( Broadband Integrated Service Digital Network )**

Broadband Integrated Service Digital Network (သို့မဟုတ်) Broadband ISDN ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ကြီးမားသော Bandwidth အသုံးပြုလိုသောသူများအတွက် ဒီဇိုင်းပြု လုပ်ထားခြင်း ဖြစ်သည်။ BISDN နည်းပညာသည် SONET အခြေခံသော ထုတ်လွှတ်မှု ဓါတ်စီးပတ်လမ်းများတွင် ATM ( Asynchronous Transfer Mode ) နည်းပညာကို လက်ရှိတွင် အသုံးပြု ထားသည်။ အချက်အလက်ပေးပို့မှု မြန်နှုန်းသည် N-ISDN ( Norrow Band ISDN) တွင် အခြေခံအားဖြင့် 64 Kbps မှ 2 Mbps အထိသာ ရှိပြီး BISDN တွင် 155Mbps မှ 622Mbps နှင့် အထက်ရှိသည်။

**119 BITE ( Built in Test Equipment )**

အီလက်ထရောနစ် စက်ကိရိယာများ အလုပ်လုပ်နေစဉ်အတွင်းမှာပင် စက်ကိရိယာအတွင်း ဖွဲ့စည်း ထားသည့် အစိတ်အပိုင်း အသီးသီး ပုံမှန် အလုပ်လုပ်ဆောင်နေခြင်း ရှိ /မရှိ အွန်လိုင်း စစ်ဆေးပေးနေသည့် စက်အတွက် တစ်ပါတည်း ထည့်သွင်းတပ်ဆင် ထားသည့် စမ်းသပ်စစ် ဆေးသည့် အစိတ်အပိုင်း ဖြစ်သည်။ စက်အစိတ်အပိုင်းအလိုက် လုပ်ဆောင်မှု အနေအထား ကို ညွှန်ပြသည့် အလင်းလွှတ်ဒိုင်အုတ်များ (LEDs) သည် BITE ၏ ဥပမာ တစ်ခုဖြစ်သည်။

**120 BITNET ( Because It's Time NETwork or Because It's There**

**NETwork )**

အင်တာနက်မှ ပညာရေးအပိုင်းကို သီးခြားခွဲထုတ်ထားသည့် ကွန်ရက်တစ်ခု ဖြစ်ပါသည်။ သို့သော် အင်တာနက်နှင့် BITNET ကြားတွင် အီးမေးဖြင့် ဆွေးနွေးသည့် အဖွဲ့၏ ထင်ရှားကျော်ကြားသော ပုံစံ တစ်ခု ဖြစ်သည့် List Server သည် BITNET® ၏ မူလပင်ရင်းပင် ဖြစ်ပါသည်။

၁၉၈၀ခုနှစ် နောက်ပိုင်းနှင့် ၁၉၉၀ခုနှစ်ရှေ့ပိုင်းတို့တွင် BITNET ဝက်ဘ်များသည် အဓိက အဆောက်အအုံများ အဖြစ် အသုံးပြုခဲ့ ပါသည်။ BITNET သည် ချုံ့ထားသည့် တစ်ခုတည်း သော နိုင်ငံတကာ ကွန်ရက်တစ်ခု ဖြစ်ပါသည်။

## 121 Blog

Blog သည် အခြေခံအားဖြင့် သတင်းစဉ်တစ်ခု ဖြစ်ပြီး ဝက်ဘ် ပေါ်တွင် တည်ရှိပါသည်။ Blog သည် သတင်းစဉ်ကို လက်ရှိကာလနှင့် တပြေးညီဖြစ်စေရန် ဆောင်ရွက်ပေးရပြီး Blog ကို ဆောင်ရွက်သူ ပေးနေသူအား Blogger ဟု ခေါ်ပါသည်။ Blog သည် မူလအားဖြင့် နေ့စဉ် အသစ်သော သတင်းများကို ပြင်ဆင်ပြောင်းလဲပေးရသည့် ဆော့ဖ်ဝဲ ဖြစ်ပါသည်။ နည်းပညာ မတတ်သူများက သတင်းစဉ်ကို ပြောင်းလဲ ပြင်ဆင်ပေးခွင့် ပေးနိုင်သည့် ဆော့ဖ်ဝဲ ဖြစ်ပါသည်။

Blog တစ်ခုကိုတင်ပို့ခြင်းသည်အစဉ်အမြဲအချိန်နှင့် အစီအစဉ်အတိုင်း အရေးအပါဆုံးသော အချက်အလက်များကို မကြာခဏပြင်ဆင်ကာ ထပ်မံ ရေးထည့်ထားပေးခြင်းပင် ဖြစ်ပါသည်။

## 122 Bluetooth

Bluetooth သည် ကိရိယာတစ်ခုနှင့် တစ်ခုကြား ကြိုးမဲ့ဆက်သွယ်ရေးသုံး နည်းပညာဖြစ်သည်။ယင်းကိရိယာများမှာလက်ကိုင်ဖုန်း၊ အိတ်ဆောင်ကွန်ပျူတာ၊PDAs အစရှိသော ပစ္စည်း များကိုဆိုလိုသည်။ ၄င်းသည် ကြိုးမဲ့ချိတ်ဆက်မှု အကွာအဝေးနီးနီးတွင် ကျသင့်ငွေ နည်းနည်း ကို အခြေခံထားသည့် နည်းပညာလည်း ဖြစ်သည်။

## 123 BLV ( Busy Line Verification )

တယ်လီဖုန်းလိုင်းမအားခြင်း (သို့မဟုတ်)တယ်လီဖုန်းလိုင်းခေါ်ဆိုမှု အသုံးပြုနိုင်ခြင်း အခြေအနေနှင့် ဖုန်းစကားပြောဆိုမှုကို ဖြတ်တောက်ပစ်သည့် အင်္ဂါရပ်တစ်ခုကို BLV ဟု ခေါ်ပါသည်။

## 124 BM ( Batch Mode )

Batch Mode ဆိုသည်မှာ အကြောင်းအရာများ အားလုံး အတူတကွ စုစည်းထားပြီး အလုပ် တစ်ခုကို ပူးပေါင်း လုပ်ဆောင်ကြခြင်း ကို ဆိုလိုပါသည်။

## 125 BM ( Block Mail )

အဖွဲ့အစည်းအသီးသီးမှ ပိုင်ဆိုင်သော ငွေကြေးများကို ဘေးအန္တရာယ် ကျရောက်နေပြီ ဖြစ်ကြောင်း ခြိမ်းခြောက်ခြင်းဖြင့် အကြမ်းဖက် ကြိုးပမ်းမှု လုပ်ရပ်တစ်ခု ဖြစ်ပါသည်။

## 126 BMP ( Bitmap)

အစက်အပြောက် တစ်ခုချင်းစီ (သို့မဟုတ်) Pixel ထောင်ပေါင်းစွာ ပေါင်းစည်းထားသော ပုံရိပ် (သို့မဟုတ်) ကွန်ပျူတာဂရပ်ဖစ်ပုံရိပ်ကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ Pixel တစ်ခုချင်းစီ သည် ကိန်းဂဏန်း နံပါတ်တစ်ခုအဖြစ် သိမ်းဆည်းထားသည်။ Pixel တစ်ခုချင်းစီ၏ အရောင် အတိအကျ သတ်မှတ်ကာ ပုံရိပ်ကို ဖော်ပြပေးပါသည်။ Word-Processor ကဲ့သို့ အခြား အသုံးချမှု (Applications ) များတွင် Bit-mapped ဂရပ်ဖစ်သည် အရေးပါ ပါသည်။

**127 BOIC ( Barring of Outgoing International Calls )**

BOIC သည် ဖုန်းသုံးစွဲသူအား နိုင်ငံရပ်ခြားတိုင်းပြည်များသို့ ဖုန်းခေါ်ဆိုမှုမရအောင် ဆောင်ရွက်ပေး ထားသော ဆဲလ်လူလာ ထပ်ဆောင်းဝန်ဆောင်မှုတစ်မျိုးကို ခေါ်သည်။

**128 BOIC-exHC ( Barring of Outgoing International Calls except those directed to the Home PLMN Country )**

BOIC- exHC သည် ဖုန်းသုံးစွဲသူမှ နိုင်ငံရပ်ခြားတွင် ရောက်ရှိနေပြီး မိမိနိုင်ငံသို့ ဖုန်း ခေါ်ဆို နိုင်သော်လည်း အခြားနိုင်ငံများအား ခေါ်ဆို မရနိုင်အောင် ကွန်ရက်၏ Database တွင် လုပ်ဆောင်ထားသော ဆဲလ်လူလာ၏ ထပ်ဆောင်း ဝန်ဆောင်မှုတစ်မျိုး ဖြစ်သည်။

**129 BookMark**

Browser တစ်ခု အတွင်းရှိ အထောက်အကူ ပစ္စည်းတစ်ခု ဖြစ်ပါသည်။ ဝင်ရောက်ကြည့်ရှု ခဲ့ပြီး နောက်တစ်ကြိမ် ပြန်လည် ကြည့်ရှုလိုသော Webpage တစ်ခုကို Bookmark အသုံးပြု ၍ မှတ်ထားနိုင်ပါသည်။ Bookmark များကို သင်၏ ကွန်ပျူတာရှိ Window Directory ၏ Subdirectory အဖြစ် သိမ်းဆည်းထားပါသည်။ Internet Explorer တွင်၄င်း Bookmark များကို Favorites ဟု ခေါ်ဆိုပြီး ယင်းတို့သည်လည်း သိမ်းဆည်းထားရာ နေရာ၏ Subdirectory ထပ်ဆင့် လမ်းညွှန်အမည်ပင် ဖြစ်ပါသည်။ Word Document တစ်ခုတွင် လည်း နေရာတစ်ခု ကို Bookmark ဖြင့် အမှတ်အသား ပြုလုပ်နိုင်ပြီး ယင်းနေရာပေါ်တွင် Click နှိပ်လိုက်ခြင်းဖြင့် အခြားနေရာတစ်ခုမှ Bookmark လုပ်ထားသောနေရာသို့ အလွယ်တကူ ရောက်ရှိ သွားနိုင်ပါ သည်။

**130 BPF ( Band Pass Filter )**

Frequency Filter တစ်ခုဖြစ်ပြီး သတ်မှတ်ထားသော Frequency အတွင်းသာ ဖြတ်သန်းခွင့် (Passage) ပြုထားပါသည်။ Radio Receivers များတွင် အသံလှိုင်းများ ကောင်းမွန်မှု ရှိစေရန်အတွက် အသုံးပြုပါသည်။

**131 BPON ( Broadband on Passive Optical Network )**

တာခွင်ကျယ်သုံးနိုင်သည့် သာမာန်ဖန်မျှင်ကွန်ရက်ဖြစ်ပါသည်။

**132 BR ( Back Reflection )**

အလင်းရောင်ပြန်ဟပ်ခြင်း အခြေအနေဖြစ်ပါသည်။ ဖန်မျှင်ထဲသို့ အလင်းတန်းထည့်သွင်း လိုက်သည့်အခါ ၊ အခြေအနေတစ်ခုခုကြောင့် အလင်းတန်းသည် လာရာလမ်းသို့ ပြန်လှည့် သွား ခြင်းအခြေအနေကိုဖြစ်ပေါ်လာစေသည်။အများအားဖြင့် ဖန်မျှင်အဆက်နေရာများတွင် ဖန်သား အချင်းချင်း ကောင်းစွာထိစပ်မနေဘဲ လွတ်ဟာနေလျှင် ရောင်ပြန်ဟပ်ခြင်း ဖြစ်စဉ်

ပေါ် ပေါက် နိုင်သည်။

**133 BRAS ( Broadb and Remote Access Server )**

Broadband Remote Access Server သည် အင်တာနက် ဝန်ဆောင်မှုပေးရာတွင် အဓိက ကျသည့် အရာတစ်ခု ဖြစ်သည်။ ၄င်းသည် အင်တာနက် ဝန်ဆောင်မှုပေးနေသော ကွန်ရက် ပေါ် ရှိ Digital Subscriber Line Access Multiplexer ( DSLAM ) ဆီသို့ အဝင်နှင့်အထွက် လမ်းကြောင်းပေးရသည်။ BRAS သည် ကွန်ရက်တစ်ခုထဲတွင် ဝန်ဆောင်မှုများကို ထိန်းချုပ်ထားနိုင်သဖြင့် ဝန်ဆောင်မှုကို ကောင်းကောင်း ပေးနိုင်စွမ်းရှိသည်။ BRAS သည် ဝန်ဆောင်မှု မျိုးစုံတို့၏ စုစည်းရာနေရာလည်းဖြစ်သည်။ အင်တာနက် ဝန်ဆောင်မှု တို့သည် BRAS မှ မူဝါဒ ပိုင်းဆိုင်ရာ ထိန်းချုပ်မှုနှင့် IP ( Internet Protocol ) တို့ကို အရည်အသွေးရှိသော ဝန်ဆောင်မှု များဖြင့် ဆောင်ရွက်ပေးနိုင်သည်။

**134 BRI ( Basic Rate Interface )**

ITU - T မှ ချမှတ်ထားသော ISDN ( Integrated Services Digital Network ) နှင့် သုံးစွဲသူ အကြားထားရှိသော စံချိန်စံညွှန်းတစ်ခု ဖြစ်သည်။ သုံးစွဲသူအား အသံနှင့် Data ကို တစ်ပြိုင်တည်း ပေးစွမ်းနိုင်သည်။ အသံအား 64 Kbps 2Channel နှင့် Data အား 16 Kbps One Channel ပုံစံဖြင့် 2B+D ) အစီအစဉ်အတိုင်း ပေးရန် သတ်မှတ်ထား ရှိပါသည်။

**135 Broadband**

အင်တာနက်ကိုချိတ်ဆက် သုံးစွဲရာတွင် အမြန်နှုန်းကို ဖော်ပြသော ယေဘုယျစကားရပ် တစ်ခုဖြစ်ပါသည်။ ချိတ်ဆက်မှုနှုန်းကို Kbps ( Kilobits Per Second ) ၊ Mbps (Megabits Per Second)တို့ဖြင့် တိုင်းတာပါသည်။ ပုံမှန်အားဖြင့်နေအိမ်မှအသုံးပြုသူ တစ်ဦး သည်(512 Kbps) နှင့် (8 Mbps) ကြားအမြန်နှုန်းရရှိနိုင်သော ADSL တယ်လီဖုန်း လိုင်းသုံး ၍ Broadband ဆက်သွယ်မှုကို ရရှိနိုင်သည်။ ပညာရေးဆိုင်ရာတက္ကသိုလ်များ တွင် ကျောင်းသားအများအပြား အင်တာနက်ကိုအားလုံး တစ်ပြိုင်နက်တည်း သုံးစွဲနေစဉ် ဆက်သွယ်မှု လမ်းကြောင်း ချောမွေ့နေစေရန်အတွက် ဆက်သွယ်မှုမြန်နှုန်းမှာ 8Mbps အနည်းဆုံး လိုအပ်ပါသည်။

**136 Broadband System**

Broadband စနစ်ဆိုသည်မှာ Signal များ အကြားတွင် အနှောင့်အယှက် မရှိစေပဲ တစ်ချိန်တည်းတွင် ကွဲပြားခြားနားသော Signal များကို ထုတ်လွှင့်နိုင်ခြင်း ဖြစ်သည်။ Broad band စနစ်၏ အကောင်းဆုံး ဥပမာတစ်ခုသည် ကေဘယ်လ်တယ်လီဗီးရှင်း ပင် ဖြစ်သည်။

**137 Brouter**

Brouter ဆိုသည်မှာ Router နှင့် Bridge တို့၏ လုပ်ငန်းဆောင်တာ (၂) မျိုး လုံးကို ဆောင်ရွက်ပေးသည့် ကိရိယာဖြစ်သည်။ Brouter သည် Router များ အလုပ်လုပ်သော Network Layer တွက်လည်း အလုပ်လုပ်နိုင်သည်။ သို့ဖြစ်ရာ Brouter များသည်

Router များ၏ လုပ်ငန်းဆောင်တာဖြစ်သည့် လမ်းကြောင်း ပြောင်းလဲပေးရန် လိုအပ်သော Packet များကို လမ်းကြောင်း ပြောင်းလဲပေးနိုင်သည့်အပြင် Bridge ၏ လုပ်ငန်းဆောင်တာဖြစ်သည့် အခြား ကွန်ရက်များသို့ Forward လုပ်ရမည့် Packet များကိုလည်း Forward လုပ်ပေး နိုင်ပါသည်။

**138 BS ( Backing Store )**

ကွန်ပျူတာပရိုဂရမ်များနှင့် အချက်အလက်များကို သိမ်းဆည်းထားနိုင်သည့် Magnetic Disks အမျိုးအစား ဖြစ်ပါသည်။ ယင်းကိုကွန်ပျူတာ၏ မှတ်ဉာဏ်အစိတ်အပိုင်းအဖြစ် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ကွန်ပျူတာ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် Backing Store မှ ပရိုဂရမ်နှင့်အချက်အလက်များကို RAM သို့ ကူးယူပြီး ဆောင်ရွက် တတ်ပါသည်။

**139 BS ( Balanced Scorecard )**

အဖွဲ့အစည်းတစ်ခု၏ ပြုလုပ်ပေးနိုင်ခြင်း၊ အကျိုးသက်ရောက်မှုရှိခြင်းတို့ကို တိုင်းတာနိုင်ရန် အသုံးပြုထားသော စီမံခန့်ခွဲမှုကိရိယာတစ်ခု ဖြစ်ပါသည်။

**140 BSOD ( Blue Screen of Death )**

Windows စနစ် အသုံးပြုသော ကွန်ပျူတာများတွင် ဖြစ်လေ့ရှိသော အမှားတစ်ခု ဖြစ်ပါသည်။ အပြာရောင် Screen ဖြင့် မြင်ရပြီး Error code များကို ဖော်ပြပေးထား ပါသည်။ Windows စနစ် လည်ပတ်မှုကို ရပ်တန့်သွားစေပါသည်။ အများအားဖြင့် Hardware (သို့မဟုတ်) Driver Files များ ပျောက်ဆုံးခြင်း (သို့မဟုတ်) Windows စနစ်နှင့် ကိုက်ညီမှုမရှိသောကြောင့် ဖြစ်ပေါ်တတ်သော အမှား ဖြစ်ပါသည်။

**141 BSS ( Broadcasting Satellite Service )**

BSS (သို့မဟုတ်) DBS ( Direct-Broadcast Satellite Service ) ကွန်ရက်များသည် ဂြိုဟ်တုမှ တစ်ဆင့် ဒေတာများကို လက်ခံခြင်းတစ်ခုတည်းသာ ဆောင်ရွက်နိုင်သော မြေပြင် ဆက်သွယ်ရေး စခန်းများသို့ ပင်မ မြေပြင်ဂြိုဟ်တု ဆက်သွယ်ရေး စခန်းမှ ထုတ်လွှင့်မှု (Broad cast) နှင့် TV Signal များကို ထုတ်လွှင့်ပေးပါသည်။ DBS ဝန်ဆောင်မှုကို လက်ခံ ဖမ်းယူသည့် စခန်းများမှာ ကေဘယ်လ်တီဗီ ပင်မဖြန့်ဖြူးမှုဌာနများ (သို့မဟုတ်) အိမ်သုံး DTH စနစ် များ ဖြစ်ကြပါသည်။

**142 BSS ( Broadcasting- satellite Service )**

ရေဒီယိုဆက်သွယ်ရေးဝန်ဆောင်မှုဖြစ်ပြီး အများပြည်သူ တိုက်ရိုက် ဖမ်းယူ ကြည့်ရှုနိုင်ရန် Signal ကို ဂြိုဟ်တုမှ တစ်ဆင့် ထုတ်လွှင့်ခြင်း (သို့မဟုတ်) ပြန်လည် ထုတ်လွှင့်ခြင်း ဖြစ်သည်။

**143 BTP ( Business Transaction Protocol )**

BTP သည် XML( Hypertext Mark-up Language ) အခြေခံ Protocol တစ်ခု ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများအချင်းချင်း (Business to Business) B2B ငွေပေးငွေယူ ကိစ္စများအတွက် စီးပွားရေးလုပ်ငန်း ငွေပေးချေမှုနည်းပညာကော်မတီ ( BTTC - Business Transaction Technical Committee) မှ အကောင်အထည်ဖော်ခဲ့သည့် “ စံ ”

သတ်မှတ်ချက်တစ်ခုဖြစ်သည်။ အဆိုပါ Protocol သည် ဝက်ဘ်ဖြင့် ငွေပေးချေခြင်း ဝန်ဆောင်မှု ပြုလုပ်သည့် ကိစ္စရပ်များတွင် အသုံးတည့်စေရန် ရည်ရွယ် သတ်မှတ် ထားခြင်း ဖြစ်သည်။

**144 BUC ( Block up Converter )**

အဝင် L-band ဖရီကွမ်စီကို C-band ၊ X-band (သို့မဟုတ်) Ku-band တစ်ခုခုသို့ ပြောင်းလဲ ပေးသည့် ကိရိယာ ဖြစ်သည်။

| | |
|---|---|
| L-band | 1-2 GHz |
| C-band | 4-8 GHz |
| X-band | 8-12 GHz |
| Ku-band | 12-18 GHz |

**145 Bug**

ပရိုဂရမ်ရေးသွင်းသည့် အမှားတစ်ခု ဖြစ်သည်။ Bug သည် ပရိုဂရမ်တစ်ခု (သို့မဟုတ်) ကွန်ပျူတာ စနစ်တစ်ခုကို မမှန်ကန်သော ရလဒ်များ ထုတ်ပေးတတ်သည် (သို့မဟုတ်) ပျက်စီး သွားစေပါသည်။

**146 Bus**

နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော CPU (Central Processing Units) သို့မဟုတ် Input/Output Devices အကြားရှိ အီလက်ထရွန်နစ်လမ်းကြောင်း(Electronic Pathway) ကို ထောက်ပံ့ပေးသော Circuit (သို့မဟုတ်) Circuits Group ကို Bus ဟု ခေါ်ပါသည်။

**147 BV ( Beta Version )**

ဆော့ဖ်ဝဲများအတွက် အသုံးပြုသည်။ ဆော့ဖ်ဝဲများတွင် ပုံစံသစ် အမျိုးမျိုးထွက်ပေါ်လျက် ရှိသည်နှင့်အမျှ လက်ရှိအခြေအနေတွင် အသုံးပြုနိုင်သော်လည်း ထပ်မံဖြည့်စွက် ထုတ်လုပ်ရန် ကျန်ရှိ နေသေး သော Software Version ကို ခေါ်သည်။

## Glossary C

**148 CA ( Certification Authority )**

ဒစ်ဂျစ်တယ် သက်သေခံ လက်မှတ်များကို မှန်ကန်ကြောင်း အတည်ပြုပေးသည့် လွတ်လပ်သော သီးခြား တတိယအဖွဲ့အစည်း ဖြစ်ပါသည်။

**149 CA ( Corrective Action )**

မလိုချင်သောအခြေအနေတစ်ခုကို မှန်အောင် စတင်၍ အကောင်အထည်ဖော် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

**150 CAC ( Carrier Access Code )**

ကယ်ရီယာ၏ ဝန်ဆောင်မှုကို သုံးစွဲလိုလျှင် သုံးစွဲမည့်သူက နံပါတ်တွေကို အစီအစဉ်အတိုင်း နှိပ်ပေးရပါမည်။ ကုတ်များတွင် ဂဏန်း (၇)လုံးဖြင့် ဖွဲ့စည်းပြီး ပုံစံမှာ 101xxxx ဖြစ်၍ 101 xxxx တွင် xxxx က CAC (Carrier Access Code) ဖြစ်ပါသည်။

**151 Cache Farm**

Web Server မှ စာမျက်နှာများကို အကြိမ်ကြိမ် ပြန်ခေါ်စရာ မလိုပဲ ဖြည့်ဆည်းပေးနိုင်ရန် အတွက် သိုလှောင်ထားရမည့် နေရာတွင် Web Page မိတ္တူများကို ထိန်းသိမ်းပေးထားသော Server အုပ်စုတစ်ခု ဖြစ်ပါသည်။ ဝက်ဘ်ဆိုက်ပေါ်တွင် သတင်း အချက်အလက် စီးဆင်းမှုကို တိုးမြှင့်မပေးဘဲ ဆက်သွယ်နိုင် သော နေရာတွင် Web Page များကို ထိန်းသိမ်း ထားခြင်း ဖြင့် Cache Farm သည် သုံးစွဲသူအတွက် Web Access လုပ်ရာတွင် လုပ်ငန်း ဆောင်ရွက်မှု မြင့်မား အောင် ဆောင်ရွက်ပေးပါသည်။ ဤသို့ဖြင့် ကွန်ရက်တွင် ပြည့်ကျပ် နေမှု နှင့် သတင်း အချက်အလက် ပမာဏ ကို လျှော့ချပေးသည်။

## 152 CAGR (Compound Annual Growth Rate)

ရင်းနှီးမြှုပ်နှံမှုတစ်ခုအပေါ်တွင်ရှိ အချိန်သတ်မှတ်ချက်တစ်ခုအတွင်း တိုးတက်ဖွံ့ဖြိုးမှုကို ဆိုလိုပါ သည်။ CAGR ကို အောက်ပါ ပုံသေနည်းအတိုင်း တွက်ချက်နိုင်ပါသည်။

$$CAGR = \left(\frac{\text{Ending Value}}{\text{Beginning Value}}\right)^{\left(\frac{1}{\text{\# of years}}\right)} - 1$$

## 153 CAMEL (Customized Applications for Mobile Netwik Enhanced Logic)

Customized Applications for Mobile Netwik Enhanced Logic ၏ အတိုကောက်ဝေါဟာရ ဖြစ်ပါသည်။ GSM ကွန်ရက်တွင် ရရှိနိုင်သော ဝန်ဆောင်မှုများကို အလွယ်တကူ ထပ်မံချဲ့ထွင်နိုင်သည့် Application တစ်ခု ဖြစ်ပါသည်။ စံသတ်မှတ်ထားသည့် GSM ဝန်ဆောင်မှုများထက် ပိုမိုသော ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် အော်ပရေတာများက ဆောင်ရွက်နိုင်သည့် စံများ CAMEL တွင် ပါရှိပါသည်။

## 154 CAN ( Cable Access Network )

Cable Access Network တွင် NGN စုစည်းမှုသည် ပုံမှန် Bit Rate ဖြင့် ပို့ဆောင်ပေး နိုင်သော အသံကို VoIP နှင့် SIP (Session Initiation Protocol) ဝန်ဆောင်မှုများ ပေးနိုင်သည့်Cable Lab များ၏ စံနှုန်းများအဖြစ်သို့ ပြောင်းလဲမှုအားအသုံးပြုထားပါသည်။ ဝန်ဆောင်မှု (၂) ခုလုံးသည် ကေဘယ်လ်ဒေတာ အလွှာစံနှုန်းအဖြစ်သတ်မှတ်ထားသော DOCSIS ( Data Over Cable Service Interface Specification ) မှ တစ်ဆင့် စီးဆင်း ပေးပို့ပါသည်။

## 155 CAN ( Corporate Area Network )

အဖွဲ့အစည်းတစ်ခု၏ Intranet အတွင်းမှ သီးခြား ခွဲဝေပေးထားသော ကွန်ရက်ကို Corporate Area Network ဟု ခေါ်ပါသည်။ ထိုကွန်ရက်အတွင်းမှ သုံးစွဲသူများသည် အင်တာနက်သို့ ဝင်ရောက်သုံးစွဲခွင့် မရရှိနိုင်ပဲ မိမိကွန်ရက် အတွင်းမှာသာ အသုံးပြုနိုင်ကြပါသည်။

## 156 Captcha

Captcha ဆိုသည်မှာ ဝက်ဘ်ဆိုက်များတွင် အသုံးပြုသော Security ဆိုင်ရာ

ပရိုဂရမ်တစ်ခု ဖြစ်သည်။ ဝက်ဘ်ဆိုက်ကို အသုံးပြုနေသူသည် စက်ပစ္စည်း (သို့မဟုတ်) အလိုအလျောက် သွင်းထားသော ပရိုဂရမ်က အသုံးပြုနေခြင်း ဖြစ်ပါက Captcha ကို ရိုက်သွင်းခြင်းကို ပြုလုပ်နိုင်မည် မဟုတ်ပေ၊ Captcha ကို သုံးစွဲသူသည် လူပုဂ္ဂိုလ်ဖြစ်မှသာ ဖတ်၍ ရိုက်ထည့်နိုင်သည်၊ Capthca ကို အများအားဖြင့် Online Form ဖြည့်ခြင်း၊ Online Account ဖွင့်ခြင်း စသည့်တို့တွင် ထည့်သွင်း ထားတတ်ကြသည်။




Captha နမူနာပုံစံ

**157 CAPTCHA ( Completely Automated Public Tuning Test to tell Computers and Human Apart )**

CAPTCHA ဆိုသည်မှာ ပရိုဂရမ်နှင့်လူသားကို ခွဲခြားနိုင်သည့် တုံ့ပြန်စနစ် စမ်းသပ်မှုတစ်ခုဖြစ်ပြီး ဝက်ဘ်ဆိုဒ်ကိုသုံးစွဲသူမှ အမှန်တကယ် အသုံးပြုနေခြင်း ဟုတ်/မဟုတ် ကို စစ်ဆေးနိုင်ရန် ပြုလုပ်ဖန်တီးထားသော စနစ်တစ်ခု ဖြစ်ပါသည်။ CAPTCHA ပရိုဂရမ်များ မှာ အများအားဖြင့် အက္ခရာစာလုံးများ ဖြစ်လေ့ရှိသည်။ CAPTCHA များကို ဖတ်ပြီး ၄င်းစာလုံးကို ရိုက်ထည့်ရခြင်းမှာ လူများအတွက် အလွယ်တကူ ဆောင်ရွက်နိုင်သော လုပ်ဆောင်မှု တစ်ခုဖြစ်သော်လည်း အနှောင့်အယှက် ပြုနိုင်သည့် ကွန်ပျူတာပရိုဂရမ် (bot) များအတွက်မူ ခက်ခဲပြီး အချိန်ယူရသော လုပ်ဆောင်မှုတစ်ခု ဖြစ်ပါသည်။CAPTCHA များကို ဝက်ဘ်ဆိုဒ်များတွင် Bots များအား ကာကွယ်နိုင်ရန် လူမဟုတ်သော အသင့်ပြုလုပ်ထားသည့် ပရိုဂရမ်များမှ အီးမေးစာရင်း(e-mail Account)တစ်ခုပြုလုပ်၍Spam မေးလ်ပို့ခြင်းများကို ကာကွယ်နိုင်ရန်နှင့် Web page လုံခြုံမှု များအတွက် အသုံးပြုလေ့ရှိသည်။

**158 CAR ( Committed Access Rate )**

ချိတ်ဆက်ထားသည့် စက်ပစ္စည်း (Interface) တစ်ခုမှ ဝင်/ထွက်နိုင်သည့် ဆက်ကြောင်းနှုန်း (Taffic Rate) ကို ကန့်သတ်ရာတွင် အသုံးပြုသည့် နှုန်းဖြစ်သည်။

**159 CASE (Computer-aided Software Engineering , Computer-aided Systems Engineering )**

ကွန်ပျူတာဆော့ဖ်ဝဲများကို ထုတ်လုပ်သောအင်ဂျင်နီယာလုပ်ငန်းဖြစ်သည်။ ယင်းလုပ်ငန်းတွင် သုတေသနပြုခြင်း ၊ ဒီဇိုင်းထုတ်ခြင်းနှင့် ပရိုဂရမ်ရေးဆွဲခြင်းတို့ ပါဝင်သည်။ လိုအပ်သော ကွန်ပျူတာ ဘာသာစကားအတွက် သင်္ကေတ ၊ တီထွင်ခြင်း ၊ မှတ်တမ်းမှတ်ရာများ ပုံစံထုတ်ခြင်းနှင့် ဒီဇိုင်းဆွဲခြင်းတို့ အတွက် လိုအပ်မည့် ကွန်ပျူတာဆော့ဖ်ဝဲများကို ဖော်ထုတ်ပေးသော အင်ဂျင်နီယာ လုပ်ငန်းဖြစ်ပါသည်။

**160 CAT (Category 5 Cable )**

CAT 5 သည် အကာမပါ (Unshield) လိမ်ထားသော ကြေးနန်းကြိုး အစုံဖြစ်ပြီး High Signal များကို ခံနိုင်ရည် ရှိအောင် ဒီဇိုင်းပြုလုပ်ထားသည်။ ကြိုးကို လိမ်ထားသည့် အတွက်ကြောင့် လျှပ်စစ်လိုင်းများ နှောက်ယှက်မှုအား လျှော့နည်းစေပြီး ပလပ်စတစ်ကို လျှပ်ကာပစ္စည်းအနေဖြင့် သုံးထားသည့်အတွက် ပျံ့နှံ့ခြင်း နည်းပါးစေသည်။ ပလပ်စတစ်၏ လျှပ်စစ်ကိန်းသေ(Dielectric Constant) သည် Frequency အပေါ်တွင် လိုက်၍ ပြောင်းလဲခြင်း မရှိပါ။

**161 CATV ( Community Antenna Television )**

ရုပ်မြင်သံကြားအစီအစဉ် ထုတ်လွှင့်မှုကို မူလပထမဦးလေထဲမှ ထုတ်လွှင့်ပြီးနောက် ၊ အဖွဲ့အစည်းသီးသန့် (သို့မဟုတ်) ရုပ်သံကြည့်ရှုသူ အစုအဖွဲ့သီးသန့်အတွက် ကေဘယ်လ်ဖြင့် သွယ်တန်းဖြန့်ကျက်ကာ ဝန်ဆောင်မှုပေးသည့် ရုပ်မြင်သံကြား ထုတ်လွှင့်သည့် စနစ်ဖြစ်ပါသည်။ CATV ကို ယခုခေတ်တွင် Community Access Television ဟူ၍လည်းကောင်း၊ Cable TV ဟူ၍ လည်းကောင်း ခေါ်ဆိုကြ ပါသည်။

**162 CB ( Call Barring )**

Call Barring သည် မိုဘိုင်းဖုန်း၏ သွင်ပြင်လက္ခဏာရပ်တစ်ခုဖြစ်ပြီး သုံးစွဲသူများအား အဝင်/အထွက်ဖုန်းခေါ်ဆိုမှုအချို့ကို ကန့်သတ်တားမြစ်ရန်ခွင့်ပြုထားပါသည်။ ဖုန်းပိုင်ရှင်မဟုတ်ဘဲ အခြားသူများက ဖုန်းအသုံးပြုရာ၌ ဈေးကြီးသော နိုင်ငံတကာဖုန်းခေါ်ဆိုမှုများ မပြုလုပ်နိုင်ရန် ကာကွယ်ရာတွင် အကျိုးသက်ရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ယခု အခါ ကုမ္ပဏီများစွာသည် လုံခြုံမှုအနေဖြင့် Call Barring ထည့်ထားသော Handset များကို စီးပွားရေး လုပ်ငန်းသုံး ဖုန်းများအဖြစ် အသုံးပြုနေကြပေသည်။ ထိုသို့ အသုံးပြုခြင်းဖြင့် အဆိုပါ ကုမ္ပဏီများ၏ ဖုန်းခေါ်ဆိုနိုင်မှုကို ထိန်းချုပ်နိုင်သည့် အပြင် ကြိုတင်သဘောတူညီမှု ရယူ ထားသည့် ဖုန်းနံပါတ်များကိုလည်း ကန့်သတ်နိုင်ပါသည်။ ဤသွင်ပြင်လက္ခဏာရပ်ကို သက်ဝင် လှုပ်ရှားမှုရှိစေရန် သုံးစွဲသူ၏ ကိုယ်ပိုင်လျှို့ဝှက်သင်္ကေတကို အသုံးပြုရပါသည်။

**163 C-band**

C-band ၏ Frequency Range သည် 3.7 GHz မှ 4.2 GHz အထိရှိပါသည်။ C-band အတွင်း ရှိနေသော ဂြိုဟ်တုများကို နှစ်ဒီဂရီ ခြား၍ အာကာသတွင် ထားလေ့ရှိပါသည်။ ၎င်းဂြိုဟ်တုများတွင် 10 မှ 17 watts အတွင်း လုပ်ဆောင်နိုင်သော Transponder (Transmitter / Receiver) (၂၄) ခုကို တပ်ဆင် အသုံးပြုနိုင်ပါသည်။

**164 CBT ( Computer Based Traning )**

ကွန်ပျူတာကို အပြန်အလှန် အသုံးပြုခြင်း (သို့မဟုတ်) ဗီဒီယိုပရိုဂရမ်များကို သင်ကြားပို့ချခြင်းများ ပြုလုပ်ခြင်း ဖြစ်ပါသည်။

**165 CC ( Convolutional Code )**

Convolutional Code သည် အမှား ပြင်ဆင်ပေးနိုင်သော Code ဖြစ်သည်။

Convolutional Code တွင် Haly Rate Code နှင့် Third Rate Code ဟု အမျိုးအစား (၂) မျိုး ရှိပါသည်။ Convolution Code များကို ဒစ်ဂျစ်တယ် ရေဒီယိုများ၊ မိုဘိုင်းဖုန်းများ နှင့် ဂြိုဟ်တုဆက်ကြောင်းများတွင် စွမ်းရည်တိုးစေရန်အတွက် သုံးကြသည်။ Convolutional Code နည်းပညာအား WiMAX နည်းပညာများတွင် သုံးလေ့ရှိကြပါသည်။

**166 CC ( Computer Conferencing )**

အီးမေးလ်စနစ်၏ ဖွံ့ဖြိုးတိုးတက်မှု တစ်ရပ်ဖြစ်ပြီး လူအများမှ အများသို့ ဆက်သွယ်ဆောင်ရွက်နိုင်အောင် စီစဉ်ရေးဆွဲထားခြင်းဖြစ်သည်။ Conferencing ခေါ် ညှိနှိုင်းဆွေးနွေးပွဲ တစ်ခုစီတွင် အဆိုပါဆွေးနွေးပွဲနှင့် ပတ်သက်သော အကြောင်းအရာ အချက်အလက်များကို စိတ်ဝင်စားမှုချင်း တူညီကြသော Computer User များ အစုအဖွဲ့လိုက် ပါဝင်ဆွေးနွေးကြသည်။Computer Conferencing Software ဖြင့် Message များကို စုစည်းခြင်း၊ သိမ်းဆည်းခြင်း၊ ဖွဲ့စည်းတည်ဆောက်ခြင်း၊ ပြန်၍ ထုတ်ခြင်းများ ပြုလုပ်နိုင်သည်။ အထူးသဖြင့် Message များကို ရေးသားသူအမည် အလိုက်သော်လည်းကောင်း ၊ ပေးပို့သော ရက်စွဲအလိုက် သော်လည်းကောင်း သီးခြား ခေါင်းစဉ်များဖြင့် ဖွဲ့စည်းထားနိုင်ပါသည်။

**167 CC ( Conference Call )**

3-Way ခေါ်ဆိုမှုဟု လူသိများသည့် Conference Call သည် ကွန်ရက်က ပေးနိုင်သော ဝန်ဆောင်မှုတစ်ခု ဖြစ်ပါသည်။ အဆိုပါ ဝန်ဆောင်မှု ရယူထားခြင်းဖြင့် သုံးယောက် (သို့မဟုတ်) သုံးယောက်ထက် ပို၍ ဖုန်းပြောဆိုမှုတွင်ပါဝင်ချိတ်ဆက်မှုပြုနိုင်ပြီး ပါဝင်သူများအားလုံး တစ်ပြိုင်နက်တည်းစကားပြောခြင်း၊ နားထောင်ခြင်းများလည်း ပြုလုပ်နိုင်ပါ သည်။ Conference Call ဝန်ဆောင်မှုဖြင့် အစည်းအဝေးတွင် ပါဝင်ဆွေးနွေးမည့် အဖွဲ့ဝင်များသည် ကွဲပြားခြားနားသောမြို့နှင့် တိုင်းပြည်များတွင် ရောက်ရှိနေကြသော်လည်း တစ်နေရာတည်းတွင်အစည်းအဝေးတစ်ခုပြုလုပ်နိုင်သကဲ့သို့အဆင်ပြေစေပါသည်။ထို့အပြင်သူငယ်ချင်း နှစ်ဦး ဖုန်းပြောနေစဉ် အခြား တစ်ယောက်ကို မေးခွန်းများမေးရန် လိုအပ်လာပါက မိမိတို့ ပြောလက်စဖုန်းအား ချလိုက်စရာ၊ ပြန် ခေါ်စရာမလိုဘဲထိုသူအား Conference Call တွင် ထည့်သွင်းလိုက်ပြီး သုံးယောက်လုံး ပြောလက်စ စကားဝိုင်းတွင် ပါဝင်နိုင်ပါသည်။

**168 CC ( Country Code )**

Country Code သည် ဂဏန်း (၁)လုံး ၊ (၂)လုံး သို့မဟုတ် (၃)လုံးထိ ဖြစ်နိုင်ပြီး နိုင်ငံတကာဖုန်း ခေါ်ဆိုမှုများ အတွက် အသုံးပြုရသည်။ မိုဘိုင်းကွန်ရက်များတွင်လည်း MCC ( Mobile Country Code ) များ ရှိကြပါသည်။ အင်္ဂလန်နှင့် ပြင်သစ်တို့၏ MCC မှာ 234 နှင့် 208 တို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ MCC မှာ 414 နှင့် ပါကစ္စတန်နိုင်ငံတွင် 410 တို့ ဖြစ်ကြပါ သည်။

**169 CC ( Call Centre )**

Call Centre ဆိုသည်မှာ တယ်လီဖုန်း ဆက်သွယ်မှုပေါင်း မြောက်မြားစွာကို ပြုလုပ်နေရသည့် အလုပ်သမားများဖြင့် ဖွဲ့စည်းထားသော အုပ်စု (သို့မဟုတ်) ဌာနတစ်ခု ဖြစ်သည်။ ဌာနတွင်း သုံးစွဲသူများကိုသာ ဝန်ဆောင်မှုပေးရသော Call Center ( ဥပမာ– help desk )များ

ရှိသကဲ့သို့ အခြားသော သုံးစွဲသူများကိုပါ ဝန်ဆောင်မှုပေးရသော call center (Customer Service နှင့် Support Center) များလည်း ရှိပါ သည်။ ထို Center များသည် ဝန်ဆောင်မှု တိုးတက် ဆောင်ရွက်နိုင်ရန် အတွက် အမျိုးမျိုးသော နည်းပညာများကို အသုံးပြုသည်။ ဖုန်းဖြင့် သာမက Web၊ email စသည်တို့ဖြင့် ပါဝန်ဆောင်မှုပေးသော စင်တာများကိုမူ Call Center ဟု ခေါ်လေ့မရှိပဲ Contact Centre ဟု ခေါ်သည်။

## 170 CCIR ( International Radio Consultative Committee )

ရုပ်မြင်သံကြားနှင့် သက်ဆိုင်သော ကမ္ဘာလုံးဆိုင်ရာ စံချိန်စံညွှန်းပြု အဖွဲ့.အစည်းတစ်ခု ဖြစ်သည်။ CCIR 601 သည် ဒစ်ဂျစ်တယ်ဗီဒီယိုစက် အစိတ်အပိုင်းများ ဆိုင်ရာ ထင်ရှားသည့် စံသတ်မှတ်ချက်တစ်ခု ဖြစ်သည်။ ယခုအခါ CCIR ဟု သီးခြား ခေါ်ဆိုလေ့ မရှိတော့ဘဲ ITU ဟု ခေါ်ဝေါ်သုံးနှုန်းပါသည်။

## 171 CCITT (International Telephone and Telegraph Consultative Committee)

တယ်လီဖုန်းနှင့်သတင်းအချက်အလက် ဆက်သွယ်ရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်း အကြံပေး ကော်မတီဖြစ်သည်။နိုင်ငံတကာက လိုက်နာကျင့်သုံးရမည့် စံချိန်စံညွှန်းများ ထုတ်ပြန်ခြင်း၊ စက်ပစ္စည်းကိရိယာများ၏အရည်အသွေးစံများကို ထောက်ခံ အတည်ပြု ပေးခြင်း တို့ကို လုပ်ဆောင်သည်။ ယခု နောက်ပိုင်းကာလတွင် CCITT ကို ITU-T ဟု ပြောင်းလဲ ခေါ်ဝေါ် လာကြသည်။

## 172 c-Commerce

Collaborative Commerce ဖြစ်ပါသည်။ ကုမ္ပဏီတစ်ခုသည် မိမိတို့ ကုန်တင်သွင်းမှု များနှင့် လုပ်ဖော်ကိုင်ဘက်များအား အင်တာနက်မှ ပေါင်းစည်းပေးသည့် စီးပွားရေးပုံစံ ဖြစ်ပါသည်။ B2B ( Business to Business ) Application သုံးစွဲမှုညွှန်းကိန်း တိုးတက်နေခြင်း က c-Commerce ကို အထောက်အကူပြုနေပါသည်။

B2Bသည် ကုန်ကြမ်းမှ ကုန်ချောထိ လုပ်ဆောင်ရသော ကုမ္ပဏီဝန်းဝိုင်းမှ ပြင်ပအထိ ဆက်နွယ်ပါဝင်သည့် စီးပွားရေး လုပ်ငန်းစဉ်ကြီး တစ်ခုလုံးကို အလိုအလျောက် ဆောင်ရွက်ပေးပါသည်။

## 173 CCTV ( Close Circuit Television )

အများပြည်သူ ကြည့်ရှုရန် ရည်ရွယ်ရင်းမဟုတ်ဘဲ ၊ ပုဂ္ဂလိကသုံး ရည်ရွယ်ချက်အတွက် ထုတ်လွှင့်သော ရုပ်မြင်သံကြားစနစ် ဖြစ်ပါသည်။ အထူးသဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ အတွက် စောင့်ကြည့်ရန် (သို့မဟုတ်) မှတ်တမ်းတင်ရန် အလို့ငှာ အသုံးပြုပါသည်။ ယင်းစနစ်တွင် ရုပ်မြင်သံကြား ကင်မရာကို စောင့်ကြည့်လိုသော နေရာတွင် တပ်ဆင်ထားပြီး ထိန်းချုပ် ကွပ်ကဲခန်းမှ မှတ်တမ်းတင်ခြင်း ၊ စောင့်ကြည့် ခြင်းတို့ကို ဆောင်ရွက်ပါသည်။

## 174 CCV ( Calling Card Validation )

Calling Card တစ်ခု အသုံးပြု ရ/မရ စစ်ဆေးသော လုပ်ငန်းစဉ်ဖြစ်ပြီး သုံးရလျှင် တယ်လီဖုန်းခေါ်ဆိုမှု ဆောင်ရွက်ပြီး တယ်လီဖုန်းဘီလ်ကို Calling Card က ကျခံ စေပါ

သည်။

## 175 CD ( Call Deflection )

Call Deflection သည် လွှဲပြောင်းထားသော ဖုန်းနံပါတ်က လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ရွေးချယ်မှုပြုလုပ်ထားသော ဖုန်းလွှဲပြောင်းမှုတစ်ခုဖြစ်ပါသည်။ ဤဝန်ဆောင်မှုကို မိုဘိုင်းဖုန်းမှ ဖြစ်စေ၊ ကွန်ရက်ချိတ်ဆက်မှုမှဖြစ်စေ အလိုအလျောက် ပေးနိုင်ပြီး ISDN (Integrated Services Digital Network) ဖုန်းခေါ်ဆိုမှုများတွင်သာ ဝန်ဆောင်မှုပေးပါသည်။ ဖုန်းခေါ်ဆိုသူ၏ CLIP(Calling Line Identification Presentation) မှ တွေ့ရှိရသည့် ဖုန်းနံပါတ်များပေါ် မူတည်၍ နံပါတ်အမျိုးမျိုးအား ခေါ်ဆိုမှု လွှဲပြောင်းနိုင်ပါသည်။

## 176 CD ( Call Divert )

Call Divert သည် သွင်ပြင်လက္ခဏာရပ် တစ်ခုဖြစ်၍ အဝင်ဖုန်းခေါ်ဆိုမှု အားလုံးကို သတ်မှတ်ထားသော လိုင်းဖုန်းနံပါတ် (သို့မဟုတ်) မိုဘိုင်းဖုန်းနံပါတ်တစ်ခုသို့ ဖြစ်စေ၊ Voicemail သို့ဖြစ်စေ တစ်ဆင့် လွှဲပြောင်းပေးပါသည်။ ဤဝန်ဆောင်မှုတွင် ဖုန်းသုံးစွဲသူက လွှဲပြောင်းထားသော ဖုန်းနံပါတ်မှ ဖုန်းလက်ခံ ခြင်း ၊ မည်သူမဆို ဖုန်းလက်ခံ ဖြေဆိုနိုင်ခြင်းနှင့် Voicemail ဖြေဆိုခြင်း၊ ဝန်ဆောင်မှုကို အသုံးပြုနိုင်ခြင်း စသည့် အကျိုးများစွာ ပါရှိပါသည်။ မူလဖုန်းတွင် ဖုန်းသံမမြည်ဘဲ (သို့မဟုတ်) ဖုန်းခေါ်ဆိုမှုလက်မခံဘဲ လွှဲပြောင်းခြင်းခံထားရ သော ဖုန်းနံပါတ်ဖြင့်သာ Call Divert အား ဖြစ်ပေါ်စေပါသည်။ Call Divert ထည့်ထား သော User များက အမျိုးမျိုးသော ရွေးချယ်မှုများကို ပြုလုပ်နိုင်ပါသည်။ ဥပမာ– မိမိခေါ်ဆိုသောနံပါတ်မအားလျှင် အခြားနံပါတ်တစ်ခု အား ဖုန်းခေါ်ဆိုမှု လွှဲပြောင်းပေးခြင်း၊ ကွန်ရက် ဝန်ဆောင်မှုမရနိုင်သောအခါ (သို့မဟုတ်) ဖုန်းပိတ် ထားသောအခါ အခြားနံပါတ်တစ်ခုသို့ ဖြစ်စေ ၊ Voicemail သို့ ဖြစ်စေ ဖုန်းခေါ်ဆိုမှု လွှဲပြောင်းပေးခြင်း ဖြစ်ပါသည်။

## 177 CDDI ( Copper Distributed Data Interface )

ဖန်မျှင်ကေဘယ်လ်ဖြင့် အသုံးပြုရသည့် FDDI ( Fiber Distributed Data Interface ) စနစ် အစား ကြေးနီကြိုး ကေဘယ်လ်ဖြင့် အသုံးပြုသည့် စနစ် ဖြစ်သည်။

## 178 CDG ( CDMA Development Group )

CDMA ( Code Division Multiple Access ) နည်းပညာတိုးတက်ရန် ဖွဲ့စည်းထားသည့် နည်းပညာပိုင်းဆိုင်ရာ အဖွဲ့အစည်း ဖြစ်ပြီး CDMA ကို ကမ္ဘာတစ်ဝန်းတွင် အသုံးပြုကြရန် အတွက် ဆောင်ရွက်နေပါသည်။

## 179 CDMA 2000

3G ကြိုးမဲ့နည်းပညာတစ်ခုဖြစ်ပြီး လက်ရှိ 2G CDMA မှ တဆင့် ဖွံ့ဖြိုးဖြစ်ပေါ်လာခြင်း ဖြစ်သည်။ အဓိကထူးခြားချက်မှာ ဒေတာသွားနှုန်းမြန်ခြင်း ဒေတာဆားဗစ်အတွက် အဆင်သင့် ရနိုင်ခြင်းနှင့်အသံပိုင်းဆိုင်ရာ ကွန်ရက်၏ စွမ်းဆောင်နိုင်မှု ပမာဏတိုးတက်ကောင်းမွန် စေခြင်းတို့ ဖြစ်သည်။ CDMA 2000 သည် အနည်းဆုံး အဆင့် (၃) ဆင့်ဖြင့် အသုံးပြုနိုင် မည် ဖြစ်သည်။

ပထမအဆင့်မှာ 1x RTT ဖြစ်ပြီး ဒေတာ Speed 144Kbps ဖြစ်သည်။ ယခင် CDMA One (IS-95) (Internet Standard-95) ထက်အသံပိုင်းဆိုင်ရာ စွမ်းဆောင်မှု (၂)ဆ ပို၍ များသည်။

ဒုတိယအဆင့်အနေဖြင့် 1x EV-DO ( Evolution Data Optimized ) ပေါ်ထွက်လာပြီး ဒေတာသွားနှုန်း2.4 Mbps ဖြစ်သည်။ Voice Network နှင့်သီးခြားခွဲထုတ်၍သာ အသုံးပြုနိုင် သည်။ တတိယအဆင့်မှာ 1x EV-DO (Evolution Data/Voice) ဖြစ်ပြီး Circuit နှင့် Packet ဒေတာသွားနှုန်း 3Mbps မှ 5Mbps အထိ ရရှိနိုင်သည်။ 1x RTT Voice Network နှင့် လည်း ပူးပေါင်း ထားသည်။

**180 CDP ( Code Domain Power )**

CDP သည် ဆက်သွယ်ရေးပိုင်းဆိုင်ရာ ချန်နယ် အသီးသီးရှိ CDMA Signal များတွင် ပါသည့် ပါဝါတိုင်းတာမှုတစ်ခု ဖြစ်ပါသည်။ CDMA ထရန်စမစ်တာ ဒီဇိုင်းများအား ပြစ်ချက် ရှာဖွေရာတွင် CDP တိုင်းတာခြင်းမှာ များစွာ အသုံးဝင်ပါသည်။

**181 CDP ( Clean Desk Policy )**

ကော်ပိုရေးရှင်နှင့်ဆိုင်သော ညွှန်ကြားချက်များဖြစ်ပြီး ၊ အသုံးပြုသူများအနေဖြင့် ယင်းတို့၏ အလုပ်နေရာများကို ရုံးဆင်းချိန်၌ မည်ကဲ့သို့ဆောင်ရွက်ထားရှိရမည်ကို ပြဌာန်းထားခြင်း ဖြစ်ပါ သည်။

**182 CDP ( Clean Desk Policy )**

အလုပ်သမားများသည် သူတို့၏ ရုံးမှ ထွက်ခွာချိန်တွင် သူတို့၏ အလုပ် နေရာများမှ မည်ကဲ့သို့ ထွက်ခွာရမည်ကို သတ်မှတ်ထားပြီး ၄င်းတို့ကို စုစည်းကာညွှန်ကြားချက် ထုတ်ပြန်ထားခြင်း ဖြစ်ပါသည်။

**183 CDPD ( Cellular Digital Packet Data )**

CDPD သည် ဆဲလ်လူလာဖုန်း လှိုင်းနှုန်းများ (Frequencies) သုံးထားပြီး တိုးတက်လာသည့် အချက်အလက် ထုတ်လွှင့်မှု နည်းပညာ တစ်ခုဖြစ်သည်။ ၄င်းသည် Packet များအတွင်းရှိ အချက်အလက်များ ပေးပို့နိုင်ရန်အတွက် အသုံးပြုမထားသော ဆဲလ်လူလာချန်နယ်များ ဖြစ်ကြသည့် 800MHz နှင့် 900MHz အတွင်းရှိ ချန်နယ်များကို သုံးထားသည်။ ဤနည်းပညာမှ အချက်အလက် လွှဲပြောင်းပေးနိုင်မှု နှုန်း 19.2Kbps ထိ ရှိ၍ အင်နာလော့နှင့် ဆဲလ်လူလာ ချန်နယ်များပေါ်တွင် မိုဒမ် (Modem) သုံးထား ခြင်းထက် ဖုန်းခေါ်ဆိုမှု ပိုမိုမြန်စေခြင်းနှင့် အမှားအယွင်း ပြုပြင်ပေး နိုင်မှုများတွင် ပို၍ ကောင်းမွန်သည်။

**184 CDR ( Call Detail Recording )**

သတ်မှတ်ထားသည့် တယ်လီဖုန်း သုံးစွဲသူများ၏ ဖုန်းခေါ်ဆိုမှု အချက်အလက်များနှင့် ကျသင့်သည် တန်ဖိုးများကို စုဆောင်း တွက်ချက် မှတ်တမ်းတင်ပေးသည့် ဝန်ဆောင်မှု တစ်ရပ် ဖြစ်ပါသည်။ ခေါ်ဆိုချက် အသေးစိတ်မှတ်တမ်းတွင် ထူးခြားသော ခေါ်ဆိုမှုအတွက် ခေါ်ဆိုမှုအစ၊ ခေါ်ဆိုမှုအဆုံး၊ ကြာချိန်နှင့် ခေါ်ဆိုခဲ့သည့် ရက်စွဲ တို့ပါဝင်ပါသည်။

**185 CF ( Call Forwarding )**

မိမိ၏ဖုန်းအား အခြားသူတစ်ယောက်မှခေါ်ဆိုသောအခါ အခေါ်ခံရသောဖုန်းတွင် မိမိမရှိခဲ့ ပါက မိမိရှိနိုင်သောဖုန်းတွင် လာရောက်၍ Connection ရရှိစေရန် Forwarding ပြုလုပ် ထားသော ဝန်ဆောင်မှုပေးသည့်စနစ်ဖြစ်ပါသည်။ ၎င်း Forwarding တွင် ပုံစံ(၃)မျိုး ရှိပါသည်။ ၎င်းတို့မှာ–

၁။ Driect Forwarding ( အခေါ်ခံရသည်နှင့် Forwarding လုပ်ဆောင်ပေးခြင်း )၊

၂။ Busy Forwarding ( ဖုန်းခေါ်ဆိုမှု မအားမှ Forwarding လုပ်ဆောင်ပေးခြင်း )၊

၃။ No Answer Forwarding ( ဖုန်းခေါ်ဆိုမှုအား ပြန်လည် ဖြေကြားနိုင်ခြင်း မရှိမှသာ Forwarding လုပ်ဆောင်ပေးခြင်း ) တို့ ဖြစ်ပါသည်။

**186 CGA ( Color Graphic Adapter )**

CGA သည် ကွန်ပျူတာဖန်သားပြင် (display) တွင် ပြတ်သားထင်ရှားသော ပုံရိပ်မြင်တွေ့ ရစေရန် ဖန်တီးပေးသည့် ပစ္စည်း ဖြစ်သည်။ CGA ကို IBM က ၎င်းတို့၏ ကွန်ပျူတာများ အတွက် စတင်ဖန်တီးခဲ့သည့် ပစ္စည်းဖြစ်သည်။ အဆိုပါ CGA ကဒ်၏ ပုံရိပ်ဖန်တီးနိုင်မှု စွမ်းရည်သည် 320 x 200 နှင့် အရောင်လေးမျိုး (သို့မဟုတ်) 640 x 200 နှင့် အရောင်နှစ်မျိုး ဟူ၍ ရှိသည်။

**187 CGI ( Cell Global Identification )**

CGI ( Cell Global Identification ) သည် ကမ္ဘာအဝန်းရှိ မိုဘိုင်းစနစ်ကို ဆောင်ရွက်နေသော Cell များ ခွဲခြား ရွေးထုတ်ပေးချက် ဖြစ်ပါသည်။ မိုဘိုင်း Cell တခုကို သိသာ ထင်ရှား အောင် ပြုလုပ်ပေးသည့် အဆိုပါ အထောက်အထားသည် CDMA 2000 မိုဘိုင်းစနစ် (သို့မဟုတ်) GSM / EDGE စသော မိုဘိုင်းစနစ်၏ ရေဒီယိုကွန်ရက်( GERN-GSM / Radio Access Network) များတွင် သုံးစွဲနိုင်ပါသည်။

**188 CGI ( Common Gateway Interface )**

CGI ဆိုသည်မှာ ဆာဗာ ( Server ) ပေါ်တွင် ဇာတ်ညွှန်း ( Script ) များကို လုပ်ဆောင်ပေးသော Protocol တစ်ခု ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆာဗာများသည် Web Page တစ်ခုမှ Database တစ်ခုဆီသို့ ဆက်သွယ်ချိတ်ဆက်ပေးခြင်းကဲ့သို့သော Back-end Processing များကို လုပ်ဆောင်ပေးပါသည်။ စီးပွားရေးလုပ်ငန်းသုံး Web Server များ အားလုံးတွင် CGI Scripting ကို ထည့်သွင်း ထောက်ပံ့ထားကြပါ သည်။ သုံးစွဲသူ (User) တစ်ဦးမှ CGI Script ကို တစ်ကြိမ် ခေါ်ယူတိုင်း ဇာတ်ညွှန်းတစ်ခုစီ၏ လုပ်ဆောင်မှုကြောင့် CGI Script မှာ အပြည့်အဝ ပြန်လည် စတင် ရသည်။ CGI Script မှာ Perl ဖြင့် ရေးသားထားပါသည်။ CGI program ကို $C^{++}$ (သို့မဟုတ်) အခြားပေါင်းစပ် ဘာသာစကား (Compile Language ) ဖြင့် ရေးသားထားပါသည်။

**189 CGSA ( Cellular Geographic Service Area )**

ဆယ်လူလာ မိုဘိုင်းကုမ္ပဏီက အမှန်တကယ် ဝန်ဆောင်မှုပေးနေသည့် နယ်ပယ်ဧရိယာကို CGSA ဟု အတိုကောက် သုံးစွဲသည်။

**190 CH ( Call Holding )**

Call Holding သည် တယ်လီဖုန်းဝန်ဆောင်မှုတစ်ခုဖြစ်ပြီး အဆိုပါ Feature ထည့်သွင်းခြင်းဖြင့် အသုံးပြုသူများက ဖုန်းပြောဆိုချိန်၌ပင် ဒုတိယဖုန်းခေါ်ဆိုမှုကို တစ်ပြိုင်နက်တည်း လက်ခံနိုင်ပါသည်။ On Hold လုပ်ထားခြင်းခံရသည့် ဖုန်းခေါ်ဆိုသူသည် အခြားဖက်နှင့် ဖုန်းပြောနေခြင်းကို သတိမပြုမိပေ။အကြောင်းမှာ အခြားဖက်နှင့်ဖုန်းပြောနေစဉ် On Hold လုပ်ထားသော ဖုန်းခေါ်ဆိုသူအား မည်သည့်အသံမျှမကြားရစေရန် တိတ်ဆိတ်မှုကို ဖန်တီးထားခြင်း (သို့မဟုတ်) ကြိုတင် အသံသွင်းထားသော ဂီတတေးသွားနှင့် စိတ်ပျော်ရွှင်သော အမှာ စကားများကိုကြားစေရန် စီစဉ်ထား ခြင်းကြောင့်ဖြစ်ပါသည်။ ဘဏ်နှင့် အပေါင်ထားသူကြား ချိတ်ဆက်ဆောင်ရွက်ပေးသော Mortgage Broker ကဲ့သို့ Call Holding ထည့်ထားသော ကြားခံဖုန်းသုံးစွဲသူတစ်ဦးရှိခြင်းဖြင့် တိုက်ရိုက်ချိတ်ဆက် စကားပြောဆိုရန် မလွယ်သော ဖုန်းသုံးစွဲသူနှစ်ယောက်အတွက် အဆင်ပြေစေပါသည်။ အရေးကြီးသော ဖုန်းခေါ်ဆိုမှုများ လွဲချော်မှု မရှိစေရန် Call Holding ကို ဖုန်းခေါ်ဆိုမှုနှစ်ခုလုံးကို တစ်ပြိုင်နက်တည်း ထိန်းချုပ် နိုင်သော Call Waiting Feature နှင့် တွဲဆက် အသုံးပြုနိုင်ပါသည်။

## 191 Chipset

Chipset ဆိုသည်မှာ သက်ဆိုင်ရာ သီးခြားလုပ်ငန်းများ ဆောင်ရွက်ရန် ဆားကစ်ပြားပေါ်တွင် IC များ ပေါင်းစည်းပေးထားခြင်းပင် ဖြစ်သည်။ Chipset တစ်ခုတွင် ချစ်ပ် (၁)ခုမှ (၃)ခုအတွင်း ဖွဲ့စည်း ထားလေ့ရှိသည်။

## 192 Choke

ပြန်လှန် လျှပ်စီးကြောင်း (Alternating Current-AC) ကို ခုခံနိုင်သည့် မြင့်မားသော ခုခံမှုတန်ဖိုး( High Impedance ) ဖြင့် ဒီဇိုင်းပြုလုပ်ထားသည့် ကွိုင်(Inductor ) ကို Choke ဟု ခေါ်ပါသည်။

## 193 cHTML ( Compact Hyper Text Markup Language )

cHTML သည် Compact Hyper Text Markup Language ၏ အတိုကောက်ဝေါဟာရ ဖြစ်ပါသည်။ HTML ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပထမမျိုးဆက် Smart Phone နှင့် PDA ကဲ့သို့သောအရွယ်အစားသေးငယ်သည့် ကိရိယာများအတွက် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ဂျပန်နိုင်ငံ DoCoMo ၏ i-mode မိုဘိုင်းဖုန်းအတွက် အသုံးပြုရန် စတင် ရေး သားခဲ့ခြင်းကြောင့် i-mode HTML ဟုလည်း ခေါ်ဆိုပါသည်။ cHTML တွင်သာမန် HTML တွင် ပါဝင်ခြင်းမရှိသော လုပ်ဆောင်ချက် ( Features ) များကို ပေါင်းထည့် ပေးထား ပါသည်။

## 194 Churn

Churn ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများတွင် သုံးစွဲသူဦးရေဆုံးရှုံးမှုကို ခေါ်သည်။ Churn ဆိုသော စာလုံးကို သုံးစွဲသူက ဝန်ဆောင်မှု (သို့မဟုတ်) ထုတ်ကုန်ပစ္စည်းကို ဆက်၍ အသုံးမပြုသည့်အခါတွင် သုံးနှုန်းပါသည်။ အထူးသဖြင့် အင်တာနက်နှင့် ဆဲလ်ဖုန်းသုံးစွဲသူ များအတွက် သုံးနှုန်းလေ့ ရှိပါသည်။

**195 Churn Rate**

Churn Rate ကို အချိန်အတိုင်းအတာတစ်ခုတွင် ဆုံးရှုံးသွားသော သုံးစွဲသူအား ထိုကာလအတွင်းရှိ ပျမ်းမျှစုစုပေါင်း သုံးစွဲသူဦးရေဖြင့် စား၍ တွက်ချက်ရသည်။ စီးပွားရေးဆိုင်ရာအကြောင်း ပြချက်များအတွက် ဝန်ဆောင်မှုပေးနေသူများက Churn Rate အဘယ်ကြောင့်မြင့်တက်ရသည် သိလိုကြသည်။ Churn Rate မြင့်တက်ရခြင်း၏အကြောင်းရင်းနှစ်ခုမှာ သုံးစွဲသူက ဈေးနှုန်းကို မကျေနပ်ခြင်းနှင့် ပေးထားသော ဝန်ဆောင်မှု ပုံစံကို မကြိုက်ခြင်းကြောင့် ဖြစ်၏။ အခမဲ့ ပစ္စည်း သုံးခွင့်ပေးခြင်း၊ ကာလအပိုင်းအခြားတစ်ခုအတွင်း ကနဦးကောက်ခံကြေး မယူခြင်း စသည့် ပုံစံ များဖြင့် စားသုံးသူ အသစ်များကို ဆွဲဆောင်ကြသည်။

**196 CIC ( Circuit Indentification Code )**

SS 7 (Signaling System 7) တွင် သုံးစွဲလေ့ရှိသော အခေါ်အဝေါ်တစ်ခုဖြစ်ပြီး CIC ကို Trunk Group ထဲက သီးခြား Circuit တစ်ခုကို သတ်မှတ်ပေးရန်အတွက် သုံးပါသည်။

**197 CICS ( Customer Information Control System )**

CICS ဆိုသည်မှာ IBM မှ Online Transaction Processing ( OLTP ) ပရိုဂရမ်ဖြစ်သည်။ လုပ်ငန်းကြီးများလုပ်ကိုင်ပြီး ကုမ္ပဏီပေါင်း(၅၀၀) ပိုင်ဆိုင်သည့် လုပ်ငန်းကြီးများတွင် သုံးသော ဆော့ဖ်ဝဲဖြစ်ပါသည်။ IBM နှင့် Oracle ကုမ္ပဏီများအတွက် အသုံးပြုသင့်သည်။CICS ကို IBM ကုမ္ပဏီမှရေးသားခဲ့ခြင်းဖြစ်သည်။CICS ကို တက္ကသိုလ်နှင့်ကောလိပ် များ၏ ငွေကြေးဆိုင်ရာကိစ္စများ၊ လေကြောင်းလိုင်းများတွင် ကြိုတင် စာရင်းသွင်းသည့် လုပ်ငန်းများ၊ အာမခံကုမ္ပဏီ များ၊ ATM ( Asynchronous Transfer Mode ) စနစ်များနှင့် အစိုးရကိစ္စရပ်များတွင် အသုံးပြုကြ သည်။

**198 CID ( Cell Indentifier )**

LTE ( Long Term Evolution ) မိုဘိုင်းစနစ်ရှိ သတ်မှတ်ပေးထားသည့် CID (သို့မဟုတ်) ကမ္ဘာအဝန်းသုံးစွဲနိုင်သည့် Global CID ဖြစ်စေ ၊ ၎င်းတို့တစ်ခုခု၏ သုံးစွဲသည့် ဧရိယာ Cell အတွက် သတ်မှတ်ပေးချက် အထောက်အထား ဖြစ်ပါသည်။ အဆိုပါ စနစ်တွင် CID သတ်မှတ်ချက် (၅၀၄) ခုအထိ ရရှိနိုင်မည် ဖြစ်ပါသည် ။

**199 Cipher**

Cipher သည် ရိုးရိုးစာသား ( plain text ) ကို အပို့အယူလုပ်ရာတွင် လုံခြုံမှု ( security ) ရှိစေရန် အတွက်လျှို့ဝှက်သင်္ကေတများ ထည့်သွင်းသည့် နည်းပညာဖြစ်သည်။

**200 CIR ( Committed Information Rate )**

သာမန် အခြေအနေတွင် အာမခံထားသည့် အနိမ့်ဆုံးရရှိနိုင်သော Bandwidth ကို ဆိုလိုခြင်းဖြစ်ပါသည်။ မည်သည့် အခြေအနေတွင် မဆို ရရှိဆက်သွယ်နိုင်သည့် Bandwidth သည် အဆိုပါ Bandwidth ထက် မလျော့နည်းပေ။

**201 CL ( Current Limiter )**

Applied Voltage မည်မျှပင်ရရှိသည်ဖြစ်စေ ၊ သတ်မှတ်ထားသော ပမာဏသာရှိသည့် လျှပ်စီးကြောင်း (Current) စီးဆင်းမှုကို ကန့်သတ်ပေးသည့် Device အား Current

Limiter ဟု ခေါ်ပါသည်။

**202 Class 4 Office**

အဝေးပြောတယ်လီဖုန်းခေါ်ဆိုမှုများအတွက် ထားရှိသော Switching Center ကို Class 4 Office ဟု ခေါ်ပါသည်။ Class 4 Office သည် Class 5 Office က နယ်ဝေးတယ်လီဖုန်းခေါ်ဆိုမှုများအား အခြား Class 4 Office (သို့မဟုတ်) Class 4 ထက် မြင့်သော Office များ ဆီသို့ ကူးပြောင်းပေးရသည်။ Class 4 Office သည် အဆိုပါ Office များက အဝေးခေါ်ဆို မှုများကို သက်ဆိုင်ရာ ဖုန်းနံပါတ်များအလိုက် Class 5 Office များဆီသို့ လွှဲပြောင်း ပေးရမည့် လက်ဆင့်ကမ်းရသည့် အလုပ်ကိုလည်း ထပ်မံဆောင်ရွက်ပေးရသည်။

**203 Class 5 Office**

Class 5 Office သည် Central Office များ (သို့မဟုတ်) အိတ်ချိန်းများတွင် အစဉ်လိုက် ကြည့်လျှင် အနိမ့်ဆုံး Level တွင် ရှိပါသည်။ Class 5 Office များသည် တယ်လီဖုန်းသုံးစွဲသူ လိုင်းနှင့် တိုက်ရိုက် ဆက်သွယ်မှုရှိနေပြီး မြို့တွင်း ခေါ်ဆိုမှုများအတွက် Switching Centre အဖြစ် ဆောင်ရွက်ပေးသည်။

**204 Class Map**

စည်းမျဉ်းများ ပါဝင်သည့် လမ်းကြောင်းများကို အမျိုးအစားခွဲခြား အသုံးပြုလေ့ရှိခြင်း ဖြစ်ပါသည်။

**205 Class of Service**

ဝန်ဆောင်မှု အဆင့်အတန်းဆိုသည်မှာ ဝန်ဆောင်မှုပေးသည့် အဆိုပါ Ehernet Frame များ၏ အစုဝင်ဖြစ်ပြီး ဝန်ဆောင်ပေးသူမှ သုံးစွဲသူဆီသို့ တကယ်ရောက်ရှိ လက်ခံဆောင်ရွက်နိုင်သော အချက်အလက် Frame အစု အရွယ်အစားပင် ဖြစ်ပါသည်။

**206 CLI ( Calling Line Identification)**

တယ်လီဖုန်းခေါ်ဆိုသောနံပါတ်ကို အခေါ်ခံရသူဘက်မှ မြင်နိုင် ၊ သိနိုင်အောင် ဝန်ဆောင်မှု ပေးထားသည့် စနစ်ဖြစ်ပါသည်။

**207 Click Jacking**

Click Jacking ဆိုသည်မှာ Click နှိပ်လိုက်ပါက အသုံးပြုသူ၏ စက်အတွင်းသို့ ဗိုင်းရပ်စ် (Virus) ဝင်နိုင်အောင် ပြုလုပ်ထားသည့် နှိပ်၍ ရသော Button ( သို့မဟုတ်) ချိတ်ဆက်မှု လမ်းကြောင်း Link များအား Click နှိပ်မိခြင်းကို ဆိုလိုပါသည်။

**208 Client**

Client ဆိုသည်မှာကွန်ပျူတာတစ်လုံးပင်ဖြစ်ပြီး အခြားကွန်ပျူတာတစ်လုံးထံမှဝန်ဆောင်မှုရယူသော ကွန်ပျူတာကို Client ဟု ခေါ်ပါသည်။ သင်၏ စားပွဲပေါ်ရှိ သီးခြားရပ်တည် လုပ်ဆောင်နေသော ကွန်ပျူတာကို အင်တာနက်ကြည့်ရှုရာတွင် Browser အဖြစ် အသုံးပြုပါက ၄င်းကွန်ပျူတာကို Client ဟု ခေါ်ဆိုရမည် ဖြစ်ပြီး အင်တာနက်မှ ဝက်ဘ်ဖိုင်များ ဆွဲယူကာ သင်၏ ကွန်ပျူတာဆီသို့ ပို့ပေးသော ကွန်ပျူတာကို Server ဟု ခေါ်ပါသည်။

ထို့အတူ LAN (Local Area Network) ဆီသို့ ချိတ်ဆက်ထား သော ကွန်ပျူတာ (Workstation ) သည်လည်း Client တစ်ခုပင်ဖြစ်ပြီး LAN ကို ထိန်းချုပ်သော Server ဆီသို့ သတင်း အချက်အလက်များ ပေးပို့ခြင်း ၊ Server ထံမှ သတင်း အချက်အလက်များ ရယူခြင်း တို့ ပြုလုပ်ပါသည်။

**209 C-Links**

မိတ်ဖက် STP မှာ ( Signaling Transfer Point ) ကို ဆက်သွယ်ပေးသော ချိတ်ဆက်မှု (Links) များကို C-links ဟု ခေါ်သည်။ Signaling Link (၁) ခု သို့မဟုတ် (၁)ခုထက် ပိုသောချိတ်ဆက်မှုများ ဆက်သွယ်မှုမရခဲ့ပါက Signaling ကွန်ရက်ကို ပို၍ စိတ်ချရစေရန် အတွက် C-Link များ သုံးထားရပါသည်။

**210 CLIP ( Calling Line Identification Presentation )**

CLIP သည် ဖုန်းခေါ်ဆိုသူ၏ ဖုန်းနံပါတ်အား ဖော်ပြရန် အသုံးပြုသော GSM ၏ ထပ်မံ ဖြည့်စွက် ထားသည့် ဝန်ဆောင်မှုတစ်ခု ဖြစ်သည်။ ဖုန်းခေါ်ဆိုမှုတစ်ခု ပြုလုပ်သောအခါ ခေါ် ဆိုသူ၏ MSC (Mobile Switch Centre) မှ ခေါ်ဆိုသူ၏ ဖုန်းနံပါတ်အား လက်ခံမည့် (Destination) MSC သို့ ပေးပါသည်။ ထို့နောက် လက်ခံမည့် MSC သည် CLIP ဝန်ဆောင် မှုပေးထားသော ဖုန်းဖြစ်ကြောင်းစစ်ဆေးသည်။ မှန်ကန်လျှင် ခေါ်ဆိုသူ၏ ဖုန်းနံပါတ်အား ဖော်ပြပေးသည်။ CLIR ( Calling Line Identification Restriction ) နှင့် အတူ တွဲဘက် ပါဝင်သော CLIP သည် GSM ကွန်ရက်များတွင် အဆင့်မြှင့် ဖြည့်စွက်ထား သော ဝန်ဆောင်မှုတစ်ခု ဖြစ်ပါသည်။ CLI ဟု အသိများသော CLIP ဝန်ဆောင်မှုသည် ပြန်လည် ဖြေကြားခြင်း မပြုခင် ခေါ်ဆိုသူ၏ ဖုန်းနံပါတ်ကို မြင်ရခြင်းကြောင့် တစ်ဦးဦးမှ သို့မဟုတ် အဖွဲ့အစည်းမှ တစ်ဆင့် လွှဲပေးမည့် ဖုန်းနံပါတ် သို့မဟုတ် လက်မခံမည့် ဖုန်းနံပါတ် စသော ရွေးချယ်မှုအတွက် အလွန် အသုံးဝင်ပါသည်။

**211 CLIR ( Calling Line Identification Restriction )**

CLIR သည် GSM ကွန်ရက်များတွင် CLIP ကြောင့် ဖြစ်ပေါ်လာသော ခေါ်ဆိုနေသည့် အဝင်ဖုန်းနံပါတ် မြင်ရမှုအားထိန်းချုပ်နိုင်ပါသည်။ CLIR ဝန်ဆောင်မှုယူထားလျှင် ဖုန်းခေါ် ဆိုနေသူနှင့်ပတ်သက်၍ CLIP ကန့်သတ်တားမြစ်ချက်ရှိကြောင်းကို လက်ခံမည့် ဖုန်းနံပါတ် ရှိသော MSC ထံ ပေးပို့ လိုက်ပါသည်။ ထိုအခါ ဖုန်းလက်ခံမည့် မိုဘိုင်းဖုန်းတွင် ခေါ်ဆိုနေသူ ၏ ဖုန်းနံပါတ် မပေါ်တော့ပါ။ ရဲဌာန များကဲ့သို့ လုံခြုံရေးအဖွဲ့အစည်း များအတွက်မူ CLIR ထည့်ထားသော်လည်း Caller ID မြင်ရရန် စီစဉ်ထားသည့် ပို၍အရေးပါသော GSM ဝန်ဆောင်မှုတစ်ခုလည်း ရှိပါသည်။

**212 CLNP ( Connectionless Network Protocol )**

OSI (Open System Interconnection) ကွန်ရက်များအတွက် CLNP သည် IP ကဲ့သို့ Protocol တစ်ခု ဖြစ်ပါသည်။ IP နှင့် CLNP ၏ အဓိက ကွာခြားချက်မှာ Address အရွယ်အစား ဖြစ်ပါ သည်။ IP Address သည် 4byte သာရှိပြီး CLNP Address မှာ 20 bytes ဖြစ်ပါသည်။ CLNP သည် OSI Protocol Stack ၏ Network Layer တွင်

ရှိသော Protocol တစ်ခုဖြစ်ပါသည်။

**213 Cloud Computing**

Cold Computing ဆိုသော အမည်သည် အင်တာနက်တွင်ရှိသော အဆင့်ဆင့် လုပ်ဆောင်ပေး Chart ပုံစံများနှင့် Diagram များရှိ ကိုယ်စားပြုရန် မကြာခဏအသုံးပြုသော တိမ်ပုံ သင်္ကေတကို ဖြစ်ပေါ်စေပါသည်။ Cloud Computing သည် အင်တာနက်ပေါ်တွင် ဝန်ဆောင်မှု ပြုလုပ်ပေးမှု များကို အိမ်ရှင်အဖြစ် ဆောင်ရွက်ပေးသည့် မည်သည့် အရာကို မဆို အထွေထွေ အားဖြင့် ခေါ်ဆိုသော အမည် ဖြစ် ပါသည်။




ပုံ–၁ Cloud Computing

**214 CM ( Cache Memory )**

ကွန်ပျူတာများ၏ ပရိုဆက်ဆာသည် သတင်းအချက်အလက်ကို သိမ်းဆည်းနိုင်စေရန် System Memory ထဲတွင်လည်း သိမ်းဆည်းထားတတ်ပါသည်။ ပရိုဆက်ဆာထဲတွင် ကိုယ်ပိုင် သိမ်းဆည်းထားသည့် အချက်အလက်များထက် Memory မှ ထုတ်ယူသုံးစွဲလျှင်ပိုပြီး နှေးကွေး နိုင်ပါသည်။ ထိုသို့ ကိုယ်ပိုင် မထိန်းသိမ်းပဲ အခြားတစ်နေရာမှ (Memory) ထုတ်ယူ သုံးစွဲခြင်း ကို Cache Memory ဟု ခေါ်ပါသည်။

**215 CM ( Counter Measure )**

မည်သည့် လှုပ်ရှားမှု (သို့မဟုတ်) မည်သည့်အရာများဖြင့် ပြုလုပ်တည်ဆောက်ထားသည် ဖြစ်စေ အန္တရာယ် ကျရောက်နိုင်မှုကို လျှော့ချရန် ရည်ရွယ်ပါသည်။

**216 CMDB ( Configuration Management Database )**

ပစ္စည်းတိုင်း၏ တည်ဆောက်ပုံ ပုံသဏ္ဍာန်များ ပြောင်းလဲခြင်းကို သတင်းအချက်အလက် အနေဖြင့် သိုလှောင် ထားရာနေရာ တစ်ခု ဖြစ်ပါသည်။

**217 CMP ( Corporate Mobility Policy )**

ကိုယ်ပိုင် မိုဘိုင်းစက် ပစ္စည်းများအတွက် ကော်ပိုရေးရှင်း၏ လုံခြုံရေးနှင့် အသုံးပြုမှု တို့ကို အုပ်ချုပ်စီမံ ရန် လမ်းညွှန်ချက်များ အစုံများပင် ဖြစ်ပါသည်။

**218 CMP ( Corporate Mobility Policy )**

စုစည်းထားသည့် ကိုယ်ပိုင် မိုဘိုင်းစက်ပစ္စည်း ကိရိယာများ၏ သုံးစွဲမှုနှင့် လုံခြုံရေးကို စီမံအုပ်ချုပ် နိုင်ရန် လမ်းညွှန်ချက် ပေးထားသည့် အစုံ (Set) ဖြစ်ပါသည်။

**219 CMS ( Content Management System )**

CMS သည် Database ကို အခြေခံပြီး ဝက်ဘ်ဆိုဒ်အတွင်းရှိ Content Items များအား End User မှ မည်သည့် နေရာတွင်မဆို ဖန်တီးခြင်း၊ ပြုပြင်ခြင်းနှင့် Design များ ပြောင်းလဲခြင်း တို့ကို ဆောင်ရွက်နိုင်သော Dynamic Web Porta စနစ်တစ်ခု ဖြစ်သည်။

**220 CMTS ( Cable Modem Termination System )**
ကေဘယ်လ် တီဗီကွန်ရက် ဝန်ဆောင်မှု လုပ်ငန်းတွင် ဗဟိုဌာနချုပ်တွင် တပ်ဆင်ထားသည့် ကေဘယ်လ်မိုဒမ်( Cable Modem ) စနစ် ဖြစ်သည်။ ကေဘယ်လ်တီဗီစနစ် အစီအစဉ်များကို အိမ်သုံး ကွန်ပျူတာများဖြင့် အင်တာနက်မှ တစ်ဆင့် ကြည့်ရှုနိုင်သည့် စနစ်သို့ ပြောင်းလဲပေးသော ကိရိယာ ဖြစ်သည်။ ကေဘယ်လ်တီဗီစနစ်နှင့် အင်တာနက်စနစ်ကို ဆက်စပ်ပေးသော ကိရိယာ ဖြစ်သည်။

**221 CMTS ( Cable Modem Termination System )**
ကေဘယ်လ်ရုပ်မြင်သံကြား စနစ်၏ Header (သို့မဟုတ်) သုံးစွဲသူသို့ ဖြန့်ဝေပေးသော စက် (hub) တွင်ရှိသော CMTS သည် ကြီးမားသော WAN ကွန်ရက် Wide Area Network အတွင်းရှိ အချက်အလက်များကို ချိတ်ဆက်နိုင်သော ကြိုးဖြင့် သုံးစွဲသည့် Modem နှင့် အပြန်အလှန် ပံ့ပိုး လုပ်ဆောင် ပေးပါသည်။

**222 CMY ( Cyan Magenta Yellow )**
စိမ်းပြာရောင် (Cyan)၊ ကြက်သွေးရောင် (Magenta)၊ အဝါရောင် (yellow) တို့၏ အတိုကောက် စကားလုံး (CMY) ဖြစ်ပါသည်။ အရောင် ပုံနှိပ်ရာတွင် အစီအစဉ်တကျ အသုံးပြုသော မူလ အခြေခံ အရောင်များ ဖြစ်သည့် စိမ်းပြာရောင် ၊ ကြက်သွေးရောင်နှင့် အဝါရောင်တို့ကို ပေါင်းစပ်၍ သန်းပေါင်းများစွာ သော အခြားအရောင်များစွာကို ထုတ်ပေး နိုင်ပါသည်။

**223 CN ( Core Network )**
Core Network တွင် NGN သည် ကွဲပြားခြားနားသော ဝန်ဆောင်မှုတစ်ခုစီအတွက် အစဉ်အဆက် တည်ဆောက်ထားသော ပို့ဆောင်ရေးကွန်ရက်များစွာကို IP နှင့် Ethernet ကို အခြေခံသော ပို့ဆောင်ရေး Core ကွန်ရက် တစ်ခုအဖြစ် ပေါင်းစည်းမှုကို အသုံးပြု ထားပါသည်။ NGN နည်းပညာသည် Circuit Switching တည်ဆောက်ပုံမှ VoIP သို့ အသံဝန်ဆောင်မှု ပြောင်းလဲပုံကို အသုံးပြုထားပါသည်။ ၄င်းအပြင် X.25 ၊ Frame Relay ကဲ့သို့ ယခုလက်ရှိ အောင်မြင်စွာ ရပ်တည်လျက်ရှိသော ဝန်ဆောင်မှု များ ပေါင်းစပ် ပြောင်းလဲလာမှုကိုလည်း အသုံးပြု ထားပါသည်။ NGN တွင် သုံးစွဲသူများ ပေးသော (IP VPN) ဝန်ဆောင်မှုအသစ်သို့ စီးပွားရေးအသွင် ကူးပြောင်းမှုသာမက ကောင်းမွန်သော ဝန်ဆောင်မှု ရရှိရန် အတွက် လုံ့ဆော်သော နည်းပညာ ကူးပြောင်းမှုလည်း ပါဝင်ပါသည်။

**224 CNR ( Carrier to Noise Ratio )**
ဖမ်းစက်ဘက်အခြမ်းတွင် လွှင့်စက်မှ လွှင့်ထုတ်လိုက်သည့် အချက်အလက်များကို ဖမ်းယူရာတွင်သတင်းအချက်အလက်များ စစ်ယူသည့်အပိုင်း (Detection) တွင် မလိုလားအပ်သော ဆူညံသံ ( Noise ) ပါဝင်မှု အချိုးကို ဖော်ပြသည့် သင်္ကေတ တစ်ခုဖြစ်သည်။ ယင်း၏ ပမာဏကို dB ( Decibel ) ဖြင့် ဖော်ပြသည်။

**225 CO ( Central Office )**

Central Office (CO) ဆိုသည်မှာ ဆက်သွယ်ရေးကုမ္ပဏီ၏ ဝန်ဆောင်မှုပေးနေသည့် ဧရိယာအတွင်း သုံးစွဲသူ၏ နေအိမ်နှင့် ဆက်သွယ်ရေးလိုင်းကို ချိတ်ဆက်ပေးမှု ( A Local Loop ) အား ဆောင်ရွက်ပေးသည့် ဗဟိုပြုချိတ်ဆက်သည့်စခန်း ဖြစ်ပါသည်။ အဆိုပါ စခန်းတွင် Switching စက်ပစ္စည်းများ တပ်ဆင်ထားပြီး မြို့တွင်း ၊ အဝေးခေါ်ဆိုမှု များကို ပြုလုပ်ပေးနိုင်သည့် တယ်လီဖုန်း ရုံးလည်း ဖြစ်ပါသည်။ အခြားနိုင်ငံများတွင် ပြည်သူ့ အတွက် ဆက်သွယ်ရေးဝန်ဆောင်မှုပေးသော အိတ်ချိန်း ( Public Exchage ) ဟု လည်း ရံဖန်ရံခါ ခေါ်ဆိုပါသည်။

**226 CO ( Central Office )**

ဆက်သွယ်ရေး ကယ်ရီယာများက သုံးစွဲသူ၏ လိုင်းများကို Switching ကိရိယာများနှင့် ဆက်သွယ်ပေးထားပြီး သုံးစွဲသူအချင်းချင်း ဆက်သွယ်မှုရရှိအောင် ဆောင်ရွက် ပေးထားခြင်းကို ခေါ်ပါသည်။ ဆက်သွယ်မှုကို မြို့တွင်းရော နယ်ဝေးပါ ရရှိအောင် ဆောင်ရွက် ပေးထားပါသည်။

**227 CO ( Circulat Orbit )**

ဂြိုဟ်တုပတ်လမ်းကြောင်း တစ်ခုဖြစ်ပါသည်။ အကွာအဝေးကို ကမ္ဘာမြေကြီး၏ အလယ်ဗဟိုမှ ဂြိုဟ်တုယာဉ်၏ အလယ်ဗဟိုတို့ကြား အကွာအဝေးကို ဆိုလိုပါသည်။ Circulat Orbit သည် အမြဲ ကိန်းသေ တစ်ခု ဖြစ်ပါသည်။

**228 CODEC**

CODEC ဆိုသည်မှာ Coder DECoder ၏ အတိုကောက် ဖြစ်သည်။ ၎င်းသည် Digital Signal မှ Analog Signal သို့ လည်းကောင်း ၊Analog Signal မှ Digital Signal အဖြစ်သို့ လည်းကောင်း ၊ ပြောင်းလဲပေးနိုင်သည့် ဆားကစ်များကို ပေါင်းစပ်ရာတွင် အသုံးပြုသည့် အီလက်ထရောနစ် ပစ္စည်းတစ်ခု ဖြစ်ပါသည်။

**229 Colour Depth**

ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် မည်သည့်အချိန် တစ်ချိန်၌မဆို ဖော်ပြပေးနိုင်သော အရောင် အရေအတွက်ဖြစ်ပါသည်။ ခေတ်ပေါ်ကွန်ပျူတာများတွင် သန်းပေါင်းများစွာသော အရောင်များ ဖော်ပြ ပေးနိုင်၍ အလွန်မြင့်မားသော အရည်အသွေးရှိသည့် ပုံရိပ်များကို ဖြစ်ပေါ် စေသည်။

**230 Compression**

အချက်အလက်များ၊ရုပ်ပုံများ ၊ အသံ (သို့မဟုတ်) ဗီဒီယိုဖိုင်များ တယ်လီဖုန်းလိုင်း (၁) လိုင်းပေါ်မှ ပို့ဆောင်ရာတွင်အရွယ်အစားချုံ့ထားခြင်းကို Compression လုပ်သည်ဟု ခေါ်ပါ သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် ဖိုင်ကို ပို့ဆောင်ရာတွင် Bandwidth လျှော့ချရာ ရောက်ပါ သည်။

**231 Conspiracy**

ပုဂ္ဂိုလ်တစ်ဦးမက ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် တရားမဝင်လုပ်ဆောင်မှုကို

အမြဲသုံးစွဲ နိုင်ရန် ရေးဆွဲထားသော အစီအစဉ်တစ်ခု ဖြစ်ပါသည်။

**232** Constant

သင်္ချာတွင် ကိန်းသေသည်တိကျသောနံပါတ်တစ်ခု (သို့မဟုတ်) ကိန်းသေသတ်မှတ်ထားသော တန်ဖိုးရှိသည့် သင်္ကေတတစ်ခုဖြစ်ပါသည်။ ဥပမာပြရမည်ဆိုလျှင် အောက်ဖော်ပြပါ ညီမျှခြင်းတွင် နံပါတ် ၂ နှင့် ၃ တို့ သည် ကိန်းသေဖြစ်နေချိန်၌ " y " "x " တို့သည် ပြောင်းလဲ လျက်ရှိပါသည်။

y = 2x - 3

ကွန်ပျူတာတွင် ကိန်းသေကို ကွန်ပျူတာပရိုဂရမ်ပြုလုပ်ရာ၌ ကိန်းသေတန်ဖိုးများ သိမ်းဆည်း အသုံးပြုရန် ဖြစ်ပါသည်။ ကိန်းသေတို့ကို ဖန်ရှင်တစ်ခု၏ အစတွင် (သို့မဟုတ်) Source Code ဖိုင်တစ်ခု၏ ထိပ်အစတွင် ပုံမှန် တရားဝင် ကြေညာလေ့ရှိပါသည်။ ကိန်းသေများသည် ဖန်ရှင်တစ်ခု (သို့မဟုတ်) ပရိုဂရမ်အတွင်းတွင် အသုံးများသည့် ပုံသေနည်း တန်ဖိုးများအတွက် အသုံးဝင်ပါသည်။ ဥပမာပြရမည် ဆိုလျှင် C++ ကုတ်တွင် အောက်ပါအတိုင်း ကိန်းသေများကို အများဆုံး ကြေညာထားသည်ကိုတွေ့ရပါသည်။

const int min = $10^{3}$

const int max = $10^{3}$

ကိန်းသေများကို အသုံးပြုခြင်းဖြင့် ပရိုဂရမ်ရေးသူများသည် အချိန်တစ်ခုတွင် တန်ဖိုးတစ်ခုစီ၏ ဆတိုးကိန်း ဖြစ်စဉ်များကို ပြုပြင်မွမ်းမံသွားနိုင်ပါသည်။ ဥပမာပြရမည် ဆိုလျှင် max တွင် ပြောင်းလဲ နေသော တန်ဖိုးကို max ကို ညွှန်းပြီး ပြုပြင်ပြောင်းလဲပေးရလိမ့်မည် ဖြစ်ပါသည်။ ပရိုဂရမ်ရေးဆွဲသူများ က max တွင် နံပါတ်ကို (၁၀၀) ဖြင့် အစားထိုးသုံးပါက " ၁၀၀ " တစ်ခုချင်း ဖြစ်စဉ် တစ်ခုချင်းစီတွင် ပြောင်းလဲ ခြင်းများ ဖြစ်သွားမည် ဖြစ်ပါသည်။ ထို့ကြောင့် မည်သည့်အချိန်တွင်မဆို တိကျသော တန်ဖိုးတစ်ခု အဖြစ် ဆတိုးထားသည့် အချိန်များကို အသုံးပြု ကြပါသည်။ ကောင်းသောပရိုဂရမ်များကို ရေးဆွဲလေ့ကျင့် ရာ၌ ကိန်းသေများ ကို အသုံးပြုပြီး စီစဉ် ဆောင်ရွက် ကြပါသည်။

**233 Control**

မိမိဆန္ဒရှိသော ကိစ္စရပ်များကို ပြီးပြည့်စုံခြင်း (သို့မဟုတ်) မိမိမလိုချင်သော ကိစ္စရပ်များကို ရှောင်ရှားနိုင်ရန် အတွက် စည်းမျဉ်းများ ၊ ဖြစ်စဉ်များ လုပ်နည်းလုပ်ဟန်များနှင့်တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

**234 Control Risk**

အရာဝတ္ထုတစ်ခုတွင် အမှားရှိနေခြင်းသည် အန္တရာယ်ကျရောက်ခြင်း ဖြစ်ပါသည်။ ၎င်းကို အဖွဲ့အစည်း တစ်ခု၏ ထိန်းချုပ်မှုဖြင့် ကာကွယ်နိုင်လိမ့်မည် မဟုတ်သကဲ့သို့ စုံစမ်းတွေ့ရှိနိုင် လိမ့်မည် မဟုတ်ပါ။

**235 Cookie**

အင်တာနက်တွင် လူသိအများဆုံး Cookie ၏အဓိပ္ပါယ်မှာ သတင်းအချက်အလက် အစိတ်အပိုင်းတစ်ခုကို Web Server တစ်ခုမှ Web Browser တစ်ခုသို့ ပို့ဆောင်ခြင်း ဖြစ်သည်။ Browser သည် Cookie များကို သိမ်းဆည်းထားရန်နှင့် Server သို့ တောင်းဆိုမှုများ

ထပ်မံ ပေါင်းစပ်ပေးပြီး ပြန်ပို့နိုင်ရန် ဆောင်ရွက်ပေးပါသည်။

Cookie အသုံးပြုသည့် ပုံစံနှင့် Browser Setting များအရ Browser သည် Cookie ကို လက်ခံသည် (သို့မဟုတ်) လက်မခံသည်နှင့် အဆိုပါ Cookie ကိုလည်း အချိန် ကန့်သတ်ချက်ဖြင့် သိမ်းဆည်းပေးပါသည်။ Cookie များတွင် Login (သို့မဟုတ်) မှတ်ပုံတင်သည့် သတင်းအချက်အလက်များ ၊ အွန်လိုင်းဈေးဝယ်သည့် ကဒ်အချက်အလက်များ၊သုံးစွဲသူများ၏ စိတ်ဝင် စားမှုများ စသည့် သတင်း အချက်အလက် များ ပါဝင်ပါသည်။

Server သည် Cookie တစ်ခုတွင် ပါဝင်သည့် Browser တစ်ခုမှ တောင်းဆိုမှုကို လက်ခံ ရရှိချိန်တွင် Server သည် Cookie တွင် သိုလှောင်ထားသည့် အချက်အလက်များကို အသုံးပြုနိုင်ပါသည်။ Server သည် သုံးစွဲသူ၏ တောင်းဆိုချက်များကို သုံးစွဲသူစိတ်ကြိုက် ပြန်လည် ပို့ဆောင်ခြင်းနှင့် တောင်းဆိုချက်များကိုလည်း သီးသန့်မှတ်တမ်းတစ်ခုအဖြစ် သိမ်းဆည်းထားပါ သည်။

Cookies သည် သက်တမ်းကုန်ဆုံးမည့် အချိန်ကို ကြိုတင် သတ်မှတ်ပေးပြီး Browser Software အား ပိတ်သွားသည့်တိုင် Memory တွင် သိမ်းဆည်းပေးထားသည်။ သက်တမ်း မကုန်ခင် အချိန်အထိ ဟာဒ့်ဒစ်တွင် သိမ်းဆည်းထားပါသည်။

**236 CP ( Candle Power )**

CP သည် အလင်းသိပ်သည်းဆကို တိုင်းတာသည့် ယူနစ်တစ်ခု ဖြစ်သည်။ သတ်မှတ်ထားသော ဦးတည်ဘက်အတွက် အလင်းထုတ်ပေးသော ပင်ရင်းမှ အလင်း၏ စွမ်းအားကို တိုင်းတာ ခြင်း ဖြစ်ပါသည်။

**237 CP ( Consumerization Policy )**

ဖွဲ့စည်းပုံပေးထားသည့် အတိုင်း သုံးစွဲသူများ၏ စက်ပစ္စည်းနှင့် နည်းပညာများ အသုံးပြုပုံကို စီမံခန့်ခွဲ ရန် လုပ်ငန်းများ၏ စာရွက်စာတမ်းပြုစုထားသည့် အစုံများပင် ဖြစ်ပါသည်။

**238 CP ( Consumerization Policy )**

ခွင့်ပြုသည့် အဖွဲ့အစည်းအတွင်းတွင် စီမံခန့်ခွဲမှု လက်တွေ့လုပ်ဆောင်ရမည် မှတ်တမ်းများ အစုံ (Set) ဖြစ်ပြီး သုံးစွဲသူများ၏ စက်ပစ္စည်းများနှင့် နည်းပညာများကို စီမံခန့်ခွဲရန် ဖြစ်ပါ သည်။

**239 CPE ( Customer Premise Equipment)**

CPE ဆိုသည်မှာ PBX ( Private Branch Exchange ) သို့မဟုတ် IAD ( Intergrated Access Device) ကဲ့သို့ သုံးစွဲသူ၏ အဆောက်အဦများတွင်ထားရှိရသည့် ပစ္စည်းကို ခေါ်သည်။

**240 CPE ( Customer-premises Equipment )**

တယ်လီကွန်းဝန်ဆောင်မှုပေးသော အော်ပရေတာ၏ တယ်လီကွန်း ချန်နယ်နှင့် ချိတ်ဆက်ထားသည့် သုံးစွဲသူ၏နေအိမ်တွင် အထိုင်စက်ပစ္စည်းအဖြစ် တပ်ဆင်သုံးစွဲသော ပစ္စည်းများ ဖြစ်ပါသည်။ တယ်လီဖုန်းများ ၊ DSL Modem (သို့မဟုတ်) Cable Modem များ (သို့မဟုတ်) အသုံးပြုရန် အတွက် ဝယ်ယူထား သော Set-top Boxes များကို ဆိုလိုပါ

သည်။ KTS (Key Telephone System ) နှင့် PBX များ လည်းပါဝင်ပါသည်။ ကြိုးမဲ့ Router များ၊ Optical ကွန်ရက် စက်ပစ္စည်းများနှင့် နည်းပညာပေါင်း စုစည်း ထားသည့် အထိုင်စက်ပစ္စည်း အားလုံး စသဖြင့် ဖြစ်ပါသည်။ Pay Telephone နှင့် Overvoltage စီးဆင်းမှု ကာကွယ်သည့် ပစ္စည်း များမှာ CPE ပစ္စည်းမျိုးထဲတွင် ပါဝင်ခြင်း မရှိပါ။

**241 CPN ( Called Party Number )**

CPN သည် တယ်လီဖုန်းလက်ခံဖြေဆိုသူ၏ ဖုန်းနံပါတ်ဖြစ်သည်။ ISDN ( Integrated Service Digital Network) ကွန်ရက်ပေါ်က ဖုန်းခေါ်ဆိုမှုပြုလုပ်ချိန်တွင် SS7(Signaling System 7) က Initial Address Message ပို့ပေးရ ပါသည်။ IAM(Initial Adddress Message ) သည် ISUP Protocol ၏ အစိတ်အပိုင်း တစ်ခု ဖြစ်ပါသည်။

**242 CPS ( Charcters Per Second )**

CPS ဆိုသည်မှာ Charcters Per Second ၏ အတိုကောက် ဖြစ်သည်။ Printer များ နှင့် အခြား ကွန်ပျူတာဆိုင်ရာ ပစ္စည်းကိရိယာများ၏ အမြန်နှုန်းကို CPS ဖြင့် တိုင်းတာရ သည်။

**243 CR ( Call Return )**

Call Return သည် ကွန်ရက်ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး မိမိထံသို့ နောက်ဆုံးဖုန်းခေါ်ဆိုမှု ပြုထားသော ဖုန်းနံပါတ်ကို ရှာဖွေနိုင်ပါသည်။ ဤဝန်ဆောင်မှုကို နံပါတ်တစ်ခုအား ခေါ်ဆိုမှု ပြုခြင်းဖြင့်ရရှိနိုင်ပါသည်။ အမေရိကန်တွင် *၆၉ ကို နှိပ်ခြင်းဖြင့်လည်းကောင်း၊ အင်္ဂလန် တွင် ၁၄၇၁ ကိုနှိပ်ခြင်းဖြင့်လည်းကောင်း၊ အခြားနိုင်ငံတွင်လည်း သတ်မှတ်ပေးထားသော နံပါတ်များကို နှိပ်ခြင်းဖြင့် ဖုန်းအသုံးပြုသူများက Call Return ဝန်ဆောင်မှုကို လွယ်ကူစွာ အသုံးပြု နိုင်ပါသည်။ ယေဘုယျအားဖြင့် Call Return သည် CLI (Calling Line Identity) ကဲ့သို့ ဖုန်း Feature တစ်ခု၏ အစိတ်အပိုင်းဖြစ်ပါသည်။

**244 CR ( Clock Rate )**

Analog Audio တွင် Sampled ယူ၍ Digital Signal သို့ ပြောင်းပေးသော နှုန်း ကို Clock Rate ဟု ခေါ်ပါသည်။ Clock Rate သည် ဒစ်ဂျစ်တယ် အသံဖမ်းယူမှု စနစ် (Digital Audio Recording) နှင့် Processing System များတွင် အရေးပါ ပါသည်။

**245 Cracker**

နောက်ယောင်ခံလိုက်လိုသော ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာစနစ်၏ လုံခြုံရေးကို ချိုးဖောက် ကျူးလွန်နေသူ ဖြစ်ပါသည်။

**246 CRC ( Cyclic Redundancy Check )**

ဆက်သွယ်ရေးလမ်းကြောင်း ချန်နယ် တစ်လျှောက်ဖြတ်သန်းသွားသည် ဒစ်ဂျစ်တယ် Code များ အမှားအယွင်း ရှိ–မရှိ စစ်ဆေးသည့် နည်းပညာဖြစ်သည်။ ပို့လွှတ်လိုက်သည့် သတင်း အချက်အလက်များကို သတ်မှတ်ထားသည့် အရှည်အလိုက် စိတ်ပိုင်းထားသည်။ စိတ်ပိုင်း ရာတွင် ပုံသေ စားကိန်းတစ်ခုဖြင့် စားကာ စိတ်ပိုင်းသည်။ ယင်းနောက် အကြွင်းကို သတင်းအချက်အလက်နှင့် အတူ ပို့လွှတ်လိုက်သည်။ ဖမ်းသည့် ဘက်တွင် အကြွင်းကို

ကွန်ပျူတာဖြင့် ပြန်တွက်ရသည့် အကြွင်း ကွာဟနေပါက အမှားအယွင်း ရှိသည် ဟု စစ်ဆေး တွေ့ရှိသည်။ ဤနည်းဖြင့် အမှားအယွင်း ရှိ–မရှိ စစ်ဆေးပါသည်။

**247 CRC ( Cyclic Redundancy Check )**

အချက်အလက်များ ထုတ်လွှင့်သည့်အခါ အသုံးပြုသည့် Error-checking Method ဖြစ်ပါသည်။ Modem များနှင့် Communication Programs များ အသုံးပြု၍ ဒေတာများ ပို့ပေး ခြင်းနှင့် ဖမ်းယူခြင်းတို့ ပြုလုပ်ရာတွင် အသုံးပြုပါသည်။

**248 CRC ( Cyclic Redundancy Check )**

ကွန်ရက်အတွင်းပေးပို့လိုက်သော ဒေတာများတွင်အမှားများ စစ်ဆေးရန်အတွက် အသုံးပြုသောအလွန်တိကျသည့် Mathematical Method ဖြစ်ပါသည်။ ဒေတာမပို့မီ ကွန်ပျူတာက CRC တန်ဖိုးကိုတွက်ချက်အသုံးပြုသည်။လက်ခံရရှိသောဒေတာတွင် မတူညီသော CRC တန်ဖိုးတွက်ချက်မိပါက ဒေတာပို့လွှတ်စဉ် ကာလအတွင်း ဒေတာ ပျောက်ဆုံးနေခြင်း ဖြစ်နိုင် ပြီး ပြန်လည် ပေးပို့ရပါသည်။

**249 Crosstalk**

ဆားကစ်ပတ်လမ်း (သို့မဟုတ်) ကေဘယ်လ် တစ်လျှောက် အီလက်ထရိုမဂ္ဂနစ်တစ် Field ကြောင့် ဖြစ်ပေါ်လာသော အနှောင့်အယှက် ဖြစ်သည်။ ဆက်သွယ်ရေးဆိုင်ရာ Signal များ သည် ၄င်းနှင့် နီးကပ် သော ဆားကစ်၏ Signal အား နှောင့်ယှက်သဖြင့် Signal တစ်ခုနှင့် တစ်ခုအကြား ရှုပ်ထွေးစေနိုင်ပါသည်။

**250 CRT ( Cathode Ray Tube )**

လေဟာနယ် ပြုလုပ်ထားသော ကတော့ပုံစံ အီလက်ထရွန်များ ထည့်ထားသည့် ဖန်ပြွန် ဖြစ်ပါသည်။ အီလက်ထရွန်များကို မြင်နိုင်သော ပုံရိပ်အဖြစ် ပြောင်းလဲပေးပါသည်။

**251 Cryptography**

သတင်းအချက်အလက် များကို သိပ္ပံ ၊ သင်္ချာ နည်းကျကျ ပြောင်းလဲထားခြင်းဖြစ်သည့် အတွက် ထုတ်လွှင့်မှု (သို့မဟုတ်) သိမ်းဆည်းထားမှုတို့အတွက် လုံခြုံစိတ်ချရသည်။

**252 CS ( Carrier Signal )**

Carrier Signal ဆိုသည်မှာ သတင်းအချက်အလက်များကို သယ်ဆောင်သွားသည့် တည်ငြိမ် အခြေခံ ဖရီကွမ်စီ ရှိသည့်လှိုင်း(wave) သို့မဟုတ် Pulse ဖြစ်ပါသည်။ အဆိုပါ Signal ၏ ပမာဏကို ပြောင်းလဲ၍သော်လည်းကောင်း ၊ ဖရီကွမ်စီကို ပြောင်းလဲ၍သော် လည်းကောင်း အသွင် (Phase) သို့မဟုတ် အခြားနည်းလမ်းများဖြင့် ပြောင်းလဲ၍သော် လည်းကောင်း သတင်းအချက်အလက်များကို သယ်ဆောင်သွားပါသည်။ ထိုသို့ပြုလုပ်ခြင်းကို လှိုင်းသခြင်း (Modulation) လုပ်သည်ဟုခေါ်ပါသည်။ ဖိုင်ဘာမီဒီယာ ပေါ်ပေါက် လာသည့် အခါ (Carrier Signal) ကယ်ရီယာသည် သတင်းအချက်အလက်များ သယ်ဆောင်သွား သည့် လေဆာမှ ထုတ်လွှင့်သည့် အလင်းတန်းတို့လည်း ဖြစ်ပါ သည်။

**253 CS ( Clock Speed )**

Microprocessor တစ်ခု တွက်ချက်လုပ်ဆောင်မှု အမြန်နှုန်း (Speed) ကို Clock Speed ဟု ခေါ်၍ MHz ( Megahertz ) ယူနစ်ဖြင့် တိုင်းတာပါသည်။ Common Clock Speeds Ranges သည် 4.77MHz မှ 33 MHz အတွင်း ရှိပါသည်။

**254 CSF ( Call Service Function )**

CSF သည် ဖုန်းခေါ်ဆိုမှုအတွက် BICC Signaling ကို အသုံးပြုပြီး ISUP နှင့်ချိတ်ဆက် အလုပ်လုပ်ပါသည်။ CSF သည် ဖုန်းခေါ်ဆိုမှုတစ်ခုပေါ်မူတည်၍ BICC လုပ်ကိုင်ပုံ အဆင့်ဆင့်ကိုဖြစ်ပေါ်စေပါသည်။ CSF သည် အောက်ပါ လုပ်ဆောင်ချက် (၃)မျိုးကို ဆောင်ရွက်ပေးပါသည်။

၁။ TDM ( Time Division Multiplex ) ကွန်ရက် ၏ မူလ ISUP Signaling နှင့် ချိတ်ဆက် ပေးနိုင်ခြင်း ၊

၂။ STC (Signaling Transport -specific Converter) ဟု ခေါ်သည် SS7 Signaling မှ IP Signaling သို့ ပြောင်းလဲ ချိတ်ဆက် ပေးနိုင်ခြင်း ၊

၃။ သတင်းအချက်အလက် သယ်ဆောင်ပေးရန်လမ်းကြောင်းများ ဖန်တီးနိုင်သည့် BCF ( Bearer Control Function ) နှင့် ချိတ်ဆက်ပေးနိုင်ခြင်းတို့ ဖြစ်ပါသည်။

**255 CSI ( Channel State Information )**

CSI သည် ရေဒီယိုလိုင်းများဖြင့် သုံးစွဲသော ဆက်သွယ်ရေးလိုင်းများ၏ အခြေအနေကို ဖော်ပြပေးသည့် အချက်အလက်များဖြစ်ပါသည်။ အဆိုပါ ဆက်သွယ်ရေး ရေဒီယိုလိုင်းများသည် တစ်ခုထက်ပိုသော လွှင့်ထုတ်တိုင်မှ ထုတ်လွှင့်သည့်ပုံစံနှင့် တစ်ခုထက်ပိုသော လက်ခံရယူသည့် Antenna တိုင်မှ မည်သို့ ပြောင်းလဲရယူမည် ဆိုသည့် အခြေအနေကိုပါ ဖော်ပြညွှန်းဆို ပေးပါ သည်။

**256 CSIRT ( Computer Security Incident Response Team )**

CSIRT သည် Security နှင့်ပတ်သက်သည့် ပြဿနာဖြစ်ပွားမှုများတွင် ပူးပေါင်း ပါဝင်ပြီး ဖြေရှင်းချက် (Solution) များ ရရှိအောင်ဆောင်ရွက်မှုများအတွက် ရည်ရွယ်၍သတ်မှတ်ဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်သည်။ ၎င်းအဖွဲ့၏ဦးတည်ချက်သည် Security ပြဿနာ များကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများကို လျှော့ချထိန်းချုပ်ရန် ၎င်းပြဿနာတို့ ကို ဖြေရှင်းနိုင်မည့် ကောင်းမွန်သောလမ်းညွှန်မှုပေးရန်နှင့် အချက်အလက်များ ပြန်လည် ရရှိနိုင်မည့် လုပ်ဆောင်မှုများ ပြုလုပ်ရန် ၊ နောင်တွင် ဖြစ်ပွားလာမည့် Security ပြဿနာ များအားကာကွယ်ရန်တို့ဖြစ်သည်။ ဤကဲ့သို့ ခိုင်မာသော IT Security အဖွဲ့အစည်း ရှိ ခြင်းကြောင့် အရေးကြီးသော Security ပြဿနာများကို ကူညီကာကွယ်နိုင်ခြင်း ၊ ပျက်စီး ထိခိုက်မှုတို့ကို လျှော့ချနိုင်ပြီး အဖွဲ့အစည်း ၏ တန်ဖိုးရှိ အသုံးပြုနေသော ဆော့ဖ်ဝဲ ၊ ဟာ့ဒ်ဝဲ များကိုလည်း ကူညီ ကာကွယ် နိုင်ပါသည်။

**257 CSMA ( Carrier Sense Multiple Access )**

CSMA သည် Carrier Sense Multiple Access ဖြစ်ပြီး Signals ထုတ်လွှင့်မည့် စက်ပစ္စည်းများမှအခြား Carrier Signals များကို စောင့်ကြည့်၍ တစ်ပြိုင်နက်တည်း လက်ခံ

ရယူ မည့်စနစ်ဖြစ်ပါသည်။" မပြောမီ နားထောင်ပါ " ဟူသောစနစ်အတိုင်း၊လိုင်းမအားပါက သတင်းအချက်အလက် အပိုင်းငယ်သစ်အား စတင်မထုတ်လွှင့်နိုင်ပါ။ ထို့ကြောင့်ထုတ်လွှင့်သည့် သတင်းအချက်အလက်အပိုင်းငယ်များ အချင်းချင်း လိုင်းပေါ်တွင်တိုက်မိမည်ကို လျှော့ကျစေသည်။ သို့သော် ယင်းစနစ်တွင် Signal လွှင့်ထုတ်မည့် ပစ္စည်းသစ်သည် ပြဿနာတစ်ရပ် ဖြစ်သည်။ တစ်ခါတစ်ရံ Signal ထုတ်လွှင့်မည့် ပစ္စည်းသစ်တစ်ခုသည် အခြားသော ရပ်ဝေးမှ မူလ Signal ထုတ်လွှင့်နေသည့် စက်ပစ္စည်းကြောင့် အသုံးပြုမည့် လိုင်း၏ အခြေအနေ ရရှိမှုကို မသိနိုင်ခြင်း ဖြစ်ပါသည်။

**258 CSO (Composite Second Order )**

CATV စနစ်တွင် အရေးကြီးသည့် လှိုင်းပုံပျက်မှု တိုင်းတာသည့်စနစ် ( Important Distortion Measurment ) ဖြစ်သည်။ အဓိက တိုင်းသည့် လှိုင်းပုံပျက်မှုမှာ – ဒုတိယ အဆင့် လှိုင်းပုံပျက်မှု ( Second Order Distortion ) ဖြစ်သည်။

**259 CSS ( Cascading Style Sheets )**

CSS ဆိုသည်မှာ HTML Tages များကို မည်သည့်နေရာတွင် မည်သို့ အသုံးပြုမည်ကို အဓိပ္ပါယ် သတ်မှတ်ထားခြင်း ဖြစ်သည်။ Website တစ်ခုတွင် Webpage များ တစ်ခုထက်ပို၍ ပါဝင်တတ်ရာ Website Design ပြောင်းလဲရာတွင် Webpage တစ်ခုစီကို HTML Tages များ လိုက်လံထည့်သွင်း မည့်အစား ပိုမို လွယ်ကူ အဆင်ပြေနိုင်ရန် ဗဟိုမှ ထိန်းချုပ်ပြောင်းလဲနိုင်သော ဖိုင်တစ်ခု ဖြစ်သည်။ ပုံမှန် အားဖြင့် CSS ဖိုင်များကို Style.CSS ဟု အမည်ပေးလေ့ ရှိသည်။

**260 CSU / DSU ( Channel Service Unit / Data Service Unit)**

CSU / DSU (Channel Service Unit / Data Service Unit) သည့် ဟာဒ့်ဝဲပစ္စည်း တစ်ခု ဖြစ်ပြီး LAN ( Local Area Network ) မှ ဒစ်ဂျစ်တယ်ဒေတာဖရိမ် (Frame) ကို WAN (Wide Area Network) သို့ သင့်လျော်သော ဖရိမ်တစ်ခုအဖြစ်သို့ အပြန်အလှန် ပြောင်းလဲ ပေးပါ သည်။

**261 CT ( Call Transfer )**

CT သည် မိမိအား ခေါ်ဆိုလာသည့်ဖုန်းအား အခြားဖုန်းနံပါတ်သို့ လွှဲပြောင်းနိုင် သည့် မိုဘိုင်းဖုန်း Feature တစ်ခုဖြစ်ပါသည်။ ခေါ်ဆိုလိုက်သော ဖုန်းနံပါတ်မှတစ်ဆင့် လွှဲထားသော နံပါတ်အသစ်တွင် ဖုန်းသံမြည်စေလျက် မူလခေါ်ဆိုထားသော ဖုန်းနံပါတ်က ဖုန်းလိုင်း ချိတ်ဆက်မှု တွင် မပါဝင်အောင်လည်း CT က ဆောင်ရွက်နိုင်ပါသည်။

**262 CT ( Colour Television )**

အီလက်ထရွန်းနစ် ပစ္စည်းဖြစ်သည့် အရောင်စုံ ရုပ်မြင်သံကြားဖြစ်ပြီး ၊ ဖမ်းယူပြီး ဖော်ပြပေးသည့် ရုပ်ပုံ (Pictures) များသည် အရောင်စုံဖြစ်ပြီး အသံပါ ပါဝင်ပါသည်။ ၄င်းစနစ် အားလုံးသည် အရောင်၏ အခြေခံသဘောတရားကို အခြေခံထားပြီး မူလအရောင်သုံးမျိုး ဖြစ် သည့် အနီ၊ အစိမ်းနှင့် အပြာရောင်တို့ကို ရောနှော ပေါင်းစပ် ခြင်းဖြင့် လိုအပ်သော အရောင် များကို ဖော်ပြပေးပါသည်။

**263 CT ( Colour Temperature )**

အရောင် (Colour) ၏ အရည်အသွေးဖြစ်ပြီး ၊ အလင်း ပင်ရင်းကို Degrees Kelvin (k) ဖြင့် ဖော်ပြပါသည်။ Colour Temperature တန်ဖိုး မြင့်မားလေလေ ၊ အလင်းရောင်သည် အပြာရောင်သန်း လာပြီး ၊ Colour Temperature တန်ဖိုးနည်းလေလေ ၊ အလင်းရောင်သည် အနီရောင်သန်းလာပါသည်။

**264 CT ( Computer Trespass )**

ကွန်ပျူတာတစ်ခုထဲသို့ (သို့မဟုတ်) မိမိအသုံးပြုနေသော လုပ်ငန်းထဲသို့ ဥပဒေနှင့် အကျုံး မဝင်သော လုပ်ငန်းများ ဝင်ရောက်ခြင်း ဖြစ်ပါသည်။

**265 CTB ( Composit Triple Beat )**

CATV စနစ်တွင်အရေးကြီးသည့် လှိုင်းပုံပျက်မှု တိုင်းတာမှု တစ်ခုဖြစ်သည်။ တိုင်းတာ သည့် လှိုင်းပုံပျက်မှုမှာ တတိယအဆင့် လှိုင်းပုံပျက်မှု( Third Order Distortion ) ဖြစ် သည်။

**266 CTI ( Computer Telephony Integration )**

တယ်လီဖုန်းဝန်ဆောင်မှု လုပ်ငန်းမြှင့်တင်နိုင်ရန် အသံပိုင်းနှင့် အချက်အလက်ပိုင်းကို ပေါင်းစည်း ပေး သော စနစ်အား CTI ဟု ခေါ်ပါသည်။ ဥပမာအားဖြင့် ကွန်ပျူတာမှတစ်ဆင့် အီးမေးလ်သုံးစွဲနိုင်ခြင်းတို့ ဖြစ်ကြပါသည်။

**267 CTIA ( Cellular Telecommunication & Internet Association )**

Cellular ဆက်သွယ်ရေးနှင့် အင်တာနက်သုံးစွဲသူများမှ ဖွဲ့စည်းထားသော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ဝိုင်ယာလက် ဆက်သွယ်ရေး ဆဲလ်လူလာစနစ် ၊ ကိုယ်ပိုင် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ၏ အစိတ်အပိုင်းကဏ္ဍကို ကိုယ်စားပြုပြီး၊ မိုဘိုင်း ဆက်သွယ်ရေး၏ ရေဒီယိုစနစ်များကို အထူးပြု၍ စွမ်းဆောင်ရည် မြင့်မားအောင် ဆောင်ရွက် ပေးပါသည်။

**268 CV ( Companion Virus )**

Companion Virus ( အဖော် ဗိုင်းရပ်စ်) ဆိုသည်မှာ EXE File များကို တိုက်ခိုက်သော ဗိုင်းရပ်စ် တစ်မျိုး ဖြစ်ပါသည်။ ထိုသို့ တိုက်ခိုက်ရာတွင် EXE file နှင့် အမည်တူသော COM file များကို ဖန်တီးပြီး ၄င်းတို့ထဲတွင် Virus code ထည့်သွင်းထားပါသည်။ ၄င်းတို့ သည် DOS ၏ဂုဏ်သတ္တိများကို အပြည့်အဝအသုံးချ အမြတ်ထုတ်ထားပြီး အမည်တူသော ပရိုဂရမ် နှစ်ခု ရှိပါက Operating System (O.S) မှာ EXE file ထက် COM file ကို ဦးစားပေး လုပ်ဆောင်ပေးမည် ဖြစ်သည်။

**269 CW ( Call Waiting )**

မိမိဖုန်းပြောနေစဉ် တခြားတစ်ယောက်မှ မိမိ၏ ဖုန်းအား ခေါ်ဆိုခဲ့ပါက Busy ဖြစ်ရမည့် အစား ခေါ်ဆိုသူဘက်တွင် RBT (Ring Back Tone) သာလျှင် ကြားပြီး မိမိ၏ Handset

တွင်  တခြားတစ်ယောက်က ခေါ်ဆိုနေကြောင်း သတိပေးသံကြားရမည်ဖြစ်သည်။ ထိုအခါ မိမိမှ ၄င်း Second Call ကို နားထောင်ခြင်း ၊ စကားပြောခြင်း များ ပြုလုပ်နိုင်အောင် ဝန်ဆောင်မှုပေးသည့် စနစ်ဖြစ်သည် Second Caller နှင့် စကားပြောနေစဉ် First Caller ကို Hold လုပ်ထား၍လည်း ရပါသည်။

**270 CW ( Circuit Switching )**

Circuit Switching ဆိုသည်မှာ တစ်နေရာမှ တစ်နေရာသို့ ချိတ်ဆက်ပေးသော ပတ်လမ်း တစ်ခုကို အစပျိုးခြင်းဖြင့် တယ်လီဖုန်းဆက်သွယ်မှုတစ်ခု ဖန်တီးသော နည်းလမ်း ဖြစ်ပါသည်။ ၄င်းပတ်လမ်းသည် ဆက်သွယ်မှုပြုလုပ်နေစဉ် တစ်လျှောက် ချိတ်ဆက်ထားရပြီး ကွန်ရက်ရှိ အသုံးပြုထားသော Circuit များကို စကားပြောဆိုမှု မပြီးမချင်း အခြားမည်သူကမျှ အသုံး ပြုခွင့်မရှိပေ။ Circuit Switching ၏ အဓိက အားသာချက်မှာ ၄င်း၏ စွမ်းဆောင်ရည် အပေါ် အာမခံမှုပေးနိုင်ခြင်းပင် ဖြစ်သည်။

**271 CWDM ( Coarse Wavelength Division Multiplexing )**

လှိုင်းအလျား (Wavelength λ) ပေါင်း ဆယ်ခုအောက် ပေါင်းစုထုတ်လွှင့်သည့် (Multiplex) နည်းပညာကို ခေါ်သည်။ ချန်နယ် ( λ ) တစ်ခုနှင့် တစ်ခု ခြားထားမှု (Spacing ) ကျယ်ဝန်းသည်။

**272 Cybercar**

ယာဉ်မောင်းမလိုပဲအလိုအလျောက်သွားလာနိုင်သည့် Electronic မော်တော်ကား ဖြစ်သည်။ ၄င်းကားများကို အာရုံခံကိရိယာများ(Sersors) ၊ လမ်းကြောင်း ရှာဖွေသော စနစ်




(Navigation) ၊ ရွေ့လျားမှုအစီအစဉ် (Motion Planning)၊ မော်တော်ကား ၏ စက်ပစ္စည်းများအား အလုပ်လုပ်စေသောစနစ် (Actution) စသည့် နည်းပညာများ ဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။ သို့ရာတွင် Motion Planning နည်းပညာပိုင်းတွင်မူ ရှင်းရနည်း ပြဿနာများ စွာ ကျန်ရှိ နေပါ သေး သည်။ Cybercar များကို ၂၀၁၈ ခုနှစ် အတွင်း ကမ္ဘာ့ကားလမ်းမများ ပေါ်တွင် မြင်တွေ့ရနိုင် မည် ဟု နည်းပညာရှင်များက မျှော်မှန်း ထားကြသည်။

**273 Cyberterrorist**

ကွန်ပျူတာနှင့် အခြေခံအဆောက်အဦးကွန်ရက်များကို ဖျက်စီး တိုက်ခိုက်လိုသည့် အတွေး၏ လှုံ့ဆော်မှုဖြင့် တိုက်ခိုက်နေသူ ဖြစ်ပါသည်။

**274 Cyborg ( Cybernetic Organism )**






Cyborg ဆိုသည်မှာ စက်ပစ္စည်းနှင့် သက်ရှိသတ္တဝါတို့အား ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ယေဘုယျအားဖြင့် ခြေတု ၊ လက်တုများ ၊ နားကြားကိရိယာများ ၊ အာရုံခံ ကိရိယာများ၊ နှလုံးခုန်စက်များ စသည့် ကိရိယာများ၏ အကူအညီဖြင့် အသက်ရှင်လှုပ်ရှား နေသော လူသားများပင်လျှင် နည်းပညာအရကြည့်မည်ဆိုပါက Cyborg များဖြစ်သည်။ ယနေ့ခေတ် နည်းပညာများ ၏ရည်မှန်းချက်တစ်ရပ်ဖြစ်သော Ubiquitous world အတွက် အထူးပြုလုပ်ထားသည့် မျက်မှန်များ ၊ လက်အိတ်များ ၊ ကွန်ပျူတာများ စသည့် ပစ္စည်း ကိရိယာများ လိုအပ်မည်ဖြစ်ရာ ၎င်းကိရိယာများကို ဝတ်ဆင်ရမည့် လူသားများသည် Cyborg များ ဖြစ်လာပေမည်။

## Glossary D

### 275 D -Channel ( Delta - channel )

Delta-channel ၏ အတိုကောက်ဝေါဟာရဖြစ်သည်။ ISDN ဆက်သွယ်မှုတွင် ထိန်းချုပ်မှုနှင့် အချက်ပြမှုဆိုင်ရာ သတင်းအချက်အလက်များကို သယ်ဆောင်ပေးသော Channel ဖြစ်သည်။

### 276 DA ( Dictionary Attack )

လုံခြုံရေးစနစ်များ အဓိကအားဖြင့် Password ဖြင့် ထိန်းသိမ်းထားသော လုံခြုံရေးစနစ်များတွင် Password ဖော်ထုတ်ရန် Hacker များမှ အသုံးပြုသော နည်းစနစ် တစ်မျိုးဖြစ်သည်။ ၎င်းနည်းလမ်းတွင် ဖြစ်နိုင်ချေအများဆုံးသော စကားလုံးများ (နာမည်၊နေရာ) အစရှိသည်တို့ဖြင့် ပထမဦးဆုံး စမ်းသပ်ပြီး Password ထုတ်ဖော်ခြင်း ဖြစ်သည်။ ထို့နောက် Dictionary အတွင်း ရှိသမျှ စကားလုံးတိုင်းကို သုံးစွဲ၍ Password ကို ရှာဖွေခြင်းကြောင့် ထိုသို့ပြုလုပ်၍ Password ရယူခြင်းကို Dirctionary Attack ကို ခေါ်ဆိုခြင်း ဖြစ်သည်။

### 277 DAB ( Digital Audio Broadcating )

DAB ဆိုသည်မှာ ဒစ်ဂျစ်တယ်နည်းပညာဖြင့် အသံလွှင့်ခြင်း စနစ်ဖြစ်ပြီး Analogue ရေဒီယိုစနစ်ကို အစားထိုးမည့် စနစ်ဖြစ်ပါသည်။ ယင်းအတွက် ရရှိမည့် အကျိုးကျေးဇူးများမှာ

- ထုတ်လွှင့်မှု အရည်အသွေး ပိုမိုကောင်းမွန်ခြင်း ၊
- ဖမ်းယူ ရရှိသည့် အသံ ပိုကောင်းခြင်း ၊
- ရေဒီယို အစီအစဉ်များကို လွယ်ကူစွာ ရွေးချယ် ဖမ်းယူနိုင်ခြင်း ၊
- သတင်းနှင့် အချက်အလက်ဝန်ဆောင်မှုများကို ပါ ရရှိနိုင်ခြင်းတို့ ဖြစ်ပါသည်။

ယင်းသည် အသံလွှင့်စနစ်အတွက် သာမာန် သုံးစွဲနေကျ ရေဒီယို အသံဖမ်းစက်ကို အသုံးပြု ၍ မရနိုင်ဘဲ ယင်းစနစ်ပါဝင်သည့် သီးသန့် ရေဒီယို အသံဖမ်းစက်အသစ် လိုအပ်ပါသည်။

**278 DAB +**

DAB + သည် ဒစ်ဂျစ်တယ်အသံလွှင့်စနစ်အတွက် အသံ Code ( Coder / Decoder ) စက်ပစ္စည်း ကို ထပ်မံပေါင်းစပ်ပေးထားသည့် စနစ်ဖြစ်ပါသည်။ DAB + onf MPEG -4 ၏ Advanced Audio Coding AAC ( တိုးတက်လာသော အသံမှတ်သားမှုစနစ် ) ကို အခြေခံ ထားပါသည်။ ယင်းမှတ်သားမှု စနစ်သစ်သည် MPEG Audio Layer 11 ကို အခြေခံထားသည့် မှတ်သားမှုစနစ် အဟောင်းထက် ပို၍ စွမ်းရည်မြင့်မားပါသည်။ DAB + သည် ရေဒီယိုထုတ်လွှင့်မှုစခန်းများအကြားမှထုတ်လွှင့်ခြင်းများကို နားထောင်သူ၏ ရွေးချယ်မှုအရဆောင်ရွက်ပေးနိုင်ပါသည်။ DAB + သည် မူရင်းစံနှုန်းနှင့်လည်း အသွင်ပြောင်း တွဲဘက်သုံးစွဲနိုင်ပါသည်။ လက်ရှိ DAB ထုတ်လွှင့်စခန်းများမှာလည်း DAB + ကို ထုတ်လွှင့် နိုင်ပါ သည်။ ယင်းအတွက် လက်ခံရ ယူမည့် ရေဒီယိုများတွင်လည်း DAB + အတွက် မှတ်သားမှု စနစ် ပါရှိရမည် ဖြစ်ပါသည်။

**279 DAB IP ( Digital Audio Broadcasting For IP Packets )**

DAB IP သည် IP Packets ( Internet Traffic ) များကို ဒစ်ဂျစ်တယ်အသံလွှင့် စနစ်ဖြင့် ထုတ်လွှင့်ပေးခြင်းဖြစ်ပါသည်။ ယင်းကို DAB EPM ( Digital Audio Broadcasting Enhance Packet Mode ဟုလည်း ခေါ်ပါသည်။ အချက်အလက်ကို IP Packet အနေဖြင့် ထုတ်လွှင့်ရာတွင် ဒစ်ဂျစ်တယ်အသံလွှင့်စနစ် ထုတ်လွှင့်မည့် ပုံစံထဲတွင် ယင်းကိုသွတ်သွင်းပြီး ထုတ်လွှင့် ရပါသည်။ ဤသို့ ပြုလုပ်သည့်အတွက် အခြားသော ရွေ့လျား ရုပ်မြင်သံကြား ထုတ်လွှင့် ခြင်း အပါအဝင် ရုပ်/မြင် တေးဂီတ စသည့် ဝန်ဆောင်မှုစနစ်များအတွက် DAB ကို အသုံးပြုရန် ဖြစ်နိုင်ပါသည်။

DAB EMP သည် အသံလက်ခံမှု အရည်အသွေး ပိုမို ကောင်းမွန်မှုရှိစေရန် RS (Reed-solution Code) ဖြင့် အသံကို မှတ်သားပြီး အမှားပြင်ပေးပါသည်။ အသံထက်လည်း အမှားဖြစ်ဖို့ ပို၍ နည်းလာစေပါသည်။ ယင်း RS Code ဖြင့် အသံမှတ်သားမှု စနစ်ကြောင့် အချက်အလက် ပေးပို့မှု ပမာဏမှာ ၇၈% ခန့် လျော့ကျစေနိုင်ပါသည်။

**280 DAMA ( Demand Assignment Multiple Access )**

DAMA သည် တောင်းဆိုမှု အပေါ်မူတည်ပြီး အချိန်အပိုင်းအခြားငယ်ကို သတ်မှတ်၍ လက်ခံသောစနစ် (Demand Assignment Multiple Access) ဖြစ်ပါသည်။ ဆက်သွယ်ရေး စနစ်တစ်ခုတွင် သုံးစွဲသူအများအပြား၏ တောင်းဆိုမှုကို အခြေခံ၍ လိုင်း၏ အကျယ်ကို ဝေမျှ သတ်မှတ်၍ သုံးစွဲသောစနစ်ဖြစ်ပါသည်။ DAMA စနစ်သည် အချိန်ကို ပိုင်းခြား၍ သုံးစွဲ ခြင်း ( TDM- Time Division Multiplexing ) နှင့် Frequency ကို ပိုင်းခြား၍သုံးစွဲခြင်း (FDM -Frequency Division Multiplexing)စနစ်များအပါအဝင်၊ ပူးပေါင်းပြီး ဆောင်ရွက် သည့် စနစ် ဖြစ်ပါသည်။

**281 D-AMPS ( Digital – Advanced Mobile Phone System )**

D-AMPS ဆိုသည်မှာ မြောက်အမေရိကတိုက်၊ လက်တင်အမေရိက၊ ဩစတြေးလျနှင့် ပူရှန်ဒေသ တစ်စိတ်တစ်ပိုင်းနှင့် အာရှတိုက်တို့တွင် အစောပိုင်းကာလအသုံးပြုခဲ့သော ဒစ်ဂျစ် တယ် မိုဘိုင်းတယ်လီဖုန်းများအတွက် အမေရိကန်၏ စံနှုန်းသတ်မှတ်ချက်ဖြစ်သည်။ မြောက် အမေရိကတွင် TDMA (Time Division Multiple Access ) ဟုလည်း သိထားကြသည်။

**282 Database**

Structure တည်ဆောက်ထားသည့်တို့ကို ပေါင်းချုပ်ထားပြီးအမြင်သဘောထား အယူအဆ များပေါ် အခြေတည်လျက် ဆက်နွယ်နေသည့် ဒေတာ (သို့မဟုတ်) ဒေတာဖိုင်များကို ဖွဲ့စည်း သိုလှောင်ထားခြင်းဖြစ်သည်။ Database ပုံစံ အမျိုးမျိုးတည်ဆောက်နိုင်သည်။ ဥပမာပြရ လျှင်အလွယ်ကူဆုံးသည် ဇယားများဖြစ်ပြီး မှတ်တမ်းတစ်ခုစီအတွက် အလျားလိုက် ဆက်နွယ်နေသည့် item အစုတွင် သီးသန့်အမည်နှင့် လိပ်စာနှင့် Field တစ်ခုစီ အတွက် ထောင်လိုက် ကို အမျိုးအစားများအားဖြင့် မှတ်တမ်းတစ်ခုစီအတွင်း နောက်ဆုံးအမည် ၊ အိမ်နံပါတ် ၊ လမ်း၊ မြို့ စသဖြင့် တည်ဆောက်ထားခြင်းဖြစ်ပါသည်။

ကြီးစဉ်ငယ်လိုက် Tree Structure များတွင် ၎င်းတို့၏ ဒေတာများကို အစဉ်လိုက် အဆင့်ဆင့် ဖြင့် ပြုလုပ်ထားသည်။ ဥပမာ ကျောင်းအတွက် သတ်မှတ်ရာတွင် ဝန်ထမ်းနှင့် ကျောင်းသားများသည် မြင့်သော အဆင့်တွင် ထားရှိပြီး ၊ သီးသန့်အမည်များကို အောက်တွင် ထားရှိပါသည်။ စွမ်းအား အမြင့်ဆုံး Database များသည် သုံးစွဲသူများ ရှာဖွေမှု လွယ်ကူနိုင်ရန် တားမြစ်မှုများ မရှိပဲ ဒေတာများကို သိမ်းဆည်းထားသည့် စနစ် ဖြစ်ပါသည်။

**283 DB Loss**

Signal Strength ကို တိုင်းတာသည့် ယူနစ်ဖြစ်ပြီး Decibel (dB) ဖြင့် ဖော်ပြပါသည်။ Standard Signal Source နှင့် Transmitted Signal တို့ အကြားရှိ ဆက်စပ်မှုလည်း ဖြစ်ပါ သည်။ Communication Circuit တစ်လျှောက် Signal Generator မှ Transmit လုပ် လိုက်သည့် ပမာဏအောက် Signal Received က လျော့နည်းသွားသည့် တိုင်းတာ ရရှိမှု ကို Loss ဟု ခေါ်ပါသည်။

**284 dBm**

ဒက်ဆီဘယ်သည် ၁မီလီဝပ် (1m Watt) ကို ကိုယ်စားပြုပါသည်။ Transmit Level (ထုတ်လွှင့်မှု Level) ကဲ့သို့ သတ်မှတ်ထားသော Level များကို တိုင်းတာရာတွင် အသုံးပြုပါသည်။

**285 DBMS ( Database Management System )**

Database တစ်ခုတွင် များပြားလှသော ဒေတာများကို လွယ်ကူစွာ ပြန်လည် ရှာဖွေနိုင်ခြင်း သိမ်းဆည်းနိုင်ခြင်းတို့ကို ပြုလုပ်ပေးသော ပရိုဂရမ်တစ်ခု ဖြစ်ပါသည်။

**286 DBS ( Direct Broadcast Satellite )**

DBS ဆိုသည်မှာ ဂြိုဟ်တုမှ တိုက်ရိုက်လွှင့်ထုတ်ခြင်း ဟု အဓိပ္ပါယ် ရပါသည်။ မြောက်များ

စွာသော တယ်လီဗီးရှင်း အစီအစဉ်များကို ဂြိုဟ်တုမှ နေအိမ်တွင် တပ်ဆင်ထားသည့် အင်တင် နာ အသေးစားလေးများထံသို့ လွှင့်ထုတ်သည့် နည်းပညာ ဖြစ်ပါသည် ။

**287 DBS/ DISH ( Direct Broadcast Satellite )**

ပါဝါအမြင့်စားဂြိုဟ်တုဖြစ်ပြီး ထုတ်လွှင့်ရာတွင်လည်းကောင်း ၊ ပြန်လည်ထုတ်လွှင့်ရာတွင် လည်းကောင်း၊ ဆစ်ဂနယ်များကို ကြည့်ရှုသူ ပြည်သူများထံ တိုက်ရိုက် လက်ခံရရှိအောင် ပြုလုပ် ထားသည်။ နေအိမ် (သို့မဟုတ်) အခြား အဆောက်အဦးများပေါ်တွင် တပ်ဆင်ထားသော (၁၈)လက်မ အရွယ်ရှိ Dish အပြား (သို့မဟုတ်) ကမ္ဘာ့မြေပြင်ရှိ သေးငယ်သော Station များထံသို့ ဆစ်ဂနယ် များကို ထုတ်လွှင့်ပေး ပါသည်။

**288 DC ( Data Communications )**

Electronic Transmission System (သို့မဟုတ်) လျှပ်စစ်ပိုင်းဆိုင်ရာဖြင့် အချက်အလက်များကို Encoded ပြုလုပ်၍ ရွေ့လျားမှု ဖြစ်ပေါ်စေခြင်း ဖြစ်ပါသည်။ ဒေတာများ တစ်နေရာမှ တစ်နေရာ ထုတ်လွှင့်ရာတွင် ဆက်သွယ်ရေးလမ်းကြောင်း(Communication Channels ) များ ပေါ်မှ ပို့ပေးပါသည်။

**289 DC ( Digital Certificate )**

Web ပေါ်မှနေ၍ စီးပွားရေးလုပ်ငန်းများနှင့် အခြားသော လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် အထောက်အထားပြပေးသည့် Electronic Credit Card တစ်ခု ဖြစ်ပါသည်။ မှန်ကန်ကြောင်း ထောက်ခံပေးသည့် အခွင့်အာဏာရှိသူ CA( Certification Authority) မှ ထုတ်ပေးပါသည်။ ၄င်းတွင် အမည် ၊ Serial Number ၊ သက်တမ်းကာလ ၊ ကိုင်ဆောင်သူ၏ Public Key၊ လက်ခံသူ အား ထုတ်ပေးသည့် ၄င်း Certificate မှန်ကန်ကြောင်း သက်သေပြနိုင်သည့် Certificate ထုတ်ပေး သူ၏ Digital Signature တို့ ပါဝင်ပါသည်။

**290 DC ( Distribution Cabinet )**

Cupper Network ( PSTN ) System တွင် Primary Cable နှင့် Secondary Cable များ၏ Pairs များအား လိုအပ်သလို ဆက်သွယ်ချိတ်ဆက်နိုင်ရေးအတွက် ထားရှိသော ကြားခံ Instrument တစ်ခု ဖြစ်ပါသည်။

**291 DCA (Dynamic Channel Allocation )**

သုံးပြီးသော လှိုင်းနှုန်း (Frequency) များကို ပြန်လည်အသုံးပြုသည့် ကြိုးမဲ့စနစ်များတွင် Traffic ချန်နယ်အလိုအလျောက်သတ်မှတ်ပေးနိုင်သည်။ Base Station မှ အသုံးမပြုဘဲ အားနေသော ချန်နယ်များတွင် နှောင့်ယှက်မှုများ ရှိ / မရှိကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေး ပေးနေခြင်းနှင့် အယ်ဂရိုရသမ် (Algorithm) သုံး၍ ထပ်တိုး နှောင့်ယှက်မှု များ အနည်းဆုံးဖြစ်မည့် ချန်နယ်ကို ရွေးချယ် သတ်မှတ်ခြင်း တို့ကို ဆောင်ရွက်ပေးသည်။

**292 DCE ( Data Communications Equipment )**

ဆက်သွယ်ရေးစနစ်တွင် ထုတ်လွှတ်မည့် ဘက်နှင့် လက်ခံဖမ်းယူမည့် ဘက်တို့အကြားတွင် အချက်အလက်များ ဆက်သွယ်မှုကို စတင်ခြင်း ၊ ထိန်းသိမ်းပေးခြင်း ၊ အဆက်အသွယ် ဖြတ်တောက် ပေးခြင်း တို့ကို ပြုလုပ်ပေးသော ကိရိယာ ဖြစ်ပါသည်။

**293 DCL ( Data Control Language )**

Database တစ်ခု၏ အသုံးပြုပိုင်ခွင့်ကို ထိန်းချုပ်ပေးရန်အတွက် အသုံးပြုလေ့ရှိသော ဘာသာစကား ဖြစ်ပါသည်။

**294 DDL ( Data Definition Language )**

Database တစ်ခုတွင် ဒေတာများ ဖွဲ့စည်းတည်ဆောက်ထားပုံကို ဖော်ပြနိုင်ရန်အတွက် အသုံးပြု လေ့ရှိသော ဘာသာစကားဖြစ်ပါသည်။

**295 Decryption**

ကုတ်ပြန်ဖြည်ထားသည့် စာသားများကို နဂိုမူရင်း စာသား အသွင်သို့ ပြောင်းလဲခြင်း ဖြစ်သည်။

**296 Defragment**

Microsoft Windows ၏ Program တစ်ခု ဖြစ်သည်။ ဖိုင်များအား Hard-disc ထဲတွင် သိမ်းဆည်းရာ၌ Hard-disk ၏ နေရာလွတ်နေသော အစိတ်အပိုင်းတွင် သိမ်းဆည်းရသည် ဖြစ်ရာ အချို့နေရာလွတ်များသည် ဖိုင်ပမာဏထက် ပို၍ သေးငယ်နေတတ်သည်။ ထိုအချိန်တွင် ဖိုင်တစ်ခုကို အပိုင်းများခွဲ၍ လွတ်သော နေရာများတွင် သိမ်းဆည်းသဖြင့် ဖိုင်ကို ပြန်လည်ခေါ်ယူသောအခါတွင် နှောင့်နှေး ကြန့်ကြာတတ်သည်။ ထို့သို့ မဖြစ်စေရန် အတွက် Hard-disk အတွင်းရှိ ဖိုင်အစိတ်အပိုင်းများကို ပြန်လည်စုစည်းပေးသော လုပ်ဆောင် ချက်ကို Defrag လုပ်သည်ဟု ခေါ်ပါသည်။ အသုံးပြုနေသော ကွန်ပျူတာ Hard-disk များကို(၂)လ လျှင် တစ်ကြိမ် Defrag လုပ်ပေးသင့်သည်။

**297 Delay**

Signal တစ်ခု၏ ပျံ့နှံ့ခြင်းနှင့် ၄င်း၏ လက်ခံရရှိခြင်းတို့အကြားရှိ အချိန်အတိုင်းအတာကို Delay ဟု ခေါ်ပါသည်။

**298 DF ( Dark Fiber )**

Dark Fiber ဆိုသည်မှာ ဖိုင်ဘာကေဘယ်ဖြစ်ပြီး ၄င်းကေဘယ်လ်ကို ကွန်ရက်ဒေတာများ သယ်/ပို့ ရန် အတွက် သုံးစွဲခြင်းမပြုရသေးသော ကေဘယ်လ် ဖြစ်ပါသည်။

**299 DF ( Default Routing )**

Default Routing ဆိုသည်မှာ ပုံမှန်မဟုတ်သည့် အခြေအနေများကြောင့် SCP (Signaling Control Point) က လုပ်ဆောင်မပေးနိုင်သော အချိန်များတွင် ဖုန်းခေါ်ဆိုလိုသည့် နံပါတ်အား ခေါ်ဆိုနိုင် အောင် အလိုအလျောက်လမ်းကြောင်းပေးနိုင်သည့် Switch ၏ စွမ်းဆောင်ရည်ကို ဆိုလို ပါသည်။

**300 DFC ( Data File Controls )**

ဒေတာဖိုင်များ ၊ ဒေတာဖိုင်အတွင်း ပါရှိသော ဒေတာများ၏ မှန်ကန်မှု ၊ လုံခြုံစိတ်ချရမှုကို သေချာစေရန် ထိန်းချုပ်ပေးခြင်း ဖြစ်ပါသည်။

**301 DI ( Database Index )**

Database များတွင် Record ခေါ် မှတ်တမ်းများစွာကို သိမ်းဆည်းထားပါသည်။ Record များအလွန်များပြားလာသောအခါ Database တွင် ရှာဖွေသောလုပ်ငန်းစဉ်သည် အချိန်ကြာ မြင့်လေ့ရှိပါ သည်။ Index ဆိုသည်မှာ Record များကို ကိုယ်စားပြုသော ကိန်းညွှန်းတစ်ခု ဖြစ်ပါသည်။ Index ကို အသုံးပြုခြင်းအားဖြင့် Record ကို ရှာဖွေရန်နှင့် အစဉ်လိုက်စီရာ တွင် ပိုမိုမြန်ဆန်လာစေပါသည်။ Index များကို Database ထဲရှိ ဇယား၏ Column တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော Column များဖြင့် ဖန်တီးနိုင် ပါသည်။

**302 Dial-up Teleconferencing**

အော်ပရေတာ၏ အကူအညီ ပါသည် ဖြစ်စေ ၊ မပါသည်ဖြစ်စေ အများသုံးတယ်လီဖုန်း (Public Phone) လိုင်းနှင့် ဆက်သွယ်၍ တယ်လီဖုန်း အစည်းအဝေးပြုလုပ်ခြင်းကို Dial-up Teleconferencing ဟု ခေါ်ပါသည်။

**303 DID ( Direct Inward Dialing )**

တယ်လီဖုန်းခေါ်ဆိုသူသည် လိုင်းခွဲအိတ်ချိန်းသို့ ခေါ်ဆိုသည့်အခါ အော်ပရေတာက ကြားမှ ဖုန်းထူးပေးပြီး လိုအပ်သော လိုင်းခွဲနံပါတ်ကို ချိတ်ဆက်ပေးရမည့် အစား ကြားခံ အော်ပရေတာ မလိုအပ်ဘဲ၊ တိုက်ရိုက်ခေါ်ဆိုနိုင်သည့် စက်ပိုင်းဆိုင်ရာ အစီအမံဖြစ်ပါသည်။

**304 Diode**

အီလက်ထရွန်နစ် ပစ္စည်းကိရိယာတစ်ခုဖြစ်ပြီး ၊ ဦးတည်ဘက် တစ်ဘက်တည်းသာ လျှပ်စီးကြောင်းကို စီးဆင်းစေ၍ အခြားတစ်ဘက်သို့ လျှပ်စီးကြောင်း စီးဆင်းမှုကို တားမြစ်ပေးသော ကိရိယာ ဖြစ်ပါသည်။

**305 Distortion**

ထုတ်လွှင့်မှုစနစ်(Transmission System)လမ်းကြောင်းတစ်လျှောက်ရှိ Signal ၏ လှိုင်းပုံသဏ္ဍာန်အတွင်း မလိုအပ်သော ပြောင်းလဲမှုကို ဆိုလိုပါသည်။

**306 DLC ( Digital Loop Carrier )**

တစ်ခုထက်မကရှိသော သီးခြား တယ်လီဖုန်းလိုင်း Signal များကို စုစည်းကာ ဒစ်ဂျစ်တယ်နည်းဖြင့်ပေါင်းစပ်၍ ဆက်ကြောင်းတစ်ခုထဲမှ ပို့လွှတ်သည့် နည်းစနစ် ဖြစ်သည်။ ထိုနည်းစနစ် ကို စီးပွားရေးလုပ်ငန်း ပေါင်းစုံ ရှိသောနေရာများအတွက် အသုံးပြုသည်။

**307 DM ( Directional Microphone )**

သတ်မှတ်ထားသော ဦးတည်ဘက်တစ်ခုတည်းမှ အသံကို ထုတ်လွှင့်ပေးခြင်းနှင့် ကာကွယ်ပေးခြင်း ပြုလုပ်ပေးသော မိုက္ကရိုဖုန်း ကို ဆိုလိုပါသည်။ ထုတ်လွှင့်မှု ပြုလုပ်ရာမှ မလိုအပ်သော အသံကို ကာကွယ်ပေး ရာတွင် အသုံးဝင်ပါသည်။

**308 DMB ( Digital Multimedia Broadcasting )**

DMB သည် ဗီဒီယို ၊ အသံနှင့် အခြားအချက်အလက် ဝန်ဆောင်မှုများကို ထုတ်လွှင့်ခြင်းအတွက် DAB ဒစ်ဂျစ်တယ် နည်းပညာဖြင့် အသံလွှင့်ပေးသောစနစ်ကို အသုံးပြုခြင်း ဖြစ်ပါသည်။ DMB သည် လက်ထဲတွင် ပေါ့ပါးစွာ ကိုင်တွယ်သုံးစွဲရသော ပစ္စည်းများထဲတွင် တေးသီချင်း၊ အချက်အလက်နှင့် ဗီဒီယို စသည့် အရာ အများအပြားကို ထည့်သွင်း သုံးစွဲနိုင်ရန်

ပံ့ပိုးပေးသည့် စနစ်ဖြစ်ပါသည်။ ထို့ကြောင့် BMB သည် မိုဘိုင်းဖုန်း(သို့မဟုတ်)အိတ်ဆောင် ကွန်ပျူတာကဲ့သို့ အခြားသေးငယ်သည့် ပေါ့ပါးပစ္စည်းများပေါ်တွင် ရုပ်မြင်သံကြား ကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုပေးသည့် စနစ်အတွက် အထူးပင် သင့်တော် ပါသည်။

DMB စနစ်ကို ဂျာမဏီနိုင်ငံမှ စတင်ခဲ့သော်လည်း အောင်မြင်မှု သိပ်မရပါ။ နောက်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံမှ ဂြိုဟ်တုနှင့် မြေပြင် ထုတ်လွှင့်စခန်းများမှ နေ၍ DMB စနစ်မှ အောင်မြင်စွာ မိတ်ဆက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

**309 DML ( Data Manipulation Language )**

Database တစ်ခုထဲသို့ ဒေတာများထည့်သွင်းခြင်း၊ ဖယ်ထုတ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းတို့ အတွက် အသုံးပြု လေ့ရှိသော ဘာသာစကားဖြစ်ပါသည်။

**310 DMU ( Data Management Utility)**

ဒေတာများကိုအသစ်ထည့်ခြင်း၊စာရင်းများကြည့်ခြင်း၊ ပြုပြင်ခြင်း၊မိမိလိုချင်သော ရလာဒ်များကိုတောင်းယူခြင်း၊ နှိုင်းယှဉ်ခြင်း၊ ဒေတာများကို အလွယ်တကူ ဖတ်ရှု၍ မရအောင် Code ပြုလုပ်ခြင်း၊ ထို Code လုပ်ထားသော ဒေတာများကို လွယ်ကူစွာ ပြန်လည် ဖတ်ရှုနိုင်ရန် ပြုလုပ်ပေးခြင်း၊ Database တစ်ခုမှ အခြား Database တစ်ခုသို့ ဒေတာများ ပို့ခြင်း ၊ ဆွဲယူ ခြင်းများ ကို ပြုလုပ်ပေးသော ဆော့ဖ်ဝဲတစ်မျိုး ဖြစ်ပါသည်။

**311 DOCSIS ( Data Over Cable Service Interface Specification)**

ကေဘယ်လ်ကြိုးများကို သုတေသနပြုနေသော အဖွဲ့.အစည်းမှ ကေဘယ်လ် Modem များ အတွက်စံသတ်မှတ်ချက်ဖြစ်ပြီး စက်ပစ္စည်းအချင်းချင်း ညှိနှိုင်းလုပ်ဆောင်နိုင်စေသည့် စက် ပစ္စည်းသုံးစွဲမှုလက်မှတ်ကိုလည်းပံ့ပိုးပေးပါသည်။ DOCSIS သည် ဒစ်ဂျစ်တယ် ကေဘယ်လ် တီဗီလိုင်းပေါ်မှ အင်တာနက် သုံးစွဲမှုများကို ပံ့ပိုးပေးပြီး Cable Modem အများစုမှာ DoCSIS စံသတ်မှတ်ချက်နှင့် လိုက်လျောညီထွေဖြစ်သော စက်ပစ္စည်းများ ဖြစ်သည်။ အချို့.သော ကေဘယ်လ်ကုမ္ပဏီများသည် လက်ရှိကာလတွင်တတိယမြောက်မျိုးဆက် (DOCSIS 3.0) စက်ပစ္စည်းများကို အသုံးပြုနေကြပါသည်။ ကေဘယ်လ် လုပ်ငန်းရှင် (၄)ဦး ဖြင့် မူလအစ ဆောင်ရွက် နေပြီး Multimedia ကေဘယ်လ် ကွန်ရက်စနစ်မှ စီမံ အုပ်ချုပ်နေသော စီမံကိန်းသည် နောက်ပိုင်းတွင် CableLabs များသို့ လွှဲပြောင်းပေးခဲ့ပါသည်။

**312 DOD ( Direct Outward Dialing )**

တယ်လီဖုန်းခေါ်ဆိုသူသည် လိုင်းခွဲအိတ်ချိန်းမှ ပြင်ပဖုန်းနံပါတ်များကို ခေါ်ဆိုသည့်အခါ အော်ပရေတာက တစ်ဆင့် ခေါ်ဆိုချိတ်ဆက်ပေးရန် မလိုအပ်ဘဲ ၊ တိုက်ရိုက်ခေါ်ဆိုနိုင်သည့် စက်ပိုင်း ဆိုင်ရာ အစီအမံဖြစ်ပါသည်။

**313 DOI ( Digital Object Identifier )**

Digital Object Identifier၏ အတိုကောက်ဖြစ်သည်။ ဝက်ဘ်ဆိုဒ်တစ်ခု အတွက် သီးသန့် ပေးထားသော နံပါတ်ဖြစ်သည်။

**314 DOI ( Digital Opportunity Index )**

နည်းပညာဆည်းပူးနိုင်မှုအခွင့်အလမ်းညွှန်ကိန်း(DOI -Digital Opportunity Index)

သည် အပြည်ပြည်ဆိုင်ရာ သဘောတူညီထားသည့် ICT ကိန်းဂဏန်းများပေါ် အခြေခံတွက်ချက်ထားသည့် အီလက်ထရောနစ်ညွှန်ကိန်း (e-Index) ဖြစ်ပါသည်။ အဆိုပါ ညွှန်ကိန်းသည် သတင်းလူ့ဘောင်အဖွဲ့အစည်းကို တိုင်းတာရာတွင် အရေးကြီးသော ကိန်းဂဏန်းအဖြစ် ရပ်တည်နေသည်။ အစိုးရများ အော်ပရေတာများ၊ ဖွံ့ဖြိုးတိုးတက်သည့် အေဂျင်စီများ၊ သုတေသီများနှင့် အခြားသူများသည် နည်းပညာ ကွာဟမှုကို တိုင်းတာရာတွင် လည်းကောင်း၊ နိုင်ငံတွင်း နိုင်ငံဖြတ်ကျော်၍ ICT အသုံးပြု လုပ်ဆောင်ချက်များ နှိုင်းယှဉ်ရာတွင်လည်းကောင်း DOI ကို စံညွှန်း အဖြစ် အသုံးပြု ကြသည်။

**315 DoS ( Denial of Service )**

DoS ဆိုသောတိုက်ခိုက်မှုသည် ယနေ့ခေတ်အင်တာနက်တိုက်ခိုက်ရေးသမားများ အသုံးပြုသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ Denial of Service ဆိုသည့်အတိုင်း အတိုက်ခိုက်ခံရသူ၏ ကွန်ပျူတာ (သို့မဟုတ်) Webserver ၏ Bandwidth ၊ CPU ၊ Memory အသုံးပြု မှုများသည် သာမန်ပေးစွမ်းနိုင်သည့် ပမာဏထက် ပိုမို လိုအပ်သည့်အတွက် Out of Service များ ဖြစ်ကုန်စေခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကြားဖြတ်၍ Resource များကို စားသုံးလိုက်ခြင်း ဖြစ်ပါသည်။

**316 DOSD ( Data-Oriented System Development )**

ဒေတာ ဒီဇိုင်းများနှင့် Database များကို ပရိုဂရမ်ဒီဇိုင်းပေါ်တွင် မူတည်၍ သက်ဝင်လှုပ်ရှားမှုများကို ပြုလုပ်ပါသည်။

**317 Downlink**

ဂြိုဟ်တု ( Satellite ) မှ ကမ္ဘာမြေပြင်စခန်း( Earth Station ) သို့ Radio Frequency Signal များ ထုတ်လွှင့်ခြင်းကို Downlink ဟု ခေါ်ပါသည်။

**318 DP ( Data Protection )**

Data Protection ဆိုသည်မှာ Disk တစ်ခုတွင် သိမ်းဆည်းထားသော အချက်အလက်များကို ကူးယူခြင်း မပြုလုပ်နိုင်အောင် ကာကွယ်ထားခြင်း ဖြစ်ပါသည်။

**319 DPI ( Dot Per Inch )**

ပုံနှိပ်စနစ် (သို့မဟုတ်) ရုပ်သံစနစ်တွင် အစက်အပြောက် သိပ်သည်းမှုများကို တိုင်းတာခြင်းပင်ဖြစ်ပါသည်။ အလျား(၁) လက်မ လိုင်းတစ်လိုင်းတွင် ရှိနိုင်သော အစက်အပြောက်များ ၏အရေအတွက်ဖြစ်သည်။ DPI သည် ပုံရိပ်ကြည်လင်ပြတ်သားမှု (resolution) နှင့် ဆက်နွယ်လျက်ရှိသည်။တစ်လက်မတွင် dot အရေအတွက်များလာသည် နှင့်အမျှ ပုံနှိပ်လိုက်သည့် စာမျက်နှာ၏ အရည်အသွေး (သို့မဟုတ်) ကြည်လင်ပြတ်သားမှု ( resolution ) မှာ ပိုမို ကောင်းမွန်လာသည်။လေဆာပရင်တာတွင် toner ကိုအသုံးပြုပြီး အမှုန်ကလေးများကို စာရွက်များဆီသို့ ဆွဲယူနိုင်ရန် ပြုလုပ်ထားပါသည်။ ဆန့်ကျင်ဘက် လျှပ်စစ်ဓါတ်အား သွင်းကာ အမှုန်ကလေးများကို ထိန်းချုပ်ထားသည်။ လေဆာပရင်တာတွင် အတိုင်းအတာ သတ်မှတ်ချက်မှာ 600 မှ 1800 DPI အတွင်း ဖြစ်ပြီး dot matrix ပရင်တာတွင် 60 မှ 90 DPI ဖြစ်ပါ သည်။

**320 DPSSL ( Diode Pumped Solid State Laser )**

အီလက်ထရောနစ် စက်မှုလုပ်ငန်း ဈေးကွက်နယ်ပယ်တွင် အရောင်း တွင်ကျယ်ကာ အသုံးများသည့် တစ်ပိုင်း လျှပ်ကူးချို့ပစ္စည်းတစ်မျိုး ဖြစ်သည်။ DPSSL သည် သာမန် ရိုးရိုး လေဆာဒိုင်အုတ်ထက်အလင်းရောင်ခြည်ဖြာထွက်မှုအားသာလွန်ကောင်းမွန်သည်။

ရောင်ခြည်ဖြာထွက်မှုသည်လည်း တည်ငြိမ်မှုအလွန်ကောင်းသည်။ ထိုအရည်အသွေး များကြောင့် အသုံးများသည်။ စွမ်းအင် ပါဝါစားမှု အလယ်အလတ် အဆင့်ရှိသည့် Multimode Application တွင်လည်းကောင်း၊ သိပ္ပံဆိုင်ရာ လုပ်ငန်းများတွင်လည်းကောင်း အသုံးပြုနိုင်သ ည်။

**321 DR ( Data Restore )**

ပျက်စီး သွားသော ဒေတာများ ၊ ပျောက်ဆုံး သွားသော ဒေတာများကို ပြန်လည် ရရှိနိုင်ရန် အတွက် မူလသိမ်းဆည်းထားခဲ့သောနေရာမှ လိုချင်သောနေရာသို့ ဒေတာများကို ပြန်လည် ကူးယူခြင်း လုပ်ငန်းဖြစ်ပါသည်။

**322 DRAM ( Dynamic RAM )**

ယနေ့ ကွန်ပျူတာများတွင် Main Memory အဖြစ် အများဆုံးအသုံးပြုသော Memory Chip အမျိုးအစားတစ်ခုဖြစ်သည်။ ကုန်ကျစရိတ်သက်သာခြင်း ၊ နေရာယူမှုနည်းခြင်း ၊ Memory Capacity များစွာရရှိအောင် တည်ဆောက်နိုင်ခြင်းစသော အားသာချက်များ ကြောင့် PC များတွင် DRAM ကိုအသုံးပြုကြသည်။ သို့သော် အဓိကအားနည်းချက်မှာ ယင်း၏ လုပ်ဆောင်နိုင်မှု Speed နှေးကွေးခြင်းပင် ဖြစ်သည်။

Speed ပိုမိုမြင့်မားသော Processor များနှင့် အတူ လုပ်ဆောင်နိုင်ရန် DRAM Architecture ကို ပိုမို ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်ပြီး SDRAM ၊ DDRSDRAM ၊ DDR2 SDRAM နှင့် RDRAM အစရှိသော Memory Chip အမျိုးအစားသစ်များကို အဆင့်ဆင့် ပြောင်းလဲပြီး အသုံးပြုလျက် ရှိပါသည်။

**323 DRM (Digital Right Management )**

DRM (Digital Right Management ) ဖြစ်ပါသည်။ ကန့်သတ်ရန် အလို့ငှာ Media File များအား ကာကွယ်ရာတွင် အသုံးပြုသော စနစ်တစ်ခုဖြစ်ပါသည်။ သီချင်းဖိုင်များတွင် တွေ့ရလေ့ရှိပြီး ၊ Media Player တစ်ခုမှ အခြားတစ်ခုသို့ နေရာ ပြောင်းသည့် အရေအတွက်အား ကန့်သတ်ရန် (သို့မဟုတ်) ဖိုင်အား ပြန်ဖွင့်ရာတွင် ဖွင့်သည့် အရေအတွက် (သို့မဟုတ်) ကြာမြင့်ချိန်အား ကန့်သတ်ရန်တွင် DRM စနစ်အား အသုံးပြု ပါသည်။ ဗီဒီယိုဖိုင်များတွင် လည်း DRM ကို တွေ့ရပါသည်။ ယခုအခါ Apple ၏ Fairplay နှင့် မိုက္ကရိုဆော့ဖ်၏ Windows Media DRM 10 တို့ အပါအဝင် DRM အမျိုးစုံရှိနေပြီ ဖြစ်သည်။

**324 DS ( Database Server )**

တစ်ခု (သို့မဟုတ်) တစ်ခုထက် ပိုသော Database များကို လွယ်ကူစွာ အသုံးပြုနိုင် စီမံထိန်းသိမ်း နိုင်သော ပစ္စည်းဖြစ်ပါသည်။

**325 DS ( Data Security )**

Data Security အချက်အလက် လုံခြုံမှုဆိုသည်မှာ အချက်အလက် မှန်ကန်သေချာအောင်ပြုလုပ်ပြီး ဒေတာများကို နည်းလမ်းမျိုးစုံဖြင့် လျှို့ဝှက်သိမ်းဆည်းခြင်းနှင့် ကာကွယ်မှုပြုလုပ်ခြင်း (Data Protection ) ကိုဆိုလိုသည်။ Data Security တွင် ဒေတာများ၏ Integrity ဖြောင့်မတ် မှန်ကန်မှုရှိခြင်းနှင့် Privacy သီးသန့်ရှိမှုတို့နှင့်အတူ ထိုဒေတာများ ပျောက်ဆုံးခြင်းနှင့်ဖြိုခွဲဖျက်ဆီးခံရခြင်းမှ ကာကွယ်ခြင်းတို့လည်းပါဝင်သည်။ အချက်အလက် လုံခြုံမှု၏ အရေးကြီးသောအပိုင်းတစ်ခုမှာ ဒေတာများကို ယုံကြည်စိတ်ချရသော အပို သိမ်းဆည်းမှု( Backing up ) ပြုလုပ်ထားရန်ဖြစ်ပြီး ထိုသိမ်းဆည်းထာမှုမှာလည်း အမှန်တကယ် သက်ရောက် မှု ရှိ ၊ မရှိ စမ်းသပ် စစ်ဆေး ရမည် ဖြစ်သည်။

**326 DS ( Datagram Switching )**

အချက်အလက်များကို သေးငယ်သော အစိတ်အပိုင်းများ အဖြစ် ခွဲထုတ်ပြီးနောက် ကွဲပြား ခြားနားသော ဆွိချင်နည်းလမ်းများ အသုံးပြု၍ ကွန်ရက်ပေါ်သို့ ပို့ပေးနိုင်သော အချက်အလက် လွှဲပြောင်းပေးသည့် နည်းလမ်းများကို Datagram Switching ဟု ခေါ်သည်။

**327 DS ( Digital Signature )**

Digital Signature ဆိုသည်မှာ ပေးပို့သူ၏ Message (သို့မဟုတ်) ရေးထိုးထားသော လက်မှတ်တို့ မှန်ကန်ကြောင်း အထောက်အထားပြရန်အတွက် အသုံးပြုနိုင်သည့် Electronic Signature တစ်ခုဖြစ်ပါ သည်။ ၄င်းကို အသုံးပြုခြင်းဖြင့် မူရင်းအတိုင်း ပါဝင်မှု Content များ အပြောင်းအလဲမရှိ ပေးပို့ပြီးကြောင်းသေချာစေပါသည်။ Digital Signature များသည် ပို့ဆောင်ရ လွယ်ကူခြင်း ၊တစ်ခြား တစ်ဦးတစ်ယောက်မှ အတုလုပ်ယူ၍ မရနိုင်ခြင်း အပြင် အချိန် ကိုပါ အလိုအလျောက် ရိုက်နှိပ် ဖော်ပြနိုင်ပါသည်။

**328 DS ( Domestic Satellite )**

နိုင်ငံတစ်နိုင်ငံတည်းသို့ ဆက်သွယ်ရေးဝန်ဆောင်မှု အဓိကပံ့ပိုးပေးနေသော ဂြိုဟ်တုကို Domestic Satellite ဟု ခေါ်ပါသည်။

**329 DSAT ( Denial of Service Attack Trojans )**

Denial of Service Attack Trojans (DoS) သည် အဆင့်မျိုးစုံရှိသည့် လုပ်ငန်းစဉ် တစ်ခုပါဝင်သည်။ ကွန်ပျူတာအများအပြားတွင် DDoS ( Distributed Denial of Service) ပြုလုပ်မည့် တိုက်ခိုက်ရေးပရိုဂရမ် ထည့်သွင်းခြင်းခံရသည့် Host ကွန်ပျူတာ (Zombie) တစ်ခုနှင့်အတူကူးစက်လာကြသည်။ Zombie သည် သီးသန့်ဝက်ဘ်ဆိုဒ်များကို တိုက်ခိုက်ရန် လုပ်ငန်းစဉ်များ ရေးဆွဲ ထားပြီးဖြစ်ပါသည်။ အလွန်များပြားလှသည့် Traffic ပမာဏကြောင့် ဝက်ဆိုဒ်၏ Bandwidth အလုပ် လုပ်နိုင်စွမ်းမရှိတော့ပေ။ ထို့နောက် ဝက်ဘ်ဆိုဒ်တွင် အင်တာနက် သုံး၍ မရတော့ပေ။ ဤ Trojan အမျိုးအစား အပြောင်းအလဲ သည် အဆမတန်များပြားသည့် အီးမေးလ်များပို့ကာ ရှုတ်ထွေးစေသည်။ အဆိုပါ အီးမေးလ် များသည် တစ်ပြိုင်တည်းပင် ကစဉ့်ကလျားဖြစ်နေသည့် ဘာသာရပ်များနှင့် ပါဝင်သည့် အကြောင်းအရာများနှင့် အတူ အသေးစိတ် တိကျသော e-mail Address များကို တိုက်ခိုက် ကြပြီး မူလပုံစံအတိုင်း မဖြစ်ပေါ်နိုင်အောင်ပြုလုပ်ထားကြသည်။ ယင်း Trojan

သည် တိကျ သော အီးမေးလ်လိပ်စာ ကို ဦးတည်ထားရာ Antivirus ဆော့ဖ်ဝဲဖြင့်လည်း ကာကွယ်နိုင်စွမ်း မရှိသေးပေ။

**330 DSN ( Digital Switched Network )**

မြန်နှုန်း (High-speed) Digital Switched Networkသည် ဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးနိုင်ပါသည်။ အဆိုပါ Digital Switched Network တွင် Telemedicine ၊ Distance Learning အစရှိသည့် Telecommunications တို့ ပါဝင်ပါသည်။

**331 DSP ( Digital Signal Processor )**

DSP သည် မူလရှိ အင်နာလော့ Signal ( ဥပမာ အသံ )အား ဒစ်ဂျစ်တယ်ပြုလုပ်ပြီး Signal များ အဖြစ် တွက်ချက်ပေး၍ ရလာဒ်ကို ထုတ်ပေးသော ဒစ်ဂျစ်တယ် မိုက္ကရိုပရိုဆက်ဆာတစ်ခုဖြစ်သည်။ DSP များကို အသံထပ်နေသည်ကို ဖျောက်ပေးခြင်း၊ ဖုန်းခေါ်ဆိုခြင်း တိုးတက်မှုအခြေအနေ စောင့်ကြည့်စစ်ဆေးခြင်း ၊ အသံပိုင်း ဆိုင်ရာ လုပ်ငန်း စဉ်နှင့် အသံ Signal ကို ချုံ့ခြင်းများအတွက် အသုံးပြုသည်။

**332 DSRR ( Digital Short Range Radio)**

ဥရောပ ကွန်မြူနစ်တီ ကော်မရှင်က စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတို့ လိုင်စင်မဲ့ဖြင့် အသုံးပြုနိုင်ရန် အလို့ငှာ ဒီဇိုင်းထုတ်ပေးထားခြင်း ဖြစ်သည်။ ဒီဇိုင်းထုတ်ပေးထားသည့် ရေဒီယိုကြိမ်နှုန်း တာခွင်များမှာ (၈၈၀) မဂ္ဂါဟတ်ဇ်မှ (၈၉၀) မဂ္ဂါဟတ်ဇ်တာခွင်နှင့် (၉၃၃) မဂ္ဂါဟတ်ဇ်မှ (၉၃၅) မဂ္ဂါဟတ်ဇ် တာခွင်များဖြစ်ကြသည်။ ဆက်သွယ်နိုင်သည့် အကွာအဝေးသည် အင်တင်နာ အမြင့်ကို လိုက် ၍ အများဆုံး (၆)ကီလိုမီတာ အထိ ရရှိနိုင်သည်။

**333 DST ( Data Sending Trojans )**

Data Sending Trojans သည် Password များနှင့် လျှို့ဝှက်သတင်း အချက်အလက်များ ဥပမာ လိပ်စာများ ၊ Credit Card (သို့မဟုတ်) ဘဏ်လုပ်ငန်း သတင်း အချက်အလက် (သို့မဟုတ်) အခြား ကိုယ်ရေးအချက်အလက်များကဲ့သို့ အလွန်အရေးပါသော ဒေတာများကို တိုက်ခိုက်သူဆီသို့ ပြန်လည် ပို့ဆောင်ပေးခြင်း ဖြစ်သည်။ Trojans သည် ကူးစက်ခံရသော ကွန်ပျူတာ Hard Drive ၏ သီးခြား နေရာများတွင် သီးသန့် သတင်း အချက်အလက်များကို ရှာကောင်းရှာကြမည်။ သို့မဟုတ် Key Logger တစ်ခုကို Install လုပ်ပြီး ဝက်ဘ် ဆိုဒ်တစ်ခုပေါ်တွင် အီးမေးလ် (သို့မဟုတ်) ပုံစံများ (Forms) မှ တစ်ဆင့် တိုက်ခိုက် သူထံသို့ Key Stroke ကို ပြန်လည် ပို့ဆောင်ကြခြင်း ဖြစ်သည်။

**334 DT ( Digital Transmission )**

“0” နှင့် “1” ပုံစံများဖြင့် သတင်း အချက်အလက်များကို ထုတ်လွှင့်ပေးခြင်း ဖြစ်ပါသည်။ အဆိုပါ ဒစ်ဂျစ်တယ် ထုတ်လွှင့်မှု ပုံစံသည် ကွန်ပျူတာ ဒေတာအချက်အလက်ရှိ ဒစ်ဂျစ်တယ်ပုံစံနှင့် ဆက်စပ်မှု ရှိပါသည်။ အသံနှင့် အရုပ်တို့ ပါဝင်သည့် အခြားသော ဆက်သွယ်ရေး ထုတ်လွှင့်မှုများတွင် လည်း ဒစ်ဂျစ်တယ် Transmission ကို အသုံးပြုပါ သည်။

**335 DT ( Destructive Trojans )**

Destructive Trojans များသည် ဖိုင်များကို ဖျက်ကြသည်။ ယင်း Trojans သည် Operating System တွင် အဓိက အချက်အခြာ System ဖိုင်များ အားလုံးကို အလို အလျောက် ဖျက်စီးပစ်ကြသည်။ Host ကွန်ပျူတာပေါ်တွင် DLL ၊ EXE (သို့မဟုတ်) INI ဖိုင်များ ပါဝင်ကြသည်။ ယင်း Trojans ကို တိုက်ခိုက်သူတစ်ဦးက ပြုလုပ်နိုင်သကဲ့သို့ သီးသန့် ရက်စွဲ တစ်ခုပေါ်တွင်လည်း အသက်ဝင်လာအောင်လည်းပြုလုပ်ပေးနိုင်သည်။ ဗိုင်းရပ်စ်များ နှင့် အလားသဏ္ဌာန် တူကြသည်။ System တစ်ခု အမည်ဖြင့် ဖိုင်များတွင် ပုန်းအောင်း နေကျ ဖြစ်သော်လည်း Antivirus ဆော့ဖ်ဝဲက မရှာဖွေပေးနိုင်ပေ။

**336 DTH ( Digital-to-Home or Direct-to-Home )**

ကြည့်ရှု သူများ ထံသို့ နေကို ကမ္ဘာနှင့် လည်ပတ်ချိန် တူညီသည့် ဂြိုဟ်တုများ (Geostationary Satellites) မှ တစ်ဆင့် ဂြိုဟ်တု တယ်လီဗီးရှင်း အစီအစဉ်များကို တိုက်ရိုက် ထုတ်လွှင့် ပေးသည့် စနစ် ဖြစ်သည်။ ဂြိုဟ်တုမှ တိုက်ရိုက် ထုတ်လွှင့်ခြင်း DBS ( Direct Broadcasting Satellite ) ဟုလည်း ခေါ်ဝေါ်သည်။

**337 DTMF ( Dual Tone Multi-Frequency )**

တယ်လီဖုန်းခလုတ်ပေါ်ရှိ ဒစ်ဂျစ်များအား ကိုယ်စားပြုသည့် ကြားနိုင်သော Tone များ အတွက် ကမ္ဘာ့စံညွှန်းတစ်ခု ဖြစ်သည်။ ကြိုးဖုန်းများတွင် ခလုတ်အား နှိပ်လိုက်ပါက အဆိုပါ ခလုတ်နှင့် သက်ဆိုင်သော DTMF Tone အား ထုတ်ပေးသည်။ တယ်လီဖုန်းစနစ်မှ ၎င်း Tone ကို လက်ခံ နားထောင်ပြီး ပြန်လည်ဖော်ပေးခြင်းဖြင့် မည်သည့် ဒစ်ဂျစ်တယ်ဂဏန်း အား နှိပ်၍ နံပါတ်ခေါ်ဆို နေကြောင်း ဆုံးဖြတ်ပေးသည်။

မိုဘိုင်းဖုန်းများတွင် တိုက်ရိုက် နှိပ် ခေါ်ဆိုမှုအတွက် DTMF Signal အစား Digital Signal ကို အသုံးပြုသည်။ သို့သော် ဖုန်း Menu ကဲ့သို့သော အလိုအလျောက် လမ်းညွှန် စနစ် နှင့် ခေါ်ဆိုကဒ် ကဲ့သို့သော Secondary Dialing များတွင် DTMF အား အသုံးပြု လျက်ရှိသေးသည်။ DTMF Tone တစ်ခုစီသည် Low Frequency Tone နှင့် High Frequency Tone တို့အား ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။

**338 DTR ( Data Terminal Ready )**

ကွန်ပျူတာမှ မိုဒမ်ဆီသို့ Data Terminal Ready (DTR) Signal ကို ပို့လွှတ်၍ မိုဒမ် ကို သိရှိစေပြီး ကွန်ပျူတာနှင့် ဆက်သွယ်မှုပြုရန် အဆင့်သင့် ဖြစ်စေပါသည်။

**339 DTV ( Digital Television )**

ရုပ်မြင်သံကြား Signal များကို ပေးပို့ခြင်း(Transmitting) နှင့် ဖမ်းယူခြင်း (Receiving) နည်းပညာ အသစ် ဖြစ်သည်။ Digital TV သည် အရုပ်ထွက် ပြတ်သားမှုနှင့် အသံအရည် အသွေး မြင့်မားမှု ရှိသည်။

**340 DVB ( Digital Video Broadcasting Network )**

DVB ကွန်ရက်သည် MPEG-2 ဖြင့် ရေးသားထားသည့် Streaming ဖိုင်များကို ပို့ဆောင်ပေးရာတွင် တစ်ခုတည်းသောစနစ်ကို အသုံးပြုသော ကွန်ရက်ဖြစ်ပါသည်။ ဥပမာ အားဖြင့် အထူးပြုလုပ်ထားသော ကေဘယ်လ်စနစ်တစ်ခုပေါ်ရှိ ဒစ်ဂျစ်တယ်လိုင်းများ

အားလုံး သည် DVB ကွန်ရက်ဖြင့် ပြုလုပ်ရမည် ဖြစ်သည်။

**341 DVB _ H (Digital Video Broadcasting _ Handhelds )**

ဘက်ထရီဖြင့် ပါဝါပေးသော လက်ကိုင် Receiver များ အတွက် ရုပ်/သံ ထုတ်လွှင့်ချက် ဝန်ဆောင်မှုပေးခြင်းကို DVB _ H ဟု သတ်မှတ်ထားပါသည်။ ၎င်းသည် ထုတ်လွှင့်မှုများကို ရွေ့လျားနေသည့် ကိရိယာများမှ လက်ခံနိုင်အောင် သီးခြားစီစဉ်ထားပါသည်။ DVB _ H အား ETSI (European Telecommunication Standard Institute) ၏ စံချိန်စံနှုန်းအရ ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် တရားဝင် သဘောတူ လက်ခံမှု ရရှိခဲ့ပါသည်။

**342 DVB –S ( Digital Video Broadcast- Satellite )**

DVB-S သည် Satellite ဂြိုဟ်တုကို အခြေခံ သုံးစွဲထားသောဒစ်ဂျစ်တယ် ရုပ်/ သံ ထုတ်လွှင့်ခြင်းနည်းစနစ်ဖြစ်ပါသည်။ DVB-S သည် DVB (Digital ရုပ်/သံ ထုတ်လွှင့်ခြင်း ) စနစ်များအနက်တစ်ခုဖြစ်ပြီး DVB-C ( Digital Video Broadcast-cable ) သည် ယင်း ရုပ်/သံ ထုတ်လွှင့်ခြင်းကို ကေဘယ်လ်အသုံးပြုထားသော နည်းစနစ်ဖြစ်ပါသည်။ DVB-C နှင့် DVB-S တို့ ၏ရုပ်/သံ ထုတ်လွှင့်ခြင်း ပုံစံသည် ခြားနားပါသည်။ အကြောင်းမှုကား ဂြိုဟ်တု ပေါ်ဆက်ကြောင်းသည် ထုတ်လွှင့်ရာ ၌ အမှားအယွင်း ဒေတာ (Error) များခြင်းနှင့် ရေဒီယို ကြိမ်နှုန်း တာခွင် (Bandwidth) ကွာခြားခြင်းလည်း ရှိပါသည်။

DVB-S စနစ်သည် ဂြိုဟ်တု၏ Transponder Bandwidth ကို အပြည့်အဝ ခြုံငုံမိစေရန်ဒီဇိုင်းရေးဆွဲထားပါသည်။ ရုပ်/သံ ထုတ်လွှင့်ခြင်းအတွက် ဒေတာ အမှားအယွင်းများခြင်းကို လျော့ကျရန်အစီအမံ သုံးစွဲမည့်ပါဝါသုံးစွဲမည့်စလောင်း၏ အရွယ်အစား၊ ပေးပို့နှုန်း တို့ကို ဒီဇိုင်းရေးဆွဲရမည်ဖြစ်သည်။ အချက်အလက်များကို ဂြိုဟ်တု စနစ်ဖြင့် ထုတ်လွှင့်ရာ တွင် QPSK (Quardration Phase Shit Keying) သုံး ထုတ်လွှင့်ခြင်းစနစ်ကို အသုံးပြုပါသည်။

ယင်းတွင် ဗီဒီယို၊အသံနှင့်အခြားအချက်အလက်များကို ပေါင်းစပ်၍ တစ်ပေါင်းတစ်စည်းတည်း ထုတ်လွှင့်ခြင်း ဖြစ်သည်။ သာမန်စနစ်တွင် 3G Hz ရှိ ဂြိုဟ်တု၏ Transponder ကို သုံးစွဲပါက ထုတ်လွှင့်မှု မြန်နှုန်း 39 Mbps မြန်နှုန်း အထိ ရနိုင်မည် ဖြစ်ပါသည်။

**343 DVB-S2 ( Digital Video Broadcasting-Satellite Version2 )**

DVB-S2 သည် DVB-S နည်းပညာအား မွမ်းမံထားသော ဂြိုဟ်တုစနစ်သုံး ရုပ်/သံ လွှင့် စနစ်ဖြစ်ပါသည်။ DVB-S2 သည် ထုတ်လွှင့်ခြင်း နည်းပညာ၌ DVB-S ထက် ၃၀% ထက် ကျော်လွန်သော အရည်အသွေးကို ရရှိစေနိုင်ပြီး DVB-S2 သည် ထုတ်လွှင့်ခြင်း ဧရိယာ သက်ရောက်မှု အကျယ်အဝန်းကို ထပ်မံ တိုးချဲ့ရာတွင်လည်း သင့်တော်သော နည်းစနစ် ဖြစ်သည်။

DVB-S2 စနစ်ကို ရုပ်/သံ ထုတ်လွှင့်ခြင်းတွင် လည်းကောင်း ၊ တယ်လီဖုန်းလိုင်းများ (သို့မဟုတ်) ဂြိုဟ်တုလိုင်းများ ကဲ့သို့သော အသွား/ အပြန် (Duplex) စနစ်သုံး ဆက်သွယ်ရေးလုပ်ငန်းတွင် လည်းကောင်း ၊ အချက်အလက် ဖြန့်ဝေခြင်း လုပ်ငန်းတွင် လည်းကောင်း အသုံးပြုသည်။

**344 DVB-SH ( Digital Video Broadcasting-Satellite Service for Handhelds )**

ဂြိုဟ်တုစနစ်ကိုအခြေခံထားပြီး လက်ကိုင်ဖုန်းကဲ့သို့သော သယ်ယူရ လွယ်ကူသည့် ပစ္စည်းများသို့ဒစ်ဂျစ်တယ် ရုပ်/သံ လွှင့်ခြင်း ကိုရရှိနိုင်စေရန် ဆောင်ရွက်ထားသည့် နည်းစနစ်ဖြစ်သည်။ DVB-SH သည် ကျေးလက် ဒေသအတွက် ဒီဇိုင်းရေးဆွဲထားသော စနစ်ဖြစ်ပြီး မိုဘိုင်း Terminal နှင့် ဂြိုဟ်တုကြား တိုက်ရိုက်ဆက်ကြောင်းမရှိသော မြို့ပြများ သုံးစွဲရန် ဆောင်ရွက် ထားပါသည်။ DVB-SH သည် IP ကို အခြေခံထားသည့် ထုတ်လွှင့်စနစ် (သို့မဟုတ်) IP အခြေခံသောအချက်အလက်ပေးပို့ခြင်း စနစ်များပေါ်တွင် မူတည်ပြီး OFDM ( Orthogonal Frequency Division Multiplexing) နည်းပညာကို သုံးစွဲထားပါသည်။ DVB-SH သည် Frequency 3GH အောက် တစ်နည်းဆိုသော် S-band ကို သုံးစွဲရန် ဒီဇိုင်း ထုတ်လုပ် ထားပါသည်။ DVB-SH သည် DVB-H ၏ ဂြိုဟ်တုသုံးစွဲသည့် စနစ်ဖြစ်ပြီး မြေပြင်ထုတ်လွှင့်တိုင်များမှ လက်ကိုင်သုံးပစ္စည်းများသို့ ရုပ်/သံ ထုတ်လွှင့်ပေးသည့် ပုံစံကို အခြေခံ ထားပါသည်။

**345 DVB-T ( Digital Video Broadcasting-Terrestrial )**

DVB-T သည် ဒစ်ဂျစ်တယ် ရုပ်/သံ ထုတ်လွှင့်ခြင်းကို မြေပြင် ထပ်ဆင့် ထုတ်လွှင့်တိုင်များမှ တစ်ဆင့် အသုံးပြုသောစနစ် ဖြစ်ပါသည်။ အခြားသော DVB စနစ်များကဲ့သို့ DVB-T သည် ပါဝင်သည့် အချက်အလက် များ၏ ထုတ်လွှင့်ခြင်း ပုံစံကို အခြေပြုထားပါသည်။ DVB-T စနစ်သည် Analogue ရုပ်/သံစနစ်အတွက် အသုံးပြုသကဲ့သို့ 7MHZ (သို့မဟုတ်) 6 MHz နှင့် 8MHz ဝန်းကျင် ရေဒီယိုလှိုင်း များကို အသုံးပြုပါသည်။

ယင်း DVB-T သည် ဗီဒီယို ၊ အသံနှင့် အချက်အလက်များကို ပေါင်းစပ်ထည့်သွင်း ထားသည့် MPEG-2 ( Motion Pictures Expert Group ) ကို ထုတ်လွှင့်နိုင်ပါသည်။ ယင်းထုတ်လွှင့်မှုတွင် အချက်အလက် ပေးပို့မှုစနစ် (သို့မဟုတ်) ရေဒီယိုအစီအစဉ်ကို ထုတ်လွှင့်နိုင်သကဲ့သို့ ရုပ်/သံ အစီအစဉ် ထက် ပို၍သော ထုတ်လွှင့်မှုကို ပြုလုပ်နိုင်ပါသည်။ မတူသော အစီအစဉ်များ၏ အချက်အလက်များအား ပေါင်းစပ်ပေးမှုကို Mutliplex ဟု ခေါ်ပါသည်။ ထုတ်လွှင့်မှု တစ်ခုစီတိုင်းတွင် Service Infromation (SI) ဖြစ်သည့် လွှင့်ထုတ်မည့် အစီအစဉ်အမျိုးအစားကို အသေးစိတ်ဖော်ပြထားရှိချက်လည်းပါရှိသည်။ 8 MHz ၏ Analogue ရုပ်/သံ လိုင်း တစ်လိုင်းစီတွင် ရုပ်/သံလွှင့် အစီအစဉ် (၃) ခုမှ (၆) ခုအထိ ပါဝင်အသုံးပြုနိုင်ပါသည်။

DVB-T ကို လက်ခံရယူနိုင်ရန်အတွက် Set-top-box တစ်ခု လိုအပ်ပါသည်။ Set-top-box မှ Signal ကိုလည်း လက်ခံရယူ၍ ချုံ့ထားသည် ဗီဒီယို Signal ကို သာမာန် ရုပ်မြင် သံကြားတွင် ကြည့်ရှုနိုင်သည့် သင့်တော်သော Signal သို့ ပြောင်းလဲပေးပါသည်။

**346 DVB-T2 ( Digital Video Broadcashing-Terrestrial Version 2 )**

DVB-T2 သည် DVB-T ကို ပိုမိုအဆင့်မြှင့်ထားသည့် ဒစ်ဂျစ်တယ် ရုပ်/သံ ထုတ်လွှင့်သည့် နည်းစနစ်ဖြစ်ပါသည်။ DVB-T2 သည် DVB-T ထက် ၃၀% စွမ်းဆောင်ရည် ပိုမိုကောင်းမွန်ပြီး DVB ၏နောက်လာမည့်ထိရောက်သောနည်းဖြင့် တိုက်ရိုက် IP ဖြင့် ထုတ်ပေးနိုင်သော စဉ်ဆက်မပြတ် ဖမ်းယူမှု ပုံစံသစ်များကို ပံ့ပိုးပေးနိုင် ရမည် ဖြစ်ပါသည်။

DVB-T2 သည် လက်ရှိ DVB-T ကွန်ရက်၏ လွှင့်ထုတ်စက်များနှင့် Antenna များကို အသုံးပြုနိုင်ပါသည်။ DVB-T2 အနေဖြင့် လွှင့်ထုတ်စက်တွင် လွှင့်ထုတ်မှု ပုံစံသစ် လိုအပ်ပြီး သုံးစွဲသူအနေဖြင့် Set-top-box အသစ် ဝယ်ယူ သုံးစွဲရမည် ဖြစ်ပါသည်။

**347 DVD ( Digital Versatile Disk )**

အချက်အလက်များကို သိမ်းဆည်းသိုလှောင်နိုင်သော ကြားခံကိရိယာတစ်ခု ဖြစ်သည်။ အရည်အသွေးမြင့် ဗီဒီယိုများ ၊ ပရိုဂရမ်များ ၊ စာများ ၊ ပုံရိပ်ငြိမ် (ဓါတ်ပုံများ) ၊ အသံများ အစရှိသည် တို့ကို သိုလှောင်နိုင်စွမ်းရှိသည့် Optical Disk ဖြစ်သည်။ Digital Video Disk (ဓါတ်ပြား) ဟု လည်း ခေါ်သည်။

**348 DVM ( Digital Voltmeter )**

တိုင်းတာ၍ ရရှိသော လျှပ်စစ်ဖိအား တန်ဖိုးကို ဂဏန်းဖြင့် ဖော်ပြပေးသော ဖိအားတိုင်းမီတာ ဖြစ်ပါသည်။

**349 DWDM ( Dense Wavelength Division Multiplexing )**

DWDM (Dense Wavelength Division Multiplexing) နည်းပညာသည် လက်ရှိ တပ်ဆင်ထားသည့် ပင်မဖိုင်ဘာပေါ်တွင် အချက်အလက်ဒေတာ ထုတ်လွှင့်မှုနှုန်း မြင့်တက်လာစေရန် အလွန်သေးငယ်သော လှိုင်းအလျား (Wavelength) များကို တစ်ပေါင်းတည်း (Multiplexing) ပြုလုပ်၍ ထုတ်လွှင့်သည့် နည်းပညာ ဖြစ်သည်။ လှိုင်းအလျား (Wavelength) ပေါင်း (၄၀) ကျော် Multiplexing ပြုလုပ်မှသာ DWDM နည်းပညာ ဟု ခေါ်သည်။ DWDM ၏ အားသာချက်သည် protocol နှင့် သယ်ဆောင်သည့် bit rate အပေါ် မူမတည်ခြင်း ဖြစ်သည်။

WDM နည်းပညာပေါ်အခြေခံတည်ဆောက်ထားသည့် ကွန်ရက်များသည်အချက်အလက်ဒေတာများကို IP (Internet Protocol) ၊ ATM ( Asynchronous Transport Module) ၊ SONET/SDH (Syrchronous Optical Network/Synchronous Digital Hierarchy) ၊ Ethernet ပုံစံအသွင်ဖြင့် အချက်အလက်သယ်ဆောင်နှုန်း Tbps (Tera bit per sec) အထိ သယ်ဆောင် နိုင်သည်။

**350 DWDM ( Dense Wavelength Division Multiplexing )**

လှိုင်းအလျား ( Wavelength λ ) ပေါင်း (၄၀) ကျော်နှင့် အထက်ကို ပေါင်းစု ထုတ်လွှင့်သည့် (Multiplex ) နည်းပညာကိုခေါ်သည်။ ချန်နယ် ( λ ) တစ်ခုနှင့်တစ်ခု ခြားထားမှု (Spacing ) ကျဉ်းသွားသည့် λ (ချန်နယ်) တစ်ခုစီပေါ်တွင် STM 64 (10Gb/s ) ပို့လွှတ်ပြီး 40 DWDM သုံးထားပါက အဆိုပါ ဖိုင်ဘာဖန်မျှင် ကေဘယ်လ်ပေါ်တွင် သယ်ဆောင်နေသည့် Bandwidth 400Gb/s ရှိသည်။

## Glossary E

**351 E.164**

E.164 သည် PSTN နှင့် အခြားဒေတာ ကွန်ရက်များတွင် အသုံးပြုနေသော ITU-T သတ်မှတ်ချက် ဖြစ်သည့် နိုင်ငံတကာ တယ်လီဖုန်းနံပါတ်များ ဖွဲ့စည်းမှု အစီအစဉ်ဖြစ်သည်။

၄င်းကို ဖုန်းနံပါတ်များ၏ ပုံစံ ဟုလည်း သတ်မှတ်နိုင်ပြီး ဂဏန်းနံပါတ် အများဆုံး (၁၅) လုံး ထိ ရှိနိုင်သည်။

**352 E911 ( Enhanced Emergency Reporting Service )**

E 911 သည် 911 ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ထားသော အရေးပေါ် သတင်းပို့ပေးသည့် ဝန်ဆောင်မှုဖြစ်ပါသည်။ 911 ဝန်ဆောင်မှုကို အနည်းဆုံး ထူးခြားသည့် အင်္ဂါရပ် (၂)ခုဖြင့် ထပ်ဖြည့်ထားပါသည်။ ၄င်းတို့မှာ Automatic Number Identification (ANI) နှင့် Automatic Location Information (ALI) တို့ ဖြစ်ကြပါသည်။

**353 EA (Electrostatic Adhesion )**

မတူညီသော ဆန့်ကျင်ဘက် Charges များ၏ အချင်းချင်း ဆွဲငင်မှုကြောင့် ဖြစ်ပေါ်လာသော မျက်နှာပြင် နှစ်ခု (သို့မဟုတ်) မျက်နှာပြင်များ အချင်းချင်းကြားရှိ ထိကပ်မှုကို Electrostatic Adhesion ဟု ခေါ်ပါသည်။

**354 Earth Station**

ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းဖြစ်ပါသည်။ ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းတွင် တပ်ဆင်ထားသည့် စက်ပစ္စည်းများမှာ အင်တင်နာ LNA ( Low Noise Amplifier ) ဆူညံမှုအနည်းဆုံးဖြင့် Signal ကို မြှင့်တင်ပေးသည့် အမ်ပလီဖိုင်ယာ၊ ဖရီကွမ်စီ ပြောင်းလဲပေးသည့် Down Converter နှင့် ဂြိုဟ်တုမှလွှင့်သည့် Signal ကို ဖမ်းယူပေးသည့် ဖမ်းစက် (Receiver) တို့ဖြစ်ပါသည်။ မြေပြင်ဂြိုဟ်တုစခန်းတွင် အသုံးပြုသည့် အင်တင်နာ အချင်းအရွယ်အစားမှာ တီဗီ Signal ဖမ်းယူမှုအတွက် (၂)ပေမှ (၁၂) ပေထိ ရှိပြီး အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအတွက်ဆိုလျှင်ပေ (၁၀၀) ထိ အရွယ်အစား ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ ဂြိုဟ်တု ဆက်သွယ်ရေး ( INTELSAT) မှ ဆက်သွယ်ရေးအတွက် သုံးစွဲသည့် ပုံမှန်အင်တင်နာ အချင်းအရွယ်အစားမှာ (၁၃) မီတာ မှ (၁၈) မီတာ ရှိပါသည်။

**355 EC ( Emanations Captuing )**

တိုက်ခိုက်သူတွေသည် ကြေးနီ ဝိုင်ယာကြိုးများ ကွန်ပျူတာ ဖန်သားပြင်များမှ တစ်ဆင့်ယိုထွက်လာသော လျှပ်စစ်လှိုင်းများကို ဖမ်းယူကြပါသည်။

**356 ECG( Electro Cardiograph )**

သက်ရှိများ၏ နှလုံးကြွက်သားများမှ ထုတ်လုပ်သော လျှပ်စစ်ဗို့အားနှင့် လျှပ်စီးကြောင်းလှိုင်းပုံ သဏ္ဌာန်တို့ကို မှတ်တမ်းတင် တိုင်းတာပေးသော စက်ပစ္စည်း ဖြစ်ပါသည်။

**357 Echo**

ထုတ်လွှင့်မှုဘက် (သို့မဟုတ်) ဖမ်းယူမှုဘက်သို့ Signal စွမ်းအင်၏ ပြန်လာခြင်း (Reflection) ကို Echo ဟု ခေါ်ဆိုပါသည်။

**358 Echo Cancellation**

Echo Cancellation ဆိုသည်မှာ အဓိက ပို့လွှတ်လိုက်သော Signal မှ Echo ကြောင့်မလိုလားအပ်သည့် Signal များကို သီးခြား ခွဲထုတ်ပေးသော နည်းပညာ ဖြစ်ပါသည်။

**359 e-Commerce**

Electronic Commerce ဖြစ်ပါသည်။ အထူးသဖြင့် World Wide Web အင်တာနက်မှတစ်ဆင့်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ရောင်းဝယ်ဖောက်ကားခြင်း ဖြစ်ပါသည်။

**360 EDGE (Enhanced Data rates for GSM Evolution )**

EDGE (သို့မဟုတ်) EGPRS သည် အချက်အလက် ကူးပြောင်း ပေးနိုင်မှုနှုန်းမှာ GPRS (သို့) HSCSD တို့ထက် သိသိသာသာပို၍မြန်ပါသည်။ EDGE မှ Timeslot တိုင်းတွင် 48 Kbps ထိမြှင့်ထားပြီး Timeslot (8) ခု အသုံးပြုနိုင်သောကြောင့် အမြင့်ဆုံး အချက်အလက် ကူးပြောင်းနှုန်းမှာ 384kbps ထိ ရှိပါ သည်။ EDGE ကွန်ရက်မရှိသည့်နေရာများတွင် GPRS ဖြင့် အလိုအလျောက် အစားထိုး သုံးစွဲသွားနိုင်ပါ လိမ့်မည်။ 2.5G ကွန်ရက်အား EDGE မှ အကောင်းဆုံး ဆောင်ရွက်ပေးနိုင်သလို အဆုံးတွင် 3G နှင့်သာ အစားထိုး သုံးစွဲကြရမည် ဖြစ်ပါသည်။

**361 EDGE ( Enhanced Data for Global Evolution )**

GSM ကွန်ရက်များတွင် အချက်အလက်ပိုင်းအနေဖြင့် အင်တာနက်သုံးနိုင်ရန် EDGE ကို သုံးကြ ပါသည်။ EDGE ကို Enhanced GPRS (သို့မဟုတ်) EGPRS ဟုလည်း ခေါ်ကြပါ သည်။ EDGE က ခေတ်နောက်ကျ နေသော GPRS ထက် အမြန်နှုန်း (၃)ဆနီးပါး ပိုမြန်ပါသည်။ သီအိုရီအရ (Timeslots) ချန်နယ် (၈)ခုအတွက် အမြင့်ဆုံးနှုန်း (473) Kbps ရှိသော်လည်း Spectrum အရင်းအမြစ်ကို ထိန်းသိမ်း နိုင်ရန် (135) Kbps နှင့် ကန့်သတ်ထားပါသည်။ ဖုန်းနှင့်ကွန်ရက် (၂)ခုစလုံးက EDGE ကိုရရှိပါမှ အသုံးပြုနိုင် မည်ဖြစ်ပြီး ထိုကဲ့သို့မဟုတ်လျှင် ဖုန်းကအလိုအလျောက် GPRS အဖြစ် နဂိုအနေအထား ရောက်အောင်လုပ်ပေးလိမ့်မည်။ EDGE က 3G ကွန်ရက်၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော်လည်း EDGE ကို (2.75G) Generation အဖြစ်သာ သတ်မှတ် ထားပါသည်။

**362 EDI ( Electronic Data Interchange )**

သတင်းအချက်အလက်များကို စံသတ်မှတ် ပုံစံရအောင် အီလက်ထရောနစ် မက်ဆေ့ချ်စနစ်ကိုအသုံးပြု၍ ကွန်ပျူတာသို့ကူးပြောင်းခြင်းဖြစ်သည်။ ဥပမာအားဖြင့် စာမေးပွဲနှင့်ဆိုင်သည့် အချက်အလက်များ ၊ ကိုယ်ရေးအချက်အလက်များနှင့် ကုန်ရောင်းကုန်ဝယ် ငွေချေမှုများ စသည်တို့ ဖြစ်သည်။

**363 EDM ( Electrical Discharge Machine or Machining )**

EDM သည် အဆင့်မြင့် သော အနုစိတ်ပုံသွင်းခြင်း ၊ ဖောင်းကြွ တံဆိပ်တုံးပြုလုပ်ခြင်း (သို့မဟုတ်)စက်၏အစိတ်အပိုင်းများပြုလုပ်ရန် အသုံးပြုကြသည့် စက်၏လုပ်ငန်းစဉ် တစ်ခုဖြစ်ပါ သည်။ EDM သည်မှတ်တမ်းရေးရာစီမံခန့်ခွဲမှုလုပ်ငန်း ၊ အီလက်ထရောနစ် မှတ်တမ်းရေးရာစီမံခန့်ခွဲမှုနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ဒေတာများ စီမံခန့်ခွဲမှုတို့ အတွက်လည်း ရပ်တည် ကြ ပါသည်။

**364 EDM ( Electronic Document Management )**

EDM ဆိုသည်မှာ ကွန်ပျူတာ အသုံးပြု၍ စာရွက်စာတမ်း ၊ မှတ်တမ်းမှတ်ရာ အထောက်

အထားအမျိုးမျိုးကို စီစဉ်ထိန်းသိမ်းသည့် စနစ်တစ်ခု ဖြစ်သည်။ EDM စနစ်တစ်ခုသည် ကုမ္ပဏီ အဖွဲ့အစည်းတစ်ခု အတွင်းရှိ အဖွဲ့ဝင်များအား မှတ်တမ်းတစ်ခု ဖွဲ့စည်းရန် (သို့မဟုတ်) အီလက်ထရွန်ပုံစံ File Hard Copy ဖြင့် မှတ်တမ်းမှတ်ရာများကို ( Audio ) အသံ၊ (Video) ရုပ်၊ (သို့မဟုတ်) Textform စာသားပုံစံတို့ ဖြင့် လည်း သိမ်းဆည်း ပြုပြင်ခြင်း၊ ပုံနှိပ်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

**365 EDR ( Enhanced Data Rate )**

အချက်အလက် အမြန်နှုန်း ပိုမြန်စေရန်နှင့် ဘက်ထရီသက်တမ်းတိုးစေရန် Bluetooth စံချိန်စံညွှန်း သတ်မှတ်ချက်တစ်ခု ဖြစ်ပါသည်။ Bluetooth ကိရိယာအားလုံးက EDR မရနိုင်ပေ။ Bluetooth Version နှင့် EDR ကို ထောက်ပံ့ပေးနိုင်မှုပေါ် မူတည်ပါမည်။ Bluetooth ကိရိယာနှစ်ခုလုံးက EDR သုံးနိုင်လျှင် အလိုအလျောက် အဆင်ပြေသွားပါ လိမ့်မည်။

**366 EEC ( Ethernet Equipment Clock )**

အဆိုပါ Clock ကို Ethernet အချက်အလက်များပေးပို့သည့် ကွန်ရက်အတွင်းရှိစက်ပစ္စည်းများအားလုံးချိတ်ဆက်မိစွာအသုံးပြုနိုင်ရေးတွင်သုံးစွဲပါသည်။ ထို Clock များအတွက် စံသတ်မှတ် ချက်နှင့် လိုအပ်ချက်များမှာ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမဂ္ဂ (ITU) ၏ စံသတ်မှတ်ချက် G.8262 နှင့် Y.1362 တွင် ဖွင့်ဆို ရှင်းလင်းထားပါသည်။

**367 EEC ( Eelctro Encephalograph)**

သက်ရှိ သတ္တဝါများ၏ ဦးနှောက်မှ ထုတ်လုပ်ပေးသော လျှပ်စစ်ဗို့အား၏ လှိုင်းပုံသဏ္ဍာန်များကို မှတ်တမ်း ဖော်ပြပေး၍ တိုင်းတာနိုင်သော စက်ကိရိယာကို EEC (Eelctro Encephalograph) ဟု ခေါ်ပါသည်။ အဆိုပါလှိုင်းပုံသဏ္ဍာန်ထုတ်ပေးသော လမ်းကြောင်း ပုံစံကို (Eelctroencephalograph) ဟု ခေါ်ပါသည်။

**368 EEG ( Electro Encephalo Graph )**

သက်ရှိများ၏ ဦးနှောက်မှ ထုတ်လုပ်ပေးသော လျှပ်စစ်ဗို့အား လှိုင်းပုံသဏ္ဍာန်တို့ကို မှတ်တမ်းတင် တိုင်းတာပေးသော စက်ပစ္စည်း ဖြစ်ပါသည်။

**369 e-fit**

ကွန်ပျူတာ ပရိုဂရမ်က ဖန်တီးပေးသော လူမျက်နှာ အသွင်အပြင်များကို စုပေါင်း Electronical နှင့် Fit အား ဝေါဟာရနှစ်ခု ပေါင်းစပ်ထားခြင်း ဖြစ်သည်။၁၉၈၀ ခုနှစ် အတွင်း က စတင် သုံးစွဲလာကြသည်။ Photo Fit မှ ပြစ်မှုကျူးလွန်သည် ဟု မသင်္ကာသည့် လူတစ်ဦးတစ်ယောက်၏ မျက်နှာကို ပုံဖော်ပေးသည့်နည်းလမ်း၏ ကြေညာတံဆိပ် ဖြစ်သည်။

**370 e-Government**

အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများ ပြောင်းလဲစေရန်အတွက် ပြည့်ဝကောင်းမွန်သော ရလာဒ်များ ဖြစ်စေခြင်း၊ စွမ်းဆောင်ရည်နှင့် အကောင်းဆုံး ဝန်ဆောင်မှုများ ပေးရာတွင် တိုးတက်မှု ရှိစေရန် ၊ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုထားခြင်း ဖြစ်ပါသည်။

**371 EGSM ( Extended GSM )**

EGSM သည် ကွန်ရက် Capacity ထပ်တိုးနိုင်အောင် GSM 900 ၏ Frequency Band

တိုးချဲ့ပေးခြင်း ဖြစ်ပါသည်။ GSM 900 စာရင်းဝင် ဖုန်းအသစ်အများစုသည် EGSM တွင်လည်း အသုံးပြု နိုင်ပါသည်။

**372 e-Health**

Electronic Health ဖြစ်ပါသည်။ နိုင်ငံသားများအား ပိုမို အရည်အသွေးပြည့်ဝသောဘဝ ပိုင်ဆိုင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ဆောင်မှု စွမ်းရည် ၊ ကျန်းမာရေးစောင့်ရှောက်ခံယူနိုင်မှုနှင့် ကျန်းမာရေးတာဝန်ယူမှုများ ပိုမိုတိုးတက်စေရန်ဖြစ်ပါသည်။ ဆရာဝန်များ ၊ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများအတွက်လည်း ပိုမိုဆောင်ရွက်နိုင်သည့် လုပ်ငန်းခွင်ဖြစ်လာစေရန် ICT နည်းပညာကို အသုံးချသည့် ကျန်းမာရေးကဏ္ဍဖြစ်ပါသည်။

**373 e-Hosting**

e-Hosting သည်အင်တာနက်တွင် အိမ်ရှင်အဖြစ်ဝန်ဆောင်မှုပေးရာတွင် ကမ္ဘာတစ်ဝန်းရှိ Web များ (World Wide Web) ကို တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများအတွက် ကိုယ်ပိုင်ဝက်ဘ်ဆိုဒ်များပြုလုပ်နိုင်စေရန် ခွင့်ပြုပေးထားသောဝန်ဆောင်မှု ဖြစ်ပါသည်။ Web ကိုလက်ခံဆောင်ရွက်ပေးသော အိမ်ရှင်များသည် အထူးသဖြင့် Data Center များသည် အင်တာနက်ချိတ်ဆက်မှုကို ပံ့ပိုးပေးသကဲ့သို့ ၄င်းတို့ လက်အောက်ခံ သုံးစွဲသူများ (ClientUser) အတွက် ငှားရမ်းခြင်း (သို့မဟုတ်) ပိုင်ဆိုင်စေခြင်းများကို ၄င်းတို့၏ Server ပေါ်တွင် နေရာပေး၍ ဆောင်ရွက်ပေးသည့် ကုမ္ပဏီများ ဖြစ်ပါသည်။

**374 EIR ( Excess Information Rate )**

အပြည့်အလျှံ သုံးနိုင်သည့် Bandwidth ဖြစ်ပါသည်။ CIR နှင့် အပိုဆက်ကြောင်းနှုန်း ပေါင်းစပ် ထားခြင်း ဖြစ်ပါသည်။

**375 E-Layer**

အိုင်ယွန်နိုစ်ဖီးယား အလွှာအတွင်း ၊ ကမ္ဘာ့ မြေမျက်နှာပြင်မှ (မိုင်၅၀မှ မိုင်၇၀) အတွင်း အိုင်ယွန်နိုက် ဆစ်ဂနယ်များ သိပ်သည်းစွာ ရှိနေသော နေရာ ဖြစ်ပါသည်။

**376 e-Learning**

Electronic Learning ဖြစ်ပါသည်။ သင်ကြားသူနှင့်သင်ယူသူ ကျောင်းသား/ကျောင်းသူတို့ကြား အချိန် (သို့မဟုတ်) နေရာ တစ်သီးတစ်ခြားစီ ဖြစ်နေသည့် ကွာဟချက်ကို အွန်လိုင်းနည်းပညာအသုံးပြု၍ ဖြည့်ဆည်းပေး သည့် ပညာရေးစနစ်ကို ယေဘူယျခေါ်ဝေါ်ထားခြင်း ဖြစ်ပါသည်။

**377 E-LED (Edge-Light Emitting Diode)**

အလင်းလွှတ်ဒိုင်အုတ် တစ်မျိုးဖြစ်သော တစ်ပိုင်းလျှပ်ကူး ချို့ပစ္စည်းဖြစ်ပြီး အလွန်တိုတောင်း ကျဉ်းမြောင်းသည့် အလင်းလှိုင်းလွှဲကျယ် ( Narrower Spectral Width ) တွင် အလွန်မြင့်သည့် စွမ်းအား ပါဝါကို ထုတ်ပေးနိုင်သည်။

**378 Elevation**

ဆက်သွယ်ရေးဂြိုဟ်တုသို့ချိန်ညှိဖမ်းယူရာတွင်မြေပြင်အင်တီနာသည်မြေပြင်မှ မည်သည့် ဒီဂရီထောင့် မော့ထားရသည်ကို ဖော်ပြခြင်းဖြစ်သည်။ အကယ်၍ မြေပြင်အင်တီနာသည် မြေပြင်နှင့်တစ်သားတည်းရှိပါက Elevation ထောင့်မှာ 0˚ ဖြစ်ပြီး မြေပြင်နှင့် ထောင့်မှန်ကျနေပါက Elevation ထောင့်မှာ 90˚ ဖြစ်သည်။

**379 E-links**

E-links ကို အသုံးပြု၍ Home STP ( Signaling Transfer Points ) ကို မရောက်ရှိနိုင်သည့် ဖြစ်ရပ်မျိုးတွင် SS7 ကွန်ရက်နှင့် ဆက်သွယ်မှုရရှိအောင် အရန်အဖြစ်ထားသော Link များကို E-link ဟု ခေါ်ပါသည်။

**380 e-mail- spoofing**

အီးမေးလ်တစ်စောင်၏ ပေးပို့သူလိပ်စာနှင့်အီးမေးလ်အစိတ်အပိုင်း တစ်ချို့ကို ပြောင်းလဲခြင်းဖြင့် ၎င်းအီးမေးလ်သည် မတူညီသောပေးပို့သူ (သို့မဟုတ်) အကြောင်းအရာဖြစ်စေရန် အသွင်ပြောင်းပေးခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အီးမေးလ်တစ်စောင်သည် မတူညီသော အီးမေးလ်များစွာအဖြစ် ထွက်ပေါ်လာနိုင်ပြီး လက်ခံရရှိသူ၏ Inbox ထဲတွင် စာများပြည့်နှက်လာကာ အနှောင့်အယှက်ဖြစ်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။ e-mail-spoofing ကို Spam mail ပေးပို့ သူများ ပြုလုပ်လေ့ရှိပြီး ၎င်းတို့သည် မတူညီသော Address များ ရရှိစေရန် ဆော့ဖ်ဝဲများကို အသုံးပြုကြ သည်။

**381 EMD ( Equilibrium Modal Distribution )**

အလင်းတန်း၏လိုင်းစွမ်းအင်ပမာဏသည်မာလတီမုဒ်(Multimode) ဖိုင်ဘာကေဘယ်လ်ကြိုးအတွင်း မည်မျှ ကွာဝေးသည်ဖြစ်စေ ၊ အပြောင်းအလဲ မရှိဘဲ တသမတ်တည်း တည်ငြိမ်စွာ ရှိစေခြင်း ဖြစ်သည်။

**382 EMI ( Electromagnetic Interference ) Filter**

EMI ( Electromagnetic Interference ) Filter သည် ကွန်ပျူတာအတွင်းရှိ ဆားကစ်များ၏ ကြိမ်နှုန်းအမြင့် ( High Frequency ) များကြောင့် ဖြစ်ပေါ်လာသော လျှပ်စစ်သံလိုက်လိုင်း နှောင့်ယှက်မှုများကို စုပ်ယူ ခြေဖျက်ပေးခြင်းတို့ကို ပြုလုပ်ပေးပါသည်။ EMI Filter များသည် ကွန်ပျူတာများရှိ Noise များ ထွက်ပေါ်ခြင်းကိုလည်း ခြေဖျက်ပေးပါသည်။ အခြားသောကိရိယာများနှင့် ဒစ်ဂျစ်တယ် ဆားကစ် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ ၊ အသံပိုင်းနှင့် အရုပ်ပိုင်းဆိုင်ရာ ( Audio-Visual Equipment ) ကိရိယာများတွင်လည်း Noise များ ကို ချေဖျက်ပေးပါသည်။

**383 Emission**

သတ္တု ၊ အစိုင်အခဲ (သို့မဟုတ်) အရည်တစ်မျိုးမျိုး၏ မျက်နှာပြင်ပေါ်မှ လျှပ်စစ်သံလိုက်ဖြာထွက်ခြင်း (Electromagnetic Radiation) သို့မဟုတ် အီလက်ထရွန်များ ထွက်ပေါ်လာခြင်းကို Emission ဟုခေါ်ပါသည်။ အလွန်မြင့်သောဗို့အား (သို့မဟုတ်) အပူကြောင့်မျက်နှာ ပြင်ပေါ်မှ အီလက်ထရွန်များ ထွက်ပေါ်လာမှု ဖြစ်ရပ်များကို မူတည်၍ ပုံစံအမျိုးမျိုးဖြစ်ပေါ် နိုင်ပါသည်။

**384 EMS ( Enhanced Message Service )**

EMS ဆိုသည်မှာ SMS ( Short Message Service ) ကို ထပ်ချဲ့ထွင်ထားသော ဝန်ဆောင်မှု တစ်ခုဖြစ်ပြီး မိုဘိုင်းဖုန်းများဖြင့် သတင်းများ ( Message ) ကို စာလုံးမဲ (သို့မဟုတ်) စာလုံးစောင်းများ Animation ၊ ရုပ်ပုံများ ၊ အသံပိုင်းဆိုရာ အထူးပြုလုပ်ချက်များနှင့် ဖုန်းမြည်သံ (Ringtone) များဖြင့် ပေးပို့ခြင်းနှင့် လက်ခံခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။ EMS သည် SMS နှင့် MMS ( Multimedia Message Service ) ကြား ထဲရှိ နည်းပညာတစ်ခု ဖြစ်ပါသည်။

**385 Encoder**

သတင်းအချက်အလက် ၊ ဒေတာများကို Code ပုံစံပြောင်းပေးသည့် ဒစ်ဂျစ်တယ်ဆားကစ်ကို Encoder ဟု ခေါ်ပါသည်။

**386 End Office**

End Office သည် တည်နေရာကို ဆိုလိုပြီး သုံးစွဲသူနှင့် အနီးဆုံးတွင် ဆက်သွယ်မှု ကိရိယာကို ကယ်ရီယာ များက ထားပေးခြင်း ဖြစ်ပါသည်။ ယေဘူယျအားဖြင့် Class 5 Switch များက End Office တို့ ဖြစ်ပါသည်။

**387 ENUM ( E.164 Number Mapping)**

တယ်လီဖုန်းနံပါတ်တွဲဆက်မှုသည် PSTN (Public Switched Telephone Network) ရှိ ဖုန်းနံပါတ် များနှင့် DNS ( Domain Name System ) ရှိ အင်တာနက် Address များ ၊ နာမည်သတ်မှတ်ချက်များကိုအဆင်ပြေစွာချိတ်ဆက်နိုင်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ PSTV တွင် တယ်လီဖုန်းနံပါတ်များကို E.164 စံ သတ်မှတ်ချက်ဖြင့် စနစ်ကျစွာ ဖွဲ့စည်းထားပြီး အင်တာနက် တွင်လည်း IP Address များနှင့် Domain Name များ ချိတ်ဆက်ရန် DNS နှင့်အခြားသတင်းအရင်းအမြစ်များကို အသုံးပြုထားပါသည်။ တယ်လီဖုန်းနံပါတ် တွဲဆက် မှုစနစ်များသည် ဝန်ဆောင်မှု ပေးထားသော တယ်လီဖုန်းနံပါတ် တစ်ခု အတွက် DNS ရှိ Lookup ဇယားများအားဖြင့် သင့်တော် သော Domain Name တစ်ခုပါရှိသည့် အင်တာနက် ဆက်သွယ်မှုကို ဆုံးဖြတ်ပေးသည့် ပံ့ပိုးမှု ပေးနိုင်သည်။

ENUM စံနှုန်းသည် တယ်လီဖုန်းနံပါတ် တွဲဆက်မှုများတွင် အထင်ရှားဆုံး အရည်အသွေး ပိုင်ဆိုင်ပါသည်။ ENUM သည် တယ်လီဖုန်းနံပါတ်တစ်ခုကို URI (Uniform Resource Identifier) သို့မဟုတ် အင်တာနက်ဆက်သွယ်မှုတွင် အသုံးပြုနိုင်မည့် IP Address တစ်ခု သို့ ပြောင်းလဲပေးရန် Special DNS Record Type များကို အသုံးပြုပါသည်။

ENUM သုံးစွဲသူများအတွက် ENUM Service ရရှိအသုံးပြုရန် ဝန်ဆောင်မှု ပေးသူ (Registrar ) ထံမှ —

၁။ IP Network တွင် အသုံးပြုထားသော မိမိနှင့် သက်ဆိုင်သည့် URI

၂။ URI နှင့် တွဲဆက်၍ PSTN တွင် အသုံးပြုနိုင်သော ဖုန်းနံပါတ်

၃။ URI မှ တစ်ဆင့်ရရှိအသုံးပြုနိုင်သော Call Services များပါဝင်သည့် NAPTR

( Name Authority Pointer ) တို့ လိုအပ်သည်။

**388 EoC ( Edge of Coverage )**

ဆက်သွယ်ရေးဂြိုဟ်တုမှ လွှမ်းခြုံနိုင်သော ဝန်ဆောင်မှုဧရိယာကို ကန့်သတ်ထားသော နေရာကို ခေါ်ပါသည်။ EOC သည် ဂြိုဟ်တုထုတ်လွှင့်သော Beam အလယ်ဗဟိုအမှတ်မှ 3dB နိမ့်ကျသော ဧရိယာကို ခေါ်ပါသည်။ သို့သော် ဖမ်းယူသော Signal အင်အားသည် ဗဟိုမှ 3dB နိမ့်ကျသော်လည်း ဆက်သွယ်မှုပြုလုပ်နိုင်ပါသည်။

**389 ERP ( Effective Radiated Power )**

အင်တာနာသည် ဦးတည်ဘက် နေရာအမျိုးမျိုးသို့ ထားရှိခြင်းမဟုတ်ပဲ ဦးတည်ဘက် တစ်နေရာတည်း ထားရှိရာမှ ထုတ်လွှင့်ပေးသော စွမ်းအား ဖြစ်ပါသည်။

**390 ES ( Electromagnetic Spectrum )**

Electromagnetic Spectrum ဆိုသည်မှာ လျှပ်စစ်သံလိုက် ရောင်ခြည်ဖြာထွက်ခြင်း ဖြစ်သည်။ အစွန်းတစ်ဘက်ရှိ Gamma Rays သည် လှိုင်းအလျားမှာ အတိုဆုံးဖြစ်ပြီး လှိုင်းနှုန်း (Frequency) အမြင့်မားဆုံးရှိနေသည်။ အခြားတစ်ဘက်တွင် ရေဒီယိုလှိုင်းများ ရှိပြီး ထိုရေဒီယိုလှိုင်း များ ၏ အလျားများမှာ အရှည်ဆုံးရှိပြီး လှိုင်းနှုန်း(Fre - quency) နိမ့် နေကြောင်း တွေ့ရ သည်။ Spectrum ၏ အလယ်ဗဟိုနားတွင် မျက်စိဖြင့် မြင်နိုင်သော အလင်း (Visible Light) ရှိနေသည်။




**391 ES ( Electronic Signature )**

Electronic Signature ဆိုသည်မှာ message တစ်ခုကို ပေးပို့သူ ( sender ) စတင်ပေးပို့သည့်နေရာမှငြင်းဆိုပယ်ဖျက်ခြင်းကို ကာကွယ်ရန်ရည်ရွယ်ပါသည်။ ၄င်းတွင်လျှို့ဝှက်ထားသော သတင်းအချက်အလက် (encrypted message ) သို့မဟုတ် ဝှက်စာများ စစ်ဆေးဖော်ထုတ်သည့်လုပ်ဆောင်ချက်များ(cryptographic check function) ကိုပြုလုပ်ရန် အချိုးမညီ လျှို့ဝှက်ချက်များ ( asymmetric encryption ) များ အမြဲလိုလို ပါဝင်လေ့ ရှိသည်။

**392 ES ( Electronic Switch )**

Transistor ကဲ့သို့ Electronic Device တစ်ခုဖြစ်ပြီး Switch တစ်ခုအနေဖြင့် အသုံးပြုပါသည်။ အဆိုပါ Devices များကို ကွန်ပျူတာများတွင် လုပ်ဆောင်မှု မြန်မြန်လိုအပ် သောနေရာများ၌ မြန်နှုန်းမြင့် (High Speed Switch) အဖြစ် အသုံးပြုပါသည်။

**393 ESCON ( Enterprise System Connection )**

IBM ကွန်ပျူတာကုမ္ပဏီက စံသတ်မှတ်ထားသည့် ကွန်ပျူတာနှင့် ဖန်မျှင်တို့ ချိတ်ဆက်

ရာတွင် အသုံးပြုသည့် ပစ္စည်းဖြစ်သည်။ ချိတ်ဆက် အမျိုးအစားအရ Optical Fiber ၊ Half Duplex ၊ Serial Interface အမျိုးအစားဖြစ်သည်။ ESCON ၏ သတင်း အချက်အလက် ပို့/ယူ မြန်နှုန်းသည် ပထမပိုင်းတွင် 10Mbps ရှိပြီး နောက်ပိုင်း၌ 17Mbps မြန်နှုန်းအထိ ရရှိပြီး၊အကွာအဝေး အနေဖြင့် (၄၃)ကီလိုမီတာအထိ အဝေးဆုံးအသုံးပြုနိုင်သည်။ ESCON ကို IBM သည် ၁၉၉၀ပြည့်နှစ်ပိုင်း ကာလမှ စတင်၍ ဈေးကွက်တင် မိတ်ဆက်ခဲ့သည်။ ESCON ကို ၁၉၆၀ ခုနှစ် မှ ၁၉၉၀ ပြည့်နှစ် ကာလအတွင်း မြန်နှုန်းအား 4.5Mbps သာ ရှိခဲ့သည်။ အလွန်နှေးကွေးသည့် Copper Based Parallel နှင့် Bus & Tag Channel Technology နေရာတို့တွင် အစားထိုး အသုံးပြုသည့် စနစ်ဖြစ်သည်။

**394 ESL ( Earth Space Link )**

ကမ္ဘာနှင့် အာကာသရှိ ဂြိုဟ်တုအကြားတွင် ဆက်သွယ်ချိတ်ဆက်မှုကို ခေါ်ဆိုပါသည်။ ဂြိုဟ်တုမြေပြင်စခန်းနှင့် အာကာသရှိဂြိုဟ်တုအကြား ဆက်သွယ်သော မည်သည့် ချိတ်ဆက်မှုမျိုးမဆိုခေါ်ဆိုခြင်းဖြစ်ပါသည်။ဥပမာ (Uplink) မြေပြင်စခန်းမှဂြိုဟ်တုသို့ ချိတ်ဆက်ခြင်း (သို့မဟုတ်) (Down link) ဂြိုဟ်တုမှ မြေပြင်သို့ ချိတ်ဆက်ခြင်း (၂) မျိုးစလုံးပါဝင်ပါသည်။

**395 ESN ( Electronic Serial Number )**

အမေရိကန်တွင် CDMA ဖုန်းများအား အတည်ပြုပေးသော ကိန်းဂဏန်းများပါဝင်သည့် အထောက်အထား (Serial Number) နံပါတ်တစ်ခုဖြစ်သည်။ ဖုန်းဘက်ထရီအောက်ဘက်တွင် တွေ့နိုင်ပြီး ယေဘူယျအားဖြင့် Decimal ပုံစံ (အခြေပြုကိန်း ၁၀) နှင့် Hexadecimal (အခြေပြုကိန်း ၁၆) ပုံစံ (၂) မျိုးလုံးနှင့်ရေးသားထားသည်။ ESN ဆိုသည်မှာ ဖုန်းအား အတည်ပြုပေးရန် အသုံးပြုသူ၏ ငွေစာရင်းကို ဆုံးဖြတ်ပေးရန် (သို့တည်းမဟုတ်) ချိတ်ဆက်ပေးရန်တို့အတွက် CDMA ကွန်ရက်မှ အသုံးပြုသော နံပါတ် ဖြစ်သည်။ သို့ဖြစ်၍ ဖုန်းတစ်ခု မှ အခြားတစ်ခုသို့ ပြောင်းလဲမည် ဆိုလျှင် အသုံးပြုသူအနေဖြင့် ဖုန်းအသစ်ကို အသုံးမပြုမီ ၄င်းဖုန်း၏ ESN အား ဝန်ဆောင်မှုပေးသည့် Network Carrier အား ပေးရလိမ့်မည် ဖြစ် ပါသည်။ GSM နှင့် UMTS ဖုန်းများတွင် အသုံးပြု သော IMEI (Inernational Mobile Equipment Identity) စနစ်နှင့် လိုက်လျော ညီထွေဖြစ်သည့် MEID (Mobile Equipment Identifier) အား ထောက်ခံမှုများကြောင့် ESN ၏ အခန်းကဏ္ဍသည် တဖြည်းဖြည်း မှေးမှိန် လာသည်။

**396 ESP ( Encapsulating Security Payload )**

ESP ခေါင်းစီးရှိ ဆောင်ရွက်ချက်များသည် IETF (Internet Engineering Task Force (IETF)) ၏ Protocols များရှိ Internet Protocol ( IP ) ၏ လုံခြုံရေးကိစ္စနှင့် ပတ်သက်သည့် တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ သုံးစွဲသူများ၏ အချက်အလက်များအတွက် စီစစ်ပေးခြင်း ၊ စုစည်းပေးခြင်းနှင့် လျှို့ဝှက်ကုတ် များဖြင့် သိမ်းဆည်း ခြင်းများ အပါအဝင် လုပ်ဆောင်ချက်များကို IPv4 နှင့် IPv6 များ၏ လုံခြုံရေး ဆောင်ရွက်ချက်များဖြင့် ပံ့ပိုးပေးပါသည်။

**397 Ethernet**

ထင်ရှားသော LAN ( Local Area Network ) နည်းပညာ ဖြစ်ပြီး Electrical နှင့် Optical Media များပေါ်မှ Packet ပုံစံပြု ထုတ်လွှင့်ခြင်းကို အခြေခံထားသည့် TCP/IP ကဲ့သို့သော Upper Layer Protocols များအား ထောက်ပံ့ပေးသည်။ စံချိန်စံညွှန်း သတ်မှတ်ချက်မှာ IEEE 802.3 ဖြစ်သည်။ Multi-point Copper ပေါ်တွင် 10Mb/s အား Ethernet ဟူ၍ လည်းကောင်း ၊ 100Mb/s အား Fast Ethernet ဟူ၍ လည်းကောင်း ရည်ညွှန်းသည်။ Gigabit Ethernet (GbE) နှင့် 10Gigabit Ethernet (10GbE) တို့သည် ဖန်မျှင်ထုတ်လွှင့်မှု နည်းပညာကို အသုံးပြုထားသည်။

**398 ETSI ( European Telecommunications Standard Institute )**

ဥရောပဆက်သွယ်ရေး ဈေးကွက်တွင် စံ သတ်မှတ်ချက် ကျယ်ပြန့်စွာ တစ်ပြေးညီဖြစ်ရေး အဓိက ဆောင်ရွက်ပေးသည် စံညွှန်းပြုအဖွဲ့ ဖြစ်သည်။ ယင်းအဖွဲ့က အဓိက အာရုံစိုက် စံညွှန်းပြုသည့် နယ်ပယ်သည် GSM နှင့် PCS ဈေးကွက်နယ်ပယ်များ ဖြစ်သည်။

**399 EULA ( End User License Agreement )**

ဆော့ဖ်ဝဲကို အသုံးပြုရန်အတွက် သုံးစွဲသူက သဘောတူရမည့် ဆော့ဖ်ဝဲ အစိတ်အပိုင်း တစ်ခုနှင့်အတူ ပါလာသော Aggrement တစ်ခုဖြစ်သည်။ အဆိုပါ Agreement သည် ဆော့ဖ်ဝဲ အတွက် အသုံးပြု သည့် စည်းကမ်းချက်ကို အနှစ်ချုပ်ဖော်ပြပြီး Agreement ကို ချိုးဖောက်သော သုံးစွဲသူ၏ အစိတ်အပိုင်းနှင့် ပတ်သက်သည့် အပြုအမူ မှန်သမျှကို စာရင်း ပြုစုထားလေ့ရှိသည်။

**400 EUP ( End User Policy )**

End User Policy သည် ညွှန်ကြားချက်အစုံဖြစ်ပြီး ကော်ပိုရေးရှင်းနှင့် ဆိုင်သော အဖိုးတန်ပစ္စည်းများကို ကာကွယ်ရန် မည်သည့်လုပ်ဆောင်ချက်များကို အသုံးပြုကိုင်စွဲရမည် (သို့မဟုတ်) တားမြစ်ရမည်တို့ကိုဖော်ပြသည်။ EUP သည် လမ်းညွှန်ချက်များကို သုံးစွဲသူ များအား တရားဝင်မဟုတ်သောဖြန့်ဝေခြင်း (သို့မဟုတ်) လူထုရှိသော နေရာများတွင် ချိတ်ဆွဲ ခြင်း (သို့မဟုတ်) ပေါ်လစီ ချိုးဖောက်သူများကို ပယ်ရှားရန် တရားဝင်သဘောတူလက်မှတ် ရေးထိုးခြင်းများ အတွက် ဖြစ်ပါသည်။

**401 EUTELSAT ( European Telecommunication Satellite Organization )**

(European Telecommunication Satellite Organization) ဥရောပဂြိုဟ်တု ဆက်သွယ်ရေး အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၁၉၇၇ ခုနှစ်မှစ၍ ဥရောပဒေသ ဂြိုဟ်တု အပေါ်တည့်တည့်ကောင်းကင်ယံရှိ ကမ္ဘာပတ်လမ်းကြောင်းတွင် ဆက်သွယ်ရေးဂြိုဟ်တု များ အား နေရာချထားရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ EUTELSAT တွင် အဖွဲ့ဝင် နိုင်ငံပေါင်း(၄၈)နိုင်ငံပါဝင်ပြီး ပြည်သူပိုင်နှင့်ကိုယ်ပိုင် အသုံးပြုနိုင်ရန်အတွက် ဂြိုဟ်တုများ ကို လွှတ်တင်ထားပြီ တယ်လီဖုန်း ၊ ဖက်စ် ၊ ဒေတာမြေပြင် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်း များ နှင့် တယ်လီဗီးရှင်း ၊ ရေဒီယို အစီအစဉ်များကိုလည်း နေအိမ်များ ၊ စီးပွားရေးလုပ်ငန်းများ မှ ကိုယ်ပိုင် ဖမ်းစက်များမှ ဖမ်းယူ ကြည့်ရှု နားထောင်နိုင်ကြသည်။

**402 EVC ( Ethernet Virtual Connection )**

သုံးစွဲသူ၏ပစ္စည်းနှင့်ဝန်ဆောင်မှုလုပ်ငန်း၏ Metro Ethernet ကွန်ရက်ကြားစံသတ်မှတ်ထားသော ကြားခံပစ္စည်းဖြစ်သည့် UNI ( User Network Interface ) ကတ်နှစ်ခု (သို့မဟုတ်) နှစ်ခုထက် ပို၍ စုစည်းထားသော ဆက်သွယ်မှု တစ်ခု ဖြစ်သည်။

**403 EVC ( Ethernet Virtual Connection )**

EVC သည် Ethernet Virtual ဆက်သွယ်မှုဖြစ်ပါသည်။ ၂ခု (သို့မဟုတ်) ၃ခု ထက်ပိုသော ကွန်ရက် ကြားခံများမှ Frame များကို လွှဲပြောင်းပေးရာတွင် အကန့်အသတ်ဖြင့် ချိတ်ဆက်လွှဲပြောင်းပေး ခြင်းကို ဆိုလိုပါသည်။

**404 EV-DN ( Evolution for Data and Voice )**

Evolution for Data and Voice ( EV-DV ၊ EVDV သို့မဟုတ် 1xEV-DV ) သည် အသံနှင့် မာတီမီဒီယာဝန်ဆောင်မှုများအတွက် မြန်နှုန်းမြင့် Packet Data များကို စုစည်း၍ မြန်နှုန်းမြင့်မြင့်ဖြင့် ပို့လွှတ်ပေးနိုင်သည့် နည်းပညာဖြစ်သည်။ 1xEV-DV သည် IS-95A/B ၊ CDMA2000 1X စနစ်များ နှင့် တွဲဘက် အသုံးပြုနိုင်သည်။ ကယ်ရီယာတစ်ခုတည်းပေါ်မှ အသံနှင့်အချက်အလက်ဝန်ဆောင်မှု ၊ အသံ နှင့် အချက်အလက်တစ်ပြိုင်နက်တည်း ပေးပို့နိုင်သည့် အော်ပရေတာများ၏ လက်ရှိ 1X ကွန်ရက်များ၏ဝန်ဆောင်မှုကို မထိခိုက်ပဲ 1xEV-DV ကွန်ရက် သို့လည်း လွယ်ကူစွာ အသွင်ကူးပြောင်းနိုင်သည်။

**405 EVDO ( Evolution Data Optimized )**

EVDO မြန်ဆန်သောကြိုးမဲ့ Broadband Access (3G) ဖြစ်သည်။ Hotspot အတွင်းရှိနေပါက Wi-Fi မလိုဘဲ အင်တာနက် သုံးနိုင်သည်။ Laptop များတွင် ဆက်သွယ်မှုများရရှိရန်အတွက် PC (သို့မဟုတ် ) EVDO PC Card လိုအပ်သည်။ EVDO သည် DSL ကဲ့သို့ အမြဲဖွင့် ("always = on ") နေသည့် ဆက်သွယ်မှုမျိုးပေးနိုင်သည်။ EV-DO သည် ကြိုးမဲ့ Broadband စံတစ်ခုအနေဖြင့် CDMA မိုဘိုင်းဖုန်း ဝန်ဆောင်မှုပေးနေသူ အများစု သုံးကြသည်။ Evolution Data Optimized ( EV-DO ) ကို ယခင်က Evolution Data Only ( EVDO ) ဟု ခေါ်ကြသည်။

**406 EW ( Electronic Whiteboard )**

Electronic Whiteboard ဆိုသည်မှာ Standard Whiteboard စံပြဗိုက်ဘုတ် တစ်ခုကိုနမူနာယူ၍ ထုတ်လုပ်ထားသော အပြန်အလှန် တုံ့ပြန်မှုရှိသော ဖန်သားပြင် (Interactive Screen) ဖြစ်ပြီး၎င်းမှာ ကွန်ပျူတာနှင့် ချိတ်ဆက်ထားသည်။ ကွန်ပျူတာမှ ပုံရိပ်ကို Screen ပေါ်သို့ ကျရောက်စေပြီး နံရံတွင်ချိတ်ဆွဲထားသော Standard Data Projector ကို တစ်ခါတစ်ရံသုံးစွဲလေ့ရှိသည်။ သုံးစွဲသူမှာ ကလောင်တံဖြင့်ဖန်သားပြင်ကို ရေးသားနိုင်ပြီးထိုကလောင်တံ၏ ရွေ့လျားမှုကို ကွန်ပျူတာဆီသို့ ဖန်သားပြင် (Screen) မှ ပြန်လည် သတင်းပို့ပေးသည်။ အဆိုပါ Electronic Whiteboard မှာ သုံးစွဲသူအား Software Package အမျိုးမျိုးကို Interact လုပ်နိုင်ရန် ကူညီပေးသည်။

**407 Exploit**

အားနည်းချက်ရှိသော ကွန်ပျူတာများမှ ပုဂ္ဂိုလ်တစ်ဦးကို အကျိုးအမြတ်ရစေရန် ခွင့်ပြု

သော နည်းစနစ် ဖြစ်ပါသည်။

## Glossary F

**408 4GL ( Fourth-Generation Programming Language)**

4GL သည် ကွန်ပျူတာပရိုဂရမ်များ ရေးသားရာတွင် အသုံးပြုသော ဘာသာစကားများ၏ စတုတ္ထမြောက် မျိုးဆက်တစ်ခု ဖြစ်ပြီး ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာ ဆော့ဖ်ဝဲများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကဲ့သို့ သီးခြား ရည်ရွယ်ချက်ဖြင့် ရေးဆွဲသော လုပ်ငန်းစဉ်တစ်ခု လည်း ဖြစ်ပါသည်။ 4GL မတိုင်မီ ထွက်ပေါ်ခဲ့သော Third-generation Programming Language (3GL) မှာ နှေးပြီး Error များ ရှိပါ သည်။ ထို့အပြင် 3GL Instrtion များ လည်း ရှုပ်ထွေးမှုရှိသဖြင့် ပိုမို အဆင့် မြင့်ပြီး Error နည်းပါးသော Programming Language တစ်ခု လိုအပ်လာခဲ့သည်။ သို့ဖြစ်၍ ပိုမို ကောင်းမွန်သော စိတ်ကူးစိတ်သန်းများနှင့် တင်ပြမှု စွမ်းရည်ကောင်းများ ရရှိရန် 3GL နောက်တွင် 4GL ကို တီထွင် ဖန်တီးခဲ့ကြသည်။ 4GL နောက်တွင် (5GL) Fifth-Generation Programming Language ပေါ်ထွက်ခဲ့ပါသည်။ 4GL နှင့် 5GL စီမံချက်များမှာ Problem Solving နှင့် System Engineering ကိစ္စရပ် များအတွက် ပိုမိုအလေးပေး ဖော်ထုတ်ထားကြခြင်း ဖြစ်သည်။

**409 FA ( Foliage Attenuation )**

Signal ထုတ်လွှင့်သည့် လမ်းတစ်လျှောက်တွင်ရှိသည့် သစ်ရွက်နှင့် သစ်ပင်များ၏ စုတ်ယူမှုကြောင့် ဖမ်းယူရရှိသည့် Signal ပမာဏနှင့် အရည်အသွေးလျော့ကျခြင်း ဖြစ်သည်။ ဥပမာ အားဖြင့် 800MHz စနစ်များကို သစ်တောဧရိယာများတွင် ရံဖန်ရံခါ အသုံးပြုကြသည်။ ထင်းရှူးပင် အရွက် အရွယ်အစားသည် 800 MHz အင်တီနာများနှင့် အရှည် တူညီလုနီးပါး ရှိသဖြင့် အဆိုပါ 800 MHz band အတွင်းရှိ Signal ဖမ်းယူရရှိမှုကို ထိခိုက်စေသည်။

**410 FAQ ( Frequently Asked Questions )**

မကြာခဏမေးလေ့ရှိသော မေးခွန်းနှင့်အဖြေများ စာရင်းကိုဆိုလိုသည်။ မေးခွန်းတစ်ခုတည်းကို ထပ်တလဲလဲဖြေဆိုရမှုကို ရှောင်လွှဲနိုင်ရန်အတွက် ဝက်ဘ်ဆိုက်များ ၊ အီးမေးဖြင့် Discussion လုပ်နိုင်သော အဖွဲ့.အစည်းများ စသည် တို့တွင် ကိုကားနိုင်ရန် ဖော်ပြထားလေ့ရှိသည်။

**411 FB ( Flame Bait )**

ကွန်ရက်ဝန်ဆောင်မှုတစ်ခု၊ Newsgroup (သို့မဟုတ်) အခြားသော အွန်လိုင်းကွန်ဖရင့် တစ်ခုခုသို့ မဖွယ်မရာသော သတင်းအချက်အလက်များကို ပေးပို့ခြင်း ဖြစ်ပါသည်။ ထိုသို့ သတင်း ပေးပို့ချက်များတွင် စိတ်လှုပ်ရှားဖွယ် အကောင်းဆုံးသော အကြောင်းအရာနှင့် ပတ်သက်၍ အငြင်းပွားဖွယ် ဖြစ်သော အကြောင်းအရာများကို ဖော်ပြထားသည်။

**412 FC ( Feeder Cables )**

အဝေးလိုင်း ( Trank Line ) မှ သုံးစွဲသူ ဧရိယာ ( Subscriber Area ) အတွင်းသို့

Signal များသယ်ဆောင်ပေးသော Coaxial Cable ကို Feeder Cables ဟု ခေါ်ပါ သည်။ အဆိုပါ ကေဘယ်လ်ကို Subscriber Tap များနှင့် ချိတ်ဆက်ပေးရ ပါသည်။ Feeder Line ဟုလည်း ခေါ်ပါသည်။

**413 FCC ( Federal Communications Commission )**

ပြည်ထောင်စုဆက်သွယ်ရေးကော်မရှင်( Federal Communications Commission ) ၏အတိုကောက်စာလုံးဖြစ်ပါသည်။ ဆက်သွယ်ရေးအက်ဥပဒေ (၁၉၃၄)အရ ဖွဲ့စည်းထားသော အမေရိကန် ပြည်ထောင်စုအေဂျင်စီ တစ်ခုဖြစ်ပါသည်။ တယ်လီဖုန်း ၊ ကြေးနန်းနှင့် အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး ၊ ရေဒီယိုနှင့် အခြားအသံ ထုတ်လွှင့်မှုတို့ကို သတ်မှတ်ကြီးကြပ် ပေးပါသည်။

**414 FCIP ( Fibre Channel over IP )**

ကွန်ရက် သိုလှောင်မှု နည်းပညာဖြစ်ပြီး ၎င်းသည် Fibre Channel ၏ Features နှင့် Internet Protocol (IP) ကို ပေါင်းစပ်၍ ပြန့်ကျဲလျက်ရှိနေသော ဝေးကွာသည့် SAN (Storage Area Network ) များကို ဆက်သွယ်ပေးရန် ဖြစ်သည် ။

FCIP ကို Tunneling Protocol အဖြစ် ယူဆကြခြင်းမှာ IP ကွန်ရက်ပေါ်မှ ပထဝီအနေအထားအရ သီးခြားစီဖြစ်နေသော SAN များအချင်းချင်း Transparent Point to Point ဆက်သွယ်မှုကို ဆောင်ရွက်ပေးနိုင်သောကြောင့်ဖြစ်သည်။ FCIP သည် LAN ၊ MAN ၊ WAN များပေါ်မှ ဖြတ်သန်း၍ Remote SAN အချင်းချင်း ဆက်သွယ်မှု ပြုသည့် TCP/IP (Transmission Control Protocol / Internet Protocol ) ဝန်ဆောင်မှုများပေါ် တွင် မူ တည်သည်။ TCP / IP သည် လမ်းကြောင်းပိတ်ဆို့မှုများကို ထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ၌ သာမက အချက်အလက်များ မှားယွင်းမှုနှင့် ဆုံးရှုံးမှု တို့ကို ပြန်လည်ပြုပြင်ပေးရန် တာဝန်ရှိသည်။ FCIP အားသာချက်မှာ TCP/ IP ကို ပို့ဆောင်မှုအပိုင်းမှာ အသုံးပြုသောကြောင့် Fibre Channel ၏ Fabric Services ကို ပကတိအတိုင်း မထိခိုက်အောင် ထိန်းသိမ်း ထားနိုင်ခြင်းပင် ဖြစ်သည် ။

**415 FE.com ( File Extension .com )**

DOS (Disk Operating System) အတွက် Command File ဖြစ်ပြီး အထူးအရေးပါသော ပရိုဂရမ်တစ်ခု ဖြစ်ပါသည်။ .EXE File နှင့် သဏ္ဍာန်တူသော်လည်း ဖိုင်ပမာဏမှာ ပိုမို သေးငယ်သည်။ အဆင့်မြင့် အသုံးချသည့် ဒေတာများ မပါသည့် တည်ဆောက်မှုများတွင် ပို၍ အခြေခံကျသည်။ MS-DOS အတွက် COM File များမှာ အထူးညွှန်ကြားထားသည့် စာရင်းများအတွက် အသုံးပြုလေ့ ရှိပါသည်။ Windows တွင်လည်း ညွှန်ကြားချက်များကို အသုံးပြုနိုင်သည်။

အကယ်၍ COM နှင့် EXE File များကို Folder တစ်ခုထဲတွင် File မပါဘဲ File Name အတူ ဖြစ်နေခဲ့လျှင် Com File သည် အလုပ် လုပ်ဆောင်သွားမည် ဖြစ်သည်။

.com File Extension သည် Dos နှင့် Windows File တွင် အသုံးပြုလေ့ ရှိသည်။ Web တွင် လူသိများပြီး ကြီးထွားလာသည့် Domain Suffix " .com " နှင့် ဆယ်ရာစုကိန်း

တွင် အသုံးပြုသည့် ဒဿမများကို မရောထွေးစေလိုပါ။ စံထားသည့် File Format များကို ပရိ ဂရမ်များစွာဖြင့် ပံ့ပိုး ထားသည်။

**416 FE.doc ( File Extension .doc )**

Microsoft Word Document ဖြစ်ပြီး DOC File များကို Microsoft Word ဖြင့် ဖန်တီးထားခြင်းဖြစ်သည်။ Macintosh နှင့် Windows အတွက် ရေပန်းစားလျက်ရှိသော Word နည်းပညာပရိုဂရမ်တစ်ခုဖြစ်သည်။ Word Document များသည် စာသားများ ၊ ဇယားများ၊ပုံများ၊သုံးသပ်ချက်များနှင့်ဒေတာများပါဝင်သည်။ အဆင့်မြင့်စာသားများ အဖြစ် စာမျက်နှာတစ်မျက်နှာတွင် သတင်းအချက်အလက်များကို တင်ပြခြင်းဖြင့် ပံ့ပိုး ပေးသည်။

Word 2007 နောက်ပိုင်းတွင် Document များကို Save လုပ်ရာ၌ Format အသစ် .DOCX Extension ကို အသုံးပြုသွားမည် ဖြစ်သည်။

Word သည် Windows နှင့် Macintosh ကွန်ပျူတာတို့တွင် အသုံးများသည့် အစီအစဉ် တစ်ခု ဖြစ်သည်။ လုပ်ငန်းသုံးအတွက် အများဆုံး ဆောင်ရွက်နိုင်သည့် အပြင် ကွန်ပျူတာ သုံးစွဲသူများ အများဆုံး အသုံးပြုသည့် နည်းပညာ ပရိုဂရမ်တစ်ခုလည်း ဖြစ်သည်။ Word အနေဖြင့် အဆင့်မြင့် စာသားပုံစံများ၊ စာရွက်ပေါ်တွင် ရေးသားသည့် ပုံစံများ၊ ပုံရိပ်များ၊ ဇယားများနှင့် ဂရပ်များတို့တွင် အဓိကအသုံးပြုလျက်ရှိသည်။ ပရိုဂရမ် များကို ကြော်ငြာ စာရွက်များ ပုံစံအမျိုးမျိုး ပြောင်းလဲ ပြုပြင်ရာတွင် အသုံးပြုသည်။ Microsoft Software ဖြင့် File Format ကို အသုံးပြု ထားသည်။

**417 FE.xhml ( File Extension .xhml )**

xhml သည် Extensible Hypertext Markup Language File ကို ဖော်ပြသည်။ Web Page ရေးသားရာ၌ XHTML ကို အသုံးပြုကြသည်။ XML (Extensible Markup Language) ကို HTML 4 အဖြစ် ပြောင်းလဲခေါ်ယူပြီး HTML နည်းပညာကို စံထား အသုံး ပြုလျက်ရှိသည်။ သို့သော် ပိုမိုတိကျပြတ်သားသည့် .XML ၏ ဦးစီးဦးဆောင် ပြုမှုအတိုင်း ဆောင်ရွက်သည်။ လက်ရှိအနေအထားတွင် XHTML (သို့မဟုတ်) XHTML 1.1 ၏ လက္ခဏာ အသွင်အပြင် တစ်ခုစီအပေါ် အခြေခံသည့် Web Page များ ပါဝင်သည့် ဝက်ဘ် ဆိုဒ်များ များစွာ တွေ့ရှိနိုင်သည်။ ပရိုဂရမ်ပေါင်းများစွာဖြင့် စံပြုလုပ်ထားသည့် File Format ကို အသုံးပြုထားသည်။

**418 FE.xls ( File Extension .xls )**

Microsoft Excel Spreadsheet ဖြစ်သည်။ XLS ဖိုင်သည် ကျယ်ပြောသည့် စာရွက် ပြင်ကြီးတစ်ခုအဖြစ် Excel 2003 (သို့မဟုတ်) Win Excel 2003 အရှေ့ပိုင်း (သို့မဟုတ်) Macintosh စနစ်များ အရှေ့ပိုင်းတို့တွင် တီထွင် ဖန်တီး အသုံးပြုခြင်း ဖြစ်ပါ သည်။ Rows နှင့် Columns များဖြင့် စီစဉ်အသုံးပြုနိုင်ပြီး ဒေတာများကို သိုလှောင် သိမ်းဆည်းထားသည်။ ကျယ်ပြောသည့် စာရွက်တစ်ခု၌ စာရွက်ပေါင်း များစွာပြုလုပ် အသုံး ပြုနိုင်ပါသည်။ Excel 2007 တွင် Spreadsheet များကို Open XML Format တွင် Save ပြုလုပ်ပြီးဖိုင်ကို XLSX ဖြင့် ဖော်ပြပါသည်။

Excel သည် ကျယ်ပြောသည့် စာရွက်တစ်ခုပေါ်တွင် လိုအပ်သလို အသုံးပြုနိုင်သဖြင့် လူအများနှစ်သက်ကြပါသည်။ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျယ်ပြန့် စွာ စီစဉ်ဆောင်ရွက်နိုင်သဖြင့် သုံးစွဲသူများအတွက် အလွန်အဆင်ပြေသည်။ Excel တွင် အဆင့်မြင့် Spreadsheet များကို အသုံးပြုနိုင်ပါသည်။ သီးသန့် Cell များ၏ တန်ဖိုးများ ကို ရှုပ်ထွေးလှသော Formula များကို အသုံးပြုခြင်းဖြင့် ဖြေရှင်းပေးနိုင်သည်။ တွက်ချက်ပြီး ဒေတာများကို Sheet များတွင်သိုလှောင် သိမ်းဆည်းထားခြင်းနှင့် အသစ် ဖန်တီး ပြုပြင်ခြင်းများ ပြုလုပ်နိုင်သည်။.xls သည် Microsoft Software မှ မူပိုင်File Format အဖြစ် အသုံးပြုလျက်ရှိပါသည်။

## 419 FE.zip ( File Extension .zip )

Zip ဖြင့် Zipped ဖိုင်ကို ဖော်ပြသည်။ Zip File သည် မှတ်တမ်းများကို ချုံ့ထား သောဖိုင်တစ်ခု အဖြစ် ထားရှိခြင်း ဖြစ်ပါသည်။ ကျစ်လစ်သိပ်သည်းသည့် Algorithm ဘာသာရပ်ဖြင့် ဖိုင်ကို ချုံ့ထားပါ သည်။ ဖိုင်တစ်ခု (သို့မဟုတ်)အများစုကို ချုံ့ထားခြင်းဖြစ်သည်။ အကယ်၍ မှတ်တမ်း ဖိုင်များကိုပြန် ဖွင့်လိုသောအခါ ဖိုင်ကို ပြန် ချဲ့ယူနိုင် သည်။ ၄င်းကို Decompressed (သို့မဟုတ်)Unzipped လုပ်သည် ဟု ခေါ်ပါသည်။

Macintosh နှင့် Windows ကွန်ပျူတာများတွင် Zip လုပ်ငန်းများနှင့် Unzip Files များ အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ သို့သော် အချို့ကို Option များတွင် Third Party Option ကို ရွေးချယ် အသုံးပြုကြသည်။

Corel Win Zip သည် Windows ဖိုင်များကို ချုံ့ရာ၌ အသုံးပြုသည်။ ၄င်းသည် လူကြိုက်များသည့် ဖိုင်အမျိုးအစားတစ်ခုဖြစ်ပါသည်။ Format အမျိုးမျိုးဖြင့် ဖိုင်များကို ချုံ့ခြင်း/ ချဲ့ခြင်းများ ပြုလုပ်ခြင်းဖြင့် မှတ်တမ်းများထားရှိနိုင်သည်။ Win Zip သည် " ZIPX " Format ကို အသုံးပြုစေပြီး ချဲ့နိုင်/ချုံ့နိုင်သည်။ ခွင့်ပြုချက် မရှိသူများ ကြည့်ခြင်း၊ အသုံးပြုခြင်းများမှ ကာကွယ်နိုင်ရန်အတွက် သာမန်အားဖြင့် ဖတ်ရန် မလွယ်သော နားလည်ရန်ခက်ခဲစေသည့် သတင်းအချက်အလက်များအဖြစ်ပြောင်းလဲပေးပါသည်။ ၄င်း လုပ်ငန်းစဉ်နှင့်အတူ ယင်းပရိုဂရမ် သည် သိရှိလွယ်သော ဒေတာများအတွက် ကာကွယ်မှုကို ပြုလုပ် ပေးပါသည်။

## 420 FEC ( Forward-Error-Correction )

FEC နည်းလမ်းတွင် အချို့သတင်းအချက်အလက် သင်္ကေတများကိုသင်္ကေတအသစ်များနှင့် ယှဉ်တွဲပေးရသောကြောင့် မူလထက်ပို၍ သင်္ကေတများ ပိုမိုရှိလာပါသည်။ Signal လက်ခံသော နေရာ (Receving end) တွင် သင်္ကေတအသစ်များကို စစ်ဆေးသောအခါ မူလသင်္ကေတများ ၏ အဓိပ္ပါယ်ကို ပြန်ဖော်ရန် Redundant Symbols ဟုခေါ်သော အမှားရှိသည့် နေရာရှာဖွေသော သင်္ကေတနှင့် ၄င်းအမှားကို အမှန်တန်ဖိုးရောက်ရှိအောင် အသုံးပြုသည့် သင်္ကေတများကို အသုံးပြုပါ သည်။ တွဲဆက်မှု (Mapping) တွင် Redundant Symbols များလေလေ အမှားပြင်ဆင်မှု အပိုင်းတွင် ပို၍ ယုံကြည် စိတ်ချရမှု ရှိလေ ဖြစ်ပါသည်။ သို့သော် သတိပြုရန်မှာ စိတ်ချမှု ရှိရန်အတွက် Redundant Symbols များများ သုံး

လေ Bandwidth များများကုန်လေ ဖြစ်ပါသည်။ FEC သည် Redundant ဒေတာ များစွာကို အသုံးပြုသောကြောင့် Noise မရှိသော လိုင်း (Channel) တွင် သုံးရန် မသင့်တော်ပေ။ သို့သော်လည်း Noise ပါဝင်မှုမြင့်မားသော လိုင်းများတွင်မူ FEC ကို သုံးခြင်းဖြင့် သတင်းအချက်အလက်များ ပို၍ ယုံကြည် စိတ်ချရမှုရှိလာမည် ဖြစ်ပါသည်။

**421 Feedhorn**

ဂြိုဟ်တုတီဗီ အစီအစဉ်များကို ဖမ်းယူသော အင်တာနာတစ်ခုတွင် ပါဝင်သော ပစ္စည်းတစ်ခုဖြစ်ပါသည်။ အင်တာနာ၏ရောင်ပြန် မျက်နှာပြင်အကြီးမှ ရိုက်ခတ်ပြီး ပြန်လာသော Signal များကို LNA (Low Noise Amplifier) အတွင်းသို့ရောက်ရှိစေရန် စုစည်းပေးသည်။

**422 Femtocell**

Femtocell ဆိုသည်မှာ သေးငယ်သော နေရာများတွင်ရှိ မိုဘိုင်းကွန်ရက်၏ သက်ရောက်မှု အကျယ်အဝန်းကို ပိုမို တိုးတက်ကောင်းမွန်လာစေရန် အသုံးပြုသည့် ကိရိယာ တစ်ခုပင်ဖြစ်ပါသည်။သာမာန် GSM ဖုန်း ၊ CDMA ဖုန်း (သို့မဟုတ်) UMTS (Universal Mobile Telecommunications System) ဖုန်းများကဲ့သို့သော လက်ကိုင်ဖုန်းများကို ကွန်ရက်အတွင်းတွင် Femtocell က ချိတ်ဆက်ပေးပါသည်။ ထို့ပြင်တာခွင်ကျယ် အင်တာနက် ချိတ်ဆက်မှုများအတွက်၎င်းတို့၏ Carrier မှ တစ်ဆင့် လမ်းကြောင်းချိတ်ဆက် ပေးခြင်း၊ သာမန် Cell လွှင့်ထုတ်တိုင်များကို ရှောင်ကွင်း၍ ကျေးလက်ဒေသများနှင့် ချိတ်ဆက် ပေးနိုင် ပါသည်။ UMA (Unlicensed Mobile Access) နှင့် မတူသော အချက်မှာ Femtocells များသည် လက်ကိုင်ဖုန်းများတွင် ချိတ်ဆက်ရန် မည်သည့် Hardware (ပစ္စည်း) နှင့် Software Program ကိုမျှ လိုအပ်ခြင်းမရှိပဲ ချိတ်ဆက် သုံးစွဲနိုင်ခြင်းပင် ဖြစ်ပါသည်။

**423 Fennec**

Fennec သည် မိုဘိုင်းဖုန်းများနှင့် အခြားသေးငယ်သော ကွန်ပျူတာပစ္စည်းများအတွက် အထူးပြုထားသော Firefox ၏ Version တစ်မျိုးဖြစ်ပါသည်။

**424 FF ( Form Factor )**

ကွန်ပျူတာ သုံးစွဲမှုများတွင် Form Factor သည် အဓိကကျသည့် စက်ပစ္စည်း အစိတ်အပိုင်း၏အတိုင်းအတာကိုသတ်မှတ်ပေးပါသည်။ အထူးသဖြင့် IBM PC စက်မှု လုပ်ငန်းများတွင် နည်းပညာ တိုးတက်ဖွံ့ဖြိုးလာမှုနှင့် ထုတ်လုပ်သူများ ယှဉ်ပြိုင်လာမှုတို့၌ စံချိန်စံညွှန်းကိုက်ထားသော Form Factor များသည် စက်အစိတ်အပိုင်းများကို ဖလှယ်၍ အသုံးပြုနိုင်စေပါသည်။ လုပ်ငန်းရှင်များ သုံးစွဲမှု အပိုင်းတွင် Form Factor များသည် Server Module များကို လက်ရှိ ရှိနေနှင့်သော Rack Mount တပ်ဆင်ထားခြင်း စနစ်တွင် အံဝင်ခွင်ကျ ဖြစ်စေပါသည်။ ဆော့ဖ်ဝဲ (သို့မဟုတ်) Programming အပိုင်း များတွင်မူ ပရိုဂရမ်၏ အရွယ်အစား (သို့မဟုတ်) ၎င်းပရိုဂရမ် အား ထိထိရောက်ရောက် အသုံးပြုနိုင်ရန် လိုအပ်သော Memory ပမာဏကို ဆိုလိုခြင်း ဖြစ်ပါသည်။

**425 Fiber Optics**

လေဆာ ထုတ်လွှင့်မှု (Laser Transmission) ကို အခြေခံသည့် ဆက်သွယ်ရေး ကြားခံသည် ဖန်သား (သို့မဟုတ်) ပလပ်စတစ်ဖိုင်ဘာကို အသုံးပြု၍ အလင်းကို သယ်ဆောင်ကာ အရုပ် ၊ အသံနှင့် အချက်အလက် Signal များကို ထုတ်လွှင့်ပေးပါသည်။ ဖိုင်ဘာ တစ်ခု ချင်းစီသည် 90Mbits မှ 150Mbits ရှိသည့် ဒစ်ဂျစ်တယ် သတင်းအချက်အလက် (သို့မဟုတ်) အသံလိုင်း (၁၀၀၀)လိုင်းကို တစ်စက္ကန့်တွင် သယ်ဆောင် ပေးနိုင်ပါသည်။ ထုတ်လွှင့်မှုသည် တစ်လမ်းသွား (သို့မဟုတ်) နှစ်လမ်းသွားအသံ ၊ အချက်အလက် ၊ အရုပ် ဝန်ဆောင်မှုများကို ပြုလုပ်နိုင်ပါသည်။

**426 FIFO ( First-in , First-out )**

First-in , First-out ၏ အတိုကောက်စာလုံးဖြစ်သည်။ ကွန်ပျူတာပရိုဂရမ် ရေးသွင်းရာတွင် အစောဆုံး တောင်းဆိုချက်ကို နောက်တစ်ကြိမ်တွင် စီစဉ် တွက်ချက် ဆောင်ရွက်ရန် တန်းစီ ထားပြီး ဆောင်ရွက်သည့် နည်းလမ်းဖြစ်သည်။

**427 Finger**

အခြား အင်တာနက်အပိုင်းတွင် လူများ၏ တည်နေရာပြရန်အတွက် အသုံးပြုထားသော ဆော့ဖ်ဝဲ အသုံးအဆောင်တစ်ခု ဖြစ်ပါသည်။ Finger သည် တစ်ခါတစ်ရံ တစ်ဦးချင်း၏ သီးသန့် အချက်အလက်များပေးပို့ရာတွင်အသုံးပြုပါသည်။ သို့သော်အများဆုံးပုံမှန်အားဖြင့် Account ရှိသူ တစ်ဦးတစ်ယောက်မှ အင်တာနက်နှင့် ဆက်နွယ်နေသည့် ဆိုက်များတွင် အသေးစိတ် ဖော်ပြထားသည်တို့ကို ကြည့်ရှုလိုသည့်အခါ အသုံးပြုကြပါသည်။ များသောအားဖြင့် ဝင်ရောက် လာသော Finger တောင်းဆိုမှုများကို လက်မခံကြပေ။ သို့သော် သုံးစွဲသူ အများအပြား ရှိကြ ပါသည်။

**428 Firewall**

အင်တာနက်နှင့် ကွန်ပျူတာစနစ်တို့အကြား ခွင့်ပြုချက်မရရှိသော ဝင်ရောက် သုံးစွဲမှုများကို တားဆီးပေးသည့် ကြားခံပစ္စည်း ( Interface ) တစ်ခု ဖြစ်သည်။ Firewall သည် ဟာ့ဒ်ဝဲ (သို့မဟုတ်) ဆော့ဖ်ဝဲ များ ဖြစ်ပြီး ခွင့်ပြုချက်ပေးခြင်း ၊ တားဆီးခြင်း ၊ ဒေတာများကို လုံခြုံမှုရှိစေရန် Code အဖြစ်သို့ ပြောင်းလဲပေးခြင်း၊ ကြားခံဆက်သွယ်ပေးခြင်း (Encryption) နှင့် Code မှ ဒေတာသို့ ပြောင်းလဲပေးခြင်း (Decryption ) စသည့်တို့ကို သတ်မှတ်ပေးထားသည့် စည်းမျဉ်း ဥပဒေများနှင့် အညီ ဆောင်ရွက်ပေးသည်။

**429 Fireware**

Read-Only-memory ( ROM ) device တွင် ပါရှိသော ဆော့ဖ်ဝဲ (သို့မဟုတ်) အချက်အလက်များဖြစ်သည်။ ဟာ့ဒ်ဝဲနှင့် ဆော့ဖ်ဝဲအကြား အကူးအပြောင်း အလုပ် လုပ်ဆောင်ရာတွင် အလွယ်တကူ အဆင့်မြှင့်ပေးနိုင်ပြီး ချိန်ညှိခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ EEPROM (သို့မဟုတ်) flash ROM chip ထဲတွင် အဆိုပါ ဆော့ဖ်ဝဲ (သို့မဟုတ်) အချက်အလက် များ ရှိထားရမည် ဖြစ်သည်။

**430 Firewire**

၎င်းကို IEEE ( Institute of Electrical and Electronics Engineers ) 1394

(သို့မဟုတ်)iLink ဆိုသည့် စကားလုံးများနှင့်သုံးကြသည်။ ကွန်ပျူတာသို့ အချက်အလက်များကို ပေးပို့ရာတွင် အလွန်လျင်မြန်သည့် နှုန်းဖြင့် ပို့နိုင်သော တန်းဆက်ကြားခံ ( Serial I/O Interface ) ဟု ခေါ်ဆိုနိုင်သည်။ ထုတ်လုပ်သည့် Version အပေါ် တည်လျက် 400Mbps ၊ 800Mbps ၊ 32Gbps စသည့်ဖြင့် ပေးပို့နိုင် သည်။ တစ်စက္ကန့်တွင် စီးနိုင်သော bit အရေအတွက်ပင် ဖြစ်သည်။ လက်ရှိ အသုံးအများဆုံးမှာ 400Mbps IEE 1394a version ဖြစ်သည်။ ကွန်ပျူတာများတွင် FireWire အတွက် Port အပေါက်များ ပါဝင်ပြီး ၎င်းတပ်ဆင်သည့် ကြိုးသည် USB port နှင့် အနည်းငယ် တူပါသည်။

**431 Firmware**

Firmware ဆိုသည်မှာ အီလက်ထရောနစ် ကိရိယာများ (သို့မဟုတ်) မိုဘိုင်းဖုန်းများကို ထိန်းချုပ် ပေးသော ဆော့ဖ်ဝဲပရိုဂရမ်များ ဖြစ်ပါသည်။ ပစ္စည်းများ၏ အလွန်အခြေခံကျသော လုပ်ဆောင်မှုများပါဝင်ပြီး၊ ၎င်းမပါပဲ အီလက်ထရောနစ်ပစ္စည်းက လုပ်ငန်းကို အပြည့်အဝ မဆောင်ရွက်နိုင်ပါ။ ရိုးရှင်းသော Firmware ကို ROM (သို့မဟုတ်) OTP / PROM တွင် သိုလှောင် ထားပြီး ရှုပ်ထွေးသော Firmware များက အဆင့်မြှင့်တင်ရန် Flash Memory တွင် နေရာယူထားပါသည်။

**432 FLO ( Forward Link Only )**

Qualcomm ကုမ္ပဏီမှ တီထွင်ခဲ့သော တစ်လမ်းသွား ဆက်သွယ်ရေးစနစ်တစ်ခုဖြစ်ပြီး ၊ Media FLO ကုမ္ပဏီခွဲတစ်ခုမှ ရောင်းချသော စနစ်ဖြစ်သည်။ FLO စနစ်သည် Video ၊ Audio နှင့်အခြားသော ထုတ်လွှင့်မှုအများအပြားကိုသုံးစွဲသူ အမြောက်အများထံသို့ စဉ်ဆက် မပြတ် ထုတ်လွှင့်ပေးပြီး ၊ လိုင်းပေါင်း အမြောက်အများကို စျေးနှုန်းချိုသာစွာနှင့် အသုံးပြုနိုင် ရန် ဒီဇိုင်းထုတ် ထားသော Multicast နည်းပညာ တစ်ခု ဖြစ်သည်။

**433 FM ( First Mile )**

First Mile ဆိုသည်မှာ သုံးစွဲသူ (သို့မဟုတ်) ဒေသတွင်းဝန်ဆောင်မှုပေးသူ Local Service Provider စသည်တို့ ပိုင်ဆိုင်သည့် ဆက်သွယ်မှုကွန်ရက်ဖြစ်ပြီး ၎င်းကွန်ရက်သည် Service Provider နှင့် ဆက်သွယ်ရန်အတွက် ၎င်းတို့ကိုယ်ပိုင် links များကို အသုံးပြုသည်။ Service provider အနေဖြင့် ကြည့်ရှုလျှင်မူ သုံးစွဲသူ၏ First Mile သည် Service Provider အတွက် Last Mile ဖြစ်ပါသည်။

**434 FM ( Flash Memory )**

Flash Memory လျှပ်တပြတ် မှတ်ဉာဏ်ဆိုသည်မှာ မပျောက်ပျက်သော မှတ်ဉာဏ်တစ်ခုဖြစ်ပြီး လျှပ်စစ်ဓါတ်အားမရရှိနိုင်သည့် အခါမျိုးမှာပင် ပါဝင်သော အကြောင်းအရာများကို ဆက်လက် သိမ်းဆည်းထားနိုင်ပါသည်။ Flash Memory နှင့် DRAM (Dynamic Random Access ) တို့ မတူညီသည့် အချက်မှာ DRAM သည် လျှပ်စစ်ဓါတ်အားပေးထားသည့် အချိန်မှာပင် Refresh အဆက်မပြတ် လုပ်ပေးနေရ သည်။ Flash Memory အသုံးပြုသော စက်ပစ္စည်း အများအပြားရှိပြီး ၎င်းတို့မှာ PDA များ ၊ ကွန်ပျူတာစက်ပိုင်းဆိုင်ရာ ပစ္စည်းများ ၊ MP3 ဖွင့်စက် များနှင့် အချို့သော ဒစ်ဂျစ်တယ် ကင်မရာများ ဖြစ်ကြသည်။

**435 FoIP ( Fax over Internet Protocol )**

ဖက်စ် Machine အချင်းချင်း ကွန်ရက်ချိတ်ဆက်မှုကို Packet အခြေပြုကွန်ရက်ဖြင့် ဆောင်ရွက်ပေးသော နည်းပညာဖြစ်သည်။ တယ်လီဖုန်းလိုင်းကို သုံး၍ ဖက်စ်ပို့သော သမားရိုးကျ နည်းလမ်းမျိုး မဟုတ်တော့ပဲ FoIP သုံး၍ ဖက်စ်ပို့ပေးခြင်း ဖြစ်သည်။ FoIP သုံး၍ ဖက်စ် Machine မှ ဒစ်ဂျစ်တယ် အချက်အလက်များ ထုတ်လွှင့်မှုအတွက် အထုတ်လေးများသဖွယ် သီးခြားစီ ခွဲထုတ် ပေးနိုင်ပါသည်။ (ဖက်စ် အချက်အလက်များကို အင်နာလော့ခ်အဖြစ် ပြောင်းလဲပြီး PSTN မှ ပို့ဆောင်သော သမားရိုးကျနည်းလမ်း နှင့် ဆန့်ကျင်ဘက်) ဒစ်ဂျစ်တယ် အချက်အလက်သည် အင်နာလော့ခ် အချက်အလက်များနှင့် ယှဉ်လျှင် Bandwidth အနည်းငယ်သာ လိုအပ်သည်။ ထို့ကြောင့် FoIP သည် အင်နာလော့ခ် ဖက်စ် ပို့ဆောင်မှု များထက် ပို၍ အကျိုးရှိစေပါသည်။

**436 FOIRL ( Fiber Optic Inter-Repeater Link )**

ကေဘယ်လ်ကြိုးကို ဖိုင်ဘာ သုံးသည် Ethernet စနစ်အတွင်း Repeater တစ်ခုနှင့် တစ်ခု အကြားချိတ်ဆက်သည့် နည်းလမ်းဖြစ်သည်။

**437 FOMA ( Freedom of Mobile Multimedia Access )**

ဂျပန်မိုဘိုင်း အော်ပရေတာတစ်ခုဖြစ်သည့် NTT DoCoMo မှ ထုတ်ဖော်ခဲ့သော ကမ္ဘာ့ ပထမဦးဆုံး တတိယမျိုးဆက် (3G) ဝန်ဆောင်မှုအမျိုးအစား ဖြစ်သည်။ WCDMA နည်း ပညာကို အခြေခံထားသည်။သို့သော် ဥရောပ UMTS Standard နှင့် သဟဇာတ မဖြစ်သေး ပေ။ ၎င်းတို့၏ FOMA ကွန်ရက်အား UMTS သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေ ဖြစ် စေရန် အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိ ကြောင်း NTT DoCoMo မှ ဖော်ပြခဲ့သည်။

**438 Footprint**

တူညီသော ဂြိုဟ်တုမှ ထုတ်လွှင့်သည့် ပါဝါ EIRP (Equivalent Isotropic Radiated Power) ကို ရရှိနိုင်သည့် ကမ္ဘာ့မြေမျက်နှာပြင် ရှိနေရာများကို ကွန်တိုမျဉ်းဖြင့် မြေပုံညွှန်းဖွဲ့ ပြသထားခြင်းကို Footprint ဟု ခေါ်သည်။ ဂြိုဟ်တုတစ်ခုတည်းပေါ်မှ မတူညီသော ဖရီ ကွမ်စီချန်နယ်ထရန်စပွန်ဒါ (Transponder) များသည် မတူညီသော Footprint များ ရှိကြ သည်။ EIRP Footprint (သို့မဟုတ်) ကွန်တိုမျဉ်းများအား တိတိကျကျ ဖော်ပြပေးနိုင်မှု သည် ဂြိုဟ်တုတစ်လုံး၏ လည်ပတ်မှု သက်တမ်း (Operational Age of Satellite) ကိုပါ ရည်ညွှန်းရာရောက်သည်။ ဂြိုဟ်တုတစ်လုံး၏ EIRP သည် ဂြိုဟ်တု၏ သက်တမ်းကြာလာ သည်နှင့် အမျှ တဖြည်းဖြည်း လျော့နည်း လာသည်။

**439 FOTS ( Fibrer Optic Transmission System )**

သက္ကရာဇ် ၁၉၆၀ ခုနှစ် နှောင်းပိုင်းကာလများက တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်း တွင် ချခင်းအသုံးပြုသည့် ဖန်မျှင်စနစ်ဖြစ်ပြီး နောက်ပိုင်းတွင် နည်းပညာသည် တစ်စထက် တစ်စ ပိုမို တိုးတက် ဖွံ့ဖြိုးလာခဲ့သည်။

**440 FS ( Fax Server )**

ယင်းတို့၏ ကွန်ပျူတာမှတစ်ဆင့် စာရွက်စာတမ်းများကို တိုက်ရိုက် ဖက်စ်ပို့နိုင်အောင်

Client များအတွက် စီစဉ်ပေးထားသော Server ဖြစ်သည်။

**441 FSO ( Free Space Optics )**

အလင်းဆက်သွယ်ရေးနည်းပညာသစ်တစ်ရပ်ဖြစ်သည်။ လေဆာအလင်းတန်းကို လေထုသို့ ပစ်လွှတ်၍ ချိတ်ဆက်အသုံးပြုသည့်နည်းပညာဖြစ်သည်။ FSO ကို ကြိုးမဲ့ ဖန်မျှင်စနစ် (Fiberless Optics) ဟု လည်းကောင်း၊ ဝိုင်ယာလက် ဖန်မျှင်စနစ် (Optical Wireless) ဟု လည်းကောင်း၊လေဟာနယ်အလင်းလွှတ်စနစ် ( Free Space Photonics ) ဟု လည်းကောင်း ခေါ်ဝေါ်သည်။

**442 FSS ( Fail Safe System )**

ကွန်ပျူတာစနစ်တွင် တစ်စုံတစ်ရာ ချို့ယွင်းမှုဖြစ်ပေါ်လာပါက Safe Mode ထဲသို့ ဝင်ရောက်ပြီး ပြန်လည် ပြုပြင်နိုင်ရန် စီစဉ်ထားသော စနစ်တစ်ခု ဖြစ်ပါသည်။

**443 FSS ( Fixed Satellite Service )**

Fixed Satellite Service ကို ခေါ်ဆိုခြင်းဖြစ်သည်။ ကမ္ဘာမြေပြင်၏ တစ်နေရာတွင် အသေတပ်ဆင်ထားသော ဆက်သွယ်ရေးကိရိယာစက်များအတွက် ဂြိုဟ်တုဆက်သွယ်ရေး ဝန်ဆောင်မှုပေးသော စနစ်ကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် FSS သည် ဆက်သွယ်ရေးဂြိုဟ်တုစခန်းတစ်ခုမှ မည်သည့်ဂြိုဟ်တုဆက်သွယ်ရေး ဝန်ဆောင်မှုမျိုးကို မဆို ပေးနိုင် သည်။သို့သော် စနစ်၏ တည်နေရာကို မကြာခဏ ပြောင်းရွှေ့လေ့မရှိပါ။FSS အတွက် လူကြိုက် အများဆုံးပေးသော ဝန်ဆောင်မှုမှာ ဂြိုဟ်တု တယ်လီဗီးရှင်း ဖမ်းယူခြင်း ဖြစ်ပါသည်။

**444 FTP ( File Transfer Protocol )**

ဖိုင်များကို လွှဲပြောင်းပေးပို့နိုင်ရန် အင်တာနက်နှင့် ချိတ်ဆက်ထားသော ကွန်ပျူတာများတွင် အသုံးပြု သည့် တိကျသော Protocol အတွဲတစ်စုံ ဖြစ်သည်။

**445 FTTH ( Fiber To The Home )**

အဆင့်မြင့်နည်းပညာ တစ်ရပ်ဖြစ်သည့် ဖန်မျှင်ကေဘယ်လ် နည်းပညာရပ်မှ ထပ်မံ တိုးတက်လာသော နည်းပညာရပ်တစ်ခုဖြစ်ပါသည်။ ဆံချည်မျှင်အရွယ် သေးသွယ်မာဆတ်သော ဖန်မျှင်ကြိုးကို သုံးစွဲသူတို့၏ စက်ပစ္စည်းသို့ တိုက်ရိုက်တပ်ဆင် အသုံးပြုနိုင်သည့် နည်းပညာ(တစ်နည်းအားဖြင့်) အိမ်တိုင်ရာရောက် တိုက်ရိုက်သွယ်တပ်ဆင်သည့် နည်းပညာဖြစ်ပါသည်။

**446 FVC ( Forward Voice Channel )**

Base Station မှ သုံးစွဲသူဆီသို့ ဦးတည်သွားသည့် အသံချန်နယ်ဖြစ်သည်။ ယင်းကို Voice Channel Downlink ဟုလည်း ခေါ်သည်။

**447 FWC ( Four Wire Circuit )**

ဝိုင်ယာကြိုး (၄)ချောင်း (သို့မဟုတ်) ဝိုင်ယာကြိုး (၂)စုံ ပါရှိသည့် Circuit တစ်ခုဖြစ်ပါသည်။ တစ်စုံ သည် Send Channel အတွက် အသုံးပြုပြီး ကျန်တစ်စုံသည် Receive Channel အတွက်အသုံးပြုပါသည်။ နှစ်ဦးနှစ်ဘက် (Two Parties) သည် စကားပြောခြင်း

နှင့် နားထောင်ခြင်း တို့ကို တပြိုင်နက် အသုံးပြုနိုင်ပါသည်။

**448 FXO ( Foreign Exchange Office)**

FXO ဆိုသည်မှာ VoIP ပစ္စည်းများပေါ်ရှိ Analog PABX လိုင်းခွဲများ ချိတ်ဆက်နိုင်သော နေရာ ဖြစ်ပါသည်။

**449 FYI ( For Your Informaion )**

For Your Informaion ၏ အတိုကောက်စာလုံးဖြစ်သည်။ လက်ခံ ဖတ်ရှုသူအတွက် အသုံးဝင်မည်ဟု ယူဆရသော သတင်းအချက်အလက်ကို မိတ်ဆက်ပေးသည့် အနေဖြင့် အီးမေးလ် နှင့် News Group တို့တွင် အသုံးပြုသော စကားရပ် ဖြစ်သည်။

**Glossary G**

**450 (G/T) Gain-to-noise-Temperature**

ဂြိုဟ်တုမြေပြင်စခန်းများတွင် အသုံးပြုနေသော (Antenna) အင်တာနာများ၏ အရည်အသွေးကို တိုင်းတာသောအချိုးတစ်ခု ဖြစ်ပါသည်။ G သည် အင်တာနာ၏ ဖမ်းယူရရှိသော ရေဒီယိုလှိုင်းနှုန်း၏ စွမ်းအင်တိုးတက်မှုနှင့် T သည်ဖမ်းယူရရှိသော ရေဒီယိုလှိုင်းနှုန်း၏ ဆူညံ မှုကို အပူချိန်မြင့် ဖော်ပြ တိုင်းတာရာတွင် Kelvein ဖြင့် ဖော်ပြပါသည်။

**451 G.ASON ( G-series Automatic Switched Optical Network )**

မီဒီယာနှင့် ထုတ်လွှင့်မှုစနစ် ၊ ကွန်ရက်နှင့် ဒစ်ဂျစ်တယ်စနစ်တို့ အတွက် ITU-T မှ ထုတ်ပြန်ထားသော G-Series Recommendations များ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ITU-T G .8080 သည် G.ASON သို့မဟုတ် ASON ကိုရည်ညွှန်းပါသည်။ OTN (Optical Transport Network ) အတွင်း ချိတ်ဆက်မှု တည်ဆောက်ခြင်း (Connection Set-up)၊ ထိန်းသိမ်းခြင်း၊ ချိတ်ဆက်မှုဖြတ်တောက်ခြင်း(Disconnect)တို့ လုပ်ဆောင်ရာတွင် ယုံကြည်စိတ်ချရပြီး လျင်မြန်မှု ရှိစေရန် အသုံးပြုထားသော Control Plane အစိတ်အပိုင်းများကို ဖော်ပြ ထားပါ သည်။

**452 G.hn**

G.hn သည် အိမ်သုံးကွန်ရက်နည်းပညာ စံသတ်မှတ်ချက်အဖြစ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး အဖွဲ့. ITU-T (International Telecommunication Union 0Telecom Sector) က သတ်မှတ် ထုတ်လုပ်ခဲ့သည့် စံသတ်မှတ်ချက် အမည်ဖြစ်ပြီး Home Grid Forum နှင့် အခြားအဖွဲ့.အစည်းများမှ အဆင့်မြှင့်ခဲ့ပါသည်။ လျှပ်စစ်ပါဝါလိုင်း ၊ ဖုန်းလိုင်း ၊ Coaxial ကြိုးပေါ်မှ ဒေတာ ပို့ဆောင်မှု ၊ 1Gbs $^{-1}$ အထိ ရရှိရန် နေအိမ်သုံးကွန်ရက် ဆောင်ရွက်မှုကို ပံ့ပိုးပေးနိုင်ပါသည်။

**453 Gadget**

ဂါးဂျစ် (ထ်) အသံထွက်သည်။XML File တစ်မျိုးဖြစ်ပြီး သီးသန့်လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးနိုင်သော ကိရိယာ (သို့မဟုတ်) ဆောင်ရွက်မှုကို ဆိုလိုသည်။ ခေတ်ပေါ် နည်းပညာရပ်များအတွက် အရပ်တစ်မျိုးဟု အလွယ် မှတ်ယူနိုင်သည်။ Google Desktop Gadget များတွင် အချိန်ကို ပြသပေးသော Gadget ၊ Calculator Gadget ၊ Music

Player Gadget စသည့်တို့မှာ အသုံးများသော Gadget များ ဖြစ်သည်။

**454 Gain**

တစ်နေရာမှ အခြားတစ်နေရာသို့ ထုတ်လွှင့်မှု (Transmission) တွင် Signal ပါဝါ စွမ်းအား တိုးတက်မှု များပြားလာခြင်းကို Gain ဟု ခေါ်ဆို သတ်မှတ်ပါသည်။ Decible (db) ဖြင့် ဖော်ပြ လေ့ရှိပါသည်။

**455 Gateway**

Gateway သည်ဟာ့ဒ်ဝဲ (သို့မဟုတ်) ဆော့ဖ်ဝဲဖြစ်ပြီး ကွန်ရက်(၂)ခုကြားရှိ ကွန်ပျူတာ များကြား အချက်အလက် အရွှေ့အပြောင်း လုပ်သည့်အခါ တံတားသဖွယ် တာဝန်ယူခြင်း ဖြစ်ပါသည်။ ဥပမာ ဝက်ဘ်ဆိုက်တွင်အီးမေးလ်ပို့သည့်အခါ Gateway သည် ဆက်သွယ်မှု ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဝက်ဘ်ဆိုက်သည် အခြားသော Server များ သို့ ဆက်သွယ်မှု၏ လမ်းတစ်လျှောက်တွင် ကွန်ရက်ငယ်များ များစွာ ပါဝင်ပတ်သက်လျက် ရှိမည် ဖြစ်ပါသည်။

**456 GB ( Global Beam )**

အပြည်ပြည်ဆိုင်ရာဂြိုဟ်တုဆက်သွယ်ရေးများ၏အင်တီနာများမှ ကမ္ဘာ့မြေပြင်သို့ ထိုးချ လိုက်သောလွှမ်းခြုံမှုအကျယ် (Global Beam) သည် ကမ္ဘာ့၏ သုံးပုံတစ်ပုံကို ခြုံငုံမိသည်။ သမုဒ္ဒရာတစ်ဘက် တစ်ခြမ်းရှိ နိုင်ငံများမှ Signal များကို ဖမ်းယူရရှိစေရန် လွှတ်တင်ထား သော အပြည်ပြည်ဆိုင်ရာဂြိုဟ်တု (International Satellites) များ၏ Global Beam သည် အတ္တလန်တစ် ၊ ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာ အလယ်တည့်တည့်ကို ထိုးချိန်ထားသည်။ Global Beam သည် နေရာဒေသ ကျယ်ကျယ်ပြန့်ပြန့်သို့ ထိုးချိန်ထားသည် ဖြစ်၍ Global Beam Transponder ၏ EIRP သည် အမေရိကတိုက်ကြီးများသို့သာ ထိုးချိန်ထားသည့် ပြည်တွင်းသုံးဂြိုလ်တု Transponder ၏ EIRP ထက် အလွန်နည်းသည်။ ထို့ကြောင့် Glogal Beam ကို ဖမ်းယူမည့် မြေပြင်စခန်း ( Earth Station ) တွင် အဆိုပါ အားနည်းသည့် Signal ကို ဖမ်းယူနိုင်ရန် အချင်း (၁၀) မီတာထက် အရွယ်အစားကြီးသော အင်တီနာကို တပ်ဆင်ထားရမည်။

**457 GC ( Guard Channel )**

ဂြိုဟ်တုထုတ်လွှင့်မှုလိုင်းတစ်ခုနှင့် တစ်ခုအကြားတွင်ခြားနားထားသော ရေဒီယိုလှိုင်းနှုန်း ခွင်ငယ် (MHz အထိ ) ကို ခေါ်ဆိုပါသည်။ ဂြိုဟ်တုရုပ်သံလိုင်းကပ်လျက် ရှိသော လိုင်းများ အကြား ရေဒီယိုလှိုင်း အနှောင့်အယှက် မဖြစ်ပေါ်စေရန် အတွက် ခြားနားထားခြင်း ဖြစ်ပါ သည်။

**458 GEO ( Geosynchronous or Geostationary Earth Orbit )**

ဆက်သွယ်ရေးစနစ်တွင်အသုံးပြုနေသော ဂြိုဟ်တုများ၏ လှည့်ပတ်သော လမ်းကြောင်း ကို ခေါ်ဆိုခြင်း ဖြစ်သည်။ အီကွေတာမျဉ်းတည့်တည့် ကမ္ဘာမြေပြင် အထက် မိုင်ပေါင်း (၂၂,၃၀၀၀) အကွာမှ တစ်စက္ကန့်လျှင် ၃.၀၈ ကီလိုမီတာနှုန်းမြင့် ကမ္ဘာကိုပတ်လျက်ရှိ သည်။ ကမ္ဘာလည်ပတ် နှုန်းနှင့် ချိတ်ဆက်ပြီး ဂြိုဟ်တု လည်ပတ်နှုန်းအား သတ်မှတ်ထား ၍

မြေပြင်မှကြည့်လျှင် ဂြိုဟ်တုသည် တစ်နေရာတည်းတွင် ရပ်တည်နေသည်ဟု မြင်ရမည်။ GEO စနစ်၏ အားသာချက်မှာ မြေပြင် ထုတ်လွှင့်ရေးစခန်းမှ အာကာသရှိ ဂြိုဟ်တုတည်ရှိသော နေရာတစ်ခုကိုသာ ချိန်ရွယ်ပြီး ဆက်သွယ်နိုင်သည့် GEO စနစ်ဂြိုဟ်တုများကို မြန်နှုန်းမြင့်ဒေတာ အချက်အလက်များ ပေးပို့ခြင်း၊ တီဗီထုတ်လွှင့်မှုနှင့် အခြား တာခွင်ကျယ် အသုံးပြုသော စနစ်များကို တွင်ကျယ်စွာ အသုံးပြုနိုင် ပါသည်။

**459 GERAN ( GSM / EDGE Radio Access Network )**

ရေဒီယို အထိုင်စခန်းများနှင့် ရေဒီယိုအထိုင်စခန်း ထိန်းချုပ်မှုများကို ချိတ်ဆက်ပေး သော GSM/ EDGE ကွန်ရက်၏ ရေဒီယိုလိုင်းဖြင့် ဆောင်ရွက်မှုဘက်အပိုင်းကို ဆိုလိုပါ သည်။ GERAN GSM/EDGE စနစ်၏ဆောင်ရွက်ချက် အချက်အလက်များကို ထိန်းသိမ်းဆောင်ရွက်သည့် 3GPP အတွင်းရှိ Technical Specification Group (TSG)ကို ရည်ညွှန်းပါသည်။

**460 GGSN** ( Gateway GPRS Support Node )

GGSN သည် GPRS Backbone Network နှင့် External Packet Data Network တို့ အကြား Interface ပြုလုပ်ပေးသော အပိုင်းဖြစ်သည်။ ၎င်းသည် SGSN မှ လာသော GPRS Packet များကို PDP (Packet Data Protocol) အဖြစ် ပြောင်းလဲ ပေးသည်။ ထို့အတူ PDP များကိုလည်း သက်ဆိုင်ရာ SGSN သို့ သွားရန် Data Format ကို ပြောင်းလဲပေးသည်။ GGSN ၏ တာဝန်မှာ IP Address Assignment လုပ်ပေးခြင်းနှင့် UE (User Equpment) ကို ဆက်သွယ်ရန်အတွက် Rout သတ်မှတ် ပေးခြင်းတို့ ဖြစ်သည့် အပြင် Authentication နှင့် Function များလည်း ပါဝင်သည်။

**461 GIF ( Graphic Interchange Format )**

ပုံများအတွက် သတ်မှတ်ထားသော Format တစ်ခုဖြစ်သည် အထူးသဖြင့် တူညီသော အရောင်ပါဝင်မှု ဧရိယာကြီးမားသော ပုံများအတွက် သင့်တော်သည်။ သာမန်ပုံများအတွက် GIF ဖိုင်များသည် JPEG (Joint Photographic Experts Group) ဖိုင်များထက် ဖိုင်ပမာဏ သေးငယ်သည်။ ဓါတ်ပုံနည်းပညာ အသုံးပြုမှုများသော ပုံများအတွက်မူ JPEG က ပိုသင့် တော်သည်။

**462 GIF ( Graded Index Fiber)**

ဖန်မျှင် (Optical Fiber) ၏ အလယ်ဖန်သား (Core) တွင်ယိုင်ညွှန်ကိန်း (Refractive Index) တန်ဘိုးကို ဗဟိုမှ ဝေးရာသို့ တဖြည်းဖြည်း လျော့နည်းသွားအောင် စီမံထားသည်။ ထိုကဲ့သို့သော အစီအမံကို အလင်းတန်းတစ်ခု ထက်ပို၍ ထည့်သွင်းနိုင်သော Multimode Fiber ဖန်မျှင် အမျိုးအစားတွင် သုံးသည်။ Multimode Fiber သည် တာတိုအကွာအဝေးရှိ ဆက်သွယ်ရေး ကွန်ရက်များတွင် အသုံးပြုသည်။

**463 GIF ( Graphics Interchange Format )**

Bitmap ပုံရိပ် Format တစ်ခုဖြစ်ပြီး ၁၉၈၇ခုနှစ်၌ Computer Server မှ စတင် အသုံးပြုခဲ့ပြီးယခုအခါတွင် World Wide Web ၌ ကျယ်ပြန့်စွာ ပံ့ပိုးမှုနှင့် ပေါ့ပါးဝန်ကျဉ်း မှု

တို့ ကြောင့် တွင်ကျယ်စွာ အသုံးနိုင်သည်။

၄င်း Format ကို ပုံရိပ်တစ်ခုတွင် 1Pixel တွင် 8bit ဖြင့် သတ်မှတ် အသုံးပြုထားသည်။ 24bit RGB Color Space မှ ထင်ရှားပြတ်သားသည့် အရောင် (၂၅)မျိုးပေါ် မူတည်လျက် အသုံးပြုထားသည့် ပုံစံတစ်မျိုး ဖြစ်သည်။ ၄င်းသည် ရွေ့လျားနိုင်သော ပုံရိပ်အဖြစ် ဆောင်ရွက်ပေးသည်။ Frame တစ်ခုစီ အတွက် အရောင် (၂၅၆) မျိုးဖြင့် သီးခြား စီမံ ပြုလုပ်ထားသည်။

အရောင် ကန့်သတ်ခြင်းသည် ရောင်စုံဓါတ်ပုံများနှင့် အရောင်များပါရှိသော ရုပ်ပုံများကို ပြန်ထုတ်ရာတွင် GIF Format တွင် အဆင်မပြေပါ။ သို့သော် ရိုးစင်းသော ပုံရိပ်များ ဖြစ်သည့် Graphic နှင့် Logo များအတွက်သာ အသုံးဝင်သည်။ ဖိုင်အမည်၏ နောက်ဆက်တွဲတွင် .gif အဖြစ် ဖော်ပြ အသုံးပြုသည်။

**464 GIS ( Geographical Information System )**

GIS ဆိုသည်မှာ ဟာဒ့်ဝဲ ၊ဆော့ဖ်ဝဲနှင့်လုပ်ထုံးလုပ်နည်းများဖြင့် နေရာဒေသနှင့် သက်ဆိုင်သော ဒေတာအချက်အလက်များဖမ်းယူခြင်း ၊ စီမံခန့်ခွဲခြင်း ၊ တည်းဖြတ်ခြင်း ၊ ဆန်းစစ်လေ့လာခြင်း၊ နမူနာပုံစံပြုလုပ်ခြင်းတို့အား ပံ့ပိုးပေးနိုင်ရန် စီစဉ်ပြုလုပ်ထားသည့် စနစ်ဖြစ်သည်။

**465 Glitch**

ကွန်ပျူတာတွင်လုပ်ငန်းဆောင်ရွက်မှုပျက်ယွင်းသည်ကိုဆိုလိုပါသည်။ သို့သော် လုပ်ငန်းဆောင်ရွက်နေမှုကို ယာယီအားဖြင့် အဟန့်အတားဖြစ်စေတတ်သောသဘောဖြစ်သည်။ ယေဘူယျအားဖြင့် Hardware ပိုင်းတွင် ဖြစ်တတ်သော ပြဿနာဖြစ်သည်။ Software တွင် ဖြစ်တတ်သော ပြဿနာမျိုးကို Bug ဟု ခေါ်သည်။

**466 GNSS ( Global Navigation Satellite** System )

ကမ္ဘာ့နေရာပြစနစ် (GPS System) ကို တိုးချဲ့ထားသည့်စနစ်ဖြစ်သည်။ သုံးစွဲသူများသည် ပိုမိုတိကျ၍ အသုံးတည့်သည့်သတင်းအချက်အလက်များကိုစုစည်းရယူအသုံးပြုနိုင်သည်။

**467 GO ( Graveyard Orbit )**

စွန့်ပစ်ပတ်လမ်းဟု အသိများသော Graveyard Orbit ပတ်လမ်းသည် Synchronous ပတ်လမ်းများ အထက်၌တည်ရှိပြီး သက်တမ်းကုန်ဆုံးသွားသော အာကာသယာဉ်များ ထားသော နေရာဖြစ်ပါသည်။ GEO ဂြိုဟ်တုများအတွက် စွန့်ပစ်ပတ်လမ်းသည် အလုပ် လုပ်နေသော ပတ်လမ်းများ၏ အထက် ကီလိုမီတာရာနှင့် ချီသော အမြင့်တွင် တည်ရှိပါသည်။ သို့သော်လည်း GEO ပတ်လမ်းမှ စွန့်ပစ်ပတ်လမ်းသို့ ပြောင်းရွှေ့မှုသည် ဂြိုဟ်တုတစ်ခုလုံး ပတ်လမ်းထိန်းသိမ်းမှု (Stationkeeoing)အတွက် အချိန်(၃) လကြာ သုံးစွဲနိုင်မည့် လောင်စာ ပမာဏ လိုအပ်ပါသည်။

**468 Gopher**

Gopher သည် FTP ထက် ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်ရန် ဒီဇိုင်းပြုလုပ်ထားပြီး စာသားတစ်ခုတည်း သာ အသုံးပြုရန် ဖြစ်ပါသည်။

Gopher Client ပရိုဂရမ် ဖြစ်ပါသည်။ သုံးစွဲသူ၌ Gopher သည် ကမ္ဘာပေါ်တွင် ပျံ့နှံ့လာ သည်မှာ(၂)နှစ်လောက်ပင်ရှိသေးသော်လည်း Hypertext အားဖြင့် ကျယ်ပြန့်စွာ အစားထိုးဝင်ရောက်လာပါသည်။ www (World Wide Web) ဟု အမည်တွင်ခဲ့ပါသည်။ ယခုတိုင်အောင် အင်တာနက်ပေါ်တွင် ထောင်ပေါင်းများစွာ Gopher Server များ ရှိနေဆဲ ဖြစ်ပါသည်။

**469 GOS ( Grade of Service )**

ဝန်ဆောင်မှု အဆင့်သတ်မှတ်ခြင်း GOS ( Grade of Service ) သည် သုံးစွဲသူအား ကွန်ရက် တွင်း လက်ခံသုံးစွဲရာ၌ ပြည့်စုံအောင်မြင်သော ခေါ်ဆိုမှုတစ်ရပ်တွင် မည်မျှထိ ဝန်ဆောင်မှုပေးနိုင်သည်ကို တိုင်းတာ ခြင်းဖြစ်ပြီး အဆိုပါ GOS ကို မလုံလောက်သော ကွန်ရက်သုံးစွဲနိုင်မှုပမာဏကြောင့် ခေါ်ဆိုမှုများအလွန်အမင်းများပြားနေသော အချိန်တွင် ပိတ်ပင်ခံထားရသော ခေါ်ဆိုမှုများ၏ ရာခိုင်နှုန်းမည်မျှ ရှိခဲ့သနည်းကို ဖော်ပြပါသည်။

**470 GPON ( Gigabit Passive Optical Network )**

GPON ၏ စံသတ်မှတ်ချက်သည် အခြား PON စံသတ်မှတ်မှုများနှင့် ကွဲပြားခြားနားသည်။ GPON တွင် ကြီးမား၍ အလျားအမျိုးမျိုးရှိသော Packet များကို အသုံးပြုပြီး မြင့်မားသော Bandwidth နှင့် စွမ်းဆောင်ရည် မြင့်မြင့်မားမားကို ပေးနိုင်စွမ်းရှိသည်။ GPON သည်အချိန်နှောင့်နှေးမှု လုံးဝလက်မခံသော အသံနှင့်အရုပ် ဆက်သွယ်ရေး Traffic များ အတွက် Frame များကို အပိုင်းလိုက်ဖြတ်ပို့ခြင်း (Frame Segmentation) နည်းပညာ၏ အရည်အသွေးမြင့်မားသောဝန်ဆောင်မှုများကြောင့် သုံးစွဲသူများ၏ Traffic အသွားအလာကို ကောင်းမွန်စေသည်။ ယခုအခါ ကမ္ဘာအနှံ့ရှိ ကယ်ရီယာ ကွန်ရက်အများအပြားတွင် GPON ကွန်ရက်များကို ပြောင်းလဲ အသုံးပြုလာကြသည်။ ဤအလားအလာ က အခြား PON နည်းပညာများထက် GPON သုံးစွဲမှု မြင့်မားလာခြင်းကို ဖော်ညွှန်းသည်။

**471 GPRS ( General Packet Radio Service )**

GPRS သည် ကြိုးမဲ့ဆက်သွယ်ရေးများအတွက် Standard တစ်ခုဖြစ်ပြီးအမြင့်ဆုံး မြန်နှုန်းမှာ 115kbps ထိ ရှိ၍ လက်ရှိ GSM (Global System for Mobile Communication) နှင့် နှိုင်းယှဉ် ကြည့်လျှင် GSM စနစ်မှာ 9.6kbps သာရှိပါသည်။

GPRS သည် Bandwidth ကျယ်ကျယ်ကို အထောက်အပံ့ပေးထားနိုင်သည့် အတွက် ကန့်သတ်မှု ရှိမည့် Bandwidth မျိုးများအတွက် အသုံးဝင်နိုင်ပြီး e-mail ၊ Web Browsing ကဲ့သို့သော အခိုက်အတန့်သာ သုံးမည့် အချက်အလက် အနည်းငယ်အား ပို့/ယူရာ၌ သာမက အချက်အလက် ပမာဏအများအစု အတွက်လည်း အထူး အသုံးဝင်ပါသည်။

**472 GPU ( Graphics Processing Unit )**

GPU ( Graphics Processing Unit ) ကို Visual Processing Unit ဟု လည်း ခေါ်ဆိုကြသည်။ ၎င်းသည် Personal Computer ၊ Workstation နှင့် Game Console များ အတွက် Graphic Rendening Device ပုံများကို အပြန်အလှန် လုပ်ဆောင်ပေးသော ပစ္စည်း တစ်ခုဖြစ်သည်။ Modem GPU များသည် ကွန်ပျူတာများတွင် ပုံဖော်ရာ၌အလွန်

အရည် သွေးမြင့်စွာ ပုံဖော်ပေးနိုင်စွမ်းရှိကြသည်။ GPU ကို ကွန်ပျူတာ ၏ Mother Board ပေါ်တွင် Build က အဖြစ်ဖြင့် သော်လည်းကောင်း ၊ Video Card ပေါ်တွင်လည်းကောင်း တပ်ဆင် အသုံးပြုနိုင်သည်။ ယခုနောက်ဆုံးပေါ် Desktop ကွန်ပျူတာများနှင့် Note Book ကွန်ပျူတာများတွင် GPU IC ကို Build ကတည်ဆောက်ပြီး ထုတ်လုပ်လာကြသည်။

**473 Groupware ( www.whatis.com)**

ဝေးကွာသော နေရာများရှိလူများ အပြန်အလှန် ဆက်သွယ်မှုကို ပံ့ပိုး ကူညီပေးသော ဆော့ဖ်ဝဲ ဖြစ်သည်။ အချိန်နှင့် တပြေးညီ ဆက်သွယ်ပေါင်းစည်းမှုကို ဆောင်ရွက် ပေးနိုင်သော Groupware ကို Synchronous Groupware ဟုခေါ်သည်။Online meeting များ၊ Video Conferencing များ၊ အီးမေးလ်များ၊ Online စာရင်းသွင်းသော စနစ်များ စသည် တို့သည် Groupware များဖြစ်သည်။Groupware များကို Collaborative ဆော့ဖ်ဝဲဟုလည်း ခေါ်ဆိုသည်။

**474 GS ( Gateway Server )**

အမျိုးမျိုးကွဲပြားလျက်ရှိသော ကွန်ရက်များအကြား ချိတ်ဆက်မှု ရနိုင်အောင် ဆောင်ရွက်ပေးသော Server ကို ခေါ်ပါသည်။

**475 GT ( Global Title )**

GT သည် သုံးစွဲသူ ဖုန်းခေါ်ဆိုလိုက်သော ဂဏန်းများ ပါဝင်သည့် လိပ်စာတစ်ခုဖြစ်ပြီး SS7 ကွန်ရက်တွင် မည်သည့်လမ်းကြောင်းဖြင့် သွားရမည်ဆိုသော အချက်အလက်သာ ပါရှိပါသည်။

**476 GTP GPRS Tunneling Protocol**

GTP GSM ၊ UMTS (Universal Mobile Telephone System) နှင့် LTE (Long Term Evolution) ကွန်ရက်များ အချင်းချင်း ချိတ်ဆက်အသုံးပြုနိုင်အောင် စီစဉ်ပေးသော Internet Protocol (IP) အခြေခံ လုပ်ဆောင်မှုစနစ် ဖြစ်ပါသည်။

**Glossary H**

**477 H.248**

H.248 ဆိုသည်မှာ ITU-T မှ သတ်မှတ်ထားသော Gateway Control Protocol ဖြစ်ပါသည်။ H.248 ကို Megaco ( Media Gateway Control ) ဟု လည်း ခေါ်နိုင်သည်။ Megaco သည် IETF (Internet Engineering Task Force ) မှ သတ်မှတ်ထားသော အမည် ဖြစ်သည်။

**478 H.324**

သမားရိုးကျ တယ်လီဖုန်းလိုင်းအား မိုဒမ်ဖြင့် ဆက်သွယ်မှု Plain Old Telephone Service (POTS)ကိုသုံးပြီး ဗီဒီယို ၊ Data အချက်အလက် နှင့် အသံတို့ကို တပြိုင်နက်တည်း ထုတ်လွှင့်နိုင်ရန် အသုံးပြုသည့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမ္မတ၏ စံနှုန်း သတ်မှတ် ချက်တစ်ခု ဖြစ် ပါသည်။

**479 HB ( High Band )**

TV Channel 7 မှ 13 အတွင်းရှိ 174 MHz မှ 216MHz အတွင်းရှိ လျှပ်စစ်သံလိုက် ရောင်စဉ်လှိုင်း၏ အစိတ်အပိုင်းကို High Band ဟု ခေါ်သည်။

**480 HC ( Horizontal Cross-connect )**

မြေပြင်တွင် သွယ်တန်းချခင်းထားသောကျောထောက် နောက်ခံဆက်ကြောင်းကေဘယ်လ် (Back Bone Cable) များနှင့် အခြားကေဘယ်လ်များ၊ စက်ကရိယာများဆက်သွယ် အပြန်အလှန် ချိတ်ဆက်မှု ပြုလုပ်ထားသည့် နေရာ ဖြစ်သည်။

**481 HD-DVD ( High Definition Digital Versatile Disc )**

HD-DVD သည် လက်ရှိ ဈေးကွက်တွင် အပြိုင် ရေပန်းစားလျက်ရှိသော မျိုးဆက်သစ် Optical Disc (၂) ခု အနက်မှ တစ်ခု ဖြစ်ပါသည်။ HD-DVD များ ထုတ်လုပ်ရသည့် ကုန်ကျစရိတ်မှာ Blu-ray Discs ထက် သက်သာပါသည်။ အဘယ်ကြောင့်ဆိုသော် သာမန် DVD များနှင့် အဓိကလိုအပ်ချက် တူညီမှု ရှိနေပြီး ကြီးမားသော ပြောင်းလဲမှု မလိုအပ်ဘဲ လွယ်ကူစွာ ထုတ်လုပ်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ထုတ်လုပ် မှုပိုင်းတွင် ဈေးနှုန်း သက်သာ၍ သုံးစွဲသူများအတွက်လည်း ဈေးသက်သာစေပါသည်။

**482 HDMI ( High-definition Multimedia Interface )**

ဗီဒီယိုနှင့် အသံ(၂) ခုစလုံးကို ပေါင်းစပ်ပြီး သုံးစွဲထားသည့်ကြားခံဖြစ်ပြီး DVD စက်များ ၊ ဒစ်ဂျစ်တယ် ရုပ်မြင်သံကြားစက်များ ၊ Set-top boxes များနှင့် အခြား အသံပိုင်းဆိုင်ရာ ၊ ရုပ်ပိုင်း ဆိုင်ရာ စက်ပစ္စည်းများတွင် အသုံးပြုနိုင်ပါသည်။ HDMI အတွက် အခြေခံမှာ Bandwidth ကြီးမားသော Digital Content များကို ကာကွယ်ပေးခြင်း HDCP (High Bandwidth Digital Content Protection) နှင့် ဒစ်ဂျစ်တယ်ရုပ်မြင်သံကြားခံ Digital Visual Interface ( DVI ) ၏ အဓိက နည်းပညာတို့ပင် ဖြစ်သည်။ HDCP သည် Intel မှ အထူးပြုလုပ်ထားသည်ကို ကာကွယ် ပေးရာတွင် အသုံးပြုပြီး DVI နှင့် လိုက်လျော ညီထွေဖြစ်သည် Display များအတွက် Digital Content များ ထုတ်လွှင့်မှုကို လက်ခံပေးရာတွင်လည်း ကာကွယ်ပေးပါသည်။

**483 HDML ( Handheld Device Markup Language )**

ဝိုင်ယာလက်စနစ်သုံး လက်သုံးကွန်ပျူတာများနှင့် စမတ်ဖုန်းများမှ အင်တာနက်စနစ် နှင့် ချိတ်ဆက်နိုင်ရန် အသုံးပြုသော ရေးသားထားသည့် ဘာသာရပ်ဖြစ်သည်။ HDML သည် ကွန်ပျူတာအင်တာနက် လက်ရေးဘာသာရပ် HTML (Hyper Text Markup Language) မှ ကွဲထွက်လာသည့် မူကွဲဖြစ်သည်။

**484 HDSL ( High Bitrate Digital Subscriber Line )**

Digital Subscriber Line ၏ အစောဆုံး ပုံစံတစ်မျိုး ဖြစ်သည်။ တယ်လီဖုန်းကုမ္ပဏီ (တယ်လီဖုန်းအိတ်ချိန်း) နှင့် သုံးစွဲသူတို့ အကြား တာခွင်ကျယ်ဒစ်ဂျစ်တယ် ထုတ်လွှင့်မှု အတွက် အသုံးပြုသည်။ HDSL ၏ အဓိကဝိသေသမှာ Download နှင့် Upload တို့၏ Bandwidth အချိုးညီချင်းဖြစ်သည်။ T1 (သို့မဟုတ်) E1 ဆက်သွယ်မှုအနေဖြင့် အသုံးပြု

နိုင်သည်။

**485 HDTV (High Definition Television)**

အရည်အသွေးမြင့် ပုံရိပ်ဖော်နိုင်သည့် ရုပ်မြင်သံကြား ဖြစ်သည်။ ထို့ပြင် ပြတ်သား ကြည်လင်သော အရည်အသွေးရှိ ပုံရိပ်များကို အသံအရည်အသွေး ကောင်းမွန်စွာဖြင့် ကြည့်ရှု နိုင်အောင် ထုတ်လုပ်ထားခြင်းဖြစ်သည်။

**486 HEO ( Highly Elliptical Orbit )**

ကမ္ဘာမြေပြင်အထက်တွင် ဘဲဥပုံလမ်းကြောင်းဖြင့် ကမ္ဘာနှင့်နီးတစ်လှည့် ဝေးတစ်လှည့် ၊ လှည့်ပတ်နေသော ဂြိုဟ်တုပတ်လမ်းကြောင်းကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ ယင်းလမ်းကြောင်း အား ရုရှားမှ အသုံးပြု သော Molniya ဂြိုဟ်တုကို လွှတ်တင်ထားပါသည်။ တစ်ခါတစ်ရံ ယင်း လမ်းကြောင်းကို Extremely Elliptical Orbit (EEO) ဟုလည်း ရည်ညွှန်း၍ အသုံးပြုပါ သည်။

**487 HFC ( Hybrid Fiber Coax )**

သုံးစွဲသူများကို ဝန်ဆောင်မှုပေးရန် ကေဘယ်လ်ကုမ္ပဏီနှင့် Multiple System Operators (MSOs) တို့ သုံးလေ့ရှိသည်။ Access Infrastructure ဖြစ်သည်။ Access Infrastructure အများစုက ဖိုက်ဘာမှ တစ်ဆင့်ဖြစ်ကြပြီး လမ်းများမှ နေအိမ်များဆီသို့ Coaxial Cable ဖြင့် အသုံးပြုထားပါသည်။

**488 HFM ( Hybrid Fiber Microwave )**

Backhual ကွန်ရက်တစ်ခုမှတစ်ခုသို့ ဆက်သွယ်ပို့ဆောင်မှုကို ပုံမှန်အားဖြင့် ကြိုးမဲ့ ဆောင်ရွက်ပေးနေပါသည်။ HFM ကွန်ရက်သည် Fiber-optical သုံးစွဲနိုင်မှုနှင့် ကြိုးမဲ့ မိုက်ကရိုဝေ့ဖ် ပို့ဆောင်ဆက်သွယ် ပေးနိုင်မှုတို့ကို ရောထွေး၍သော်လည်းကောင်း ၊ ပေါင်းစပ် ၍ သော်လည်းကောင်း လုပ်ဆောင်ပေးသည့် ကွန်ရက် ဖြစ်ပါသည်။

**489 HG ( Hunt Group )**

တယ်လီဖုန်းလိုင်းများကို နံပါတ်အစဉ်အတိုင်းအုပ်ဖွဲ့ထားပြီး တစ်လိုင်းမအားလျှင် နောက် တစ်လိုင်း ရွေးပြီး အားလပ်သည့်လိုင်းကို တွေ့သည်ထိ ရွေးသွားမည် ဖြစ်ပါသည်။

**490 HL ( Hyper Link )**

Hypertext Link ၏ အတိုကောက် စကားလုံး ဖြစ်ပါသည်။ World Wide Web ပေါ် တွင် စာမျက်နှာဖန်တီးရာတွင် အသုံးပြုသော Hypertext နှင့် HTML ဘာသာစကား တို့ အတွက် အလွန်အရေးပါသည်။ Web Document တစ်ခုတွင် Hyper Link မှာ စာစု တစ်ခုအနေဖြင့် လည်းကောင်း ၊ ရုပ်ပုံတစ်ခု အနေဖြင့်လည်းကောင်း တွေ့ရှိနိုင်သည်။ တစ်စုံ တစ်ဦးက Web Page အဖြစ် ဖန်တီးထားသော စာပုဒ်ပေါ်ရှိ Hyperlink ဧရိယာကို Click နှိပ်လိုက်ပါက အခြား စာမျက်နှာတစ်ခုဆီသို့ လျှင်မြန်စွာ ရောက်ရှိသွားနိုင်ပါသည်။ Web-site တစ်ခုတည်း အတွင်းရှိ စာမျက်နှာများသို့ လည်းကောင်း ၊ လုံးဝမတူညီ သော Website များသို့လည်းကောင်း ၊ Hyper Link သုံး၍ လွယ်ကူ လျှင်မြန်စွာ ဝင်ရောက် ဖတ်ရှုနိုင် ပါသည်။ Word Document တစ်ခုတွင် လည်း Hyper Link ကို ထည့်သွင်းနိုင်ပြီး စာဖတ်

သူအား ထို Document အတွင်း တစ်နေရာမှ တစ်နေရာ သို့ လည်းကောင်း ၊ မိမိ ကြည့်ရှုနေသော Document မှ အခြား Website တစ်ခုသို့ လည်းကောင်း ကူးပြောင်း၍ ကြည့်ရှုနိုင်ပါသည်။

### 491 HLR ( Home Location Register )

HLRဆိုသည်မှာ HPLMN (Home Public Land Mobile Network) အတွင်းရှိ အချက်အလက်များ အပြည့်အစုံသိမ်းဆည်းပေးရာ နေရာကိုခေါ်ပါသည်။ HLR တစ်ခုတွင် သုံးစွဲသူ၏ အချက်အလက် များဖြစ်သော လစဉ် ဖုန်းဘီလ်ဆောင်နိုင်ရန် ဖုန်းခေါ်ဆိုထားမှု အချက်အလက်များ ၊သုံးစွဲသူမှ အသုံးပြုထားသော Features များနှင့် ဖုန်းသုံးစွဲသူ၏ လက်ရှိ တည်နေရာ အစရှိသည်များ ပါဝင်သည်။ ၄င်းသည် မိုဘိုင်းကွန်ရက်များဖြစ်ကြသော GSM ၊ TDMA နှင့် CDMA ကွန်ရက်တို့ ၏ အဓိက အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ HLR မှ အချက်အလက်များကို မူလနေရာမှ အခြားတစ်နေရာသို့ သုံးစွဲသူ ဖုန်းယူဆောင်သွားသည့် အခါ သက်ဆိုင်ရာ VLR ( Vistor Location Register ) (သို့မဟုတ်) SGSN (Serving GPRS Support Node) များဆီသို့ ချိတ်ဆက်နိုင်သော နည်းလမ်းများသုံး၍ ဆက်သွယ် ပေးရသည်။ HLR များတွင် သိမ်းဆည်းထားသော အချက်အလက်များမှာ ယေဘုယျ တူညီကြသော်လည်း အသေးစိတ်မှာ ကွန်ရက်အမျိုးအစားပေါ် မူတည်၍ ကွဲပြားမှု ရှိနိုင်သည်။

### 492 HLT ( Human Language Technologies )

HLT ကို လွန်ခဲ့သည့် ၁၉၉၉ ခုနှစ် ဇန်နဝါရီလကပင် ဥရောပကော်မရှင်မှ တရားဝင် အသုံးပြု ခဲ့သည်။ HLT စကားရပ်တွင် လူသားတို့၏ ဘာသာစကားနှင့် စပ်လျဉ်းသော အဆင့်မြင့်နည်းပညာ သုံးစွဲရာ တွင် ဥပမာအားဖြင့် အလိုအလျောက် စကားပြော မှတ်တမ်းတင်ခြင်း Automatic Speech Recognition (ASR) နှင့် ဘာသာစကားကို စက်ဖြင့် ဘာသာပြန်မှု Machine Translation (MT) စသည့် နည်းပညာ ရပ်များ ပါဝင်သည်။

### 493 HO ( Hellosynchronous Orbit)

ကမ္ဘာ့မြေပြင်အထက် ကီလိုမီတာ (၆၀၀)မှ (၈၀၀) အတွင်းရှိ ကမ္ဘာပတ်လမ်းကြောင်းကို ခေါ်ဆိုခြင်း ဖြစ်ပြီး ယင်းပတ်လမ်းကြောင်း အတွင်းရှိနေသော ဂြိုဟ်တုကို နေရောင်ခြည်ရှိသော နေပိုင်းတွင် အမြဲတမ်းတွေ့မြင်နေရပါသည်။ ယင်းပတ်လမ်းကြောင်းတွင် ကမ္ဘာမြေပြင် လေ့လာရေးနှင့် “ နေ ” စနစ်ကို လေ့လာနေသော ဂြိုဟ်တု များကို လွှတ်တင် ထားပါသည်။

### 494 Hotspot

မိုဘိုင်းသုံးစွဲသူများအား Wireless LAN အား ဖြတ်၍ ကြိုးမဲ့တာခွင်ကျယ် ကွန်ရက် ဝန်ဆောင်မှုများ ပေးစွမ်းနိုင်မည့် Access Point များ တည်ရှိရာ သတ်မှတ်ထားသည့် နေရာ တစ်ခု ဖြစ်ပါသည်။ Hotspot များကို လူဦးရေထူထပ်သည့် နေရာများဖြစ်သော လေဆိပ်၊ ဘူတာရုံ၊ စာကြည့်တိုက် အစည်းအဝေး ဗဟိုဌာနနှင့် ဟိုတယ်များတွင် ထားရှိကြ သည်။ ပုံမှန်အားဖြင့် Hotspot များသည် တိုတောင်းသော အကွာအဝေး အတွင်း၌သာ Access

ပြုလုပ်နိုင်ပါသည်။

**495 H-PCRF ( Home Policy and Charging Rules Function )**

မှတ်ပုံတင်သုံးစွဲထားသည့် မိုဘိုင်းကွန်ရက်နှင့် အခြားချိတ်ဆက်ထားသော မိုဘိုင်းကွန်ရက် အချင်းချင်းကြားတွင် သုံးစွဲသူအားမည်သို့ချိတ်ဆက်ခ ကောက်ခံမည့်မူနှင့် ခေါ်ဆိုသုံးစွဲခ တို့ကို ဆောင်ရွက်ပေးပါသည်။ H-PCRF တွင် မူရင်းကွန်ရက်အတွင်း လှည့်ပတ်သုံးစွဲမှုနှင့် အခြား ချိတ်ဆက်ထား သည့် ကွန်ရက်များတွင် သုံးစွဲမှုတို့လည်း ပါဝင်ပါသည်။

**496 HS ( Hot Swappable )**

စက်ကိရိယာများတွင် သုံးထားသော ကတ်များက ပါဝါကို ပိတ်ရန် မလိုဘဲ ဆွဲထုတ်နိုင်ခြင်း၊ ထည့်နိုင်ခြင်းတို့ကို Hot Swappable ဖြစ်သည် ဟု ဆိုလိုပါသည်။

**497 HSPDA ( High Speed Packet Downlink Access )**

HSPDA အဆင့်မြင့် Protocol တစ်ခုဖြစ်ပြီး မိုဘိုင်းတယ်လီဖုန်းတွင် အချက်အလက်များ ပို့ဆောင်ပေးနိုင်ပါသည်။ ၎င်းမှာ W-CDMA (Wideband Code Division Multiple Access) နည်းပညာမှ ပြောင်းလဲ ဖြစ်ပေါ်လာခဲ့ပါသည်။ မိုဘိုင်းဖုန်းများတွင် HSPDA ၏ သတင်းအချက်အလက်များဆွဲယူနှုန်းမှာ ADSL ( Asymmetric Digital Subscriber Line ) လိုင်းများနှင့် တူညီပါသည်။ HSPDA ၌ အသုံးပြုထားသော နည်းပညာ အဆင့်အတန်း ကို 3.5Generation ဟု ခေါ်ဆိုနိုင်ပါသည်။

**498 HTTPS ( HTTP Over SSL )**

HTTPS ( HTTP over Secure Socket Layer ) ကို အတိုကောက်အားဖြင့် HTTP Secure ဟု ခေါ်ဆိုလေ့ရှိသည်။ ပုံမှန် http ဝက်ဘ်စာမျက်နှာများသည် Plain Text ခေါ် စာသားများကို လျှို့ဝှက်ကုတ် အသွင်ပြောင်းနိုင်စွမ်း မရှိချေ။ သို့ဖြစ်ရာ ပုံမှန် ဝက်ဘ် စာမျက်နှာများတွင် သုံးစွဲသူ၏ တောင်းဆိုချက် (request) များ ၊ Password စသည်တို့ကို လျှို့ဝှက်ကုတ်အဖြစ် ပြောင်းလဲပေးခြင်းမရှိပဲ အလုပ်လုပ်သဖြင့် သုံးစွဲသူ လုံခြုံမှုမှာ စိတ်ချရခြင်း မရှိပေ။ https တွင် မူ လျှို့ဝှက်ကုတ် အသွင်ပြောင်းပေးခြင်း (Encryts) ၊ လျှို့ဝှက်ကုတ်မှ စာသားပြောင်းပေးခြင်း (Decrypts) ကို ဆောင်ရွက်ပေးနိုင်သည်။ ထို့ကြောင့် https သည် အမှန်တကယ် အသုံးပြုခြင်း မဟုတ်သည့် Third Party များမှ ကြားဖြတ်၍ ဒေတာများ ရယူခြင်း (eavesdropping) ကို ကာကွယ်နိုင်ပါသည်။ https တွင် Server မှ X.509 ခေါ် ဒစ်ဂျစ်တယ် သက်သေခံလက်မှတ် (Digital Certificate) ကို အထောက်အပံ့ ပေးထား သဖြင့် လိုအပ်ပါက သုံးစွဲသူမှနေ၍ ပေးပို့သူအား အမှန်တကယ် ဟုတ်/မဟုတ် စစ်ဆေး သက်သေ ပြ နိုင်ပါသည်။

**499 Hub**

ဂြိုဟ်တုဆက်သွယ်ရေး စနစ်တွင် အလွန်သေးငယ်သော ဂြိုဟ်တုဖမ်းစက်ကလေးများ (Micro Terminals) မှ တစ်ဆင့် အသုံးပြုဆက်သွယ်နိုင်ရန် ဆောင်ရွက်ပေးသော အဓိကကျသောဂြိုဟ်တုဆက်သွယ်ရေးခန်းကို (Hub) ဟု ခေါ်ပါသည်။ နောင်တစ်ချိန် တွင် ဂြိုဟ်တု ဆက်သွယ်ရေးစနစ်၌ အသုံးပြုဆက်သွယ်ခြင်းများကို MESH ကွန်ရက်များ

အဖြစ် အသုံး ပြုလာချိန်တွင် ယင်း Hub Station များကို တဖြည်းဖြည်း လျှော့ချ ရန် အတွက် ပြုဟ်တု စနစ်တွင် ထည့်သွင်းတည်ဆောက်နိုင်ရန် ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။ ဤနည်းဖြင့် Hub များကို အသုံးပြု ရန်မလိုဘဲ Micro Terminal အချင်းချင်း ချိတ်ဆက်နိုင်ပါသည်။

**500 Hz ( Hertz )**

လျှပ်စစ်သံလိုက်လှိုင်း (Electromagnetic Wave) ၏ အပေါင်းစွန်းမှ အနှုတ်စွန်းသို့ Cycle တစ်ပတ်ပြည့်သည့် ကြိမ်နှုန်း ( Frequency ) ကို တိုင်းတာသည့် အခြေခံယူနစ်တို့ Hertz (Hz) ဟု ခေါ်ဆို ပါသည်။ Hertz သည် ကြိမ်နှုန်း ( Frequency ) ၏ ယူနစ် တစ်ခုဖြစ်ပြီး တစ်စက္ကန့်တွင် ဖြတ်သန်းသွား သော Cycle အရေအတွက်နှင့် ညီမျှပါသည်။ သာမန်အိမ်သုံး လျှပ်စစ် Frequency သည် 60 Hertz (သို့) 50 Hertz ရှိပါသည်။

**Glossary I**

**501 IA ( Internet Application )**

WhatIs.com ဝေါဟာရတွင် အင်တာနက် အသုံးပြုခြင်းများသို့ ဆက်သွယ်သည့် Terms များပါဝင်သည်။ Soft ware as a Service (SaaS) ပို့ဆောင်သည့် Model များ နှင့် စာလုံးများနှင့် စကားစု များတွင် ဝက်ဘ်ဆိုက်၊ ecommerce စသဖြင့် အဓိပ္ပါယ်များ ပါဝင် ပါသည်။

**502 IA ( Isotropy and Anisotropy )**

အလင်းတိုက်ရိုက်ဖောက်နိုင်သည့်အပြင် ၄င်းသတ္တု (Material ) အား အံစာတုံးပုံ မျက်နှာပြင် (၆) ခုအနေဖြင့် သရုပ်ခွဲကြည့်ပါက မျက်နှာပြင်အားလုံး၌ တူညီသော အလင်းယိုင်ညွှန်းကိန်း ( Refraction Index) ၊ တူညီသော Polarization နှင့် တူညီသော ဆက်သွယ်ရေးကိန်းညွှန်း ( Propagation Constant ) ရှိသည့် Material ကို Isotropic Material ဟု ခေါ်သည်။ ဥပမာ $SiO_2$ (စီလီကွန် ဒိုင်အောက်ဆိုဒ်) ဖြစ်ပါသည်။ အထက်ပါကဲ့သို့ ဂုဏ်သတ္တိမရှိ သည့် Material များကို Anisotropy Material ဟု ခေါ်သည်။ ဥပမာ ထုံးကျောက် $CaCO_3$ (Calcium Carbonate) ဖြစ်သည်။

**503 IAB ( Internet Architecture Board )**

IAB သည် မူလက အင်တာနက်ဆောင်ရွက်မှု ကြီးကြပ်ရေးအဖွဲ့ (Internet Architecture Board) ဖြစ်သည်။ IAB သည်အင်တာနက်စံများ တိုးတက်စေမှုတွင် အခန်းကဏ္ဍအားလုံးကို စီမံခန့်ခွဲပေးသည့် ကိစ္စရပ်များကို ဆောင်ရွက်ပါသည်။ အင်တာနက် နည်းပညာနှင့် တည်ဆောက်မှုပုံစံသည် မည်သို့ဆောင်ရွက်လုပ်ကိုင်သင့်သည်ကို သတ်မှတ်သည့်ကိစ္စရပ်များနှင့် နည်းလမ်းမျိုးစုံဖြင့် စံသတ်မှတ်ရန် ကြိုးပမ်းမှုများသည် အင်တာနက် ဆိုင်ရာ အခန်းကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် ညှိနှိုင်းဆောင်ရွက်ရေးနှင့် တသမတ်တည်း ဖြစ် စေရေးတို့ကို သေချာစေရန် ကိစ္စရပ်များတို့ကို IAB အဖွဲ့ က big picture ဟူသော မူဝါဒ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပါသည်။ IAB သည် ISCO အဖွဲ့ကြီးအား အကြံပြုခြင်းနှင့် IETF (Internet Engineering Task Force) နှင့် IRTF (Internet Research

Task Force) အဖွဲ့များကို ကြီးကြပ်ကွပ်ကဲခြင်း တို့ကိုလည်း ဆောင်ရွက်ပေးပါသည်။ IETF မှ ဆောင်ရွက်နေသည့် စံသတ်မှတ်ရေးနှင့် ပတ်သက်သောအငြင်းပွားဘွယ်အချက်များ အတွက်လည်း ညှိနှိုင်း ဆောင်ရွက်ပေးပါသည်။ IAB ၏ လုပ်ပိုင်ခွင့် ပဋိညာဉ်စာတမ်းကို RFC (Request for Comments) 2850 ဖြင့် ဖွင့်ဆို ပြဋ္ဌာန်းထားပါသည်။

**504 IAD ( Integrated Access Device )**

သုံးစွဲသူ၏ နေအိမ်တွင် စကားပြောဆက်သွယ်မှုနှင့် အင်တာနက်သုံးစွဲမှု အချက်အလက် ပိုင်း ဝန်ဆောင်မှုကို ရရှိအောင်ထားရသည့် ပစ္စည်းတစ်ခု ဖြစ်ပါသည်။

**505 IAM ( Initial Address Message )**

IAM သည် SS7 Signaling Message ဖြစ်ပြီး ၄င်းတွင် ခေါ်ဆိုသူနှင့် ခေါ်ဆိုခံရ သူတို့၏ လိပ်စာများ ပါရှိပြီး တစ်ဦးနှင့် တစ်ဦး တယ်လီဖုန်း စကားပြောဆို ဆက်သွယ်နိုင် အောင် သွားရမည့် လမ်းကြောင်းလည်း ပါရှိပါသည်။

**506 IANA (Internet Assigned Numbers Authority)**

IANA အဖွဲ့သည် တစ်ကမ္ဘာလုံး၏ DNS Root ( Domain Name System ) များ၊ IP(Internet Protocol) လိပ်စာများနှင့် အခြားသော အင်တာနက်ပရိုတိုကောဖြင့် သက် ဆိုင်သည့် အရင်းမြစ်များ အတွက် တာဝန်ရှိသည့် အဖွဲ့အစည်း ဖြစ်သည်။ Domain အမည် စနစ်နှင့် ပတ်သက်၍ IANA သည် DNS Root Zone များကို စီမံခန့်ခွဲခြင်း၊ ccTLD (country-code top level domain) နှင့် gTLD (generic top-level domain) များကို သတ်မှတ်ပေး ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထို့အတူ .int နှင့် .arpa ဒိုမိန်းများကို ထိန်းသိမ်းသူ အဖြစ်လည်း ဆောင်ရွက်ပါသည်။

IANA သည် တစ်ကမ္ဘာလုံး၏ IP လိပ်စာများနှင့် AS (Autonomous System) နံပါတ်များ သတ်မှတ်ခြင်းကို ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အဆိုပါ ကိစ္စများကို ဆောင်ရွက် နိုင်ရန် RIR (Regional Internet Registries ) များကိုခွဲတမ်းများ ချမှတ်ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

IANA သည် အင်တာနက်တွင် အသုံးပြုနေသော ပရိုတိုကောများစွာ၏ ပရိုတိုကော အမည် နှင့် နံပါတ်များ၏ မှတ်တမ်းကို ထိန်းသိမ်းသော ဗဟိုဌာနလည်း ဖြစ်ပါသည်။

**507 IC ( Intermediate Cross-connect )**

မြေပြင်တွင် သွယ်တန်း ချခင်းထားသော ကျောထောက်နောက်ခံ ဆက်ကြောင်းရှိ ပင်မ ကေဘယ်လ် (Back Bone Cable) နှင့် ဆင့်ပွားကေဘယ်လ် (Secondary Cable) တို့အား လိုအပ်သည့် ကြားဖြတ် နေရာများတွင် အပြန်အလှန် ဆက်သွယ်ချိတ်ဆက်မှု ပြုလုပ်ခြင်း ၊ လိုအပ်သလို စီမံ ဆောင်ရွက်နိုင်သည့် နေရာ ဖြစ်သည်။

**508 ICANN ( Internet Corporation for Assigned Name and Number )**

ICANN သည် အကျိုးအမြတ်မယူသည့် ကော်ပိုရေးရှင်းဖြစ်ပြီ IP Address များ ခွဲဝေရန် နှင့် Domain Name System များကို စီမံခန့်ခွဲရန် တာဝန်များ ပြုလုပ်သည်။ ဆာဗာများ ၊ အိမ်သုံးကွန်ပျူတာများ အားလုံးသည် အင်တာနက်နှင့် ချိတ်ဆက်နိုင်ရန် IP

Address တစ်ခုစီ လိုအပ်ပါသည်။

ကွန်ပျူတာတစ်ခုစီကို ICANN က IP လိပ်စာ သီးခြားသတ်မှတ်ပေးရန်မှာမူ လက်တွေ့ မကျပေ။ထို့ကြောင့် ICANN သည် ကုမ္ပဏီများ ၊ တက္ကသိုလ်များနှင့် အင်တာနက် ဝန်ဆောင်မှု လုပ်ငန်းများသို့ IP လိပ်စာများကို အစုလိုက်ခွဲဝေသတ်မှတ်ပေးသည်။ အဆိုပါ အဖွဲ့ အစည်းများက ၎င်းတို့၏သုံးစွဲသူများကို အင်တာနက်ဆက်သွယ်နိုင်သည့် IP လိပ်စာများ ရရှိရန် တစ်ဆင့် ဆောင်ရွက်ပေးကြပါသည်။ ICANN သည် အမေရိကန်၏ အခြေစိုက် အဖွဲ့ အစည်း တစ်ခုဖြစ်သော်လည်း ကမ္ဘာတစ်ဝန်းလုံး၏ အင်တာနက် အသင်းအဖွဲ့ တစ်ခု လည်း ဖြစ်သည်။ အင်တာနက် လုပ်ငန်းဆောင်တာများကို တည်ငြိမ်မှုရရှိစေရန် ထိန်းသိမ်း ပေးရန် ၊ ယှဉ်ပြိုင်မှု များကို မြှင့်တင်ရန် ၊ ကမ္ဘာတစ်ဝန်းရှိ အင်တာနက် အသင်းအဖွဲ့ များ၏ ကျယ်ပြန့်သော တင်ပြ ခြင်းများ အထမြောက်စေရန်နှင့် တိုးတက်နေသော ပေါ်လစီများကို အများဆန္ဒနှင့် အခြေခံ သည့် နည်းစဉ်များဖြင့် သူတို့၏ တာဝန်များကို သင့်တော်အောင် ဆောင်ရွက်ရန် ICANN အဖွဲ့.အစည်းက ရည်မှန်းထားသည် ဟု ဝက်ဘ်ဆိုက်၏ အဆိုအရ သိရသည်။

## 509 ICEA ( Insulated Cable Engineers Association )

နည်းပညာ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ၊ လျှပ်စစ်ပါဝါကေဘယ်လ် ၊ ထိန်းချုပ်စနစ်သုံး ကေဘယ်လ်၊ ဆက်သွယ်ရေးလုပ်ငန်းသုံးကေဘယ်လ် ၊ စမ်းသပ်ကိရိယာများတွင် သုံးသော ကေဘယ်လ်နှင့် အခြားသော လုပ်ငန်းသုံးကေဘယ်လ်များ၏ စံချိန်စံညွှန်း အရည်အသွေးများ သတ်မှတ် ပြဌာန်း ပေးသည်။ ၁၉၂၅ ခုနှစ်ကတည်းက စ၍ အထက်ပါ ကေဘယ်လ်လုပ်ငန်း နယ်ပယ်တွင်အန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရေး ၊ စီးပွားရေးအရ တွက်ခြေကိုက်သည့် အရည်အသွေးမီ ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ၊ လုပ်ငန်းနှင့် အံဝင်ဂွင်ကျ အသုံးဝင်မည့် ကေဘယ်လ်များဖြစ်ရေး တို့ကို ကြီးကြပ် ပေးနေသောအဖွဲ့.အစည်း ဖြစ်ပါသည်။ ယနေ့ ခေတ်တွင် ကေဘယ်လ်အမျိုးအစား မြောက်များစွာ ကို အရှိန်အဟုန်ဖြင့် ထုတ်လုပ်လာကြရာ၊ ပစ္စည်းအမျိုးအစား ၊ကေဘယ်လ် ဒီဇိုင်းတို့နှင့် ပတ်သက်လာလျှင် အလွန်အရေးပါသည့် ပညာရှင် အဖွဲ့.အစည်း ဖြစ်လာပါသည်။

## 510 ICF ( Internet Connection Firewall )

ICF သည် အင်တာနက်ဆက်သွယ်ထားသော ကွန်ပျူတာကို ခွင့်ပြုချက်မရှိပဲ ချိတ်ဆက်ခြင်းမှာ ကာကွယ်ပေးသည့် Windows XP ၏ စနစ်တစ်ခုဖြစ်သည်။ ICF ကို အသုံးပြုထားပါက Windows သည် အင်တာနက်မှ အခြားကွန်ပျူတာများ၏ အသုံးပြုရန် တောင်းဆိုချက်များကို မှတ်သားထားပေးသည်။ သို့သော် အသုံးပြုသူမှ တောင်းဆိုသော ထုတ်လွှင့်မှုများကိုမူ အကျိုးသက်ရောက်မှု မရှိပါ။ ခွင့်ပြုချက်မရှိသော၊ ကွန်ပျူတာစနစ်မှ သိရှိခြင်း မရှိသောထုတ်လွှင့်မှုများကိုမူ ငြင်းပယ်လိမ့်မည်ဖြစ်သည်။ ဟက်ကာများမှ ကျူးကျော်ဝင်ရောက်ခြင်း နှင့် Spyware များ ဝင်ရောက်ခြင်းကို ဤနည်းဖြင့် ကာကွယ်ပေးနိုင်သည်။

ICF သည် အင်တာနက်မှချိတ်ဆက်လာမည့် အဝင်ချိတ်ဆက်မှုများကို ကန့်သတ်မှု ပြုလုပ်ပေးသည်။ သို့သော် အင်တာနက်ချိတ်ဆက်သည့်အတွက် ချိတ်ဆက်မှုကို ကန့်သတ်မှု

မပြုလုပ်ပါ။ ထို့ကြောင့် ICF ကို အသုံးပြုထားသည့်တိုင် ကွန်ပျူတာများမှ ပို့လွှတ်သော အချက်အလက်များသည် အဖျက်အမှောင့် ဗိုင်းရပ်စ်များ၏ အန္တရာယ်ရှိနေဆဲ ဖြစ်ပါသည်။ ICS (Internet Connection Sharing) ဖြင့် အင်တာနက်ချိတ်ဆက်မှုကို ကွန်ပျူတာ အတွက် မျှဝေ အသုံးပြုသည့် အခါတွင်လည်း ICF ကို အသုံးပြုနိုင်ပါသည်။ ထိုသို့ ဆောင်ရွက် ခြင်းသည် အင်တာနက်ဖြင့် တိုက်ရိုက်ချိတ်ဆက်ထားသော ကွန်ပျူတာ အတွက်သာ လုပ်ဆောင်ထားခြင်း ဖြစ်ပြီး ကွန်ပျူတာတစ်လုံးစီ အတွက်မူ လုပ်ဆောင်ထားနိုင်ခြင်း မရှိပါ။

**511 IDD ( International Direct Dialing)**

တယ်လီဖုန်း ခေါ်ဆိုသူသည် နိုင်ငံတကာသို့ ဖုန်းခေါ်ဆိုသည့်အခါ အော်ပရေတာက တစ်ဆင့် ခေါ်ဆို ချိတ်ဆက်ပေးရန်မလိုအပ်ဘဲ ၊ နိုင်ငံခြားသို့ တိုက်ရိုက်ခေါ်ဆိုနိုင်သည့် စက်ပိုင်းဆိုင်ရာ အစီအမံ ဖြစ်ပါသည်။

**512 IDEN ( Integrated Digital Enhanced Network )**

IDEN သည် အသံပိုင်း ၊ အချက်အလက်ပိုင်း ၊ စာတိုပို့ စနစ် (SMS) နှင့် ဖုန်း တစ်လုံးတွင် Two-way Radio ရနိုင်မည့် Motorola က စီစဉ်ထားသော ကြိုးမဲ့ဆက်သွယ်မှု နည်းပညာ ဖြစ်ပါသည်။ 800 MHz နှင့် 5 GHz လှိုင်းတာခွင် (Frequency Band) တို့ တွင် အလုပ်လုပ်ပြီး TDMA (Time Division Multiple Access) ကို အခြေခံထားပါသည်။ IDEN က အသံပိုင်း ချုံ့ခြင်း (Voice Compression) အတွက် Motorola ၏ VSELP (Vector Sum Excited Linear Predictors) နှင့် 25KHz Channel ပေါ်တွင် 64 Kbps ရရှိနိုင်အောင် QAM ( Quadrature Amplitude Modulation ) သုံးထား ပါ သည်။ 25 KHz Channel တစ်ခုစီကို အသံပိုင်း ၊ အချက်အလက်ပိုင်းနှင့် စာသားသတင်းတိုကို ပို့လွှတ်ပေးရန် (၆)ကြိမ် အထိ ခွဲထုတ်ပေးနိုင်ပါသည်။ iDEN ကို အမေရိကန်တွင် အသုံးပြု ကြပါသည်။

**513 iDEN ( Integrated Digital Enhanced Network )**

ကွန်ရက်တစ်ခုအတွင်းတွင် Radio SMS တယ်လီဖုန်းခေါ်ဆိုမှုနှင့် ဒေတာပို့လွှတ်မှုများအား ပေါင်းစပ်ထားသည့် Motorola ၏ မိုဘိုင်း ဆက်သွယ်ရေးနည်းပညာဖြစ်သည်။ iDEN သည် Motorola ၏ မှတ်ပုံတင်ထားသော အမှတ်အသား တံဆိပ် ဖြစ်ပါသည်။

**514 IDS ( Intrusion Detection System )**

IDS သည် System နှင့် Network များအား ဖျက်ဆီးနှောင့်ယှက်မှုနှင့် ပေါ်လစီ ချိုးဖောက် မှုတို့ကို စောင့်ကြည့်ထိန်းချုပ်သော ဆော့ဖ်ဝဲအသုံးပြုမှု (သို့မဟုတ်) ပစ္စည်းတစ်ခု ဖြစ်ပြီး စီမံ ထိန်းချုပ်မှုဌာန (Management Station) သို့ အစီရင်ခံစာများပေးပို့ပေးသည်။ IDPS (Intrusioners Detection & Prevention System) စနစ်များသည် ဖြစ်ပေါ်လာနိုင်သော ပြဿနာများကို အမျိုးအစားခွဲခြားပြခြင်း၊ ၄င်းပြဿနာများနှင့် ပတ်သက်၍ Logging အချက်အလက်များပေးခြင်းနှင့် Attempts များကို အစီရင်ခံခြင်း တို့ကို အဓိက ဦးတည် ရည်ရွယ်ထားပါသည်။ ထို့အပြင် အဖွဲ့အစည်းများသည် Security ပေါ်လစီများနှင့်

ပတ်သက်သည့် ပြဿနာများကို အမျိုးအစား ခွဲခြားခြင်း ၊ လက်ရှိ ဖြစ်ပေါ်နေသည့် ခြိမ်းခြောက်မှုများကို ရေးသားဖော်ပြခြင်းနှင့် Security ပေါ်လစီချိုးဖောက်မှုများကို တားမြစ်ခြင်း စသည့် အခြား ရည်ရွယ်ချက် များအတွက် လည်း IDPS စနစ်များကို အသုံးပြု ကြသည်။ IDPS များသည် အဖွဲ့အစည်းများ၏ Security ဖွဲ့စည်း တည်ဆောက်မှုများ တွင် လိုအပ်သော ဖြည့်စွက်မှု စနစ်တစ်ခု ဖြစ်လာခဲ့ပါသည်။

**515 IDU ( In-Door-Unit )**

ဂြိုဟ်တုဆက်သွယ်ရေးစနစ်၌ IDU သည် အဆောက်အဦးအတွင်း၌ ထားရှိသော ဂြိုဟ်တုဆက်သွယ်ရေးပစ္စည်းကို ခေါ်ဆိုခြင်း ဖြစ်သည်။ ဂြိုဟ်တုတယ်လီဗီးရှင်း ဖမ်းယူနိုင်သောသူများ အသုံးပြုသောစနစ်တွင် IDU စနစ်၌ ဂြိုဟ်တုဖမ်းစက်နှင့် တီဗီတို့ ဆက်သွယ်ထားခြင်းဖြစ်သည်။ ဂြိုဟ်တုအင်တာနက် အသုံးပြုရာတွင် Satellite Modem နှင့် ကွန်ပျူတာ (သို့မဟုတ်) Router တို့ကို ဆက်သွယ်ထားသည်။

**516 IEC ( International Electrotechnical Commission )**

၁၉၀၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။ နိုင်ငံတကာရှိစက်ရုံ ၊အလုပ်ရုံ ၊ အသင်းအဖွဲ့ များမှ ထုတ်လုပ်သူများအနေဖြင့် ပစ္စည်း ထုတ်လုပ်မှု လုပ်ထုံးလုပ်နည်းစံနှင့် အရည်အသွေးစံကို နိုင်ငံတိုင်းက တစ်ပြေးညီ လက်ခံ အသုံးပြု နိုင်ရေး ဆောင်ရွက်ပေးသည်။

**517 IEEE ( Institute of Electrical and Electroincs Engineer )**

လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်းကိုသတ်မှတ်ပေးသည့် ပညာရှင် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ၁၉၆၃ ခုနှစ်တွင် စတင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး စီးပွားရေးအဖွဲ့အစည်းမဟုတ်ပါ။ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၇၅) နိုင်ငံပါဝင်ပြီး ၊ အဖွဲ့ဝင်ဦးရေပေါင်း (၃၆၀,၀၀၀) ရှိပါသည်။ ယနေ့ခေတ်သစ် အီလက်ထရွန်နစ်စက်ပစ္စည်း အားလုံးနီးပါးသည် ယင်း အဖွဲ့အစည်း၏ သတ်မှတ်ပေးသည့်စံနှင့် အညီ ထုတ်လုပ်ထားကြပါသည်။

**518 IESG ( Internet Engineering Steering Group )**

အင်တာနက်အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ ဦးဆောင်ဦးရွက် အဖွဲ့အစည်း IESG သည် Internet Engineering Task Force (IETF) အောက်ရှိ အုပ်ချုပ်မှု အဖွဲ့အစည်း ဖြစ်ပါ သည်။ အင်တာနက်စံညွှန်း များကို နည်းပညာရပ်ဆိုင်ရာ ပထမဦးဆုံး သုံးသပ်မှုများ ပြုလုပ် ပေးပြီး IETF ၏ နေ့စဉ် စီမံအုပ်ချုပ်မှုများ ကို တာဝန်ယူထားသည့် အဖွဲ့အစည်း ဖြစ် သည်။

**519 IETF ( Internet Engineering Task Force)**

IETF အဖွဲ့သည်လက်ရှိ အင်တာနက်နှင့် TCP / IP (Transmission Control Protocol / Internet Protocol) ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သော ထုတ်ပြန်မှုများအတွက် ဦးတည်၍ လုပ်ဆောင်ပါသည်။ အဆိုပါ IETF အဖွဲ့သည် Routing (လမ်းကြောင်းများ) သို့မဟုတ် လုံခြုံရေးပိုင်းဆိုင်ရာကဲ့သို့သော အထူးပြုကဏ္ဍရှိ စံသတ်မှတ်ရေးနှင့် နည်းပညာ များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တာဝန်ယူထားသော ဆောင်ရွက်သည့်

အဖွဲ့တစ်ခုချင်းစီ အတွက် ခွဲခြားဆောင်ရွက်ပေးပါသည်။ အဆိုပါကဏ္ဍ တစ်ခုစီကို IESG ၏ ညွှန်ကြားရေးမှူး တစ်ဦးစီဖြင့်ဆောင်ရွက်ပါသည်။ IAB ၏အုပ်ချုပ်မှုအောက်တွင် IETF အဖွဲ့ရှိပြီး အဆိုပါ ဆောင်ရွက်မှု ပိုင်းဆိုင်ရာများကို RFC 3160 ဖြင့် ဖွင့်ဆို ပြဋ္ဌာန်းထားပါသည်။ IETF အဖွဲ့သည် IESG ကို တိုက်ရိုက်ကြီးကြပ် အုပ်ချုပ်ပေးပါသည်။

**520 IFL ( Intra-Facility Link )**

IFL သည် ဂြိုဟ်တုဆက်သွယ်ရေးတွင် ODU နှင့် IDU တို့ အကြားဆက်သွယ်ထားသော ကေဘယ်လ်ကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ ယင်း FL Cable သည် BNC ( Bayonet Neill-Concelman) Connector ခေါင်းတပ်ဆင်ထားသော Shield ပြုလုပ်ထားသည့် Coaxial Cable ကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

**521 IL ( Infrared Light )**

အလင်း၏ လှိုင်းအလျားသည် 0.75 Micron (တစ်သန်းပုံတစ်ပုံ) မှ 1000 Micron ကြားရှိ ပြီး ရောင်စဉ်လှိုင်းများထက် Frequency နိမ့်ပါက လှိုင်းအလျား ပို၍ တိုမည် ဖြစ်သည်။ သို့သော် ရေဒီယို လှိုင်းများထက် Frequency ပိုမြင့်ပါက လှိုင်းအလျား ပိုတိုမည် ဖြစ်သည်။ ထို့ကြောင့် အနိမ့်ဆုံးအလင်း အောက်တွင် အနီအောက် ရောင်ခြည် သည် သာမန်မျက်လုံးဖြင့် မမြင်နိုင်ပါ။

**522 ILS ( Instrument Landing System )**

လေယာဉ်တွင် မြေပြင်ပေါ်သို့မဆင်းသက်မီ နှင့် ဆင်းသက်နေစဉ်အတွင်း ဆင်းသက်မည့် သတ်မှတ်ထားသော နေရာအကွာအဝေးကို အလျားလိုက်နှင့်ဒေါင်လိုက် လမ်းညွှန်ဖော်ပြ ပေးသည့် ရေဒီယို လေကြောင်းအချက်ပြစနစ်တစ်ခု ဖြစ်ပါသည်။

**523 ILS ( Integrated Learning System )**

မော်နီတာများဖြင့် အကဲဖြတ်မှုစွမ်းရည်ပေးသော ကွန်ပျူတာ အခြေခံစနစ် တစ်ခု ဖြစ်ပါသည်။ ကျောင်းသားများဆီသို့ သင်ရိုးညွှန်းတမ်း အချက်အလက်များပေးပို့ စီမံမှုဖြင့် ၄င်းတို့၏ တစ်ဦးချင်းစီ သင်ယူလိုသော အစီအစဉ်များကို သင်ကြားနိုင်သည်။

**524 IMEI ( Inernational Mobile Equipment Identity )**

မိုဘိုင်းလက်ကိုင်ဖုန်းတစ်ခုအတွင်း ထည့်သွင်းရမည့် အထူးနံပါတ်တစ်ခု ဖြစ်ပါသည်။ အဆို ပါ နံပါတ်ကို မိုဘိုင်းလက်ကိုင်ဖုန်း ထုတ်လုပ်သူများမှသုံးစွဲသူအတွက် သတ်မှတ်သုံးစွဲနိုင်ရန် ထည့်သွင်း ပေးမည် ဖြစ်ပါသည်။

**525 IMEI ( International Mobile Equipment Identity )**

GSM (သို့မဟုတ်) UMTS ဖုန်းများအားအတည်ပြုပေးသည့် Serial Number တစ်ခုဖြစ်ပြီး 15 Digit ရှိပါသည်။ အများအားဖြင့် ဘက်ထရီအောက်ဘက်ရှိ ဖုန်း ကိုယ်ထည်ပေါ်တွင် ရိုက်နှိပ်ထားလေ့ ရှိပါသည်။ ၄င်းနှင့် ချိတ်ဆက်ထားသည့် မိုဘိုင်းကွန်ရက်အား ထုတ်လုပ်သူ၏ အချက်အလက်များကိုအပိုင်းလိုက်ခွဲ၍ပေးထားသည်။ အချို့သော နိုင်ငံများတွင် အခိုးခံရသည့် ဖုန်းများ ၏ IMEI နံပါတ်များကို Blacklist သွင်းထားခြင်းဖြင့် ၄င်းဖုန်း

များအား အသုံးပြု၍ မရနိုင်ရန်ဆောင်ရွက် ထားသည်။ CDMA ၏ အသစ် ပေါ်ထွက်လာသည့် MEID စနစ်သည် လက်ရှိ IMEI တည်ဆောက်ပုံနှင့် လိုက်လျောညီထွေ ရှိသည်။

**526 I-mode**

I-mode ဆိုသည်မှာ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ စတင်ခဲ့သော NTT DoCoMo ၏ မိုဘိုင်းဖုန်းက အင်တာနက်သုံးနိုင်ခြင်းကို ခေါ်ပါသည်။ I-mode သည် WAP (Wireless Access Pont) ၏ အခြားနည်းလမ်းဖြစ်ပြီး ဂျပန်နိုင်ငံ တစ်နိုင်ငံအတွက်သာ အကောင်အထည်ဖော်ခဲ့ပါ သည်။ I-mode က အင်တာနက်နှင့် အီးမေးလ်သုံးနိုင်ပါသည်။ WAP က HDML (Handheld Device Markup Language) အသုံးပြုပြီး I-mode က Compact HTML (C-HTML) (Compact-Hyper Text Markup Language) ပေါ် အခြေခံထားပါသည်။ ၎င်း HDML နှင့် CHTML (၂)ခုလုံးက မိုဘိုင်းဖုန်းများတွင်သုံးသော HTML ၏ Simple Version များဖြစ်ကြပါသည်။ ယနေ့ I-mode သုံးနိုင်သော လုပ်ငန်းခွင် (၇၀၀၀)ကျော် ရှိနေပြီး ၎င်းဝန်ဆောင်မှုကို မိုဘိုင်းဖုန်းများ ၊ မိုဘိုင်းဘဏ် လုပ်ငန်းများ ၊ ခရီးသွားလက်မှတ် ရယူခြင်းများနှင့် ကာတွန်းများကို အွန်လိုင်းမှ ဆွဲယူခြင်းများကို မိုဘိုင်းဖုန်းဖြင့် ဆောင်ရွက် နိုင်ပါသည်။

**527 IMS (IP Multimedia Subsystem)**

IMS သည် packet အခြေပြု IP ကွန်ရက်ပေါ်တွင် အသံနှင့် မာလ်တီမီဒီယာများ ဆက်သွယ်မှု ပြုနိုင်ရန် ရည်ရွယ်ထားသည့် Open Standard စနစ်တစ်ခု ဖြစ်သည်။ ၎င်းသည် Core Network နည်းပညာဖြစ်ပြီး VoIP PTT (Push-to-Talk) ၊ (Push-to-View ) ၊ Video Calling ၊ နှင့် ဗွီဒီယိုရှယ်ယာ ပြုလုပ်ခြင်း စသည့် Application များ ပေးစွမ်းနိုင်သည့် SIP ( Session Initiation Protocol) အား အခြေခံထားသည်။

**528 IMSI ( International Mobile Subscriber Identity )**

မှတ်ပုံတင်ထားသည့် သုံးစွဲသူတစ်ဦးစီတွင် IMSI ဟုခေါ်သည့် သီးသန့်နံပါတ် တစ်ခုစီရှိသည်။ IMSI ကို သုံးစွဲသူ၏ SIM Card တွင် သိမ်းဆည်းထားပါသည်။ IMSI တွင် Mobile Country Code (MCC) ၊ Mobile Network Code (MNC) နှင့် Mobile Subscriber Identification Number (MSIN) ဟူသော အပိုင်း(၃) ပိုင်း ပါဝင်သည်။ MCC သည် နိုင်ငံတကာ စံသတ်မှတ်ချက်ဖြစ်ပြီး IMSI ၏ ပထမဆုံး ဂဏန်း (၃)လုံး ဖြစ်ပါသည်။ MNC သည် နိုင်ငံတစ်နိုင်ငံအတွင်းရှိ မိုဘိုင်းဖုန်း ဝန်ဆောင်မှုပေးသူ ( Operator ) များအတွက် သတ်မှတ်ချက် ဖြစ်ပါသည်။ Operator တစ်ခုအတွက် MNC တစ်ခုစီ သတ်မှတ်ပေးပါသည်။ MCC နောက်ရှိ ဂဏန်း (၂)လုံး သည် MNC ဖြစ်သည်။ MSIN မှာ အများဆုံး ဂဏန်း (၁၀)လုံး အထိ ရှိနိုင်ပါသည်။ MSIN သည် သုံးစွဲသူနံပါတ် ကို သတ်မှတ်ပေးပါသည်။

**529 IMT ( Inter-Machine Trunk )**

ဆွိစ်တစ်ခုနှင့် တစ်ခုကြားက Trunk များ ဖြစ်ပြီး ၎င်းကို ကယ်ရီယာများအကြား ဖုန်းခေါ်ဆိုမှု အတွက် အသုံးပြုပါသည်။ ဤ Trunk များတွင် Signaling က In-band အဖြစ်

အလုပ် မလုပ်ဘဲ SS7 ကွန်ရက်မှ တစ်ဆင့် ပေါင်းစည်းရပါသည်။

530 **IN ( Intelligent Network )**

IN သည် အဆင့်မြင့်အလိုအလျောက် ဆောင်ရွက်ပေးမည့် ကွန်ရက်ဖြစ်ပြီး အဆိုပါ ကွန်ရက်တွင် ပါဝင်သည့် စက်ပစ္စည်းများမှာ ဆော့ဖ်ဝဲများနှင့် ကွန်ရက်အသုံးချ အကောင်အထည် ဖော်ပေးမည့် Protocols များနှင့် ချိတ်ဆက်ပေးမှုများနှင့် ကွန်ရက်များအား ထိန်းသိမ်း ဆောင်ရွက်ပေးမှု များပင် ဖြစ်ပါသည်။

531 **In-Band Signaling**

Tones (သို့မဟုတ်) အခြား Signal တို့ကိုသုံး၍ တူညီသော ချန်နယ်ထဲက သတင်းအချက် အလက်များကို သယ်ဆောင်ရန် ဆက်သွယ်ရေး ကွန်ရက်က သတင်း အချက်အလက်များကိုထိန်းချုပ်သည့် နည်းလမ်း တစ်ခု ဖြစ်ပါသည်။

532 **Infrared**

မျက်စိဖြင့် မြင်ရသော ရောင်စဉ် (Visible Light) အောက်ရှိ လျှပ်စစ်သံလိုက် ရောင်စဉ်လိုင်း (Electromagnetic Spectrum) အတွင်းရှိ အစိတ်အပိုင်းကို အနီအောက်ရောင်ခြည် (Infrared) ဟု ခေါ်ပါသည်။ အဆိုပါ အနီအောက်ရောင်ခြည် ဖြာထွက်မှု လိုင်းအလျားသည် 800 nm မှ 1 mm ခန့်အထိ ရှိပါသည်။

533 **INMARSAT ( International Maritime Satellite Organization )**

အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းဆိုင်ရာ ဂြိုဟ်တု ဆက်သွယ်ရေး အဖွဲ့အစည်း တစ်ခု ဖြစ်သည်။ မည်သည့်နိုင်ငံတကာ မိုဘိုင်းဆက်သွယ်ရေးစနစ် အတွက်ကိုမဆို ဂြိုဟ်တု ကွန်ရက်ကို အသုံးပြုထားသည်။ ရေကြောင်း ၊ လေကြောင်းနှင့် မြေပြင်တွင် ရွေ့လျားနေသောယာဉ်များ အားလုံးအတွက် ဆက်သွယ်ရေးစနစ်များ အားလုံး၏ ဝန်ဆောင်မှုကို INMARSAT ဂြိုဟ်တုကို အသုံးပြု သည်။

534 **INTELSAT (International Telecommunications Satellite Organization )**

အပြည်ပြည်ဆိုင်ရာဆက်ကြောင်း ထုတ်လွှင့်မှုအတွက် ဂြိုဟ်တုဆက်သွယ်ရေး ကွန်ရက်ကြီးကို ထိန်းချုပ်ဆောင်ရွက်ပေးသည့်အဖွဲ့အစည်းဖြစ်ပါသည်။ ၁၉၆၄ ခုနှစ်မှ စတင် တည်ထောင်ခဲ့ပြီး အမြတ်ရယူခြင်းမရှိသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း (၁၄၃) နိုင်ငံ ပါဝင်ပါသည်။ တယ်လီဖုန်း ၊ အင်တာနက် ဆက်သွယ်ရေးနှင့် တီဗီ အစီအစဉ်များ (သို့မဟုတ်) နိုင်ငံပေါင်း (၂၀၀)ကျော်၏ ထူးခြားသော အထူးအစီအစဉ်များကို ဒေသဆိုင်ရာ အစီအစဉ်နှင့် ကမ္ဘာတစ်ဝှမ်းသို့ ထုတ်လွှင့်ပေးခြင်းများလည်း ဆောင်ရွက်ပေးသည်။ Intelsat ကွန်ရက်ကို အသုံးပြု၍အင်္ဂလန်နိုင်ငံတွင်ကျင်းပသော WimbLedon ကဲ့သို့ နာမည်ကြီး တင်းနစ်ပြိုင်ပွဲကို အမေရိကန်နိုင်ငံသားများမှ တစ်ပြိုင်နက်တည်း တိုက်ရိုက် ကြည့်ရှုနိုင်ခြင်း များကို ဆောင်ရွက်ပေးပါသည်။

535 **Interface**

Interface ဆိုသည်မှာ ကွန်ရက်တစ်ခုနှင့် တစ်ခုအကြားတွင် ဆက်သွယ်ပေးရန် ရွေးချယ်သတ်မှတ်ထားသော နေရာတစ်ခုကို ဆိုလိုသည်။ ယင်းနေရာတွင် ကွန်ရက်နှစ်ခုမှ ကြိုး များ

ဖြင့် ဆက်စပ်ပေးခြင်း (သို့မဟုတ်) အများအားဖြင့် လျှပ်စစ်သံလိုက် စက်ကွင်းများကို လွှဲပြောင်း ပေးခြင်း ကို ဆောင်ရွက်သည်။ Interface ကို ဆက်သွယ်ရေးစနစ်တွင် Protocol (သို့မဟုတ်) API (Application Programming Interface) များဖြစ် သတ်မှတ်ထားသည်။

**536 IP Telephony**

IP Telephony ကို VoIP ( Voice over Call) ဟု လည်း အသိများကြပါသည်။ IP (Internet Protocol) ကို အသုံးပြုလျက် တစ်ပြိုင်နက်တည်း တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်နိုင်သော နှစ်လမ်းသွား အသံဆက်သွယ်ရေးကို ဆောင်ရွက်ပေးပါသည်။ ၎င်းအပြင် တယ်လီဖုန်းမှ အသံကတ်ပါသောကွန်ပျူတာကဲ့သို့ IP Terminal (သို့မဟုတ်) IP Terminal အချင်းချင်း ကိုလည်း အသံဆက်သွယ်မှု ပြုလုပ် ပေးနိုင်ပါသည်။ ဤနည်းပညာသည် အော်ပရေတာများ၏ စရိတ်စကကိုတဖြည်းဖြည်း လျော့ကျစေသဖြင့် အသုံးပြုသူ( End User ) များက ပေးရသော ဈေးနှုန်းသည်လည်း လျော့ကျလာပါသည်။ သို့သော် IP Telephony နည်းပညာ တွင် အရည်အသွေးနှင့် ပတ်သက်သည့် ပြဿနာများကို ယခုတိုင် ခံစားနေရဆဲ ဖြစ်ပါသည်။

**537 IP ( Infrared Port )**

အနီအောက်ရောင်ခြည်လှိုင်း အသုံးပြု၍ ဒေတာများကိုထုတ်လွှင့်ခြင်း ၊ ကူးပြောင်းခြင်း စသည် တို့ကို ပြုလုပ်နိုင်သော ကြားခံ ဆက်သွယ်မှုနေရာ ဖြစ်သည်။ PDA ၊ Notebook နှင့် Mobile များတွင် Infrared Port များကို ထည့်သွင်း ထုတ်လုပ်ထားကြသည်။

**538 iPhone**

iPhone ဆိုသည်မှာ Apple ကုမ္ပဏီမှ ထုတ်လုပ်ထားသော စမတ်ဖုန်းဖြစ်ပြီး iPod ၊ Tablet PC ၊ ဒစ်ဂျစ်တယ်ကင်မရာနှင့် ဆဲလ်လူလာဖုန်းတို့ကိုပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။ ၎င်းတွင် အင်တာနက်ကြည့်ရှုနိုင်ခြင်းနှင့် ကွန်ရက်ချိတ်ဆက်နိုင်စွမ်းလည်း ပါရှိသည်။

**539 IPS ( Intrusion Prevention System )**

ကျူးကျော်ဝင်ရောက်မှု ကာကွယ်ခြင်းစနစ်ကို အတွင်းပိုင်း နည်းလမ်းစနစ်ဟု ခေါ်ဆိုနိုင်ပါသည်။ ၎င်းသည် တိုက်ခိုက်သူကို စုံစမ်းနိုင်ခြင်းနှင့် ကာကွယ်နိုင်ခြင်းတို့ကို ပြုလုပ်သည်။ ၎င်းတွင် ပထမဦး ဆုံးသော Data Package ပါရှိပြီး တိုက်ခိုက်ခြင်းအတွက် အစိတ်အပိုင်း တစ်ခု ဖြစ်ပါသည်။ Data Packet များသည် IPS ကို ဖြတ်သန်း စီးဆင်းရပါသည်။

**540 IrDA ( Infrared Data Association )**

အနီအောက်ရောင်ခြည်ကိုသုံးလျက် သတင်းအချက်အလက်များကို ပို့/ယူ လုပ်နိုင်သည့် စက်ပစ္စည်းစံကို သတ်မှတ်ပေးသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်တွင် ယင်းအဖွဲ့အစည်းက အနီအောက်ရောင်ခြည် ရေဒီယိုထုတ်လွှင့်မှုတွင် အသုံးပြုသည့် သုံးသည့် စက်ပစ္စည်းများ၏ စံချိန်စံညွှန်းကို နိုင်ငံတကာအဆင့်မှီ ထုတ်ပြန်ပေးနိုင်ခဲ့သည်။ သိပ်မဝေးသည့် တာတိုအကွာအဝေး အတွင်း အနီအောက်ရောင်ခြည်၏ တုန်နှုန်းပမာဏ Terehertz (သို့မဟုတ်) Trillions hertz ကို Modulation ပြုလုပ်ပြီး သတင်း အချက်အလက်များကို လွှင့်စက်မှ ဖမ်းစက်သို့ ဝိုင်ယာလက် နည်းဖြင့် ပို့/ယူခြင်း ဖြစ်သည်။

**541 IRSG ( Intenet Research Steering Group )**

IETF က IESG ကို အုပ်ချုပ် စီမံသကဲ့သို့ IRSG သည်လည်း IRTF ၏ စီမံအုပ်ချုပ်မှုအောက်မှ လုပ်ဆောင်ပါသည်။ IRTF သုတေသနအဖွဲ့များတွင် ဉက္ကဌတစ်ဦးစီရှိ၍ သုတေသန ဆောင်ရွက်မှုများ၏ သင့်တော်သော ဆုံးဖြတ်ချက်များကို IRTF တစ်ခုလုံး၏ ဉက္ကဌက ချမှတ်ပါသည်။ IRSG ၏ အခန်းကဏ္ဍကို RFC 2014 ဖြင့် ဖွင့်ဆို ပြဌာန်းထားပါသည်။

**542 IRTF ( Internet Research Task Force)**

IETF သည် အဓိကအားဖြင့် ကာလတိုအတွင်းရှိ ကိစ္စရပ်များကို အဓိကထားပြဌာန်းထုတ်ပြန်ပေးပြီး IRTF သည် အင်တာနက်နှင့် TCP/ IP နည်းပညာရပ်များကို ကာလရှည်သုတေသန ပြုဆောင်ရွက်မှုတွင် တာဝန်ယူဆောင်ရွက်ပါသည်။ အဆိုပါ အဖွဲ့သည် IETF ၏ လုပ်ငန်း ဆောင်ရွက်မှုအဖွဲ့များဖြစ်သည့် သုတေသနအဖွဲ့များကို ထပ်မံဖွဲ့စည်း ထားသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပြီး IETF ထက်ဖွဲ့စည်းပုံသေးငယ်ပါသည်။IRTF သည် IRSG (Internet Research Steering Group ) နှင့် IAB (Internet Architecture Board) တို့ ၏ကြီးကြပ် အုပ်ချုပ်မှုအောက်တွင် ဆောင်ရွက်ရပါသည်။ IRTF ၏ ဆောင်ရွက်ရေးဆိုင်ရာ ကဏ္ဍများ ကို RFC 2014 ဖြင့် ဖွင့်ဆိုပြဌာန်းထားပါသည်။

**543 IS-136**

TDMA ( Time Division Multiple Access ) မူလ စံသတ်မှတ်ချက် ဖြစ်သည့် IS-136 သည် IS-54 အစားထိုး လုပ်ဆောင်သွားမည့် စံသတ်မှတ်ချက်အသစ် ဖြစ်သည်။ ဤစံသတ်မှတ် ချက်ကို ဒုတိယမျိုးဆက်D-AMPS ( Digital- Advanced Mobile Phone Service ) မိုဘိုင်း ဖုန်းစနစ်တွင် အသုံးပြု ခဲ့ပါသည်။ IS-136 ကို Time Division Multiple Access ဖြင့် အသုံးပြုရာတွင် လေကြေားခံနယ် အတွက် ရည်ရွယ်၍ အသုံးပြုရန် ဖြစ်ပါသည်။

**544 IS-2000**

IS-2000 သည် EIA ( Electronics Industries Association ) စံ သတ်မှတ်ချက် ၂၀၀၀ အဖြစ် လက်ရှိ တတိယမျိုးဆက်သို့ မြှင့်တင် ကူးပြောင်းမည့် CDMA စနစ်ကို ပံ့ပိုးဆောင်ရွက်ပေးမည့် စံသတ်မှတ်ချက်ဖြစ်သည်။

**545 IS-41**

IS-41 သည် ANSI ( American National Standards Institute ) စံသတ်မှတ်ချက် 41 မှ ပြဌာန်းထားသောစံသတ်မှတ်ချက်ဖြစ်သည်။ ဤစံသတ်မှတ်ချက်သည် သုံးစွဲသူ များကို စစ်ဆေးသတ်မှတ်ပေးရန် အထူးပြုလုပ်ထားသည့် သတ်မှတ်ချက် ဖြစ်ပါသည်။ ထို့ပြင် AMPS (Advanced Mobile Phone System ) Analoge မိုဘိုင်းဖုန်းစနစ် ၊ IS-136 စံသတ်မှတ်ချက်အတိုင်း ဆောင်ရွက်သည့် TDMA အခြေခံ မိုဘိုင်းဖုန်းစနစ်နှင့် CDMA နည်းပညာများတွင် ထိုစံသတ်မှတ်ချက်ကြောင့် အချင်းချင်း ခေါ်ဆိုမှုများ ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ ထိုစံသတ်မှတ်ချက်သည် သုံးစွဲသူများကိုစစ်ဆေးသတ်မှတ်ပေးရုံသာမက မိုဘိုင်း

စနစ် မတူညီသော ကွန်ရက်များအချင်းချင်းအထဲ၌လည်းသုံးနိုင် ၊ ခေါ်နိုင်အောင် ဆောင်ရွက်ပေးပါသည်။ GSM စနစ်နှင့် WCDMA စနစ်သုံး ကွန်ရက်များ ကဲ့သို့ သော မတူညီသောစံသတ်မှတ်ချက်ရှိသည့် ကွန်ရက်များတွင် MAP ( Mobile Application Part ) အချင်းချင်း တူညီစွာ သုံးစွဲနိုင်စေရန် ရည်ရွယ်သော စံသတ်မှတ်ချက် ဖြစ်ပါသည်။

**546 IS-54**

IS-54 သည် အမေရိကန် ဒစ်ဂျစ်တယ် ဆယ်လူလာ စံသတ်မှတ်ချက် အတွက် EIA (Electroinc Industry Association) မှ သတ်မှတ်ပေးသော သတ်မှတ်ချက်ဖြစ်ပြီး ၁၉၉၂ ခုနှစ်က မူရင်း TDMA (Time Division Multiple Access) သတ်မှတ်ချက်အဖြစ် အကောင် အထည်ဖော်ခဲ့ပါသည်။ ထိုစံသတ်မှတ်ချက်သည် AMPS ( Advaced Mobile Phone System ) မိုဘိုင်းဖုန်းစနစ်၏ ဒစ်ဂျစ်တယ်လိုင်းများတွင် အသုံးပြုရန်ပထမဦးဆုံး ခွင့်ပြုခဲ့သော စံသတ်မှတ်ချက်လည်း ဖြစ်ပါသည်။ ထိုစံသတ်မှတ်ချက်ကို ဒစ်ဂျစ်တယ် အချက်အလက်နှင့် စကား သံများ သယ်ဆောင်ပေးသော လိုင်းများအတွက် အသုံးပြုခဲ့သည်။ သို့သော် Analog စနစ်၏ Control လိုင်းများတွင် ဆက်လက် အသုံးပြုနေဆဲ ဖြစ်သည်။ ၁၉၉၆ ခုနှစ် တွင် ထိုစံသတ်မှတ် ချက်ကိုIS-136 ဒစ်ဂျစ်တယ် စံသတ်မှတ်ချက်ဖြင့် အစားထိုး ဆောင်ရွက်ခဲ့ပါသည်။

**547 IS-634**

IS-634 ကြားခံ လုပ်ဆောင်မှု အတွက် စံသတ်မှတ်ချက်ကို TIA / EIA (Telecommu nications Industry Association / Electronics Industry Association ) မှ ပြဌာန်းခဲ့သည်။ ထိုစံသတ်မှတ်ချက် သည် TDMA မိုဘိုင်း အထိုင်စခန်း Base Station နှင့် MSC (Mobile Switching Centre) တို့အကြား အချက်အလက် သယ်ပို့မှု ကြားခံ အတွက် သုံးစွဲပါသည်။ ထိုကြားခံ စံသတ်မှတ်ချက်သည် တစ်နေရာမှတစ်နေရာသို့ သယ်ယူ ပို့ဆောင် ပေးမည့် Transport Layer ရှိ ချိတ်ဆက်မှု အခြေခံ SCCP (Signalling Connection Control Part ) ကို ပံ့ပိုးပေးပါသည်။ IS-634 သည် ကမ္ဘာပေါ်ရှိ CDMA One မိုဘိုင်းကြိုးမဲ့ ကွန်ရက်များ ရှိသည့် နေရာတိုင်းတွင် အသုံးပြုပါသည်။

**548 IS-95 ( Interim Standard 95 )**

IS - 95 ဆိုသည်မှာ TIA (Telecommunications Industry Association) မှ သတ်မှတ် ပေးထားသော CDMAVersion ဖြစ်ပြီး မြောက်အမေရိကတိုက်၊ ကိုးရီးယား နိုင်ငံနှင့် ဂျပန်နိုင်ငံ တို့တွင် ဒစ်ဂျစ်တယ် ဆဲလ်လူလာကွန်ရက် အနေဖြင့် အသုံးပြုထားပါသည်။ ၎င်းသည် Frequency range 800MHz နှင့် 1900 MHz တို့တွင် အသုံးပြုနိုင်ပြီး CDMA 2000 အဆင့်သို့ထပ်မံမြှင့်ပေးနိုင်ပါသည်။ IS - 95 အား CDMA One ဟု လည်း ခေါ်ကြ ပါ သည်။

**549 ISDN ( Integrated Services Digital Network )**

ISDN သည် ဒစ်ဂျစ်တယ်တယ်လီဖုန်း ဆက်သွယ်ရေးကွန်ရက်များမှ ချိတ်ဆက် အသုံးပြုသော နည်းလမ်းတစ်ခုဖြစ်ပြီး ကြေးနီဝိုင်ယာများပေါ်တွင် အလုပ် လုပ်ပါသည်။ ISDN တွင်

Basic Rate နှင့် Primary Rate ဟူ၍ (၂) မျိုးရှိပါသည်။ Basic Rate ISDN သည် ဖုန်းသုံးစွဲ သူများကို 64Kbps နှစ်ဆရှိသော သတင်းအချက်အလက်လိုင်းနှင့် 16Kbps ရှိသော ထိန်းချုပ် လိုင်းတစ်ခုပေး ပြီး Primary Rate ISDN ကမူ 64Kbps အဆ သုံးဆယ်ရှိသော သတင်း အချက်အလက်လိုင်းနှင့် 16Kbps ရှိသော ထိန်းချုပ် လိုင်းအား ပေးစွမ်းနိုင်ပါသည်။

**550 ISL ( Inter Satellite Link )**

အာကာသတွင် လွှင့်တင်ထားသော ဂြိုဟ်တုများ တစ်လုံးနှင့် တစ်လုံး အပြန်အလှန် ဆက်သွယ်နိုင်ရန်အတွက် အသုံးပြုနိုင်သော ဆက်ကြောင်းများကို ခေါ်ဆိုခြင်းဖြစ်သည်။ ယင်းဆက်ကြောင်းကို ရေဒီယိုစနစ် (သို့မဟုတ်) Optical Wireless စနစ် အသုံးပြု၍ အာကာသတွင် ဆက်သွယ်မှုများ ပြုလုပ်ကြသည်။

**551 ISM ( Industrial , Scientific and Medical ) Band**

စက်မှု၊သိပ္ပံနှင့် ဆေးဝါးနယ်ပယ်တို့မှ အသုံးပြုသည့်ရေဒီယိုတာခွင်ကိုနိုင်ငံတကာ၌ ကန ဦး ကတည်းက အရန်ဖယ်ထားသည်။ ထိုရေဒီယိုတာခွင်တွင် ဆက်သွယ်ရေးမှ လွဲ၍ စက်မှု ၊ သိပ္ပံ နှင့် ဆေးဝါးဘာသာရပ် နယ်ပယ်ဆိုင်ရာ ကိစ္စများအတွက် ရေဒီယို စွမ်းအင် ထုတ်လွှင့် အသုံးပြုခြင်း ဖြစ်သည်။ အဆိုပါတာခွင်တွင် အသုံးပြုသည့် နမူနာပစ္စည်းများမှာ ရေဒီယို လှိုင်းနှုန်းဖြင့်အပူပေးခြင်း၊ မိုက္ကရိုဝေ့ဗ်မီးဖိုနှင့် တစ်ရှူးအပူပေးသည့် (Medical Diathermy) စက်များ ဖြစ်သည်။ အဆိုပါစက်ပစ္စည်းများမှ ထုတ်လွှင့်သည့် စွမ်းအင်များ ကြောင့် လျှပ်စစ်သံလိုက်လှိုင်း နှောင့်ယှက်မှုများ ဖြစ်ပေါ်စေပြီး လှိုင်းနှုန်းတူ ဆက်သွယ်မှု ပြုလုပ်နေသည့် အခြားစက်ပစ္စည်းများကို အနှောင့်အယှက်ဖြစ်စေသည်။ ထို့ကြောင့် ISM တာခွင်သုံး စက်ပစ္စည်းများကို သီးခြားလှိုင်းနှုန်း တာခွင်ဖြင့် လိုအပ်သည့် နေရာများ၌သာ အသုံးပြုကြရန် ကန့်သတ်ထားပါသည်။ ယေဘူယျအားဖြင့် အဆိုပါ လှိုင်းနှုန်းခွင်တွင် အသုံး ပြုသည့် ဆက်သွယ်ရေးစက်များ သည် ISM စက်ပစ္စည်း များ၏ နှောင့်ယှက်မှုကို လက်ခံပေးရမည် ဖြစ်ပါသည်။

**552 ISM Band ( Industry, Scientific and Medical Band)**

စက်မှုသိပ္ပံနှင့်ဆေးပညာ ကိစ္စရပ်များအတွက် ရေဒီယိုထုတ်လွှင့်မှု စွမ်းအားပါဝါ 1 watt ရှိပြီး၊ လိုင်စင်မဲ့ ကြိမ်နှုန်းတာခွင် (၉၀၂) MHz မှ (၉၂၈) MHz ၊ (၂.၄) MHz မှ (၂.၄၈၃၅) MHz နှင့် (၅.၇၂၅) MHz မှ (၅.၈၅၀) MHz များဖြင့် တိုက်ရိုက် ဆက်သွယ် ဆောင်ရွက်နိုင်သည်။

**553 ISMA ( Inhibit Sense Multiple Access )**

ISMA သည် ရေဒီယိုကွန်ရက်များတွင် တားမြစ်ထားသော Signal ကို စောင့်ကြည့်၍ Signal အများအပြားကို တစ်ပြိုင်နက်တည်း လက်ခံနိုင်ရန် အသုံးပြုသော စနစ်ဖြစ်ပါသည်။ ပင်မ လွှင့်ထုတ်စက်ပစ္စည်းမှနေ၍ လိုင်းမအားကြောင်း “Busy” Signal တစ်ခုကို လွှင့်ထုတ်၍ အခြားသော မိုဘိုင်းစက်ပစ္စည်းများအား ယင်းအချိန်တွင် လွှင့်ထုတ်ခြင်း မပြု သေးရန် တားမြစ်သည့်စနစ် ဖြစ်ပါသည်။ ထို့ကြောင့် ISMA စနစ်ကို လိုင်းမအားကြောင်း Signal

ကို လွှင့်ထုတ်၍ Signal အများအပြားကို တစ်ပြိုင်နက်တည်း လက်ခံနိုင်ရန် အသုံးပြုသောကြောင့် BTMA ( Busy Tone Multiple Access ) ဟုလည်း ခေါ်ပါသည်။ သို့သော် ယင်းစနစ်တွင် သုံးစွဲသည့် လိုင်းပေါ်တွင် သတင်းအချက်အလက် အပိုင်းငယ် လေးများ တိုက်မိပျောက်ဆုံးမှုများ ရှိနေဆဲပင် ဖြစ်ပါသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ —

(၁) Signal Delay ( Signal ၏ နောက်ကျမှု )

(၂) Persistent Terminals ( Signal ကို ထပ်ခါထပ်ခါ လွှင့်ထုတ်နေသည့် စက်ပစ္စည်းများ) ကြောင့် ဖြစ်ပါသည်။

Signal ၏နောက်ကျမှု ( Signalling Delay ) ကြောင့် ဖြစ်ရခြင်းသည် ယင်းကွန်ရက်ထဲရှိ Signal လွှင့်ထုတ်မည့်စက်ပစ္စည်းများအား ၊ မလွှင့်ထုတ်သေးရန် တားမြစ်သော Signal ကို လွှင့်ထုတ်ရာတွင် ၊ နှောင့်နှေးနေချိန်အတွင်း သတင်းအချက်အလက်အသစ် အပိုင်းငယ်ကို စတင် လွှင့်ထုတ်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။ Signal ကို ထပ်ခါထပ်ခါ လွှင့်ထုတ်နေသော စက်ပစ္စည်းများကြောင့်ဟု ဆိုခြင်းမှာ ယင်းစက်ပစ္စည်းမှ ထပ်ခါထပ်ခါ လွှင့်ထုတ်ခြင်းကို အဆုံးသတ်ပြီးနောက်၊ သုံးစွဲနေသည့် လိုင်းကို အားလပ် သွားစေရန် စောင့်ဆိုင်းနေစဉ်တွင် လိုင်းပေါ်တွင် သတင်းအချက်အလက် အပိုင်းငယ်များ တိုက်မိကြခြင်း ဖြစ်ပါ သည်။

**554 ISO ( International Standard Organization )**

ကမ္ဘာပေါ်ရှိ ထုတ်ကုန်ပစ္စည်းအမျိုးမျိုး၏ အရည်အသွေးစံချိန်စံညွှန်းကို သတ်မှတ် ပေးသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံပေါင်း(၁၄၆) နိုင်ငံရှိပြီး ၊ အဖွဲ့အစည်း၏ ကွန်ရက်ထဲတွင် အဖွဲ့ဝင်နိုင်ငံတစ်ခုစီမှ စံချိန်စံညွှန်းကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးစီအား အဖွဲ့ဝင်အဖြစ် ပါဝင်ချိတ်ဆက်စေကာ လုပ်ငန်း ဆောင်ရွက်သည်။ အဖွဲ့အစည်း၏ ဌာနချုပ်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ရုံးစိုက်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကုန်ပစ္စည်း ထုတ်လုပ်ရေး ၊ သယ်ဆောင်ဖြန့်ဖြူးရေး ၊ ဝန်ဆောင်မှုပေးခြင်း ၊ လုပ်ငန်းများအတွက် စံကို သတ်မှတ်ဆုံးဖြတ်ရာတွင် အသိပညာရှင်များ ၊ အတတ် ပညာရှင်များ ၊ သိပ္ပံပညာ ရှင်များ ၊ စီးပွား ရေးလုပ်ငန်းရှင်များစသည့် နယ်ပယ်အသီးသီးမှ ပါဝင်ညှိနှိုင်း ပေါင်းစပ်ကာ အတည်ပြု ဆောင်ရွက်ပေးသည်။

**555 ISOC ( Internet Society )**




ISOC အဖွဲ့သည် အင်တာနက် အား စီမံခန့်ခွဲခြင်း၊တိုးတက်စေခြင်း ၊အဆင့်မြှင့်ခြင်း စသည့် အထွေထွေ အဆင့်မြင့် နည်းပညာ ပိုင်းဆောင်ရွက်မှုများ အတွက်၊ တာဝန်ယူထားသည့် ပညာရှင်အဖွဲ့အစည်း ဖြစ်ပါသည်။ ISOC အဖွဲ့အစည်းသည် သုတေသန ဆောင်ရွက်မှုများ ၊ ပညာရေး ဆိုင်ရာ ကိစ္စရပ်များ၊ပြည်သူရေးရာမူဝါဒ ဖွံ့ဖြိုး တိုးတက် ရေးနှင့် စံသတ်မှတ်ရေး စသည့်

ဆောင်ရွက်ချက်များကိုလုပ်ဆောင်ပါသည်။ ထောင်နှင့် ချီသော ISOC အဖွဲ့ဝင်များ သည်တစ်သီးပုဂ္ဂလများနှင့် အသင်းအဖွဲ့များ၏ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။ ဇယားတွင် ဖော်ပြထားသော အခြား အဖွဲ့အစည်းများ ကို ငွေကြေးဆိုင်ရာ ပံ့ပိုးမှုနှင့် အုပ်ချုပ်မှု ဆိုင်ရာ ထောက်ပံ့မှုကိုလည်း ISOC အဖွဲ့ က တာဝန်ယူထားပါသည်။ စံသတ်မှတ်မှု ဖွံ့ဖြိုး တိုးတက်လာစေရေးတွင် ISOC ၏ အဓိကကျသော အခန်းကဏ္ဍမှာ IAB ( Internet Architecture Board )အဖွဲ့၏ ကြီးကြပ်ရေးအတွက် တာဝန်ယူထားမှုပင် ဖြစ်ပါသည်။

**556 ISTP ( Internet Signaling Transport Protocol )**

Packet ကွန်ရက်များနှင့်PSTN( Public Switched Telephone Network )တို့ အကြား Signaling ပိုင်း ဆက်သွယ်ရန်အတွက် စံသတ်မှတ်ပေးထားသော Protocol ကို ISTP ဟု ခေါ်ပါသည်။

**557 IT ( Interactive Technology )**

နှစ်လမ်းသွား (သို့မဟုတ်) နှစ်ဦးနှစ်ဘက် အပြန်အလှန် ပါဝင် ဆောင်ရွက်ခြင်း ပြုလုပ်နိုင် သည့် မည်သည့်နည်းပညာကိုမဆို Interactive Technology ဟု ခေါ်ပါသည်။

**558 ITSP ( Internet Telephony Service Provider )**

ITSP သည် အင်တာနက်ပေါ်မှတစ်ဆင့် VoIP ( Voice over Internet Protocol ) ဟု ခေါ်သော တယ်လီဖုန်းဝန်ဆောင်မှု များကို ပေးပါသည်။ အင်တာနက် တယ်လီဖုန်း ဝန်ဆောင်မှု ပေးသူများသည် အသုံးပြုသူများအား တိုက်ရိုက် ဝန်ဆောင်မှု ပေးခြင်း (သို့မဟုတ်) အခြား ITSP များရှိ ရောင်းချသူများအား ဝန်ဆောင်မှုပေးခြင်းများလည်း ပြု လုပ်သည်။ ITSP များ သည် SIP ၊ MGCP ၊ Megaco နှင့် H.323 စသည့် Signalling နှင့် Multimedia Protocols အမျိုးမျိုးကို အသုံးပြုသည်။ ITSP များကို VSP (Voice Service Provider) သို့မဟုတ် VoIP ပေးသူ များဟုလည်း လူသိများကြသည်။

**559 ITU ( International Telecommunications Union )**

နိုင်ငံတကာအစိုးရများ ပူးပေါင်းကာ ၁၉၀၈ ခုနှစ်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည့် အဖွဲ့အစည်း ဖြစ်သည်။ အဖွဲ့အစည်းကို အဓိကဦးဆောင်သူမှာ အမေရိကန်ပြည်ထောင်စု အစိုးရ ဖြစ်သည်။ ယင်းအဖွဲ့အစည်းအနေဖြင့် လုပ်ဆောင်သည့်လုပ်ငန်းမှာ နိုင်ငံတကာက လိုက်နာကျင့်သုံးရမည့် ဆက်သွယ်ရေးဆိုင်ရာ စည်းမျဉ်းဥပဒေများ ၊ စံချိန်စံညွှန်းများကို ထုတ်ပြန်ချမှတ်ပေးခြင်း ၊ နည်းပညာသစ်များအတွက် သင့်လျော်မည့် စံညွှန်းတင်ပြချက်များ အပေါ်ထောက်ခံ အတည်ပြုပေးခြင်းတို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်သည်။ အတည်ပြု ထုတ်ပြန်ချမှတ် ပေးထား သော စံချိန်စံညွှန်းများသည် နိုင်ငံအသီးသီးမှ ထုတ်လုပ်လိုက်သော စက်ကိရိယာများအတွက် အချင်းချင်း ချိတ်ဆက်တပ်ဆင်သည့်အခါ အဆင်ပြေ အံကိုက်မှု ရှိရေးကို အထူးအလေးထား လုပ်ဆောင်သည်။ ITU ကို ယခင်က CCITT ဟု လူသိများ ပါသည်။

**560 iTunes**

Apple ကွန်ပျူတာမှ သီချင်းဖိုင်များကို ဖွင့်ရန်နှင့် ဝယ်ရန် ပြုလုပ်ထားသည့်

ကွန်ပျူတာ ပရိုဂရမ်တစ်ခုဖြစ်သည်။ Windows XP နှင့် တွဲဘက် အသုံးပြုနိုင်သည်။ iTunes သည် ရေပန်းစားသည့် MP3 အသုံးချစနစ်တစ်ခု ဖြစ်သည်။ Sound Jan MP Software အမျိုးအစားကို အသုံးပြုထားသည်။

**561 ITU-R ( International Telecommunication Union - Radiocommunication )**

ITU ( International Telecommunication Union ) အပြည်ပြည်ဆိုင် ဆက်သွယ်ရေးအဖွဲ့မှ ကမ္ဘာလုံးဆိုင်ရာ ရေဒီယို ဆက်သွယ်ရေးနှင့် ပတ်သက်သော အပိုင်းကို တာဝန်ယူ ဆောင်ရွက် သောအဖွဲ့ဖြစ်ပါသည်။

**562 ITU-T ( International Telecommunication Union - Telecommunication )**

ITU ( International Telecommunication Union ) အပြည်ပြည်ဆိုင် ကြေးနန်းဆက်သွယ်ရေးအဖွဲ့မှ ကမ္ဘာလုံးဆိုင်ရာ တယ်လီဖုန်းဆက်သွယ်ရေးကိစ္စများ အားလုံးအတွက် တာဝန်ယူ ဆောင်ရွက်သောအဖွဲ့ ဖြစ်ပါသည်။

**563 iTV**

ချက်ချင်း တုံ့ပြန်နိုင်သော TV စနစ်ဖြစ်သည်။ တီဗီကြည့်ရှုနေသူတစ်ဦးသည် iTV ၏ မျက်နှာပြင်ပေါ်မှ ရုပ်သံများကိုချက်ချင်း တုန့်ပြန်နိုင်ခွင့်ပြုထားသော တယ်လီဗီရှင်း နည်းပညာ တစ်ခုဖြစ်သည်။ တီဗီကြည့်နေသူ တစ်ဦးမှ " TV စက်၏ တစ်စိတ်တစ်ပိုင်း တစ်ရပ်အဖြစ်" တုံ့ပြန်နိုင်မှုမျိုးကို မည်သည့် နည်းပညာမဆို အသုံးပြုရန် စည်းကမ်း သတ်မှတ်ပေးရမည်။ အသုံးပြုနိုင်မှု၏ အတိုင်းအဆများသည် Pay TV များ၏ လိုင်းပြောင်းလဲကြည့်ရှုမှုမှ ကြည့်ရှုသူ ပရိသတ်များလည်း ရွေးချယ်ပိုင်ခွင့်ရှိသည်။ သို့သော် iTV ပေါ်မှ နေ၍ SMS စာသားပေးပို့ခြင်း၊ DTMFC (Dual-tone Multi-frequency) စနစ် အသုံးပြု၍ တယ်လီဖုန်းပြောဆိုခြင်း စနစ်များ မဆောင်ရွက် နိုင်သေးပါ။

**564 IV ( Interactive Video )**

ဗီဒီယိုစနစ်သို့ ဆော့ဖ်ဝဲဖြင့် ကွန်ပျူတာချိတ်ဆက်ထားခြင်း ဖြစ်ပါသည်။ အသုံးပြုသူများသည် ဗီဒီယိုချပ်ကို ထိန်းချုပ်နိုင်ပြီး ၎င်းဗီဒီယိုချပ်မှသတင်းအချက်အလက်များကို ရှာဖွေနိုင်ပါ သည်။

**565 IWF( Inter Working Function )**

Inter Working Function ကို ခေါ်ဆိုခြင်း ဖြစ်သည်။ Digital Mode တွင် ရှိသော Data နှင့် Analogue စနစ်သုံးသော Modem များအကြားတွင် Wireless Data ကို အပြန်အလှန် အသုံးပြုခြင်း ဖြစ်သည်။

**566 IXP ( International Exchange Point )**

IXP သည် ရုပ်ဝတ္ထု အခြေခံ အဆောက်အအုံဖြစ်ပြီး အမျိုးအစားမတူညီသော အင်တာနက် ဝန်ဆောင်မှုပေးသူ ( ISPs- Internet Service Providers ) များသည် ၎င်းတို့ ဝန်ဆောင်မှု ပေးသည့်စနစ်များအတွင်း အပြန်အလှန် အဆင့်တူ သဘောတူညီချက် ရယူ၍ အင်တာနက် ဆက်ကြောင်းများ အလဲအလှယ် ပြုလုပ်နိုင်ရန် ခွင့်ပြုပေးသည်။ ISP များ သည် ၎င်းတို့နှင့် ချိတ်ဆက်ထားသော Upstream Provider များအပေါ် အမှီပြု နေရ

ခြင်းကို လျှော့ချရန် ဖြစ်သည်။ ထို့အပြင် ISP များ၏ စွမ်းရည်နှင့် အမှားအယွင်း အတိမ်းအစောင်းခံနိုင်ရည် မြင့်မားစေရန်အတွက် IXP များကို တည်ဆောက်ကြခြင်း ဖြစ်သည်။ IXP တည်ဆောက်သည့် ကုန်ကျစရိတ်ကို ISP များမှ မျှဝေ ကျခံကြရသည်။

## Glossary J

**567 J/S ( Jamming to Signal Ratio )**

အသံဖမ်းစက်တစ်ခု၏ အင်တာနာမှ နှောင့်ယှက်မှု Signal ၏ စွမ်းအားနှင့် လိုအပ်သော Signal တို့ ၏ နှိုင်းယှဉ်မှု အချိုးကို ဒက်ဆီဘယ်လ် (dB) ယူနစ်ဖြင့် ဖော်ပြခြင်း ဖြစ်ပါသည်။

**568 Jailbreaking**

Jailbreak ဟုသုံးစွဲနေကြသည့် iOS Jailbreak သည် iOS (Originally iPhone OS) သုံးစွဲထားသည့်ကိရိယာများအတွက် Apple မှထည့်သွင်းထားသော ကန့်သတ်ချက်ကို ဖယ်ရှား သည့် ဖြစ်စဉ်တစ်ခု ဖြစ်ပါ သည်။ iOS သုံးစွဲထားသည့် ကိရိယာများမှာ iPhone ၊ iPod Touch ၊ iPad စသည်တို့ဖြစ်ပါသည်။ Jailbreak ပြုလုပ်ခြင်းဖြင့် သုံးစွဲသူများသည် OS ၏ Root အထိ သွားရောက်နိုင်ပြီး Apple ၏ တရားဝင် App Store တွင် မရရှိနိုင်သော Application များကို ထည့်သွင်း အသုံးပြုနိုင် ပါသည်။ Jailbreak သည် လုပ်ပိုင်ခွင့်များကို မြှင့်တင်သည့် ပုံစံတစ်မျိုးဟု ယူဆနိုင်သော်လည်း Apple ကမူ တရားမဝင်သော လုပ်ရပ်ဟု ဆိုပါသည်။ Jailbreak ရှိ Jail ဟူသော ဝေါဟာရမှာ Unix OS System တွင် အသုံးပြု သော နည်းပညာဆိုင်ရာ အသုံးအနှုန်း တစ်မျိုးဖြစ်သည့် Jail ကို ရည်ညွှန်းခြင်း ဖြစ်ပါ သည်။ ( ဥပမာ FreeBSD Jail)

**569 Jammer**

အီလက်ထရောနစ် ဆက်သွယ်မှုစနစ်များကို တန်ပြန်နှောင့်ယှက်နိုင်သော ကိရိယာကို ခေါ်ပါ သည်။ အခြားသော ဆက်သွယ်ရေးစနစ်များကို နှောင့်ယှက်ခြင်း (သို့မဟုတ်) မိမိ၏ မိတ်ဆွေ မဟုတ်သော ဆက်သွယ်မှုများကို သိရှိပြီး ဆက်သွယ်မှု မပြုလုပ်နိုင်စေရန် ဒီဇိုင်း ပြုလုပ်ထားသော ကိရိယာ ဖြစ်ပါသည်။

**570 Jamming**

Jamming ဆိုသည်မှာ ရေဒီယိုလှိုင်းလွှင့်ထုတ်မှုတွင် ဖြစ်ပေါ်သော အနှောင့်အယှက်များကို ဆိုလိုပါသည်။ သတ်မှတ် Frequency တစ်ခုကို လက်ခံသုံးစွဲမည့် Receiver တစ်ခုကို လူတို့သည် နှောင့်ယှက်ရန်အတွက် အဆိုပါ Jamming Signal ကို အသုံးပြုပါသည်။

**571 JavaScript**

JavaScript သည် Sun Microsystems မှ ပြုလုပ်ထားသော ပရိုဂရမ်ရေးဆွဲထားသည့် ဘာသာစကားတစ်မျိုးဖြစ်ပြီး Netscape နှင့် ပေါင်းစပ်ထားသည်။ Netscape သည် စံပြုလုပ်ထားသည့် HTML စာရွက်များထဲတွင် ဘက်စုံ ပေါင်းစပ်ထားနိုင်ရန် စီစဉ်ထားသည်။ Java Script သည် Java Syntax ပေါ်တွင်အခြေခံလျက်ရှိနေစဉ် စာများပါဝင်သော ဘာသာ

စကားတစ်ခု ဖြစ်ပါသည်။ ထို့ပြင် မိမိကိုယ်တိုင် ရပ်တည်နိုင်သည့် ပရိုဂရမ်များကို ဖန်တီးရေးသား အသုံးမပြုနိုင်ပေ။ အဓိကအားဖြင့် Web page များတွင် အပြန်အလှန် အကျိုးပြုသည့် ပရိုဂရမ် အများစုကို စုသုံးနိုင်သည့် Dynamic ကို ဖန်တီးရေးသားရာတွင် အသုံးပြုလေ့ရှိသည်။ ဥပမာ—ဝက်ဘ်ဆိုက် ရေးသားသူများက JavaScript ကို တရားဝင် ပုံစံများရေးသွင်းခြင်း ၊ ပုံရိပ်သဏ္ဍာန်အဖြစ် ဖန်တီးယူခြင်းနှင့် အဆင်မပြေသော Pop-up Window များကို ဖွင့်ခြင်းတို့တွင် အသုံးပြု နိုင် သည်။ အလား တူပင် အခြားအရာကဲ့သို့ JavaScript သည် အကောင်းနှင့် အဆိုး တွဲလျက် ရှိသည်။

**572 JSAT**

JSAT သည် ဂျပန်နိုင်ငံ၏ ပထမဦးဆုံးသော ပုဂ္ဂလိကပိုင် ဂြိုဟ်တုဆက်သွယ်ရေး ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ ၁၉၈၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ဆက်သွယ်ရေးစနစ် စီးပွားရေး လုပ်ငန်းများ ဥပဒေ (Japan's Telecommunications Business Law) ထုတ်ပြန်ပြီး စတင်အကျိုးသက်ရောက်ပြီးနောက်တွင် ပထမဦးဆုံးသော အော်ပရေတာတစ်ဦးဖြစ်ပါသည်။ JSAT သည် လောလောဆယ်တွင် အာကာသတွင် ဂြိုဟ်တု(၈)လုံး လွှတ်တင်ထားပြီး၊ ၂၀၀၃ ခုနှစ် ဘဏ္ဍာရေးနှစ်၏ အမြတ်ရရှိမှုသည် ကမ္ဘာပေါ်တွင် ပဥ္စမမြောက်အကြီးဆုံး ဂြိုဟ်တုဆက်သွယ်ရေး အော်ပရေတာဖြစ်သည်ဟု ၂၀၀၄ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထား ပါသည်။

ထို့ပြင် JSAT သည် ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် Sky Perfect Communications ၊ Space Communication Corporation တို့ နှင့် ပူးပေါင်းပြီး Sky Perfect JSAT Group ကို အသစ်ဖွဲ့စည်း တည်ထောင်ထားခဲ့ပါသည်။

## Glossary K

**573 K ( Kelvin )**

သိပ္ပံပညာဆိုင်ရာ အဖွဲ့အစည်းမှ အပူချိန်ကို တိုင်းတာရာတွင် အသုံးပြုသော စကေးသတ်မှတ်ချက်ဖြစ်သည်။ Kelvin နှင့် သာမန် အပူချိန်တိုင်းတာသော ဖာရင်ဟိုက်နှင့် စင်တီဂရိတ်တို့နှင့် နှိုင်းယှဉ်ရာတွင် သုညကယ်ဘင် (သို့မဟုတ်) — ၄၅၉ ဒီဂရီ ဖာရင်ဟိုက် (သို့မဟုတ်) —၂၇၃ ဒီဂရီ ဆဲလ်စီးယက် ( Celsius ) နှင့် ညီမျှသည်။ LNA ( Low Noise Amplifier ) ကိရိယာများတွင် အပူဓါတ်ကြောင့် ဖြစ်ပေါ်နေသော ဆူညံမှု၏ အရည်အချင်းကို တိုင်းတာရာ တွင် Kelvin ဖြင့် ဖော်ပြလေ့ ရှိသည်။

**574 KE ( Knowledge Economy )**

စီးပွားရေးနှင့်ဆိုင်သော အကျိုးများကို စီစဉ်ဆောင်ရွက်ရန် ကွန်ပျူတာပရိုဂရမ်တစ်ခုက ကျွမ်းကျင်သော လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ဆုံးဖြတ်မှုပေးနိုင်သည့် နည်းပညာ အသုံးပြုခြင်းကို ရည်ရွယ်ပါသည်။ ဤစကားစုသည် ၁၉၉၀ ခုနှစ် နှစ်လည်ပိုင်းမှ နှစ်အဆုံးပိုင်း အတွင်း၌ New Zealand တွင် စတင်ထင်ရှားလာခြင်း ဖြစ်သည်။ ပြောင်းလဲနေပြီး မြင့်မားသော နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဖြစ်ပြီး ၊ အထူးသဖြင့် ကွန်ပျူတာဆော့ဖ်ဝဲ၊ ဆက်သွယ်ရေးနှင့် Virtual ဝန်ဆောင်မှုများ ၊ ပညာရေးနှင့် သုတေသနဆိုင်ရာ တက္ကသိုလ်များတို့တွင် တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများကို အထောက်အပံ့ ပေးနိုင်ပါသည်။

**575 Kernel**

ကွန်ပျူတာမှ Printer (သို့မဟုတ်) CD-ROM မှ အချက်အလက်ကို ဖတ်ရှုနိုင်ရန် အတွက် Hardware ပစ္စည်းတစ်ခုအားအသုံးပြုရန် နေရာယူထားသောအခြေခံ ကွန်ပျူတာ လုပ်ဆောင်မှုစနစ်၏ အစိတ်အပိုင်းဖြစ်သည်။ UNIX WINNT ၊ WIN 98 အစရှိသော ကွဲပြားခြားနားသည့် ကွန်ပျူတာစနစ် ( Operating System ) များပေါ်တွင် လုပ်နိုင်သော ပရိုဂရမ် ဖြစ်ပါသည်။

**576 KM ( Knowledge Management )**

စီမံချက်အကြံအစည်တစ်ခုတွင် Knowledge ၏ အရင်းအမြစ် ၊ သတင်းအချက်အလက် များ နှင့် လူသားတို့ ၏ Skill များဖြင့် လုပ်ငန်းအတူတူ လုပ်ကိုင်ခြင်း ၊ အဖွဲ့အစည်းဖွဲ့ခြင်း ၊ ရှယ်ယာလုပ်ခြင်း ၊ ခွဲခြမ်းစိတ်ဖြာခြင်းများ ဖြစ်ကြပါသည်။ Knowledge Management သည် ဒေတာ လုပ်ငန်းနှင့် သတင်း အချက်အလက်များကို သုံးစွဲသူ များသို့ တွန်းပို့ပေးရန် ဆောင်ရွက်လုပ်ကိုင်ရ သည့် နည်းပညာအချို့လည်း ပါဝင်သည်။

**577 KPSI ( Kilo Pounds per Square Inch )**

တယ်လီဖုန်း ကေဘယ်လ်များကို သွယ်တန်းချခင်းသည့်အခါ ကေဘယ်လ်ဆွဲသည့် ကား (Winch Car) သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ဆွဲစဉ် အများဆုံးခံနိုင်သည့် ဆွဲအားဒဏ် (သို့မဟုတ်) တင်းအားဒဏ် ခံနိုင်ရည်ကို ဖော်ပြသည့် ယူနစ်ဖြစ်သည်။ ကေဘယ်လ်၏ တစ် စတုရန်းလက်မတိုင်းအတွက် ခံနိုင်မည့်ပေါင်ထောင်ပေါင်း အရေအတွက်ကို ဖော်ပြခြင်း ဖြစ် သည်။ ယင်းစံသတ်မှတ်ချက်ကို ကေဘယ်လ်ထုတ်လုပ်သည့် ကုမ္ပဏီများက ကေဘယ်လ် အမျိုးအစား အလိုက် အမြဲ ဖော်ပြပေးရသည်။

## Glossary L

**578 Landsat**

Landsat သည် ကမ္ဘာကြီး၏ မြေမျက်နှာပြင် အနေအထား အချက်အလက်များကို ရယူရန် အတွက်လွှတ်တင်ထားသော ဂြိုဟ်တုတစ်ခုဖြစ်သည်။ ကမ္ဘာမြေပြင်အနေအထား၏ အချက်အလက်များကို သက်တမ်းအရှည်ဆုံး ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အတွက် Landsat တွင် ပါဝင်သော ဂြိုဟ်တုအစီအစဉ်တစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကမ္ဘာ၏ သိပ္ပံ ပညာရပ်ဆိုင်ရာ အဖိုးမဖြတ်နိုင်သောပုံရိပ်များကို အဖွဲ့စည်းအသီးသီးမှ အသုံးပြုနိုင်ရန် အတွက် စဉ်ဆက်မပြတ် သဘာဝပြောင်းလဲမှု အဆင့်ဆင့်ကို သိပ္ပံပညာရှင်များမှ ရယူနိုင်ရန် အတွက် ပုံရိပ်များကိုဖမ်းယူ ပေးပါသည်။ ကမ္ဘာ့မြေပြင်၏ သမိုင်းတစ်လျှောက် မတူညီသော မြေပြင်၏ အရည်အသွေး ပြောင်းလဲမှုကို ဖန်တီးပေးနေသော သမိုင်းကြောင်းများ၊ အသေး စိတ် အချက်အလက်များ၊ မြေပြင်နှင့်ရေပြင်လွှမ်းခြုံမှုများ၊ အကျယ်အဝန်းများကို ဤအစီ အစဉ်မှနေ၍ (၃၉) နှစ် တိုင် သတင်းအချက်အလက်များကို စုဆောင်းထားနိုင်ပြီး ဖြစ်ပါ သည်။ Landsat ဂြိုဟ်တုတွင် တပ်ဆင် ထားသော အာရုံခံကိရိယာများသည် အလွန် ကြည်လင်ပြတ်သားသော ပုံရိပ်များကို ရရှိစေပါ သည်။ တစ်ကမ္ဘာလုံး အတိုင်းအတာ အနေ

ဖြင့် မြို့ပြများ၏ လူဦးရေတိုးတက် နေထိုင်မှုများကို အသေးစိတ် သရုပ်ခွဲနိုင်ရန် အတွက် အရေးကြီးသော အချက်အလက်များကို ရရှိနိုင်ပါ သည်။

**579 LASER ( Light Amplification by Stimulated Emission of Radiation )**
အလင်းလွှတ်လေဆာဒိုင်အုတ်ဖြစ်သည်။ လျှပ်စစ်လှိုင်းကို အလင်းရောင်စဉ်လှိုင်းအဖြစ် ပြောင်းလဲပေးပါသည်။လေဆာဒိုင်အုတ်မှထွက်သောအလင်းလှိုင်းများမှာ (၇၈၀) နာနိုမီတာ ၏ (၁၃၁၀)နာနိုမီတာနှင့် (၁၅၅၀) နာနိုမီတာ တို့ ဖြစ်ကြသည်။ စီဒီဖွင့်စက်တွင် အသုံးပြု လေ့ ရှိသော လေဆာဒိုင်အုတ်၏ လှိုင်းအလျားသည် (၇၈၀) နာနိုမီတာကို အသုံးများသည်။

**580 LB ( Loss Budget )**
ဖန်မျှင်ဆက်ကြောင်း တစ်လျှောက်လုံးတွင် လွှင့်စက်နှင့် ဖမ်းစက်အကြားရှိ လက်ခံနိုင်သည့် စွမ်းအင် ဆုံးရှုံးမှုပမာဏ ဖြစ်သည်။ ယင်းတွင် ဖိုင်ဘာဂျိုင်းဆက်နှင့် ဆက်ခေါင်းတို့ကြောင့် ရှိမည် စွမ်းအင်ဆုံးရှုံးမှုလည်း ပါဝင်သည်။

**581 LB ( Low Band )**
TV Channel 2~6 အတွင်းရှိ လျှပ်စစ်သံလိုက် ရောင်စဉ်လှိုင်း ( Electomagnetic Spectrum ) 54 Hz မှ 88 MHz ကြိမ်နှုန်းအတွင်း တည်ရှိသည့် အစိတ်အပိုင်းကို Low Band ဟု ခေါ်ပါသည်။

**582 LBS ( Location Based Service )**
မိုဘိုင်းဖုန်းကဲ့သို့သော ကိရိယာများ၏ ဝန်ဆောင်မှုအရည်အသွေးတစ်ခု ဖြစ်ပါသည်။ Glob Positioning System ကို အသုံးပြုပြီး ရောက်ရှိနေသော နေရာနှင့် ကိုက်ညီမှုရှိသည့် သတင်း အချက်အလက် များကို ပံ့ပိုးပေးပါသည်။

**583 LCD ( Liquid Crystal Display )**
အလင်းပြန်မှုဖြင့် အထူးပြုလုပ်ထားသော ခရစ်စတယ်ဖြင့် ပြုလုပ်သည့် အရာဝတ္ထု (Crystalline Substance) ပေါ်တွင် ဂဏန်းအက္ခရာများကို ဖန်တီးပြသနိုင်သော နည်းပညာ တစ်ရပ်ဖြစ်ပါသည်။ အီလက်ထရောနစ်ဂိမ်းများ ၊ လက်ပတ်နာရီများနှင့် သယ်ဆောင်ရ လွယ်ကူသော အီလက်ထရောနစ် ကိရိယာများတွင် အများအားဖြင့် အသုံးပြုလေ့ရှိပါသည်။

**584 LCR ( Least Cost Routing )**
ဖုန်းခေါ်ဆိုသောအခါ တန်ဖိုးအနည်းဆုံးသော ဖုန်းလိုင်းကို အလိုအလျောက် ရွေးပေးနိုင်သည့် တယ်လီဖုန်းစနစ်တွင် ပါဝင်သော အင်္ဂါရပ်တစ်ခု ဖြစ်ပါသည်။ တန်ဖိုးအနည်းဆုံး ဖြစ် /မဖြစ် ကို PBX များတွင် ပရိုဂရမ်သွင်းထားသော Algorithms ၊ ညီမျှခြင်း (Equation) နှင့် လမ်းကြောင်း ဆုံးဖြတ် ပေးသော ပရိုဂရမ်များက သတ်မှတ်ပေး နိုင်ပါသည်။

**585 LDAP ( Lightweight Directory Access Protocol )**
LDAP သည် အင်တာနက်ပရိုတိုကောလ် ဖြစ်၍ အီးမေးလ်နှင့် အခြား ပရိုဂရမ်များ တွင် အသုံးပြုပြီး Server မှ သတင်းအချက်အလက်များကိုကြည့်နိုင်သည်။ အီးမေးလ်ပရိုဂရမ် တိုင်းတွင် ကိုယ်ပိုင်လိပ်စာ စာအုပ် (Personal Address Book ) ရှိကြသော်လည်း တစ်ကြိမ် တစ်ခါမှ အီးမေးလ် အပို့/အယူ မလုပ်ဘူးသောသူများ၏ အီးမေးလ်လိပ်စာ ရှာရာတွင်

LDAP မှ ဆောင်ရွက်ပေးနိုင်သည်။ ဆော့ဖ်ဝဲ ကုမ္ပဏီကြီး များဖြစ်သော Microsoft ၊ IBM ၊ Lotus ၊ Netscape တို့တွင် စံတစ်ခုအနေဖြင့် LDAP ကို သတ်မှတ်ထားကြ သည်။ LDAP သည် X.500 အခြေပြု Directory Service ပေးနိုင်သည့် Lightweight Client Server ပရိုတိုကောလ် ဖြစ်ပြီး TCP/IP (Transmission Control Protocol / Internet Protocol) နှင့် အခြားသော ဆက်သွယ်မှုများ ပြောင်းရွှေ့ပေးသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်သည်။ LDAP သည် X.500 ၏ ပိုမို ရိုးရှင်းသော Version ဖြစ်၍ X.500 Lite ဟု လည်း ခေါ်ကြသည်။

## 586 LE ( Logic Error )

Logic Error (သို့မဟုတ်) Logical Error သည် Source Code ပရိုဂရမ်တွင် မမှန်ကန်သောအဖြေ (သို့မဟုတ်) မထင်မှတ်သောအပြုအမူများ ထွက်ပေါ်လာသည့် အမှားဖြစ်ပေါ်ခြင်း ဖြစ်ပါသည်။ ၄င်းသည် ပရိုဂရမ်ကို ပြန် run သည့် အချိန်တွင်အမှားဖြစ်ပေါ်သည့် ပုံစံဖြစ်ပါ သည်။ run နေသောအချိန်တွင် အဖြေအမှားထွက်ပေါ်လာခြင်း (သို့မဟုတ်) ပရိုဂရမ်တစ်ခု ကို run နေချိန်တွင် ပျက်စီးစေသည့် အကြောင်းတရားများ ဖြစ်ပေါ်စေနိုင် ပါသည်။

မှားယွင်းသည့် အတွေးအခေါ်အယူအဆသည် ပရိုဂရမ် run ရာတွင် ပုံစံမတူပဲ အမျိုးမျိုး ရှိနိုင်ပါသည်။ ဥပမာအားဖြင့် တန်ဖိုးတစ်ခုကို သတ်မှတ်သည့်အခါ ကိန်းရှင်များပြီဟု သတ်မှတ်ခဲ့ရာမှ အစဉ်လိုက်မထင်မှတ်သော ပရိုဂရမ်အမှားများကိုတွေ့ရှိနိုင်ပါသည်။ နံပါတ်နှစ်ခုကို မြှောက်ရမည့်အစား ပေါင်းခဲ့မိသော် မလိုလားအပ်သည့် အဖြေများ ထွက်ပေါ်လာနိုင်ပါသည်။ ပုံနှိပ်အမှား အနည်းငယ်သည်ပင် ဝါကျအထားအသို မှားသည် မဟုတ်ပဲ Logic Error ဖြစ်နိုင်ပါသည်။ PHP Code တွင် ဥပမာပြရမည်ဆိုလျှင် (if) ပုံစံဖြင့် ရှင်းတမ်းပေါ်တွင် ညီမျှခြင်း သင်္ကေတ နှစ်ခု ဖြစ်သွား က Logic Error ဖြစ်နိုင်ပါသည်။

အမှားပုံစံ :if ($i = 1){…}

အမှန်ပုံစံ :if ( $i = = 1) {…}

PHP Code တွင် "==" သည် ညီမျှသည်ဟု အဓိပ္ပါယ်ရပြီး "==" သည်ဖြစ်ပေါ်လာသည်ဟု အဓိပ္ပါယ်ရပါသည်။ ထိုကြောင့်အမှားပုံစံ (if) ရှင်းတမ်းသည် 1 ကို ကိန်းရှင် $1 ပြောင်းပေးခြင်းသည် (TRUE) တစ်ခုသို့ ပြန်ပြောင်းပေးခြင်းဖြစ်သည်ဟု သတ်မှတ်ကြသလို အမြဲ ( TRUE ) သို့ ပြောင်းလဲပေးပါသည်။ အမှန်ပုံစံ Code တွင် if ရှင်းတမ်းသည် အကယ်၍ $i သည် 1 နှင့် ညီလျှင် ( TRUE ) သို့ ပြောင်းသွားသည် ဟု အဓိပ္ပါယ်ရပါသည်။ မည်သို့ပင်ဖြစ်စေ Syntax ၏ အမှားပုံစံ Code ကို လက်ခံသည့်တိုင် Syntax မှားခြင်းကို ထုတ်ဖော်ပြမည်မဟုတ်ပေ။ Code သည် အောင်မြင်စွာ ညွှန်ကြားသွားပေလိမ့်မည်။ Logic အမှားသည် Runtime တွင်သာ သတိပြုခြင်းခံရပါသည်။ အဘယ်ကြောင့်ဆိုသော် Source Code များထဲ တွင် တစ်ခါတစ်ရံ ပုန်းသျှိုးနေတတ်ရာ သူတို့ကိုရှာရသည်မှာ ပို၍ခက်ခဲလှပေသည်။ Syntax အမှားထက် အပြစ်အနာအဆာရှာခြင်းသည် ပိုမို ခက်ခဲပါသည်။

## 587 LEO ( Low Earth Orbit )

ဆက်သွယ်ရေးစနစ်တွင် အသုံးပြုသော အနိမ့်ပိုင်းကမ္ဘာပတ်လမ်းကြောင်းတွင် အသုံးပြု

သော ဂြိုဟ်တု ပတ်လမ်းတစ်ခု ဖြစ်ပါသည်။ ကမ္ဘာမြေပြင် အထက်မိုင် (၄၀၀) မှ (၁၀၀၀) အတွင်း ဂြိုဟ်တုများ အသုံးပြုသည်။ LEO ဂြိုဟ်တုများသည် ကမ္ဘာမြေပြင်မှ တစ်နေရာ တည်းတွင် တည်ရှိမနေဘဲ အလွန်မြန်သော အရှိန်ဖြင့် ကမ္ဘာကို လှည့်ပတ် နေကြသည်။ ထို့ကြောင့် မြေပြင်မှ အသံလွှင့်ချက်များကို ဂြိုဟ်တုတစ်လုံးမှ တစ်လုံးသို့ လွှဲပြောင်း ဆက်သွယ်ပေးပြီး စဉ်ဆက်မပြတ် ဆက်သွယ်မှုများ ပြုလုပ်နိုင်သည်။ အနိမ့်ပိုင်း ပတ် လမ်း တွင် လွှတ်တင်ထားသောကြောင့် ရေဒီယို ထုတ်လွှင့်မှုများတွင် အားကောင်းသောစက်များ ဖြင့် အာကာသသို့ ထုတ်လွှင့်မှုမျိုး အသုံးမပြုဘဲ ၊ အားအနည်းငယ်နှင့် ဆက်သွယ်မှု ပြုနိုင် သည်။ယင်း LEO ဂြိုဟ်တုဆက်သွယ်ရေးကြောင့် မိုဘိုင်းဂြိုဟ်တု တယ်လီဖုန်းစနစ်ကို အသုံး ပြုနိုင်သည်။ မြေပြင် နေရာဒေသ အနိမ့်အမြင့် ကန့်သတ်ချက်များကို ကျော်လွှားပြီး တည်ဆောက်သည့် မြေပြင် ဆက်သွယ်ရေးစနစ်များတွင် ကြိုးများ ဆက်သွယ်ခြင်း စနစ်များ ထက် ကုန်ကျစရိတ် နည်းပါးခြင်း၊ Data Communication တွင် အသုံးပြုသော e-Mail၊ Paging နှင့် Video Conferencing စနစ်များအတွက် ပိုမို သင့်လျော်ပါသည်။

**588 LEOP ( Launch and Earth Orbit Phase )**

အာကာသယာဉ်လွှတ်တင်ခြင်းများတွင် LEOP သည်လည်း အရေးကြီးသောအဆင့်တစ်ခု ဖြစ်ပါသည်။ အာကာသယာဉ်လုပ်ငန်းဆိုင်ရာ အင်ဂျင်နီယာများသည် ဂြိုဟ်တုကို လွှတ်တင် ယာဉ်မှ ခွာထုတ်လိုက်ပြီး ၄င်း၏ နောက်ဆုံးပတ်လမ်းတွင် စိတ်ချစွာတင်ထားနိုင်သော အချိန် အထိ ဂြိုဟ်တုအား ထိန်းညှိပေးရပါသည်။ ဤကာလအတွင်း Operation Staff သည် (၂၄) နာရီပတ်လုံး ဂြိုဟ်တု၏ အမျိုးမျိုးသော အစိတ်အပိုင်းများအပြင် ဂြိုဟ်တုတွင် အသုံးပြုနေ သော Antenna solar Array ၊ Reflector စသည့်တို့ကိုလည်း ထိန်းချုပ်ကွပ်ကဲရပါသည်။ GEO ဂြိုဟ်တုများအတွက်လွှတ်တင်ယာဉ်သည် GEO Transfer Orbit ထိ အာကာသယာဉ် ကို သယ်ဆောင်သွားပြီး ၄င်းအီလစ်ပုံ GEO မှ စက်ဝိုင်းပုံ GEO သို့ ရောက်ရှိရန် ဆက်တိုက် လုပ်ဆောင်ရသော Orbit ပြောင်းရွှေ့မှု များလည်း LEOP တွင် ပါဝင်ပါသည်။

**589 LL ( Leased Lines )**

တစ်နေရာ မှ တစ်နေရာသို့ သတ်မှတ်ထားသည် လိုင်းများအဖြစ် ငှားရမ်း အသုံးပြုသည့် လိုင်းများကို Leased Line ဟု ခေါ်ပါသည်။ အဆိုပါ Leased Line များတွင် ဖိုင်ဘာ အလင်းမျှင်ကေဘယ်လ် ၊ တယ်လီဖုန်းကေဘယ်လ် ၊ မိုက္ကရိုဝေ့ဗ်နှင့် အခြား ထုတ်လွှင့်ရေး စနစ် ( Transmission Systems ) များ ပါဝင်ပါသည်။

**590 LMDA ( Local Multipoint Distribution Service )**

တာခွင်ကျယ် ရေဒီယိုဝိုင်ယာလက် ဝန်ဆောင်မှုစနစ် တစ်ခုဖြစ်ပါသည်။ ကြိမ်နှုန်း 28GHz နှင့် 31GHz တာခွင်ကိုအသုံးပြုသည်။ အသံ ၊ မြန်နှုန်းမြင့်သတင်းအချက်အလက် ပေးပို့ခြင်း ဝိုင်ယာကေဘယ်လ်တီဗီစနစ်မှ၊ ဗီဒီယိုဝန်ဆောင်မှုပေးခြင်းများကို နှစ်ဘက်စလုံး မှ ဖမ်းယူ/ ပေးပို့ခြင်းကို ဆောင်ရွက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ FCC စည်းမျဉ်းအရ ဒေသတွင် LMDS စနစ် ဝန်ဆောင်မှု ပေးခြင်းကို ဒေသတွင်းရှိ အိတ်ချိန်းကယ်ရီယာများနှင့် ကေဘယ်လ်တီဗီ ကုမ္ပဏီများအတွက် ကန့်သတ်ထားသည်။

**591 LMDS ( Local Multipoint Distribution System )**

LMDS စနစ်သည် အသံနှင့် အပြန်အလှန် ဒေတာ အပို့/အယူ ဝန်ဆောင်မှု လိုချင်သူများအတွက် ပုံသေ တပ်ဆင် အသုံးပြုရသည့် တာခွင်ကျယ် ဝိုင်ယာလက်စနစ် ( Broadband Wireless System ) ဖြစ်ပါသည်။

စီးပွားရေး လုပ်ငန်းသုံးစွဲသူများနှင့် အများသုံးကွန်ရက်ထဲဝင်၍ တာခွင်ကျယ်ချိတ်ဆက်သုံးစွဲလိုသူများ အတွက် မြေပြင်လိုင်းချိတ်ဆက်မှု (Landline Connection) အစား စျေးနှုန်းချိုသာစေသည့် အခြား နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနေကြသည်။

**592 LNA ( Low Noise Amplifier )**

အင်တာနာရှိ အီလက်ထရွန်းနစ် Equipment ဖြစ်ပြီး ဂြိုဟတုဖမ်းယူရာတွင် Satellie Signal များ အားနည်းနေမှုကို Noise များပါဝင်ခြင်းမရှိပဲ တိုးချဲ့ (Amplify) ပြုလုပ်ပေးပါသည်။ Noise Temperature တန်ဖိုးနည်းလေလေ ၊ Carrier to Noise Radio တန်ဖိုးကြီးလေလေ ဖြစ်ပြီး ၊ ရုပ်ပုံကို ပို၍ ကောင်းမွန်စေပါသည်။

**593 LNB ( Low Noise Block Downconverter )**

LNB ( Low Noise Amplifier ) နှင့် Downconverter အစိတ်အပိုင်းနှစ်ခုကို ကိရိယာတစ်ခုအဖြစ် တည်ဆောက်ထားပြီး Feedhorn တွင် ကပ်၍ တပ်ဆင်ထားသည်။

**594 LNB ( Low Noise Blocker )**

၎င်းကို LNC ( Low Noise Convertor ) ဟု လည်း ခေါ်ဆိုသည်။ ဆက်သွယ်ရေးစနစ်နှင့် သတင်းထုတ်လုပ်မှုများအတွက် ဂြိုဟ်တု ဖမ်းယူခြင်းတွင် LNB ကို အသုံးပြုသည်။ အထူးသဖြင့် LNB သည် ဂြိုဟ်တုစလောင်း(Antenna) ၏ အပေါ် (သို့မဟုတ်) အတွင်းပိုင်းတွင် ကပ်၍ တပ်ဆင်ထားလေ့ ရှိပါသည်။

**595 LNBF ( Low Noise Blocker Feedhorn )**

LNB နှင့် Feedhorn တို့ကို ပူးတွဲ တပ်ဆင်လေ့ရှိသည်။ သို့သော် လက်ရှိတွင် အများဆုံးအသုံးပြု နေသော LNB များသည် တစ်နည်းအားဖြင့် LNBF များသာ ဖြစ်သည်။

**596 LNC ( Low Noise Converter )**

Low Noise Amplifier နှင့် Down Converter တို့ကို အတူတကွ ပေါင်းစပ်သော Package တစ်ခုကိုဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်းရှိအင်တာနာတွင်တပ်ဆင်ထားသည့် ယူနစ် တစ်ခုဖြစ်သည်။ ယင်းသည် RF Band (10.95 ~ 20.7 GHz ) မှ IF Band (0.95 ~ 1.7 GHz ) ကို ပြောင်းလဲပေးသည်။

**597 LOS ( Line of Sight )**

Line of Sight သည် ဆက်သွယ်မှုစနစ်၏ အပို့ Antenna နှင့် အယူ Antenna ကြားရှိ အခုအခံအတားအဆီးမရှိသော ရေဒီယိုလမ်းကြောင်း (သို့မဟုတ်) ရေဒီယိုလိုင်းချိတ်ဆက်မှုတို့ ဖြစ်ပါသည်။ LOS ၏ ဆန့်ကျင်ဘက်မှ မျက်စေ့ဖြင့် တစ်သားတည်း မမြင်ရသော Non Line of Sight ဖြစ်ပါသည်။

**598 LP ( Light Pen )**

ဘောလ်ပင် ပုံသဏ္ဍာန် ရှိသည့် Device တစ်ခု ဖြစ်ပြီး အလင်းအာရုံခံ ဆဲလ် (Photosensitive Cell) နှင့် အလွန်သေးငယ်သော မှန်ဘီလူးများ(Small Aperture Lens) ပါဝင်ပါသည်။ Electronic Signal များကို ထုတ်လုပ်ပေးပါသည်။ တီဗီဖန်သားပြင်များ ပေါ်တွင် တိုက်ရိုက် Free-hand ရေးနိုင်ပြီး ကွန်ပျူတာ စာသား (သို့မဟုတ်) ရုပ်ပုံများ ကိုလည်း ဝင်ရောက် တည်းဖြတ်ခြင်း တို့ကို ပြုလုပ်နိုင်ပါသည်။

**599 LPFM ( Low Power FM Radio )**

လိုင်စင်ရယူထားသောအချင်းဝက် (၃.၅)မိုင်အထက်အတွင်းရှိ 50~100 Walt FM Radio Station များနှင့် အချင်းဝက်(၁)မိုင် မှ (၂)မိုင် ကြားရှိ 1~10 Walt FM Radio Station များတွင် ခွင့်ပြုချက်ဖြင့် လုပ်ဆောင်လျက်ရှိသော အသံလွှင့်လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

**600 LSZH (Low Smoke Zero Halogen )**

သာမိုပလပ်စတစ် ကွန်ပေါင်းဖြင့် ပြုလုပ်ထားသည့်ဖန်မျှင်၏ အပေါ်ယံအခွံသည်အပူချိန် မြင့်တက်မှုကြောင့်ဟေလိုဂျင်ဓါတ်ငွေ့ထွက်မှုအနည်းဆုံးဖြစ်အောင်ဖန်တီးထားသည့်ဖန်မျှင် အမျိုးအစား ဖြစ်သည်။

**601 LTB ( Loose Tube Buffering )**

ဖန်မျှင်ကြိုးများကို ပလပ်စတစ် ပိုက်ငယ်များအတွင်း ထည့်သွင်းထားခြင်းဖြင့် ဖန်မျှင် အပေါ်သို့ ပြင်ပမှ စက်မှုဆိုင်ရာသက်ရောက်မှုဒဏ်မှ အကာအကွယ် ဖြစ်စေပါသည်။ ပလပ် စတစ်ပိုက်နှင့်ဖန်မျှင်အကြားတွင် ဂျယ်လီထည့်ထားပေးခြင်းဖြင့် ပြင်ပသက်ရောက်မှုဒဏ်မှ ဖန်မျှင်အား အကာအကွယ်ပေးနိုင်သည်။

**602 LUN ( Logical Unit Number )**

သီးသန့် Disk Drive တစ်ခုအတွက် လိပ်စာတစ်ခု ဖြစ်ပါသည်။ SCSI ထိန်းချုပ်မှု အတွင်း အခြား Disk Srive များနှင့် ခွဲခြားကြောင်းပြရန်အတွက် အသုံးပြုလေ့ရှိပါသည်။ ယခုအခါ LUNs သည် စံနမူနာအားဖြင့် သီးခြားစီ သတ်မှတ်ထားသော Disk Drive များ မဟုတ်ပါ။ Virtual အခန့် ကန့်ထား သော Disk Drive များသာ ဖြစ်ပါသည်။

## Glossary M

**603 MAC ( Medium Access Control )**

MAC သည် LAN ( Local Area Network ) တွင် အသုံးပြုသော ကိရိယာများကို ၄င်းတို့၏ ဆက်သွယ်ရေး Media များနှင့် ရှယ်ယာလုပ်ရာတွင် အသုံးဝင်သော နည်းပညာ ဖြစ် သည်။ Media များ၏ရှယ်ယာ သဘောတရားအရ တစ်ခုထက်ပိုသောပစ္စည်း ကိရိယာ များမှ တစ်ချိန်တည်းတွင် ဒေတာများကို ပို့ဆောင်နေကြ ပါသည်။ ထို့ကြောင့် Ethernet MAC မှ

– မည်သည့် အချိန်တွင် ဒေတာပို့ရမည်ကို ဆုံးဖြတ်ရန် ၊

– ပစ္စည်းနှစ်ခု ဒေတာတစ်ချိန်တည်း ပို့၍ အချင်းချင်း တိုက်မိလျှင် ဘာလုပ်ရမလဲ ၊

– ဒေတာအချင်းချင်းတိုက်မိ၍ ပြန်ပို့ရလျှင် အချိန်ဘယ်လောက်စောင့်ရမလဲ

အစရှိသည် တို့ကို ဆောင်ရွက်ပေးရသည်။

**604 MAC ( Message Authentication Code )**

Message တစ်ခုပို့ဆောင်ခြင်းနှင့်လက်ခံခြင်းတို့တွင် ပျောက်ပျက်မှုမရှိကြောင်း သက်သေပြနိုင်ရန်အတွက် Test Message တွင် ပါရှိသည့် အရာများမှ တွက်ချက်ထားသည့် နံပါတ်တစ်ခုကို MAC ဟုခေါ်ပါသည်။ MAC ကို လျှို့ဝှက် Key သုံးသော DES ( Data Encryption Standard ) စာဝှက်ရေးနည်းမှ တွက်ချက်ရသည်။ MAC ကို Message တစ်ခုအနေဖြင့် ပေးပို့လိုက်သည်။ MAC အား လက်ခံရမည့် ဘက်မှ ပို့လိုက်စဉ်က သုံးသော နည်းစနစ်နှင့် လျှို့ဝှက် Key တို့နှင့် နှိုင်းယှဉ်၍ ပြန်တွက်ရပါသည်။ MAC သည် ဒစ်ဂျစ်တယ် Signature နှင့် ဆင်တူသော်လည်း MAC တွင် Secrct Key သုံးပြီး ဒစ်ဂျစ်တယ် Signature တွင် Private Key သုံးကြသည်။

**605 MAC Address Spoofing Attack**

တိုက်ခိုက်သူတွေက တရားဝင် ကွန်ပျူတာတစ်လုံး၏ လိပ်စာကို လိမ်ညာ နောက်ပြောင်ခြင်း ဖြစ်ပါသည်။ ၎င်းလိမ်ညာနောက်ပြောင်ခြင်းသည် ကွန်ပျူတာ၏ မူလလိပ်စာ နေရာတွင်တိုက်ခိုက် သူ၏လိပ်စာကို မှားယွင်းစွာ ဖော်ပြခြင်းများ ဖြစ်ပေါ်စေသည်။ ကွန်ပျူတာများ ချိတ်ဆက်နိုင်ရန် အတွက် စီမံခန့်ခွဲပေးသော လိပ်စာများကို လိမ်ညာနောက်ပြောင်တိုက်ခိုက် ခြင်း ဖြစ်ပါသည်။

**606 MAC Address ( Media Access Control Address )**

MAC Address ဆိုသည်မှာကွန်ရက်တစ်ခု၏ Node တစ်ခုစီအတွက်သီးခြားသတ်မှတ်ပေးထားသော ဟာ့ဒ်ဝဲပိုင်း လိပ်စာ ( Hardware Address ) ဖြစ်သည်။ IEEE802 ကွန်ရက်များတွင် OSI Reference Model ၏ Data Link Control ( DLC ) Layer ကို Logical Link Control (LLC) Layer နှင့် Media Access Control (MAC) Layer ဟူသော Layer ခွဲများ ရှိကြပါသည်။ MAC Layer သည် Network Medium နှင့် တိုက်ရိုက်ချိတ်ဆက်ကြပါသည်။ Network Medium မျိုးစုံအတွက် MAC Layer အမျိုးမျိုး လိုအပ်ပါသည်။ LAN ( Local Area Network ) သို့မဟုတ် အခြားသော ကွန်ရက်များတွင် MAC( Media Access Control ) Address သည် ကွန်ပျူတာ၏ သီးသန့် ပေးထားသော ဟာ့ဒ်ဝဲနံပါတ် ဟုလည်း ဆိုနိုင်သည်။

**607 Malware**

ကွန်ပျူတာ၏ စက်များချို့ယွင်းခြင်း (သို့မဟုတ်) ပျက်စီးစေနိုင်သော ဆော့ဖ်ဝဲအမျိုးအစားအများအပြားကို ရည်ရွယ်သုံးနှုန်းသော Malicious Codeဖြစ်သည်။Malicious Code ဟု ခေါ်ဆို နိုင်သော ပရိုဂရမ်အမျိုးအစားများမှာ Virus ၊ Worm ၊ Trojan horses နှင့် Backdoors စသည်တို့ ဖြစ်ကြပါသည်။

**608 MAT ( Machine Assisted Translation )**

MAT ဆိုသည်မှာ စက်ပစ္စည်းတစ်ခု၏ ဘာသာစကားကို ပင်ကိုဘာသာစကားအဖြစ် ပြောင်းလဲပြန်ဆိုရာတွင် လူသားများအား ကူညီရန် ကွန်ပျူတာကို အသုံးပြုသော စနစ်

ဖြစ်သည်။ MAT စနစ်များ သည် ပုံမှန်အားဖြင့် စက်ပစ္စည်းများဖြင့် ဘာသာပြန်ဆိုခြင်း ၊ အမှားပြင်နှင့် လိုအပ်ပါက ဖြည့်စွက်ပြင်ဆင်ခြင်းတို့ပြုလုပ်သော လူသားများအား ကူညီရန် အတွက် ထုတ်လုပ်ထားခြင်း ဖြစ်သည်။

**609 MATV ( Master Antenna Television )**

လူနေအိမ်တိုက်ခန်းများ၊ ဟိုတယ်များနှင့်မိုတယ်များရှိ အခန်းများရှိ တယ်လီဗီရှင်းများ အားလုံးအတွက် အင်တာနာတစ်ခုတည်းမှ ကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးသော စနစ် ဖြစ်သည်။

**610 MAV ( Master Antenna Television System )**

မိုတယ်၊ ဟိုတယ်နှင့် အဆောက်အဦးများ ကဲ့သို့သော အဆောက်အဦးများအတွက် အင်တာနာ နှင့် ရုပ်သံလွှင့်ပေးသော စနစ်ဖြစ်ပါသည်။ ၄င်းတွင် အသေးစား ကေဘယ်လ်ဖြင့် တည်ဆောက်ထားပါသည်။

**611 MB ( Mobile Broadband )**

ပုံသေလိုင်းတယ်လီဖုန်း Broadband ဝန်ဆောင်မှုမှ အလွယ်တကူ သယ်ဆောင် သွားနိုင်သော မိုဘိုင်းပေါ်တွင် ဝန်ဆောင်မှုပေးနိုင်သော စနစ်သစ်ကို ခေါ်ဆိုပါသည်။ မိုဘိုင်း Broadband သည် မူလ ဆက်သွယ်ထားသော ကွန်ရက်မှ နေရာဒေသအမျိုးမျိုးရှိ အခြားသော ကွန်ရက်များသို့ ကွဲပြားခြားနားသော အခြေစိုက်စခန်း (Basestation) များမှ တစ်ဆင့် ဝင်ရောက် ချိတ်ဆက်နိုင်သည်။ မော်တော်ယာဉ်မောင်းနှင် သွားစဉ်ပင် မူလချိတ်ဆက်ထားသော ကွန်ရက်နှင့် အမြဲချိတ်ဆက်မိစေရန် ဆောင်ရွက်ပေးနိုင်သည်။

**612 MBMS ( Multimedia Broadcast Multicast Service )**

3G PP (3rd Generation Partnership Project) မှ စံညွှန်းပြုထားသည့် ထုတ်လွှင့် ဝန်ဆောင်မှု ဖြစ်ပြီး တတိယမျိုးဆက်သစ် 3G မိုဘိုင်းဖုန်းများထံသို့ တီဗီအစီအစဉ်များ ထုတ်လွှင့်နိုင်အောင် ဆောင်ရွက် ထားသည့် စံညွှန်းဖြစ်သည်။

**613 MC ( Main Cross-connect )**

ဇဟို (Equipment) ဆက်သွယ်ချိတ်ဆက်မှုအပိုင်း နေရာ ဖြစ်သည်။ ကျောထောက်နောက်ခံ ပင်မကေဘယ်လ် (Back Bone Primary Cable) နှင့် စက်ကရိယာများ လိုအပ်သလို စီမံဆက်သွယ်ချိတ်ဆက်မှု ပြုနိုင်ရန်လည်းကောင်း ၊ ကေဘယ်လ်ဆက်ကြောင်း အဝင်/ အထွက် ဆိုင်ရာ ကိစ္စများ ဆောင်ရွက် နိုင်ရန်လည်းကောင်း ၊ HC ( Horizontal Cross Connect )၊ IC( Intermediate Cross Connect ) တို့အား အပြန်အလှန် ချိတ်ဆက် အစသတ်ရာ ဇဟိုချက် နေရာ ဖြစ်သည်။

**614 MCU ( Multipoint Control Unit )**

Multipoint Control Unit သည် တစ်ချိန်တည်းတွင် နေရာများစွာကို ချိတ်ဆက်ပေးပါသည်။ အသံအားဖြင့် တွေ့ဆုံနိုင်ရန် အတွက် ဖြစ်ပါသည်။

**615 MD ( Material Dispersion )**

အလင်းလှိုင်း လွှဲခွင်သည် ဖန်မျှင်ကို ပြုလုပ်ထားသည့် ပစ္စည်း အမျိုးအစားကြောင့်

ဆက်ကြောင်း တစ်လျှောက် ပုံမှန်မရှိဘဲ လွဲခွင် (သို့မဟုတ်) အလင်းလှိုင်းအလျား ကျယ်ပြန့်ခြင်း (သို့မဟုတ်) အလင်းပြန့် ခြင်းကို ဆိုလိုသည်။

**616 MDF ( Main Distribution Frame )**

PSTN ( Public Switch Telephone Network ) System တွင် Exchange Switch နှင့် Outside Plant Network အကြား လိုအပ်သော Pair to Pair နှင့် Known to Known ချိတ်ဆက် ပေးရသော ကြားခံ Frame ဖြစ်သည်။ အဆိုပါ Frame ရှိ Known များတွင် Outside Plant မှ မလိုလားအပ်သော Over Voltage & Current များဝင်ရောက်မှု မရှိစေရေးအတွက် Protector များ တပ်ဆင်ထားရှိပါသည်။

**617 MDS ( Multipoint Distribution System )**

နေရာတစ်ခုတည်းမှဘေးပတ်ပတ်လည်သို့ မိုက္ကရိုဝေ့ဗ် ထုတ်လွှင့်မှုများကို ဆောင်ရွက်ပေးနိုင်သောစနစ်ဖြစ်သည်။ ယင်းစနစ်ကို FCC (Federal Communications Commission ) မှ လိုင်စင် ထုတ်ပေးထားပြီး သတ်မှတ်ထားသော မြို့တော်တစ်ခုအတွင်း တယ်လီဗီရှင်း ထုတ်လွှင့် မှု ကို ဆောင်ရွက်နိုင်သည်။

**618 MDSL ( Multi-rate Symmetric Digital Subscriber Line )**

MDSL သည် အကွာအဝေး (၂၉,၀၀၀)ပေ အထိအသုံးပြုနိုင်သော DSL နည်းပညာတစ်ခုဖြစ်ပါသည်။ ၎င်းတွင်ဒေတာအမြန်နှုန်းကို ပုံသေသတ်မှတ်ထားခြင်းမရှိပဲ အင်တာနက်ဝန်ဆောင်မှုပေးသူ (ISP) များမှ ဝန်ဆောင်မှုပေးလိုသော ဒေတာအမြန်နှုန်း အတိုင်း ပြောင်းလဲသတ်မှတ်နိုင်ပါသည်။ Upstream နှင့် Downstream တွင် 2Mbps အထိ ဒေတာအမြန်နှုန်း ရရှိနိုင်ပါသည်။

**619 MEN ( Metro Ethernet Network )**

ကွန်ပျူတာကွန်ရက်တစ်ခုဖြစ်ပြီး မြို့တစ်မြို့လောက်ကျယ်ပြန့်သည့် ဧရိယာကိုလွှမ်းခြုံထား ၍ Ethernet စံနှုန်းကို အခြေခံထားသည်။ ၎င်း MEN ကို သုံးစွဲသူများနှင့် စီးပွားရေးလုပ်ငန်းများအားပို၍ကြီးမားသော ဝန်ဆောင်မှုကွန်ရက်(သို့မဟုတ်) အင်တာနက်နှင့် ချိတ်ဆက်ပေးရန် MAN (Metropolitan Area Network) အဖြစ် သုံးလေ့ရှိသည်။

**620 MEO ( Medium or Middle Earth orbit )**

ဆက်သွယ်ရေးစနစ်အတွင်း အသုံးပြုနေသော ဂြိုဟ်တုပတ်လမ်းများ၏ အလယ်၌ လှည့်ပတ်နေသော ကမ္ဘာပတ်လမ်းကြောင်းတစ်ခုဖြစ်သည်။ MEO ဂြိုဟ်တုများသည်ကမ္ဘာမြေပြင် အထက် မိုင်(၁၀၀၀) မှ (၂၂,၃၀၀၀) အကြားတွင်တည်ရှိသည်။ MEO ဂြိုဟ်တုများသည် မြေပြင်အနေအထားနှင့်တည်နေရာ ဖော်ပြနိုင်ရန် လွှတ်တင်ထားကြပြီး ကမ္ဘာမြေပြင်မှ တစ်နေရာတည်းကို မမြင်ရဘဲ ရွေ့လျားလှည့်ပတ် လျက် ရှိပါသည်။

**621 MESA ( Mobile Broadband for Emergency and Safety Applications )**

MESA ဆိုသည်မှာ အရေးပေါ်အခြေအနေနှင့် လုံခြုံရေးအသုံးချမှုများ (Mobile Broadband for Emergency and Safety Applications) အတွက် မိုဘိုင်းတာခွင်ကျယ်စနစ် ဖြစ်ပါသည်။ ၎င်းစနစ် သည် ETSI (European Telecommunications Standards

Institute) နှင့် TIA (Telecommunications Industry Association ) တို့ ပူးပေါင်းဆောင်ရွက်ထားသောစီမံကိန်းဖြစ်ပါသည်။သဘာဝဘေးအန္တရာယ်ကျရောက်မှုမှကယ်ဆယ်ရေးနှင့် အများပြည်သူ လုံခြုံရေးကဏ္ဍတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အသုံးပြုနိုင်သည့် ဒစ်ဂျစ်တယ်မိုဘိုင်း တာခွင်ကျယ်နည်းပညာ သတ်မှတ်ချက်ကို ထုတ်လုပ်နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

## 622 Metadata

Metadata သည် အခြားအချက်အလက်များ အကြောင်းကို ဖော်ပြပေးနိုင်သော အချက်အလက် ဖြစ်ပါသည်။ ဤအသုံးအနှုန်းက မည်သည့် ဖိုင် (သို့မဟုတ်) အခြား Database ၏ တည်ဆောက်ပုံ ၊ မှတ်သားထားမှု ၊ လုပ်ဆောင် မှု (သို့မဟုတ်) ပြောင်းလဲမှု သတင်း အချက်အလက် ပါရှိသည့် Database ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ ကြိုးနှင့် ကြိုးမဲ့ကိရိယာ အချက်အလက်၏ Metadata တွင် မိုဘိုင်းဖုန်း ဖွင့်ခြင်း (သို့မဟုတ်) ပိတ်ခြင်း ၊ ပထဝီ အနေအထား ၊ Routing Command ဖန်သားပြင်အရွယ်အစား ၊ ဖုန်းတစ်ခုစီက လက်ခံနိုင်မည့် စာလုံးပမာဏနှင့် အခြားသောအင်္ဂါရပ်များ ပါဝင်ပါသည်။

## 623 MFD ( Mode Field Diameter )

ဖန်ကြိုးမျှင်၏ အရည်အသွေးဆိုင်ရာ သတ်မှတ်ချက် တစ်ခု ဖြစ်သည်။ ဆက်သွယ်ရေးလုပ်ငန်း သုံး ဖန်ကြိုးမျှင်ထဲသို့ အလင်းသွယ်တန်းသွတ်သွင်းသည့် အခါ ဖန်ကြိုးမျှင်၏ အနှစ်သား (Core) သို့ သက်ရောက်သောအလင်းစက်၏အချင်းကိုသိရှိရန်လိုအပ်သည်။ သို့မှသာ ဖန်မျှင်၏ အနှစ်သား (Core) အချင်းချင်းနှင့် အလင်းစက်၏ အချင်းတို့ သဟဇာတရှိပါမှ သတင်းအချက်အလက်ကို ဖန်ကြိုးမျှင်တစ်လျှောက်ချောမွေ့စွာ ပို့/ယူလုပ်နိုင်မည်ဖြစ်သည်။

## 624 MG ( Messaging Gateway )

သတင်းပေးပို့ခြင်းဆိုင်ရာ ပရိုတိုကောလ်တစ်ခုမှ အခြားတစ်ခုသို့ ပြောင်းလဲပေးနိုင်သော ကွန်ပျူတာစနစ်ကိုခေါ်ပါသည်။ Messaging Gateway က သိုလှောင်ခြင်း( Store ) နှင့် လက် ဆင့်ကမ်းပို့ဆောင်ခြင်း (Forward) Node (၂) ခုအကြား ချိတ်ဆက်ပေးခြင်း (သို့မဟုတ်) Message လွှဲပြောင်းသည့် အေးဂျင့်များMTA ( Message Transfer Agent ) အဖြစ် ဆောင်ရွက်ပေးပါသည်။

## 625 MGC (Media Gateway Controller )

MGC သည် VoIP တယ်လီဖုန်း တည်ဆောက်ပုံ အချို့ ထည့်သွင်း အသုံးပြု ထားသော စနစ်တစ်ခု ဖြစ်ပါသည်။ MGC သည် ပရိုဂရမ်ဖြင့် မလုပ်ဆောင်နိုင်သော Dumb Terminal တော်တော်များများကို ထိန်းချုပ်နိုင်သည့် MGC သည် (MGW Media Gateway) မှ ဖုန်း နံပါတ်( Dialed Digits ) များကဲ့သို့ Signalling အချက်အလက်များကို လက်ခံရရှိပြီး ၄င်း အချက်အလက်များအား ဖုန်းအခေါ်ခံရသည့် ပုဂ္ဂိုလ်အား



သတိပေးလှုံ့ဆော်ခြင်း၊ Voice data အားပို့ခြင်းနှင့် ယူခြင်း စသည်တို့ကို ခိုင်း စေနိုင်သည်။ MGC နှင့် MGW များဖြစ်သည့် SGCP ( Simple Gateway Protocol )၊ IPDC (Internet Protocol Device Control)၊ MGCP (Media Gateway Control Protocol) နှင့်H.248 ကြားတွင် စည်းမျဉ်းဥပဒေ Protocols များစွာရှိသည်။ MGC သည် MGCP ၏Context များ ပါဝင် သော Call Agent များကိုလည်း လက်ခံ သည်။ အချို့ MGC များသည် ရိုးရိုး တယ်လီဖုန်းစနစ်များ အတွက် အသုံးပြုထား သော SS7၊ H.323 နှင့် SIP ( Session Initiation Protocol ) စသော အခြား Signalling Protocols နှင့် လည်း ကြားခံ ချိတ်ဆက်ပေးနိုင်ပါသည်။

**626 MGCF ( Media Gtaeway Control Function )**

MGCF သည် SIP (Session Initiation Protocol ) အဆုံးမှတ် (endPoint) တစ်ခုဖြစ်ပြီး ISP နှင့် ISUP/BICC ( ISDN User Part / Bearer Independent Call Control protocol ) ကြား Protocol ပြောင်းလဲမှုကို ထိန်းချုပ်နိုင်သည့် အပြင် SCTP (Stream Control Transmission Protocol) အပေါ်မှ SGW ( Signalling Gateway ) နှင့်လည်း ကြားခံချိတ်နိုင် သည်။ H.243 ကြားခံ ချိတ်ဆက်မှုကို ဖြတ်လျက် MGW ရှိ အရင်းအမြစ်များ (Sources) ကို ထိန်းချုပ်နိုင်ပါသည်။

**627 MGCF ( Media Gateway Control Function )**

Media Gateway Control Function သည် IP Multimedia Subsystem (1MS) အတွင်း ရှိ အစိတ်အပိုင်း တစ်ခု ဖြစ်သည်။ ၄င်းသည် Call Sesion Control Function (CSCF) နှင့် ဆက်သွယ်ခြင်း၊ MS-MGW တွင်းရှိ Media ချန်နယ်များ၏ ဆက်သွယ်မှုများကို ထိန်းချုပ်ခြင်းတို့ ဆောင်ရွက်ပါသည်။ ၄င်းသည် ISDN User Part ( ISUP ) နှင့် MS Call-control Protocol များအကြားတွင် Protocol ပြောင်းလဲ ပေးခြင်းကို လုပ်ဆောင်ပေးသည်။

**628 MGCP ( Media Gtaeway Control Protocol )**

MGCP သည် IP ကွန်ရက်များနှင့် PSTN (Pubilc Switched Telephone Network ) ကွန်ရက်များရှိ MGW (Media Gateway) များအား ထိန်းချုပ်ရန်အတွက် ဖြည့်စွက် ထားသော တည်ဆောက်မှုပုံစံ တစ်ခု ဖြစ်သည်။ ယေဘူယျ အခြေခံ တည်ဆောက်ပုံနှင့် ပရိုဂရမ်ကြားခံ ချိတ်ဆက်မှုကို RFC 2805 တွင် ဖော်ပြထားပြီး လက်ရှိ တိတိကျကျ သတ်မှတ်ထားသော MGCP သည် RFC 3435 ဖြစ်ပါသည်။ ၄င်းသည် SGCP (Simple Gateway Control Protocol) ထက် ပိုမို ကောင်းမွန်ပါသည်။




ပုံ-၂ MGCP

**629 MGW ( Media Gateway )**

Media Gayeway ဆိုသည်မှာ Circuit IP Gateway (သို့မဟုတ်) Channel Bank (အချက်အလက်ကို ကွန်ရက်တစ်ခုမှ နောက်တစ်ခုအတွက် ပုံစံ ပြောင်းပေးသောအရာ) ကဲ့သို့သော ပစ္စည်းများကို ခေါ်ပါသည်။ တစ်ခါတစ်ရံ Media Gateway Controller ကို Softswitch ဟု ခေါ်သည်။

**630 MHz ( Megahertz )**

1 Megahertz ( 1MHz ) သည် Frequency (ကြိမ်နှုန်း) ၁သန်း Hz (သို့မဟုတ်) ၁သန်း Cycles Per Second နှင့် ညီမျှပါသည်။

**631 MID ( Mobile Internet Device )**



Nokia N810 ၏ ပုံသစ်

ကြိုးမဲ့ အင်တာနက် အသုံးပြုနိုင်သည့် မာလ်တီမီဒီယာ စွမ်းဆောင် နိုင်သော လက်ကိုင် ကွန်ပျူတာ ဖြစ်ပါသည်။ အဖွဲ့ အစည်းတွင် အသုံးပြုမှုထက် သာလွန်၍ ကိုယ်ရေးကိုယ်တာ အသုံးပြုမှုများ၌ ဖျော်ဖြေရေး သတင်းအချက်အလက်နှင့် တည်နေရာ အခြေပြု ဝန်ဆောင်မှုများ (Location Based Service) ပေးစွမ်းနိုင်ရန် အတွက် ဒီဇိုင်းပြု ထားပါသည်။ MID များ၏ အရွယ်အစားသည် Smartphone များထက် ကြီးမားပြီး UMPC ထက် သေးငယ်ပါ သည်။

**632 MIME ( Multipurpose Internet Mail Extension )**

MIME ဆိုသည်မှာ အင်တာနက်ပေါ်တွင် ASCII Message မဟုတ်သော အရာများ အားပို့ဆောင်နိုင်ရန် Format ချပေးရမည့် သတ်မှတ်ချက်တစ်ခု ဖြစ်သည်။ e-Mail Client အများစုသည် MIME ကို ထောက်ပံ့ပေးနိုင်သည်။ MIME သည် အင်တာနက်မေးလ်စနစ် မှ တစ်ဆင့် ရုပ်ပုံများ ၊ အသံနှင့် ဗီဒီယိုဖိုင်များ ပို့ဆောင်ခြင်းနှင့် လက်ခံရယူခြင်းများ ဆောင်ရွက် နိုင်သည်။ MIME သည် Message များအား ASCII ပုံစံနှင့် မဟုတ် Character Sets အနေဖြင့် ဆောင်ရွက်ပေးသည်။ ကြိုတင်သတ်မှတ်ထားပြီး MIME အမျိုးအစားများမှာ GIF Graphic ဖိုင်နှင့် Postscript ဖိုင်များ ဖြစ်ကြသည်။ ကိုယ်ပိုင် MIME အမျိုးအစားများ ကို လည်း သတ်မှတ်ပေးနိုင်သည်။ ၁၉၉၂ ခုနှစ်တွင် MIME ကို Internet Engineering Task Force ( IETF ) မှ သတ်မှတ်ခဲ့သည်။ MIME Version အသစ်ကို ( S/ MIME ) ဟု ခေါ်ပြီး Encrypted Message များကိုပါ ထောက်ပံ့နိုင်သည်။

**633 MIR ( Minimum Information Rate )**

ဆက်ကြောင်းများ ကျပ်နေသည့် အချိန်မှာပင် ခွဲဝေသတ်မှတ်ထားသည့် အနိမ့်ဆုံးရရှိနိုင် သော သတင်းအချက်အလက် ပို့လွှတ်နှုန်း ( Information Rate ) ဖြစ်သည်။

**634 MMA ( Multimedia Messaging Service )**

MMS သည် သတင်းများအား သိုလှောင်ခြင်းနှင့် ပေးပို့ခြင်း ဝန်ဆောင်မှုဖြစ်ရာ သုံးစွဲသူ

က MMS ကြောင့် မာလ်တီမီဒီယာဖိုင်များကို သတင်းများ အနေဖြင့် ဖလှယ်နိုင်ပါသည်။

MMS က မီဒီယာမျိုးစုံ၏ ထရန်စမစ်ရှင်းပိုင်းကိုပံ့ပိုးပေးနိုင်ပါသည်။ထိုမီဒီယာအမျိုးမျိုးမှာ စာသား ၊ ရုပ်ပုံ ၊ အသံပိုင်း ၊ ဗီဒီယို (သို့မဟုတ်) (၄) မျိုးလုံးပေါင်းစပ်ခြင်းကို ဆိုလိုပါသည်။ ဖုန်းတွင် ပါသော ကင်မရာနှင့် ဓါတ်ပုံရိုက်ခြင်း (သို့မဟုတ်) ဖုန်းထဲရှိ ပုံရိပ်နှင့် အသံများသုံးခြင်း (သို့မဟုတ်) ဝက်ဘ်ဆိုက်က Download ချခြင်း အစရှိသဖြင့် မာလ်တီမီဒီယာ Message ကို ဖန်တီးနိုင်ပါသည်။ လက်ခံယူမည့်ဘက် ဖုန်းပိတ်ထားခြင်း (သို့မဟုတ်) လက်ခံခြင်းများ ဆောင်ရွက်ရန် သုံးစွဲသူသည် GPRS (သို့မဟုတ်) 3G ကွန်ရက်တွင် အလုပ်လုပ်နိုင်သော ဖုန်း ရှိရမည်။ လက်ရှိတွင် ဖုန်းအများစုနှင့် အော်ပရေတာကွန်ရက် များက MMS ကို ဆောင်ရွက်နိုင်ပါသည်။ MMS ၏ အများဆုံး အရွယ်အစားမှာ (300KB) ဖြစ်ပြီး မကြာသေးခင်က MMS 1.3 ၏ စံနှုန်းအရ (600 KB) ထိ ပို့နိုင်ပါသည်။

**635 MMS ( Multimedia Messaging Service )**

MMS ( Multimedia Messaging Service ) သည် သတင်းစာသားတို ဝန်ဆောင်မှု SMS (Short Message Service) နှင့် ဆင်တူသော်လည်း စာသားအပြင် ရုပ်/အသံ/အချက်အလက်စသည့် မာလ်တီမီဒီယာ (Multimedia) ကို ပေးပို့နိုင်သည့် ဝန်ဆောင်မှု ဖြစ်သည်။အဆိုပါမာလ်တီမီဒီယာ အချက်အလက်များကို သတင်းစာသားတွင် ထည့်သွင်းပေးပို့ပြီး အီးမေးလ်ပေးပို့သလို ပူးတွဲဖိုင် (Attachment) လုပ်၍ ပေးပို့ခြင်း မဟုတ်ပါ။

**636 MNP ( Mobile Number Portability )**

မိုဘိုင်းဖုန်း ကိုင်ဆောင်သူများအနေဖြင့် မိုဘိုင်းကွန်ရက် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီတစ်ခုမှအခြားတစ်ခုသို့ ပြောင်းလဲလိုက်သော်လည်း ယခင်သုံးသုံးစွဲခဲ့သည့် မိုဘိုင်းဖုန်းနံပါတ်ကို ဆက်လက် သုံးစွဲ နိုင်ခြင်းကို Mobile Number Portability ဟု ခေါ်သည်။

**637 Mobile IP**

အင်တာနက် အင်ဂျင်နီယာများစွမ်းဆောင်ရှင်အဖွဲ့ ( Internet Engineering Task Force) မှ ထုတ်ပြန်ပေးထားသည့် Protocol ဖြစ်ပြီး မိုဘိုင်းသုံးစွဲသူသည် မိုဘိုင်းကွန်ရက်တစ်ခုမှ အခြား မိုဘိုင်းကွန်ရက်များသို့ ရွှေ့ပြောင်းသွားသောအခါ ပြောင်းလဲသွားသော IP Address တွင် အဆိုပါ မိုဘိုင်း IP ကို အသုံးပြုပါသည်။

**638 Mobile Linux**

၂၀၀၅ ခုနှစ် တွင် မော်တိုရိုလာမှ Linux ကို စတင်အသုံးပြုခဲ့ပါသည်။ အစွမ်းထက်သော Processor နှင့် မှတ်ဉာဏ်ပမာဏများသည့် မိုဘိုင်းဖုန်းများတွင် Linux အသုံးပြုရန် သင့်တော်ပါသည်။

**639 Mobile 2.0**

မိုဘိုင်းဝန်ဆောင်မှုနှင့် Web ဝန်ဆောင်မှုတို့ ပေါင်းစည်းမှု ဖြစ်သည်။ Mobile 2.0 သည် Web ပေါ်တွင် တွေ့ရှိနိုင်သော သတင်း အချက်အလက်နှင့် ဝန်ဆောင်မှုများအပေါ် အလွယ်တကူ သယ်ယူနိုင်မှု ၊ နေရာတိုင်းတွင် ဆက်သွယ်နိုင်မှုနှင့် တည်နေရာဆိုင်ရာ

ဝန်ဆောင်မှု များကို ထပ်မံ အားဖြည့် ပေးထားသည်။

**640 Mobile OS ( Mobile Operating System )**

မိုဘိုင်း Operating System သည် ကွန်ပျူတာ Operating System ကဲ့သို့ ဆောင်ရွက်ပေးနိုင်သော ဆော့ဖ်ဝဲ Platform ဖြစ်ပါသည်။ မိုဘိုင်းကိရိယာပစ္စည်း တစ်ခုဝယ်ယူလျှင် ထုတ်လုပ်သူများမှ ထည့်သွင်းပေးလိုက်သော Operating System ပါရှိမည်ဖြစ်သည်။ မိုဘိုင်းဖုန်းမှ ကီးဘုတ်များ၊ WAP (Wireless Access Point)၊ အီးမေးလ်၊ စာရိုက်၍ သတင်းပေးပို့ခြင်း ( Text Messageing ) ကဲ့သို့သော လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် Operating System မှ လုပ်ဆောင်ပေးရပါ သည်။ လူသိများသော မိုဘိုင်း Operating System အချို့မှာ Symbian OS ၊ Window Mobile ၊ Palm OS ၊ Mobile Linux နှင့် MXI တို့ ဖြစ်ကြပါသည်။

**641 MPEG - 4 ( Moving Picture Experts Group Phase 4 )**

MPEG စံညွှန်း၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရုပ်ပုံအချက်အလက်များအား ဖိသိပ်၍ ချုံ့ထည့်သည့်နည်းလမ်းတစ်ခုဖြစ်သည်။ အခြေခံစံညွှန်း Version 1 အား ၁၉၉၉ ခုနှစ် မတ်လတွင်လည်းကောင်း၊Version 2 အား၂၀၀၁ခုနှစ် မတ်လတွင်လည်းကောင်း တရားဝင်ပြဌာန်းခဲ့ပါသည်။ မိုဘိုင်းဖုန်းများနှင့်ထုတ်လွှင့်မှုနှုန်းနိမ့်သောတယ်လီဖုန်းလိုင်းများပေါ်တွင် အရုပ်နှင့်အသံကို 64Kbps မြန်နှုန်းခန့်ဖြင့်ကြည့်ရှုနိုင်ရန်အလို့ငှာ အရည်အသွေးနိမ့်ပြီး ဖိသိပ်မှုနှုန်း(Compression Rate) မြင့်မားသောရုပ်ပုံများပေးရန် ရည်ရွယ်ထားသည့် စံညွှန်းတစ်ခုဖြစ်သည်။

**642 MPEG ( Moving Picture Experts Group )**

၎င်းသည် Digital Video နှင့် Digital Audio Compression တို့အတွက် စံသတ်မှတ်ချက်များတိုးတက်ဖွံ့ဖြိုးစေရန်ဆောင်ရွက်ကြသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။၎င်းသည် ISO ( International Organization for Standardization ) ထောက်မကူညီအားပေးမှုအောက်တွင် လုပ်ကိုင်ကြသည်။ MPEG ၏ စံနှုန်းသတ်မှတ်ချက်မှာ တဖြည်းဖြည်း တစ်ဆင့်ဆင့် တိုးတက်လာသည်မှာ ဆက်တိုက်ဖြစ်ပြီး တစ်ခုစီ၏ ဒီဇိုင်းမှာ သီးခြား ရည်ရွယ်ချက်တစ်ခုစီဖြင့် ရှိကြသည်။

MPEG Video ဖိုင်များကို သုံးရန်အတွက် လုံလောက်သော Speed ၊ Memory နှင့် Hardisk များ ရှိသည့် ကွန်ပျူတာတစ်လုံးဖြစ်ရန် လိုအပ်သည်။ သို့မှသာ ကြီးမားသော MPEG ဖိုင်များကို ကိုင်တွယ် အသုံးပြုနိုင်မည် ဖြစ်သည်။ ထို့ပြင် MPEG ဖိုင်များကို ဖွင့်နိုင်ရန် MPEG Viewer ( သို့မဟုတ်) Client Software လိုအပ်သည်။ Download လုပ်ခြင်းဖြင့် လည်းကောင်း ၊ ဈေးကွက်တွင် ဝယ်ယူခြင်းဖြင့် လည်းကောင်း ရရှိနိုင်သည်။

**643 MPLS ( Multiprotocol Label Switching )**

သတင်းအချက်အလက်များကို အညွှန်း (Labels) အကူအညီဖြင့် ကွန်ရက်တစ်ခုမှအခြားတစ်ခုသို့တိုက်ရိုက်ပို့ဆောင်ပေးသည့် စွမ်းဆောင်ရည် မြင့်မားသော Telecommunications ကွန်ရက်များအတွင်း တိုးတက်ပြောင်းလဲလာသောနည်းပညာတစ်ခုဖြစ်သည်။ MPLS သည်

ဝေးကွာလွန်းသော နေရာနှစ်ခုကြား ချိတ်ဆက်မှုအတုအယောင် ( Virtual Links ) များကို အလွယ်တကူ ဖန်တီးနိုင်ပါသည်။အမျိုးမျိုးသော ကွန်ရက်လိုက်နာမှုစည်းမျဉ်းများ (Network Protocols ) ၏ Packets များကို ထည့်သွင်းသယ်ဆောင်သွားနိုင်သည်။ထို့ကြောင့် MPLS သည် စွမ်းရည်မြင့်မား၍ Protocol အမျိုးမျိုးကို လက်ခံနိုင်သော အချက်အလက် ပေးပို့နိုင်သည့် နည်းပညာ တိုးတက်မှု ဖြစ်ပါသည်။ MPLS ကွန်ရက်တွင် Data Packets များကို အညွှန်း (Labels) များဖြင့် သတ်မှတ်သည်။

**644 MPLS ( Multi-protocol Label Switching )**

MPLS သည် Multi-protocol Label Switching ဖြစ်ပါသည်။ ၄င်းနည်းပညာသည် IP အခြေခံထားသည်ATM ကွန်ရက်များအတွက် သယ်ပို့မည့် အချက်အလက်များကို ညွှန်းဆိုရန် အသုံးပြုပါသည်။ MPLS တွင် အစွန်အဖျားကွန်ရက်များ၌ အသုံးပြုသည် SP Routers များသည် သတင်းအချက်အလက် Packets များကို သွားရမည့် လမ်းကြောင်း အတွက် အမည်တပ်ပေးရပါသည်။ သို့အတွက် ပင်မကွန်ရက်ကြီးမှ ATM ဖြင့် Switch ပြုလုပ်ပေး ရာတွင် ကိုင်တွယ် ထိန်းသိမ်းမှု၌ ကြီးမားစွာ လွယ်ကူ ချောမွေ့စေပါသည်။

**645 MS ( Member Server )**

Microsoft Windows 2000 Server ကို အသုံးပြုသည့် ကွန်ပျူတာဖြစ်သော်လည်း Windows 2000 Domain ၏ ထိန်းချုပ်မှုကိုမခံသည့် ကွန်ပျူတာဖြစ်သည်။ ဆက်သွယ်ထားသည့်ကွန်ပျူတာတစ်လုံးသည် Server တွင် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်သော်လည်း မိမိတို့၏ Directory Database ကိုကူးယူထိန်းသိမ်းခွင့်မပေးသည့်ကွန်ပျူတာမျိုးလည်းဖြစ်သည်။

**646 MSC ( Mobile Switching Centre )**

MSC သည် မိုဘိုင်းဖုန်းခေါ်ဆိုမှုများအတွက် ကွန်ရက်လမ်းကြောင်းတစ်ခုမှ အခြားကွန်ရက်လမ်းကြောင်းတစ်ခုသို့ ဒစ်ဂျစ်တယ် Voice အနေဖြင့် (သို့မဟုတ်) ဒေတာ Packet အနေဖြင့်ဆက်သွယ်ပေးနိုင်သည်။ မိုဘိုင်းဖုန်း ခေါ်ဆိုမှုဆိုင်ရာလမ်းကြောင်း သတ်မှတ်ပေးသည်ဟုဆိုနိုင်ပါသည်။ မိုဘိုင်းဝန်ဆောင်မှု သုံးစွဲသူများ၏ အချက်အလက် မှတ်ပုံတင်ထားခြင်းနှင့် ဖုန်းသုံးစွဲသူ၏ သတင်းအချက်အလက် မှန်/မမှန် အထောက်အထားနှင့် သက်သေပြစစ်ဆေးပေးရန် တာဝန်ရှိသည်။ MSC မှ မိုဘိုင်းဖုန်း သုံးစွဲသူများသည် မူလနေရာတွင် ရှိ/ မရှိ စစ်ဆေးပေးရသည်။ MSC ( Mobile Switching Centers ) များသည် HLR (Home Location Register ) ကို အသုံးပြု၍ မိုဘိုင်းဖုန်းခေါ်ဆိုမှုများကို လုပ်ဆောင်ကြသည်။ MSC ( Mobile Switching Center ) များသည်VLR ( Visitor Location Register ) ကို သုံး၍ Roaming User များကို ကိုင်တွယ် ထိန်းချုပ်ထားသည်။

**647 MSO ( Multiple Service Operator )**

တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်း ၊ အင်တာနက်ဝန်ဆောင်မှုပေးသည့် လုပ်ငန်း၊ ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစသည်ဖြင့်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်မျိုးထက်ပိုမို လုပ်ကိုင်သည့် ကုမ္ပဏီကို အတိုကောက် ခေါ်ဆို သုံးနှုန်းသည့် စကားလုံးဖြစ်သည်။

**648 MSS ( Mobile-satellite service )**

အထိုင်စက် တပ်ဆင်ထားပြီး ရွေ့လျားသွားလာရင်း အသုံးပြုရသော စခန်းအချင်းချင်း ဂြိုဟ်တုတစ်လုံး (သို့မဟုတ်) တစ်လုံးထက် ပိုသော ဂြိုဟ်တုများမှ တစ်ဆင့် ရေဒီယို ဆက်သွယ်မှု ပြုလုပ်ပေးသည့် ဝန်ဆောင်မှု ဖြစ်သည်။

**649 MT ( Magnetic Tape )**

Mylar Tape ဖြစ်ပြီး သံလိုက် (Magnetic) အမှုန်လေးများဖြင့် ဖုံးအုပ် ထားရှိပါသည်။ ၎င်းပေါ်တွင် အသံ ၊ အရုပ် (သို့မဟုတ်) အချက်အလက်များ သိမ်းဆည်းထားနိုင်ပါသည်။

**650 Multicasting**

Multicasting ဆိုသည်မှာ ပေးပို့သူ(Sender)တစ်ဦးမှ လက်ခံသူ(Receive)အုပ်စုထံသို့ ဆက်သွယ်မှု ပြုလုပ်ခြင်းကိုဆိုလိုပါသည်။ Multicasting (တစ်ဦးမှ အများထံ ဆက်သွယ်မှု ပြုလုပ်ခြင်း)သည် Unicasting ( တစ်ဦးချင်းစီ ဆက်သွယ်မှုပြုလုပ်ခြင်း ) နှင့် ဆန့်ကျင်ဘက် ဖြစ်ပါသည်။ Unicasting တွင်မူ ပေးပို့သူနှင့် လက်ခံသူတို့မှာ တစ်ဦးစီသာ ဖြစ်ပါသည်။ ထို့ပြင် Multicasting သည် Broadcasting (ထုတ်လွှင့်ခြင်း)နှင့်လည်း ကွဲပြားခြားနားသည်။ Broadcasting တွင် ပေးပို့သူတစ်ဦးမှ လက်ခံသူများစွာသို့ ပေးပို့ဆက်သွယ်ခြင်းပင်ဖြစ်သော်လည်း လက်ခံသူများကို တိတိကျကျ သတ်မှတ်ထားခြင်း မရှိပေ။ Multicasting တွင်မူ သတ်မှတ်ထားသော လက်ခံသူ အုပ်စုကိုသာ ပေးပို့ဆက်သွယ်ခြင်း ဖြစ်ပါသည်။ Video Conferfencing Distance Learning စသည်တို့မှာ Multicasting ပင် ဖြစ်ပါသည်။

**651 Multithreading**

အသုံးချ ပရိုဂရမ်တစ်ခုထဲမှ တစ်ခုထက်ပိုမိုသော လုပ်ငန်းစဉ်များ အသုံးချနိုင်စွမ်းရှိသည်ကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာအားဖြင့် စာရင်းဇယားတွက်ချက်မှု ပရိုဂရမ်ကို အသုံးပြုပြီး စာရင်းဇယား စာမျက်နှာတွင် တန်ဖိုးများကို တွက်ချက်နေစဉ် အဆိုပါ စာမျက်နှာတွင် အခြားသော လုပ်ငန်းများကို ဆက်လက် ပြုလုပ် နိုင်ခြင်း (သို့မဟုတ်) ပုံနှိပ်ပေးနိုင်ခြင်းတို့ကို တစ်ပြိုင်နက်တည်း ပြုလုပ် နိုင်ခြင်း ဖြစ်ပါသည်။

**652 MUP ( Mandatory User Profile )**

ကွန်ပျူတာ အသုံးပြုသူများက ကွန်ပျူတာကို စက်ပိတ်သောအခါ နောက်ဆုံး ဖြစ်ပေါ်သော အချက်အလက်များကို ထည့်သွင်းမပေးတော့သော User File ဖြစ်ပါသည်။ အသုံးပြုသူက စက်ကို ဖွင့်ထားပါက အဆိုပါအချက်အလက်များကို အသုံးပြုသူ၏ Desktop အတွင်းသို့ Download ပြုလုပ်၍ရပါသည်။ ကွန်ပျူတာ၏ Administrator မှ ပြုလုပ်ပေးနိုင်ပြီး လုပ်ငန်း နှင့် သီးခြားဆိုင်သော User File များကို တစ်ဦး (သို့မဟုတ်) တစ်ဦး ထက်ပိုသော အသုံးပြုမှု များကို တာဝန် သတ်မှတ်ပေးနိုင်ပါသည်။

**653 MW ( Medium Wave )**

Radio Wave တစ်ခု ဖြစ်ပြီး လှိုင်းအလျား ( Wave Length ) သည့် 0.1 မှ 1Km အတွင်း တည်ရှိပြီး ၊ ကြိမ်နှုန်း (Frequency) အားဖြင့် 3000 မှ 300 KHz အကြား တည်ရှိပါသည်။

**654 MXI ( Universal Mobile Operating System )**

MXI ဆိုသည်မှာ Universal Mobile Operating System တစ်ခုဖြစ်ပြီး Desktop ကွန်ပျူတာများနှင့် မိုဘိုင်းကိရိယာများတွင် သုံးနိုင်ပါသည်။ Window ၊ Linux ၊ Java ၊ Palm တို့အတွက် ရေးထားသော Application များကို MXI တွင် အသုံးပြုနိုင်ပါသည်။ MXI သည် မည်သည့် Platform ၊ ကွန်ရက် ၊ ဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲမျိုးတွင်မဆို ပေါင်းစပ်လုပ်ဆောင်နိုင်စွမ်း ရှိပါသည်။

## Glossary N

**655 NAPTR ( Name Authority Pointer )**

NAPTR သည် DNS တွင် အသုံးပြုထားသော Resource Record ပုံစံတစ်မျိုးဖြစ်သည်။ URN( Uniform Resource Name ) များ၏ စံသတ်မှတ်ထားသော အစိတ်အပိုင်းများကို NAPTR Record များက စတင် လုပ်ဆောင်ပေးသည်။ NAPTR Record များသည် URNs၊URLs( Uniform Resource Locations )နှင့် Plain Domain Name များအကြား စီစဉ်တကျ တွဲဆက်ပေးပြီး Mapped Resource နှင့် ချိတ်ဆက်ဖုန်းခေါ်ဆိုသော Client များအားလည်း မည်သည့် Protocol အသုံးပြုသင့်သည် ကို အကြံပေးသည်။ SIP Protocol ဖြင့် အင်တာနက်ပေါ်မှ ဖုန်းခေါ်ဆိုမှုအတွက် အသုံးများသော NAPTR Record တစ်ခုကို ဥပမာအနေဖြင့် ဖော်ပြရမည် ဆိုလျှင်

တယ်လီဖုန်း နံပါတ် = 1-800-555-1234

Domain Name = 4.3.2.1.5.5.5.0.0.8.1.e164.arpa

A Lookup for SIP Client = “ !sip:customer-service@example.com! ”

**656 NAT ( Network Address Translation )**

ကွန်ရက်အတွင်းပိုင်းရှိ IP Address များကို Router ၏ အင်တာနက် ချိတ်ဆက်နိုင်ရန် အသုံးပြုသည့် IP Address တစ်ခုသို့ အဆိုပါ Router ၏ NAT စနစ်က ပြောင်းလဲပေးပါသည်။ Router သည် အင်တာနက်ကို DSL Modem ၊ Cable Modem ၊ T1 Line (သို့မဟုတ်) Dial-up Modem တို့ဖြင့် ဆက်သွယ်နိုင်ပါသည်။ ကွန်ရက်အတွင်းပိုင်းရှိ ကွန်ပျူတာများသည် အင်တာနက်ရှိ အခြားကွန်ပျူတာများသို့ ထုတ်လွှင့်ရန် ကြိုးစားစဉ် Router ၏ IP Address ကို သာ သိနိုင်သည်။ NAT က ကွန်ရက်အတွင်းရှိ ကွန်ပျူတာတစ်ခုစီကို သီးခြား လိပ်စာတစ်ခုစီဖြင့် မြင်တွေ့နေစဉ် အပြင်ဖက်ရှိ ကွန်ပျူတာများက IP Address တစ်ခုတည်းသာ မြင်တွေ့ရန် NAT က ပြုလုပ်ထားသည်။ထို့ကြောင့် Router ကို Firewall တစ်ခုအနေဖြင့် အသုံးပြုနိုင်ရန် ပြင်ဆင်ထားပါက ခွင့်ပြုချက်ရှိသော ကွန်ပျူတာများကသာ ချိတ်ဆက်နိုင်ခြင်းကြောင့် လုံခြုံမှုကို ပိုမိုဖြည့်ဆည်း ပေးနိုင်ပါသည်။ ထို့အပြင် အဖွဲ့အစည်းများ၏ IP လိပ်စာလိုအပ်ချက်ကိုလည်း လျှော့နည်းစေသည်။ ကွန်ပျူတာထောင်ပေါင်းများစွာရှိသော လုပ်ငန်းကြီးများသည် အင်တာနက်ကို IP လိပ်စာ တစ်ခုတည်းဖြင့် ချိတ်ဆက်နိုင်ခြင်းကြောင့် ဖြစ်သည်။

**657 NAT ( Network Address Translation )**

အင်တာနက်စံသတ်မှတ်ချက် ဖြစ်ပါသည်။ ကွန်ရက်အတွင်းသုံး အချက်အလက် Traffic နှင့် ကွန်ရက်ပြင်ပ အချက်အလက် Traffic များ၏ IP လိပ်စာများကို ပြောင်းလဲပေးရာ တွင် အသုံးပြုပါသည်။ ပုံစံ(၄)မျိုးရှိရာ ပုံသေသုံး (Static) ၊ပြောင်းလဲသုံး (Dynamic) ဝန်ပိုသုံး (Overloading) နှင့် ကျော်ထပ် နေမှုများ (Overlapping) တွင်လည်း အသုံးပြုပါ သည်။

**658 NB ( Narrow Band )**

ကြိမ်နှုန်း (Frequency) အနိမ့်ပိုင်း Signal များ ပါဝင်သော Telecommunication Medium ဖြစ်ပါ သည်။ အဆိုပါ Narrowband တွင် 3,000 Hz ရှိ Telephone Frequencies နှင့် 15,000 Hz ရှိ Radio Subcarrier Signals များ ပါဝင်ကြပါသည်။

**659 Netbook**

Netbook ဆိုသည်မှာ သေးငယ်ပေါ့ပါးပြီး ပါဝါသုံးစွဲမှုနည်းသော Notebook ဖြစ်သည်။ ၎င်းသည် Notebook များထက် ပါဝါသုံးစွဲမှုနည်းပြီး စာစီစာရိုက်ပြုလုပ်ခြင်း၊Web ကြည့်ရှုခြင်း၊ အင်တာနက်နှင့် ကြိုးမဲ့ဆက်သွယ်မှု ရယူခြင်းများကို ဆောင်ရွက်နိုင်သည်။

Netbook သည် သေးငယ်သော ကွန်ပျူတာအုပ်စုထဲတွင် ပါဝင်သည်။ ၎င်းကွန်ပျူ တာကို Subnotebook ၊ Ultra-Portable ၊ Mini-notebook ၊ Mini-thin Client ၊ Cloudbook နှင့် Ultra-mobile PC ဟူ၍ နာမည်အမျိုးမျိုး ပေးနိုင်သည်။ ဈေးကွက် အတွင်း၌ Netbook ဟူသော အမည်သည် ရေပန်းစားလျက်ရှိသည်။ Netbook တွင် Operating System ၊ Keyboard ၊ Screen နှင့် Storage Space တို့သည် သာမန်ထက် သေးငယ်ကြသည်။ ပညာရေးအတွက် အသုံးပြုရန် (သို့မဟုတ်) ကွန်ပျူတာရှိသော်လည်း နောက်ထပ် တစ်လုံး လိုချင်နေသူများ အသုံးပြုရန်အတွက် ရည်ရွယ်ပြီး Netbook များကို ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ Gartner Inc. စစ်တမ်း အရ ၂၀၀၉ ခုနှစ်တွင် Netbook များသည် သာမန် Laptop များထက် ပိုမိုအရောင်း သွက်လာသည် ကို တွေ့ရှိရ ပါသည်။

**660 Netiquette**

ကွန်ရက် ကျင့်ဝတ်ထုံးတမ်း (သို့မဟုတ်) အင်တာနက် ကျင့်ဝတ်ထုံးတမ်း၏ အတိုကောက် ဖြစ်ပါသည်။ Netiquette သည် လူမှုရေးဆိုင်ရာ သဘောတူညီချက်များကို စုပေါင်းထားခြင်း ဖြစ်ပါသည်။ အသုံးပြုနေသောကွန်ရက်များ ပိုင်းခြားသတ်မှတ်ခြင်း၊ Blogs များ နှင့် Forums များသို့ Mailing List များ ပေးပို့ခြင်းတို့ကို ကွန်ရက်များအပေါ် အပြန်အလှန် အကျိုးပြုစေပြီး လွယ်ကူချောမွေ့စေပါသည်။ ဤ Rules များကို IETF RFC 1855 တွင် ဖော်ပြထားပါသည်။ မည်သို့ပင်ဖြစ်စေအင်တာနက် ဖြစ်စဉ်အများအပြား၏ ကွင်းဆက်နှင့် ယင်းတို့၏ အသုံးချမှုများ သည် အဆက်မပြတ်ပြောင်းလဲနေ သည့်အခြေအနေတွင်ပင် ဆက်လက်ရန် ကျန်ရှိလျက် ရှိသေးသည်။ အဖွဲ့အစည်းတစ်ခုမှ နောက်တစ်ခုသို့ ရွှေ့ပြောင်း နေပါသည်။ အသားပေးဖော်ပြသည် မှာ USENET Netiquette ဖြစ်ပြီးတစ်ခါတစ်ရံ လွယ်ကူသည့် Electronic Signatures အသုံး ပြုခြင်းများ ပါဝင်သည်။ Multiposting ၊ Cross-posting ၊ Off-topic Posting ဆွေးနွေး မှုများနှင့် သက်ဆိုင်သည့် Thread ကို Hijack လုပ်ခြင်းနှင့် အခြားနည်းပညာများဖြစ်သော Message တစ်ခုကို ဖွဲ့စည်းပြီး အခြားသူများ ကြည့်ရှု နိုင်

ရန် News Group Messages ၊ အီးမေးလ်ပုံစံဖြင့် Message ပို့နိုင်သည့် Post ၊ Dissussion Group ၊ News Group အတွင်း ရှိမူရင်း Message နှင့် သက်ဆိုင်သော (သို့မဟုတ်) ထိုဆွေးနွေး ချက်ကို ပြန်ကြားသည့် Message အစု Threadများကို၊ လို သလို ဖတ်ရှုလေ့လာနိုင်ရန် Minimize လုပ်ခြင်းတို့ကို တားမြစ်ပါသည်။

**661 Nettop**

Nettop ဆိုသည်မှာ သေးငယ်သော ပါဝါသုံးစွဲမှု နည်းပြီး ဈေးနှုန်းချိုသာသော Destop ကွန်ပျူတာကို ခေါ်သည်။ တစ်ခါတစ်ရံ Nettop ကို All-in-one PC ဟု လည်း ခေါ်ဆို နိုင်သည်။ Nettop များကို စာစီစာရိုက်ပြုလုပ်ခြင်း ၊ Web များ ကြည့်ရှုခြင်း ၊ ရုပ်/သံ ကြည့်ရှုခြင်းနှင့် Web အခြေခံ Application များအတွက် သုံးစွဲနိုင်သည်။ Nettop အများ စုသည် ပစ္စည်းတစ်ခုတည်းတွင် အားလုံးပါရှိပြီး Keyboard နှင့် Mouse များအား Monitor ဖြင့် တစ်ပေါင်းတစ်စည်းတည်း ပြုလုပ်ထားသည်။ Nettop တွင် ပါဝါ 8W သာ အသုံးပြု ပြီး ၄င်းတွင် Fan မတပ်ဆင်ထားပါ။ အချို့ Nettop များတွင် Solid State Drive များ ပါရှိ သည်။ လက်ရှိ Nettop အများစုသည် Intel Atom Processor သုံးထားပြီး Windows XP (သို့မဟုတ်) Linux Version အချို့ အသုံးပြု နိုင်ပါသည်။

**662 Network**

နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော ကွန်ပျူတာများအချင်းချင်း ဆက်သွယ်နိုင်သည့် မည်သည့် ဆက်သွယ်မှုကိုမဆို ကွန်ရက် ( Network ) ဟု ခေါ်ဆိုပါသည်။ ကွန်ရက်များတွင် ထုတ်လွှင့်မှု ကိရိယာများ (Transmission Devices) ၊Server ၊ Cable ၊ Router များနှင့် Satellites များ ပါဝင်ပါသည်။ တယ်လီဖုန်း မက်ဆေ့ချ်များ ပေးပို့ရာတွင်လည်း တယ်လီဖုန်း ကွန်ရက် များက ပါဝင် ဆောင်ရွက်ပေးပါသည်။

**663 NF ( Noise Figure )**

LAN( Low Noise Amplifier ) သို့မဟုတ် ဖမ်းယူကိရိယာ (Receiver) များ အတွက် သတ်မှတ်ထားသော စံညွှန်းတစ်ခု ဖြစ်သည်။ ပြီးပြည့်စုံသည့် ကိရိယာများထက် မည်မျှ အတိုင်းအတာ အထိ စံညွှန်း ကွာခြားချက်ရှိသည်ကို dB ( Decibel ) ဖြင့် ဖော်ပြသည်။

**664 NFC ( Near Field Communication )**

NEC သည် Faraday's Law ဖြစ်သည့် Magnetic-field Induction ကို အသုံးပြု၍ အီလက်ထရောနစ် စက်ပစ္စည်း (၂)ခုအကြားတွင် အနီးကပ် ဆက်သွယ်နိုင်ရန် ပြုလုပ်ထား ခြင်း ဖြစ်ပါသည်။

**665 NFPA (National Fire Protection Association )**

၁၈၉၆ ခုနှစ်က စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် စီးပွားရေးမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်း တစ်ရပ်ဖြစ်သည်။ နိုင်ငံတကာ လူ့အဖွဲ့အစည်းတစ်ရပ်လုံး မီးဘေးအန္တရာယ် ကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်းနှင့် ထိခိုက်ဆုံးရှုံးခြင်းများမှ ကင်းဝေးရန်အလို့ငှာ ပညာပေး ခြင်း၊ ဥပဒေစည်းမျဉ်းများထုတ်ပြန်ခြင်း ၊ သုတေသနပြုခြင်းနှင့် မီးဘေး အန္တရာယ် ကင်း ဝေး ရေးဆိုင်ရာ သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်သည်။ မီးဘေးအန္တရာယ် ကာကွယ် ရေး

ကမ္ဘာ့ဦးဆောင်အဖွဲ့ကြီးဖြစ်ပြီး၊ အများပြည်သူ အသက်အန္တရာယ်လုံခြုံရေးဆိုင်ရာ ဥပဒေ (၃၀၀) ကျော် နှင့် မီးဘေးအန္တရာယ် လျော့နည်းပပျောက်နိုင်မည့် စံသတ်မှတ်ချက် များကို ပြဋ္ဌာန်း ထားသည်။ ကမ္ဘာတစ်ဝန်း တစ်သီးပုဂ္ဂလ အဖွဲ့ဝင်ပေါင်း (၈၁၀၀၀) ကျော် နှင့် နိုင်ငံပေါင်း (၈၀) ကျော်တို့က အဖွဲ့ဝင်အဖြစ် ပါဝင်သည်။

**666 NGN ( Next Generation Network )**

Packet နည်းပညာကို အခြေခံထားသော ကွန်ရက်တစ်ခု ဖြစ်ပါသည်။ Broadband စနစ်မြောက်များစွာကို အစုလိုက်သုံးစွဲထားပြီး တယ်လီကွန်ဝန်ဆောင်မှုပေးနိုင်သည်။ QoS ကောင်းမွန်သော ထုတ်လွှင့်မှုနည်းပညာကို အသုံးပြုထားသည်။ NGN တွင် ဝန်ဆောင်မှုနှင့် ဆက်နွယ်နေသော အပိုင်းသည် ၄င်းနှင့် ဆက်စပ် တည်ရှိနေသည့် ထုတ်လွှင့်မှုပိုင်းဆိုင်ရာ နည်းပညာပိုင်းပေါ်တွင် မှီတည် နေခြင်းမျိုးမရှိဘဲ သီးသန့် ရပ်တည် ကြပါသည်။ ဝန်ဆောင်မှုပေးသူများအားလည်း အကန့်အသတ်မရှိ အသုံးပြုနိုင်ခွင့်နှင့် သုံးစွဲသူများအားလည်း (Ubiquitous) လိုတရနိုင်လောက်အောင် ဝန်ဆောင်မှုပေးနိုင် သည် အထိ ထောက်ပံ့ပေးသည့် ကွန်ရက် ဖြစ်ပါသည်။

**667 NGN ( Non Geographic Numbers )**

နေရာ၊ ဒေသပေါ်တွင် မူတည် သတ်မှတ်ထားခြင်း မရှိသည့် ဖုန်းနံပါတ်မျိုး ဖြစ်သည်။ ၄င်းနံပါတ်များသည် အခြားနံပါတ်များအတွက် ဝင် / ထွက် လမ်းကြောင်း ( Gateway ) အဖြစ် ဆောင်ရွက်ပေးသည်။ ဖုန်းခေါ်ဆိုသူ တစ်ဦးသည် အဆိုပါ နံပါတ်မျိုးကို ခေါ်ဆိုလိုက်သည့်အခါ တယ်လီဖုန်း Network သည် NGN များ အတွက် သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီး NGN နံပါတ်များကို မူလနံပါတ် ဖြစ်သော နေရာဒေသ အလိုက် သတ်မှတ်ထားသည့် နံပါတ်များအဖြစ် ပြောင်းလဲပေးသည်။ NGN များသည် အဝင် ခေါ်ဆိုမှုများကို ပိုမိုလွယ်ကူစွာ စီမံဆောင်ရွက်နိုင်စေသည်။ သို့ရာတွင် လက်ခံသူ များဘက်မှ အခကြေးငွေ ပေးရနိုင်သည်။

**668 NIC ( Network Information Center )**

အရှည်မှာ Network Information Center ဖြစ်ပါသည်။ ယေဘုယျအားဖြင့် မည်သည့် ရုံးဌာန၌ မဆို ကွန်ရက်တစ်ခုအတွက် သတင်းအချက်အလက်များကို ရုံးဌာန များက ထိန်းချုပ်ထားပါသည်။ အင်တာနက်လောကတွင် အထင်ရှားဆုံးမှာ Inter NIC ဖြစ်ပါသည်။ အင်တာနက်ပေါ်ရှိ ကွန်ပျူတာများကို အသိအမှတ်ပြုရန် အမည်နှင့် နံပါတ်များဖြင့် ပေးထားသော လိပ်စာများ၏ အမည်သစ်များကို စာရင်းသွင်းထားကြပါသည်။ ပုဂ္ဂလိကကုမ္ပဏီများ၏ နံပါတ်သို့ ဗဟိုမှ ချုပ်ကိုင်ထားခြင်း မရှိသော ကွန်ပျူတာစနစ် သုံးစွဲ သည်ပင်လျှင် စာရင်းသွင်းနိုင်ပါသည်။ ကွန်ရက်ကြိုးနှင့် ဆက်သွယ်ထားသည့် ကွန်ပျူတာ ထဲတွင် ရှိသည့် Card (Network Interface Card) ဟုလည်း ခေါ်ဆိုနိုင်ပါ သည်။

**669 NIST ( National Institute of Standards and Technology )**

အမျိုးသားစံညွှန်းနှင့်နည်းပညာတက္ကသိုလ်(NIST- National Institute of Standards and Technology) သည် နည်းပညာရပ်ဆိုင်ရာ စီမံအုပ်ချုပ်မှု အဖွဲ့အစည်းဖြစ်ပြီး စက်မှု

လုပ်ငန်းများနှင့် အစိုးရအဖွဲ့ အစီအစဉ်များ၏ လိုအပ်ချက်အတိုင်း တိုင်းတာမှုများ ပြုလုပ်ပေးခြင်းနှင့် စံညွှန်းများ သတ်မှတ်ပေး ခြင်းတို့ကို ဆောင်ရွက်ရသည်။

**670 NNTP ( Network News Transfer Protocol )**

ကွန်ရက်ရှိ သတင်းအချက်အလက်များကို လွှဲပြောင်းပေးသည် စံသတ်မှတ်ထားသော စနစ်ဖြစ်ပါသည်။ အင်တာနက်မှတစ်ဆင့် Usenet Articles များ အပြန်အလှန် ဖလှယ်ခြင်းအတွက် သတ်မှတ်ထား သော စံတစ်ခု ဖြစ်ပါသည်။

**671 Node B**

UMTS ( Universal Mobile Telecommunication System ) တွင် သုံးစွဲသော ဝေါဟာရ ဖြစ်ပါသည်။ 2G ကွန်ရက်တွင် အသုံးပြုသော မိုဘိုင်းအခြေစိုက်စခန်း BTS နှင့် သဘောတရားချင်း တူညီပါသည်။ UMTS ကွန်ရက်တွင် BTS အစား Node B ဟု ခေါ်ဝေါ်သုံးစွဲပါသည်။

**672 NT ( Noise Temperature )**

System တစ်ခုတွင်ရှိသော Noise ၏ အပူချိန်ကို Noise Temperature ဟု ခေါ်ဆိုပြီး Degrees Kelvin ယူနစ်ဖြင့် ဖော်ပြပါသည်။ Noise Temperature နည်းပါးမှု ရှိမှသာ အဆိုပါ System သည် ကောင်းမွန် မည့်ဖြစ်ပါသည်။

**673 NTSC ( National Televisio System Committee )**

National Television System Committee ၏ အတိုကောက် စကားလုံး ဖြစ်ပါသည်။ Colour TV System တစ်ခု ဖြစ်ပါသည်။ Colour Video Signal Frequency သည် 30Hz မှ 4.2 MHz အတွင်းရှိပြီး Interlaced Lines သည် 15734 Hz နှင့် Vertical Scanning Rate သည် 59.94 Hz ရှိပါသည်။ Colour Subcarrier သည် 3.579545 MHz ရှိပြီး အရောင်အသွေး တောက်ပမှုရှိစေပါသည်။ 30 Frame Per Second ရှိပါသည့် တီဗီ စံနှုန်းစနစ်တစ်ခု ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု ၊ ကနေဒါ ၊ မက္ကဆီကို ၊ ဂျပန်နှင့် အခြား သော နိုင်ငံများတွင် အသုံးပြုကြပါသည်။

## Glossary O

**674 OADM ( Optical ADD & Drop Multiplexing )**

DWDM နည်းပညာတွင် အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။ မြို့ပြဧရိယာကွန်ရက် MAN (Metropolistion Area Network) နှင့် အဝေးဆုံးသွယ်တန်းထားသည့် ကွန်ရက် (Long-haul Network) များတွင် အသုံးပြုပါသည်။

**675 OASIS (Organization for the Advancement of Structured Information Standards)**

OASIS သည် တစ်ကမ္ဘာလုံးရှိ အီလက်ထရောနစ် စီးပွားရေးလုပ်ငန်းဆိုင်ရာ စံနှုန်းများ ဖွံ့ဖြိုး တိုးတက်ရေးနှင့်ပြုပြင်သုံးစွဲနိုင်ရေးအတွက် လုပ်ငန်း လုပ်ဆောင်သည့် အကျိုးအမြတ် မယူသည့် အဖွဲ့အစည်း တစ်ခုဖြစ်သည်။ အသုံးများသည့် စံနှုန်းများဖြစ်သည့် Protocol များ၊ ဖိုင် Format များနှင့် Markup ဘာသာ စကားများကို OASIS က စံနှုန်း သတ်မှတ်

ပါသည်။ OASIS မှ သတ်မှတ်သော စံနှုန်းများသည် မည်သည့် ကုမ္ပဏီ (သို့မဟုတ်) အဖွဲ့ အစည်းမဆို အသုံးပြုနိုင်သည့် ဖွင့်ထားသော စံနှုန်းများ ဖြစ်ပါသည်။ ကုမ္ပဏီများစွာသည် စံနှုန်းတစ်ခုတည်းပေါ် အခြေခံ၍ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းကြောင့် မတူညီသော ကွန်ပျူတာစနစ်များအတွင်း အပြန်အလှန် အလုပ်လုပ်ဆောင်နိုင်မှုမြင့်မားစေသည်။ ဥပမာ ပြရမည် ဆိုလျှင် OASIS စံနှုန်းဖြင့် အသုံးပြုထားသော ဖိုင် Formatတစ်ခုသည် မတူညီသော ပရိုဂရမ်အချို့တွင် အသုံးပြုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပရိုဂရမ်တစ်ခုစီက တူညီသော ဖိုင်ပုံစံဖြင့် သိမ်းနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဖိုင် Format များကိုလည်း ပြောင်းလဲခြင်း ပြုလုပ်ရန် မလိုအပ်ပဲ မည်သည့် ပရိုဂရမ်များဖြင့်မဆို ဖွင့်ယူ အသုံးပြုနိုင်မည် ဖြစ်သည်။ အသုံးချဆော့ဖ်ဝဲများ အချင်းချင်း (သို့မဟုတ်) အခြား ကွန်ပျူတာစနစ်များ ဖြစ်နေသည့်တိုင် နှောင့်နှေးခြင်းမရှိပဲ ဖိုင်များကို ရွှေ့ပြောင်းနိုင်သည်။

**676 OCR ( Optical Character Recognition )**

OCR (Optical Character Recognition) ဆိုသည့် (Scanning) ရောင်ခြည်ဖြင့် ပုံရိပ်ဖတ်သော နည်းလမ်းတစ်ခုပင် ဖြစ်သည်။ ထိုနည်းတွင် အလင်းထုတ်ပေးသော အရင်းအမြစ် (Light Source) နှင့် ဓါတ်ပုံဆဲလ် (Photo Cell) များသည် စာရွက်တစ်ရွက်ပေါ်ရှိ အလင်းနှင့်အမှောင် ပုံစံဒီဇိုင်း (Pattern) များကို ခွဲခြားပြီး သင့်လျော်သော ပုံစံအတွဲ ဆော့ဖ်ဝဲကိုသုံးကာ စာရွက်ပေါ်ရှိ စာသားများကို ကွန်ပျူတာသုံး ဒစ်ဂျစ်တယ်ပုံစံ စာသားများ အဖြစ်ပြောင်းလဲ ပေးနိုင်သည်။

**677 OD ( Optical Density )**

အလင်းထုတ်လွှင့်သည့် အရာဝတ္ထုတစ်ခု၏ လှိုင်းအလျား ပမာဏ သိပ်သည်းဆကို ဖော်ပြပေးခြင်း ဖြစ်ပါသည်။

**678 OD ( Optical Disk )**

Laser Disk ဟုလည်းခေါ်ပါသည်။ အချက်အလက်များကို သိမ်းဆည်းနိုင်သည့် ၊ ဒေတာများကို မှတ်တမ်း တင်နိုင်၊ ဖတ်နိုင်သော အရန်ဒေတာ သိမ်းဆည်းနိုင်သည့် ပစ္စည်းဖြစ်ပါသည်။ ဓါတ်ပြားတစ်ချပ်တည်းနှင့်အဘိဓါန် တစ်ချပ်လုံးကို ထည့်ထားနိုင်ပါသည်။




**679 ODS ( Online Data Storge )**

သတင်းအချက်အလက် (data) များကို Harddisk များ၊ CD များတွင် သိမ်းဆည်းထားခြင်းမျိုး မဟုတ်ဘဲ Service Provider ကို အသုံးပြု၍ အင်တာနက်ပေါ်တွင် မိမိ၏ ဒေတာများကို သိမ်းဆည်းထားခြင်းဖြစ်သည်။ သိမ်းဆည်းနိုင်သောနေရာပမာဏမှာ Service Provider များ ပေါ်တွင်မူတည်၍ ကွဲပြားလေ့ရှိသော်လည်းများသောအားဖြင့် 5GB ၊20GB နှင့်50GB တို့ဖြစ်ကြသည်။ Free ရရှိနိုင်သော Online Storge များ ရှိသကဲ့သို့ အခကြေးငွေ ပေးဆောင်ရသည်များလည်း ရှိသည်။ Internet Storge (သို့မဟုတ်) Hosted Storage ဟူ၍

လည်း ခေါ်ကြသည်။

680 **ODU ( Out-Door-Unit )**

ဂြိုဟ်တု ဆက်သွယ်ရေးစနစ်တွင် ODU သည် စက်မှုအဆောက်အဦး၏ ပြင်ပတွင် ထားရှိပြီး ၎င်းတွင် ဂြိုဟ်တုစလောင်း (၁)ခု ၊ BUC ( Block Up Convertor ) (၁)ခုနှင့် LNB ( Low Noise Block ) (၁)ခုတို့ ပါဝင်သည်။ ODU နှင့် IDU ( In-Door-Unit ) တို့အား ကြားခံအဖြစ် IFL ( Intra-Facility-Link) က ဆက်သွယ်ပေးထားသည်။

681 **OFDM (Orthogonal Frequency Division Multiplexing )**

ရေဒီယိုလှိုင်းများဖြင့် ဒစ်ဂျစ်တယ်အချက်အလက်ပေါင်း မြောက်များစွာကို ပို့ဆောင်နိုင်သည့် FDM Modulation နည်းပညာတစ်ခုဖြစ်ပါသည်။ ရေဒီယို Signal မှ များစွာသော ပိုမို သေးငယ်သည့် Signal အစိတ်အပိုင်းလေးများအဖြစ် ခြားနားသော Frequencies အသီးသီးသို့ ခွဲထုတ်ပြီးမှ တပြိုင်နက် တည်း လက်ခံယူမည့် နေရာ ( Receiver ) သို့ ရောက်သွားအောင် ပို့ခြင်းကို OFDM မှ လုပ်ဆောင် ပေးနိုင်ပါသည်။ OFDM ဖြင့် Signal များ ပေးပို့ခြင်း သည် Crosstalk ပမာဏကို လျော့နည်း စေသည်။ (802.11 a WLAN , 802.16 နှင့် WiMAX နည်းပညာများတွင် OFDM ကို အသုံးပြု ထားပါသည်။ )

682 **OLT ( Optical Line Termination )**

OLT သည် PON ကွန်ရက်၏ Service Provider Endpoint အနေဖြင့် ဆောင်ရွက်ပေးသော ကိရိယာပစ္စည်းတစ်ခု ဖြစ်သည်။ OLT အဓိက လုပ်ငန်းဆောင်ရွက်မှု နှစ်မျိုးမှာ –

(၁) Service Provider Endpoint က အသုံးပြုသော Electrical Signals နှင့် PON က အသုံးပြုသော Fiber Optical Signals ကြား ပြောင်းလဲမှုကို ဆောင်ရွက်ခြင်း၊

(၂) ကွန်ရက်၏အခြားဖက်တွင် ချိတ်ဆက်ထားသော Conversion ပစ္စည်းများကြား Multiplexing ကို တွဲဆက် ဆောင်ရွက်ခြင်း ... တို့ဖြစ်သည်။

683 **OLTS (Optical Loss Test Set)**

ဖန်မျှင် ကေဘယ်လ်ကြိုးတစ်လျှောက် အလင်းလှိုင်း၏ ပါဝါဆုံးရှုံးမှုကို တိုင်းတာနိုင်သည့် တိုင်းတာရေးစက် ဖြစ်သည်။

684 **OM ( Optical Mouse )**



Mouse အမျိုးအစားသည် ပျက်စီးစေနိုင်သော Mechanical (စက်ပစ္စည်းအစိတ်အပိုင်း) မပါဝင်ဘဲ ဖုံများကို စုဆောင်းပေးသော ၊ အမှိုက်များကို စုပေးသောစနစ် ပါဝင်သည့် Mouse အမျိုးအစား ဖြစ်ပါသည်။ သို့ အတွက် သန့်ရှင်းရေး ပြုလုပ်ရန် မည်သို့မျှ မလိုအပ်ပါ။

685 **OMAP ( Open Multimedia Application Platform )**

OMAP သည် Texas ကိရိယာပစ္စည်းများ၏ Application Processor များ၏ အမည်ဖြစ်ပါသည်။ Processor များသည် ချစ်ပ်တစ်ခုပေါ်ရှိ System များ SOC (Syatem on a

chip) ဖြစ်ပြီး Central Processing Unit (CPU) ကဲ့သို့သောဖန်ရှင်တစ်ခုဖြစ်ပါသည်။ CPU သည် Laptop ကဲ့သို့ စမတ်ဖုန်းများ(သို့မဟုတ်) Tablets များအတွက် အသုံးတည့်အောင်စီစဉ်ထားပါသည်။ Application Processor များသည် ချစ်ပ်တစ်ခုပေါ်တွင် ကွန်ပျူတာစနစ်တစ်ခု၏ ပစ္စည်းများကို ဘက်ပေါင်းစုံအတွက် ပူးပေါင်း ပြုလုပ်ထားပါသည်။ OMAP Processor များတွင် Processor Core နှင့် အင်တာနက် ပရိုတိုကော (IP) အပိုင်း အုပ်စု တစ်စု အဖြစ် ပါဝင်ပါသည်။ OMAP သည် Multimedia တွင် ဟာဒ့်ဝဲ၏ အရှိန်နှင့် Peripheral ပစ္စည်း များအကြား ကြားခံ စီစဉ်ပေးခြင်းဖြင့် ပံ့ပိုးပေးပါသည်။

OMAP အုပ်စုတွင် လုပ်ဆောင်ချက်နှင့် ရည်ရွယ်ထားသည့် Application များအရ ထုတ်လုပ်သည့် အဖွဲ့ကို အဖွဲ့ (၃) ဖွဲ့ခွဲထားပါသည်။

၁။ မြင့်မားသော ဆောင်ရွက်ချက်ပြုလုပ်နိုင်သည့် Application Processor များ

၂။ အခြေခံ Multimedia Application Processor များ ၊

၃။ဘက်ပေါင်းစုံမှ ပေါင်းစပ်ထားသည့် မော်ဒမ်နှင့် Application Processor များတို့ ဖြစ်ကြပါသည်။

**686 One-way Text-Messaging**

အင်တာနက်ကတစ်ဆင့် စမတ်ဖုန်း ၊ Pager ၊ ကြိုးမဲ့ PDA ( Personal Digital Assistant ) သို့မဟုတ် အခြား လက်ကိုင်ပစ္စည်းများသို့ သတင်းတိုပေးပို့ခြင်းကို ခေါ်ပါသည်။ စာသားဖြင့် သတင်းပေးပို့ရာ တွင် ယေဘုယျအားဖြင့် စာလုံးအရေအတွက်(၂၀၀)ထက် ပိုလေ့မရှိပါ။ ဥရောပတွင် စာသားဖြင့် သတင်း ပေးပို့ခြင်းကို GSM စနစ် ဖြင့် Short Messaging Service (SMS) သုံးခြင်းမှာ ခေတ်စားပါသည်။ အဆိုပါ SMS က အများဆုံးစာလုံးရေ(၁၆၀) ပါသည့် သတင်းကို ပေးပို့နိုင်ပါသည်။

**687 OPAC ( On Line Public Access Cafa Logue )**

OPAC ဆိုသည်မှာ On Line Public Access Cafa Logue ၏ အတိုကောက် စာလုံးဖြစ်ပြီး ပြည်သူများ အင်တာနက်မှ ကတ်တလော့များကို အွန်လိုင်း ဝင်ရောက်ကြည့်ရှုနိုင်ခွင့်ကို ဆိုလိုသည်။ တစ်နည်းအားဖြင့် အီလက်ထရွန်းနစ်စာကြည့်တိုက် ကတ်တလော့ ဟုလည်း ခေါ်နိုင်ပါသည်။

**688 OPS ( Open Profiling Standard )**

Website များသို့ ဝင်ရောက်ကြည့်ရှုသူများအတွက် ၄င်းတို့ပေးထားသော ကိုယ်ရေးအချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းထားပြီး လိုအပ်သောအခါ Website များသို့ ဖြန့်ချီပေးသော စနစ်ဖြစ်ပါသည်။ အကျိုးကျေးဇူးမှာ လက်ရှိစနစ်များကဲ့သို့ Web မှတ်ပုံတင်ရာတွင် သုံးရသော အချက်အလက်များကို မကြာခဏ မဖြည့်ရဘဲ တစ်ကြိမ်တည်းသာ ပြုလုပ်ရခြင်း ဖြစ်ပါသည်။ OPS စနစ်သည် သုံးစွဲသူများအား မည်သည့်အချက်အလက်ကို လိုသည် ၊ မည်သည့် အတွက် လိုအပ်သည်၊ မည်သည့်ရည်ရွယ်ချက် ဖြစ်သည်တို့ကို ရှင်းလင်း ဖော်ပြ တောင်းခံသည်။

**689 OPS ( Open Source Softawre )**

Open Source Software သည် ဆော့ဖ်ဝဲတစ်ခုဖြစ်ပြီး အဆိုပါ ဆော့ဖ်ဝဲတွင် အသုံးပြုထားသော Programming Code အား သုံးစွဲသူများအနေဖြင့်ဖတ်ရှုနိုင်ခြင်း ၊ ပြုပြင်ပြောင်းလဲနိုင်ခြင်းတို့ အပြင်ဆော့ဖ်ဝဲကိုVersion အသစ်သို့ ပြုပြင်ပြောင်းလဲနိုင်သည်။ Open Sorce Software တွင် ပုံစံအမျိုးမျိုးရှိပြီး အဓိက ကွဲပြားခြားနားချက်မှာ Source Code မိတ္တူများကို ပြန်လည် ဖြန့်ဝေခြင်း အတွက် လိုင်စင် စည်းကမ်းချက်များအပေါ် မူတည်ပါသည်။

**690 Optical Scanner**




ကွန်ပျူတာနှင့်တွဲ၍ အသုံးပြုနိုင်သော Input Device ဖြစ်ပြီး စက္ကူ (သို့မဟုတ်) အခြားကြားခံပစ္စည်းများကို အလင်းရောင်ဖြင့် ဖတ်ရှုအသုံးပြုနိုင်သည်။ အဆိုပါ အလင်းရောင်၏ ပုံစံအလင်း၊ အမှောင်ကို ဒစ်ဂျစ်တယ် Signalသို့ပြောင်းလဲ၍ဖတ်ပေးသောပစ္စည်းဖြစ်ပါသည်။

**691 OS ( Open Source )**

Open Source ဆိုသည်မှာပရိုဂရမ်တစ်ခုဖြစ်ပြီး ၎င်း ပရိုဂရမ်များအား အခမဲ့ ရရှိနိုင်သည့် အပြင် ဖြည့်စွက် ပြုပြင်မှုများကိုပါ ပြုလုပ်နိုင်သည်။ Linux OS သည် Open Source အမျိုး အစား ဖြစ်သည်။

**692 OScilloscope**

OScilloscope ဆိုသည်မှာ ၎င်း၏ မျက်နှာပြင်ပေါ်တွင် ပြသထားသည့် အီလက်ထရောနစ် Signal များအား တိုင်းတာရန်နှင့် စိစစ်ပေးရန်အတွက် အသုံးပြုသည့် စမ်းသပ်တိုင်းတာရေး ကိရိယာ ဖြစ်သည်။ ၎င်းတွင် X တန်ဖိုးမှာ အချိန် (Time)ကို ကိုယ်စားပြုထားပြီး Y ဝင်ရိုးမှ တိုင်းနေသည့် Signal ၏ ဗို့အားကိုလှိုင်းပုံစံ ( Wave From ) ဖြင့် ဖော်ပြပေးသည်။ တိုင်း တာရမည့် Signal များပေါ် မူတည်၍ X ဝင်ရိုးနှင့် Y ဝင်ရိုးအား ချိန်ညှိပေးနိုင်သည်။ OScilloscope တွင် အင်နာလော့နှင့် ဒစ်ဂျစ်တယ်ဟူ၍ အမျိုးအစား (၂) မျိုး ရှိပါသည်။ ဆားကစ်ဘုတ်ပြားများ ၊ ရေဒီယို များ ၊ တီဗီများနှင့် မရေမတွက်နိုင်အောင် များပြားသည့် အီလက်ထရောနစ် ကိရိယာများတွင် ရှိသည့် ဗို့အားကို ၎င်းဖြင့် စစ်ဆေးနိုင်ပါသည်။

**693 OSPF ( Open shortest Path First )**

ကွန်ရက်ချိတ်ဆက် အသုံးပြုသော ကွန်ပျူတာများသည် Router တစ်ခုနှင့်တစ်ခု အပြန်အလှန် သတင်းအချက်အလက်များကို ဆက်သွယ်ပေးပို့နိုင်သည့် အပြင် Routing System ကို လည်း အမြဲ Update ဖြစ်နေစေသော အလိုအလျောက် ဆက်သွယ်ရေးစနစ် တစ်ခု ဖြစ်သည်။

**694 OTDR ( Optical Time Domain Reflectometer )**

ဖန်မျှင်ကေဘယ်လ်၏ အရည်အသွေး ၊ ဖန်မျှင်ကေဘယ်လ် ချခင်းထားသည့် အရှည်ပမာဏ၊ ဖန်မျှင်ကေဘယ်လ်အဆက် တည်ရှိရာနေရာများကို ရှာဖွေခြင်းစသည့် ဖန်မျှင်ကေဘယ်လ်လုပ်ငန်းတွင် အရေးပါသည့် တိုင်းတာရေး ကိရိယာဖြစ်သည်။ အလင်းရောင်ပြန်ဟပ်ခြင်း သဘောတရားကို အခြေခံ ကာတည်ဆောက်ထားသည့် တိုင်းတာရေး ကိရိယာဖြစ်သည်။

**695 OTN ( Optical Transport Network )**

ကွန်ရက် Bandwidth ကို စွမ်းရည်မြှင့်သုံးစွဲနိုင်ရန် အလင်းလွှတ်ကွန်ရက်တွင် ဆောင်ရွက်မှုမျိုးစုံ အသုံးပြုနိုင်အောင် တည်ဆောက်ရန်အတွက် ITU-T မှ ညွှန်းဆိုထားသည့် စံနှုန်းပြဌာန်းချက် ဖြစ်ပါသည်။ ITU-T မှ ရှင်းလင်းပြောဆိုရာတွင် OTN သည် (Optical Transport Network) အလင်းဖြင့် သယ်ပို့ စနစ်ပြုလုပ်နိုင်သည့် ကွန်ရက်ဖြစ်ပြီး ယင်းတွင် အလင်းကြိုးမျှင်ကို ချိတ်ဆက်ပြီး Optical Network Elements (အလင်းလွှတ်ကွန်ရက်စက်ပစ္စည်း) များ ပူးပေါင်း ပါဝင် လုပ်ဆောင် ကြပါသည်။ ယင်းအလင်း လွှတ်ကြိုးမျှင်သည် သယ်ပို့ စနစ် ဆောင်ရွက်မှုများ ၊ စီစဉ်ပေးမှုများ ၊ လမ်းကြောင်းများ ၊ စီမံထိန်းသိမ်းမှု များ ၊ ကွန်ရက်ကွပ်ကဲမှုနှင့် Signal ကို သယ်ဆောင်သော Optical Channel များ၏ ကြံ့ခိုင်မှုစသည့် အချက်တို့နှင့် ဆောင်ရွက်နိုင်စွမ်း ရှိပါသည်။

**696 OW ( Open Web )**

Open Web ဆိုသည်မှာ သုံးစွဲသူ၏ ဖုန်းထဲရှိ မှတ်ဉာဏ် ( Memory ) ၊ လုပ်ဆောင်မှုစွမ်းရည် (Processing Power) တို့နှင့် ဆက်စပ်မှုမရှိပဲ စားပွဲတင် ကွန်ပျူတာဖြင့် အင်တာနက် ကြည့်ရှုနေရသည့် ခံစားမှုမျိုး နီးပါးကိုရအောင် လက်ကိုင်ဖုန်း ဖန်သားပြင် ပေါ်တွင် အလွယ်တကူ ကြည့်ရှုနိုင်အောင် စီမံထား သည့် နည်းပညာဖြစ်သည်။

## Glossary P

**697 P2P ( Peer to Peer )**

အဆင့်တူ ကွန်ပျူတာများ (Peers) တို့ကို အင်တာနက် အသုံးပြုလျက် ဆက်သွယ်ထားခြင်းကို P2P ကွန်ရက်ဟု ခေါ်သည်။ ဗဟို ဆာဗာစနစ်မရှိပဲ အဆိုပါ ကွန်ရက်အတွင်းရှိ ကွန်ပျူတာ တစ်ခု နှင့် အခြား ကွန်ပျူတာတစ်ခုတို့ ဖိုင်များကို တိုက်ရိုက် ဝေမျှ သုံးစွဲနိုင်သည်။ တစ်နည်းဆိုလျှင် P2P ကွန်ရက်တစ်ခု ပေါ်ရှိ ကွန်ပျူတာတစ်ခုစီသည် Server တစ်ခု ဖြစ်နိုင်သလို Client တစ်ခု အနေဖြင့်လည်း ရပ်တည် နိုင်ပါသည်။

P2P ကွန်ရက်ဖြင့်ဆက်သွယ်နိုင်ရန် အင်တာနက်ဆက်သွယ်မှုနှင့် P2P ဆော့ဖ်ဝဲသာ လိုအပ်သည်။ Kazaa ၊ Limewire ၊ BearShare ၊ MorPheus နှင့် Acquisition တို့သည် အသုံးများသော P2P ဆော့ဖ်ဝဲပရိုဂရမ်များ ဖြစ်ကြပါသည်။ ဥပမာ Gnutella ကဲ့သို့သော P2P ကွန်ရက်တစ်ခုကို ဤပရိုဂရမ်များကို အသုံးပြု ဆက်သွယ်လိုက်ရုံဖြင့် ကွန်ရက်ပေါ်ရှိ ထောင်ပေါင်းများစွာသော ကွန်ပျူတာများဖြင့် ချိတ်ဆက်ခွင့်ရရှိပါသည်။ အဆိုပါ ပရိုဂရမ်များကို အသုံးပြု၍ အခြားသူများ၏ ကွန်ပျူတာများတွင်ဖိုင်များကို ရှာဖွေနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် ကွန်ရက်ပေါ်မှ အခြားသုံးစွဲသူများမှလည်း သင်၏ကွန်ပျူတာမှ ဖိုင်များကို ရှာဖွေခြင်း ပြုလုပ်နိုင်ရန် စီစဉ်ပေးရသည်။ ဝေမျှသုံးစွဲနိုင်ရန် ရွေးချယ်လျာထားသည့် Folder တစ်ခုတည်းကိုသာ ဝင်ရောက် အသုံးပြုနိုင်မည် ဖြစ်ပါသည်။ P2P ကွန်ရက်များသည် ဖိုင်ကို မျှဝေသုံးစွဲမှု အဆင်ပြေ လွယ်ကူလျက် ရှိခြင်းကြောင့် ဆော့ဖ်ဝဲအများအပြားကို ခိုးယူခြင်းနှင့် သီချင်းများကို တရားမဝင် Download များ လုပ်ခြင်းတို့တွင် အသုံးပြုလာ

ကြသည်။ ထို့ကြောင့် သူ့ဖက်ကိုယ်ဖက် လုံခြုံမှုရှိစေရန် ဆော့ဖ်ဝဲနှင့် သီချင်းများကို တရားဝင် ဝက်ဘ်ဆိုက်များမှ ယူခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

**698 Packet Switching**

Packet Switching ဆိုသည်မှာ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ အထုပ်ငယ်လေးများ ( Packet ) ပုံစံပြောင်းပြီး ချိတ်ဆက်မှုများ ဖန်တီးသော နည်းလမ်း ဖြစ်ပါသည်။၎င်းPacket များကို Byte ဖြင့်တိုင်းတာပြီး ပေးပို့ရာတွင်လည်းအခြားသတင်း အချက်အလက် စီးဆင်းမှု များနှင့်အတူ ပေးပို့၍ လက်ခံသော အခြားဘက်တွင် မူလပေးပို့ သောသတင်းအချက်အလက် များအတိုင်း ပြန်လည်ရရှိရန် စုစည်းရပါသည်။Packet Switching ၏အဓိကအားသာချက်မှာ ကွန်ရက်တွင် ချိတ်ဆက်မှုတစ်ခုဖြစ်ရန် ပတ်လမ်း အသေအသုံးပြုခြင်းကို ပိုမို လျော့ကျစေပြီး အားနည်းချက်မှာမူ သတင်း အချက်အလက် သယ်ဆောင်သွားသော လိုင်း (Channel) ၏ ဝန်ဆောင်မှုအရည်အသွေးကို အာမခံမှု မပေးနိုင်ခြင်းပင်ဖြစ်ပါသည်။

**699 Palm OS ( Palm Operating System )**

ပထမဦးဆုံး Palm Operating System မိတ်ဆက်ခြင်းကို ၁၉၉၆ ခုနှစ်တွင် Palm Computing Inc. မှ စတင်ခဲ့ပါသည်။ Palm OS Platform သည် မိုဘိုင်းကိရိယာများတွင် မရှိမဖြစ်အသုံးဝင်ပါသည်။ Palm OS အား Garnet OS ဟုလည်း ခေါ်ပါသည်။ Palm OS ကို PDA (Personal Digital Assistant) များတွင် စတင် အသုံးပြုခဲ့ကြပါ သည်။

**700 PC ( Passive Components )**

Electronical Signal ၏ Processing နှင့် Amplifying တို့ကို ၎င်းတို့ကိုယ်တိုင် လုပ်ဆောင်နိုင်ခြင်း မရှိသော Components များကို Passive Components ဟု ခေါ်ပါသည်။ ဥပမာခုခံမှု (Resistors) ၊ လျှပ်သို (Capacitor) နှင့် လျှပ်ညှို့ခွေ (Inductors) များ ဖြစ်ပါသည်။

**701 PC ( Personal Computing )**

Terms သည် Personal Computer များနှင့် ဆက်နွယ်ပြီး အဓိပ္ပါယ်ဖွင့်ဆိုရလျှင် ကွန်ပျူတာများ ရောင်းခြင်းကဲ့သို့ ရောင်းသူများ ထုတ်လုပ်မှုများနှင့် စာလုံးများနှင့် စကားစုများနှင့် သက်ဆိုင်သည့် Laptops၊ Tablets နှင့် စမတ်ဖုန်းများတို့ ပါဝင်ပါသည်။

**704 PCS Fiber (Plastic-clad Silica Fiber )**

အကာ (Clad) ကို ပလပ်စတစ်ဖြင့်လည်းကောင်း၊အနှစ်(Core)ကို ဖန်ဖြင့်လည်းကောင်း၊ ပစ္စည်းနှစ်မျိုး ရောစပ် ထုတ်လုပ်ထားသည့် ဖန်မျှင် အမျိုးအစား ဖြစ်သည်။

**702 PDF ( Portable Document Format )**

၁၉၉၃ ခုနှစ်တွင် Document Exchange အတွက် Adobe System ဖြင့် File Format တစ်ခုကို ဖန်တီးယူထားခြင်းဖြစ်သည်။ PDF ကို Document အနေဖြင့် (၂) ပိုင်းခွဲခြားအသုံးပြုထားပါသည်။ ၎င်းသည် Application Software ၊ Hardware နှင့် Operating

System တို့ဖြင့် ပါဝင် တည်ဆောက် ထားသည်။ PDF သည် ISO ကို စံထားလျက် ဖြန့်ဝေ သုံးစွဲလျက် ရှိပါသည်။

**703 PDH (Plesiochronous Digital Hierarchy )**

PDH သည် Plesiochronous Digital Hierarchy ဖြစ်ပါသည်။ ၎င်းသည် ဒစ်ဂျစ်တယ် ဆက်သွယ်ရေးနည်းပညာ ဖြစ်ပါသည်။ PDH သည် Time Division Multiplexing အခြေခံ သဘောတရားများဖြင့် တည်ဆောက်ထားပါသည်။ Plesionchronous သည် ဂရိစကား Plesio ဖြစ်သည့် "နီးပါး "နှင့် Chronous ဆိုသော စကား" အချိန် " ဖြစ်ပါသည်။ ထို့ကြောင့် Plesionchronous သည် Nearly Synchronous ( အချိန်တူညီလုနီးပါး ) ဖြစ်သည် ဟူ၍ အဓိပ္ပါယ် ရပါသည်။

PDH ကို များပြားလှသော သတင်းအချက်အလက်များ သယ်ပို့ရန် Fiber Optical Transmission စနစ်နှင့် Micro Radio စနစ်တို့တွင် အသုံးပြုပါသည်။ယင်း PDH ကို အခြေခံသော သယ်ပို့စနစ် အဆောက်အအုံများ တွင် SONET (သို့မဟုတ်) SDH ကို အခြေခံ တည်ဆောက်ထားသည်။ သယ်ပို့စနစ် အဆောက်အအုံများ၌လည်း အစားထိုး လုပ်ဆောင်ကြပါသည်။

**704 PE ( Polyethylene )**

လျှပ်စစ်ကေဘယ်လ်၊ တယ်လီဖုန်း ကေဘယ်လ်များတွင် ဖုံးအုပ်ထားသည့် အပေါ်ယံအခွန်မာပစ္စည်းဖြစ်ပါသည်။ ပေါ်လီသိုင်လင်းသည် ဓါတုကွန်ပေါင်းပစ္စည်းတစ်မျိုးဖြစ်ပြီး မာကျော၍ ရေနှင့် ရေခိုးရေငွေ့စိမ့်ဝင်မှုဒဏ် ခံနိုင်ရည်ရှိသည်။ သဘာဝပတ်ဝန်းကျင် ရိုက်ခတ်မှုဒဏ် ကြောင့်သော်လည်းကောင်း ၊ ကေဘယ်လ်တည်ဆောက်တပ်ဆင်စဉ် ကာလ၌ သက်ရောက်လေ့ရှိသော စက်မှုဆိုင်ရာ ဒဏ်သင့်ခြင်းကြောင့် သော်လည်းကောင်း ၊ ကေဘယ်လ် ထိခိုက်ပျက်စီးမှုကို ကာကွယ်တားဆီးပေးသည်။မိုးထဲ၊လေထဲ ၊ ရေထဲတွင် သွယ်တန်းတပ်ဆင် အသုံးပြုနိုင်သည်။

**705 PE ( Picture Element )**

အရောင်တစ်မျိုးတည်း (သို့မဟုတ်) အရောင်မျိုးစုံတို့၏ အစက်ပေါင်း(dots) မြောက်များစွာဖြင့် ဖွဲ့စည်း ထားသည့် ရုပ်မြင်သံကြားရှိ ရုပ်ပုံ (TV Picture) ထဲမှ အစိတ်အပိုင်းငယ်တစ်ခုကို Picture Element ဟု ခေါ်ပါသည်။ Pixel (သို့မဟုတ်) Pel ဟုလည်းခေါ်ပါသည်။

**706 Peripherals**

Terms သည် အရံပစ္စည်းသို့ ဆက်နွယ်ပြီး အဓိပ္ပါယ်ဖွင့်ဆိုရလျှင် Keyboards (သို့မဟုတ်) Mouse များ၊ စာလုံးများ ၊ စကားစုများနှင့် သက်ဆိုင်သည့် Printers များ ၊ Monitors များ ၊ ဒစ်ဂျစ်တယ် ကင်မရာများနှင့် Scanner တို့ ပါဝင်သည်။

**707 PFS (Passive Fiber Splitters)**

ဘောပင်အရွယ်နီးပါးသာ ရှိပြီး ဖိုင်ဘာများ ခွဲဖြတ်ရာတွင် bit rate နှုန်း လျော့ကျခြင်း မရှိဘဲ ခွဲဖြတ် နိုင်သည့် ကိရိယာဖြစ်ပါသည်။

**708 Phishing**

Phishing သည်လည်း Hacker များ၏ တီထွင်ထားသော စကားလုံး ဖြစ်သည်။ Hacker များသည် တရားဝင်ကုမ္ပဏီများကို အီးမေးလ်များတွင် လိမ်လည်ပြီး အတု လုပ်ကြသည်။ Password များ(သို့မဟုတ်)credit card နံပါတ်များကို ဝေမျှသုံးစွဲရန်လူများကို ဖြားယောင်း သွေးဆောင်သည်။ လှည့်စားဖြားယောင်း ခံနေရသူများသည် လက်ရှိ၌ Charlotte's Bank၊ Best Buy နှင့် ebay တို့ ဖြစ်ကြသည်။ ကုမ္ပဏီများ ဘက်နှင့် တထေရာတည်း ထပ်တူကျ အောင် webpage ထဲတွင် လူများကို တိုက်ရိုက် သွေးဆောင်ထားသည်။

Phishing ဟူသော စကားလုံးသည် " phone+ fishing " မှ လာခြင်း ဖြစ်သည်။ အင်တာနက် ပင်လယ်ပြင်ကြီးမှ အသုံးပြုသူများ၏ စကားဝှက် code များနှင့် ငွေကြေး ဆိုင်ရာ အချက်အလက်များကို အီးမေးလ်ဖြင့် သွေးဆောင်ဖြားယောင်း၍ Fishing ငါးမျှား ဟူသည် ဟူ၍ ခိုင်းနှိုင်းရေးသားကြသည့် စကားလုံးဖြစ်သည်။

## 709 Phreaking

Phreaking သည် ဗန်းစကားဖြစ်သည်။ ၄င်းစကားလုံးသည် သီးခြား စရိုက်ရှိ အဖွဲ့ငယ် မှ ရှိသော သူတို့၏ လှုပ်ရှားမှုကို ဖော်ဆောင်ရာ၌ ထွင်ထားသည့် စကားဖြစ်သည်။ ၄င်း လူတို့သည် ဝေးကွာသော ဆက်သွယ်မှု စနစ်များကို လက်တွေ့ကျကျ သင်ယူနေသူများ (သို့မဟုတ်) စူးစမ်း လေ့လာသူများ ဖြစ်သည်။ ဥပမာပစ္စည်းနှင့် စနစ်များသည် လူထုတယ် လီဖုန်း network များကို ဆက်သွယ်ကြသည်။

တယ်လီဖုန်း network များသည် ကွန်ပျူတာဖြင့် အသုံးပြုလာကြသည်။ Phreaking မှာလည်း ကွန်ပျူတာ hacking လုပ်သူများနှင့် နီးစပ်သော ဆက်သွယ်မှုများ ရလာကြ သည်။ တစ်ခါတစ်ရံ H/P culture ဟု ခေါ်သည်။ H သည် Hacking ဟု အဓိပ္ပါယ်ရပြီး P မှာ Phreaking ဟု အဓိပ္ပါယ်ရသည်။

Phreaking မှာ phone နှင့် freak ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ၄င်းသည် ပြောင်းလဲ လျက် ရှိသော အသံလှိုင်းများကို တယ်လီဖုန်းစနစ်သို့ ပြောင်းရာ၌ အသုံးပြုသည်။ တယ်လီ ဖုန်းကွန်ရက်များ(သို့မဟုတ်)ကွန်ပျူတာစနစ်များသို့ဝင်ရောက်နှောင့်ယှက်ခြင်းကိုဆိုလိုခြင်း ဖြစ်သည်။တစ်နည်းအားဖြင့် တယ်လီဖုန်းလိုင်းများ (သို့မဟုတ်)အခြားသော လုံခြုံမှု ဆိုင်ရာ စနစ်များအတွင်း စကားဝှက်တို့ကို ဖော်ထုတ်၍ ဝင်ရောက်တတ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆို လိုသည်။ ထို့ကဲ့သို့ ဝင်ရောက်ခြင်းမျိုးကိုလည်း Phreaking ဟု ခေါ်ဝေါ်ကြသည်။

## 710 PIF ( Program Information File )

ပရိုဂရမ်အချက်အလက်ဖိုင်တစ်ခုဖြစ်သည်။ Windows စနစ်ပေါ်တွင် Windows အသုံး ချ ပရိုဂရမ် မဟုတ်သည်များကို အသုံးပြုရာတွင် မည်သို့ အသုံးပြုမည် ဆိုသည့် သတင်း အချက်များကို ထောက်ပံ့ ပေးသော ဖိုင်တစ်ခု ဖြစ်သည်။

## 711 PIN ( Personal Identification Number )

Personal Identification Number ဖြစ်ပါသည်။ ဝိုင်ယာလက်ပစ္စည်းများတွင် PIN သည် စကားဝှက် ( Password ) နှင့် အလားသဏ္ဍာန်တူပြီး မိမိ၏ Service အား အခြား သူများ သုံးစွဲခြင်းမှ ကာကွယ်ပေးပါသည်။၄င်းသည် ကိန်းဂဏန်းများပါဝင်သော Code ဖြစ်

ပြီးဖုန်းအား Unlock ပြုလုပ်ရန်(သို့မဟုတ်)ခေါ်ဆိုမှုအထပြောင်းရန်(သို့မဟုတ်) ဒေတာ ပို့လွှတ်မှု ပြီးမြောက်ရန်တို့ အတွက် အသုံးပြုပါသည်။ အကယ်၍ PIN Code အား "Disable" မပြုလုပ်ထားလျှင် ဖုန်းကို အသုံးပြုချိန်တိုင်းတွင် Code အသုံးပြုပြီးမှ ဆက်သွယ်နိုင်မည် ဖြစ်သည်။ ယေဘူယျ အားဖြင့် GSM ဖုန်း များတွင် PIN သည် ဖုန်းထဲ၌ မရှိဘဲ SIM Card နှင့် တွဲ၍ တည်ရှိပါသည်။

**712 Ping**

Packet Internet Groper ၏ အတိုကောက် ဖြစ်ပါသည်။ ကွန်ပျူတာ တစ်လုံး နှင့် အဝေးမှ ကွန်ပျူတာတစ်လုံးတို့ ချိတ်ဆက်ရာတွင် ချိတ်ဆက်လိုသော ကွန်ပျူတာအား စုံးစမ်းမေးမြန်းမှု (Query) ပေးပို့ပြီး ၊ ယင်းကွန်ပျူတာ မှ ခိုင်မာသေချာကြောင်း တုံ့ပြန်မှုအား လက်ခံခြင်းဖြင့် ဆက်သွယ်မှု စွမ်းရည်ကို စစ်ဆေးသော TCP / IP Model ၏ Protocol Function တစ်ခု ဖြစ်ပါသည်။

**713 Pinterest**

Printerest သည် လူမှုရေးကွန်ရက် ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါသည်။ သင့်အား အဖွဲ့ အစည်းမှ ခွင့်ပြုပြီးကအခြားသူများနှင့် အကြံဉာဏ်ဖလှယ်ရန်ဖြစ်ပါသည်။သင်သည် သင်၏ ကိုယ်ပိုင်အကြောင်းအရာများကို ဝေမျှနိုင်သကဲ့သို့ အခြား Pinterest သုံးစွဲသူများမှ ပေးပို့ထားသည့် အကြောင်းအရာ များကိုလည်း ဝေမျှနိုင်ပါသည်။

လွတ်လပ်သော Account တစ်ခုအတွက် စာရင်း သွင်းနေချိန်တွင် သင်သည် သင်၏ ဘုတ်အဖွဲ့များကို အကြောင်းအချက်များနှင့် အတူ ဖွဲ့စည်း တည်ဆောက် နိုင်ပါသည်။ ခေါင်းစဉ်များအဖြစ် ဥပမာပြရ မည်ဆိုလျှင် ချက်နည်းပြုတ်နည်းများ၊ အိမ်ခန်းအပြင်အဆင်၊ ဓါတ်ပုံပညာ ၊ ဈေးခေါ်ဆိုခြင်းများနှင့် ဂိမ်းများ အစရှိတို့ ဖြစ်ကြပါသည်။ သင်သည် သင်၏ ဓါတ်ပုံများကို တင်ပြနိုင်ပြီး သင့်လျော်သော ဘုတ်အဖွဲ့ များသို့ အလားတူ တွဲပေးနိုင်ပါ သည်။ အခြားသော Pinterest ကို သုံးစွဲသူများအသင်း၏ ဘုတ်အဖွဲ့များသို့ ဝင်ရောက် ကြည့်ရှုနိုင်ပြီး သီးသန့် အစီအစဉ်များတွင် အကြံပြုချက်များကို ပေးနိုင်ပါသည်။ အလားတူပင် သင်သည်လည်း အခြားဘုတ်များသို့ ဝင်ရောက် နိုင်ပြီး ကြိုက်သည် (Like) ၊ ပြန်တွဲပေးခြင်း (Repin) သို့မဟုတ် သူတို့တွဲသည့် အစီအစဉ်များပေါ်တွင် အကြံပြုချက်များ ကို ပေးနိုင်ပါသည်။

Twitter နှင့် အလားသဏ္ဌာန်တူသည်။ Pinterest သည် အခြားသုံးစွဲသူများ၏ နောက်သို့ လိုက်ရန်ခွင့်ပြုသည်။ အခြားသုံးစွဲသူများ၏ အကြောင်းအရာများတွင် စိတ်ဝင်စားဖွယ် တွေ့ရှိခဲ့လျှင် သင်သည် " Follow All " ကလစ်ကို နှိပ်ပြီး တစ်ချိန်တည်းမှာ သင်၏ Account တွင် သူတို့အဖွဲ့မှ အရာအားလုံးကို ရရှိမည်ဖြစ်ပါသည်။ အကယ်၍ ကျယ်ပြန့်သောဘုတ် များသို့သာ ဝင်ရောက်လိုပါက သင်သည် "Follow" ကို Click လုပ်ပြီး သင် ဝင်လိုသော အခြား သီးသန့်ဘုတ်အဖွဲ့များသို့ ဆက်သွားနိုင်မည် ဖြစ်ပါသည်။ Pinterest သည် သုံးစွဲသူများအား သူတို့ကို မလိုက်စေလိုသည့် အခြေအနေ ရောက်အောင်ပြုလုပ် ပေး နိုင်စွမ်းမရှိပေ။

**714 PIR ( Peak Information Rate )**

ဆက်ကြောင်းများ ချောင်နေသည့် အချိန်တွင် အမြင့်ဆုံးရရှိ သုံးစွဲနိုင်သည့် Bandwidth ဖြစ်ပါသည်။ သတင်းအချက်အလက် အများဆုံး ပို့လွှတ် သုံးစွဲနိုင်သည့်နှုန်း ( Maximum Information Rate ) ဟုလည်း ခေါ်ပါသည်။

**715 PNP ( Personal Network Platform )**

လူတစ်ဦးချင်းစီအတွက် ကိုယ်ပိုင်ကွန်ရက်များ တည်ဆောက်နိုင်ရန်အတွက် မူလကျောရိုးပင်မကွန်ရက် နည်းတူ ဆောင်ရွက်ပေးနိုင်သော ဖန်တီးထားသော Platform တစ်ခုဖြစ်ပါသည်။ ယင်း Platform အသုံးပြုခြင်း ဖြင့် ကွန်ရက်ကို လိုသလောက် တိုးချဲ့ခြင်း ၊ လျှော့ချခြင်း ၊ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

**716 PoE ( Power over Ethernet )**

Ethernet ပေါ်တွင် Power လိုင်းတင်၍သုံးစွဲသည့်နည်းပညာဖြစ်ပြီး လျှပ်စစ်စွမ်းအားကိုပြင်ပ Ethernet စက်ပစ္စည်း၏ စံသတ်မှတ်ချက် ဟူသော Twisted-pair Ethernet ကြိုးပေါ်မှ တင်ပေးသော နည်းပညာဖြစ်သည်။ အဆိုပါကြိုးသည် Ethernet အချက်အလက်များကိုလည်း ဆက်သွယ် ပို့ယူနိုင်ပါသည်။

**717 POF (Plastic Optical Fiber)**

ပလပ်စတစ်ဖြင့် ပြုလုပ်ထားသည့် ဖန်မျှင်ကြိုး အမျိုးအစား ဖြစ်သည်။

**718 PON ( Passive Optical Network )**

PON သည် Optical Fiber ကွန်ရက်တည်ဆောက်မှု တစ်ခု ဖြစ်သည်။၎င်းတည်ဆောက်မှုတွင် ဖိုင်ဘာကြိုးနှင့် အချက်ပြ ဆက်သွယ်မှု (Signals) များကို သယ်ဆောင်ပြီး ပွိုင့်နေရာတစ်ခုမှ ပွိုင့်နေရာ များစွာသို့ ရောက်ရှိစေသည့် အစီအစဉ်ကို အသုံးပြုသည်။ ၎င်းအစီအစဉ်က ဖိုင်ဘာတစ်ကြိုးမှ နေရာပေါင်းများစွာသို့ ဝန်ဆောင်မှုပေးနိုင်သည့် အစီအစဉ်လည်းဖြစ်၏။ သတင်း အချက်အလက်အား Algorithm တစ်ခု အသုံးပြု၍ အခြားသူများမဖတ်နိုင်သော ပုံစံပြောင်းလဲခြင်း ( Encryption ) သည်လည်း မျှဝေ ချိတ်ဆက်ထားသောကွန်ရက်တွင် သတင်းအချက်အလက် လုံခြုံ စိတ်ချရမှုကို ထိန်းသိမ်းပေးသည်။ ၎င်းကွန်ရက်တည်ဆောက်မှုသည် Point-to-Point တည်ဆောက် မှုနှင့် နှိုင်းယှဉ်လျှင် ပစ္စည်းကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး စွမ်းအင်သုံးစွဲမှုမရှိသော Optical Splitter များကို အသုံးပြုထားပါသည်။

**719 PoP (Point of Presence)**

အင်တာနက်ကို သုံးစွဲနိုင်ရန် Access ကွန်ရက်အတွက် စတင်လက်ခံပေးသည့် နေရာတစ်ခု ဖြစ်ပါသည်။ အဆိုပါ PoP သည် စက်ပစ္စည်းများဖြင့် လုပ်ဆောင်ပေးနေသည့် နေရာတစ်ခုဖြစ်ပြီး နေအိမ်တွင် အင်တာနက် သုံးစွဲမှုအတွက် Servers များ ၊Router များ၊ Switch များ ၊ ကွန်ရက်တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပေးမည့် Aggregation Equipment များ ပါဝင်ပါ သည်။

**720 Portal**

ဝက်ဘ်ဆိုဒ်တစ်ခုဖြစ်ပြီး အခြားဝက်ဆိုဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ရန် အတွက်

အခြားဆိုဒ်များနှင့် ချိတ်ဆက်ပေးထားသည်။ ယေဘုယျအားဖြင့် Portal တစ်ခုတွင် အခြား ဆိုဒ်များကို ကတ်တလောက် သဖွယ် စုစည်းပေးထားပြီး Search Engine ၊ E-mail နှင့် Forum စသည်တို့ ပါဝင်လေ့ရှိသည်။

**721 Portal**

World Wide Web ခေါ် ကမ္ဘာ့ အင်တာနက်စနစ်သို့ ဝင်ရောက်နိုင်သော အီလက်ထရွန်နစ်တံခါးမကြီး ဖြစ်သည်။ ၎င်းသည် အကြောင်းအရာတစ်ခုအတွက် အဖွင့်နိဒါန်း စာမျက်နှာတစ်ခု ဖြစ်ပါသည်။ ဘာသာရပ်တစ်ခု၏ အဓိကကျသော ဆောင်းပါးများကို ပြည့်စုံစွာ ဖော်ပြပေးသည်။ စာဖတ်သူများကို ခေါင်းကြီးပိုင်း ၊ ပုံများနှင့် အမျိုးအစားများကို ဘာသာရပ်အလိုက် ဖော်ပြ မိတ်ဆက်ပေးသည်။ Wikipedia ကဲ့သို့သောလုပ်ငန်းများကို ပိုမိုတိုးတက်အောင် အကူအညီပေးနေသည့် အယ်ဒီတာများသည် သုတေသန လုပ်ငန်းများနှင့် အကြောင်းအရာများ ရှာဖွေရာတွင် Portal များကိုအသုံးပြုသည်။

portal များသည် search engine များကို တိုးချဲ့ထားခြင်း ဖြစ်သည်။ ရှာဖွေကြည့်လိုသူများကို ထပ်မံ လာကြည့်စေရန် ဆွဲဆောင်ထားသော နောက်ဆုံးပေါ် နည်းတစ်ခု ဖြစ်သည်။

**722 PP ( Password Protection )**

ဖိုင်တစ်ခု (သို့မဟုတ်) အခြားအချက်အလက်များ ၊ ပရိုဂရမ်များ ၊ ကွန်ပျူတာများစသည်တို့ကို Password ဖြင့် ကာကွယ်ထားနိုင်ခြင်းကို ဆိုလိုပါသည်။ သို့အတွက် Password ကို ကြိုတင် ထည့်သွင်း ထားရမည် ဖြစ်သည်။

**723 PRIC ( Primary Rate Interface )**

ISDN နှင့် သုံးစွဲသူများအကြား အသံနှင့် Data ထုတ်လွှင့်နိုင်ရန် ထားရှိသည့် စံချိန်စံညွှန်းတစ်ခု ဖြစ်သည်။ Data နှင့် Voice Channel များ အားလုံးသည် ISDN များ ဖြစ်ပြီး 64 Kbps ဖြင့် အလုပ်လုပ်ကြသည်။ မြောက်အမေရိကနှင့် ဂျပန်တို့တွင် T1 စနစ် အသုံးပြုသောကြောင့် အသံ 23 B Channel နှင့် One (D) Channel အစီအစဉ်အတိုင်း ရှိသည်။ ဥရောပ ၊ဩစတြေးလျနှင့် ကျန်သောကမ္ဘာ့နိုင်ငံများသည် E1 စနစ်ကို အသုံးပြုသောကြောင့် အသံ 30 (B) Channel Synchronization One channel နှင့် Data One (D) Channel အတိုင်း သတ်မှတ်ထား ရှိပါသည်။

**724 Printed Circuit (PC) Board**

PC Board ဆိုသည်မှာ ဆားကစ်ဘုတ်ပြားတစ်ခုဖြစ်ပြီး လျှပ်စစ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုများကို ၎င်းဘုတ်ပြား၌ပင် လျှပ်စီးကူးနိုင်သောသတ္တုလမ်းကြောင်းလေးများဖြင့် ဆက်သွယ်ပေးထားပါသည်။အဆိုပါ PC Board သည် ဝိုင်ယာကြိုးမျှင်တစ်မျှင်ချင်းစီတို့ဖြင့် ဆက်သွယ်မှုများထက် ပို၍ ကောင်းမွန် ပါသည်။

**725 PRMA ( Packet Resavation Multiple Access )**

PRMA သည် သတင်း အချက်အလက်အပိုင်းငယ်များကို လက်ခံရန် နေရာသတ်မှတ်ပေးသောစနစ်(Packet Resavation Multiple Access )ဖြစ်ပြီး Rutgers တက္ကသိုလ်၏ Winlab မှ D.Goodmanetal ပုဂ္ဂိုလ်က အဆိုပြု တီထွင်ခဲ့သော စနစ်ဖြစ်ပါသည်။ ယင်းစနစ်

သည် စကားသံထွက်နေချိန်တွင်လိုက်လျောညီထွေသော အချိန်ပိုင်းငယ်များကို သတ်မှတ်ပေးသောစနစ် Time Assigned Speech Interpolation ( TASI ) ကို အသုံးပြုထားသည်။ ကြိုးမဲ့ကွန်ရက်စနစ်တွင် Signal အများအပြားကို တစ်ပြိုင်နက်တည်း လက်ခံသော ပုံစံစနစ်ဖြစ်ပါသည်။ TASI သည် ယခင်က ဂြိုဟ်တုဆက် ကြောင်းများရှိ Multiplexing စနစ်များတွင် အထူးသီးသန့် သုံးစွဲခဲ့ပါသည်။

PRMA သည် ၄င်း၏ လက်ခံသုံးစွဲမည့် Frame တစ်ခုအတွင်း ၊ အချိန် အပိုင်းအခြားငယ်များကို သေချာစွာ သတ်မှတ်ပေးပြီးမှ ၊သတင်းအချက်အလက် အပိုင်းငယ်များ ကို လက်ခံပေးသော စနစ်ဖြစ်ပါသည်။ လွှင့်ထုတ်မည့် စက်ပစ္စည်းတစ်ခုမှ အချက်အလက် အပိုင်းငယ်များကို အတွဲလိုက် ထုတ်လွှင့်လိုပါက ၊ အားလပ်နေသော ၊ အချိန်အပိုင်း အခြားငယ်များတွင် တစ်ပြိုင်နက်တည်း လက်ခံရန် ယှဉ်ပြိုင်ကြရမည် ဖြစ်ပါသည်။ ရေဒီယိုအထိုင်စခန်းမှ ၄င်းအချက်အလက် အပိုင်းငယ်များကို အောင်မြင်စွာ ဖမ်းယူနိုင်ရန် ၊ သတ်မှတ်ထားသည့် အချိန်အပိုင်းငယ်ကို အားလပ်အချိန်အဖြစ်သို့ မပြောင်းမချင်း ၊ လွှင့်ထုတ်မည့် စက်ပစ္စည်းသည် နောက် Frames များတွင် သက်ဆိုင်ရာ အချိန် အပိုင်း ငယ်များကို ဆက်လက်၍ သတ်မှတ်သုံးစွဲနိုင်ပါသည်။

PRMA စနစ်တွင် နီးစပ်ရာ မိုဘိုင်းဆဲလ်များတွင် ၄င်းတို့၏ တူညီသော ရေဒီယိုလှိုင်းများကို နေရာလွှဲ သုံးစွဲနိုင်သောစနစ် ( Cellular Reuse Plan ) အရ သက်ဆိုင်ရာ မတူညီသော ကယ်ရီယာ ရေဒီယို လှိုင်းများကို သုံးစွဲနိုင်ပါသည်။

**726 PS ( Packet Switching )**

သတင်းအချက်အလက်များအား စံသတ်မှတ်ထားသော Packets များအဖြစ် ခွဲခြမ်းစိတ်ဖြာသည့် နည်းပညာဖြစ်သည်။ အဆိုပါ Packet တစ်ခုစီတွင် လိပ်စာ (Address) ၊အစီအစဉ် (Sequence) ၊ ထိန်းချုပ်မှု (Control) ၊ အရွယ်နှင့် အမှားစစ်ဆေးသော အချက်များ ပါဝင်သည့်အပြင် အသုံးပြုသူများ၏သတင်းအချက်အလက်လည်း ပါဝင်ပါသည်။ Packet Switch များသည် ထပ်မံ ဖြည့်စွက်ထားသော သတင်းအချက်အလက်ပေါ်တွင် အခြေခံ၍ အသုံးပြုသူ သတင်းအချက်အလက်များ ပါဝင်သော Packet များကို သတ်မှတ်ထားသော Destination သို့ မှန်ကန်သော အစီအစဉ် (Sequence) ဖြင့် ရောက်ရှိလာသော Packet များ ကိုလည်း သတင်းအချက်အလက် မှန်မှန်ကန်ကန် ဆက်တိုက်စီးဆင်းမှုအသွင်ဖြစ်စေရန် အလုပ်လုပ်သည်။

**727 PSTN ( Public Switched Telephone Network )**

PSTN သည် Circuit Switched အသုံးပြုထားသော တယ်လီဖုန်း ကွန်ရက်ဖြစ်ပါသည်။ ၄င်းကွန်ရက်တွင် Switching စင်တာများမှ တစ်ဆင့် တယ်လီဖုန်းလိုင်းများ၊ ဖိုင်ဘာကေဘယ်လ်များ၊ မိုက္ကရိုဝေ့ဆက်ကြောင်းများ၊ ဆယ်လူလာကွန်ရက်များ၊ ဆက်သွယ်ရေးဂြိုဟ်တုများ၊ ရေအောက် တယ်လီဖုန်းကေဘယ်လ်များ အချင်းချင်းချိတ်ဆက်မှုများ အားလုံးပါဝင်ပါသည်။ထို့ကြောင့် ကမ္ဘာပေါ်ရှိမည်သည့်နေရာမှ မည်သည့်တယ်လီဖုန်းမဆို ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ မူလအစက Analog လိုင်းဖုန်းစနစ်များကို အသုံးပြုခဲ့သော်လည်း ယခုအခါ

လိုင်း ဖုန်းနှင့် မိုဘိုင်းအပါအဝင် ၎င်းတို့၏ Core ကွန်ရက်များ အားလုံး နီးပါး ဒစ်ဂျစ်တယ် စနစ် များ ဖြစ်နေပြီ ဖြစ်ပါသည်။

**728 PT ( Proxy Trojans )**

Proxy Trojans သည် ကွန်ပျူတာတစ်ခုမှ Proxy Server တစ်ခုသို့ ပြောင်းလဲ ဝင်ရောက်သည်။ အင်တာနက် အသုံးပြုသူများသာမက တိုက်ခိုက်သူက ပြုလုပ်နိုင်သည်။ ဤ Trojans မျိုး သည် မသမာမှု များ ပြုလုပ်ရန် တစ်စုံတစ်ဦး၏ အမည်ကို အသိပေးခြင်း မရှိပဲ News group တစ်ခုသို့ အီးမေးလ်တစ်ခု (သို့မဟုတ်) Article တစ်ခုပေးနိုင်သော စွမ်းရည်ဖြင့် ပြည့်စုံစွာ ဖန်တီး အသုံးပြုနိုင်ကြသည်။ ဤမသမာမှု တွင် Credit Card များ ဖြင့် ကုန်စည်ဝယ်ယူခြင်းနှင့် Denial of Service ဖြင့် တိုက်ခိုက်မှုများ အစပြုရန်တို့ ပါဝင်သည်။ အကယ်၍ တိုက်ခိုက်သူ၏ အပြုအမူများကို ခြေရာခံပါက အမှန်တကယ် တိုက်ခိုက်သူထက် Host ကွန်ပျူတာကိုသာ ခြေရာ ကောက်မိမည် ဖြစ်သည်။ တိုက်ခိုက်မှု ပြု သော ကွန်ပျူတာသည် တိုက်ခိုက်မှုကြောင့် ဖြစ်လာသည့် ပျက်ဆီး ဆုံးရှုံးမှု အားလုံး အတွက် ဥပဒေကြောင်းအရ တာဝန်ရှိပါသည်။

**729 PtMP / PMP ( Point-to-Multipoint )**

ကွန်ရက်ချိတ်ဆက်မှုတစ်ရပ် ဖြစ်ပြီး ကွန်ရက်ရှိချိတ်ဆက်မှု အဆုံးမှတ်တစ်ခု အခြားနှစ်ခု ထက်ပိုသောချိတ်ဆက်မှုများသို့ ဆက်သွယ်ပေးခြင်းကို ဆိုလိုသည်။ ဥပမာအားဖြင့် အင်တာနက် ဝန်ဆောင်မှုဆောင်ရွက်ပေးသော ကွန်ရက်အတွက်မှသုံးစွဲသူထံသို့ ပို့ယူပေးမှုတွင် လက်ခံ ချိတ်ဆက်ပေးသော နေရာတစ်နေရာမှ သုံးစွဲသူအများအပြားသို့ ဖြန့်ဝေချိတ်ဆက်ပေး မှု ဖြစ်ပါသည်။

**730 PUK Code**

PIN Unlock Code ဖြစ်ပါသည်။ မမှန်ကန်သော PIN Code အား (၃) ကြိမ် ဝင်ရောက်ပြီးနောက် ၎င်းဘာသာ Disable ဖြစ်သွားသည့် GSM SIM အားUnlock ပြုလုပ်ရန် လိုအပ် သော Code ဖြစ်ပါသည်။

အကယ်၍ မမှန်ကန်သော PUK Code အား (၅) ကြိမ်မှ (၁၀) ကြိမ်အထိ ထည့်သွင်းခဲ့လျှင် ၎င်း SIM Card သည် အမြဲတမ်း Block ( အသုံးပြု၍ မရနိုင် )ဖြစ်သွားမည် ဖြစ်ပါသည်။

**731 PVC ( PolyevinylChloride )**

လျှပ်စစ် ကေဘယ်လ် ၊ တယ်လီဖုန်းကေဘယ်လ်နှင့် ဝိုင်ယာကြိုးများ၏ အပေါ်ယံ အခွံ တစ်မျိုး ဖြစ်သည်။ ပလပ်စတစ်ကွန်ပေါင်း အမျိုးအစားဖြစ်ပြီး မီးလောင်ဒဏ်၊ စက်မှုဒဏ် ၊ ပွန်းတိုက် ပွမ်းပဲ့မှုဒဏ် တို့ကို ခံနိုင်ရည်ရှိပြီး ၊ ပျော့ပြောင်းသောကြောင့် ၊လွယ်ကူစွာကွေးနိုင်ညွတ်နိုင်သည်။ အထူးသဖြင့် အမိုးအကာအောက် အဆောက်အဦအတွင်းပိုင်းတွင် သွယ်တန်း တပ်ဆင်အသုံးပြုသည်။

## Glossary Q

**732 QoS (Quality of Service)**

Quality of Service ဆိုသည်မှာ ဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်လုပ်ငန်းများအတွက် သတ်မှတ်သော စံချိန်စံညွှန်းအဖြစ် ဖော်ပြချက်တစ်ခုဖြစ်ပြီး ၊ သတ်မှတ် တိုင်းတာနိုင်ပါသည်။ ဥပမာ Frame Relay နှင့် Fast Ethernet စနစ်များထက် ATM စနစ်သည် အလွန်အမင်း ကောင်းမွန်သာလွန်ကြောင်းကို QoS ၏ သတ်မှတ်ချက်နှင့် နှိုင်းယှဉ် ဖော်ပြနိုင်ပါသည်။ ထို့ကြောင့် ATM စနစ်သည် သုံးစွဲသူများသို့ အာမခံချက်ဖြင့် ကောင်းမွန်သော စနစ်ကို အသုံးပြုနိုင်မည်။

**733 QPSK ( Quadrature Phase Shift Keying )**

QPSK ဆိုသည်မှာ ဒစ်ဂျစ်တယ်လှိုင်းနှုန်း မော်ကျူလေးရှင်း (Digital Frequency Modulation) နည်းပညာတစ်ခုဖြစ်သည်။ ၄င်းသည် Phase Shift Keying ပုံစံဖြစ်ပြီး ( ၀, ၉၀, ၁၈၀ သို့မဟုတ် ၂၇၀ ) ဒီဂရီများထဲတို့မှ တစ်ခုကို ရွေးချယ်ပြီး bit (၂) ခုကို တပြိုင်နက် Modulate လုပ်နိုင်စွမ်းရှိသည်။ Bandwidth တူသုံးထားသော်လည်း သာမာန် PSK များ ထက် QPSK နည်းပညာသုံးသော Signal များသည် အချက်အလက်ကို (၂) ဆ သယ်ဆောင်နိုင်စွမ်းရှိပါသည်။ QPSK ကို MPEG 2 ဗီဒီယိုအား စလောင်းမှ ထုတ်လွှင့်မှုများ၊ ကေဘယ်လ် မိုဒမ်များ၊ ဗီဒီယို ကွန်ဖရင့်ဇင်း(Video Conferencing) ဆဲလ်လူလာဖုန်းစနစ်များ၊ရေဒီယိုလှိုင်းနှုန်းကယ်ရီယာ (RF Carrier) များဖြင့် ဒစ်ဂျစ်တယ် ဆက်သွယ်မှုများအတွက် အသုံးပြု လေ့ ရှိကြသည်။

**734 Quadruple-play Network**

Quadruple-play Network ဆိုသည်မှာ Triple-play Network ပေါ်မှ ပေးနေသည့် အသံ ၊ ဒေတာနှင့် ဗီဒီယိုအပြင် ရွေ့လျားဆက်သွယ်နိုင်မှု (Mobility) ကိုပါ ရရှိသည့် ကွန်ရက် ဖြစ်ပါသည်။

**735 QWERTY Keyboard**

ယခုခေတ် အင်္ဂလိပ် ဘာသာ အများစု ပါရှိ သည့် ကွန်ပျူတာ Keyboard ဖြစ်သည်။ Keyboard ဘယ်ဘက် အပေါ်ဆုံး အတန်းမှ ပထမစာလုံး (၆)လုံးကို အမည် အနေနှင့် ယူထားပါသည်။ QWERTY ဒီဇိုင်း သည် ၁၈၆၈ခုနှစ်က Christopher Sholes ဆိုသူက မူပိုင်ခွင့် လျှောက်ထား ပြီး ၁၈၇၃ ခုနှစ်တွင် Remington သို့ ရောင်းချခဲ့သည့် ပထမ ဦးဆုံး ပေါ်ပေါက် လာသော Typewriter



(လက်နှိပ်စက်) အမျိုးအစား ဖြစ် သည်။

## Glossary R

**736 RADIUS ( Remote Authentication Dial In User Service )**

Remote Authentication Dial In User Service ဖြစ်ပါသည်။ ISP ( Internet Srvice Provider) များတွင် အသုံးပြုသောအထောက်အထား ငွေစာရင်းတို့နှင့် စပ်လျဉ်းသည့် Protocol တစ်ခုဖြစ်ပါသည်။ User Name နှင့် Password ကဲ့သို့သော၊ သုံးစွဲသူများ၏ အချက် အလက်များသည် Connection ချိတ်ဆက်ပြီးသောအခါ ဝင်ရောက်လာမည် ဖြစ်ပါသည်။ သုံးစွဲ ခွင့်ရနိုင်ရန်အတွက် RADIUS ဆာဗာမှ ၎င်းအချက်အလက်များအား မှန်ကန်ကြောင်းအတည် ပြုလုပ်ပေးသည်။ ထို့နောက် ၎င်းသုံးစွဲမှုအား ငွေစာရင်းအပိုင်း၌ မှတ်တမ်းပြုထားသည်။ ကွန်ရက်အား စီမံခန့်ခွဲရန် RADIUS ဆာဗာသည် AAA Concept (အထောက်အထား အတည်ပြုခြင်း၊ခွင့်ပြုချက်ပေးခြင်းနှင့်ငွေစာရင်းမှတ်တမ်းပြုခြင်း) အား အသုံးပြုထားပါသည်။

**737 RADSL ( Rate Adaptive Digital Subscriber Line )**

RADSL နည်းပညာ၏ မူကွဲတစ်ခုဖြစ်ပါသည်။ RADSL တွင် Downstream အတွက် Bandwidth ပိုမို ရရှိနိုင်ရန်အတွက် Upstream Bandwidth ကို DSL Modem မှ ချိန်ညှိ ပေးသည်။ ထိုနည်းပညာကို သုံးခြင်းဖြင့် Noise ကြောင့် ဖြစ်ပေါ်တတ်သည့် အမှားများကို လျော့နည်းစေနိုင်ပြီး Signal Loss ကိုလည်း လျော့နည်းစေနိုင်ပါသည်။

**738 RAM ( Randon Access Memory )**

RAM များကို Active ဖြစ်သော အစီအစဉ်များ၊ သတင်း အချက်အလက်များကို သိုလှောင်ထားနိုင်ရန် ကွန်ပျူတာ၏ အဓိက System Memory အဖြစ် အသုံးပြုလေ့ ရှိပါသည်။ ယေဘုယျ အားဖြင့် Static RAM နှင့် Dynamic RAM ဟူ၍ နှစ်မျိုး ရှိသည်။

**739 RARP ( Reverse Address Resolution Protocol )**

LAN( Local Area Network ) အတွင်းရှိ စက်များသည် ၎င်းတို့၏ IP Address များကို Gateway Server ၏ ARP Cache (သို့မဟုတ်) ARP Table များမှ Request ပြုလုပ်ကြပါသည်။ ကွန်ရက် စီမံခန့်ခွဲသူသည် LAN ၏ Gateway Router ထဲတွင် IP Address နှင့် MAC Address တို့ အချင်းချင်း ဆက်စပ်မှု (Relation) ကို ဇယားတစ်ခု ထဲတွင် ဖန်တီး ထားရှိသည်။ ဥပမာ LAN အတွင်းတွင် စက်အသစ်တစ်လုံး တပ်ဆင်လိုက်ပါက ၎င်း၏RARP ပရိုဂရမ်သည် ၎င်းအတွက် IP Address ပေးရန် Router ရှိ RARP Server အား တောင်းဆိုမည် ဖြစ်ပါ သည်။ နောင်တွင် ဆက်လက် အသုံးပြုနိုင် ရန် အတွက် RARP Server မှ ပြန်လာသော IP Address ကို စက်မှ သိမ်းဆည်း ထားနိုင်ပါသည်။

**740 RAT ( Remote - Access Trojans )**

Remote - Access Trojans ကို RAT (သို့မဟုတ်) Backdoor Trojans ဟု ခေါ်ဆိုလေ့ ရှိကြသည်။ Trojans Horse ပိုင်းရပ်စ်အားလုံးတွင် လူသိအများဆုံးနှင့်အန္တရာယ် အရှိ

ဆုံးဖြစ်သည်။ ကွန်ရက်တစ်ခု ပေါ်တွင် ရှိသော အချက်အလက် သိုလှောင်သည့် ကွန်ပျူတာ ( Host Computer ) များတွင် ယင်းကို မမြင်ရပဲ အလုပ်လုပ်ကြသည်။ Remote - Access ကို ရယူနိုင်ရန်နှင့် စက်များကို ထိန်းထားနိုင်ရန် တရားမဝင် သုံးစွဲခြင်းကို ပြုလုပ်ကြသည်။ ဤ Trojans လုပ်ဆောင်မှုများသည် စီမံခန့်ခွဲမှု ပရိုဂရမ် များကို Remote ဖြင့် လမ်းမှန်အတိုင်း ဖြစ်စေရန် ပြုလုပ်ကြခြင်းမှာ ဆင်တူဖြစ်သည်။ ဥပမာ နေရာတိုင်းရှိ Symantec ၏ ကွန်ပျူတာများ ဖြစ်ကြသော်လည်း ခိုးကြောင်ခိုးဝှက် လုပ်မည့် Installation နှင့် Operation အတွက် သီးသန့် ဒီဇိုင်းဆွဲထားခြင်းတို့ ဖြစ်သည်။ ဤပရိုဂရမ်များကို ဂိမ်းများ ၊ အီးမေးလ်နှင့် တွဲပို့သည့် အခြားဖိုင်ငယ်လေးများ ထဲတွင် ထည့်သွင်းထားသည်။

**741 RDRAM ( Rambus Dynamic Random Access Memory)**

RDRAM နည်းပညာကို RambusInc မှ တီထွင်ခဲ့ခြင်းဖြစ်၍ထိုကုမ္ပဏီ၏မူပိုင်နည်းပညာ တစ်ခုဖြစ်သည်။ SDRAM တို့နှင့် မတူသည့် အဓိကအချက်မှာRDRAM သည် Bus Width ကျဉ်းပြီး High Speed ဖြင့် အလုပ် လုပ်နိုင်ခြင်းပင် ဖြစ်ပါသည်။

RDRAM Module ကို RIMM( Rambus In Memory Module )ဟုလည်း ခေါ်ပါသည်။ RDRAM Chip များသည် High Speed Signaling နည်းပညာကို အသုံးပြုထားသောကြောင့် အပူ ထုတ်လုပ်မှုများသဖြင့် အပူကိုလျင်မြန်စွာပပျောက်စေနိုင်ရန် Heat Spread သတ္တုပြား (၂) ခုဖြင့် ရှေ့နောက် ညှပ်ကာ ဖုံးအုပ်လျက် အသုံးပြုထားပါ သည်။

**742 Registry**

ကွန်ပျူတာ တပ်ဆင်အသုံးပြုထားသော ဟာ့ဒ်ဝဲများ ၊ Install လုပ်ထားသော ဆော့ဖ်ဝဲများ ၏ Configuration များကို သိမ်းဆည်းထားသည့် Database တစ်ခုဖြစ်သည်။ ပရိုဂရမ်များ ကိုManually ဖျက်ထုတ်ပါက၄င်းပရိုဂရမ်နှင့်ဆိုင်သော Configuration များသည် Registry ထဲတွင် ကျန်ရှိနေနိုင်သည့် အတွက် Windows တက်လာတိုင်း မလိုလားအပ် သော Error Message များ ပေးတတ်သည်။ ထို့ကြောင့် မိမိဖျက်ထုတ်လိုက်သောပရိုဂရမ် နှင့် ဆိုင်သော Configuration များကို Registry ထဲတွင်လည်း ရှာဖွေ ရှင်းလင်း ဖို့ရန် လိုအပ်သည်။

**743 RF ( Radio Frequency )**

Radio Frquency ဆိုသည်မှာ သာမန် ရေဒီယိုလှိုင်းမှ မိုက္ကရိုဝေ့ဗ်ထုတ်လွှင့်မှုတွင် ပါဝင်သော လျှပ်စစ်သံလိုက် Signal ( Electromagnetic Signal ) မှန်သမျှကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

**744 RFID (Radio Frequency Identification)**

RFID ၏ အမည် အပြည့်အစုံမှာ Radio Frequency Identification ဖြစ်သည်။ ၄င်းသည် ရေဒီယိုလှိုင်းများကို အသုံးပြု၍ ကိုယ်ရွေးယူလိုသော အရာများကို ရွေးထုတ်ယူသောနည်းပညာ ဖြစ်ပါသည်။ အထူးသဖြင့် ဖတ်ရှုသူသည် Microchips ထဲရှိ ဒစ်ဂျစ်တယ် အချက်အလက်များကို သိမ်းဆည်းထားသည့် အမှတ်အသား (Tag) များဖြင့် ဆက်သွယ်နိုင်ပါသည်။ သို့သော် Chips မပါဝင်သော RFID အမှတ်အသားများလည်း ရှိပါသည်။ ၄င်းအတွက် ရေဒီယိုလှိုင်းများ၏ တစ်စိတ်တစ်ဒေသအား ရောင်ပြန်ထုတ်လွှင့်ပေးသော ကိရိယာ

ကို အသုံးပြုပါသည်။

**745 RGB ( Red? Green ? Blue )**

သီးခြားစီရှိသော ကြိုးများပေါ်မှ ဗီဒီယို ဆစ်ဂနယ်များကို ထုတ်လွှင့်ပေးသော အနီ၊ အစိမ်း၊ အပြာရောင်များ ဖြစ်ပါသည်။

**746 RO ( Rain Outage )**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဂြိုဟ်တုကို အသုံးပြုသော ရေဒီယိုလှိုင်းနှုန်းခွင် Ku (သို့မဟုတ်) Ka Band၏သတင်းပေးပို့ချက် (Signal) များသည် မိုးရေ၏ စုတ်ယူထားခြင်းနှင့် Sky-noise Temperature ကောင်းကင်သံ ဆူညံသံ၏ အပူချိန် တိုင်းတာထားသော ယူနစ် မြင့်တက်လာသောကြောင့် ဖြစ်သည်။

**747 Roaming**

ကြိုးမဲ့ဆက်သွယ်မှုစနစ်တွင် မိမိ စာရင်းသွင်းထားသော မူလ ဝန်ဆောင်မှုဧရိယာနှင့် မတူညီသောနေရာတွင် Wireless Phone များ သုံးစွဲနိုင်မှုရရှိစေရန် ဆက်သွယ်ရေး ဝန်ဆောင်မှုချဲ့ထွင်ထားခြင်းကို ဆိုလိုသည်။ Roaming ဧရိယာအတွင်း တယ်လီဖုန်းခေါ်ဆိုမှု၊ လက်ခံမှု စသည်တို့၏ နှုန်းထားများမှာ ပိုမို မြင့်မား လေ့ရှိပါသည်။

**748 RPG ( Report Program Generator )**

IBM မှ တီထွင်ထားသည့် Minicomputer များတွင် အသုံးပြုသည့် Operating System တွင်အသုံးပြုသည့် ပရိုဂရမ်ရေးဆွဲသော ဘာသာစကားတစ်ခုဖြစ်ပါသည်။ အဆိုပါဘာသာစကားသည်ပရိုဂရမ်ရေးဆွဲသူများအား ဆောင်ရွက်ပြီး အချက်အလက်များကို Report များ ထုတ်ယူနိုင်သည့် ပရိုဂရမ် များရေးဆွဲရာတွင် အထောက်အကူပြုပါ သည်။

**749 RS ( Radio Spectrum )**

Radio Spectrum ဆိုသည်မှာဆက်သွယ်မှုဆိုင်ရာရေဒီယိုလှိုင်းနှုန်းRadio Spectrum များအားလုံးကို ခေါ်သည်။ အသံထုတ်လွှင့်မှု မိုဘိုင်းဖုန်းဆက်သွယ်မှုများနှင့် တီဗီ ထုတ်လွှင့်မှု နည်းတူ များပြားသော Application များတွင် Radio Spectrum ကို သုံးကြရပါသည်။ အသုံးချ မှုပေါ် မူတည်၍ Radio Spectrum ကို အစိုးရမှ စည်းမျဉ်းစည်းကမ်းသတ်မှတ်ပေးရပါသည်။ အမေရိကန်နိုင်ငံတွင် Radio Spectrum အသုံးပြုမှုကို FCC (Federal Telecommunication Commission) နှင့်NTIA(National Telecommunications and Information Administration) (NTIA ) မှ စည်းမျဉ်း သတ်မှတ်ပေးကြပါသည်။

## Glossary S

**750 S/MIME (Secure Multi-pupose Internet Mail Extensions )**

၎င်းသည် အီးမေးလ်ပို့ရာတွင် လုံခြုံမှုရှိစေသည့် နည်းလမ်းတစ်ခု ဖြစ်ပြီး Rivest-Shamir-Adleman Encryption ( RSA ) စနစ်ကို အသုံးပြုထားပါသည်။ မိုက္ကရိုဆော့ဖ်နှင့် Netscape တို့ မှ ထုတ်လုပ်သော Web Browser များ၏ နောက်ဆုံးထွက်သည့်

Version တွင် S/MIME ပါဝင် ပါသည်။ Messaging Product များ ပြုလုပ်သည့် အခြား ထုတ်လုပ်သူများမှလည်း ထောက်ခံထားပြီးဖြစ်သည်။ RSA လုံခြုံရေးအဖွဲ့ မှ ၄င်းအား စံချိန် စံညွှန်း အဖြစ် သတ်မှတ်ပေးရန် IETF တွင် အဆိုပြု တင်သွင်းထားပြီး ဖြစ်သည်။ S/MIME အပြင် အခြားတစ်မျိုးဖြစ်သော PGP / MIME ကိုလည်း အဆိုပြု တင်သွင်း ထားပြီး ဖြစ်ပါသည်။

**751 S/N ( Signal-to-Noise )**

Signal-to-Noise Ratio ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ဖမ်းစက် (Receiver) တစ်လုံး၏ အထွက်ပိုင်း (Output) တွင် လျှပ်စစ်လှိုင်းများ၏ စံနှုန်းကို တိုင်းတာသော အချိုးအဆကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ သတ်မှတ်ထားသော လှိုင်းနှုန်းခွင် (Bandwidth) အတွင်း အသံ လှိုင်း၏ (Signal) ၊ အမြင့်နှင့် (Noise)၊ အနှောင့်အယှက်၏ လှိုင်းအမြင့်ကို အချိုးချခြင်း ဖြစ်ပါသည်။ ယင်းကို (Decibel) ယူနစ်ဖြင့် ဖော်ပြပါသည်။ လှိုင်းတစ်ခု၏ အရည်အသွေး သည် S/N ပေါ် မူတည်ပြီး S/N အချိုး မြင့်လေ ၊ လှိုင်း၏ အရည်အသွေး ပိုမို မြင့်မားပြီး ကြည်လင်ပြတ်သားမှု ပိုကောင်းသည်။

**752 S/NR ( Signal to Noise Ratio )**

Video နှင့် Audio တို့၏ Signal Level နှင့် Noise Level တို့၏ ဆက်သွယ်မှု အချိုး (Ratio) ကို Signal to Noise Ratio ဟု ခေါ်ဆိုပါသည်။

**753 SA ( Smart Antenna )**

သတ်မှတ်ထားသော ဦးတည်ဘက်တစ်ခုကိုသာ Signal ရောက်အောင် လုပ်ဆောင်သည့် ကြိုးမဲ့ အင်တာနာ ဖြစ်ပါသည်။ ဖုန်းလိုင်းပြတ်တောက်မှု လျော့နည်းရန် ခေါ်ဆိုမှု အရည်အသွေးနှင့် လိုင်း အရေအတွက် တိုးစေရန် ကြိုးမဲ့ကွန်ရက်တို့တွင် စမတ်အင်တာနာ သုံးကြပါသည်။

**754 SA ( Spectrum Analyzer )**

Spectrum Analyzer သည် ဟာ့ဒ်ဝဲကိရိယာ (သို့မဟုတ်) ဆော့ဖ်ဝဲသုံး၍ Signal တစ်ခု၏ လှိုင်းနှုန်း ( Frequency ) နှင့် ပါဝါပိုင်းများ ( Power ) ကို စစ်ဆေးနိုင်သည်။ လှိုင်းနှုန်း (Frequency) အမျိုးမျိုး၏ Signal ကို ပြသပေးနိုင်၍ OScilloscope များထက် ပိုမိုပြည့်စုံသည့် အချက်အလက်များ ပေးစွမ်းနိုင်ပါသည်။ ဥပမာ OScilloscope တွင် စုစုပေါင်း Noise Level သာ ဖော်ပြပေးနိုင်ပြီး Spectrum Analyzer တွင် သက်ဆိုင်ရာ လှိုင်းနှုန်း ( Frequency ) တိုင်းမှာ ရှိနေသည့် Noise အား ပြသပေးနိုင်သည်။ Spectrum Analyzer တွင် အင်နာလော့ နှင့် ဒစ်ဂျစ်တယ် ဟူ၍ (၂) မျိုး ရှိပါသည်။ ဖော်ပြပါပုံသည် ဆော့ဖ်ဝဲ အား

From Computer Desktop Encyclopedia
© 2008 The Computer Language Co. Inc.



အခြေခံထား သော Spectrum Analyzer ၏ ပါဝါ ( Power ) နှင့် လှိုင်း နှုန်း( Frequencies)ကို ဖော်ပြ ပေးနေသော အသံ Signal တစ်ခု ၏ ပုံဖြစ်ပါသည်။

**755 SaaS ( Software as a Service )**

ဆောဖ်ဝဲများကို ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ ဆော့ဖ်ဝဲဝန်ဆောင်မှု ပေးသူများ သည် An Audio Analysis ကိုယ်ပိုင် Web Server များတွင် လက်ခံသိုလှောင်ထားပေး သည်။ ဆော့ဖ်ဝဲသုံးစွဲလိုသူ များသည် ဝန်ဆောင်မှုများအား အခကြေးငွေ ပေးရပါသည်။ သို့ရာတွင် ဆော့ဖ်ဝဲသုံးစွဲသော အချိန်အတွက်သာ အခကြေးငွေပေးရခြင်းမျိုး ဖြစ်သည်။ ထို ဝန်ဆောင်မှု ပေးသူများကို ASPC ( Application Service Provider ) ဟု ခေါ်ပါသည်။

**756 SAC (Service Access Code )**

ဧရိယာကုဒ်များအစား အသုံးပြုနိုင်သော အထူးကုဒ်များဖြစ်ပြီး ၎င်းကို ကွန်ရက်က ပေး မည့် အထူး ဝန်ဆောင်မှုများအတွက် အသုံးပြုကြသည်။ ( ဥပမာ 500၊ 700၊ 800၊ 888၊ 877 နှင့် 900 )

**757 SAM ( Service Access Multiplexer )**

Central Office များရှိ Multiplexer ကို SAM ( Service Access Multiplexer ) ဟု ခေါ်ဆိုပါသည်။ SAM တွင် မြန်နှုန်းနိမ့်သော လိုင်းမှ မြန်နှုန်းမြင့် အဝေးလိုင်း ဆက်သွယ် မှုမှ သုံးစွဲသူ အမျိုးမျိုးကို ပေါင်းစု ပေးနိုင်ပါသည်။

**758 SAN (Storage Area Network )**

Storage Area Network ကို ဆိုလိုသည်။ ကွန်ရက်ခွဲတစ်ခု ဖြစ်ပြီး ၎င်းကွန်ရက်အတွင်း ရှိ စက်ကိရိယာများတွင် ဒေတာများကို သိုလှောင်သော ပစ္စည်းများ ဖြစ်သည့် Disk များမှ အပ အခြားပစ္စည်းများ ပါဝင်ခြင်းမရှိပေ။ အဖွဲ့.အစည်းငယ်များတွင် အဆိုပါ ကွန်ရက်မျိုးကို တွေ့.ရလေ့မရှိချေ။

**759 SAT ( Supervisory Audio Tone )**

မိုဘိုင်းဘေ့စ်စတေရှင် (Base Station) မှ ပို့လွှတ်လိုက်သည့် အသံလှိုင်းနှုန်းနှင့် မိုဘိုင်း ဖုန်းမှ ပြန်ပို့လွှတ်သည့် အသံလှိုင်းနှုန်း (၃) မျိုးဖြစ်သည့် 5970 Hz၊ 6000Hz၊ 6030 HZ တို့အနက် အသံနှုန်း တစ်ခုခုကို SAT ဟု ခေါ်သည်။ အသွား/ အပြန် အသံချန်နယ် အရည် အသွေးကောင်း ရရှိရန်နှင့် ပြည့်စုံသော ရေဒီယိုဆက်ကြောင်း တစ်ခုကို ရရှိရန် အတွက် ယင်း လှိုင်းနှုန်း တစ်ခုခုကို အသုံးပြုသည်။

**760 SAW ( Surface Acoustic Wave )**

( Surface Acoustic Wave ) ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ဂြိုဟ်တုဆက်သွယ်ရေး စနစ် ၏ ထုတ်လွှင့်မှုနှင့် ဖမ်းယူမှု စက်ကိရိယာများ၏ IF ( Intermediate Frequency ) အပိုင်း (သို့မဟုတ်) Baseband အပိုင်းတို့တွင် မလိုအပ်သော Signal များ အားလုံးနီးပါးကို စစ်ထုတ် ရာတွင် အသုံးပြုပါသည်။ ယင်းကို SAW Filter ဟု လည်းခေါ်သည်။

**761 SB ( Spot Beam )**

ဆက်သွယ်ရေးဂြိုဟ်တုပေါ်မှ ထုတ်လွှင့်သော Signal များသည် ကမ္ဘာမြေပြင်ပေါ်ရှိ သီးသန့် ရည်ရွယ်သတ်မှတ်ထားသော ဒေသများအတွက် High Gain Antenna ကို အသုံးပြုပြီး ထုတ်လွှင့် ပေးပါသည်။ အမေရိကန်ပြည်ထောင်စု တစ်ခုလုံးအတွက် လိုအပ်သော Spot Beam အရေအတွက် သည် (၂၀) မှ (၃၀) ခန့်လိုအပ်သည်။ Spot Beam များ ကို DBS (DirectBroadcastSatellite) စနစ်များအတွက် ဂြိုဟ်တုတီဗီအစီအစဉ်များ ဖမ်းယူ နိုင်ရန် အတွက် အသုံးပြုလေ့ရှိသည်။

**762 SC ( Scan Converter )**

Scan Converter ဆိုသည်မှာ ( Video Freqency Signal ) အရုပ်ပိုင်းဆိုင်ရာ ကြိမ်နှုန်းအချက်ပေးချက်နှင့်( Audio Freqency Signal)အသံပိုင်းဆိုင်ရာ ကြိမ်နှုန်းအချက်ပေးချက်များကို တစ်ခုမှ တစ်ခုသို့ အပြန်အလှန် ကူးပြောင်းပေးသော ကိရိယာ ဖြစ် သည်။ Frame ကန့်သတ်ချက်ရှိသော ဗီဒီယိုများတွင် တယ်လီဖုန်းလိုင်းများပေါ်မှ Video Signal များ ပို့လွှတ်ရာ၌ အသုံးပြုသည်။

**763 SC ( Silicon Chip )**

လျှပ်စစ်ဆားကစ်များအတွက် တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductor) အခြေခံထားသည့် ဆီလီကွန် အလွှာပါးဖြင့် ထောက်ပံ့ပေးထားသော အလွှာပါးကို Silicon Chip ဟုခေါ်ဆိုပါသည်။

**764 SC ( Smart City )**

မြို့တစ်မြို့ကို Smart ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုရာ၌လူများ၊လူနေမှုနှင့်ထုံးတမ်းစဉ်လာ သယ်ယူပို့ဆောင်မှုများ၊ ခေတ်မီ ICTအဆောက်အဦကွန်ရက်၊ လောင်စာဆီ၊ ရေရှည်တည်တံ့နိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးမြင့်မားသော လူနေမှုဘဝ စသည် တို့ကို ရင်းနှီးမြှုပ်နှံ၍ သဘာဝအရင်းအမြစ်များကို တွေးခေါ်မြော်မြင်စွာ အုပ်ချုပ် စီမံခန့်ခွဲပြီး ပါဝင်ဆောင်ရွက်သော အုပ်ချုပ်မှုသို့ ဆောင်ရွက်ခြင်းကို ဆိုလိုပါ သည်။ Smart City သည် ရှုဒေါင့် (၆) မျိုးပေါ် မူတည်၍ ခွဲခြားသည်။ ဤခွဲခြား ချက် (၆) မျိုးမှာ Smart စီးပွားရေး၊ Smart ရွေ့လျားနိုင်မှု ( Mobility )၊ a Smart ပတ်ဝန်းကျင်၊ Smart ပြည်သူ၊ Smart နေထိုင် မှုနှင့် နောက်ဆုံး တစ်ခုမှာ Smart အုပ်ချုပ်မှုတို့ ဖြစ်ပါသည်။

**765 SCCP ( Signaling Connection Control Part )**

ITU-T ၏ Signaling Protocol ဖြစ်ပြီး SS7 Protocol ၏ အစိတ်အပိုင်း ဖြစ်သည်။ ၎င်းက Routing နှင့် Message လွှဲပြောင်းမှုပိုင်းကို ပံ့ပိုးပေးရသည်။ MTP (Message Transfer Part ) ကို SCCP က ပံ့ပိုး ပေးရသည်။

**766 SCE ( Service Creation Environment )**

SCE က သုံးစွဲသူများ စစ်ဆေးခြင်းနှင့် IN( Intellegent Network ) ဝန်ဆောင်မှုများ ပေးနိုင်မည့် စမ်းသပ်မှုမျိုးစုံအား ဖန်တီးပေးခြင်း ၊ စီမံခန့်ခွဲခြင်းနှင့် လုပ်ဆောင်ပေး ခြင်းတို့ ပြုလုပ်ပါသည်။

**767 SCP ( Service Control Point )**

SS7 ကွန်ရက်ထဲက Remote Computer Database သည် SSP (Service Switching Point) မှ 800 နှင့် LNP (Local Number Portability) နှင့် ခေါ်ဆိုသည့် ကဒ်စစ်ဆေးခြင်း အစရှိသည့် Application များကို ဆောင်ရွက်ပေးရသည်။

**768 SCTP ( Stream Control Transmission Protocol )**

SCTP ဆိုသည်မှာ end-to-end ၊ connection-oriented protocol ဖြစ်ပြီး ဒေတာများအား independent sequenced stream အနေဖြင့် ပို့ဆောင်ပေးသည်။ SCTP သည် အဆက်အသွယ် ပြတ်တောက်မှု များအား စစ်ဆေးရာတွင် မရှိမဖြစ် လိုအပ်ပါသည်။ SCTP ကို ကွန်ရက်စနစ်များနှင့် Applications များတွင် voice / data နှင့် အရည်အသွေးရှိသော အချိန် နှင့် တပြေးညီ ဝန်ဆောင်မှုများ (ဗီဒီယို စီးကြောင်းနှင့် မာလ်တီမီဒီယာ) အသုံးပြုကြပါသည်။

**769 SD Card ( Secure Digital Cards )**

Secure Digital Cards အဖွဲ့အစည်းမှ ထုတ်ဖော်ထားသည့် စံညွှန်းအပေါ် အခြေခံထားသောမီဒီယာကဒ် အခြေပြု Flash Memory တစ်ခုဖြစ်သည်။ ဒီဇိုင်းမှာ ယခင်က ( MMC –MultiMedia Card) ပုံစံကို အခြေခံထားသည်။ အရွယ်အစားမှာ (၃၂မီလီမီတာ x ၂၄ မီလီမီတာ) ရှိပြီး အကြမ်း ဖျင်းအားဖြင့် ပုံမှန် စာပို့တံဆိပ်ခေါင်း အရွယ်ခန့်ရှိသည် ။

**770 SDRAM ( Synchronous Dynamic Random Access Memory )**

Standard ဖြစ်သည့် Dynamic Random Access Memory (DRAM) ကို Transistor နှင့် Capacitor တို့ဖြင့်တည်ဆောက်ထားပါသည်။Transistor နှင့် Capacitor တစ်စုံသည် Bit တစ်ခုကို ကိုယ်စား ပြုသော Memory Cell တစ်ခုပင် ဖြစ်ပါသည်။ Transistor သည် On/ Off ခလုတ်အဖြစ် ဆောင်ရွက်ပြီး Capacitor များက လျှပ်စစ်ဓါတ် သိုလှောင်ရန် ဆောင်ရွက်ကြပါသည်။ Memory Cell တစ်ခုတွင်ရှိသော Capacitor တစ်လုံးတွင် လျှပ်စစ်ဓါတ် သိုလှောင်ထားပါက ထို Memory Cell သည် “1”ဟူသော Bit တစ်ခုကို ကိုယ်စားပြုပြီး၊ လျှပ်စစ်ဓါတ်သိုလှောင်ထား ခြင်း မရှိက “0 ” ဟူသော Bit တစ်ခု ကို ကိုယ်စားပြုသည်။

ထိုသို့ 1 Bit Data ကို သိုလှောင်ရန်အတွက် Transistor နှင့် Capacitor တစ်စုံကို အသုံးပြုရခြင်းကြောင့် DRAM Chip တစ်ခုတွင် Transistor နှင့် Capacitor သန်းပေါင်းများစွာ ပါရှိမည် ဖြစ်ပါသည်။ ဥပမာ 8MB Chip တစ်ခုတွင် 64 Mbit (1B=8bits) ဖြစ်သောကြောင့် Transistor နှင့် Capacitor တစ်ခုစီ ပါရှိသော Memory Cell ပေါင်း (၆၄) သန်း ပါရှိ ပါသည်။ အသုံးပြုထားသော Capcitor များမှာ အလွန်သေးငယ်သောကြောင့် လျှပ်စစ်ဓါတ်အား သိုလှောင်နိုင်စွမ်း မရှိသဖြင့် အချိန်တိုတိုတွင် Discharge ဖြစ်သွားမည် ဖြစ်သည်။ထို့ကြောင့် Data များကို ပုံမှန် Recharge လုပ်ပေးနိုင်ရန် Refresh Circuit တစ်ခု လိုအပ်သည်။ ၎င်း Circuit မှ တစ်စက္ကန့်လျှင် Recharge လုပ်မည့် အကြိမ်ပေါ်မူတည်၍ Refresh Speed ကို သတ်မှတ်နိုင်သည်။ DRAM အများစုကို SIMM ( Single In Line Memory Module) ဖြင့် ဖော်ပြလေ့ ရှိသည်။ 30 pin SIMM နှင့် 72 pin SIMM

ဟူ၍ Package (၂) မျိုးရှိသည်။ DRAM SIMM များ၏ သိုလှောင်နိုင်မှုမှာ 8MB၊ 16 MB နှင့် 32MB အထိရှိပြီး 60ns၊ 70ns Speed များ ဖြင့် လုပ်ဆောင်နိုင်ပါသည်။

Main Memory(RAM)သည် CPU မှ Processor လုပ်ရန် လိုအပ်သည့် Information များ အားလုံးကို သိုလှောင်ထားရပါသည်။ ထို့ကြောင့် CPU များ ပိုမိုလျှင်မြန်စွာ လုပ်ဆောင်နိုင်ရန် CPU နှင့် Memory တို့အကြား Data များ သယ်ဆောင်ရန် ကြာမြင့်ချိန်သည် အလွန်အရေးပါသည်။ SDRAM ကို အဓိကအားဖြင့် 66MHz ၊ 100MHz ၊ 133MHz ဟူ၍ Speed သုံးမျိုးဖြင့် ထုတ်လုပ်ထားပြီး Motherboard များတွင် တပ်ဆင် အသုံးပြုလျက် ရှိပါသည်။ SDRAM များကို DIMM ပုံစံဖြင့် တည်ဆောက်ထားပြီး Module တစ်ခု ၏ အရှေ့ဖက်ခြမ်းတွင် 84 pin နှင့် အနောက်ဖက်ခြမ်းတွင် 84 pin (စုစုပေါင်း 168 pin) ပါရှိပြီး ရှေ့ခြမ်းနှင့် နောက်ခြမ်းမှာ အချင်းချင်း ဆက်သွယ်မှု မရှိကြပါ။ အကယ်၍ ကွန်ပျူတာတွင် SDRAM အား အသုံးပြုမည် ဆိုပါက Motherboard ပေါ်တွင် 168 pin DIMM Slot များသာ ပါရှိမည်။၄င်းသည် Processor ၏ External Data Bus ကဲ့သို့ပင် တစ်ကြိမ်လျှင် 64 bit Data အပို့အယူ လုပ်နိုင်ပါသည်။

**771 SDSL ( Symmetric Digital Subscriber Line )**

SDSL သည် တယ်လီဖုန်းလိုင်း (၁) လိုင်းတည်းဖြင့် HDSL မှ ပေးနိုင်သော အခြေခံ အမြန်နှုန်း 1544Kbps ကို ရရှိနိုင်ရန် ဆောင်ရွက်ထားသော နည်းပညာဖြစ်ပါသည်။ SDSL တွင် 3088Kbps အမြန်နှုန်းအထိ ဒေတာပေးပို့နိုင်ပါသည်။

**772 SE ( Search Engine )**

Web အခြေခံထားသည့်စနစ်တစ်ခုဖြစ်ပါသည်။ဝက်ဘ်ပေါ်တွင် သတင်းအချက်အလက်များကို ရှာဖွေပေးသော ဆော့ဖ်ဝဲ ဖြစ်ပါသည်။ အချို့သော Search Engine များ သည် အခြားစနစ် များ အကြောင်းအရာများနှင့် တီထွင်ထားသည့် Database အပေါ်များပေါ်တွင် အလိုအလျောက် ရှာဖွေမှု ပြုလုပ် သွားကြပါသည်။ အခြား Search Engine များသည် Database တွင် ရေးထည့်ရန် ကိုယ်တိုင် ပြုလုပ်ရပါသည်။ အချို့မှာ နှစ်မျိုးစလုံး ကိုင်တွယ်ဖြေရှင်းရပါသည်။

**773 Security**

Security ဆိုသည်မှာ အများအားဖြင့် အချက်အလက်ဒေတာများ လုံခြုံမှုကို ရည်ညွှန်းလေ့ရှိသည်။ Password များသုံး၍ ဝင်ရောက်ကြည့်ရှုခွင့်ကို ကန့်သတ်ခြင်း (သို့မဟုတ်) ဖိုင်များကို လုံခြုံစွာထားရှိခြင်းနှင့် သေချာစွာ ပုံမှန် Backup ပြုလုပ်ခြင်းကို ဆိုလိုသည်။

**774 Semiconductor**

လျှပ်ကူးပစ္စည်းနှင့် လျှပ်ကာပစ္စည်းများအကြားရှိ ခုခံမှု သတ္တိရှိသော သတ္တုတစ်မျိုးဖြစ် ပြီး တစ်ပိုင်းလျှပ်ကူးပစ္စည်းဟု ခေါ်ပါသည်။ အဆိုပါတစ်ပိုင်းလျှပ်ကူးပစ္စည်းများဖြင့် ပြုလုပ်ထားသော ပစ္စည်းများမှာထရန်စစ္စတာ ၊ ဒိုင်အုတ် ၊ အလင်းဆဲလ်များနှင့် အိုင်စီ( Integrated Circuits ) စသည်တို့ ဖြစ်ကြပါသည်။

**775 Serial Input/ Output**

ဒေတာ ထုတ်လွှင့်မှု( Data Transmission ) တွင်ဝိုင်ယာကြိုးတစ်ချောင်းပေါ်မှ bits များ ကို တစ်ခုချင်းစီ ပို့လွှတ် ထုတ်လွှင့်မှုကို Serial Input/Output ဟု ခေါ်ဆိုပါသည်။

**776 SET ( Satellite Earth Terminal )**

ကမ္ဘာမြေကြီးနှင့် ဂြိုဟ်တု (Satellite) အကြားရှိဖမ်းယူမှု ၊ထုတ်လွှင့်မှုများကို ဆက်သွယ်ပေးသည့် Satellite Link ဆက်သွယ်မှုအစိတ်အပိုင်းကို Satellite Earth Terminal ဟု ခေါ်ပါသည်။

**777 SF ( Service Frame )**

ဝန်ဆောင်မှုအချက်အလက်များ ပါဝင်သော Frame ဖြစ်ပြီး အဆိုပါ Frame သည် Ethernet Grame ဖြစ်ပြီး ဝန်ဆောင်မှုပေးသူက ကွန်ရက်မှ တစ်ဆင့်သုံးစွဲသူ ကြားခံကို ဖြတ်ပြီး သုံးစွဲမည့်သူထံသို့ လွှင့်ထုတ်ပေးမည် ဖြစ်ပါသည်။

**778 SF ( Subsonic Frequency )**

လူ၏ နားနှင့် ကြားနိုင်သောကြိမ်နှုန်း (Frequency) အတိုင်းအတာပမာဏအောက် နိမ့်သော တန်ဖိုး ရှိ ကြိမ်နှုန်းကို Subsonic Frequency ဟု ခေါ်ဆိုပါသည်။ ဥပမာ 20Hz အောက်နိမ့်သော Frequency များကို ဆိုလိုပါသည်။

**779 SF ( Swap File )**

ကွန်ပျူတာမှတ်ဉာဏ်ပေါ်တွင် လက်ရှိ အသုံးပြုနေသောပရိုဂရမ်တစ်ခု သို့မဟုတ် ပရိုဂရမ် အစိတ်အပိုင်းတစ်ခုကို ယာယီ သိမ်းဆည်းထားနိုင်သော ဖိုင်ဖြစ်ပြီး အခြား အရေးကြီးသော လုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန်အတွက် မှတ်ဉာဏ် နေရာလွတ်များ ရှင်းလင်း ပေးခြင်း ဖြစ်သည်။ Swap File များသည် ဟာ့ဒ်ဒစ်ထဲတွင်ရှိပြီး ယာယီ သို့မဟုတ် အမြဲတမ်း သိမ်းဆည်းထားသော ဖိုင်များ ဖြစ်သည်။

**780 SG ( Signalling Gateway )**

PSTN ( Public Switch Telephone Network ) နှင့် Internet Protocol ကြားတွင် TDM ( Time Division Multiplex ) Signal မှ IP Signal သို့ လည်းကောင်း ၊ IP Signal မှ TDM Signal သို့ လည်းကောင်း ပြောင်းလဲပေးသည့် Gateway ဖြစ်ပါ သည်။

**781 SGSN ( Serving GPRS Support Node )**

SGSN ( Serving GPRS Support Node ) သည် Serving Area တစ်ခု အတွင်းရှိ MS (Mobile Stations) တစ်ခုမှ (သို့မဟုတ်) တစ်ခုသို့ Data Packets များကို အပို့/ အယူ လုပ်ပေးရန် တာဝန်ယူပေးသော အပိုင်း ဖြစ်သည်။ ၄င်းတာဝန်များမှာ Packet များ အတွက် Routing ရှာဖွေပေးခြင်း ၊ Packet များကို Transfer လုပ်ပေးခြင်း ၊ Mobility Management များကို Attach တွဲချိတ် ပေးခြင်း ၊ Detach ဖြုတ်ပေးခြင်းနှင့် Location Management လုပ်ပေးခြင်းတို့ ဖြစ်သည်။ ထို့အပြင် Logical Link Management ၊ Authentication နှင့် Charging Function များလည်း ပါဝင် လုပ်ဆောင် ပေးမည်။ ၄င်း SGSN ထဲရှိ Location Register ထဲတွင် Location Information များ ဖြစ်သော လက်ရှိ

အသုံးပြုလျက်ရှိသော Current Cell၊ Current VLR တို့၏ Information များကို ရှင်းထားပေးသည့် Location Register လည်း ပါဝင်သည်။ ထို့အပြင် User Profiles များဖြစ်သည့် MSI၊ Address တို့လည်း မှတ်သားပေးနိုင်သည်။

**782 Shareware**

Shareware ဆိုသည်မှာ စမ်းသပ်ကာလတွင် အခမဲ့ရရှိနိုင်သော ကွန်ပျူတာ ဆော့ဖ်ဝဲများကို ဆိုလိုပါသည်။ Shareware များတွင် အများအားဖြင့် မူလဆော့ဖ်ဝဲ၏ Function များ အပြည့်အစုံ မပါရှိတတ်ပေ။ Shareware များ၏ ရည်ရွယ်ချက်မှာ ပရိုဂရမ် တစ်ခုအား စမ်းသပ်သုံးစွဲပြီး အသုံးဝင်မှုရှိပါက ၄င်းဆော့ဖ်ဝဲ အပြည့်အစုံကို ဝယ်ယူနိုင်စေရန် နမူနာသဘော သုံးစွဲစေခြင်းသာ ဖြစ်ပါသည်။

**783 SHDSL (Symmetric High-bit-rate Digital Subscriber Line )**

SHDSL သည် SHSK နှင့် SDSL နည်းပညာ(၂)ခုလုံးကို တိုးတက်အောင် ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ SHDSL တွင် တယ်လီဖုန်းလိုင်း တစ်လိုင်းတည်းဖြင့် 192K bps မှ 2320 Kbps အမြန်နှုန်း အထိ ဒေတာ ပေးပို့နိုင်ပါသည်။

**784 SIBB ( Service Independent Building Block )**

ကွန်ပျူတာတယ်လီဖုန်းပိုင်းဆိုင်ရာ နည်းပညာ ဝန်ဆောင်မှုသစ်များ ရနိုင်ရန် ဆော့ဖ်ဝဲ မော်ကျူးများ အတူ ပေါင်းထည့်ထားခြင်းကို ခေါ်ပါသည်။

**785 SIGTRAN Standards**

IP ကွန်ရက်ပေါ်တွင် Signaling ချိတ်ဆက်မှု ၊ သယ်ယူပို့ဆောင်မှုများကို ထောက်ပံ့ပေးနိုင်သည့် စည်းမျဉ်းစည်းကမ်း (Protocols) နှင့် တည်ဆောက်မှုပုံစံကို သတ်မှတ်ထားသော စံချိန်စံနှုန်းများဖြစ်သည်။

**786 SIM Card ( Subscriber Identity Module Card )**

အီလက်ထရွန်နစ်နည်းဖြင့် ဖန်တီးထားသည့် တယ်လီဖုန်း သုံးစွဲသူမှတ်ပုံတင်ကဒ် ဖြစ်ပါသည်။ ယင်းအီလက်ထရွန်နစ် မှတ်ပုံတင်ကဒ် မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြု၍ သုံးစွဲသူ တစ်ဦးချင်းစီအတွက်သီးခြားစီရှိပြီး ၊သုံးစွဲသူ၏ကိုယ်ရေးအချက်အလက်များကို ထည့်သွင်းမှတ်တမ်းတင် ထားပါသည်။

**787 SIP Phone ( Session Initiated Protocol phone )**

SIP phone ဆိုသည်မှာ SIP ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ၄င်းမှ SIP ကို အခြေခံထားသော VoIP ကွန်ရက်မှနေ၍ အခမဲ့ဖုန်းပြောဆိုနိုင်ရန် စီစဉ်ပေးထားပါသည်။SIP ဖုန်း အသုံးပြုရန်မှာ SIP Phone Adaptor တစ်ခု(သို့မဟုတ်) Softphone Software နှင့် Broadband အင်တာနက် ဆက်သွယ်မှုရှိရမည် ဖြစ်သည်။ ကွန်ရက်တွင်း (SIP to SIP) အခမဲ့ ခေါ်ဆိုမှုများ ပြုလုပ်လိုလျှင် နှစ်ဘက်စလုံးတွင် SIP Phone Adaptor (သို့မဟုတ်)Softphone မဖြစ်မနေ ရှိရပါမည်။ ဈေးနှုန်း အထူးသက်သာရန်အတွက် SIP Phone ဖြင့် SIP Phone မဟုတ်သော (PSTN) များသို့ ခေါ်ဆိုလိုပါက SIP Minutes ရှိရမည် ဖြစ်သည်။

**788 SIP ( Session Initation Protocol )**

SIP ဆိုသည်မှာ Internet Engineering Task Force (IETF ) မှ သတ်မှတ်ထားသော Protocol ဖြစ်သည်။ ဗီဒီယို ( video )၊ အသံ ( voice )၊ chat၊ ဂိမ်းကစားခြင်း တို့တွင် Interactive user session ပြုလုပ်ရာ၌ သုံးသည့် protocol ဖြစ်သည်။ SIP သည် HTTP ကဲ့သို့ OSI ( Open System Interconnection ) model ၏ Application Layer တွင် အလုပ် လုပ်သည်။ SIP မှ အင်တာနက် တယ်လီဖုန်း စတင် ခေါ်ဆိုနိုင်ခြင်း၊ ပြုပြင်ဖန်တီးပေးခြင်းနှင့် ခေါ်ဆိုမှု အဆုံးသတ်ခြင်းတို့ကို လုပ်ဆောင် ပေးနိုင်ပါ သည်။

**789 SIP ( Session Initiation Protocol )**

IETF (Internet Engineering Task Force) က သတ်မှတ်ထားသော Signaling Protocol တစ်ခုဖြစ်ပြီး IP ပေါ်မှ အသံနှင့် အရုပ်ခေါ်ဆိုမှု (Voice and Video Calls) စသည့် မာတီမီဒီယာဆက်သွယ်ရေးကဏ္ဍများကို ထိန်းချုပ်ရန်အတွက် ကျယ်ပြန့်စွာ အသုံးပြုခြင်းခံခဲ့ရသည်။ တစ်ခု (သို့မဟုတ်) များစွာသော Media Stream များ ပါဝင်သည့် နေရာနှစ်နေရာ (သို့မဟုတ်) နေရာများစွာကိုဖန်တီးခြင်း ၊ ပြုပြင်ခြင်းနှင့် အဆုံးသတ်ခြင်း များအတွက် SIP ကို အသုံးပြုနိုင်သည်။ SIP သည် ၁၉၉၆ ခုနှစ်မှ စတင်၍ Henning Schulzrinne နှင့် Mark Handley တို့မှ စတင် တီထွင် အသုံးပြုခဲ့သည်။ IETF အဖွဲ့မှ RFC 3261 သည် စံသတ်မှတ်မှု၏ နောက်ဆုံး ပြောင်းလဲမှုဖြစ်သည်။ ၂၀၀၀ပြည့်နှစ်နိုဝင်ဘာလတွင် SIP ကို 3GPP Signaling Protocol နှင့် Cellular System များတွင် IP အခြေခံ Multimedia Service များ အတွက် IMS ( IP Multimedia Subsystem ) တည်ဆောက်ပုံ၏ အမြဲတမ်းအဖွဲ့ဝင်အဖြစ် လက်ခံခဲ့ သည်။

**790 SLA ( Service Level Aggrement )**

ဝန်ဆောင်မှုအဆင့် သဘောတူညီမှု ဆိုသည်မှာ ကွန်ရက်သုံးစွဲသူနှင့် ကွန်ရက်ဝန်ဆောင်မှု ပေးသူများအကြား သဘောတူညီမှုပင်ဖြစ်ပါသည်။ အဆိုပါ သဘောတူညီမှုသည် မည်သည့် ဝန်ဆောင်မှု အဆင့် ကို ဆောင်ရွက်ပေးမည်ဆိုသည့် စီးပွားရေး ငွေကြေးဆိုင်ရာ သဘောတူညီမှုပင် ဖြစ်ပါသည်။

**791 SLEE ( Service Logic Execution Environment )**

Signal Control Pointထဲကလုပ်ငန်းလုပ်ဆောင်သော အုပ်စုဖြစ်ပြီး ၎င်းတွင် Service Logic နှင့်ထိန်းချုပ်မှု (Control)အချက်အလက်စီမံမှု (Information Management၊ Automatic Message Accounting) နှင့် လုပ်ဆောင်မှုဆိုင်ရာ အပိုင်းတို့ ပါဝင်ပါသည်။

**792 SM ( Stastical Multiplexing )**

ပို့လွှတ်မည့် ဒေတာပမာဏအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်အရ ခေါ်ဆိုမှုအမြောက်အများအား လိုင်းတစ်ခုတည်းပေါ်တွင် ပေါင်းစပ်ပေးသော နည်းလမ်းဖြစ်ပါသည်။ ဥပမာအားဖြင့် သုံးစွဲသူ တစ်ယောက်သည် ညနေ (၅း၀၀)နာရီ အချိန်ခန့်တွင် ဒေတာအမြောက်အများ ပို့လွှတ်ပြီး ကျန်အချိန်များ တွင်ဒေတာအနည်းငယ်သာ ပို့လွှတ်ခဲ့မည်ဆိုပါလျှင် လိုင်း၏ Multiplexing Scheme တစ်ခုလုံးတွင် ဦးစားပေး အစီအစဉ် အနိမ့်

တွင်( Low Priority ) သတ်မှတ်ပေးထားမည် ဖြစ်ပြီး ည (၅:၀၀) နာရီ အချိန်၌မြင့်မားစွာ ဦးစားပေး သတ်မှတ်ခံရမည် ဖြစ်ပါသည်။

**793 SMATV ( Satellite Master Antenna System )**

SMATV စနစ်သည် MATV စနစ်တွင် ဂြိုဟ်တု မြေပြင်စခန်းတစ်ခုကို ထပ်မံ ဆက်သွယ်စေပြီး ၊ ဂြိုဟ်တုတယ်လီဗီရှင်း အစီအစဉ်များကိုပါ ကြည့်ရှုနိုင်သော စနစ်ဖြစ်သည်။

**794 Smishing**

Smishing သည် SMS ( Short Message Service ) နှင့် အီးမေးတို့ဖြင့် ချဲ့ထွင်သရုပ်ဖော်ခြင်းနှင့် အဆင်သင့် Message ပို့နိုင်သည့် Phising တို့ ပူးပေါင်း အသုံးပြုထားသည့် နည်းပညာ ဖြစ်ပါသည်။ သို့သော် မရိုးသားသော သတင်းများကို ပို့ရာတွင် အီးမေးလ်ထက် SMS ကို ပိုမို အသုံးပြုကြပါသည်။

Smishing ၏ အဓိကရည်ရွယ်ချက်မှာ လူထု၏ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းထားရန်ဖြစ်ပါသည်။ Smishing သုံးစွဲသူများသည် လက်ခံသူများ သတိထားကာ သိမ်းဆည်းရန် ရေးဆွဲထားသည့်သတင်းများစွာကိုပို့လွှတ်ကြပါသည်။ တစ်ချို့သည် ချိန်းခြောက်သည့် သတင်းများ ဖြစ်ကြပါသည်။ဥပမာ URL သို့ဝင်ရောက်ပါက (၅) ဒေါ်လာ ပေးဆောင်ရမည်ဟူသောတားမြစ်ချက် မျိုးဖြစ်ပါသည်။ တစ်ချို့မှာအတုအပများစီစဉ် မက်လုံးပေးကြပါသည်။ ဥပမာအားဖြင့် သင်သည် အခမဲ့ ဝင်ခွင့်ကတ်ကို ချီးမြှင့်ခံရပြီး ဖြစ်၍ သင်၏ ဆုကြေးကို ဤဝက်ဘ်ဆိုက် ထဲဝင်ပြီး တောင်းဆို နိုင်ပါသည် စသဖြင့် တွေ့နိုင်ပါသည်။ တစ်ချို့မှာ သင်သည် အချက်အလက် စာသားထဲရှိ Link တစ်ခု ထဲတွင် ကလစ်ခေါက်က လည်လိမ်ထားသည့် ဝက်ဘ်ဆိုက် တစ်ခုထဲ ရောက်ရှိသွားပါလျှင် သင်၏ ကိုယ်ရေးအချက်များ ဖြည့်ရန် မေးခွန်းများ မေးပေလိမ့်မည်။ ဥပမာအားဖြင့် သင်၏ အမည် လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ် လိပ်စာတို့ ဖြစ်ပါသည်။ တစ်ချို့ Smishing ဝက်ဘ်ဆိုက် က သင်၏ ဘဏ်လိပ်စာ အချက်အလက်(သို့မဟုတ်)လူမှုရေး၊ လုံခြုံရေးနံပါတ် များ မေးကြလိမ့်မည် ဖြစ်ပါသည်။ စမတ် ဖုန်းများတွင် Smishing သည် ယခုအခါ သာမန်အားဖြင့် တိုးတက်ပြီးကျယ်ပြန့်စွာ သုံးနေကြပါသည်။ စမတ်ဖုန်း အများစုသည် ကိုယ်ပိုင်ဖုန်း၏ Browser တွင် ဝက်ဘ်ဆိုက် ဝင်ကြည့်ရာ၌ အချက်အလက်များတွင် Link ကို လွယ်ကူစွာဖြင့် ကလစ်ခေါက်နိုင်ရန် စီစစ် ထားသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် ဝက်ဘ်ဆိုက်များသို့ သုံးစွဲသူများအား မက်လုံးများကို မယုံသင်္ကာ မဖြစ်စေရန် ပြုလုပ်ထားပါသဖြင့် ထိရောက်စွာ ငါးစာချသည် ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် အီးမေးလ်စပမ်း(Spam) ကို လက်ခံသည့်အခါ မသိသည့် လမ်းကြောင်းမှ အချက်အလက်များတွင် ပါရှိသည့် ဝက်ဘ်ဆိုက်များထဲတွင် မဝင်ရောက်ခြင်းသည် အကောင်းဆုံး ဖြစ်ပါ သည်။

**795 SMPP (Short Message Peer-to-peer Protocol )**

SMPP သည် အင်တာနက်ပေါ်တွင် (SMS) စာသားပေးပို့ခြင်းအတွက် ထားရှိသော Industry Standard Protocol ဖြစ်သည်။ အမျိုးမျိုးသော SMS ဝန်ဆောင်မှုများ ပေးနိုင်ရန် အလို့ငှာ Third-party အနေဖြင့် SMS စင်တာနှင့် ချိတ်ဆက်ရာတွင် SMPP ကို အသုံး

ပြုကြသည်။ SMS စင်တာ Gateway များနှင့် လမ်းကြောင်း ချိတ်ဆက်ရာတွင်လည်း အသုံးပြုပါသည်။

**796 SMS (Service Management System)**

SMS က သုံးစွဲသူများအား ခေတ်နှင့်လိုက်လျောညီထွေဖြစ်မည့် သတင်းအချက်အလက်များ၊ Billing နှင့် စီမံခန့်ခွဲမှုများအတွက် ဝန်ဆောင်မှုများကို အချိန်နှင့် တစ်ပြေးညီ ဖြစ်အောင် ဆောင်ရွက် ပေးပါသည်။

**797 SMSC (Short Message Service Centre)**

ကြိုးမဲ့ကွန်ရက်၏ SMS လုပ်ငန်းများအတွက် သွားရာလမ်းကြောင်း သတ်မှတ် ထိန်းချုပ်ပေးရန်မှာ SMS Centre ၏ တာဝန်ဖြစ်ပါသည်။ မိုဘိုင်းဖုန်းမှ SMS Message တစ်ခု ပို့လိုက် ပါက SMS Centre ဆီသို့ ဦးစွာရောက်ရှိမည် ဖြစ်ပြီး ထိုမှတစ်ဆင့် လက်ခံ မည့်သူထံ ရောက်ရှိပါမည်။ လက်ခံမည့်သူ ဘက်မှ အဆင်မပြေသေးလျှင် SMSC များ အတွက် SMS Message များကို သိမ်းထားပေးရပါမည်။

**798 SNA (System Network Architecture)**

System Network Architecture ဆိုသည်မှာ IBM ( International Business Machines ) မှ ဆောင်ရွက်ထားသော ကွန်ရက် ပရိုတိုကောလ်အစုကို ခေါ်ပါသည်။ ၁၉၇၄ ခုနှစ် တွင် IBM ၏ Mainframe ကွန်ပျူတာများ အတွက် ဒီဇိုင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ SNA သည် Peer-to-peer ကွန်ရက်၏ Workstation များကိုလည်း ထောက်ပံ့ပေးနိုင်သည်။

**799 SNG (Satellite News Gathering)**

သတင်းရရှိနိုင်သော ဒေသအသီးသီးမှနေ၍ ဂြိုဟ်တု ဆက်သွယ်ရေးစနစ် အသုံးပြု၍ သတင်း များကို တိုက်ရိုက်ပေးပို့ခြင်း စနစ်ဖြစ်ပြီး ၊ ဂြိုဟ်တုသို့ ထုတ်လွှင့်ပေးသော စက်များကို မော်တော်ယာဉ်ပေါ်မှ အသုံးပြုခြင်း (သို့မဟုတ်) ပြောင်းရွှေ့နိုင်အောင် ပြုလုပ်ထားခြင်းဖြင့် ၊ သတင်းများကို စုဆောင်းသော စနစ် ဖြစ်သည်။

**800 Sniffer**

ကွန်ရက်အတွင်း ပေးပို့သော၊ အချက်အလက်များကို ပေးပို့သော လမ်းကြောင်း တစ်လျှောက် ကြားဖြတ်၍ စုံစမ်းစစ်ဆေးပေးသော ၊ ကွန်ရက် လမ်းကြောင်းပိတ်ဆို့မှုနှင့် ပြဿနာများကို ရှာဖွေပေးသော ပရိုဂရမ် ဖြစ်ပါသည်။ တစ်စုံတစ်ခုသော အကြောင်းအရာ၊ Password များ ကို ရှာဖွေရာ တွင်လည်း အသုံးပြုသည်။

**801 SNIR (Signal to Noise + Interference Ratio)**

Signal-to-Noise+Interference Ratio ဆိုသည်မှာ ထုတ်လွှင့်မှုမှ ဖမ်းယူရရှိသည့် အသုံးဝင်သော Signal ကို မလိုလားအပ်သည့် ဆူညံသံ (Noise) နှင့် အခြားချန်နယ်တူ များမှ နှောင့်ယှက်မှု (Interference) နှစ်ခုပေါင်းခြင်းနှင့် အချိုးချထားခြင်း ဖြစ်သည်။ ထုတ်လွှင့်မှု အရည်အသွေးကို တိုင်းတာရာတွင် အသုံးပြုသည်။ ထုတ်လွှင့်မှုလိုင်းပေါ်တွင် လိုချင်သည့် Data Signal နှင့် မလိုချင်သည့် ( ဆူညံသံ+ နှောင့်ယှက်မှု ) အချိုးကို dB ( Decibel ) ဖြင့်

ဖော်ပြသည်။

**802 SNMP ( Simple Network Management )**

SNMP (Simple Network Management Protocol ) သည် Protocol တစ်ခု ဖြစ်ပြီး TCP /IP Network နှင့် ချိတ်ဆက် အသုံးပြုမည့် စက်ပစ္စည်း များအတွက် စံသတ်မှတ်ထားခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် Routers ၊ Hubs နှင့် Switches များ စသည့် စက်ပစ္စည်းများ ဖြစ်ပါသည်။

**803 SNP ( Social Networking Policy )**

အလုပ်သမားများအတွက် လမ်းညွှန်မှုပြုရန် ကြိုးကြပ် စီစဉ်ထားသည့် ကုတ် (Code) ဖြစ်ပြီး အလုပ်သမားများသည် သူတို့၏ အလုပ်အပိုင်းများ (သို့မဟုတ်) ရိုးရိုးသာမန်လူ တစ်ဦးတစ်ယောက်အဖြစ် အင်တာနက်ပေါ်တွင် ပါသည့် အကြောင်းအရာများကို အပို့/အယူ လုပ်ကြပါသည်။

**804 SNR ( Signal to Noise Ratio )**

အရုပ်(သို့မဟုတ်) အသံတို့၏ Signal Level နှင့် Noise Level တို့ အချိုးကျ ဆက်စပ်မှုကို SNR (Signal to Noise Ratio) ဟု ခေါ်ပါသည်။ သတ်မှတ်ထားသော Bandwidth တစ်ခုအတွင်းရှိ Signal Power နှင့် Noise Power တို့၏ အချိုးကို (dBW) ဖြင့် ဖော်ပြလေ့ရှိပါသည်။

**805 SO ( Solar Outage )**

မြေပြင်စခန်းမှ အသုံးပြုသော Antenna မှ ဂြိုဟ်တုသို့ ဦးတည်ချိန်ထားရာတွင် Antenna မှ မြင်ရသော စက်ကွင်းအတွင်း ရှိနေသည့် ဂြိုဟ်တု၏ အနောက်တည့်တည့် သို့မဟုတ် ဂြိုဟ်တုအနားမှ ဖြတ်သွားသကဲ့သို့ တည်ရှိသည်ကို မြင်တွေ့ရသော အချိန်အပိုင်းအခြားတွင် နေရောင်ခြည်ကြောင့် လိုင်းပြတ်တောက်မှု ဖြစ်ပေါ်ရပါသည်။ ယင်းကဲ့သို့ နေရောင်ခြည် နှောင့်ယှက်မှုကြောင့် လိုင်းပြတ်တောက်မည့် အချိန်ကို မြေပြင်စခန်း တစ်ခုစီအတွက် အသေအချာ ခန့်မှန်းထားနိုင်ပါသည်။

**806 SOAP( Simple Object Access Protocol )**

SOAP သည် Simple Object Access Protocol ဖြစ်ပါသည်။ Client-Server ဆက်သွယ်မှု ပြုလုပ်ရာတွင် HTTP မှ အစပြုပြီး သတင်းအချက်အလက်များ အပို့/အယူတွင် အသုံးပြုသော Protocol ဖြစ်ပါသည်။ ဒေတာများ အပို့/အယူကို SOAP ဖြင့် အသုံးပြုနိုင်ရန် သီးခြား XML Format ဖြင့် အဓိက ဒီဇိုင်းရေးဆွဲထား ပါသည်။ SOAP သည် XMLRPC Protocol နှင့် ဆင်သော်လည်း Client နှင့် Server ကြားတွင် ရှုတ်ထွေးလှသော ဒေတာများကို ပို့ဆောင်ရာတွင် အထူးစီမံခန့်ခွဲပေးနိုင်သည်။ SOAP သည် XMLRPC နောက်မှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ မိုက္ကရိုဆော့ဖ်၏ Dot Net စနစ်သည် SOAP ပေါ်တွင် ကျယ်ပြန့်စွာ အခြေခံထားပါသည်။

**807 Softswitch**

MGC အသုံးပြုထားသော VoIP တည်ဆောက်မှုကို Softswitch ဟု ခေါ်သည်။ Soft

switch တည်ဆောက်မှု၏ အကျိုးကျေးဇူးများမှာ MGW များအား အလွယ်တကူ ထိန်းသိမ်း ပြုပြင်နိုင်ခြင်းနှင့် Softswitch အော်ပရေတာသည် ထိန်းချုပ်မှု (Control) အားလုံးကို ဆက် လက် ထိန်းသိမ်းနိုင်ခြင်းဖြစ်သည်။ ဆိုးကျိုးမှာ Softswitch တည်ဆောက်ပုံများသည် လိုက် လျောညီထွေမှုမရှိခြင်းပင် ဖြစ်သည်။ MGC တစ်ခုသည် စွမ်းဆောင် ရည်ပြည့်ဝရန် လိုအပ် သောကြောင့် မြင့်မားသော စွမ်းဆောင်မှု ရရှိနိုင်သည့် MGC များ သည် ဈေးကြီးလှသည်။




Softswitch တည်ဆောက်ပုံ

**808 SONET/SDH (Synchronous Optical Network/Synchronous Digital Hierarchy )**

SONET သည် Synchronous Optical Network ဖြစ်ပြီး အလင်းတန်း ပို့လွှတ်နိုင် သော ကြိုးမျှင် ပေါ်တွင် သတင်း အချက်အလက်ကို လွှင့်ထုတ်ပေးနိုင်မှုအတွက် အသုံးပြု နိုင်သော ANSI (North American) စံသတ်မှတ်မှု ဖြစ်ပါသည်။

SDH သည် Synchronous Digital Hierarchy ဖြစ်ပြီး အလင်းတင် ပို့လွှတ်နိုင်သော ကြိုးမျှင်ပေါ်တွင် သတင်း အချက်အလက်ကို လွှင့်ထုတ်ပေးနိုင်မှုအတွက် အသုံးပြု နိုင်သော ITU-T (European) စံသတ်မှတ်မှု ဖြစ်ပါသည်။

**809 SP ( Smart Phone )**

အဆင့်မြင့်အင်္ဂါရပ်များနှင့် အဆင့်မြင့်ကီးဘုတ်ပါသောကြိုးမဲ့ဖုန်းများကို စမတ်ဖုန်းဟု ခေါ် ကြပါသည်။ ဖုန်းကို စမတ်ကျကျလိုလေသေးမရှိ ဆောင်ရွက်ပေးနိုင်ပြီး စကားပြောဆက်သွယ် မှုများအပြင် အချက်အလက်ပိုင်းကို ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်နိုင်သော ၄င်း၏ စွမ်းပကား ကြောင့် ဖြစ်ပါသည်။

**810 Spectrum**

အသံ၊ အချက်အလက်နှင့် ရုပ်မြင်သံကြား/ ထုတ်လွှင့်ရာတွင် အသုံးပြုသော လျှပ်စစ် သံလိုက်လှိုင်း ( Electromagnetic ) ရေဒီယိုကြိမ်နှုန်း ( Frequencies ) အတိုင်းအတာ ပမာဏကို Spectrum ဟု ခေါ်ပါသည်။

**811 Spyware**

Spyware များသည် ကွန်ပျူတာပရိုဂရမ်များဖြစ်ပြီး သုံးစွဲသူ၏ သတင်းအချက်အလက်

များ(ဥပမာ—ကြည့်နေကျ ဝက်ဆိုဒ်များ ၊Bank Account နံပါတ်များ၊Password များ) စသည် တို့ကို ရယူရန် ရည်ရွယ် သည်။Spyware များသည်သုံးစွဲသူများမှ ဆော့ဖ်ဝဲများကို Install လုပ်နေစဉ်အတွင်း ဝင်ရောက်လေ့ရှိသည်။ အထူးသဖြင့် အခမဲ့ ရယူနိုင်သော ဆော့ဖ်ဝဲများကို Install လုပ်ခြင်း၊ Web page မှ Pop-up ကြော်ငြာများနှင့် Banners များကို နှိပ်ကြည့်ခြင်း တို့မှ အများဆုံး ဝင်ရောက်နိုင်သည်။ Computer Setting များ ပြောင်းလဲသွားခြင်း၊အင်တာ နက်အမြန်နှုန်း ကျဆင်းခြင်း စသည်တို့သည် Spyware များ ကြောင့် ဖြစ်သည်။

**812 SR ( Sampling Rate )**

Analog Signal တစ်ခု၏ တစ်စက္ကန့်တွင် Samples ယူသည့် အရေအတွက် ပေါင်း ကို Sampling Rate ဟု ခေါ်ပါသည်။ ယူနစ်ကို Hertz (Hz) ဖြင့် ဖော်ပြပါသည်။ CD-Audio အသံများအတွက် အသုံး ပြု သည့် Sampling Rate သည် 44,100 Samples Per Second (သို့မဟုတ်) 44.1 KHz ရှိပါသည်။

**813 SRAM ( Static RAM )**

SRAM များသည် DRAM များထက် အရွယ်အစား ပိုမို ကြီးပြီး အဆပေါင်းများစွာ ပိုမို မြန်ဆန်သောနှုန်းဖြင့် လုပ်ဆောင်နိုင်သည်။ ထို့ပြင် ပါဝါပေးထားသမျှ ကာလပတ်လုံး Refresh လုပ်စရာ မလိုပဲ Data များကို မပျောက်ပျက်အောင် သိုလှောင်သိမ်းဆည်း ထားနိုင် သည်။ သို့သော်ကုန်ကျစရိတ်များပြားခြင်း၊ပါဝါသုံးစွဲမှုများသဖြင့် အပူစွန့်ထုတ်မှု ပိုမိုနိုင်ခြင်း၊ နေရာယူမှုပိုများခြင်း စသည့် အားနည်းချက်များကြောင့် ကွန်ပျူတာ၏ Main Memory အဖြစ် အသုံးမပြုပဲ Cache Memory များအဖြစ် Processor များ အတွင်း တွင် ထည့်သွင်း အသုံးပြုကြသည်။

**814 SRF ( Sampling Rate / Frequency )**

Analog Signal ၏ တစ်စက္ကန့်တွင် သတ်မှတ်ထားသော Sample အရေအတွက်ကို Sampling Rate ဟု ခေါ်ဆိုပြီး ယူနစ်အားဖြင့် ( Hertz ) ဖြင့် ဖော်ပြပါသည်။ Sampling Rate သည် 44.1 KHz ရှိပါသည်။ CD-Audio အသံများတွင် အသုံးပြုပြီး တစ်စက္ကန့် (၄၄,၁၀၀) Samples ဖြင့် ကိုယ်စားပြု ဖော်ပြပါသည်။

**815 SS ( Spin Stabilization )**

ဂြိုဟ်တု တည်ငြိမ်မှု ရရှိစေရန်နှင့် ကမ္ဘာမြေပြင်မှထက် အမြင့် မှန်ကန်မှု ရှိစေရန် ထိန်းကြောင်းခြင်းကို ဆောင်ရွက်ခြင်းပုံစံဖြစ်ပြီး ၊ သတ်မှတ်ထားသော မြန်နှုန်းမြင့် ၊ မိမိ၏ ဝင်ရိုးပေါ်တွင် ဂြိုဟ်တုရေယာဉ်သည် အတိအကျ လှည့်ပတ်နိုင်အောင် ဆောင်ရွက်ခြင်း ကို ခေါ်ပါသည်။

**816 SS ( System Software )**

System Software သည် ဖိုင်နှင့် ပရိုဂရမ်များကို ရည်ရွယ်ပါသည်။ ကွန်ပျူတာများ ၏ Operating System ကို မွမ်းမံထားခြင်း ဖြစ်ပါသည်။ System ဖိုင်များတွင် ဖန်ရှင် များ၏ လုပ်ငန်း အစုအဝေးများ ၊ System ဝန်ဆောင်မှုများ ၊ Printer များအတွက် Driver

များနှင့် အခြား Hardware စိတ်ဝင်စားသည့် System များနှင့် အခြား ဖွဲ့စည်း ထားသည့် ဖိုင်များတို့ ပါဝင်ပါသည်။ ပရိုဂရမ်များသည် System Software ၏ အစိတ် အပိုင်းများ ဖြစ်ပြီး ပစ္စည်း အစိတ်အပိုင်းများ တပ်ဆင်သူများ ၊ ညွှန်ကြားချက် များ ပြောင်းလဲ ပေးသည့် ပရိုဂရမ်များ ၊ ဖိုင် စီမံခန့်ခွဲသည့် အသုံးအဆောင်များ ၊ System အသုံးအဆောင် များနှင့် အပြစ် အနာအဆာ ရှာသူ ( Debuggers ) များ ပါဝင်ကြပါသည်။

သင်၏ ကွန်ပျူတာတွင် Operating System ကို Install လုပ်မည်ဆိုပါက System Software ကို Install လုပ်ရမည်ဖြစ်ပါသည်။ အလုပ်လုပ်နေသော ပရိုဂရမ်များကို ဆော့ဖ်ဝဲ အဆင့်မြှင့်ပေးနိုင်ပါသည်။ ဥပမာ Windows အတွက် Windows Update (သို့မဟုတ်) Mac OSX အတွက်ဆော့ဖ်ဝဲ Update တို့ ဖြစ်ပါသည်။မည်သို့ပင်ဖြစ်စေ System Software ကို နောက်ဆုံးသုံးစွဲသူမှ လုပ်ရမည်ဟု မဆိုလိုပါ။ ဥပမာပြရမည် ဆိုလျှင် သင်သည် သင်၏ Web Browser ကို နေ့တိုင်း အသုံးပြုနေရင်း သင်သည် သေချာသလောက် ပစ္စည်း အစိတ်အပိုင်း တပ်ဆင်သည့် ပရိုဂရမ်ကို အသုံးပြုကြမည် မဟုတ်ပေ။

သင်၏ ကွန်ပျူတာသည် အခြေခံအကျဆုံးအခြေအနေတွင် System Softawre ကို အသုံးပြုနေသေးလျှင် ထိုအခြေအနေကို Low-Level Software ဟု ခေါ်ပါသည်။ သုံးစွဲသူနှင့် Hardware အပြန်အလှန် အသုံးပြုနိုင်ရန် Operating System ကို ကြားခံနယ်စနစ် လုပ်ရန်နှင့်ခွင့်ပြုနိုင်ရန် စွမ်းဆောင်နိုင်ပါသည်။ ၎င်းအားလျော်စွာ နောက်ခံ ( Back ground ) တွင် run နေသည့်တိုင် System Softawre မည်ကဲ့သို့ အလုပ်လုပ်နေသည်ကို စိတ်ပူစရာမလိုပေ။

## 817 SSH ( Secure Shell )

SSH သည် Network နှင့် ချိတ်ဆက်ထားသော ပစ္စည်းကိရိယာ(၂)ခုကြားတွင် Secure Channel တစ်ခုပြုလုပ်လျက် သတင်း အချက်အလက်များ ပြောင်းလဲပေးပို့မှုတွင် အသုံးပြုသော Network Protocol တစ်ခု ဖြစ်သည်။ SSH Protocol ၏ အဓိက Version (၂) ခုမှာ SSH 1 နှင့် SSH 2 တို့ ဖြစ်သည်။ Shell Account များအား ဝင်ရောက် ရယူရန် Linux နှင့် Unix System များကို အဓိက အသုံးပြုလေ့ရှိပြီး SSH သည် လုံခြုံစိတ်ချမှု မရှိသော Remote Shell နှင့် Telnet များအတွက် အစားထိုးအသုံးပြုရန် ရည်ရွယ် ပြုလုပ်ခဲ့သည်။ SSH သည် Packet Analysis လုပ်ရာတွင် လွယ်ကူသော Plaintext များ၌ ထူးထူးခြားခြား Password များ ထည့်ပြီး သတင်းအချက်အလက်များ ပေးပို့နိုင်သည်။ ဤသို့ SSH တွင် အသုံးပြုသော Encryption ကို အင်တာနက်ကဲ့သို့ လုံခြုံမှုမရှိသော Network များတွင် သတင်းအချက်အလက်များအား လုံခြုံ လျင်မြန်စိတ်ချ ပေးပို့နိုင်ရန် ဖန်တီး ပြုလုပ်ခဲ့သည်။

## 818 SSL ( Secure Socket Layer )

SSL ဆိုသည်မှာ လုံခြုံသော ဆော့ကတ်အလွှာ (Secure Socket Layer) ကို ဆိုလိုသည်။ Netscape မှ တီထွင်ထားသော ပရိုဂရမ်အလွှာတစ်ခု ဖြစ်ပြီး ကွန်ရက်တစ်ခု အတွင်း သတင်းအချက်အလက်များ ထုတ်လွှင့်ရာတွင် လုံခြုံမှု ရှိစေရေးအတွက် စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်သည်။ SSL သည် အများသုံးနှင့် ကိုယ်ပိုင်သုံး (Public and Pravite) သော့ချက်စနစ်များ အသုံးပြုပြီး ဒစ်ဂျစ်တယ် သက်သေခံ လက်မှတ် အသုံးပြုခြင်းလည်း ပါဝင်သည်။

**819 SSP ( Service Switching Point )**

SS7 ( Signaling System N0.7 ) ကွန်ရက်ထဲတွင် SSP သည် တယ်လီဖုန်း Central Office Switch ဖြစ်ပြီး ကွန်ရက်နှင့် တွဲဖက်၍ Signaling ပိုင်း ဆောင်ရွက်ပေးရသည်။

**820 SSPA ( Solid State Power Amplifier )**

ထရန်စစ္စတာ ၊ FET ထရန်စစ္စတာတို့ဖြင့် ပြုလုပ်ထားသည့် Amplifier ဖြစ်သည်။ ဂြိုဟ်တု ဆက်သွယ်ရေးစနစ်တွင် ယခင် အသုံးပြုသည့် TWTA (Travelling Wave Tube Amplifier) များ နေရာတွင် အစားထိုး အသုံးပြုမည့် ပစ္စည်းဖြစ်သည်။ အရွယ်အစား သေးပြီး အလေးချိန်လည်း သိသိသာသာ လျော့နည်းပါသည်။

**821 Stationkeeping**

ဂြိုဟ်တု သတ်မှတ်ထားသော ပတ်လည်တွင် အလုပ်လုပ်နိုင် ၊ ထိန်းသိမ်းနိုင်ရန် ဂြိုဟ်တု ကမ္ဘာပတ်လမ်း၏ သတ်မှတ်ထားသော အဝန်းပိုင်းတစ်နေရာ၌ ရှိသော သေတ္တာပုံစံတစ်ခု အတွင်း တည်ရှိနေစေရန် ဝန်ရိုးပတ်လမ်းအား အနည်းငယ် ချိန်ကိုက်ပေးခြင်း လုပ်ငန်းကို ခေါ်ဆိုပါသည်။

**822 StB ( Set-top-Box )**

အဆိုပါ ပစ္စည်း ( Set-top-Box ) တစ်ခုတည်းဖြင့် Signal များကို လက်ခံခြင်း ၊ Programming ဖြင့် Code များကို ပြန်လည်ဖွင့်ခြင်းဖြင့် ရုပ်မြင်သံကြားပေါ်တွင် ပြသ ကြည့်ရှုစေနိုင်သည့် စက်ပစ္စည်းဖြစ်ပါသည်။ ၎င်း Set-top-Box များသည် ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်း အစီအစဉ်များကို လက်ခံရယူနိုင်ပြီး Cable ဖြင့်လည်းကောင်း ၊ ဂြိုဟ်တု ဖြင့်လည်းကောင်း ပို့လွှတ်သည့် အစီအစဉ်များကိုလည်း ကြည့်ရှု ရာတွင် သုံးစွဲနိုင်ပါသည်။

**823 SU ( Subscriber Unit )**

ကြိုးမဲ့ လက်ခံသုံးစွဲသည့် နေရာ ( Wireless Access Point ) မှ တစ်ဆင့် သုံးစွဲသူ၏ နေအိမ် (သို့မဟုတ်) သုံးစွဲသူ၏ ရုံးလုပ်ငန်းရှိရာသို့ မြန်နှုန်းမြင့် အင်တာနက်သုံးစွဲနိုင်စေရန် Broadband Radio တွင် တပ်ဆင်ထား သည့် ကဒ်ကို Subscriber Unit ဟု ခေါ်ဆိုပါ သည်။

**824 Superband**

ရေဒီယိုလှိုင်းနှုန်းခွင် 216MHz မှ 600MHz အတွင်းရှိသော ရေဒီယိုလှိုင်းနှုန်းခွင်ကို Superband ဟု ခေါ်ပါသည်။ Fixed နှင့် Mobile ရေဒီယိုများတွင် အသုံးပြုကြပါသည်။ ကေဘယ်လ်စနစ်အသုံးပြုသော တယ်လီဗီးရှင်းလိုင်းများ ပေးပို့ရာတွင် အသုံးပြုကြပါ သည်။

**825 Surface ( Microsoft Surface Tablet )**

Hardware အသုံးအနှုန်းတစ်ခု ဖြစ်ပါသည်။ Surface သည် Microsoft Tablet Computer များထဲမှ အမျိုးအစားတစ်ခု ဖြစ်ပါသည်။ Surface သည် မိုက္ကရိုဆော့ဖ်မှ တီထွင်ထားသော ပထမဆုံး Tablet အမျိုးအစား ထုတ်ကုန်ဖြစ်လာမည် ဖြစ်ပြီး မိုက္ကရိုဆော့ဖ် အမည်ဖြင့် ရောင်းချခဲ့သည့်ပစ္စည်းဖြစ်ပါသည်။ မိုက္ကရိုဆော့ဖ်သည် ၂၀၁၂ ခုနှစ် ဇွန်လအတွင်း က Surface Tablet အမျိုးအစားနှစ်ခုကို တီထွင် ထုတ်လုပ်ခဲ့ပါသည်။ Microsoft Office

Lean Version သည် ARM Processor ပေါ်တွင် Run စေမည့် Window TR Version နှင့်အတူ Storge အနေဖြင့် ၃၂ (သို့မဟုတ်) ၆၄ Gigabyte ရရှိစေသော Version ဖြစ်ပါသည်။ Surface Pro Version သည် Intel Ivy Bridge Processor ပေါ်တွင် Window 8 Operating System ( Full Version ) အနေဖြင့် ထွက်ပေါ်လာပါလိမ့်မည်။ ၄င်း Pro Version သည် USB 3.0၊ Secure Digital Extended Capacity (SDXD ) Expansion Slot၊ Display Plot ဟု ခေါ်သော Digital Dislplay Interface နှင့် Storage Capacity အနေဖြင့် RT Version ၏ နှစ်ဆပံ့ပိုးပေးနိုင်သောအမျိုးအစားဖြစ်ပါသည်။Surface Tablet များတွင်10.6 inch Display၊ USB Support၊ Dual Wi-0Fi Antenna ၊ Built-in Kick Stand (Tablet)အား အလိုအလျောက် Stand Up ဖြစ်စေနိုင်သော Feature နှင့် Tablet Cover ၏ နှစ်ဆ ကျယ်သော Keyboardတို့ ပါ ဝင် ပါသည်။

**826 SVC ( Switched Virtual Circuit )**

ခေါ်ဆိုသူနှစ်ဦးကြား ယာယီချိတ်ဆက်မှုတစ်ခု ဖြစ်သည်။ ချိတ်ဆက်မှုများကို ခေါ်ဆိုသည့် ကြာချိန်အတိုင်း ချိတ်ဆက်ပေးနိုင်ပြီး ခေါ်ဆိုမှုပြီးဆုံးပါက ၄င်းချိတ်ဆက်မှုကို ဖြုတ်ပေးနိုင်သည်။

**827 SWAP ( Shared Wireless Access Protocol )**

အဆိုပါ Protocol သည် Carrier နှင့် ချိတ်ဆက်လက်ခံသုံးစွဲမှု CSMA (Carrier Sense Multiple Access) နှင့် အချိန်အရ ချိတ်ဆက်လက်ခံသုံးစွဲသော TDMA (Time Division Multiple Access) (၂) ခုကို ပေါင်းထားခြင်း ဖြစ်ပါသည်။ အဆိုပါ Protocol သည် နေအိမ်တွင် ကြိုးမဲ့ဖြင့် စကားသံ နှင့် အချက်အလက် ကွန်ရက်ချိတ်ဆက် မှုအတွက် စံသတ်မှတ်ချက် ဖြစ်ပါသည်။

**828 Symbian**

မိုဘိုင်းဖုန်း ၊PDA အစရှိသည့် မိုဘိုင်း ကိရိယာများအတွက် ဒီဇိုင်းပြုလုပ်ထားသော Operating System ( OS ) ဖြစ်သည်။ Nokia၊ Sony နှင့် Ericsson စသည့် မိုဘိုင်းဖုန်းကုမ္ပဏီ များမှ မူပိုင်ခွင့် ရရှိထားသည့် OS ဖြစ်သည်။

**829 Symbian OS**

Symbian မှ ထုတ်လုပ်ရေးဆွဲပြီး ရောင်းချသော မိုဘိုင်းပစ္စည်းများနှင့် PDA များ အတွင်း ဒီဇိုင်း ပြုလုပ်ထားသော Operating System တစ်ခု ဖြစ်ပါသည်။ ယခင်က ၄င်း OS ကို Nokia မှ S60 User Interface နှင့် လည်းကောင်း ၊ Sony Ericsson မှ UIQ ( User Interface Quartz ) နှင့် လည်းကောင်း တွဲ၍ အသုံးပြုခဲ့သော်လည်း ဂျပန်တွင် ရောင်းချမည့် Handset များအတွက် ဂျပန်မိုဘိုင်းဖုန်း ထုတ်လုပ်သူများမှ ၄င်း Symbian OS ကို အသုံးပြုခဲ့သည်။ Nokia မှ Symbian အား ချဲ့ထွင်ခြင်းနှင့် အတူ လိုက်၍ Symbian OS သည်လည်း Symbian ဖောင်ဒေးရှင်း မှ ပေးမည့် အသွင်သစ် Open Source Product တစ်ခု အဖြစ် ရောက်ရှိ လာမည် ဖြစ်ပါသည်။

**830 Syntax Error**

ပရိုဂရမ်တစ်ခု၏ Source Code ထဲတွင်အမှားတွေ့ရတတ်ပါသည်။ ကွန်ပျူတာ ပရိုဂရမ်များသည် ဝါကျ အထားအသိုများကို ကြပ်မတ်စွာ စက်နားလည်သည့် ဘာသာစကား ဖြင့် မှန်ကန်စွာ ညွှန်ကြားနိုင်သည့် တိုင်အောင် Code ၏ မည်သည့်ကဏ္ဍတွင်မဆို ကွန်ပျူတာ ပရိုဂရမ်ဘာသာစကား၏ အထားအသို လိုက်လျောညီထွေမှု မပြုလုပ်နိုင်ပါက အထားအသို အမှားများကို တွေ့ရှိ နိုင်မည် ဖြစ်ပါသည်။

အမှားများကို ဒေတာလမ်းကြောင်းများထဲတွင် (သို့မဟုတ်) ပရိုဂရမ်များ၏ အယူအဆများတွင် တွေ့ရပါသည်။ Logic Error များနှင့်မတူ။ Syntax Error မှာ အနည်းငယ်သော သဒ္ဒါ အမှားများ ၊ တစ်ခါတစ်ရံ စာလုံး တစ်လုံးချင်းကို ကန့်သတ်ရန်တို့တွင် ဖြစ်တတ်ပါသည်။ ဥပမာ လိုင်းတစ်ခု၏ နောက်ဆုံးတွင် အဖြတ်အရပ်ထားရန် မေ့ခြင်း (သို့မဟုတ်) ဖန်ရှင်တစ်ခု၏ နောက်ဆုံး တွင် ကွင်းပိတ်ထားရန် မေ့ခြင်းတို့သည် Syntax Error ကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။အောက်တွင်ဖော်ပြထားသည့်အတိုင်း PHP Codeတွင် ဒုတိယပိတ်သည့် ကွင်းပိတ်မှာ ဖန်ရှင်တွင်ပိုနေသဖြင့် အထားအသိုမှားခြင်းတွေ့ ရ ပါသည်။

```
function testFunction ( )
{
echo " Just testing.";
}}
```

တစ်ချို့သော ဆော့ဖ်ဝဲ တိုးတက်မှုအတွက် Source Code တွင် Syntax Error ကို အချိန်မှန် စစ်ဆေး စမ်းသပ်ကြပါသည်။ ပရိုဂရမ်ညွှန်ကြားချက်များ ပြောင်းလဲသွားချိန်နှင့် Syntax အမှားဖြစ်ချိန် တို့တွင် စမ်းသပ်မှုပြုလုပ်ကြပါသည်။ Source Code တွင် အနည်းငယ်သော Syntax အမှား ဖြစ်နေသည့် တိုင် အလုပ်လုပ်ပုံကို ကာကွယ်ပြီး အောင်မြင်စွာ ကွန်ပျူတာမှ ညွှန်ကြားမှုများ ပြုလုပ်ပေးလိမ့်မည် ဖြစ်ပါသည်။ ထို့အတူ Script တစ်ခုကို ဘာသာပြန်ဖြင့် run သည့်အခါ အားလုံးပြီးမြောက်ရန် Syntax အမှား က အကာအကွယ်ပေးမည် မဟုတ်ပေ။ အများအားဖြင့် ကွန်ပျူတာမှ ညွှန်ကြားမှု ပြုလုပ်ခြင်းနှင့် ဘာသာပြန်ဆိုခြင်းတို့သည် Syntax အမှား ဖြစ်နေသည့် နေရာ (သို့မဟုတ်) လိုင်း နံပါတ်တို့ကို စီစဉ်ဖော်ပြပေးရမည် ဖြစ်ပါသည်။ သို့မှသာ ပရိုဂရမ်ရေးသူတို့မှာ လွယ်ကူစွာ မြင့်တွေ့ပြီး အမှားကို ပြန်လည် ပြုပြင် နိုင်မည် ဖြစ်ပါသည်။

## Glossary T

### 831 Tampering

လက်ခံမည့်သူ လက်ထဲသို့ မရောက်သေးသော သတင်းအချက်အလက်ကို ပြောင်းလဲ သည် (သို့မဟုတ်) အစားထိုးသည် ၊ ထို့နောက် လက်ခံမည့်သူထံသို့ ပေးပို့ခြင်းကို ဆိုလိုသည်။ ဥပမာ — တစ်စုံတစ်ယောက်သည် ကုန်ပစ္စည်းအမှာစာများကို ပြောင်းလဲခြင်း (သို့မဟုတ်) အမှာစာ ပြင်ဆင် မှာကြား နိုင်ခြင်းကို ဆိုလိုပါသည်။

### 832 Tariff

Tariffs သည် သတ်မှတ်ပြဌာန်း ဆောင်ရွက်နေသည့် ဆက်သွယ်ရေးလုပ်ငန်းများ၏ ဝန်ဆောင်မှုများ ထောက်ပံ့ပေးနိုင်ရန် နှုန်းထားများနှင့် စည်းမျဉ်းစည်းကမ်းများ၏ ဇယား

ပင် ဖြစ်သည်။

**833 TC ( Telecommunications Closet )**

ဆက်သွယ်ရေးဆိုင်ရာ စက်ကိရိယာများ တပ်ဆင်ထားသည့် စခန်းအဆောက်အဦ ဖြစ်ပါသည်။ အဆောက်အဦအတွင်း၌ ကေဘယ်လ် အစသတ်ခြင်း(Cable Terminationများ၊ Cross Connect များကို တွေ့ရှိရမည် ဖြစ်သည်။ Telecommunications Closet (TC) သည် မည်သည့် ကျောထောက်နောက်ခံကေဘယ်လ်၊ မည်သည့် Horizontal ကေဘယ်လ်များ ချိတ်ဆက် တပ်ဆင်ထားကြောင်း ခွဲခြား သိရှိ မှတ်မိနိုင်သည့် စခန်းအဆောက်အဦ ဖြစ်သည်။

**834 TC ( Transmission Channel )**

မတူညီ ၊ကွဲပြားသော နေရာများ အကြားရှိ Signal ထုတ်လွှင့်မှုနှင့် ဖမ်းယူမှုတို့ကို ပြုလုပ် ပေးသော ကြားခံ ( Medium ) ကို Transmission Channel ဟု ခေါ်ပါသည်။

**835 T-DAB and S-DAB**

ပထမတွင် DAB သည် မြေပြင် ကွန်ရက်များတွင် လွှင့်ထုတ်ပေးသော ရေဒီယို အသံလွှင့်စနစ် ဖြစ် ပါသည်။ DAB မှာ ဂြိုဟ်တုပေါ်မှ နေ၍ အသံကို ဒစ်ဂျစ်တယ်စနစ်ဖြင့် လွှင့်ထုတ် ပေးသည့် စနစ်ဖြစ်ပြီး နောင်အနာဂတ်တွင် လွှင့်ထုတ်ပေးမည့် စနစ်ဖြစ်ပါသည်။

**836 TDM**

TDM သည် Time Division Multiplexing ဖြစ်ပါသည်။ Digital Signals များ အတွက် စီစဉ်ပေးသော အခြေခံ နည်းပညာတစ်ခုလည်း ဖြစ်ပါသည်။ ယင်းစနစ်တွင် ဆက်သွယ်ရေးလိုင်း တစ်လိုင်း စီတိုင်းကို Time Slots အရေအတွက်များဖြင့် ခွဲခြားသတ်မှတ် ပြီး Signal များ အကြား Multiplexer မှ စီစဉ်တကျ Switch လုပ်ပေးပါသည်။ Signal တစ်ခုစီသည် သက်ဆိုင်ရာ Time Slots များအရ သယ်ပို့မှု၌ ပါဝင်ခွင့်ရှိပါသည်။

**837 TD-SCDMA(Time Division – Synchronous Code Division Multiple Access)**

TD-SCDMA သည် ဒုတိယမျိုးဆက် 2G ကြိုးမဲ့ ကွန်ရက်မှ တတိယမျိုးဆက်သစ် 3G ကြိုးမဲ့ကွန်ရက်ဆီသို့ ကူးပြောင်းမည့် ကြိုးမဲ့ကွန်ရက် အော်ပရေတာများအတွက် မိုဘိုင်းတယ်လီဖုန်းစံ တစ်ခု ဖြစ်ပါသည်။ TD - SCDMA သည် အချက်အလက်များ ထုတ်လွှင့်မှုပိုင်းတွင် 2 Mbps ထိ ရှိပြီး စကားပြော (သို့မဟုတ်) ဗီဒီယိုဆက်သွယ်မှုကဲ့သို့သော Circuit-switched Data နှင့် အင်တာနက်မှ Packet-Switched Data နှစ်မျိုးလုံးကို ပံ့ပိုးပေးရန် အတွက် ပေါင်းစည်းထားခြင်း ဖြစ်ပါ သည်။သုံးစွဲနေကြ Time Division Multiple Access (TDMA) နှင့် Synchronous-mode Code Division Multiple Access (CDMA) အစိတ်အပိုင်း တို့ကို ပေါင်းစပ်ထားသည့် စံလည်း ဖြစ်ပါသည်။

**838 TDtv**

TDtv ဆိုသည်မှာ မိုဘိုင်းဖုန်းဖန်သားပြင်ပေါ်သို့ ရုပ်မြင်သံကြား ထုတ်လွှင့်နိုင်ရန် အတွက် စီးပွားဖြစ် IP Wireless Commercial UMTS TD-CDMA နည်းပညာနှင့် 3GPP Multimedia Broadcast Multicast Service (MBMS) နည်းပညာတို့ကို

ပေါင်းစပ်ပေးသည့် နည်းပညာဖြစ်သည်။ TDtv ကို တတိယမျိုးဆက်သစ်(3G) လက်ကိုင်ဖုန်းဝန်ဆောင်မှု အသုံးမပြုသည့် ကမ္ဘာ့တစ်ဝန်း အသုံးပြုနိုင်သော 1900 MHz နှင့် 2100 MHz တွင် ထုတ်လွှင့်မည် ဖြစ်သည်။

**839 Teledesic**

အနိမ့်ပျံဂြိုဟ်တုစနစ် ( Low Earth Orbit ) တွင် အဆိုပြု တင်ပြထားသော အမေရိကန်တို့ ၏ ဂြိုဟ်တုများကို ခေါ်ဆိုခြင်းဖြစ်သည်။ ဂြိုဟ်တုပေါင်း (၈၄၀) ပါဝင်ပြီး တစ်ကမ္ဘာလုံးအတွက် ဆက်သွယ်ရေး ဝန်ဆောင်မှုပေးမည့် ဂြိုဟ်တုများဖြစ်ပါသည်။

**840 Telnet**

အင်တာနက်ကိုအသုံးပြုသူက အင်တာနက်နှင့် ဆက်သွယ်ထားသော အဝေးထိန်း ကွန်ပျူတာသို့ အမိန့်ပေး၍ ခိုင်းစေရန်နှင့် သတင်း အချက်အလက်မှတ်တမ်း တင်နိုင်ရန်အတွက် ဆောင်ရွက် ပေးသော Protocol တစ်ခု ဖြစ်ပါသည်။ Telnet ကို Remote Login ပြုလုပ်ရာတွင် သုံးသည်။ ကွန်ပျူတာကို အသုံးပြုနေသူသည် ကွန်ပျူတာသို့ တိုက်ရိုက်တွဲထားသော text-based terminal ကို သုံးနေရသကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

**841 TFTP ( Trivial File Transfer Protocol )**

ဖိုင်များကို အပို့/အယူ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ပုံစံဖြစ်ပါသည်။ အဆိုပါ Protocol သည် User Datagram Protocol (UDP) ပုံစံနှင့် တွဲဖက်၍ အသုံးပြုပြီး လုံခြုံရေး ကိစ္စရပ်များ မဆောင်ရွက်ပါ။ Disk များ ထည့်သွင်းမသုံးစွဲနိုင်သော ကွန်ပျူတာများနှင့် Terminal များ ၊Router များအတွက် Server နှင့် ချိတ်ဆက်ရန် အသုံးပြု ပါသည်။

**842 TG ( Trunk Gateway )**

TDM Voice မှ IP Voice သို့လည်းကောင်း IP Voice မှ TDM Voice သို့ လည်းကောင်း ပြောင်းလဲ ပေးသည့် Gateway ဖြစ်ပါသည်။

**843 Throughput**

အချက်အလက်များ တစ်နေရာမှတစ်နေရာသို့ အမှန်တကယ် လွှဲပြောင်းပေးပို့နိုင်သော ပမာဏ (သို့မဟုတ်) သက်မှတ်သောအချိန်ကာလတစ်ခုအတွင်း လုပ်ဆောင်နိုင်စွမ်းသော ပမာဏကို ခေါ်ဆိုခြင်းဖြစ် ပါသည်။ ကွန်ပျူတာအတွင်းရှိ Disk Drive များ (သို့မဟုတ်) ကွန်ရက်များအတွင်း အချက်အလက် လွှဲပြောင်းပေးပို့နိုင်မှုနှုန်းကို တိုင်းတာသော အသုံးအနှုန်းစနစ် ဖြစ်ပါသည်။ Throughput တိုင်းတာသော ယူနစ်များမှာ kbps ( Kilo bit per sec) ၊Mbps (Mega bit per sec) နှင့် Gbps (Giba bit per sec)တို့ဖြစ်ပါသည်။

**844 TI ( Terrestrial Interference)**

ဂြိုဟ်တုမြေပြင်စခန်း၏ ဖမ်းယူသောစနစ်အတွင်းသို့ ဝင်ရောက်လာသော ရေဒီယိုလှိုင်းနှောင့်ယှက်မှုကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ဂြိုဟ်တုမြေပြင်စခန်းအနီး ပတ်ဝန်းကျင်တွင်ရှိသော မြေပြင် မိုက္ကရိုဝေ့ဗ်စခန်းများမှ ထုတ်လွှင့်လိုက်သော ရေဒီယို လှိုင်းနှုန်းများနှင့် နီးကပ်ခြင်း (သို့မဟုတ်) တူညီနေခြင်းကြောင့် နှောင့်ယှက်မှုများ ဖြစ်ပေါ်စေပါသည်။ ယင်း Terrestrial Interference ကို လျှော့ချရန်အတွက် ဂြိုဟ်တုအင်တာနာ၏ အခုံအနက်ကို ပိုမို

နက်ရှိုင်းစွာ တည်ဆောက်ခြင်းနှင့် Bandpass Filter ခေါ် လှိုင်းနှုန်း စစ်ထုတ်သော ကိရိယာ များ တပ်ဆင်ခြင်းဖြင့် နှောင့်ယှက်မှုကို လျှော့ချနိုင်ပါသည်။

**845 TIFF ( Tagged Image File Format )**

ပုံရိပ်များ သိမ်းထားရန်အတွက် Format ချထားသည့် ဖိုင်တစ်ခုဖြစ်သည်။ ၄င်းတွင် ဓါတ်ပုံများနှင့် ကောက်ကြောင်းပုံများ ပါရှိပြီး Adobe စနစ်၏ ထိန်းချုပ်မှု အောက်တွင် ရှိသည်။ မူလ တီထွင်ခဲ့သည့် ကုမ္ပဏီမှာ Aldus ဖြစ်ပြီး " Desktop Publishing " အမည်ဖြင့် သုံးစွဲခဲ့ သည်။ ပုံနှိပ်ထုတ်ဝေခြင်း၊ စာရွက်စာတမ်း အပြင်အဆင်နှင့် ပုံတူကူးခြင်း၊ Fax ပို့ခြင်း၊ Word Processing နှင့် အလင်းနှင့် ဆိုင်သော ထူးခြားလက္ခဏာများကို အသိ အမှတ် ပြုခြင်းနှင့် အခြားလုပ်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသည်။ ဖိုင်အမည်၏ နောက်ဆက်တွဲတွင် .tiff, .tif ဖြင့် ဖော်ပြ သည်။

**846 TM ( Text Messaging )**

Text Messaging (သို့မဟုတ်) Texting သည် ယနေ့ကမ္ဘာတွင် သုံးနေကျပုံစံ ဆက်သွယ်ရေးတစ်ခုပင် ဖြစ်ပါသည်။ ကွန်ပျူတာလောကတွင် သတင်းပို့သူများ အနေဖြင့် အရေးကြီးသည့် ဆက်သွယ်မှုများကို အပြန်အလှန် ဦးစီးဦးဆောင်မှု ပြုလုပ်ရာ၌ Texting ကို များများအသုံးမပြုသင့်ကြောင်း အကြံပြုထားပါသည်။ ဆဲလ်ဖုန်းသုံးစွဲသူများတွင် Texting ကို အများဆုံး အသုံးပြုကြသည်ကို တွေ့ရပါသည်။ ဥပမာ သမားရိုးကျ အပြန်အလှန် ပြောဆိုခြင်း (သို့မဟုတ်) တစ်ဦးတစ်ယောက်အား ဖြတ်တောက်ပစ်ခြင်း တို့သည် Texting ၌ ရိုင်းပြသော အပြုအမူများ ပြုလုပ်ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့သောအခြေအနေများကို ဆဲလ်ဖုန်း ဝန်ဆောင်မှုပေးသည့် AT&T ၏ လေ့လာတွေ့ရှိချက်အရ Text Message ကို ချိုးဖောက်သူများသည် ၆ % သော ဆယ်ကျော်သက်များ ဖြစ်သည်ဟု ဆိုပါသည်။

**847 TO ( Transfer Orbit )**

ဂြိုဟ်တုများလွှတ်တင်ရာတွင်ကမ္ဘာပတ် ဂြိုဟ်တုလမ်းကြောင်းသို့ ဂြိုဟ်တုတစ်ခု ရောက်ရှိစေရန် အတွက် အလယ်အလတ်အဆင့်တွင် ဘဲဥပုံလမ်းကြောင်းအတိုင်း ပတ်နေသော အခြေအနေကို Transfer Orbit ဟု ခေါ်ပါသည်။

**848 TPC ( Three Party Conference Circuit )**

လူသုံးဦး တစ်နေရာစီမှ တစ်ချိန်တည်း တစ်ပြိုင်နက်တည်းအတူတကွ ပြောဆို ဆက်သွယ်ရာတွင် အဆက်အသွယ် ပြတ်တောက်မှု မရှိ ၊ အသံအရည်အသွေး ကောင်းစွာဖြင့် ဆက်သွယ်နိုင်အောင် လုပ်ဆောင် ပေးသည် အီလက်ထရွန် ဆားကစ် ဖြစ်လေသည်။

**849 TpN ( Triple-play Network )**

Triple-play Network ဆိုသည်မှာ အသံ ၊ ဗီဒီယိုနှင့် ဒေတာတို့ကို ချိတ်ဆက်မှု တစ်ခုပေါ်တွင် သုံးစွဲနိုင်အောင် တည်ဆောက်ထားသည့် ကွန်ရက်ဖြစ်ပါသည်။ အသုံး အများဆုံး Application များမှာ Telephony ၊ Community Antenna Television (CATV) နှင့် မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှု (High Speed Internet Service) တို့ ဖြစ်ပါသည်။ ထုတ်လွှင့်မှု အတွက် ကြားခံမီဒီယာမှာ ဖိုင်ဘာကေဘယ်လ် သမားရိုးကျ ကြေးနီဝိုင်ယာ

(သို့မဟုတ်) ဂြိုဟ်တု ဆက်ကြောင်း တို့ ဖြစ်ပါသည်။

**850 TPS ( Triple Play Service )**

ဆက်သွယ်ရေးနယ်ပယ်တွင် တစ်ပြိုင်နက်တည်း ဝန်ဆောင်မှုသုံးမျိုး သုံးစွဲနိုင်ခြင်း ဆိုသည့် ဈေးကွက်အခေါ်အဝေါ်ဖြစ်သည်။ တာခွင်ကျယ် ချိတ်ဆက်မှုတစ်ခု ( Single Broadband Connection )အပေါ်မှ တာခွင်ကျဉ်း(Narrowband ) အသံဝန်ဆောင်မှုနှင့် Broadband ဝန်ဆောင် မှု (၂)မျိုးကို ရမည်။ အဆိုပါ Broadband ဝန်ဆောင်မှုနှစ်မျိုးမှာ မြန်နှုန်းမြင့် အချက်အလက် ချိတ်ဆက်မှုနှင့် တီဗီဝန်ဆောင်မှု တို့ ဖြစ်သည်။ ထို့ကြောင့် Triple Play Service သည် –

(က) အသံ ၊

(ခ) မြန်နှုန်းမြင့် အချက်အလက် ချိတ်ဆက်မှု ၊

(ဂ) တီဗီဝန်ဆောင်မှုတို့ဖြစ်သည်။

**851 TR ( Transfer Rate )**

Transfer Rate ဆိုသည်မှာ CD - ROM Drive မှ CPU (Central Processing Unit) သို့ ဆက်သွယ်ဆောင်ရွက်ပေးနိုင်သော ဒေတာ ပမာဏဖြစ်သည်။ CD-ROM (Compact Disc Read Only Memory) ၏ စံသတ်မှတ်ထားသော ဒေတာ ပြောင်းလဲ နှုန်း (Tranfer Rate) မှာ 150 KB/Sec ဖြစ်သည်။

**852 TrFO ( Transcoder Free Operation )**

TrFO သည် အသံ (ပြောစကား)ကို Compress လုပ်၍ ပို့ဆောင်သော နည်းပညာဖြစ်ပြီး End User နှစ်ဖက်လုံးတွင် Signal များကို တူညီသော Coding ၊ Decoding များ အသုံးပြုခြင်းဖြင့် Transcoding Time ကို လျှော့ချနိုင်ပြီး အသံစွမ်းရည်ကို ပိုမို ကောင်းမွန်စေပါသည်။

**853 Tri-Band Handset**

ရေဒီယိုလှိုင်းတာခွင် မျိုးစုံဖြစ်သော 1900 MHz ၊ 800 MHz နှင့် 900 MHz တွင် အလုပ် လုပ်နိုင် သော ကြိုးမဲ့ဖုန်းကို Tri-Band Handset ဟု ခေါ်ပါသည်။

**854 Tri-Band ( Triple-band)**

ရေဒီယိုလှိုင်းနှုန်းခွင်(၃)မျိုးစလုံး အသုံးပြုနိုင်သော ဖုန်းအမျိုးအစားဖြစ်သည်။ အမေရိကန်တွင် အသုံးပြုသော ရေဒီယိုလှိုင်းနှုန်းခွင် 1900MHz နှင့် ဥရောပတွင်အသုံးပြုသော 900MHz ၊ 800MHz (၃)မျိုးစလုံးကို အသုံးပြုနိုင်သော ဖုန်းအမျိုးအစားဖြစ်ပါသည်။

**855 Tri-Mode Handset**

CDMA ၊ TDMA နှင့် အင်နာလော့စ်နှုန်းများကဲ့သို့သော ကွဲပြားသော Mode တွင် အလုပ် လုပ်နိုင် သော ဖုန်းများကို Tri-Mode Handset ဟု ဆိုကြပါသည်။

**856 TRN ( Token Ring Network )**

၄င်းသည် ကွန်ပျူတာများအားလုံး ကွင်း ပုံသဏ္ဍာန် (သို့မဟုတ်) Star ပုံသဏ္ဍာန် ချိတ် ဆက်ထားသည့် Local Area Network ဖြစ်ပါသည်။ အချိန်တစ်ချိန်တည်း၌ ကွန်ပျူတာ (၂)

လုံးမှ Message အသီးသီး ပေးပို့လိုက်လျှင် ဒေတာများ ထိမိ ၊ တိုက်မိခြင်းများအား ကာကွယ်ရန် အလို့ငှာ စီမံထားပါသည်။ Local Area Network များတွင် Ethernet ပြီးလျှင် Token Ring Protocol သည် အများဆုံး ကျယ်ပြန့်စွာ အသုံးပြုသည့် ဒုတိယ အမျိုးအစား ဖြစ်ပါသည်။ IEEE 802.5 Token Ring နည်းပညာသည် ဒေတာလွှဲပြောင်းနှုန်း 4Mbps (သို့မဟုတ်) 16 Mbps အထိ ပေးစွမ်းနိုင်ပါသည်။

**857 Trojan**

Trojan ဆိုသည်မှာ ပရိုဂရမ်များပင် ဖြစ်ပြီး များသောအားဖြင့် နှောင့်ယှက်လိုသော ရည်ရွယ်ချက် ဖြင့် ပြုလုပ်ရေးသားထားကြခြင်း ဖြစ်သည်။ Trojan များသည် ၄င်းတို့ ဝင်ရောက် နှောင့်ယှက်လိုသူ၏ စက်ထဲသို့ တိတ်တဆိတ် ဝင်ရောက် လုပ်ဆောင်နိုင်ကြသည်။ Trojan များ သည် စက်တစ်ခုအတွင်း အလိုအလျောက် Install မလုပ်နိုင်သော်လည်း ကွန်ပျူတာသုံးစွဲသူ (User) အား အခြား ဆော့ဖ်ဝဲပရိုဂရမ်(ဥပမာ ဂိမ်းကစားနည်း ) တစ်ခုကို Install လုပ်ရန် သွေးဆောင် ဖြားယောင်းနိုင်သည်။ သုံးစွဲသူမှ Install လုပ်ရာတွင် အမှန်တကယ် လုပ်လိုသည့် ဆော့ဖ်ဝဲမဟုတ်ပဲ နှောင့်ယှက်ဖျက်ဆီးမည့် ဆော့ဖ်ဝဲ ကိုသာ Install လုပ်မိစေခြင်းဖြင့် သုံးစွဲသူ၏ ကွန်ပျူတာကိုများစွာ ထိခိုက်ပျက်စီးစေသည်။

**858 TS ( Touch Screen )**

ဗီဒီယို(သို့မဟုတ်) ကွန်ပျူတာမျက်နှာပြင်ကဲ့သို့ မျက်နှာပြင်များတွင် သုံးစွဲသူ၏ လက်ချောင်းဖြင့် ထိတွေ့၍ ပရိုဂရမ်များကို လိုအပ်သလို Control ပြုလုပ်နိုင်သော Screen ကို Touch Screen ဟု ခေါ်ပါသည်။

**859 Tuner**

သတ်မှတ်ထားသော ကြိမ်နှုန်း (Frequency) အတိုင်းအတာအတွင်း Signal တစ်ခုမှ Signal အရေအတွက်များများကို ရွေးချယ်ရာတွင် အသုံးပြုသည့် ကိရိယာ၊ ဆားကစ် (သို့မဟုတ်)ဆားကစ် အစိတ်အပိုင်းကို Tuner ဟု ခေါ်ပါသည်။

**860 Tunneling**

Tunneling ဆိုသည်မှာ Network Protocol တစ်ခုအား အခြားသော Network Protocol မှတစ်ဆင့် ဒေတာများ ပို့လွှတ်နိုင်သော နည်းပညာဖြစ်သည်။ သယ်ဆောင်မည့် Packet ထဲတွင် ပထမ Network Protocol အား ဒုတတိယ Network Protocol ဖြင့် ဖုံးအုပ်ထား၍ (Encapsulate) လုပ်ဆောင်ပါသည်။ Tunneling သည် Protocol တစ်ခုအား ၄င်းကိုယ်တိုင်ပင် Encapsulate ပြုလုပ်နိုင်ပါသည်။ ဥပမာ IPsec. gateway သည် အဆိုပါ ပုံစံအတိုင်း ပြုမူပါသည်။ IP ကို IP ထဲ၌ IPsec အား အပိုပေါင်း ထည့်ထားခြင်းဖြင့် Encapsulate ပြုလုပ်ထားပါသည်။ Tunneling နည်းပညာ ကို အသုံးပြုရသည့် အကြောင်းအချက်များမှာ ကိုက်ညီမှုမရှိသည့် Network များသို့ ဒေတာပေးပို့နိုင် ရန် အတွက် (သို့မဟုတ်) ယုံကြည် စိတ်ချရမှု မရှိသည့် Network အား ဖြတ်သန်းရာတွင် လုံခြုံ စိတ်ချရသည့် လမ်းကြောင်း ပေးနိုင်ရန်အတွက်တို့ ဖြစ်ပါသည်။

**861 TVRO ( Television Receive Only )**

ဂြိုဟ်တုမှ တီဗီအစီအစဉ်များကို ဖမ်းယူရုံသာ အသုံးပြုသော စနစ်ဖြစ်၍ ဂြိုဟ်တုသို့ ပြန်လည် ထုတ်လွှင့်နိုင်သော စနစ် မပါဝင်ပါ။ ဂြိုဟ်တုကို အသုံးပြု၍ တီဗီအစီအစဉ်နှင့် အော်ဒီယို (ရေဒီယို) အစီအစဉ်များကို ဖမ်းယူခြင်း ဖြစ်သည်။ ဖမ်းယူနိုင်သော အင်တင်နာ အကြမ်းထည်တစ်ခု၊ သက်ဆိုင်ရာ အီလက်ထရွန်းနစ် ဖမ်းယူသော ( LNB ) Low Noise Block Down Convertor တစ်ခုနှင့် ဖမ်းစက် (Receiver ) များသာ ပါဝင်သည်။ လူနေအိမ်များတွင်သာ များသောအားဖြင့် အသုံးပြုကြသည်။

## Glossary U

### 862 UA ( Universal Access )

ICT နည်းပညာ အားလုံးအတွက် လက်တွေ့ကျသော Information ပေးပို့မှုစနစ်ကို ရည်ရွယ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာဝန်ဆောင်မှုများပါဝင်ပါသည်။သီးခြား ICT ဝန်ဆောင်မှုနှင့် သင့်တော်သော အကွာအဝေး အတွင်းရှိ အခြားနေရာများအတွက် ICT နည်း ပညာများ၏ ပျံ့နှံ့သော စီမံဆောင်ရွက်မှုများကို ပေးနိုင်ပါသည်။ လူဦးရေ ရာခိုင်နှုန်းကို စာရင်းကိန်းဂဏန်းအရ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာအားဖြင့် တိုင်းထွာမှု ပြုလုပ်ပေးနိုင်ပါသည်။

### 863 UAWG Consortium ( Universal ADSL Working Group Consortium )

အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးသမဂ္ဂ က G.lite ဟု ရည်ညွှန်းထားသော ADSL Lite အတွက် စံချိန် သတ်မှတ်ပေးထားသော ကွန်ရက်အော်ပရေတာများ ၊ ကွန်ပျူတာ ကုမ္ပဏီများနှင့် ကြေးနန်းဆက်သွယ်ရေး စီစဉ်ဆောင်ရွက်သူများ၏ အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ Intel ၊ Microsoft နှင့် Compaq တို့မှတည်ထောင်ခဲ့ကြသည်။ ဤအသင်း အဖွဲ့တွင် GTE(Global Tropospheric Experiment)၊ MCI (Microwave Communications Inc) ၊ Sprint ၊ Bell အသုံးပြုသော ကုမ္ပဏီနယ်ပယ်များအားလုံး တို့ ပါဝင်သည်။ မကြာသေးမီက Deutsche Telecom ၊ France Telecom ၊ British Telecom ၊ Nippon Telegraph and Telephone နှင့် Sigapore Telecom တို့ အသင်းဝင် အဖြစ် ပါဝင်လာကြသည်။

### 864 UCITA ( Uniform Computer Information Transaction Act )

တူညီသည့် ကွန်ပျူတာ သတင်းအချက်အလက်များ လုပ်ငန်းကိစ္စများကို ဆောင်ရွက်သည့် ဥပဒေ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုပြည်နယ် (၅၀) က အတည်ပြုထားသော ဥပဒေ မူကြမ်း ဖြစ်သည်။ ထိုဥပဒေကို တရားရုံးများက အတည်ပြုရန် တညီတညွတ်တည်း ငြင်းပယ် သည့်ဆော့ဖ်ဝဲလိုင်စင်များ၏ သွင်ပြင်လက္ခဏာများကို တိုက်ရိုက်ဖော်ပြထားသည်။

### 865 UDSL ( Uni Digital Subscriber Line )

One DSL for Universal Service ဟု အဓိပ္ပါယ်ရပါသည်။ ဝန်ဆောင်မှု အားလုံးအတွက် အသုံးပြုနိုင်သော DSL ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ FTTN (Fiber to the Node) စနစ် တွင် အသုံးပြုသော ဝန်ဆောင်မှုများနှင့် ကွန်ရက်ဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုး ကူညီ

နိုင်ရန် ရည်ရွယ်ထားပါသည်။ Upstream နှင့် Downstream (၂) ခု ပေါင်း အတွက် အနည်းဆုံး 200 Mbps အမြန်နှုန်းအထိ ဒေတာ ပေးပို့ နိုင်ပါသည်။

**866 UMB ( Ultra Mobile Broadband )**

CDMA 2000 မိုဘိုင်းဖုန်းစနစ် တိုးတက်စေရန် အတွက် 3GGP2 မှ စီမံကိန်း ချပြီး အနာဂတ်အတွက် လိုအပ်ချက်နှင့် ကိုက်ညီစွာ အသုံးပြုနိုင်မည့် မျိုးဆက်သစ် Broadband စနစ်သစ် တစ်ခု ဖြစ်သည်။ UMB စနစ်သည်အင်တာနက်(TCP/IP) ကို အခြေခံထားသော ကွန်ရက်ပေါ်တွင် အသုံးပြုနိုင်ရန်အတွက် ဖန်တီးထားသော မျိုးဆက်သစ် ရေဒီယို စနစ်သစ် တစ်ခု ဖြစ်သည်။ မြန်နှုန်း အမြင့်ဆုံး 280 Mbps အထိ အသုံးပြုနိုင်သည်။ UMB သည် လက်ရှိအသုံးပြုနေသော CDMA 2000 1x နှင့် 1x EVDO စနစ်များ တွင်လည်း Hand off ရရှိနိုင်ပြီး ပူးတွဲ အသုံးပြုနိုင်သည်။

**867 UMPC**

Ultra-mobile PC ဖြစ်ပါသည်။ Windows Operating System အသုံးပြုထား သည့် လက်ကိုင်ကွန်ပျူတာ ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ UMPC ၏ အရွယ်အစားသည် Personal Digital Assistant (PDA) ထက် ကြီးပြီး Latop ထက် သေးငယ်ပါသည်။ မိုက္ကရိုဆော့ဖ်နှင့် Intel သည် UMPC အတွက် သတ်မှတ်ချက်များကို Origami အမည်ရှိ စီမံကိန်း၌ ဒီဇိုင်းပြု ဖန်တီးခဲ့ကြပါသည်။

**868 UMTS ( Universal Mobile Telecommunications System )**

လက်ရှိ GSM မိုဘိုင်းကွန်ရက်အား အဆင့်မြှင့်တင်ရန်အတွက် ကမ္ဘာတစ်ဝန်းအသုံးပြုလျက်ရှိသော တတိယမျိုးဆက် (3G) မိုဘိုင်းနည်းပညာ ဖြစ်သည်။ WCDMA နည်းပညာကိုအသုံးပြုထားသည်။ယေဘူယျအားဖြင့် UMTS အခြေခံထားသော ကွန်ရက်၌ Down -link တွင် 384kbps ထိ မြန်နှုန်း ရှိပါသည်။ အသစ်အသစ်သော HSDPA များသည် 3.6 Mbps ထက်မြန်နှုန်း ပိုမိုမြင့်မားအောင် စွမ်းဆောင်နိုင်ကြသည်။ ဥရောပ၌ UMTS ကို 2100 MHz ဖြင့် စတင်ခဲ့သော်လည်း ယခုအခါ မြောက်အမေရိက တွင် 850MHz နှင့် 1900 MHz Frequency Band တို့တွင် အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

**869 UNI ( User Network Interface )**

သုံးစွဲသူများ၏ ကွန်ရက်မှ ကြားခံလုပ်ဆောင်မှု ဆိုသည်မှာ ရုပ်ဝတ္ထုကြားခံ (သို့မဟုတ်) သုံးစွဲသူနှင့် ဝန်ဆောင်မှုပေးသူ ၊ ကေဘယ်လ်ဖြင့် ဝန်ဆောင်မှုဆောင်ရွက်သူ၊ Carrier ငှားရမ်းသူများအကြား ပိုင်းခြားထားမှုပင် ဖြစ်ပါသည်။ အဆိုပါ ရုပ်ဝတ္ထုအရ ပိုင်းခြားထားသော နေရာသည် ဝန်ဆောင်မှုပေးသူ၏ တာဝန်ယူထားမှု အပိုင်းနှင့် သုံးစွဲသူတို့အကြား ပိုင်းခြားထားပြီး ကြားခံ လုပ်ဆောင်ပေးသည့် အရာပင် ဖြစ်ပါသည်။

**870 USAT ( Ultra Small Aperture Terminal )**

အလွန်သေးငယ်သည့် အရွယ်အစားရှိသော Terminal ဖြစ်သည်။ DBS (Digital Broadcasting Service) နှင့် အခြားဂြိုဟ်တု ဆက်သွယ်ရေး အသုံးချမှုများတွင် အသုံးပြု၍ အင်တာနာ၏ အချင်းအရွယ် အစားမှာ (၅၀) စင်တီမီတာထက် ငယ်သည်။

**871 USIM ( Universal Subscriber Identity Module )**

တတိယမျိုးဆက် မိုဘိုင်းကွန်ရက် 3rd Generation တွင် SIM ကတ်ကို USIM ဟု ခေါ်ဝေါ်သုံးစွဲပါသည်။ WCDMA /UMTS (3G) ဖုန်းများအတွင် အသုံးပြုသော SIM Card ဖြစ်ပါသည်။ ၎င်းသည် အသုံးပြုသူနှင့် သက်ဆိုင်သော အချက်အလက်များနှင့် အထောက်အထားများအား သိမ်းဆည်းထားပေးပြီး Text Message များနှင့် Phone Book အတွင်း သိမ်းဆည်းရန် ဆောင်ရွက်ပေးပါသည်။

**872 UT ( Unbundled Tariff )**

Unbundling of Tariffs ဆိုသည်မှာ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှု၏ အစိတ်အပိုင်း တစ်ခုစီ (သို့မဟုတ်) ကုန်ပစ္စည်းကို သီးသန့်ဈေးနှုန်း သတ်မှတ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဝယ်ယူသူများသည် သူတို့၏ လိုအပ်သည့် ပစ္စည်းများကိုသာ ရွေးချယ်လိုက ရွေးချယ် နိုင်မည် ဖြစ်ပြီး တန်ဖိုးကိုက်ညီစွာ သတ်မှတ် အသုံးချနိုင်မည် ဖြစ်ပါသည်။

**873 UTRA ( Universal Terrestrial Radio Access )**

Universal Terrestrial Radio Access ၏ အတိုကောက် ဝေါဟာရဖြစ်သည်။ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု တတိယမျိုးဆက် (3G) အတွက် 3rd Generation Partnership Project (3GPP) မှ စံ သတ်မှတ်ချက်တစ်ခု ဖြစ်သည်။ UTRA ၏ Radio လိုင်းများကို ရယူသော ကိရိယာ အစိတ်အပိုင်းများတွင် WCDMA နှင့် TDCDMA နည်းပညာများကို အသုံးပြုထားပြီး ထိုနည်းပညာများသည် (3G) ၏ Frequency ကောင်းမွန်မှု၊ ရွေ့လျားဆောင်ရွက်နိုင်မှုနှင့် ဝန်ဆောင်မှု အရည်အသွေးစသည့် လိုအပ်ချက်များအတွက် ပြုလုပ်ဖန်တီးထားသော နည်းပညာများ ဖြစ်သည်။

**874 UWB ( Ultra-Wideband )**

Ultra-Wideband (UWB) ကိုခေါ်ဆိုခြင်းဖြစ်သည်။ အတော်အတန် ကျယ်ပြန့် သော ရေဒီယို လိုင်းနှုန်းခွင် (>500MHz) Radio Spectrum တွင်အလွန့်နိမ့်သော စွမ်းအားဖြင့် အကွာအဝေး အနည်းငယ်အတွင်း ပိုမိုကျယ်ပြန့်သော Bandwidth ကို အသုံးပြုနိုင်သော ဆက်သွယ်ရေးဆိုင်ရာ ရေဒီယိုနည်းပညာ တစ်ခု ဖြစ်သည်။ ထို့ပြင် ယင်းသည် Wireless Personal Area Network နည်းပညာတစ်ခုဖြစ်ပြီး Multiband OFDM (MB-OFDM ) ကို အသုံးပြုထားသည်။ ယခုအခါUWB ကို Target Sensor၊ Data Collection၊ Precision Location (တိကျသော နေရာညွှန်ပြခြင်း) နှင့် Tracking ရွေ့လျားမှု နောက်ယောင်ခံခြင်း များတွင် အသုံးပြု သည်။

## Glossary V

**875 VAN ( Value-Added Network )**

တန်ဖိုးမြှင့် ကွန်ရက်တစ်ခုဖြစ်ပါသည်။ ယင်းကွန်ရက်သည် အများပြည်သူ သုံးစွဲရန် အတွက် ဖြစ်ပြီး၊ မူလ ဆက်သွယ်ရေးကွန်ရက်များပေါ်တွင် အခြေခံ၍ ဝန်ဆောင်မှုတန်ဖိုး ကို ထပ်မံမြှင့်တင်နိုင်ရန်အတွက် အထူးသီးသန့်ဝန်ဆောင်မှုများကို ထပ်မံပေးသော ကွန်ရက် ကိုခေါ်ဆိုပါသည်။ ဥပမာ အချက်အလက်ကြီးကြီးမားမားကို ရောင်းချ နိုင်ရန် အဆက်အသွယ်

ရယူခြင်း၊ သီးသန့်အီးမေးလ် ဝန်ဆောင်မှုပေးခြင်း ၊ ဗီဒီယိုကွန်ဖရင့် ပြုလုပ်ခြင်းတို့ ပါဝင်ပါသည်။ယင်းဝန်ဆောင်မှုသည် အင်တာနက်လိုင်းပေါ်မှ ISP အင်တာနက် ဝန်ဆောင်မှုပေးသူများ အတွက် အပိုထပ်ဆောင်း ဝန်ဆောင်မှု ပေးသော စနစ် ဖြစ်ပါ သည်။

## 876 Variable

သင်္ချာတွင် ကိန်းရှင်တစ်ခုမှာ သင်္ကေတတစ်ခု (သို့မဟုတ်) စာသင်္ကေတတစ်လုံးကို ပြသည်။ ဉပမာ" x " (သို့မဟုတ်)" y " သည် တန်ဖိုးတစ်ခုကို ကိုယ်စားပြုသည်။ အက္ခရာသင်္ချာညီမျှခြင်းတွင် ကိန်းရှင်တစ်ခု၏ ပြောင်းလဲခြင်းသည် အခြားတန်ဖိုးတစ်ခုပေါ်တွင် တစ်ခါတစ်ရံ မှီခိုလျက် ရှိနေတတ်ပါသည်။ ဉပမာပြရမည်ဆိုလျှင် အောက်ဖော်ပြပါ ညီမျှခြင်း၌ " y " သည် မှီခိုကိန်းရှင် ( Dependent Variable ) ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၄င်း၏ တန်ဖိုးများသည် မှီခိုကိန်းရှင် " x " သို့ ပြောင်းလဲ သတ်မှတ်ထားသည့် တန်ဖိုးများပေါ် တွင် အခြေခံထားသောကြောင့် ဖြစ်ပါသည်။

$y = 10 + 2x$

y သည် x ၏ မှီခိုကိန်းရှင်တစ်ခုဖြစ်နေသရွေ. အထက်ပါ ညီမျှခြင်းကို function (မှီကိန်း) တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။ အကယ်၍ $x = 1$ ဖြစ်ပါက $y = 12$ , $x = 2$ ဖြစ်ပါက $y = 14$ ဖြစ်မည်။

ကိန်းရှင်များသည် ကွန်ပျူတာပရိုဂရမ်ပြုလုပ်ရာတွင်ပရိုဂရမ်တစ်ခုအတွင်း၌ အသေးစိတ်တန်ဖိုးများကို သိမ်းဆည်းထားနိုင်ရန် အသုံးပြုကြပါသည်။ ဒေတာပုံစံတစ်ခုကို တန်ဖိုးတစ်ခုအဖြစ် သတ်မှတ် ထားကြပါသည်။ ဉပမာအားဖြင့် အတွဲလိုက်ဒေတာပုံစံ( String Data Type ) ၏ ကိန်းရှင်တစ်ခုသည် ပုံစံပြ စာသားများ၏ တန်ဖိုးတစ်ခု ဖြစ်ကောင်းဖြစ်မည်။ ကိန်းပြည့်ဒေတာပုံစံ (Integer Data Type)၏ကိန်းရှင်သည် (၁၁) ဖြစ်ကောင်းဖြစ်မည်။ တစ်ချို့သော Programming Language များသည် အခြား ခွင့်ပြုထား သည့် ကိန်းရှင်များကို ဖန်တီးယူရန်အတွက် လိုအပ်သော ကိန်းရှင်များကို လူသိထင်ရှား အသုံးပြုရန်လိုအပ်မည် ဖြစ်ပါသည်။ ဒေတာပုံစံ အတိအကျမရှိပါက Initial တန်ဖိုးကို ကိန်းရှင်အဖြစ် အခြေခံ ပေးထားကာ ဖန်တီးပေးရမည် ဖြစ်ပါသည်။

ပရိုဂရမ်တစ်ခုအတွင်း ဖန်ရှင်တစ်ခုသည် ဆတိုးကိန်းရှင်အဖြစ် ပါဝင်နိုင်ပါသည်။ ဆတိုးကိန်းရှင်တစ်ခုစီသည် ဝင်လာသော ကန့်သတ်ချက်ဘောင်အတွင်း အခြေခံလျက် တန်ဖိုးများကို ပြောင်းလဲပြဌာန်းကြမည် ဖြစ်ပါသည်။ ထိုနည်းတူ ကိန်းရှင်တစ်ခုသည် ဖန်ရှင်၏ Output တွင် သီးသန့်တန်ဖိုးတစ်ခုကို ထုတ်ပြန်ပေးရမည် ဖြစ်သည်။ ဂျာဗားတွင် အောက်ဖော်ပြပါ ပုံစံအရ ကိန်းရှင် i သည် While loop ဖြင့် ထပ်ခါထပ်ခါ လုပ်ဆောင်မှု တစ်ခုစီတွင် နှစ်တိုးအဖြစ် ဆောင်ရွက်ပါသည်။ x သည် ပြန်ထွက်လာသော တန်ဖိုးဖြစ်ပါသည်။

```
While  ( I < Max )
{
x  =  x  + 10 , i  + +;
}
…
return  x ;
```

အမည်အပေါ်သွယ်ဝိုက်လျက် ကိန်းရှင်တစ်ခုသည် ပြောင်းလဲနိုင်သည်။ ကိန်းရှင်များသည် တန်ဖိုးများကို ထိန်းသိမ်းထားခြင်းဖြင့် ပြောင်းလဲမှုမရှိပါ။ ထိုသို့ဖြစ်ခြင်းကို ကိန်းသေ ( Constant ) ဟု ခေါ်ပါသည်။

**877 VDSL ( Very high bit-rate Digital Subscriber Line )**

နည်းပညာအသစ်တစ်မျိုးဖြစ်ပြီး နောင်နှစ်များအထိ အများသုံးကွန်ရက်များတွင် သုံးစွဲမှုမရှိနိုင်သေး ပေ။ Downstream တွင် 52Mbps အမြန်နှုန်းရရှိပြီး Upstream အတွက် 1.5 Mbps မှ 2.3 Mbps အထိ ရရှိနိုင်သည်။ တိုသော အကွာအဝေးများအတွက် ADSL ထက် VDSL က ပို၍ သင့်တော်သည်။ သို့ဖြစ်၍ Exchange များမှ ကက်ဘိနက်များ အကြား VDSL Line ကို အသုံးပြုခြင်းဖြင့် အဆိုပါ အမြန်နှုန်းများကို ပို၍ များပြားသော အိမ်များတွင် ရရှိနိုင်သည်။

**878 VDSL ( Very high-speed-digital-subscriber Line )**

မြန်နှုန်းမြင့် Digital Subscriber Line ဖြစ်ပါသည်။ ဆက်သွယ်ရေး နည်းပညာ ဖြစ်သော xDSL (Digital Subscriber Line) ၏ မြန်နှုန်းမြင့် Version တစ်ခုဖြစ်ပြီး လက်ရှိဖုန်းလိုင်းများပေါ်တွင် အားလုံးကို ဆောင်ရွက်ပေးနိုင်သည်။ VDSL သည် 52 Mbps Downstream ကို ပေးပို့နိုင်သော်လည်း ပင်မ Exchange မှ (၄၅၀၀) မှ (၅၀၀၀) ပေ အကွာအဝေး အတွင်းသာ လုပ်ဆောင် ပေးနိုင်သည်။

**879 VHF ( Very High Frquency )**

TV Channels 2 မှ 13 အထိ FM ( Frquency Modulation ) အသံထုတ်လွှင့်မှု Band များ၊အချို့သောရေကြောင်း ၊ လေကြောင်းနှင့် မြေပြင် မိုဘိုင်းလုပ်ငန်းများ အပါအဝင် 30MHz မှ 300 MHz အတွင်းရှိ ရေဒီယို ရောင်စဉ်လှိုင်း ( Spectrum ) အတွင်းရှိ ကြိမ်နှုန်း ( Frequency ) အစိတ်အပိုင်းကို ခေါ်ပါသည်။

**880 Vinasat 1**

Vinasat 1 သည် ဗီယက်နမ်နိုင်ငံပိုင် ပထမဦးဆုံးသော ဆက်သွယ်ရေးဂြိုဟ်တုတစ်ခုဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်ဧပြီလ(၁၈)ရက်နေ့တွင် ပြင်သစ်နိုင်ငံ Kourou ဒေသ Guiana Space Centre မှ Arianespace 5ECA ဒုံးပျံယာဉ်ဖြင့် လွှတ်တင်ခဲ့ပါသည် Ariane space အဖွဲ့. ဥရောပသမဂ္ဂပိုင်ဖြစ်ပြီး Arianespace အဖွဲ့.မှဦးဆောင်ပြီး ဗီယက်နမ် နိုင်ငံအတွက် ယင်းဂြိုဟ်တုအား လွှတ်တင် ပေးခဲ့ခြင်းဖြစ်ပါသည်။ VINASAT သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နိုင်ငံတော်ဆိုင်ရာ ဂြိုဟ်တုဆက်သွယ်ရေးစီမံကိန်း အစီအစဉ် တစ်ရပ်ဖြစ်ပါသည်။ ယင်းစီမံကိန်း၏ အဓိက ရည်ရွယ်ချက်သည် ဗီယက်နမ် နိုင်ငံအတွက် သီးခြားလွတ်လပ်သောဂြိုဟ်တုဆက်သွယ်ရေးစနစ်များ အသုံးပြုရန် အတွက် လည်းကောင်း၊ နိုင်ငံတော်၏လုံခြုံရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် ခေတ်သစ် စီးပွားရေးစနစ်၏ အခွင့်အလမ်းများကို ဖွင့်လှစ်နိုင်ခြင်းကဲ့သို့သော အကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ဂြိုဟ်တုဆက်သွယ်ရေးနှင့် ဆက်စက်ပြီး အခြား ဆက်သွယ်ရေး

စနစ်များမှ တစ်ဆင့် စီးပွားရေး အကျိုးအမြတ်များရရှိစေရန် မျှော်လင့်ထားပါသည်။ ထို့ပြင် အခြားသော နိုင်ငံများမှ နှစ်စဉ်ဒေါ်လာသန်းနှင့်ချီ၍ ပေးနေရသော ဂြိုဟ်တုလိုင်း (Satellite Transponder) ငှားရမ်းခများကို ကာမိစေရန်အတွက်လည်း ဖြစ်ပါသည်။ ITU ၏ ( Radio Regulation ) ရေဒီယို နည်းဥပဒေများအရ Frequency Coordination ရေဒီယိုလှိုင်းနှုန်း မျှဝေသုံးစွဲမှု လုပ်ထုံးလုပ်နည်းများ မှန်ကန်စေရန် အတွက် ဆောင်ရွက်ခဲ့ရာတွင်၊ အခက်အခဲ များကြောင့် မူလရည်မှန်းထားသော ၂၀၀၅ ခုနှစ်ထက် နောက်ကျပြီး ၂၀၀၈ခုနှစ် ဧပြီလ (၁၈) ရက်နေ့မှ Vinasat 1 ကို လွှတ်တင် ခဲ့ရခြင်း ဖြစ်ပါသည်။

## 881 Vista

Windows Vista သည် မိုက်ကရိုဆော့ဖ်၏ Windows Operating System ဖြစ်ပါ သည်။ စီးပွားရေး Version ကို ၂၀၀၆ခုနှစ် အဆုံးပိုင်းတွင် လွှတ်ခဲ့ပြီး သုံးစွဲသူ Version 2007 ခုနှစ် ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ပြောင်းရွှေ့ခဲ့ပါသည်။

Vista Operating System သည် Windows XP အမြင်ကို Aero ကြားခံနယ် စနစ်၌ ကိုးကား ပြီး အဆင့်မြှင့်ထားသည်။ Desktop ၊ Windows ၊ icons နှင့် Toolbars များသည် 3D အမြင်ဖြင့် ပိုမို ချောမွေ့ စေပါသည်။ Mac OSX ကြားခံနယ်စနစ်နှင့် အလား တူ Vista ၏ ဂရပ်ပုံများသည် Windows Presentation Foundation (WPF) အသစ် ဖြစ်သော Subsystem ကို Windows Vista နှင့် တွဲပြီး ပြုလုပ်ထားပါသည်။ အခြားတိုးတက် ကောင်းမွန်သည်မှာ ဖိုင်ရှာရန် မာတိကာသည် လျင်မြန်စွာ ပေါ်နိုင်ဖြစ်သည်။ Windows Communication Foundation (WCF) ကို ဝက်ဘ် ဝန်ဆောင်မှုများတွင် တည်ဆောက် ထားပါသည်။ အသစ်သော XML Paper Specification (XPS) Document Format လုံခြုံရေးနှင့်ဆိုင်သော များပြားလှသော တိုးတက်မှုများနှင့် များစွာသော Multimedia တို့တွင် စွမ်းဆောင်တည်ဆောက်မှုများကို Operating System ထဲတွင် တည်ဆောက်ရန် အတွက် ပံ့ပိုးမှု ပြုလုပ်ထား ပါသည်။

Vista သည် Windows Operating System ကို အဓိကအဆင့်မြှင့်တင်ပေးပါ သည်။ ကြားခံနယ်စနစ် ခံစားမှုသည် ခေတ်မီပြီး ဖိုင်လမ်းကြောင်းများသည် အဆင့်မြင့် လာပါက System လုံခြုံရေးသည် Window XP ထက် ပိုမို အားကြီးလာပါသည်။

## 882 VLR ( Visitor Location Register )

VLR သည် HLR နှင့် ဆင်တူသော်လည်း Roaming User များအတွက် ယာယီ အချက် အလက် သိမ်းဆည်းထားရာ နေရာဖြစ်သည်။ VLR မှ အချက်အလက်များသည် HLR မှ ရရှိ သော အချက်အလက် များကို အခြေခံထားသည်။

## 883 VMware Horizon Mobile

VMware Horizon Mobile သည် မိုဘိုင်း၏ Virtualization နှင့် Application Wrapping ဆော့ဖ်ဝဲ ဖြစ်ပြီး IT Administrators က တစ်ဖက် ရှိ သုံးစွဲသူများ၏ စမတ် ဖုန်းများနှင့် Tablet များတွင် ပေါင်းစည်းထားသည့် ဒေတာများနှင့် Application များကို ထိန်းချုပ်ထားခြင်းပင် ဖြစ်ပါသည်။

Android အတွက် VMware Horizon Mbile သည် မိုဘိုင်း၏ Virtualization အတွက် ပေါင်းစည်းထားသော ဒေတာများနှင့် Application များကို စီမံခန့်ခွဲခြင်းနှင့် လုံခြုံမှု ရယူခြင်းတို့ အတွက် ကိုင်တွယ်ဖြေရှင်းရန် Hyperisor ကို အသုံးပြုလျက် မိုဘိုင်းပစ္စည်း ဟာဒ်ဝဲတွင် တပ်ဆင်ထားသည်။ ၄င်းသည် သုံးစွဲသူ၏ Operating System ကို ဖန်တီးပေးသည်။ IT ကိုအထောက်အကူပေး အသုံးပြုခြင်းများအပေါ်တွင်သာ install ပြုလုပ်လိမ့်မည် ဖြစ်ပါသည်။ အားလုံးသော ကိုယ်ပိုင်ဒေတာများနှင့် Applications များသည် စက်ပစ္စည်း၏ မူလ Operating System ပေါ်တွင် ရှိနေပါသည်။ IT အနေဖြင့် ထိတွေ့မှုမရှိပေ။ လိုအပ်သလို Operating System နှစ်ခုကြားတွင် သုံးစွဲသူမှ ခလုတ်ကို ပြောင်းသင့် ပြောင်းပေးရမည်။

iOS အတွက် VMware Horizon မိုဘိုင်းသည် Application Wrapping ကို ကိုင်တွယ်ဖြေရှင်းပြီး ဆော့ဖ်ဝဲတွင် Application ကို အကျိုးရှိစေမည့် ပေါ်လစီများထပ်ပေါင်းပေးသည်။ ထိုပေါ်လစီများသည် ပေါင်းထားသည့် Application များနှင့် ဒေတာများကို မည်ကဲ့သို့ပါဝင် ဆောင်ရွက်စေရမည်ကို စီစဉ်ပေးသည်။ပစ္စည်း၏ Operating System (သို့မဟုတ်) အခြား Application များနှင့် ဒေတာများကို မည်ကဲ့သို့ ပါဝင်ဆောင်ရွက်စေရမည်ကို စီစဉ်ပေးသည်။ ပစ္စည်း၏ Operating System (သို့မဟုတ်) အခြား Application များနှင့် အတူ အပြန်အလှန် ပြုလုပ်နိုင်ပါသည်။

### 884 VoATM ( Voice over ATM )

ATM အခြေခံသော Packet ကွန်ရက်ပေါ်တွင် ဖုန်းခေါ်ဆို သွားလာသည့် လမ်းကြောင်း ထုတ်လွှင့်မှု လုပ်ငန်းစဉ် နည်းပညာ ဖြစ်သည်။

### 885 VoD ( Video on Demand )

သုံးစွဲသူများအား ကွန်ရက်တစ်ခုပေါ်မှ ဗွီဒီယိုဇာတ်ကားများကို ရွေးချယ်ကြည့်ရှုခွင့်ပြုသည့် အပြန်အလှန်လုပ်ဆောင်နိုင်သော တယ်လီဗီးရှင်းစနစ်ဖြစ်သည်။ VoD စနစ်သည် Download ပြုလုပ်စဉ် အတွင်း ဗွီဒီယိုဇာတ်ကားအားကြည့်ရှုနိုင်သလို (သို့တည်းမဟုတ်) မကြည့်ရှုခင် Set-top Box ထဲသို့ ဇာတ်ကားတစ်ခုလုံးကို download ပြုလုပ်ပြီးမှ ကြည့်ရှု၍လည်း ရနိုင်ပါသည်။

### 886 VoDSL ( Voice over DSL )

DSL အခြေခံသော Packet ကွန်ရက်ပေါ်တွင် ဖုန်းခေါ်ဆိုသွားသည့် လမ်းကြောင်း ထုတ်လွှင့်မှု လုပ်ငန်းစဉ်၊ နည်းပညာဖြစ်သည်။ လက်ရှိ အသုံးပြုနေသော ကြေးနန်းဖုန်းလိုင်းများပေါ်တွင် ကျယ်ပြန့်သော Frequency Range ကို အသုံးပြုခြင်းဖြင့် Bandwidth တိုးတက်လာစေပါသည်။

### 887 VoIP ( Voice over Internet Protocol )

အင်တာနက်ကဲ့သို့ Data Network ပေါ်မှ ကွန်ပျူတာကွန်ရက်သုံး၍ တယ်လီဖုန်းခေါ်ဆို ခြင်းကို VoIP ဟုခေါ်သည်။ တယ်လီဖုန်းမှ Voice Signal ကို ဒီဂျစ်တယ် Signal အသွင်သို့ အင်တာနက်ပေါ်တွင် ပြောင်းပြီးနောက် Voice Signal အဖြစ် ပြန်၍ ပြောင်းလဲ

ပေးပြီး မည်သူ နှင့်မဆို ရိုးရိုးသာမန် ဖုန်းနံပါတ်နှင့် ပြောဆို ဆက်သွယ်နိုင်သည်။

သုံးစွဲနေကျ အင်နာလော့ခ် အိမ်ဖုန်းနှင့် တွဲ၍ သုံးထားသော Adaptor ကို နားကြား ကိရိယာနှင့် မိုက်ခရိုဖုန်း တပ်ဆင်ထားသည့် ကွန်ပျူတာနှင့် ချိတ်ဆက်ပြီး ကွန်ပျူတာရှိ ဆော့ဖ်ဝဲပရိုဂရမ် သုံး၍သော်လည်းကောင်း (သို့မဟုတ်) ရိုးရိုးဖုန်းများနှင့် တူသည် ထင်ရ သော်လည်း အထူးဒီဇိုင်း လုပ်ထားသည့် ချစ်ပ် (Chip)များ ပါဝင်သော VoIP ဖုန်းများ အသုံး ပြု၍ သော်လည်းကောင်း VoIP ကို နည်းမျိုးစုံဖြင့် အသုံးပြု နိုင်သည်။

**888 VoWi Fi ( Voice Over Wireless Fidelity )**

Vo Wi Fi သည် Wi Fi ကို အခြေခံထားသော VoIP ဝန်ဆောင်မှု ဖြစ်သည်။ VoIP တွင် Hardware နှင့် Software.html ပါဝင်ပြီး ၎င်းမှ အင်တာနက်ကို ထုတ်လွှင့် မှု ကြားခံအဖြစ် သုံး၍ တယ်လီဖုန်းခေါ်ဆိုမှုများကို ဆောင်ရွက်ပေးရသည်။ VoWiFi သည် VoIP နည်းပညာ၏ Wireless Version ဖြစ်ပြီး Laptops (သို့မဟုတ်) PDA များ ကဲ့သို့ သော ကြိုးမဲ့ ကိရိယာများတွင် သုံးစွဲနိုင်အောင် ဒီဇိုင်း ပြုလုပ်ပေးထားပါသည်။

**889 VPN ( Virtual Private Network )**

Encrytion (လျှို့ဝှက်ဖုံးကွယ်ခြင်း) နှင့် Tunneling နည်းပညာတို့ကို အသုံးပြု၍ သုံးစွဲသူ အား အများပိုင်ကွန်ရက်ဖွဲ့စည်း တည်ဆောက်မှုအပေါ်မှဖြတ်၍ လုံခြုံ စိတ်ချရသည့် သီးသန့် ကိုယ်ပိုင် ကွန်ရက်ကို ပေးစွမ်းနိုင်သည့် ကွန်ရက်နည်းပညာနှင့် စပ်လျဉ်းသော ဝန်ဆောင်မှု တစ်ခု ဖြစ်ပါသည်။

**890 VR ( Virtual Reality )**

ကွန်ပျူတာဖြင့်ပြုလုပ် ဖန်တီးထားသော ပုံရိပ်များပါဝင်သည့် ပတ်ဝန်းကျင်ဖြစ်သည်။ ၎င်းပုံရိပ်များသည် မိမိတို့၏ပတ်ဝန်းကျင်တွင်အမှန်တကယ်ရှိသည်ဟု ခံစားနိုင်စေရန် အပြင် ၎င်းပုံရိပ်များနှင့် သုံးစွဲသူတို့ အပြန်အလှန် ဆက်သွယ် ချိတ်ဆက်မှု ပြုလုပ်နိုင်ရန် အထူးစီမံ ပြုလုပ်ထားသော ခေါင်းဆောင်း ကိရိယာ ၊ မျက်မှန် ၊ အာရုံခံလက်အိတ် စသည် တို့ကို အသုံး ပြုရသည်။

**891 VSAT ( Very Small Aperture Termial )**

အချင်းအရွယ်အစား (၁၂) မီတာမှ (၂.၄) မီတာအထိ တပ်ဆင်ထားသည့် ဂြိုဟ်တု မြေပြင်စခန်း ဖြစ်သည်။ (၀.၅) မီတာအောက် အရွယ်အစားရှိသည့် VSAT များကို တစ်ခါတစ်ရံ USAT ဟုလည်း ခေါ်ကြသည်။

## Glossary W

**892 W3C ( World Wide Web Consortium )**

W3C ဆိုသည်မှာ World Wide Web ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ် ဖွဲ့စည်း ထားသည့် အပြည်ပြည်ဆိုင်ရာအကျိုးအမြတ် မမျှော်ကိုးသော အဖွဲ့အစည်းတစ်ရပ် (International non-profit Organization ) ဖြစ်သည်။ W3C အဖွဲ့သည် စံနှုန်း (Standard) များ သတ်မှတ်ခြင်းနှင့် World Wide Web သို့ စတင် ဝင်ရောက် လုပ်ဆောင် ခွင့် (Accessibility Initiative) တစ်ခု အပါအဝင် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော

နယ်ပယ်များအတွက် မူဘောင်များ ချမှတ်ပေးခြင်းစသည့် ကိစ္စရပ်များကို ဆောင်ရွက်သည်။

**893 WA ( Whip Antenna )**

သယ်ယူရလွယ်ကူသော သေးငယ်သည့် Antenna ဖြစ်ပြီး ကြိုးမဲ့ လွှင့်စက်များ ၊ ဖမ်းစက်များဖြင့် တွဲဘက် အသုံးပြုပါသည်။ လက်တွင် ကိုင်ဆောင် သုံးစွဲနိုင်သည့် အပြန်အလှန် ပြောဆိုနိုင်သော ရေဒီယိုများနှင့် မိုဘိုင်းဖုန်းများဖြင့်လည်း သုံးစွဲပါ သည်။

**894 WAI ( Web Accessibility Initiative )**

W3C ( World Wide Web Consortium ) အဖွဲ့က ထုတ်ပြန်ထားသော လမ်းညွှန်မှုများ ဖြစ်သည်။ WAI ၏ ရည်ရွယ်ချက်မှာ Web ကို ဆက်သွယ်ရာတွင် အခက်အခဲရှိနေသူများအတွက် Web ကို ဆက်သွယ်နိုင်မှု မြှင့်တင်ပေးရန်ဖြစ်သည်။ ထိုသို့ ဆောင်ရွက် ရာတွင် Web Design များနှင့် အသုံးပြုသူ အားလုံးအတွက် Web ဆက်သွယ်မှုနှင့် အသုံးချမှုများကို အထောက်အကူပြုမည့် လမ်းညွှန်မှုများကို ချမှတ် ပေးသည်။

**895 WAP ( Wireless Application Protocol )**

ဝိုင်ယာလက်စ် ဆက်သွယ်ရေးကွန်ရက်တွင် Application layer အတွက် Open Standard အသွင်ရှိသော Protocol ဖြစ်သည်။ လက်ကိုင်ဖုန်း (သို့မဟုတ်) PDA များမှ တစ်ဆင့် အင်တာနက်ချိတ်ဆက်နိုင်ရန် အဓိကလုပ်ဆောင်ပေးသည်။ WAP Browser သည် ကွန်ပျူတာအခြေပြု Web Browser ၏ ဝန်ဆောင်မှုများအတိုင်း ပေးစွမ်းနိုင်သော်လည်း လက်ကိုင်ဖုန်းများ၏ သေးငယ်သော မျက်နှာပြင်ပေါ်တွင် ပုံဖော်ပေးနိုင်ရန် အတွက် ရိုးရှင်းစွာဆောင်ရွက်ပေးသည်။ WAP Sites များကို WML (Wireless Markup Language) အဖြစ် ပြောင်းလဲပေးနိုင်ပြီး WAP Browser ကိုသုံး၍ ကြည့်ရှုနိုင်မည် ဖြစ် သည်။

**896 Watermark**

မိမိ ရေးသားရိုက်နှိပ်သော စာပိုဒ်၏ နောက်ခံတွင် စာလုံးများ ၊ ပုံရိပ်များကို Background အဖြစ် ပုံနှိပ်နိုင်သော နည်းပညာရပ် ဖြစ်သည်။ အထူးသဖြင့် လျှို့ဝှက် စာရွက်စာတမ်းများ ၊ ကိုယ်ရေးကိုယ်တာ ကိစ္စများတွင် အမှတ်အသား ပြုလုပ်ရန် အသုံးဝင်သည်။ဥပမာအားဖြင့် Banknotes များ ၊ စာရေးစက္ကူများ ၏ နောက်ခံများတွင် တွေ့ရ လေ့ ရှိသည်။

**897 W-CDMA ( Wideband Code Division Multiple Access )**

W-CDMA သည် IMT-2000(International Mobile Telecommunications 2000) Frequency Band အသစ်များဖြင့် အာရှ ၊ ဥရောပတစ်လျှောက် အသုံးပြုသည့် တတိယမျိုးဆက်သစ် (3G) မိုဘိုင်းကွန်ရက် နည်းပညာတစ်ခုဖြစ်ပါသည်။ ၎င်းသည် မိုဘိုင်းဖုန်းဖြင့် ဗီဒီယိုကြည့်ရှုခြင်း၊ သတင်းအချက်အလက်များ ပို့ဆောင်ခြင်း ၊ အင်တာနက်ကြည့်ခြင်း အစရှိသည့် ခေတ်မီအသုံးချမှုများနှင့် မိုဘိုင်းတယ်လီဖုန်း ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ် သက်သက်သာသာဖြင့် ဒီဇိုင်း ပြုလုပ်ထားသော နည်းပညာ ဖြစ်ပါသည်။

**898 WD ( Waveguide Dispersion )**

Singlemode Fibers အမျိုးအစားတွင် ဖန်မျှင်ကြိုး၏ ပုံသဏ္ဍာန် မှန်ကန်မှု မရှိခြင်းကြောင့် အလင်းပြန့်ခြင်း ဖြစ်ပေါ်ခြင်းကို ဆိုလိုသည်။

**899 WDM ( Wavelength Division Multiplexing )**

WDM သည် အလင်းနည်းပညာ (Optical Technology ) ဖြစ်ပြီး လှိုင်းအလျား ပေါင်းများစွာ (Wavelength λs) ကို တစ်ခုတည်းသော ဖိုင်ဘာဖန်မျှင် ကေဘယ်လ် ပေါ်မှ Multiplexing ပြုလုပ်၍ ပို့လွှတ် သယ်ဆောင်သည့် နည်းပညာဖြစ်သည်။ လှိုင်းအလျား တစ်ခုချင်းစီပေါ်တွင် သယ်ဆောင်သည့် ပို့လွှတ်နှုန်း (bit / sec) အားလုံးပေါင်းနှင့် တူညီသော Bandwidth ကို တစ်ခုတည်းသော ဖိုင်ဘာကေဘယ်လ်ပေါ်မှ သယ်ဆောင် သွားနိုင်သည်။

**900 Whois**

Query နှင့် Response အတွက် အသုံးပြုသော Protocol တစ်ချို့ဖြစ်ပါသည်။ Domain Name၊ IP Address စသည့်တို့ကို သိမ်းဆည်းထားသော Database အား Query လုပ်သည့် ကိစ္စရပ်များအတွက် တွင်တွင်ကျယ်ကျယ် အသုံးပြုသော Protocol တစ်ခု ဖြစ်ပါသည်။

Whois ကို IP Address ချပေးခြင်းနှင့် Domain Name သတ်မှတ်ပေးခြင်း တို့ အတွက် အချက်အလက်များရရှိရန်အတွက် ကနဦးရည်ရွယ်ထားခြင်း ဖြစ်ပါသည်။ နောက် ပိုင်းတွင် အင်တာနက်လုံခြုံရေးကိစ္စများ ၊ အင်တာနက်အသုံးချ စီးပွားရေး လုပ်ငန်းကိစ္စများ အတွက်ပါ Whois ကို အသုံးပြုလာကြ ပြီ ဖြစ်ပါသည်။

**901 Wi-Fi**

Wi-Fi ၏ အမည်အပြည့်အစုံမှာ Wireless Fidelity ဖြစ်သည်။ Wi-Fi စနစ်သည် ကြိုးမဲ့ရေဒီယိုလှိုင်းများဖြင့် နယ်ပယ်ကို ဖန်တီးသည်။ ၎င်းနယ်ပယ်သည်ကွန်ပျူတာများ အတွက် ကြိုးမဲ့ အင်တာနက် လက်ခံမှုစနစ်ကိုလည်းကောင်း ၊ Internet Phone လက်ခံမှုစနစ်နှင့် အခြားကြိုးမဲ့ ဝန်ဆောင်မှုများကို လက်ခံ လုပ်ဆောင်နိုင်မည် ဖြစ်သည်။ မြေပြင်ကွန်ရက်မှ Wi-Fi ဝန်ဆောင်မှုကို ပံ့ပိုးပေးနိုင်သည့် လက်ခံမှုစနစ်များသည် မြို့ပြဒေသ အတွက် လမ်းများပေါ်တွင် တပ်ဆင်ခြင်းများ ၊ အဆောက်အဦး အတွင်းတွင် တပ်ဆင်ခြင်းများ ၊ စားသောက်ဆိုင် ၊ ဟိုတယ်များ ၊ ကော်ဖီ ဆိုင်များ ၊ လေဆိပ် များ ၊ စတိုးဆိုင်ကြီးများနှင့် အခြားစီးပွားရေးလုပ်ငန်းဌာနများတွင် Wi-Fi စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် တပ်ဆင် အသုံးပြုကြ ပါသည်။ Wi-Fi စနစ်တစ်ခု၏ အသုံးပြုနိုင် သော အကွာအဝေးမှာ ပေ (၃၀၀) ခန့် မျှ ဖြစ်ပါသည်။

**902 Windows XP**

Windows XP သည် ၂၀၀၁ခုနှစ်တွင် စတင်ခဲ့ပြီး Windows Operating System ကို Windows 95 မှ ထူးခြားစွာ အဆင့်မြှင့်တင်ထားသည်။ ယခင် Windows ၏ Version ကို Windows Me (Millennium Edition) ဟု ခေါ်ဆိုခဲ့ပြီး Windows 95 ၏ အမြင်နှင့် တွေ့ရှိ ခံစားချက်ကို တည်ငြိမ်မှုမရှိသော အကျိုးရလာဒ်များနှင့် တစ်ချို့သော ဟာ့ဒ်ဝဲများနှင့် သဟဇာတ မတည့်သည်တို့ကိုလည်း သိရှိခဲ့ရပါသည်။ Windows XP သည် ၎င်းတို့၏ ရှေးရိုးကျသော အရာများ၌ ရလဒ်များစွာရှိခဲ့ပြီး အခြားတိုးတက်မှု များစွာကိုလည်း ရရှိခဲ့ကြောင်း ပြောဆိုခဲ့ပါသည်။ Windows XP ၏ Operating System သည် စိတ်ချရသော

Windows 2000 Kernel စတင် တီထွင် အသုံးပြုစဉ်ကပင် တည်ငြိမ်ခဲ့ပါသည်။ XP သည် ပိုမို ခေတ်မီသည့် အမြင်ရှိပြီး အသစ်ဖြစ်သည့် ရှေး Windows Version များထက် အဆင့်ဆင့် ဆောင်ရွက်မှုများ လွယ်ကူသည်။ Mc OSX ကဲ့သို့ Windows XP သည် အဓိက ကျသော တိုးတက်သည့် စနစ်များ ဖြစ်ပါသည်။ စာလုံး(XP) သည် eXPerience ပေါ် မူတည်ပြီး အဓိပ္ပါယ်မှာ အသစ်သော စနစ်တွင် သုံးစွဲသူများ၏ ကိုယ်တွေ့ ဟု အဓိပ္ပါယ် သက်ရောက်သည်။

**903 WISP ( Wireless Internet Service Provider )**

ကြိုးမဲ့ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်နေသော (သို့မဟုတ်) အင်တာနက် ဝန်ဆောင်မှု ပေးနေသော လုပ်ငန်းရှင်ကို ဆိုလိုပါသည်။ အဆိုပါ ဝန်ဆောင်မှု ပေးသော လုပ်ငန်းရှင်သည် သုံးစွဲသူများထံသို့ ကြိုးမဲ့ရေဒီယိုစက်ပစ္စည်းများဖြင့် အင်တာနက်ကို လက်ခံ သုံးစွဲနိုင်ရန် စီစဉ်ပေးမည် ဖြစ်ပါသည်။

**904 Wizard**

ကွန်ပျူတာနည်းပညာတွင် Wizard သည် ပရိုဂရမ်တစ်ခု၏ အပိုင်းတစ်ပိုင်းဖြစ်ပြီး ၊ သင့်အား သေချာသော အဆင့်များ ကျော်ဖြတ်လျက် ဦးဆောင်မှုပြုသော ပရိုဂရမ် ဖြစ်ပါသည်။ ဥပမာအားဖြင့် Microsoft Word တွင် သင့်လိုအပ်ချက်ပေါ် မှတ်တမ်း အသစ်များ တီထွင်ဖန်တီးခြင်းနှင့် Format ချရန် တူညီပေးလျက် ရှိပါသည်။ ပြန်၍ ကောက်ယူခြင်း ၊ ပုံကြမ်းဖော်ခြင်း ၊ ကုန်ပို့လွှာများ ဖန်တီးသည့်အခါ အထောက်အကူ ဖြစ်ပါသည်။ အခြား Wizard များကို ဥပမာ ပြရမည်ဆိုလျှင် Finale 2000 Wizard သည် သင်၏ဆန္ဒဖြင့် တူရိယာနှင့် တေးအသစ်များ တီထွင်သောအခါ အကူအညီပေးခြင်းနှင့်သေချာသော ခေါင်းစဉ် တစ်ခုကို သုံးလျက် Presentation တစ်ခုကို ရေးဆွဲရာ၌ အကူအညီပေးသည့် Power Point Wizard တို့ ဖြစ်ပါသည်။

အခြေခံအားဖြင့် Wizard သည် ဆော့ဖ်ဝဲပရိုဂရမ် Document အသစ် တစ်ခုကို တည်ဆောက်ရာတွင် ရှေ့ဆောင် လမ်းပြမှု ပြုခြင်းပင် ဖြစ်ပါသည်။ တစ်ခါတစ်ရံ လက်တွေ့ အသုံးပြုနေသူ များအတွက် အကူအညီရခြင်းထက် ကသီလင်တ ဖြစ်စေနိုင်သည်ကို တွေ့ရသည်။ တစ်ချို့သုံးစွဲသူများသည် Wizard မသုံးပဲ ရရာစုပေါင်း ပြုလုပ်ကာ သုံး စွဲကြပါသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ Wizard များသည် လက်တွေ့ သုံးစွဲနေကြသူများ လိုအပ်သလို ဆောင်ရွက်မှု မပေးနိုင်သောကြောင့် ဖြစ်ပါသည်။ Wizard နှင့် Template မတူကြပေ။ Template သည် Document ကို ဖန်တီးပြီးသားဖြင့် ကြိုတင်ပုံစံချခြင်း ဖြစ်ပါသည်။ Wizard သည် ကိုယ့် ကိုယ်ပိုင် Document ကို ဖန်တီးရာ၌ အကူအညီပေးရုံမက တစ်ဆင့်ပြီး တစ်ဆင့် ဦးဆောင်မှုကိုလည်း ပြုလုပ်ပေးသည်။

**905 WLAN ( Wireless Local-area Network )**

WLAN အား LAWN ဟုလည်း ခေါ်ဆိုနိုင်ပါသည်။ Local-area Network အမျိုးအစား ဖြစ်သော်လည်း Node အချင်းချင်း ဆက်သွယ်ရာ၌ ကြိုးအသုံးမပြုတော့ဘဲ High Frequency Radio Wave များကိုသာ အသုံးပြုထားပါသည်။

**906 WM ( Window Mobile )**

ကြိုးမဲ့ အော်ပရေတာများ၏ ကိရိယာအမျိုးမျိုးတို့တွင် Window Mobile Platform ကို တွေ့နိုင်ပါသည်။ Window Mobile ဆော့ဖ်ဝဲအား Dell ၊ HP၊ Motorola ၊ Palm နှင့် i-mate မှ ထုတ်ကုန် ပစ္စည်းများတွင် တွေ့ရှိနိုင်ပါသည်။ Window Mobile ကိရိယာများ အား GSM (သို့မဟုတ်) CDMA ကွန်ရက်များတွင်လည်း တွေ့ရပါသည်။

**907 WML ( Wireless Markup Language )**

WML (Wireless Markup Language ) သည် ကြိုးမဲ့ အသုံးပြု ဆောင်ရွက်ချက်များ (Wireless Application)များအတွက်အထူးရည်ရွယ်ထားသည့် Markup Language တစ်ခု ဖြစ်ပါသည်။WMLသည် XML (Extended Markup Language ) ပေါ်တွင်အခြေခံထားပါ သည်။

**908 WML/ WML Script ( Wireless Markup Language / Script )**

WAP ( Wireless Access Point ) Page များ ဖန်တီးရန် သုံးထားသော ဘာသာ ရပ်များ ဖြစ်ကြပါသည်။ WML သည် Webpage များ တည်ဆောက်ရာတွင် သုံးသော HTML ( Hyper Text Markup Language ) နှင့် ဆင်တူပြီး WML Script သည် Javascript ပေါ်အခြေခံပါ သည်။ နှစ်ခုလုံး (WML/ WML Script) သည် ကြိုးမဲ့ပတ်ဝန်း ကျင် အတွက် Bandwidth ချွေတာရန် ဆောင်ရွက်ထားခြင်း ဖြစ်ပါ သည်။

**909 WOL ( Wake on LAN )**

ကွန်ပျူတာ Network Card ဖြင့် ရောက်ရှိလာသော Signal များအပေါ် အခြေခံ၍ ကွန်ပျူတာမားသားဘုတ်က သူ့အလိုအလျောက် ဖွင့်နိုင် ၊ ပိတ်နိုင်သော နည်းပညာ ဖြစ် သည်။ ဤနည်းပညာကို IBM နှင့် Intel Advanced Manageability Alliance တို့က တီထွင်ခဲ့ခြင်း ဖြစ်သည်။ Wake-on-LAN တပ်ဆင်ထားသော Client ကွန်ပျူတာ အားလုံးကို အဝေးမှ နေ၍ လှမ်းဖွင့်နိုင်သည်။ စက်တစ်လုံးချင်းစီကို သွားရောက်ရန် မလိုပဲ အခြေ ခံကွန်ရက်လုပ်ငန်း အဆင့်မြှင့် ပေးခြင်း (Network-bare Upgrade) လုပ်ပေးနိုင်ပါ သည်။ Network Administrator များအတွက် အသုံးဝင်သည်။

**910 WPAN ( Wireless Personal Area Network )**

Wireless Personal Area Network ကို ဆိုလိုပါသည်။ လူပုဂ္ဂိုလ်တစ်စုံတစ်ယောက် သယ်ဆောင် သွားသည့် ဆက်သွယ်ရေးပစ္စည်းကိရိယာများကြားရှိ ကြိုးမဲ့ဆက်သွယ်မှု ကွန်ရက်ကို WPAN ဟူ၍ ရည်ညွှန်း လေ့ရှိသည်။ ဥပမာ —မိုဘိုင်းဖုန်းနှင့် ကြိုးမဲ့နားကြပ် တို့ ဆက်သွယ်ထားမှု သည် WPAN ဖြစ်ပါသည်။ WPAN အတွက် အသုံးပြုသော ရေဒီယို နည်းပညာများမှာ Bluethooth ၊ Near Fild Communication ၊ WiBree နှင့် WiMedia စသည်ဖြင့် အမျိုးမျိုး ရှိနိုင်ပါသည်။

**911 WPS ( Wireless Priority Service )**

ဆဲလူလာ ဆက်သွယ်ရေးဝန်ဆောင်မှု၏ လုပ်ပိုင်ခွင့်ဖြင့် Federal အစီအစဉ်မှ ကြိုးမဲ့

ကွန်ရက်များ ပေါ်မှ ဦးစားပေးခေါ်ဆိုမှုများကို ဆိုလိုပါသည်။ ဝန်ဆောင်မှု လုပ်ငန်းရှင်များ ပါဝင်လာခြင်းသည် WPS (Wireless Priority Service) ကို အဆင့်လိုက် အသုံးပြုခြင်း ဖြစ်ပြီး ဆက်သွယ်မှု ဧရိယာအတော်များများတွင် ဝန်ဆောင်မှု မရမချင်း ဆောင်ရွက်မှု ပုံစံများတွင် အပြည့်အဝ အသုံးချနိုင်စေရန် ဖြစ်သည်။

**912 WTLS ( Wireless Transport Layer Security )**

လုံခြုံမှုပိုင်း၊ အချက်အလက် ပေါင်းစည်းမှုပိုင်းနှင့် WAP ဝန်ဆောင်မှု သုံးစွဲခွင့် ရှိသူ ဟုတ် / မဟုတ် စစ်ဆေးပေးသော WAP ၏ လုံခြုံရေးအလွှာ (Security Layer) ဖြစ်ပါသည်။ WTLS ကို အထူးသဖြင့် ကြိုးမဲ့များအတွက် ဒီဇိုင်းပြုလုပ်ထားပြီး Client နှင့် Server က ကြိုးမဲ့ ငွေလွှဲပြောင်းမှုပိုင်းတွင် လုံခြုံမှုရှိရန် စစ်ဆေးပေး၍ ဆက်သွယ်ရေးပိုင်းတွင် အချက် အလက်များကို သင်္ကေတဝှက် စနစ်ဖြင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ သုံးစွဲသူက ကြိုးမဲ့ ကိရိယာသုံးပြီး ဘဏ်နှင့်ငွေလွှဲပြောင်းမှုများ ဆောင်ရွက်လျှင် ကွန်ရက်က လုံခြုံမှုရှိရန် အထူး လိုအပ်ပါသည်။ မိုဘိုင်းကွန်ရက်များက end-to-end Security အပြည့်အဝ မဆောင်ရွက် ပေးနိုင်၍ WTLS လိုအပ်ပါသည်။

## Glossary X

**913 X-band**

လှိုင်းနှုန်းခွင် 7-8GHz အတွင်းရှိသော ရေဒီယိုလှိုင်းနှုန်းခွင်ကို ခေါ်ဆိုပါသည်။ ယင်းလှိုင်းနှုန်းခွင်ကိုစစ်တပ်ဘက်ဆိုင်ရာဂြိုဟ်တုဆက်သွယ်ရေးစနစ်များတွင်အသုံးပြုပါသည်။

**914 XT ( Crosstalk )**

ဆက်သွယ်ရေး ဆက်ကြောင်းတစ်ခုမှ လွှင့်ထုတ်လိုက်သည့် အသံသည် အခြား ဆက်ကြောင်းတစ်ခုတွင် ကပ်ညိလျက် မလိုလားအပ်သော ဆူညံနှောင့်ယှက်သံကို ဖြစ်ပေါ်စေခြင်း (သို့မဟုတ်) အသံရောခြင်းကို ဆိုလိုပါသည်။

## Glossary Y

**915 YB (Yotta Byte)**

ဒေတာ ပမာဏကို တိုင်းတာသည့် Mega Byte ၊ Giga Byte ယူနစ် ဖြစ်သည်။ 1Yottabyte သည် $10^{24}$ နှင့် ညီမျှသည်။ Yottabyte သည် ကွန်ပျူတာဒေတာများ၏ အကြီးဆုံးသော တိုင်းတာမှု ယူနစ် ဖြစ်သည်။ ယခုချိန်အထိ Yottabyte အသုံးပြုမှုများကို များစွာ မတွေ့ရှိရ သေးပေ။

## Glossary Z

**916 802.1ad**

Institute of Electrical and Electronics မှချမှတ်ထားသော စံသတ်မှတ်ချက် တစ်ခု ဖြစ်ပြီး အင်တာနက်သုံးစွဲမှုများအတွက် အထောက်အကူပြုသော Ethernet များကို အချင်းချင်း ချိတ်ဆက် ပေးခြင်း၊ မတူညီသော Traffic များကို သတ်မှတ်ပေးသည့် အမှတ်အသားများ ထည့်သွင်းနိုင်သည်။ Q-in-Q လုပ်ဆောင်ချက်များကို ပြုလုပ်ပေးနိုင်သည့် စံသတ်မှတ်

ချက်ဖြစ်ပါသည်။

**917 802.1ah**

802.1ah MAC (Media Access Control ) ကဲ့သို့သော သုံးစွဲသူတို့၏ လိပ်စာများကို ချိတ်ဆက်ထားသော လမ်းကြောင်းတွင် အသုံးပြုနိုင်အောင် ထည့်သွင်းပေးခြင်းနှင့် ဝန်ဆောင်မှု ပံ့ပိုးပေးသည့် အဓိကချိတ်ဆက်ပေးမှု PBB (Provider Backbone Bridge) တို့ကို ချိတ်ဆက်ပေးခြင်းများ လုပ်ဆောင်ပေးသော စံ သတ်မှတ်ချက် ဖြစ်ပါ သည်။

**918 802.1Q**

802.1Q Ehernet သုံးစွဲမှုတွင် သီးသန့်ကွန်ရက် VLAN (Virtual Local Area Network) အမှတ်အသားများထည့်၍ ဆောင်ရွက်ပေးသော စံသတ်မှတ်ချက်ဖြစ်ပါ သည်။

**919 802.1x**

802.1x သုံးစွဲသူသည် ကြိုးမဲ့ အထိုင်စခန်းသို့ ချိတ်ဆက်မှုတွင် သတ်မှတ်ထားသည့် သုံးစွဲသူ ဟုတ်၊ မဟုတ် စစ်ဆေးမှုကို ဆောင်ရွက်ပေးသည့် စနစ်တစ်ခုဖြစ်ပါသည်။ အဆိုပါ အထိုင်စခန်း (Access Point) သည် သတ်မှတ် သုံးစွဲသူများ ဟုတ်၊ မဟုတ် စစ်ဆေးပေးသည့် Server အားဖြင့် အဆိုပါ စနစ်ကို သုံးစွဲပြီး စစ်ဆေးပေးပါသည်။

**920 802.3ad**

802.3ad Layer-1 တွင် Ethernet အသုံးပြုမှုအတွက် အလုပ် လုပ်ဆောင်ပေးမည့် ကြားခံ ဖြစ်ပြီး ညှိနှိုင်းလုပ်ဆောင်မည့် ချိတ်ဆက်လမ်းကြောင်း တစ်ခုစာအတွက် အသုံးပြုမည့် ကြားခံ စံသတ်မှတ်ချက် ဖြစ်ပါသည်။

**921 802.3ah**

802.3ah သုံးစွဲသူနှင့် ဝန်ဆောင်မှုပေးသူ ကွန်ရက်အကြား ချိတ်ဆက်ပေးမှုတွင် သုံးစွဲသည့် Ethernet ၏ စံသတ်မှတ်ချက် ဖြစ်ပါသည်။ အဆိုပါ Ehernet ကို ကွန်ရက်နှင့်အနီး (First Mile) တွင် သုံးစွဲမှုနှင့် ကွန်ရက်နှင့် အဝေးဆုံး ( Last Mile ) တွင် သုံးစွဲသည် Ethernet သုံးစွဲမှု စံသတ်မှတ်ချက် အဖြစ်လည်း ခေါ်ဆိုပါသည်။

**922 8021P**

8021P Layer-2 တွင် လုပ်ဆောင်ပေးမည့် Traffic လမ်းကြောင်းများကို ဦးစားပေး အစီအစဉ်အရ ချိတ်ဆက်ခြင်းနှင့် အမြဲတမ်းပြောင်းလဲနိုင်သည့် အုပ်စုလိုက် ချိတ်ဆက်မှု စိစစ်ခြင်း များကိုလည်း လုပ်ဆောင်သည့် စံသတ်မှတ်ချက် ဖြစ်ပါသည်။

**923 Zigbee**

Zigbee ဆိုသည်မှာ IEEE 802.15.4 စံသတ်မှတ်ချက်၏ ထင်ရှားသော အမည်တစ်ခု ဖြစ်ပါသည်။ IEEE 802.15.4 သည် (၅) မီတာထက် တိုသော အကွာအဝေးအတွင်းရှိ ပစ္စည်း ကိရိယာများ အချင်းချင်း ချိတ်ဆက်ရန်အတွက် ကြိုးမဲ့ချိတ်ဆက်မှု လမ်းကြောင်း အတွက် သတ်မှတ် ထားသော စံသတ်မှတ်ချက်တစ်ခု ဖြစ်ပါသည်။ Zigbee ကို အဓိက အားဖြင့် ပါဝါသုံးစွဲမှု နည်းပါး သော ပစ္စည်းကိရိယာများနှင့် ငှင်းပစ္စည်းများ တပ်ဆင် ခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် အသုံးပြုရန် အထူးရည်ရွယ်၍ ဒီဇိုင်း ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

Zigbee စနစ်ဖြင့် ချိတ်ဆက်မှုတွင် ဒေတာ ပေးပို့နှုန်းမှာ 20Kbps မှ 250Kbps အထိသာ ရနိုင်ပါသည်။ Zigbee စနစ်သည် အဆောက်အဦးများရှိ အလိုအလျောက် ထိန်းချုပ်စနစ်များ (Automation) ၊ လျှပ်စစ်ပစ္စည်းများအတွက် အဝေးထိန်း စနစ်များ ( Remote Control ) စသည့် အာရုံခံကိရိယာများ အသုံးပြုရသော ကွန်ရက် ( Sensor Network ) များတွင် အထူး သင့်တော်သည်။

**924 Zip**

ဖိုင်နှင့်ပရိုဂရမ်များကို ချုံ့ရသည့်နည်းစဉ်ကိုဖော်ပြသည့် ကိရိယာတစ်ခုအနေဖြင့် အသုံးပြုထားပါသည်။လိုအပ်သည့် Storage Space အရေအတွက်သို့ ဖိရှုံ့လိုက်ပြီး သိပ်သိပ်သည်းသည်း စုစည်းထားသည့် ဖိုင်တစ်ခု အသွင်ဖြစ်အောင် ပြုလုပ်ပြီး ဖြတ်ချထားခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် ၎င်းတို့ကို Floppy Discs အနေဖြင့် ပို့ရန် (သို့မဟုတ်) အခြား နေရာများသို့ ကွန်ပျူတာဆက်သွယ်မှု အသုံးပြုပြီး ပို့လွှတ်ခြင်း များ ပြုလုပ်ရန် လွယ်ကူစေပါသည်။ ဥပမာအားဖြင့် အင်တာနက်ကိုကျော် ဖြတ်ခြင်း ဖြစ်ပါသည်။ မူပိုင်ပရိုဂရမ်များ ၊ ဥပမာအားဖြင့် Win Zip (သို့မဟုတ်) WinRar တို့ သည် ဒေတာနှင့် ဖိုင်များအဖြစ် Zip ပြုလုပ်ကာအသုံးပြုနိုင်သည်။ Zip ပြုလုပ်ထားသော ဖိုင်များ သည် Extension ကို .zip (သို့မဟုတ်) .rar အားဖြင့် အသိအမှတ် ပြုထား ပါသည်။ဖိုင်များကို အသုံးမပြုနိုင်ခင် Zip ကို ပြန်ဖြေပြီး မူပိုင် ပရိုဂရမ်များကို ပြန်လည် အသုံးပြုလေ့ ရှိပါသည်။

**925 ZT ( Zulu Time )**

ယင်းအချိန်သည် ကမ္ဘာစံတော်ချိန် (GMT) နှင့်တူညီပါသည်။ ကမ္ဘာပေါ်ရှိ ဂြိုဟ်တုဆက်သွယ်ရေး စနစ်များ အသုံးပြုသော ကမ္ဘာ့ဂြိုဟ်တု ဆက်သွယ်ရေးစနစ် (INTELSAT) နှင့် ကမ္ဘာကုန်သွယ်ရေး ကြောင်း ဂြိုဟ်တုစနစ် (INMARSAT) များ အသုံးပြုခြင်းတွင် တစ်ကမ္ဘာလုံးမှ စံအဖြစ် သတ်မှတ်ထား သော ယင်းအချိန်ကို အသုံးပြုပါသည်။